www.burmeseclassic.com

အမှတ်၊ ၃၁၀၊ စက်တင်ဘာ၊ ၂၀၁၅

ချစ်ခြင်း

ရှစ်စုံမဂ္ဂဇင်း

သရုပ်ဆောင် သူရိယ

ဓာတ်ပုံ - ကိုထင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည့်

ဝင်းငြိမ်း စိစဉ်တည်းဖြတ်သည့်

ဘိုးတော်

ရုပ်ပြ ပဉ္စင်း၊

အမှတ် ၃၁၁ စကိတင်ဘက် ၂၀၁၅

တာဝန်ခံစာတည်း

မျိုးမြင့်ညိမ်း

စာတည်း

လင်းနိုင်ဦး

အပူဆောင် စာတည်း

မသိတာ

ရွှေပန်းခြံ

ဒေဝဝင်း

(ငှက်ပျောသီး)

ဆန်နီညိမ်း

ဖေသွန့်၀ေ၊ မုတ်သုံ

မြင့်မောင်ကျော်

မျိုးမြင့်

လှမြဝင့်ဆွေ

လင်းဝဏ္ဏ

ဝင်းတင့်

မောင်နိုး

စိုးအောင်

အောင်ကျော်

ဖေသစ်တည်

ထွန်းအုံ

စိုးသေဒီတာ

Win Iszudi

မျက်နှာပုံဓာတ်ပုံ

ကိုလင်း၊ Studio-K

ရွှေဒီဇိုင်း

ခိုင်ဇင်ထွန်း၊ ဖြိုးဦးဝိုင်

ရှေ့ဓာတ်ပုံ

ကိုလင်း၊ Studio-K

လင်းနိုင်ဦး၊ ထူးခြားသစ်

ရှေ့ဓာတ်ခံစာ ပြု

ဝိမ်းလုံစံ၊ မိုးမိုးမြင့်

ကျော်နိုင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ခေ

ရုပ်ရှင်မဂ္ဂဇင်း

အမှတ် (၁၁၀) ဇူလိုင် ၂၀၁၄

ဝင်းငြိမ်း

ဗီဒီယိုအညွှန်းဖြတ်သည့်

သူတို့အရေး

ဒေါက်ခ်သန်းထွန်း ၄။

ချွေးချစ်သူမှ ချွေးချစ်သူဆီ

ဝင်းငြိမ်း ၁၀။

ချွေမင်းသား၊ ချွေမင်းသမီး

လင်းနိုင်ဦး ၁၂။

အနုပညာရေးပင်တွေ

ဆက်တိုက်လုပ်သွားမယ်

ခိုဝဲ့ သူဌီယ

ဝင်းငြိမ်း ၃၂။

ကမ္ဘာလည်တဲ့ နာဂးစာ

One Minute Interview

ဘီ ၂၀။

လင်းနိုင်ဦး

ဝိုင်း

ထက်ထက်မိုးဦး

ပွင့်သိဂီဇော်

လူ့ဓလေ့နှင့်ကျင့်

လင်းနိုင်ဦး ၂၆။

aramo ရဲ့

ဇာတ်သောတ်ခုံပြဖို့

ချွေရှင်ရှင်

လင်းနိုင်ဦး ၃၀။

ပုဂံမှာ

ရိုက်ကူးခဲ့တဲ့

ကွန်

ဆင်ဇေးပြည် ၄၄။

အနုန္တရဲ့

Notra

လင်းနိုင်ဦး ၄၈။

ရုတ်ရုတ်စက်စက်

ခံစားပြီး

ရိုက်ကူးထားတဲ့

ရုတ်ရုတ်စက်စက်

မိုး

နိုင်ငံတကာစာလုံးကိန်း

၅၄။ ကျော်ပြည်

Kim Kardashian နှင့်

တွေ့ဆုံခြင်း

ချွေဝတ္ထု

၆၄။ နတ်ဆိုး ချစ်သော

ခြစ်နှစ်သွယ်

၇၂။ ဆေးသေး

လူပျိုအမေ

၁၀၀။ သမီး

ရေစီးရေလာ

၁၁၀။ အဟိဆောက်

ဖွားခြင်ခန်း

၁၁၆။ ချစ်ဆောက်ပြီး ချွေကောင်း

ခြင်းမိရသိတဲ့ကြိုး

၁၂၄။ ဘဝ

စိတ်နှံ

၁၃၀။ ဆန္ဒသင်္ကေတကြား

နှင်

၁၃၆။ နန်းကြားကြိုး သားသမီး

ဝိုးသည်းတစ်ည

ကကြီးရေ က

၁၅၀။ ဖွန်းဆွေး

ထိုအကြည့်

၁၆၂။ ခန့်ညားသော

အဖြူခဲပေါ်တွင်

ထင်သည့်ပုံရိပ်တစ်ခု

၁၇၆။ ကိုကောင်းဆော်

ဆေးကာကိုးညီး

ချွေစက်ဝွှင့်ကို သီတဲ့ကြိုး

ချွေနှလုံးသား

၁၉၄။ ပိုင်ဒွေး သမျှ

ချစ်ခြင်းမှအပ

ရည်စာတမ်း

၁၉၈။ မြဒေသူနီ

အပိုဆုပါ ရခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ရွေးချယ်ထားသော သီချင်းများ

၁။ မေယွန်းဦး
ဟိမဝန္တာဒေသများသို့
(ဂီတဦးဝိုင်း)

၂။ မင်းဘူနိုးမောင်ဖိုးမြင့်
ရင်ခုန်သံတွေ
စီးချင်းထိုးတဲ့ညည်
ထီးတစ်လက်နဲ့ကျန်ခဲ့တဲ့ ညည

၃။ ဆေးသူနိုးသစ်
သူတို့
ဘယ်လိုဖန်တီးခဲ့သလဲ(၈)
(ကလေးဇတ်ဖို့
ပုံပြင်၊ ဇာတ်လမ်း၊
ဝတ္ထု ဘယ်လိုရေးလဲ)

၄။ မောင်ဆင်းမင်း၊ဇေယျ
စကားသမုဒ္ဒရာထဲမှာ-၁၄

၁၄။ မောင်သန်းဇော်၊ကားမဟီး
သီပေါမင်းတရားရဲ့
သားတော်ဆိုသူ

၁၅။ ဆကာဆေး
၂၀၁၄ ခုနှစ်
ရွေးအသစ်ဝတ္ထုတိုများ

ရွေးချယ်ထားသော ဂီတဆိုင်ရာ
အမှတ် ၁၃၃ လမ်း၊ ၄၁ ကုန်းညည်လမ်းနှင့်
ယောနရွာလမ်းကြား တောက်ဝဲတာဝိုင်ယာ
ရန်ကုန်မြို့၊ ချောင်းချိုခရိုင်- ၀၆၂၈၃၀၂၈၁
အမှတ် ၁၃၃ လမ်း ၄၁ ကုန်းညည်လမ်းနှင့်
ယောနရွာလမ်းကြား တောက်ဝဲတာဝိုင်ယာ
ရန်ကုန်မြို့၊ ၀၁-၁၁၉၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၄၅
E-mail :
zabutalu@gmail.com
Available at :
iTune Store

ရွေးချယ်ထားသော
ပြန်လည်ထုတ်ဝေခြင်း
ဗြဲသန်းဆင့် ၁၁၈။
မင်းကြီးကတော်နှင့်
၀၃မင်းသား

ရွေးချယ်ထားသော
ဖြင့်သန်း ၁၂၄။
မိုးမိုးနှင့်
စိတ်မဲ့သားသမီးများ

ရွေးချယ်ထားသော
နန္ဒာမိုး၊ ဆင်ဖြူဖြူနိုး ၁၄၂။
ဝင့်သက်ရှည်များ
ညီလာခံ

နန်းကေရီရှင် ၂၂။
မြသီတာ
အရိုက်ခက်လေတော့

ရွေးချယ်ထားသော
_____ ၂၁။
_____ ၂၁။
_____ ၂၂။

အယ်ဒီတာအဖွဲ့ - တိုက် (၁၇)
အုန်း (၄-၀၁) ၇၂ လမ်း
(ဒေါက်တာလေး)
ဝိုလ်စတားပြိုယံ၊ ရန်ကုန်
၀၄၂-၁၁၉၂၂၀
E-mail :
nyeinfamily@gmail.com
ဖုံးနှင့်ဖုံးမဟုတ်သော ဖုံးပုံ
အတွင်းပုံနှိပ်သူ- ဦးဇာတ်လိုင်(ထဝတ္တ)
ရန်ကုန်မြို့၊ ဒဂုံတိုက်
အမှတ် ၁၁၁၀ ဗဟောင်းကြား ၅ လမ်း
၆၃ ရပ်ကွက်၊ တက္ကသိုလ် ဧရာဝတီ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အနုပညာရှင်တွေရဲ့ ရေဘေးသင့်ရန်ပုံငွေရှာဖွေပွဲ

ရပ်ရှင်၊ ဂီတ နာမည်ကြီး အနုပညာရှင် အစုံအလင်နဲ့ အနုပညာရှင်များ ဖြစ်ကြတဲ့ ဦးအောင်လွင်၊ ဧင်ဝိုင်း၊ ဇာဂနာ၊ ဒါရိုက်တာ ဝိုင်းနဲ့ မေသဏ္ဍာဦးတို့ ဦးဆောင်ပြီး Save Myanmar အမည်နဲ့ ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေရှာတဲ့ ဖျော်ဖြေပွဲကို ဩဂုတ်လ ၁၂ ရက်နေ့ ည ၆ နာရီ ခွဲအချိန်မှာ ရန်ကုန်မြို့ အမျိုးသား ဇာတ်ရုံမှာ Free Show တင်ဆက်ပေးခဲ့ပါတယ်။ ဒီအစီအစဉ်မှာ ရပ်ရှင်နဲ့ ဂီတဘက်က နာမည်ကြီး အနုပညာရှင်များစွာ ပါဝင်ခဲ့ပြီး အဖွင့်ဆုတောင်း တေးသီချင်းများနဲ့ သီဆိုဖျော်ဖြေမှု၊ ပြဇာတ်အစီအစဉ်များ တင်ဆက်ပေးခဲ့ပါတယ်။ တင်ဆက်ပေးခဲ့တဲ့ ပြဇာတ်ကိုတော့ ဇာဂနာက ကာဝန်ယူပြီး 'ပေါ်ဦးပြောရင် လွဲခဲ့တယ်' လို့ အမည်ပေးထားပါတယ်။ ရန်ပုံငွေဖျော်ဖြေပွဲ ပြီးဆုံးချိန်မှာတော့ ရေဘေးသင့်ပြည်သူတွေ အတွက် အလှူရှင်များရဲ့ လှူဒါန်းမှုကြောင့် အလှူငွေ သိန်း ၁၆၀၀ ကျော်ရရှိခဲ့ကြောင်း ကြားသိရပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



ရေဘေးသင့် ပြည်သူများအတွက် ကမ်းလက်များအဖွဲ့နဲ့အတူ အလှူခံထွက်တဲ့ ဝတ်မှုရွှေရည်

မြန်မာနိုင်ငံရဲ့ဒေသတော်တော်များများမှာ ရေကြီးရေလျှံမှုတွေ ဖြစ်နေတဲ့အတွက် ပြည်သူများရော၊ အနုပညာရှင်များကပါ ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့ပေးနိုင်ဖို့ အလှူခံထွက်တဲ့နေရာမှာ အကယ်ဒမီ ဝတ်မှုရွှေရည်ကလည်း ကမ်းလက်များ ပရဟိတအဖွဲ့နဲ့ ဩဂုတ်လ ၆ ရက်နေ့က ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Capital Hyper Mart မှာ စုပေါင်းအလှူခံထွက်ခဲ့ကြပါတယ်။ ဝတ်မှုရွှေရည်က ဩဂုတ်လ ၅ ရက်နေ့က ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့် ပြည်သူများအတွက် သူ့ရဲ့ဖခင် နာယကအဖြစ် ဆောင်ရွက်နေတဲ့ ရှင်သန်ရေးကူညီမှုအသင်းနဲ့ သွားရောက်ပြီး ငွေကြေး၊ ပစ္စည်းများ လှူဒါန်းပေးခဲ့သလို လူငယ်များနဲ့ ဖွဲ့စည်းထားတဲ့ ကမ်းလက်များအဖွဲ့က ကမ်းလှမ်းလာတဲ့အခါမှာလည်း လက်ခံပြီး ကိုယ်တိုင်ဦးဆောင်ကာ စင်တာအတွင်း အလှူခံ ပေးခဲ့ပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ဂိုးအရေးပါ

ဘောလုံးအသင်းတွေအတွက် ဂိုးသမားရဲ့အခန်းကဏ္ဍ ကြီးမားပုံ

ဂိုးဖမ်း၊ သီချင်းဆိုပြီး ရန်ပုံငွေ ရှာပေးတဲ့ စိုင်းစိုင်းခမ်းလှိုင်

မြန်မာပြည်တစ်ဝန်းမှာ ရေဘေးသင့်ပြည်သူများအတွက် အနုပညာရှင်များကလည်း မိမိတို့တတ်စွမ်းတဲ့ဘက်က အလှူငွေများ ရှာဖွေပေးလျက်ရှိရာ သရုပ်ဆောင် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က မန္တလေးမြို့မှာ ကျင်းပတဲ့ ဘောလုံးပွဲမှာ ဂီတအသင်းက ဝင်ကစားပေးရင်း ရန်ပုံငွေ ရှာပေးခဲ့ပါတယ်။ စိုင်းစိုင်းက ဂိုးသမားနေရာက ဝင်ကစားခဲ့တာပါ။ ပွဲမစခင်မှာ ဖျော်ဖြေရေးအနေနဲ့ သီချင်းလည်း သီဆိုဖျော်ဖြေခဲ့ပါသေးတယ်။

ဘောလုံးပွဲကျင်းပတဲ့ ဩဂုတ်လ ၂ ရက်နေ့က ရန်ကုန်မှာ သူ ပါဝင်သရုပ်ဆောင်ထားတဲ့ **ကျူးပစ်ရဲ့ကျေးကျွန်များ** ရုပ်ရှင်ဇာတ်ကား အထူးပွဲရှိပေမဲ့ ရေဘေးသင့်ပြည်သူတွေကို ဦးစားပေးတဲ့အနေနဲ့ အထူးပွဲ မတက်ရောက်တော့ဘဲ မန္တလေးသို့ ရောက်ရှိနေခြင်း ဖြစ်ပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

အလှူခံထွက်ကြတဲ့ အနုပညာရှင်များ

ရေဘေးသင့်ပြည်သူများအတွက် အနုပညာရှင်များက နီးစပ်ရာ စည်းရုံးပြီး အလှူခံလျက်ရှိကြရာ ဒါရိုက်တာ ဇေပါ ဦးဆောင်ပြီး ရွှေသမီး၊ ကြူကြူသင်း၊ အေးသီတာ စတဲ့ အနုပညာရှင်များနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော်ချစ်သော ပရဟိတအဖွဲ့က ယုဇနပလာဇာတစ်ခွင်နဲ့ ကျောက်မြောင်းဘက်မှာ အလှူခံထွက်ခဲ့ကြပါတယ်။ သူတို့က မကွေးတိုင်းဒေသကြီးဘက်သို့ သွားရောက်လှူဒါန်းပေးဖို့ အလှူခံခဲ့ကြတာ ဖြစ်ပါတယ်။ အနုပညာရှင်များအဖွဲ့ကို ပြည်သူများကလည်း ဝိုင်းဝန်းအားပေးကာ ကူညီလှူဒါန်းခဲ့ကြပါတယ်။ ❑

၈၈ မျိုးဆက်များ၊ ကျောင်းသားသမဂ္ဂအဖွဲ့များနဲ့ ရေဘေးအတွက် အလှူခံထွက်တဲ့ ပြေတီဦး

အားပေးကူညီချင်တဲ့ စိတ်ဆန္ဒများနဲ့ လူငယ်တွေ၊ အသင်းအဖွဲ့တွေ အရပ်တကာလှုပ်ပြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လိုက်လံကောက်ခံကြတဲ့အစီအစဉ်မှာ အကယ်ဒမီ ပြေတီဦးကလည်း ၈၈ မျိုးဆက်ကျောင်းသားဟောင်းများ၊ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များနဲ့ ညြဂုတ်လ ၄ ရက်နေ့က အလှူခံ ထွက်ခဲ့ပါတယ်။

ပြေတီဦးနဲ့အဖွဲ့သားများက တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဦးချစ်မောင်လမ်း၊ ရန်ကင်းစင်တာ၊ ဗိုလ်ချုပ်စျေး၊ ၃၅ လမ်း၊ ၃၆ လမ်းနဲ့ ပြည်လမ်းမှာ ရှိတဲ့ ထူးကုမ္ပဏီတို့ကို သွားရောက်ပြီး တစ်နေကုန် ဖလားကိုင်ပြီးအလှူခံခဲ့ကြပါတယ်။ အဲဒီလို အလှူခံတဲ့ အစီအစဉ်မှာစေတနာရှင်များက အလှူငွေအများအပြား၊ အဝတ်အထည်၊ အစားအသောက်များ လှူဒါန်းပေးခဲ့ကြပြီး အဲဒီထဲမှာ She Shine ကုမ္ပဏီကလည်း အလှူငွေ ၁၀၇ သိန်းကျော် လှူဒါန်းပေးခဲ့တယ်လို့ပြေတီဦးကပြောပြခဲ့ပါတယ်။ ❑

အလှူငွေ ကောက်ခံကြတဲ့ သင်ဇာဝင့်ကျော်၊ ပြေတီဦး၊ ....နဲ့ စိုးနန္ဒာကျော်

ပရိသတ်များနဲ့လည်း ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဆရာတော်တို့ကို
ရေဘေးဒုက္ခသည်များက
ပေးအပ်ခဲ့ပုံ တွေ့ရစဉ်

ရေဘေးဒုက္ခသည်များထံသို့
ဆရာတော် ဆရာတော်တို့
ကိုယ်တိုင်သွားရောက်
အားပေးလှူဒါန်းခဲ့ပုံ တွေ့ရစဉ်

သူတို့အရေး

ငဇုအပြုတော်ရပ်ဝုပ္ပဓဇဝင်း အကူအညီဆောင်ရွက်ခဲ့သော ဆရာတော်များ

ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းတဲ့ ဆရာတော် အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနဲ့ တပည့်ဒါယကာ ဒါယိကာမများက ရေဘေးသင့်ပြည်သူများအတွက် ညြဂုတ်လ ၅ ရက်နေ့က သထုံမြို့နယ် ဒူးရင်းဆိပ် ကျေးရွာသို့ သွားရောက်ပြီး ရေဘေးသင့်အိမ်ထောင်စု ၁၀၀ ခန့်ကို ဆန် ၁၀ ပြည်၊ ဆီ ၁ လီတာဆံ့ ၁ ဘူး၊ ခေါက်ဆွဲ ခြောက် ၃ ထုပ်၊ ငါးသေတ္တာ ၁ ဘူး၊ မြန်မာတိုင်းရင်းဆေး ၅ ဘူး၊ ဆပ်ပြာ ၂ ခဲနဲ့ ငွေကျပ် ၁ သောင်းစီကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း ကြားသိရပါတယ်။ ဆရာတော်က ၈၈ မျိုးဆက်လူငယ်များအတွက် ကျပ် သိန်း ၁၀၀ လှူဒါန်းပေးခဲ့တဲ့အပြင် ညြဂုတ်လ ၁၀ ရက်နေ့မှာလည်း ဧရာဝတီတိုင်းဘက်သို့ သွားရောက်လှူဒါန်းခဲ့ပါသေးတယ်။■ **အောင်သန်းထွန်း**

www.burmeseclassic.com

www.burmeseclassic.com

ဆက်ဖွန်ဖြင့်

နေကို

ရွှေတိုက်ဆိုင်ရာ

သို့

ဆရာ ဦးဝင်းငြိမ်းခင်ဗျာ...

ကျွန်တော် ဒီတစ်ခါလည်း စာရေးလိုက်ပြန်ပါပြီ။ ရွှေအမြဲတောစာပေဆု ဆုချီးမြှင့်ပွဲကို ရွှေဂူလိုင်လထုတ် ဖတ်ရှုရခဲ့လို့ ဘယ်စာရေးဆရာ၊ ဘယ်စာရေးဆရာမတွေ ဆုရခဲ့တယ်ဆိုတာ သိရခဲ့ပြီးပါပြီ။

ရွှေကဗျာဆုကို ကဗျာဆရာ လင်းဇင်ယော်က ရရှိခဲ့သလို၊ ရွှေဝတ္ထုတိုဆုကို ဆရာ အဇ္ဈတ္တ၊ ရွှေရသစာတမ်းဆုကို ဆရာ နတ်မှူး၊ ရွှေဆောင်းပါးဆုကို ဆရာ ဘုန်းသက်ခိုင်(ရွှေဘို)၊ ရွှေဝတ္ထုရှည်ကို ဆရာမ မြသွေးနီ၊ ရွှေအသစ်ဆုကို ဆရာ သံလွင်ကို(မော်လမြိုင်)၊ ရွှေနလုံးသားဆုကို ဆရာမ ဆေးဆေ၊ ရွှေမျိုးဆက်သစ်ဆုကို ဆရာ မင်းတုန်း မောင်စိမ်းလွင်တို့က ဆုအသီးသီး ရရှိခဲ့ပါတယ်။

ကျွန်တော်က ဝတ္ထုတွေ အရေးကျဲသူတစ်ယောက်ပါ။ ကဗျာတွေသာ အများဆုံးရေးခဲ့သူတစ်ယောက်ပေါ့ဗျာ။

ဆရာ ဦးဝင်းငြိမ်းခင်ဗျာ၊ အခုလည်း ဒီစာလွှာလေးနဲ့ အတူ ရွှေနလုံးသားကဏ္ဍကို **ညီမှုရွယ်ဆွဲဆောင် ပြုံးလဲ့လွှန်းတဲ့ သူမျက်ဝန်းညို** ဆိုတဲ့ အချစ်ဝတ္ထုတိုလေးတစ်ပုဒ်ကို ရေးပို့လိုက်ပါပြီ။ ကျွန်တော့် ရဲ့ ဝတ္ထုတိုခေါင်းစဉ်ကမှားနေပါတယ်ဆရာ။ အမှန်တကယ် ခေါင်းစဉ်က **ညီမှုငင် ဆွဲဆောင် ပြုံးလဲ့နှိုင်လွှန်းတဲ့ သူမျက်ဝန်းညို** ဆိုတဲ့ ခေါင်းစဉ်က အမှန်ပါ။ နဂိုက ရွှေမှာ စာမူပေါင်းများကြားစွာ ပို့ခဲ့ဖူးပေမဲ့ တစ်ပုဒ်မျှ မပါရှိခဲ့ဘူးပါ။

ရွှေအသစ်ကို ပြန်လည်အသက်သွင်း ပုံဖော်ပေးနေပြီ ဆိုတာ သိရလို့ ရွှေအသစ်ပို့ဖို့ ဝတ္ထုတို

www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်ကို ရေးဖို့ အစီအစဉ်ရှိပါတယ်။ ခေါင်းစဉ်က **နီးသမား**ရဲ့ **လမိုက်ညဝံ့ပြင်**ပါ။ ရေးဖို့နှိုင်းအောင်လည်း ကြိုးစား နေပါတယ် ခင်ဗျာ။ 'နီယွန်းအိမ်' ဆိုတဲ့ ကလောင်နာမည်တစ်ခု စတင်ခဲ့တာက မှူခင်းစုံမဂ္ဂဇင်းမှာ ဖော်ပြခံခဲ့ရတဲ့ **နှလုံးသားလှတဲ့ ဆရာမလေး** စာမူကနေ စတင်ခဲ့တာပါ။ ကျွန်တော့်ရဲ့စာရေးသက်တမ်းကလည်း ၁၀ နှစ်ကျော်လို့ ၁၁ နှစ်ထဲပင် ရောက်ရှိတော့မှာပါ။ ရွှေရဲ့ပဲ့ကိုင်ရှင် ဦးဝင်းငြိမ်းနှင့်တကွ ရွှေအယ်ဒီတာ ဝိုင်းတော်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး စာပေခရီးလမ်းမှာ အောင်မြင်မှုသရဖူများ ထပ်ကာ ထပ်ကာ ဆောင်းနိုင်ပါစေလို့ ဆုမွန်ခြွေရင်း....

နီယွန်းအိမ်(သာပေါင်း)
သာပေါင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

ဟုတ်ကဲ့၊ စာမူရောက်ပါတယ်။
ဆရာ ပြင်နိုင်းတဲ့အတိုင်း စာမူထိန်းသူ
မအေးမြတ်မြတ်ချို့က ပြင်ပေးပြီးပါပြီ။

❑

သို့
ဘဘ ဦးဝင်းငြိမ်း....

အသက်ရှည် ကျန်းမာစိတ်ချမ်းသာ လိုရာဆန္ဒပြည့်ပါစေ။ ကျွန်မက ရွှေအမြဲတေ ရွှေအသစ်မှာ ပါဝင်နိုင်ဖို့ ကြိုးစားနေတဲ့ ကျောက်မဲက ရွှေမြင့်မိုရ်ဦးပါ။ ဘဘရေ ၂၀၁၅၊ ၆ လပိုင်းက စပြီး ရွှေကို မဖတ်ရတော့ဘူး ထင်ပါတယ်။ စာအုပ် အငှားဆိုင်တွေအားလုံး နားကုန်ကြပြီလေ။ ဘဘရေ ကျွန်မကတော့ ပညာမတတ်ပေမဲ့ စာပေကိုတော့ အသက်နဲ့ ထပ်တူမြတ်နိုးတန်ဖိုးထား သူပါ။ ဘဘ ဦးဝင်းငြိမ်း အသက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ၊ လိုရာဆန္ဒမှန်သမျှ ပြည့်စုံနိုင်ပါစေ။

ရိုသေစွာဖြင့်
ရွှေမြင့်မိုရ်ဦး
ကျောက်မဲ။

စာအုပ်အငှားဆိုင်တွေကတော့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဟောက်ကွယ်ကုန်ကြပါပြီ။ မဂ္ဂဇင်းတွေလည်း တဖြည်းဖြည်း လျော့ပါးလာပါပြီ။ ကျွန်တော်တို့လည်း တတ်နိုင်သမျှ ကျားကန်ပြီး လုပ်ဆောင်နေရတာပါ။ အားပေးမှုအတွက် ကျေးဇူးတင်ပါတယ်။

■ ဝင်းငြိမ်း

ဖြူဖြူကျော်သိန်း

www.burmeseclassic.com

www.burmeseclassic.com

အနုပညာလုပ်ငန်းတွေ ဆက်တိုက် လုပ်ဆောင်မယ်ဆိုတဲ့ သူရိယ

ယင်းနိုင်ဦး

ဓာတ်ပုံ - ကိုလင်း(Studio-K)

အရင်တုန်းက သူရလင်း အမည်နဲ့ သရုပ်ဆောင် လုပ်ခဲ့ပေမဲ့ မဟော်ဂနီနဲ့ စာချုပ် ချုပ်လိုက်တဲ့အခါမှာတော့ သူရလင်းကို သူရိယလို့ အမည်ပြောင်းပြီး ဇာတ်ကားများ ဆက်တိုက် ရိုက်ကူး ဖြစ်ခဲ့ပါတယ်။ မဟော်ဂနီနဲ့ စာချုပ် ကိစ္စများ ဆွေးနွေးလို့ မပြီးပြတ်သေးခင်မှာ သူရိယက သရုပ်ဆောင်အလုပ်ကို ခေတ္တနားထားပြီး အခုအခါမှာတော့ အောင်သီရိ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ရေးနဲ့ လက်တွဲပြီးဆက်တိုက် ရိုက်ကူးနေပြီ ဆိုတာကြောင့် သူရိယ ရှေ့ဆက်မယ့် အနုပညာလုပ်ငန်းများနဲ့ ပတ်သက်ပြီး မေးကြည့်ဖြစ်ခဲ့ပါတယ်။

သူရိယက အောင်သီရိနဲ့ ဘယ်နှကားရိုက်ပြီးပြီလဲ။

လောလောဆယ်မှာ ဒါရိုက်တာ ကျော်ဇောလင်းနဲ့ ရိုက်လိုက်ပါဦး ဇာတ်ကားကို ရိုက်ကူးပြီးပါပြီ။ အခု ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်နဲ့ မိန်းမနောက်ပိုးလို့ အမည်ပေးထားတဲ့ ဗီဒီယိုဇာတ်ကားကို ငွေမဲ့ရုတီနဲ့ တွဲဖက်ပြီး ရိုက်ကူးနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ် ကျော့ ပြန် မှာ သူရိယက ကိုယ်သရုပ်ဆောင် ရမယ့် ဇာတ်ကို စိတ်ကြိုက် ရွေးချယ်ခွင့် ရနေပြီလား။

အမြဲတမ်းတော့ မရသေးပါဘူး။ တစ်ခါတလေတော့ ကိုယ်ကြိုက်တာတွေ လုပ်ပိုင်ခွင့်ရှိတယ်။ ဇာတ်ကျတော့ ကျွန်တော်နဲ့လိုက်မယ့် ဇာတ်ကို အောင်သီရိတိုက်က ရွေးပြီး ရိုက်ပေးတာဖြစ်တော့ သိပ်ပြဿနာ မရှိဘူး။ သူတို့က စျေးကွက်ကို ပိုပြီးတော့ နားလည်တယ်။ အဲဒါကြောင့် သူတို့ရွေးချယ်ရင် စျေးကွက်အတွက် ပိုပြီး အဆင်ပြေတယ်။ အဲဒီမှာမှ ကျွန်တော် လုပ်ချင်တာ၊ ကျွန်တော် ရိုက်ချင်တာကိုလည်း ရွေးချယ်ခွင့်ရှိတယ်။

သူရိယက ရှေ့ဆက် အနုပညာအလုပ်ကို ဘယ်လို လူပ်ရှားသွားဖို့ ရည်ရွယ်ထားလဲ။

အခု လောလောဆယ်တော့ အားပေးတဲ့ပရိသတ်တွေအတွက် အောင်သီရိနဲ့ ပေါင်းပြီး ဇာတ်ကားတွေ ရိုက်သွားဖို့ စီစဉ်ထားပါတယ်။ ကားတွေ ထွက်လာရင်တော့ ပရိသတ်တွေရဲ့ အသံတွေကို နားစွင့်ရမှာပေါ့။ အဲဒီမှာမှ သူတို့ ဘာကိုလိုချင်တယ်။ ဘယ်လိုမျိုးဆိုရင် ပိုပြီး ကြိုက်နှစ်သက်မလဲ။ သူတို့ရဲ့ တုံ့ပြန်မှုကို နားထောင်ပြီး ဆက်လုပ်သွားပါမယ်။

သူရိယက ပဲခူးမှာနေပြီး အနုပညာအလုပ်ကို ဘယ်လို ကနေ စ၊လုပ်ဖြစ်တာလဲ။

ငယ်ငယ်တုန်းက စိန်ဘယက်ဆေးကြော်ငြာကို ရိုက်ခဲ့ရဖူးတယ်။ အဲဒီတုန်းကတော့ သိပ်ဝါသနာ မပါဘူး။ ဒါပေမဲ့ ကျောင်းပြီးတဲ့နောက် မန္တလေးမှာ တိုင်းရင်းဆေးဝါးသင်တန်းတက်ဖြစ်ခဲ့သေးတယ်။ သင်တန်းပြီးတဲ့ အခါမှာ ကျွန်တော်လုပ်ချင်တဲ့အလုပ်က သရုပ်ဆောင်အလုပ်ဖြစ်နေတဲ့အတွက် သရုပ်ဆောင်အလုပ်ကို လုပ်ဖြစ်တာပါ။ အဖေကလည်း ငယ်ငယ်တုန်းက ဒါရိုက်တာ မင်းသီဟတို့နဲ့ ရင်းနှီးတော့ သိကြားမင်းအခန်းတွေ ဘာတွေမှာ ဝင်သရုပ်ဆောင်ဖူးတာဆိုတော့ အဖေ့ဇီဇာပါတယ်လို့ လည်းပြောလို့ရတယ်ပေါ့။

ဇီဇာပါတယ်ဆိုတော့ အဖေက ဖြစ်စေချင်တာလား။ သားကလုပ်ချင်တာလား။

နှစ်ခုစလုံး ပါပါတယ်။ အဖေကလည်း ဖြစ်စေချင်တယ်၊ သားကလည်း ဖြစ်ချင်တယ်ပေါ့။ အဖေကမေးတယ် ဘာလုပ်ချင်သလဲပေါ့။ အဲဒီမှာ ကျွန်တော်က သရုပ်ဆောင်အလုပ်ကို လုပ်ချင်တယ် ဆိုပြီး ပြောခဲ့တာပါ။

တချို့ မိဘတွေက သူတို့ ဖြစ်ချင်ခဲ့တဲ့ဟာကို သားသမီးတွေကျရင် အတင်းတွန်းပြီး လုပ်စေချင်တယ်။ သူရိယရော အဲဒီလိုမျိုးပဲလား။

အဲဒါကတော့

www.burmeseclassic.com

www.burmeseclassic.com

မိဘတွေက သားသမီးအပေါ်မှာ သူတို့ဖြစ်စေချင်တာကို တွန်းတယ်။ ကျွန်တော်ကတော့ ကျွန်တော်ကိုယ်တိုင် ဝါသနာပါလို့ပါ။ မိဘက အတင်းတွန်းလို့ လုပ်ရတဲ့ အထဲမှာတော့ ကျွန်တော် မပါပါဘူး။ ကျွန်တော့်အဖေကတော့ ပွင့်ပွင့်လင်းလင်းပဲ မေးတယ်။ သူ့ရဲ့တိုင်းရင်းဆေးလုပ်ငန်းကိုလုပ်မလား၊ အနုပညာ အလုပ်လုပ်မလား ဆိုတော့ ကျွန်တော်ကအနုပညာ အလုပ်ပဲ လုပ်ချင်တဲ့အတွက် ဒီလမ်းကိုရွေးခဲ့တာပါ။

တိုင်းရင်းဆေးကို လုပ်မယ်ဆိုရင် မိဘရဲ့လုပ်ငန်းလည်းဖြစ်လို့ စီးပွားရေးကလည်း ငြိမ်မယ်မဟုတ်လား။ ဘာဖြစ်လို့ သရုပ်ဆောင်ဘက်ကို ရွေးရတာလဲ။

အဲဒီကတော့ ဝါသနာပါလို့ပါပဲ။ တိုင်းရင်းဆေးလုပ်မယ်ဆိုရင် မိဘလက်ငုပ်လက်ရင်းဖြစ်လို့ သိပ်ပူစရာမလိုဘူးလို့ ပြောလို့ရတယ်။ ကျွန်တော်က အနုပညာအလုပ်ကို စိန်ခေါ်မှုတစ်ခုအနေနဲ့ လုပ်ကြည့်တာပါ။ အဖေ့အလုပ်ကိုလည်း အားရင်တော့ ကူညီဖြစ်ပါတယ်။

သရုပ်ဆောင် အလုပ်ကို စ၊လုပ်တော့ သူရလင်းနာမည်ကို ဘာလို့ ရွေးခဲ့တာလဲ။

သူရလင်းဆိုတဲ့နာမည်ကို အဘိုးက ပေးခဲ့တာပါ။ သူရိယကတော့ မဟော်ဂနီနဲ့ စာချုပ်ချုပ်ပြီးမှ ပြောင်းလိုက်တဲ့နာမည်ပါ။

အဘိုးဇေးခဲ့တဲ့ သူရလင်းကို သူရိယလို့ ပြောင်းလိုက်တဲ့အချိန်မှာ ဘယ်လို ခံစားခဲ့ရလဲ။

နာမည်ပြောင်းလိုက်တာက လုပ်သင့်တယ်ထင်ပြီး လုပ်ခဲ့တာပါ။ သူရလင်းကို သူရိယလို့ ချိန်းမယ့်အချိန်မှာ စဉ်းစားကြည့်တယ်။ တချို့ကျတော့လည်း နာမည်ပြောင်းလို့ တိုးတက်သွားတာရှိတယ်။ တချို့ကျတော့လည်း နာမည်ပြောင်းလိုက်ပြီးမှ ကျသွားတာရှိတယ်။ မဟော်ဂနီကမင်းသားတင် ရိုက်မယ်ဆိုပြီး ပြောင်းမယ်ဆိုတဲ့အခါမှာ နှစ်ခု လွန်ဆွဲခဲ့ပေမဲ့ တိုးတက်မယ်ထင်ပြီး ပြောင်းဖြစ်ခဲ့တာပါ။

အခု မဟော်ဂနီနဲ့ လက်တွဲဖြုတ်လိုက်တဲ့အချိန်မှာ သူရလင်းနဲ့ မသွားဘဲ သူရိယအမည်နဲ့ ဘာလို့ ဆက်လုပ်ဖြစ်တာလဲ။

သူရိယနာမည်ကို ကျွန်တော်က ပိုပြီး ကြိုက်သွားတဲ့သဘောပါ။ သူရိယကို ကျွန်တော့်နာမည် အသုံးအနှုန်းနဲ့ တပ်ချင်တဲ့ဆန္ဒ။ အဓိကကတော့ ကြိုက်လို့ပါပဲ။

သရုပ်ဆောင်အလုပ်ကို လုပ်မယ်လို့ ဆုံးဖြတ်ခဲ့တဲ့အချိန်မှာ သင်တန်းတွေ တက်ခဲ့ဖူးလား။

ကျွန်တော် စံကားဝါအနုပညာသင်တန်းမှာ သရုပ်ဆောင်သင်တန်း တက်ခဲ့ဖူးပါတယ်။ ပြီးတော့မှ ရိုက်ကွင်းတွေကို လိုက်လေ့လာပြီးမှ ဦးညီညီထွန်းလွင်နဲ့ ဒိုင်စားတယ်ဆိုတဲ့ ကားမှာ စ၊ရိုက်ဖြစ်တာပါ။ အဲဒီတုန်းကတော့ သူငယ်ချင်းခန်းပဲ စ၊ရိုက်ရတယ်။ သင်တန်းနဲ့ ရိုက်တာနဲ့က နည်းနည်းကွာတော့ ရိုက်ရင်းနဲ့ သင်ရတာတော့ ရှိတာပေါ့။

သူရိယက အဓိက သရုပ်ဆောင် မင်းသားနေရာက လုပ်ခွင့်ရပေမဲ့ တစ်ခါတစ်ခါ အပြိုင်နေရာတွေ၊ ဒုတိယနေရာတွေက ဘာလို့ လုပ်ဖြစ်တာလဲ။

ကျွန်တော်က အိမ်ကိုလည်း ဒုက္ခမပေးချင်ဘူး။ စ၊စချင်းလည်း မင်းသားဆိုပြီးတင်မယ့်သူ မရှိသေးဘူး။ အဲဒီလို တင်ရင်လည်း ကျွန်တော် သရုပ်ဆောင်တတ်ဦးမှာ မဟုတ်ဘူး။ အဲဒါကြောင့် အတွေ့အကြုံလည်းရ၊ အနုပညာဝမ်းစာလည်း ဖြည့်တဲ့အနေနဲ့ ကျရာနေရာက လုပ်သွားမယ်ဆိုပြီး ဝမ်းစာဖြည့်တဲ့အနေနဲ့ လုပ်ခဲ့တာပါ။

အောင်သီရိနဲ့ လက်တွဲပြီးတဲ့အခါ အဲဒီလို အပြိုင်၊

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယနေရာ လုပ်ဖြစ်ဦးမှာ လား။ အဲဒီလိုတော့ ရိုက်ဖြစ် တော့မယ် မထင်ဘူး။ ကျွန်တော့် တိုက်ကလည်း လုပ်စေချင်မှာ မဟုတ်ဘူး။ အခုခါမှာတော့ အောင်သီရိရဲ့ ပုံပိုးမှုနဲ့ အဓိကသရုပ်ဆောင် အဖြစ်ပဲ ရိုက်သွားဖို့ စီစဉ်ထားပါတယ်။ သူတို့က ကားတွေ ဆက်တိုက်ရိုက်ပေးသွား မယ်။ ပြီးရင် ဆက်တိုက် ဖြန့်ပေးသွားမယ်။ ဒါ ပြီးရင်လည်း ဒါရိုက်တာ ပြည်ဟိန်းသီဟနဲ့ ရိုက်ကူးဖို့ စီစဉ် ပေးထားတာ ရှိသေးတယ်။

သူရိယက ပရိသတ်ကို ဘယ်လိုပုံစံမျိုးနဲ့ ရိုက်ပေး သွားမှာလဲ။ လူငယ်တစ် ယောက်ဖြစ်လို့ ဖန်စိုဖြစ်မှာ လား၊ ပရိသတ်ကြိုက်နေတဲ့ ဟာသနဲ့ သွားမှာလား။ နက် နက်နဲနဲ ဒရာမာကားမျိုး ရိုက် မှာလား။

ကျွန်တော် ကတော့ ဟာသကို ပိုပြီး ကြိုက်ပါ တယ်။ ကျွန်တော့်ရုပ်က လည်း နည်းနည်းပြောင် တယ်လေ။ ဒါပေမဲ့ ပရိသတ် က ကြည့်တဲ့အခါမှာ ခံစားမှု ရသနဲ့ ဇာတ်အိမ်ကောင်းကစ် ခုကို ကြည့်ရဖို့ ကြိုးစားပြီး သရုပ်ဆောင်မှာပါ။ လျှောပြီး သရုပ်ဆောင်ဟာတော့ ဘယ် တုန်းကမှ မရှိပါဘူး။

သူရိယ သရုပ်ဆောင်ခဲ့ တဲ့အထဲမှာ ဘယ်ကား ကို အားရဆုံးလဲ။ ပရိသတ်က ရော ဘယ်ကားကို ပိုပြီး ကြိုက်ကြတာလဲ။

ကျွန်တော် လုပ်ခဲ့ရသမျှတွေ ကိုတော့ အားရပါ တယ်။ ဒါပေမဲ့ ကျွန်တော့်ဆီမှာ လည်း ဖြည့်စရာ တွေ အများကြီး ရှိသေးတယ်လို့ ကိုယ့်ကားကိုယ် ပြန်ကြည့်လိုက်တဲ့ အခါမှာ ခံစား ရတယ်။ အခု နောက်ပိုင်း ထွက်လာမယ့် ကားတွေကိုတော့ ထုတ်လုပ်သူပိုင်းကရော၊ ဒါရိုက်တာတွေကပါ ငုံ့ပြီး ပေးထားလို့ ကျွန်တော်လည်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အပြည့်အဝနဲ့လုပ်ပြီး စိတ်တိုင်းကျပါတယ်။ ဒီကားတွေမှာတော့ ပရိသတ်က ကျွန်တော့်အနုပညာတွေကို အပြည့်အဝ ခံစားရမှာပါ။

သူရိယက ဘာဖြစ်လို့ အပြည့်အဝလို့ ပြောရတာလဲ။

အပြည့်အဝဆိုတာက ကျွန်တော် တတ်စွမ်းသမျှ လုပ်ထားပေးလို့ပါ။ ပရိသတ်အတွက်ဆိုရင် ကျွန်တော် ဘယ်တော့မှ မခိုမကပ်ဘဲ လုပ်ဖြစ်ပါတယ်။

သူရိယက ဖက်ရှင်အတွက်၊ ဟဲစတိုင်လ်အတွက် ဘယ်လိုတွေ ပြင်ဆင်ထားလဲ။ ဒီနိုင်နှာ သီးခြားထားသေးလား။

ဒါက ကျွန်တော်တို့ မကျမ်းကျင်တဲ့ အပိုင်းမို့လို့ သီးခြားထား၊ ထားပါတယ်။ မိတ်ကပ် သက်သခင်ကို ဖက်ရှင်ပိုင်းရော၊ ဟဲစတိုင်လ်ပိုင်းရော ကျွန်တော့်ရဲ့ လိုအပ်ချက်တွေကိုဖြည့်ပေးဖို့ ခေါ်ထားပါတယ်။

သရုပ်ဆောင်တစ်ယောက်အတွက် ဖက်ရှင်တို့၊ ဟဲစတိုင်လ်တို့က ဘယ်လောက်ထိအရေးပါလဲ။

အရေးကြီးပါတယ်။ ကာရိုက်တာကို ဖော်ကဲ့နေရာမှာ ဆံပင်၊ မျက်နှာအနေအထား၊ မိတ်ကပ်၊ ဖက်ရှင်တို့က အဓိကနေရာကပါပြီး အဲဒီပိုင်းကလည်း ၅၀ ရာခိုင်နှုန်းလောက် ပံ့ပိုးတယ်လို့ ကျွန်တော်ထင်ပါတယ်။

အဲဒါဆိုရင် အားပေးတဲ့ ပရိသတ်၊ အားပေးလာမယ့် ပရိသတ်တွေကို ဘာများပြောချင်သေးလဲ။

ကြိုပြောချင်တာကတော့ အခုထွက်လာမယ့် ကားလေးတွေကို ကြည့်ပေးပါ။ ကြည့်ရုံနဲ့ မပြီးဘဲ ဝေဖန်အကြံပြုပေးပါလို့ ပြောချင်တယ်။ ပြီးရင် ရိုက်စေချင်တာတွေကိုလည်း တောင်းဆို ကြပါ။ ကျွန်တော့်ဘက်က အောင်သိရဲနဲ့ ညှိနှိုင်းပြီး ပရိသတ် ကားကောင်းတွေ ကြည့်ခွင့်ရအောင် ရိုက်ပေးသွားပါမယ်-လို့ သူရိယက ပြောပြခဲ့ပါတယ်။

■

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

One Minute Interview

ကြိုရာဆိုရာ တစ်ဖဲနှစ်တာ ဘို

၂၀၁၅မှာကြည့်ရမယ့် ဝိုင်းရဲ့လက်ရာများ

၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း တွဲအဖြစ် ဒါရိုက်တာ ဝိုင်း ရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲကို ရုပ်မြင်သံကြားအစီအစဉ်များက ထုတ်လွှင့်ပြသခဲ့ရာမှာ မြန်မာပရိသတ်များ နှစ်ခြိုက် အားပေးခဲ့ကြပါတယ်။ ၂၀၁၅ မှာတော့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ဂုဏ်ပြုတဲ့ ဇာတ်လမ်းတစ်ပုဒ် ရိုက်ကူး ခဲ့ပြန်ပါတယ်။ အနုပညာရှင် ပေါင်းများစွာပါဝင်ပြီး ဒါရိုက်တာ ဝိုင်းရဲ့ထုံးစံအတိုင်း ပရိသတ် စိတ်ဝင်စားအောင် ရိုက်ကူးပြီးစီး သွားခဲ့ပါပြီ။ ကားဆက်၊ တည်းဖြတ်နေပြီလို့ သိရပါတယ်။ ၂၀၁၅ အတွက် နောက်ထပ်ရိုက်ကူးဖို့ ရည်ရွယ်ထားတဲ့ဇာတ်များကို မေးကြည့်တဲ့အခါ - ကျွန်တော် ၂၀၁၅ မှာ **ကျွန်မက နှင်းဆီပါမောင်၊ ကျွဲပစ်ရဲ့ကျေးကျွန်များ၊ ချစ်လှစွာသော အမုန်း** ဇာတ်ကားတွေ ရုံတင်ပါမယ်။ အဲဒီကားတွေ ပြီးရင်တော့ ၂၀၁၆ မှာ ကျွန်တော့်ကား ကြည့်ရဖို့ ခဲယဉ်းလိမ့်မယ်။ ကားမရိုက်ရသေးလို့ပါ။ **ဘာကားတွေ ရိုက်မယ် စဉ်းစားထားလဲ။** ပထမဆုံး ရိုက်မယ့်ကားက **တာတော** ဆိုတဲ့သရဲကားပေါ့။



www.burmeseclassic.com

www.burmeseclassic.com

နောက် နိဝင်ဘာလပိုင်းမှာ ခရေ ဆိုတဲ့ကားတစ်ကား ရိုက်ဖို့စဉ်းစားထားတာရှိတယ်။ ဇာတ် ကျပြီးသား ဖြစ်တဲ့ **သမ္မတကြီးသို့အိတ်ဖွင့် ပေးစာ** ကတော့အစိုးရ အပြောင်း အလဲဖြစ်ပြီးမှသာ ရိုက်ဖြစ်လိမ့်မယ် ထင်ပါတယ်။

ဆရာမ ဝင်းဝင်းလတ်ရဲ့ 'အချစ်၏နောက်ဆက်တွဲ စာမျက်နှာ' ကို ဇာတ်လမ်းတွဲ ရိုက်မယ်ဆိုတာကရော…။

ကျွန်တော့် အပိုင်းက တော့ ဇာတ်ညွှန်းအားလုံး ရေးပြီးသားဖြစ်လို့ Sky Net ကို အပ်လိုက်ပါပြီ။ သူတို့ အပိုင်းက ကြော်ငြာကောက် တဲ့ကိစ္စတွေဘာတွေ လုပ်နေ တယ်ထင်ပါတယ်။

မူလက ဇာတ်ဆောင် တွေက နိုင်းနိုင်းနဲ့ စိုးမြတ်သူ ဇာတို့ ဖြစ်မယ်ပြောထား တယ်။ အခုရော အပြောင်း အလဲရှိမလား။

ဒါလည်း သူတို့အပေါ် မူတည်ပါတယ်။ ကြော်ငြာ ကောက်တဲ့အပေါ်မှာ တစ် ဖက်က တောင်းဆိုမှုရှိလာရင် သရုပ်ဆောင်အပြောင်းအလဲ ရှိနိုင်တာကိုး။

နောက်ထပ်ရိုက်ဖို့ စိတ်တိုင်းကျတွေ့ထားတဲ့ ဝတ္ထုများ ရှိသေးလား။

လောလောဆယ် ကျွန်တော် တွေ့ထားတာက ဆရာလက်ဘရည်ကျော်ရဲ့ 'နေဝင်အိပ်တန်းတက်'၊ နောက် ဆရာမ လွန်းထားထားဝတ္ထု တစ်ပုဒ်ကို ဆရာ နေမော် ရေးထားတာရှိတယ်။ နောက် တစ်ခုက စိုင်းစိုင်းနဲ့ကျွန်တော် စကားပြောနေပြီး ဆရာမ လမင်းမိုမိုရေးမယ့် ဝတ္ထုတစ် ပုဒ် ရှိတယ်။

၂၀၁၄ မှာလည်း ဒါရိုက်တာ ဝိုင်းရဲ့ 'သက်တံ့သစ်'၊ 'မာယာပရောဂျက်'နဲ့ 'Made in Heart' ဇာတ်ကားများရုံတင်ပြသခဲ့ပါ သေးတယ်။ အကယ်ဒမီက လည်း ၂၀၁၄-၂၀၁၅ နှစ်နှစ်စာ ချီးမြှင့်မှာ ဖြစ်တာကြောင့် အကယ်ဒမီ ဝိုင်းကနေ ထပ်ဆင့်အကယ်ဒမီ ဝိုင်း ဖြစ်လာမလား ဆိုတာကို စောင့်ကြည့်ကြပါဦးစို့။

■

ဘို

www.burmeseclassic.com

www.burmeseclassic.com

One Minute Interview

စက်တင်ဘာလဆန်းမှာ ကားပြန်ရိုက်တော့မယ် ထက်ထက်မိုးဦး အကြောင်း တစ်မိနစ်တာ

စိန်ဌေးရုပ်ရှင်
ထုတ်လုပ်ရေးအတွက်
စက်တင်ဘာလဆန်းက
စတင်ပြီး ဒါရိုက်တာ
ကိုဇော်(အရုဏ်ဦး)
ရိုက်ကူးမယ့် **ရှယ်ရွှေးမ**
ဇာတ်ကားမှာ
ထက်ထက်မိုးဦးက ရန်အောင်၊
စိုးမြတ်သူဇာ၊
အောင်ရဲလင်းတို့နဲ့အတူ
ပြန်လည်သရုပ်ဆောင်တော့
မယ်လို့ ကြားသိရတဲ့အတွက်
ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

အဲဒီကား ဘယ်တော့ စရိုက်မှာလဲ။
စက်တင်ဘာလဆန်း ရှင့်။
ကားပြန်ရိုက်တော့မယ်ဆိုတော့
ထက်ထက်ဘက်က ဘာတွေပြင်ဆင်ထားပြီလဲ။
အဝတ်အစားတွေ ဘာတွေကတော့ ပြင်ဆင်ထားပြီးပါပြီ။
စိတ်ဓာတ်ပိုင်းဆိုင်ရာအနေနဲ့လည်း ကျရာအခန်းမှာ
အကောင်းဆုံး သရုပ်ဆောင်နိုင်အောင်
ပြင်ဆင်ထားပါတယ်။
ထက်ထက် ဝ,နေတာဆိုတော့ တော်တော်
ပိန်သွားအောင်ရော ကြိုးစားနေသလား။
ထက်ထက်က နှလုံးရောဂါအခံရှိတော့ ပိန်ဆေးတွေ

www.burmeseclassic.com

www.burmeseclassic.com

ဘာတွေ စားလို့မရဘူး။ လေ့ကျင့်ခန်းနဲ့ပဲ နည်းနည်း ပါးပါး လျှော့လို့ရတယ်။ အစားလျှော့စားတယ်ပေါ့။ အရမ်းကြီး ပိန်သွားအောင် တော့ လုပ်လို့ မရပါဘူး။

ဒီကားပြီးသွားရင်ရော နောက်ထပ်ကမ်းလှမ်းတဲ့သူ ရှိရင် ရိုက်ဖို့စိတ်ကူးရှိသလား။

သမီးအတွက် ကျန်ရစ် မယ့်ကားမျိုး၊ ဇာတ်လမ်းမျိုး ကမ်းလှမ်းလာမယ်ဆိုရင်တော့ ရိုက်ဖြစ်မှာပါ။ တော်ရုံတန်ရုံ လောက်ဆိုရင်တော့ ရိုက်ဖြစ်မှာ မဟုတ်ပါဘူး။

ထက်ထက် ကားရိုက်နားထားတာ ဘယ်လောက်ကြာသွားပြီလဲ။

၁၀ နှစ်လောက် ရှိပါပြီ။ သားလေးမွေးခါစကတော့ ကိုလူမင်းနဲ့ စိုင်းစိုင်းခမ်းလှိုင် သီချင်းဖြစ်တဲ့ **ခင်ကြီးကျယ်** တို့ဘာတို့ ရိုက်ဖြစ်ပါသေးတယ်။ အဲဒီနောက် မရိုက်တော့တာ ၁၀ နှစ်ရှိပြီပေါ့။

ထက်ထက် သမီးကလေးက ကြော်ငြာတော်တော် ရိုက်နေရပြီလား။

တော်တော်များများ ရိုက်နေရတယ်။ အခု ထက်ထက်တို့ မိုးကုတ်ကို ရောက်နေတာ။ ဒီကို လာရင်းနဲ့ မန္တလေးမှာ ဗလာစာအုပ် ကြော်ငြာတစ်ခု ရိုက်ပေးခဲ့ရသေးတယ်။

သမီး ကြော်ငြာကို လက်ခံတဲ့အခါ ဘယ်လိုချိန်ဆတာ ရှိသလဲ။

သမီးလေး အရမ်းပင်ပန်းမှာဆိုရင်တော့ မလုပ်ခိုင်းပါဘူး။ သူ ကျောင်းတက်နေတယ်။ ကျောင်းအားရက်ပဲ ရိုက်ခိုင်းပါတယ်။ အသက်က လည်း ၄ နှစ်ပဲ ရှိသေးတယ်လေ။ အတန်းတွေဘာတွေ တက်ရတဲ့အရွယ်ရောက်လာ ပြီဆိုရင်တော့ သူ့ကျောင်းစာလည်း မထိခိုက်အောင် အားလပ်ချိန်လည်း ဖြစ်အောင် ထက်ထက်က ချိန်ဆပေးရမှာပေါ့။

အိုကေ ထက်ထက်ရေ အောင်မြင်ပါစေ။

ဟုတ်ကဲ့ရှင့်။

■

ဘို

www.burmeseclassic.com

www.burmeseclassic.com

One Minute Interview

ဒါရိုက်တာဖြစ်လောတဲ့ ကိုဇော်ရဲ့သမီး ပွင့်သီဂေါ်

လင်းနိုင်ဦး

ကြိုရာဆိုရာ ဝံ့ဝံ့နဲ့ဝင်တာ

ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ရဲ့ သမီးကြီးဖြစ်တဲ့ ပွင့်သီဂေါ်က ကိုဇော်နဲ့တွဲဖက်ပြီး ရုပ်ရှင်ကားကြီးတွေ ရိုက်နေပြီဖြစ်သလို ကိုယ်တိုင်လည်း MTV များနဲ့ ဗီဒီယိုဇာတ်ကားများ ရိုက်ကူးနေပြီဖြစ်တာကြောင့် အရုဏ်ဦးရဲ့ မျိုးဆက် ဒါရိုက်တာ ပွင့်သီဂေါ်ကို ပုဂံမှာ ရိုက်ကူးနေတဲ့ **ဘွန်ကြော်ကြက် သူနိုး** ရုပ်ရှင်ရိုက်ကွင်းပေါ်မှာ မေးကြည့်ဖြစ်ခဲ့ပါတယ်။

ပွင့်သီဂေါ်အနေနဲ့ ကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်ကူးထားတာ ဘယ်နှကားရှိပြီလဲ။

သုံးကားရှိပါပြီ။ ပထမကားက **အချစ်ဆုံးပါ**။ အဲဒီကားမှာ နေမင်းနဲ့ ရွှေမုံရတီတို့ သရုပ်ဆောင်ပေးထားပါတယ်။ ဒီကားရိုက်ဖြစ်တာကလည်း ပွင့်နဲ့ ဖေကြီးတို့ နှစ်ယောက်ပေါင်းရိုက်ဖို့ စီစဉ်ပြီးခါမှ



www.burmeseclassic.com

www.burmeseclassic.com

အရမ်း ဆန်းသွားရင် မကြိုက်ဘူး။ အရမ်းတွေးရတာတွေကို မလုပ်ချင်ဘူး။ ဒါကြောင့် ကို ယ် လု ပ် ချ င် တာရော၊ ပရိသတ်ကြိုက်တာရော၊ ကိုယ့်အတွက် နာမည်ရဖို့ပါ စဉ်းစားပြီး လုပ်သွားမယ်။

ပွင့်က MTV နဲ့ စပြီး ဒါရိုက်တာ လုပ်ဖြစ်တာလား။

ဟုတ်တယ်။ MTV ကို မစန္ဒီမြင့်လွင်ရဲ့ ရှင်ခုန်ဆဲပဲ သီချင်း စ,ရိုက်ဖြစ်တာပါ။ ပြီးတော့ ဝိုင်းစုခိုင်သိန်း၊ လွမ်းပိုင် အစရှိသဖြင့် ရိုက်ကူးပေးဖြစ်ပါတယ်။ အခု နောက်ပိုင်းကျတော့ ကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ကား ရိုက်နေတော့ အချိန်မပေးနိုင်မှာစိုးလို့ သိပ်ပြီး လက်မခံရဲဘူး။

ပွင့်သီဂီအော်က အဖေဆီက လေ့လာသင်ယူတာနဲ့ပဲ ဒါရိုက်တာ လုပ်သွားမှာလား။

အဲဒီလိုတော့ မဟုတ်ဘူး။ ပွင့်က အရင်ကတည်းက နိုင်ငံခြားမှာ ဒါနဲ့ပတ်သက်တဲ့ပညာတွေ သွားတက်ဖို့ စီစဉ်ထားတယ်။ အခုကျတော့ အဝေးသင် တက်နေရတာဖြစ်လို့ ဘွဲ့ရဖို့ နောက်နှစ်နှစ် ကျန်သေးတယ်။ အရင်တုန်းကတော့ အမေရိကားမှာ သွားတက်ဖို့ စဉ်းစားထားတာပါ။ ကျောင်းစရိတ်က ကြီးတော့ အဝေးသင်ပြီးရင် ကိုရီးယားလောက်မှာပဲ ဒါရိုက်တာပညာ သွားတက်နိုင်ဖို့ ကိုရီးယားဘာသာစကား သင်ယူရဦးမယ်-လို့ ပွင့်သီဂီအော်က ပြောပြခဲ့ပါတယ်။

■

လင်းနိုင်ဦး

www.burmeseclassic.com

ဖြန်းတစ်လုံးနဲ့ ညီမတွေကို MTV တို့၊ ဇာတ်လမ်းတိုတို့ ရိုက်ပေးတာတွေ လုပ်ခဲ့ဖူးတယ်။ အဲဒီလို ဝါသနာပါခဲ့တာပါ။ အဖေနဲ့နေတာ များတယ်။ အဖေလုပ်နေတာတွေ အမြဲ မြင်နေရတော့ ဝါသနာက ပိုပိုပြီးတော့ တိုးလာတယ်။ နောက်ဆုံးကျတော့ ဒါရိုက်တာအလုပ်ကိုပဲ လုပ်မယ်ဆိုပြီးတော့ အဖေနဲ့ ပိုင်းကူခဲ့တာပါ။ ကားဆက်ဆိုရင်လည်း ဖကြီးဆက်တာတွေကို အမြဲမြင်နေရတော့ ကိုင်တာပြုတာကို မသင်ပေးရဘဲ တတ်နေတယ်။ အမြဲမြင်နေရတာကိုး။ စက်ကို ဘယ်လို ကိုင်တယ်ဆိုတာ ပွင့် မပြောနဲ့၊ အိမ်က ညီမနှစ်ယောက်လုံးတောင် အဖေ ကားဆက်တာတွေ အမြဲမြင်နေရတော့ ဘာလိုတယ် ဆိုတာတောင် ပြောတတ်တယ်။ ဖကြီးက သမီးတွေကို အောက်ချပြီး သင်တာမျိုးတော့ မရှိဘူး။ ဒါပေမဲ့ မေးရင် သေသေချာချာ ရှင်းပြပေးတယ်။ ရိုက်ကွင်းပေါ်မှာ ဆိုရင်လည်း ဘာဖြစ်လို့ အဲဒီလိုယူတာလဲလို့ မေးလိုက်ရင် ကြိုရင်ကြိုသလို ပြောပြတယ်။

အဲဒါ ဆိုရင် ပွင့်သီဂီအော်တို့က အနုပညာမိသားစုပေါ့ ဟုတ်လား။

အဲဒီလိုပဲ ပြောရမှာပေါ့။ အဖေက ဒါရိုက်တာ၊ ဇာတ်ညွှန်းလည်းရေးတယ်။ အမေကလည်း ညာလက်တော်ဆိုပြီး ဇာတ်ညွှန်းရေးတယ်။ သမီးကလည်း ဒါရိုက်တာဆိုတော့ ပြောရင်ရတာပေါ့။ ဒါပေမဲ့ သမီးက ဇာတ်ညွှန်းတော့ မရေးတတ်သေးဘူး။

ပွင့်သီဂီအော်က ဒါရိုက်တာဆိုပေမဲ့ အရွယ်က ငယ်သေးတော့ မင်းသား၊ မင်းသမီးနဲ့ ကျန်တဲ့သရုပ်ဆောင်တွေကို ညွှန်ကြားရတဲ့အခါမှာ အဆင်ပြေရဲ့လား။

အဲဒါကတော့ အဆင်ပြေပါတယ်။ စက်အဖွဲ့သားတွေဆိုရင်လည်း အဖေနဲ့လိုက်နေကျ စက်အဖွဲ့သားတွေဖြစ်တယ်။ သရုပ်ဆောင်တွေဆိုရင်လည်း အဖေရိုက်တဲ့ကားတွေမှာ သမီးက ဝင်ရိုက်ပေးတာ မဟုတ်ရင်တောင် ရိုက်ကွင်းမှာ တစ်ခုခု အမြဲတမ်း ကူညီပေးနေတာဖြစ်လို့ သူတို့က ယုံကြည်စိတ်ချပေးနေတာပါ။

နောက်ထပ်ရော ဘာတွေရိုက်ဖို့ စီစဉ်ထားသေးလဲ။ အနုပညာလမ်းမှာ ဘယ်လို ဆက်လျှောက်သွားမှာလဲ။

ရိုက်ဖို့ စီစဉ်ထားတာတွေ ရှိပါတယ်။ စက်တင်ဘာလပိုင်းကစ,လို့ ဇရေထက်နဲ့ ရိုက်ဖို့ စီစဉ်ထားတာရှိတယ်။ ပြီးရင်လည်း ဆက်ရိုက်သွားဖို့ ရှိပါသေးတယ်။ ဒီအနုပညာ လမ်းကြောင်းမှာ ပွင့်အနေနဲ့ ရှိုးမန့်တို့၊ လူငယ်ဆန့်တဲ့ဇာတ်ကားတို့ အားသန်တယ်။ အဲဒီမှာမှ ဘယ်သူမှ မရိုက်ဖူးသေး တဲ့ပုံစံတွေကို ပုံစံတစ်မျိုးနဲ့ ရိုက်ကူးသွားဖို့ လုပ်သွားမယ်။ တစ်လိုင်းတည်းသွားမယ်ဆိုရင်လည်း အဆင်မပြေဘူး။ ပွင့်က အက်ရှင်ဇာတ်လမ်းတွေလည်း ကြိုက်တော့ အက်ရှင်ကားရိုက်ဖို့လည်း စဉ်းစားထားတာ ရှိတယ်။ တစ်ခုရှိတာက မြန်မာပရိသတ်တွေ လက်ခံတာက ဖကြီးက မအားလို့ ပွင့် ဒါရိုက်တာလုပ်ပြီး ရိုက်ဖြစ်တာပါ။ ဒုတိယကားက **အချစ်၏ဘေးထွက်ဆိုးကျိုးများပါ။** ကိုအောင်ရဲလင်းနဲ့ မချစ်သူဝေတို့ သရုပ်ဆောင် ပေးထားတယ်။ တတိယကားကတော့ **ခွေး** ပါ။ ဒီကားမှာတော့ ကိုဇေရဲထက်၊ ရွှေမှုံရတီတို့နဲ့ ပြင်ဦးလွင်မှာ ရိုက်ပေးထားတာပါ။ လေးကားမြောက် ရိုက်ကူးမယ့်ကားကိုတော့ **ချုပ်ဆေး** လို့ အမည် ပေးထားပါတယ်။ ဇေရဲထက်နဲ့ ဖွေးဖွေးတို့ သရုပ်ဆောင်ပေးသွားပါမယ်။

'ဘွန်ကြောကြက်သူခိုး'မှာ ပွင့်သီဂီအော်က လက်ထောက် ဒါရိုက်တာလား၊ ဘယ်လို တာဝန်ယူထားတာလဲ။

ဘယ်လိုမှ မဟုတ်ပါဘူး။ ဖကြီးက ဇာတ်ညွှန်း ပြန်ပြင်ရတာတွေရှိလို့ မအားရင် ပွင့်ပဲ ရိုက်လိုက်တာပဲ။ တချို့ ဆင်း(န)တွေကျတော့ နှစ်ယောက်ပေါင်းရိုက်တယ်။

ပွင့်သီဂီအော်က ကိုအော်ကြောင့် ဒါရိုက်တာ ဖြစ်လာတာလား၊ ကိုယ်တိုင်ရော ဝါသနာပါနေလို့လား။

ပွင့်က ဝါသနာပါတယ်လို့ ပြောရမှာပေါ့။ ငယ်ငယ်လေးကတည်းက

www.burmeseclassic.com



aroma ရဲ့ မင်္ဂလာဝတ်စုံပြမှု

လင်းနှင်းဦး

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ တာမွေမြို့နယ် ဦးချစ်မောင်လမ်း
ဦးချစ်မောင်အိမ်ရာမှာ ဖွင့်လှစ်ထားတဲ့
aroma Zulu Studio က သူတို့ရဲ့ မင်္ဂလာဝတ်စုံ
ပွဲတက်ဝတ်စုံများနဲ့ ကြိုးကျယ်ခမ်းနားတဲ့
2015 aroma Fashion Music Show ကို ဩဂုတ်လ
၇ ရက်နေ့ညက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမမှာ
ပြသပေးခဲ့ပါတယ်။ aroma က သူတို့ရဲ့ Fashion Music
Show မှာ မင်္ဂလာဝတ်စုံများကို အထူးပြသခဲ့ပြီး
မင်္ဂလာဝတ်စုံများနဲ့ ဟက်ရှင်ရိုက်ပြသနေကြအရှိန်မှာ
ဧာမည်ကြီးအဆိုတော်များက ထေးသံသာများနဲ့ ပျော်ဖွေ



ပေးခဲ့ကြပါတယ်။ မင်္ဂလာဝတ်စုံများကို
ပြသပေးတဲ့နေရာမှာ မြန်မာရိုးရာမင်္ဂလာဝတ်စုံပြစဉ်တဲ့
ထိုင်မသိမ်းကိုလည်း ထည့်သွင်းပြသပေးခဲ့ပြီး
aroma က ၂၀၁၅-၂၀၁၆ မှာ မင်္ဂလာ
ဆောင်နှင်းကြမယ့် မင်္ဂလာမောင်နှံတို့အတွက်
ဒီဇိုင်းရဲ့အရောင်ကို နှင်းဆီနဲ့ ပတ်သက်တဲ့
အရောင်များကို ရွေးချယ်ပေးထားပြီး
ထိုင်မသိမ်းများကို သတို့သမီးများ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လမ်းလျှောက်တဲ့အခါမှာ အဆင်ပြေချောမွေ့ဖို့
ဖန်တီးချုပ်လုပ်ပေးထားတယ် လို့ သိရပါတယ်။
သတို့သား တို့ရဲ့ တောင်ရှည်ပုဆိုးမှာ သတို့သမီးရဲ့
ချိတ်လိုင်းကို ထိုးပြီး အလှဆင်ပေးထားသလို
Aroma ရဲ့ တီထွင်မှုက တော့ ရင်ခုန်များကို ဆန်းသစ်စွာ
တီထွင်ဖန်တီးပေးထားတာ ဖြစ်ပါတယ်။
သတို့သမီးအတွက် ပဝါကိုလည်း တစ်မူထူးခြားအောင်
ပြင်ဆင်ပေးထားပြီး ပဝါ အတို့၊ အရှည် မျိုးစုံနဲ့
မိန်းကလေးတို့ရဲ့ အလှကို ပိုမိုပေါ်လွင်အောင်
ချုပ်လုပ်ပေးထားပါတယ်။ ထိုင်မသိမ်းရဲ့ ရေသီနှားများ
ကိုလည်း ရေသူမပုံစံ အဝိုင်းလေးတွေဖြစ်အောင် ဖန်တီး
ပေးထားလို့ အရင်တုန်းက ထိုင်မသိမ်းတွေလို
လမ်းလျှောက်ရခက်တာ၊ ခြေထောက်ငြိနိုင်တာတွေ
မရှိတော့ဘဲ သက်သက်သာသာနဲ့ ချောချောမွေ့မွေ့
လမ်းလျှောက်နိုင်အောင် ချုပ်လုပ် ပေးထားတာ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါတယ်။ aroma ရဲ့ မင်္ဂလာဝတ်စုံများ၊ ပွဲတက်ဝတ်စုံများကို နိုင်ငံကျော်သရုပ်ဆောင်များနဲ့ အလှမောင်မယ်များက ဝတ်ဆင်ပြသပေးခဲ့တာဖြစ်ပြီး ထူးထူးခြားခြား မြင်တွေ့ရတဲ့ အစီအစဉ်တစ်ခုက နှင်းဆီမင်းသမီးလေး ဖွေးဖွေးကို မင်္ဂလာဝတ်စုံနဲ့ ဖက်ရှင်ရှိုး လျှောက်တဲ့အစီအစဉ်မှာ ရှည်လျားလှတဲ့ ပဝါမှာ နှင်းဆီပွင့်ပေါင်းများစွာနဲ့ ဒီဇိုင်းဆင်ချုပ်လုပ်ပေးထားလို့ နောက်ကနေ မော်ဒယ်လ်လေး နှစ်ယောက်က လိုက်ပြီး ကိုင်ပေးရတဲ့အထိ ရှည်လျားတဲ့ ပဝါနဲ့ ထူးထူးခြားခြား မြင်တွေ့ခဲ့ရပါတယ်။ aroma ရဲ့ Fashion Music Show မှာ aroma ရဲ့ဝတ်စုံများကို ဝတ်ဆင်ပြသတဲ့နေရာမှာ နာမည်ကြီး မိတ်ကပ်ပညာရှင်များက ပံ့ပိုး ကူညီလိမ်းခြယ်ပေးခဲ့ကြပြီး ပိုးထည်များကိုလည်း နာမည်ကြီး ပိုးထည်တိုက်များက ပံ့ပိုးကူညီပေးထားကြပါတယ်။ လက်ဝတ်ရတနာများကိုတော့ Forever Gems by Shwe Nan Daw ရတနာဆိုင်က ပံ့ပိုးကူညီပေးထားတယ်လို့ သိရပါတယ်။

aroma ရဲ့ မင်္ဂလာဝတ်စုံပြပွဲက ရရှိလာတဲ့ အလှူငွေများနဲ့ အကျိုးအမြတ်များကို ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းပေးနိုင်ဖို့ အလိုတော်ပြည့်ဆရာတော်ကို ငွေကျပ်သိန်း ၁၄၀ လှူဒါန်းပေးနိုင်ခဲ့တယ်လို့လည်း သိရပါတယ်။ ■

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မယ်တဲ့ နှုတ်ဆက်

ဝင်းငြိမ်း

ဘဝရဲ့အလှည့်အပြောင်းများဆိုတာကို ကျွန်မ ဘယ်တုန်းကမှ မတွေးခဲ့မိပါဘူး။ မိဘနှစ်ပါးနဲ့အတူ ရန်ကုန်ပြို့မှာ နေထိုင်ရင်း အ.ထ.က ၂ (လသာ)မှာစန္ဒဝင်းအဖြစ် ကျောင်းတက်ခဲ့ပါ တယ်။ ကျောင်းသူဘဝကို အလွမ်းပင်မရှိ ကျော်ဖြတ်ရင်း ဆယ်တန်းပညာ အထက်တန်း အောင်တော့ ရန်ကုန်တက္ကသိုလ်မှာ ဆက်တက်ပြီး ဂူပဇေအဆင့်ကနဲ့ဘွဲ့ရခဲ့ပါတယ်။ ဓိဘများကလည်း ပညာရေးကို အားပေးတဲ့သူတွေဖြစ်တော့ ကျွန်မဘာ ပညာဆက်သင်မယ် ဆိုရင် သင်ချင်သလောက်သင် ဆိုတာကြောင့် MBA ဘွဲ့ယူနိုင်ဖို့ မလေးရှားနိုင်ငံသို့ သွားရောက်ခဲ့ပါတယ်။ ဘွဲ့ရပြီးနောက်ပိုင်းမှာ အလုပ်လုပ်သင့်ပြီလို့ ယူဆတာကြောင့် ဘာလုပ်မလဲစဉ်းစားပါတယ်။ ကျွန်မ ယူထားတဲ့ MBA ဘွဲ့နဲ့ ကိုက်ညီတဲ့ အလုပ်တစ်ခုကို လုပ်ချင်ပါတယ်။ ကံအားလျော်စွာ ကြော်ငြာ ကုမ္ပဏီတစ်ခုက သူတို့ကုမ္ပဏီရဲ့ မန်နေဂျာအဖြစ် စကားကမ်းလှမ်း လာပါတယ်။ လုပ်ရမယ့်နေရာက မလေးရှားမှာတော့ မဟုတ်ဘူး။ သူတို့ လုပ်ငန်းဌာနခွဲရှိရာ UAE နိုင်ငံမှာပါ။ သင်ထားတဲ့ပညာနဲ့ အံဝင်တဲ့အလုပ်ဖြစ်တဲ့အပြင် နိုင်ငံရပ်ခြားမှာလုပ်ရမယ့် အလုပ်ဖြစ်လို့ ဒီအလုပ်ကို လက်ခံလိုက်ပါတယ်။ ကြော်ငြာကုမ္ပဏီဖြစ်တဲ့အတွက် လုပ်ငန်းရှင် အများအပြားနဲ့ ဆက်ဆံရပါတယ်။ အထူးသဖြင့်တော့ UAE မှာ ရုံတင်ပြသမယ့် အိန္ဒိယရုပ်ရှင်ကုမ္ပဏီများနဲ့ ဆက်ဆံရတာပါ။ ထုတ်လုပ်သူတွေ ပါတယ်။ ဒါရိုက်တာတွေ ပါတယ်။ လူအမျိုးမျိုးပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သူတို့နဲ့ ရင်းနှီးလာတဲ့ အချိန်မှာ သူတို့က ကျွန်မ ရုပ်ရည်ကိုကြည့်ပြီး သရုပ်ဆောင်လုပ်ပါလားလို့ ကမ်းလှမ်းလာပါတယ်။ ကျွန်မက ရုပ်ရှင်နဲ့ ဝေးတဲ့သူတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ နာမည်ကြီး ဒါရိုက်တာတစ်ဦးဖြစ်ခဲ့တဲ့ ဒါရိုက်တာ ခင်စိုးက ကျွန်မ ဦးလေးတော်ပါတယ်။ ငယ်ဘဝတုန်းက ဦးလေးရဲ့ရိုက်ကွင်းများရှိရာ ကိုလိုက်သွားဖူးတဲ့အပြင် ရုပ်ရှင်ခြံကြီးထဲမှာ ပြေးလွှားဆော့ကစားဖူးတာကြောင့် ရုပ်ရှင်ဆိုတာ မစိမ်းတော့ဘူးပေါ့။

မစွမ်းရင်းကလည်း ရိုက်နှစ်စွန်းခင်းကလည်း ငြိဆိုတာလိုပေါ့။ ကျွန်မရင်ထဲမှာ နှစ်ရှည်လများ ငုပ်လျှိုးပုန်းအောင်းနေတဲ့ အနုပညာဝိုးကခေါင်းထောင်လာတာပေါ့။ စမ်းကြည့်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ သရုပ်ဆောင်မယ်ဆိုရင် ကျွန်မ အိန္ဒိယကို သွားရမယ်။ လက်ရှိအလုပ်ကထွက်ရမယ်။ ဘာပဲဖြစ်ဖြစ် စွန့်စားမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ အိန္ဒိယကိုသွားပြီး သရုပ်ဆောင်အလုပ်ကို စ,လုပ်ခဲ့ပါတယ်။ မိဘများကိုတော့ အသိမပေးသေးပါဘူး။

အရံဘဝကနေစပြီး ခေါင်းဆောင်မင်းသမီးနေရာရလာတဲ့အချိန်မှာ မိဘများကို အသိပေးလိုက်ပါတယ်။ ကျွန်မ ပါဝင်သရုပ်ဆောင်တဲ့ ရုပ်ရှင်ကား အထူးပွဲပြမယ့်နေ့မှာ မိဘများကို အိန္ဒိယနိုင်ငံသို့ ဖိတ်ခေါ်ပြီး ကျွန်မ အနုပညာကို ပြခဲ့ပါတယ်။

အနုပညာလောကမှာ ကျင်လည်လာတော့ အင်တာနက်လူမှုကွန်ရက်ဖြစ်တဲ့ facebookမှာလည်း မိတ်ဆွေတွေများလာပြီပေါ့။ အိန္ဒိယရုပ်ရှင်က အိန္ဒိယမှာအင်း ရိုက်တာ မဟုတ်ပါဘူး။ ပြင်ပနိုင်ငံတွေမှာလည်းသွားရောက်ရိုက်ကူးတာဖါ။ အများအားဖြင့် UAEမှာ ရိုက်တာများပါတယ်။ ဒါကြောင့် ကျွန်မလည်း UAE မှာ အနေများတယ်ပေါ့။

အားလပ်ချိန်တိုင်း facebookကို ကျွန်မ သုံးဖြစ်တယ်။ မိတ်ဆွေများနဲ့ စကားပြောဖြစ်သလို ကျွန်မလှုပ်ရှားမှုတွေကိုလည်း သူတို့နဲ့ မျှဝေခံစားဖြစ်ပါတယ်။ အာစရက်မှာတော့ ကျွန်မမိတ်ဆွေမဟုတ်တဲ့သူတစ်ဦးက ကျွန်မကို Message ပို့ပြီးမိတ်ဆက်လာပါတယ်။ သူက ကျွန်မကို Follower တစ်ယောက်အနေနဲ့ ကျွန်မ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေတာ ၃ နှစ်ရှိပါပြီတဲ့။ ကျွန်မ တော်တော်အံ့သြသွားပါတယ်။ သူ ပြောပြတဲ့ ကျွန်မလှုပ်ရှားမှုတွေက အမှန်တွေချည်းပဲဆိုတော့ စစ်မှန်တဲ့ Follower တစ်ယောက်ဆိုတာ သေချာသွားပါပြီ။ ဒါကြောင့် သူ့ကို စကားပြန်ပြောဖြစ်ခဲ့ပါတယ်။ သူက အိန္ဒိယကလည်းမဟုတ်၊ UAE ကလည်း မဟုတ်။ တူရကီနိုင်ငံကပါ။ လူမှုကွန်ရက်ရဲ့ ကောင်းမှုကြောင့် နိုင်ငံရပ်ခြားက ပရိသတ်များ၊ မိတ်ဆွေများနဲ့ ရင်းနှီးခွင့်ရတယ်ပေါ့။

သူနဲ့ကျွန်မ facebook ပေါ်မှာ အပြန်အလှန် စကားတွေပြောဖြစ်ခဲ့ကြပါတယ်။ တစ်ရက်မှာတော့ သူက ကျွန်မကို လူချင်းတွေ့ချင်တယ်လို့ ပြောပြီး UAE နိုင်ငံရဲ့က ဒုတိုင်းမြို့ကိုလာခဲ့မယ်လို့ဆိုပါတယ်။ အမျိုးသားတစ်ဦးနဲ့ပတ်သက်ရမယ်ဆိုတော့ ကျွန်မတော်တော် စဉ်းစားပါတယ်။ သူကလည်း နိုင်ငံရပ်ခြားကနေလာတွေ့မှာဆိုတော့ တော်ရုံ တန်ရုံ စိတ်ဝင်စားမှုနဲ့တော့ မဖြစ်နိုင်ဘူးပေါ့။

ကျွန်မက လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ အရွယ်လည်းရောက်ပြီဆိုတော့ တစ်ချိန်ချိန်မှာ အိမ်ထောင်ဖက်ကို ရွေးရမှာပါ။ အဲဒီလို ရွေးတဲ့နေရာမှာ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားပြီး ရွေးတာမျိုးကို မနှစ်သက်ဖါဘူး။ တစ်ဘဝလုံး လက်တွဲရမယ့်သူကို တစ်ခါတည်းရွေးပြီး ချစ်သူအဖြစ် သတ်မှတ်ချင်ပါတယ်။ ကျွန်မရွေးတဲ့သူဟာ ကျွန်မ မိဘများလည်း လက်ခံတဲ့သူဖြစ်ရပါမယ်။ မိဘတွေက ကျွန်မကို ယုံကြည်စိတ်ချပြီး နိုင်ငံရပ်ခြားမှာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း အလုပ်လာလုပ်ခွင့် ပေးထားတာကိုအလွဲသုံးစား မလုပ်ချင်ပါဘူး။ ကျွန်မတို့ နှစ်ယောက် ပထမဆုံး အကြိမ်အဖြစ် ဒူဘိုင်းမြို့မှာ တွေ့ဆုံကြပါတယ်။ သူ့ရုပ်ရည်က Face book မှာ ကျွန်မ တွေ့ထား တာထက် ပိုဝိုး ချောပါ တယ်။ နှစ်ယောက်သား တွေ့ကြတော့ စကားလက်ဆုံ ပြောမကုန် ဖြစ်ခဲ့ပြီး ။ သူက ကျွန်မကို သူမိဘ တွေနဲ့ လိုက် တွေ့ဖို့ တူရကီ နိုင်ငံကို ဖိတ်ခေါ် ပါတယ်။ ကျွန်မ လက်ခံနိုင်တဲ့ အရည်အချင်း ရှိသူလည်း ဖြစ်တာကြောင့် သူဖိတ်ခေါ်ချက်ကို လက်ခံပြီး တူရကီနိုင်ငံကို သွားခဲ့ပါတယ်။ သူမိဘများက ကျွန်မကို လိုက်လိုက် လဲလဲ ရှိကြတဲ့အပြင် သမီးတစ်ယောက်လို ချစ်ကြပါတယ်။ ကျွန်မမိဘများကို တူရကီနိုင်ငံသို့ လာရောက် လည်ပတ်ပါလို့လည်း သူတို့က ဖိတ်ခေါ်

အားလပ်ရက် ညှိနှိုင်း ကြပြီးကျွန်မအိမ်တွေ တူရကီ နိုင်ငံကို လာရောက်လည်ပတ် ပြီး သူမိဘတွေနဲ့ တွေ့ဆုံကြ ပါတယ်။ အဲဒီက တစ်ဆင့် ဒူဘိုင်းကို မိသားစု နှစ်စုလုံး သွားရောက်လည်ပတ်ဖို့ အစီ အစဉ်ဆွဲခဲ့ကြပါတယ်။

ဒူဘိုင်းရောက်တော့ သူ မိဘများက ကမ္ဘာပေါ်မှာ အမြင့်ဆုံး အဆောက်အဦဖြစ် တဲ့ Burj Khalifa မျှော်စင်ပေါ် မှာ ကျွန်မတို့ကို ညစာ တည် ခင်းကျွေးမွေးပါတယ်။ သူ က အနောက်တိုင်းဝတ်စုံ အပြည့်အစုံ ဝတ်ဆင်လာပါ တယ်။ ကျွန်မကတော့ အဲဒီ ညက အဖြူရောင်ဝတ်စုံ ဝတ် ဆင်ထားပါတယ်။

စားသောက်နေကြရင်း သူ ကျွန်မအနားက ပျောက် သွားပါတယ်။ အပေါ့အပါး သွားတာပဲလို့ ထင်လိုက်ပါ တယ်။ တော်တော်နဲ့ပြန်ရောက် မလာပါဘူး။ တော်တော်ကြီး ကြာတော့မှ စားသောက်ခန်းဆိုင် မှာ ကျွန်မ အင်မတန်ကြိုက် တဲ့အိန္ဒိယတေးတစ်ပုဒ် ဖွင့်သံ ကြားလိုက်ရပါတယ်။ အဲဒီ သီချင်းရဲ့အဓိပ္ပာယ်ကတော့ "အခုတော့ ကိုယ်ဟာ မင်း တစ်ဦးတည်း ပိုင်ဆိုင်တဲ့သူ ဖါ၊ ကိုယ့်အစ ကိုယ့်အသည်း နှလုံးကို ပိုင်ဆိုင်တဲ့သူက မင်း တစ်ယောက်တည်းပါ" လို့ အဓိပ္ပာယ်ရပါတယ်။ ကျွန်မ အရမ်းအံ့ သြသွားတယ်။ ဒီမျှော်စင်ပေါ်မှာ သီချင်းဖွင့် ခွင့် မရှိပါဘူး။ ဘယ်သူများ ဖွင့်နေပါလိမ့်။ ဖွင့်တဲ့သီချင်း ကလည်း ကျွန်မအကြိုက် ဆုံး သီချင်းဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဇဝေဇဝါဖြစ်ပြီး ပတ်ပတ်လည်ကို မျက်လုံးနဲ့ လိုက်ရှာနေတုန်းမှာ တစ်နေရာက သူ ထွက်လာတယ်။ လာတုန်းက ဝတ်စုံ မဟုတ်တော့ပါဘူး။ တီရှပ်ဝတ်ထားပါတယ်။ တီရှပ်ပေါ်မှာ သူနဲ့ ကျွန်မ နှစ်ယောက်တွဲရိုက်ထားတဲ့ပုံကို ပုံနှိပ်ထားတာပါ။ ဒီပုံရိုက်ခဲ့တာ တော်တော်ကြာသွားပါပြီ။ ကျွန်မဖြင့် မေ့တောင်နေတယ်။ သူကတော့ မှတ်မှတ်ရရ သိမ်းထားတယ်။ ကျွန်မ အံ့သြပြီး သူကို ကြည့်နေတုန်း ကျွန်မအပါးမှာ သူ ဒူးထောက်ချလိုက်ပါတယ်။ အနီးကပ်မြင်လိုက်ရတော့မှ သူ့ရင်ဘတ်ပေါ်မှာ ပုံနှိပ်ထားတဲ့ စာကို ဖတ်လို့ရတယ်။ Will you marry me တဲ့။ ရုပ်ရှင်မင်းသမီးတစ်ယောက်ကို ရုပ်ရှင်ဆန် ဆန် လက်ထပ်ခွင့်တောင်းလိုက်ခြင်းပါပဲ။

ကျွန်မ ဝမ်းသာခြင်းကို ပြောမပြနိုင်အောင်ပါ။ ဒါမှန်သောဝန်ခံခြင်းပါ။ ဒါပေမဲ့ မိဘများရဲ့ သဘောတူညီမှု လိုသေးတာကြောင့် အဖေနဲ့ အမေကို လှမ်းကြည့်လိုက်တဲ့ အခါမှာ သူတို့ကလည်း ခေါင်းညိတ်ပြတာကြောင့် ကျွန်မ သူ့ကို လက်ခံပါတယ်လို့ အဖြေပေးလိုက်ပါတော့တယ်။ သူက ကျွန်မကို စိန်လက်စွပ်တစ်ကွင်း စေ့စပ်ကြေးလမ်းမှအနေနဲ့ ဝတ်ပေးခဲ့ပါတယ်။ အဲဒီညက ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ညပါ။

နှစ်ဖက်မိဘများ ဘုဘိုင်းမှာရှိနေစဉ်အတွင်းမှာပဲ စေ့စပ်ပွဲကို တရားဝင်လုပ်မယ်လို့ စီစဉ်ကြပြီး ဇန်နဝါရီလ ၂၇ ရက်နေ့မှာ စေ့စပ်ကြေးလမ်းပွဲကို သူတို့ဇာတိဖြစ်တဲ့ တူရကီနိုင်ငံ အစ္စတန်ဘူလ်မှာ ကျင်းပခဲ့ပါတယ်။ သူက ဒေါက်တာဘွဲ့ရတဲ့ မြို့ပြ အင်ဂျင်နီယာတစ်ယောက်ပါ။ သူနာမည်က မိုဟာမက်မွတ်စ်တဖာဖြစ်ပါတယ်။ အင်္ဂလိပ်လို ပေါင်းရင်တော့ M.Mostafa ပေါ့။

အခုတော့ ကျွန်မတို့နှစ်ယောက် တရားဝင် စေ့စပ်ကြေးလမ်းပြီးခဲ့ပါပြီ။ မင်္ဂလာပွဲကို သူက ကျင်းပချင်လှပြီ။ ကျွန်မက ၂၀၁၆ ဧပြီလလောက်မှပဲ ကျင်းပရအောင်လို့ ပြောထားပါတယ်။ သူက ကျွန်မရဲ့ ကိုယ်ရံတော်တပ်မှူးလေးဆိုလည်း ဟုတ်၊ ယာဉ်မောင်းဆို ရင်လည်း ဟုတ်၊ ထမင်းချက်ဆိုရင်လည်း ဟုတ်ပါတယ်။ ဘယ်နေရာကိုပဲသွားသွား သူနဲ့ပဲ သွားရပါတယ်။ အချက်အပြုတ်မတတ်တဲ့ ကျွန်မအတွက် သူက အာရပ်ဟင်းလျာမျိုးစုံကို ချက်ကျွေးတတ်ပါတယ်။ ကျွန်မကံကောင်းတယ်လို့ပဲ ပြောရမှာပေါ့။

ကျွန်မက ရုပ်ရှင်မင်းသမီးဆိုတော့ မင်းသားပေါင်းစုံနဲ့ တွဲရပါတယ်။ အဲဒါကိုတော့ သူ သဝန်ကြောင်တတ်ပါတယ်။ သူနဲ့ လက်ထပ်ပြီးရင် ရုပ်ရှင်မရိုက်ရတော့ဘူးလို့ ဆိုတယ်။ ဒါကိုတော့ ကျွန်မ ငြင်းတယ်။ ကျွန်မ ဝါသနာပါတဲ့အလုပ် ကိုတော့ မပိတ်ပင်ပါနဲ့ဆိုတော့ သူက

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယကားတွေကို မရိုက်ပါနဲ့လို့ဆိုတယ်။ မြန်မာရုပ်ရှင်ကားတွေကတော့ အိန္ဒိယကားများလို မင်းသား၊ မင်းသမီး ပွေ့ဖက်နမ်းရှုပ်တဲ့ အခန်းတွေ မပါတာကြောင့် ရိုက်ချင်ရင် ရိုက်ပါလို့ ခွင့်ပြုပါတယ်။

မြန်မာရုပ်ရှင်ကားကို သူ မကြည့်ဖူးသေးပါဘူး။ ကိုပြေတီဦးနဲ့ တွဲပြီး သရုပ်ဆောင်ထားတဲ့ **တိုက်ဆိုင်မှု ရှိလျှင်** ရုပ်ရှင်ကားကို သူ နှမူနာပဲ ကြည့်ရသေးတယ်။ မြန်မာနိုင်ငံကို ဇူလိုင်လ ၂၅ ရက်နေ့မှာ လာလည်ပါမယ်။ ဩဂုတ်လ ၈ ရက်နေ့မှာ ကျွန်မက စင်ကာပူနိုင်ငံကို မြန်မာရုပ်ရှင်ပွဲတော်တက် ရောက်ဖို့ သွားရပါမယ်။ အဲဒီအခါ သူလည်း စင်ကာပူမှာ ရောက်နေဖြီး **တိုက်ဆိုင်မှုရှိလျှင်** ကို အစအဆုံးကြည့်ခွင့် ရပါလိမ့်မယ်။ ကျွန်မက သတ်သတ်၊ သူက သတ်သတ် သွားမှာပါ။ ရုပ်ရှင်ပွဲတော်ပြီးရင်တော့ ကျွန်မတို့နှစ်ယောက် မလေးရှားကို သွားကြဖို့ အစီအစဉ်ရှိပါတယ်။ ဘဝမှာ စိတ်တိုင်းကျ ချစ်သူနဲ့ လက်တွဲခွင့်ရမှာမို့ ကျွန်မဘဝအတွက် ကျေနပ်မိပါတယ်။

သူ ချုပ်ချယ်တာကိုလည်း ချစ်လို့ပဲဆိုတဲ့ အတွေးနဲ့ ကျွန်မ ပျော်နေမိတာအမှန်ပါပဲ။ ကျွန်မ ပျော်နေသလို ကျွန်မကို ချစ်တဲ့ ပရိသတ်များလည်း ပျော်နေမယ်လို့ ယုံကြည်မိပါတယ်။ ❑

ရုပ်ရှင်သရုပ်ဆောင် လိုင်လာခမ်းရဲ့ ပြောကြားချက်များကို ဖြန်လည်ရေးဖွဲ့ခြင်းဖြစ်ပါတယ်။

■

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

ပုဂံမှာ ရိုက်ကူးခဲ့တဲ့ ကျွန်

လင်းနှင်ဦး

ရွှေအပြုံတေ ရုပ်မှတ်လင်း စာအုပ်တိုက် ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com



အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ
ညွှန်ပြန်မာညီညီအောင်က ကနုတ်မေရဲ့ဝတ္ထုကို မင်းခိုက်စိုးစန်နဲ့ ထက်မြက်နိုင်ဇင်တို့
တော်ညွှန်းရေးသားပြီး ပုဝဲဒေသက ရွာခင်းတွေ၊ ဘုရား၊ ပုထိုးတွေနဲ့ သွားရောက်
ရိုက်ကူးပေးထားပါတယ်။ ကျွန်ုပ်ရှင်စာတိုက်ကားမှာ အဓိက သရုပ်ဆောင်များအပြင်

၂၀၁၅ စက်တင်ဘာ ရွှေအမြွေတာ ဂျာနယ်ကွင်း ၃၉

www.burmeseclassic.com



ဇာတ်လမ်းရှာလိုက်တဲ့အခါ ကနုတ်မေဆိုတဲ့ စာရေးဆရာမရဲ့ ဇာတ်လမ်းလေးတစ်ပုဒ် ရထားတယ်။ ဒီဇာတ်လမ်း သဘောမျိုးက အရင်တုန်းကလည်း အရမ်းနာမည်ကြီးခဲ့တဲ့ ကား ရှိပါတယ်။ **အဝယ်ရတနာပါ**။ ဒါမျိုးကို ကျွန်တော်အရမ်းရိုက်ချင်ခဲ့တယ်။ ထုတ်လုပ်သူနဲ့ ဇာတ်လမ်းပြကြည့်တော့ ထုတ်လုပ်သူ ရင်ဘတ်ကိုလည်း ထိတဲ့အတွက် ရိုက်ဖို့ သဘောတူခဲ့ကြတယ်။ ကျွန်တော်နဲ့ မင်းခိုက်စိုးစန့်တို့ ဇာတ်လမ်းကို လေး၊ ငါး ခြောက်ခေါက်လောက်စားပြီး တဲ့အချိန်မှာတော့ ပုဂံကိုထပ်လာတယ်။ ရိုက်ကွင်းတွေ လေ့လာတယ်။ အဲဒီလို ရိုက်ကွင်းတွေလေ့လာတဲ့အခါ ဘာထပ်တွေ့သလဲဆိုတော့ နေကိုးနဲ့ ဝတ်ခွဲရွှေရည်တို့ ကွဲသွားတယ်။ ဘာလို့ကွဲသွားလဲဆိုရင် နေကိုးမိန်းမ (ဝတ်မှုရွှေရည်)က ဘုရားကျွန်မျိုးရိုးဆိုတာကို သိပ်ဖွားလို့ နေကိုးက သူ့အပေါ် စိုးမြတ်နေကိုး၊ မြင့်မြတ်၊ စိုးမြတ် သူဇာ၊ ရဲအောင်၊ ထူးမွန်၊ ဇော်ဦးတို့က သရုပ်ဆောင်ပေးထားပါတယ်။ **ကျွန်မှာ** နေကိုးက ဟိုတယ် လုပ်ငန်းရှင် သူဌေးလေးအဖြစ် သရုပ်ဆောင်ပေးထားပြီး မြင့်မြတ်က ရွေးဟောင်းပစ္စည်းတွေကိုတန်ဖိုးထားတဲ့ စာရေးဆရာအဖြစ်သရုပ်ဆောင်ပေးထားပါတယ်။ ဝတ်မှုရွှေရည်ကတော့ အထူးကုဆရာဝန်ကြီးတစ်ဦးရဲ့သမီး၊ ခရီးသွားကုမ္ပဏီတည်ထောင်ထားတဲ့ လုပ်ငန်းရှင်တစ်ဦးအဖြစ် သရုပ်ဆောင်ပေးထားပါတယ်။

ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်က **ကျွန်** ကို ပုဂံမှာ အဓိကထား ရိုက်ကူးခဲ့ရာမှာ သူ့စိတ်တိုင်းကျ ရွှေခင်းတွေ၊ ဇာတ်နဲ့လိုက်ဖက်မယ့် ပုဂံက စေတီ၊ ပုထိုးတွေမှာ အချိန်ယူ ရိုက်ကူးခဲ့တာ ကြောင့် ရိုက်ကူးရက် လေးရက်လောက် ပိုကြာခဲ့ပြီး ဒီကားကို ရိုက်ကူးမှုပိုင်းရော၊ အနုပညာပိုင်းတွေမှာပါ အားရကျေနပ်မှု ရရှိခဲ့တယ်လို့ ပြောပြခဲ့ပါတယ်။

ကျွန် လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က "အောင်တိုင်းကျော်ကနေ ရုပ်ရှင်ကားတစ်ကား ရိုက်ချင်တယ်ဆိုတော့ ကျွန်တော် ဘာလို့ နေကိုးက သူ့အပေါ် စိုးမြတ်

www.burmeseclassic.com

www.burmeseclassic.com

သူဇာသေရတာ ဝတ်မှုရွေရည်ကြောင့်
လို့စွပ်စွဲပြီး မိန်းမကို နှင်ချလိုက်တယ်။
အဲဒီဇာတ်ဝင်ခန်းကို ရိုက်တဲ့နေရာမှာ
တော့ ကျွန်တော်တို့က ဘုရား အပြို့
အပျက်တွေမှာ ပြိုကွဲတာ၊ ပျက်စီး
တာတွေနဲ့ပတ်သက်တဲ့ စကားလုံး
တွေ သုံးမယ်။ ကျောက်ဂူဥမင်မှာ
ရိုက်ကူးရင်တော့ မြင့်မြတ်နဲ့
ဝတ်မှုရွေရည်တို့က သစ္စာတရားနဲ့
ပတ်သက်တဲ့အကြောင့်တွေပါမယ်။
ပြာသာဒ်ကြီးဘုရားဆိုရင်လည်း
ပြာသာဒ်ကြီးကို ပြဿဒါးဘုရား
လို့လည်း ခေါ်တယ်။ နေတိုးက
ဟိုတယ်ပိုင်ရှင်၊ ဝတ်မှုရွေရည်က
သူငယ်ချင်းတွေနဲ့ စုပြီးတော့
ခရီးသွားလုပ်ငန်းကုမ္ပဏီကို
ထောင်ထားတယ်။ သူရဲ့အဖေ
ဦးဇော်ဦးက အထူးကု
ဆရာဝန်ကြီး။ ခရီးသွား
လုပ်ငန်းနဲ့ ဟိုတယ်ဆိုတာက
လုပ်ငန်းဆက်စပ်နေတယ်။
အဲဒါကြောင့် နေတိုးနဲ့
ဝတ်မှုရွေရည်တို့က
တွေ့ထားကြဖူးတယ်။ ဒါပေမဲ့
နေတိုးဘက်က မပြောရဲခဲ့ဘူး။
တစ်ယောက်နဲ့တစ်ယောက်
တော့ စိတ်ဝင်စားနေကြ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒီအချိန်မှာပဲ ရန်ကုန်ကနေ နေတိုးသူငယ်ချင်း စာရေးဆရာ မြင့်မြတ်က စာရေးဖို့ ရောက်လာတယ်။ အဲဒီမှာ စာရေးဖို့အတွက် မှတ်တမ်းတွေ လိုက်ပြီးပြုစုနေတဲ့ အချိန်မှာ သူ့ရဲ့ကင်မရာမြင်ကွင်းမှာ ကောင်မလေးတစ်ယောက်ကို သွားတွေ့တယ်။ အဲဒါ ဝတ်မှုရွေရည်ပါပဲ။ မြင့်မြတ်က ဝတ်မှုရွေရည်နောက်ကို လိုက်ကြည့်တယ်။ ဒါပေမဲ့ မမီခဲ့ဘူး။ ညကျတော့ နေတိုးက ငါမိတ်ဆက်ပေးစရာရှိတယ်။ ခေါ်လိုက်တဲ့အချိန်မှာ မြင့်မြတ်တွေ့လိုက်ရတဲ့မိန်းကလေးက နေ့လယ်က သူ စိတ်ဝင်စားခဲ့တဲ့ မိန်းကလေး ဖြစ်နေတယ်။ အဲဒီကနေ ချိတ်ပြီးသုံးပွင့်ဆိုင်ဇာတ်လမ်းလေးနဲ့ ကျွန်တော် ရိုက်ကူးပေးထားပါတယ်လို့ ညွှန့်မြန်မာညီညီအောင်က ပြောပြခဲ့ပါတယ်။

ညွှန့်မြန်မာညီညီအောင် ကဆက်လက်ပြီး "ကျွန်တော်က ဒီကားကို နိုင်ငံတကာအထိ ပြချင်တယ်။ အဲဒီလိုပြလိုက်တဲ့အခါ ဒီပုံစံဘုရားတွေက ဘယ်မှာရှိတယ်ဆိုရင် မြန်မာနိုင်ငံမှာ ရှိတယ်။ ကျွန်တော်တို့လုပ်ထားတဲ့ဇာတ်ကလည်း ကိုယ်ပိုင်ဇာတ်လမ်း၊ မြန်မာဆန်တဲ့ဇာတ်ပါ။ ဒါပေမဲ့ ဒီကို ရောက်ပြီးတဲ့ နှစ်ရက်၊ သုံးရက်လောက်အကြာမှာ စိတ်မကောင်းစရာတစ်ခု ကြုံရတယ်။ ကျွန်တော်တို့ ပုဂံမှာ ရိုက်နေတာကို ယဉ်ကျေးမှုမန်ကြီးဌာနက ရိုက်ခွင့်မပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့တားတယ်။ အဲဒီတော့ ကျွန်တော်တို့က ဟိုတယ်မှာ ရိုက်နေပြီ။ ဒါကြောင့် ဦးစင်ရော် မောင်မောင်တို့၊ စိုးမြတ်သူတောတို့ကို အကူအညီ တောင်းရတာပေါ့။ နောက်ကျတော့ ဘာဖြစ်သွားသလဲဆိုတော့ ရိုက်ခွင့်ပေးမယ်၊ ကျွန်ဆိုတဲ့ နာမည်ကို ပြောင်းပေးပါဆိုတော့ ကျွန်တော် စဉ်းစားမိတာက ကျွန်တော်တို့ ရုပ်ရှင်ရိုက်တဲ့နေရာမှာ ဇာတ်လမ်းတင်ရတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ခွင့်ပြုမှ ကျွန်တော်တို့ ရိုက်လို့ရတယ်။ ကျွန် ဆိုတာကိုလည်း ခွင့်ပြုပေးထားတယ်။ ဒါပေမဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက တားတယ်ဆိုတော့ သိပ်မအပ်စပ်ဘူး။ ပုဂံမှာ ရိုက်ကူးတဲ့အခါ တစ်ရက်ကို ၅ သိန်းပေးရမယ်လို့သတ်မှတ်ထားတယ်။ ဒါပေမဲ့ ဘုရားမှာ မရိုက်ဘဲ ဟိုတယ်မှာရိုက်ရင်လည်း၊ ဘယ်မှာရိုက်ရိုက် ၅ သိန်းပဲ။ အဲဒီတော့ ကျွန်တော်တို့က ဟိုတယ်မှာ ရိုက်ရင်လည်း ဟိုတယ်အတွက် ပေးရဦးမယ်ဆိုတော့ ဒါကတော့ မဖြစ်သင့်ဘူး။ ဒါပေမဲ့ အဲဒီလိုကြားတွေကပဲ ကျွန်တော်တို့ အကောင်းဆုံး စိတ်တိုင်းကျရိုက်နိုင်ခဲ့တယ်။ ရိုက်ကူးမှုအပိုင်းရော၊ သရုပ်ဆောင်မှုအပိုင်းရော အားလုံးကျေနပ်ခဲ့ကြရတယ်။ ကျွန်တော်တို့က နိုင်ငံတကာကို သွားပြချင်တဲ့အတွက် သူတို့က ဒါမျိုးကို ပံ့ပိုးမှုတောင် လုပ်ပေးရမယ့်ဟာကို အခုလို တားတာမျိုးကျတော့ မဖြစ်သင့်ဘူးဆိုပြီး ကျွန်တော် ပြောတာပါ' လို့ ရင်ဖွင့်ခဲ့ပါတယ်။

ကျွန်ကို ရိုက်ကူးခဲ့ရတာနဲ့ ပတ်သက်ပြီး စက်မှုပိုင်းရော၊ သရုပ်ဆောင်ပိုင်းရော လိုချင်တာရောက်အောင် ရိုက်ကူးပေးရတဲ့အပိုင်းတွေမှာ ထုတ်လုပ်သူရဲ့ စိတ်ရှည်သည်းခံမှုများကြောင်း ၁၀၀ ရာခိုင်နှုန်း အားရကျေနပ်မှုရခဲ့တယ်လို့ ရုပ်ရှင်အဖွဲ့သားတွေကပြောပြခဲ့ပါတယ်။ ■

လင်းနိုင်ဦး

www.burmeseclassic.com

အာနန်ဒါ၏ Notra

ခင်ဇေးမြင့်

မင်းသမီးဆိုတာ တစ်ခါတုန်းက ပရိသတ် တစ်ယောက်ပါပဲ ဆိုတဲ့ ဒါရိုက်တာ ညီမင်းလွင်က ၂၀၁၅ ဩဂုတ်လ နောက်ဆုံးပတ်မှာ စတင်ရိုက်ကူးတော့မယ့် ANANDA(အနန္ဒ) ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားအတွက် သရုပ်ဆောင်သစ် တစ်ယောက်ကို ရွေးချယ်ခေါ်ယူခဲ့ပါတယ်။ ၂၀၁၅ ဧပြီလထဲမှာ သရုပ်ဆောင်မင်းသမီးတစ်ယောက် အလိုရှိတယ်။ အဲဒီသရုပ်ဆောင်က ANANDA(အနန္ဒ) ဇာတ်ကားထဲက စိတ်ဝင်စားစရာဇာတ်ကောင် Notra အဖြစ် သရုပ်ဆောင်ဖို့ ခေါ်ခဲ့တာပါ။ Notra ဆိုတဲ့ဇာတ်ကောင်နေရာမှာ သရုပ်ဆောင် ရှာမယ့်သူက ခေါင်းတုံး တုံးရမယ်၊ မျက်နှုံးမွေးပါရိုက်ပြီး သရုပ်ဆောင်ရမှာပါ။ Notra ဇာတ်ရုပ်မှာ သရုပ်ဆောင်ဖို့ မိန်းကလေးအတော်များများ လျှောက်ခဲ့ကြပါတယ်။

လေးဆယ်ကျော်လျှောက်ထားခဲ့ပြီး လျှောက်ထားတဲ့သူတွေထဲမှာ နန်းခင်ဇေယျာလည်း ပါဝင်ခဲ့ပါတယ်။

လျှောက်ထားသူ များပြားသလို Notra အဖြစ် သရုပ်ဆောင်မယ့်သူကို ဒါရိုက်တာ ညီမင်းလွင်က သူကိုယ်တိုင်ရွေးချယ်မှု မလုပ်ခဲ့ပါဘူး။ ၂၀၁၅ ဖွန်လထဲမှာပဲ လျှောက်ထားသူများကို ရွေးဖို့ ဖေစ်ဘွတ်ခ်ကနေ နယ်ပယ်အရာက အကဲဖြတ် ၁၀ ဦးကို ရွေးချယ်ခဲ့ပါတယ်။ အကဲဖြတ် ၁၀ ဦးထဲမှာ ဒါရိုက်တာ ညီမင်းလွင်နဲ့ ရင်းနှီးသိကျွမ်းသူအနေနဲ့ အကယ်ဒမီ ထက်ထက်မိုးဦး တစ်ယောက်ပဲပါဝင်ပြီး ကျန် ၉ ဦးကတော့ ဒါရိုက်တာ ညီမင်းလွင်နဲ့အပြင်မှာ တစ်ကြိမ်တစ်ခါမှ တွေ့ဆုံဖူးခြင်း မရှိပါဘူး။ အဲဒီအကဲဖြတ် ၁၀ ဦးက ဖေစ်ဘွတ်ခ်မှာ Notra Casting Directors ဆိုတဲ့ Group လုပ်ထားပြီး ဖေစ်ဘွတ်ခ်ရဲ့ Messanger ကနေ ညစဉ်ညတိုင်း ဒါရိုက်တာ ညီမင်းလွင် ပေးပို့ထားတဲ့ ဇာတ်ပုံများကိုကြည့်ပြီး Notra ဇာတ်ကောင်နဲ့ လိုက်ဖက်မယ့်သူများကို ရွေးချယ်ခဲ့ကြပါတယ်။

နေ့စဉ်ညဆက် ရွေးချယ်ခဲ့ကြပြီး နောက်ဆုံးအဆင့်အနေနဲ့ ၁၀ ဦးကို ရွေးချယ်နိုင် ခဲ့ကြပါတယ်။ ရွေးချယ်ခံရတဲ့ ၁၀ ဦးကိုလည်း တစ်ညကိုတစ်ဦးစီ ဒါရိုက်တာ ညီမင်းလွင်က သူ့ရဲ့ ဖေစ်ဘွတ်ခ်ကနေ ကြေညာပေးခဲ့ပါတယ်။ ဆန်ခါတင်အဖြစ် ရွေးချယ်ခံရတဲ့ ၁၀ ဦးက သက်ထားဝေငြိ၊ လင်းဇင်ကိုး၊ ကြယ်စင်ဆောင်း၊ ယုသီခိုနန္ဒာ၊ နှင်းဦးဇေ၊ ဝင်းသဉ္ဇော်ထွန်း၊ ချစ်ခြွေတ်နိုး၊ Kate Sugar၊ ယမုဝင်းနဲ့ နန်းခင်ဇေယျာတို့ဖြစ်ပါတယ်။ နန်းခင်ဇေယျာကတော့ ခေါင်းတုံးနဲ့ Testing ရိုက်ခဲ့ဖူးပဲ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားစရာရှိတယ်လို့ ပြောပြီး ရွေးချယ်ခံဖို့ကနေ ထွက်သွားခဲ့ပါတယ်။

ဆန်ခါတင် ၉ ဦးကျန်ရစ်ခဲ့ပြီး သူတို့တွေကို အပြင်မှာတွေ့ဆုံပြီး ရွေးချယ်ဖို့ စီစဉ်ခဲ့ပါတယ်။ နောက်ဆုံးအဆင့် ပြိုင်ပွဲအဖြစ် ၂၀၁၅ ဇူလိုင်လ ၂၆ ရက်၊ ညနေ ၃ နာရီက ရန်ကုန်မြို့ ပြည်လမ်း တော်ဝင်စင်တာရှိ 3D ရုပ်ရှင်ရုံမှာ ပြုလုပ်ခဲ့ပါတယ်။ နောက်ဆုံး အဆင့်ရွေးချယ်မှုမှာ အကဲဖြတ် ၁၀ ဦးမှ ၉ ဦးကိုယ်တိုင်က မေးခွန်းများမေးမြန်းတာ၊ အိုက်တင်လုပ်ခိုင်းတာ၊ Talents တစ်ခုလုပ်ခိုင်းတာတွေနဲ့ ရွေးချယ်ခဲ့ကြပါတယ်။ အကဲဖြတ် ၉ ဦး ဆိုတာက တစ်ဦးက မြင်းခြံမှာ နေတာဖြစ်ပြီး ရန်ကုန်လာဖို့ အဆင်မပြေတာကြောင့် လာရောက်ရွေးချယ်နိုင်ခြင်း မရှိတာပါ။ အွန်လိုင်းကနေတော့ သေချာရွေးချယ်ပေးခဲ့သူပါ။

နောက်ဆုံးအဆင့် ရွေးချယ်ပွဲမှာတော့ ပြိုင်ပွဲဝင် ၉ ဦး ရောက်ရှိရမှာဖြစ်ပေမဲ့ ၈ ဦးပဲ ရောက်လာခဲ့ပါတယ်။ ကြယ်စင်ဆောင်းကတော့ ရွေးချယ်ပွဲလုပ်မယ့် မနက်မှာ မှုန်မကောင်းဖြစ်နေတဲ့အတွက် မလာရောက်နိုင်ကြောင်း အကြောင်းကြားခဲ့တယ်လို့ သိရပါတယ်။ နောက်ဆုံး အဆင့် ရွေးချယ်မှုမှာ ပါဝင်တဲ့ ၈ ဦးက အကဲဖြတ်များစီစဉ်ထားတဲ့မေးခွန်း ၉ ခုထဲက ၂ ခုကို မဲနှိုက်ပြီး ဖြေရသလို ပရိသတ်အားလုံး စိတ်ဝင်စားစေမယ့် အပြုအမူ တစ်ခုကို လုပ်ပြရတာမျိုးလည်း ပါဝင်ပါတယ်။ ဒါ့အပြင် ပြိုင်ပွဲဝင် ၈ ဦးက ပရိသတ်ထဲက မေးတဲ့မေးခွန်းကိုလည်း ဖြေရသလို ဒါရိုက်တာ ညိုမင်းလွင်ရဲ့ ANANDA ရိုက်ကွင်းကို Notra အနေနဲ့ သရုပ်ဆောင်ဖို့ရောက်လာရင် ပြောချင်တဲ့စကားက ဘယ်လိုစကားမျိုးဖြစ်မလဲဆိုတဲ့ မေးခွန်းကိုလည်းဖြေကြရပါတယ်။ ဒါ့အပြင် ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ပြေတီဦး၊ နေမင်းတို့ လုပ်စေချင်တဲ့ အိုက်တင်ကို လုပ်ပြီးပြိုင်ကြရပါသေးတယ်။ သူတို့တွေရဲ့ဖြေဆိုနိုင်မှု၊ အိုက်တင်လုပ်နိုင်မှုတွေကိုကြည့်ပြီး အကဲဖြတ်များက အမှတ်ပေးရွေးချယ်ခဲ့ကြပါတယ်။

အကဲဖြတ်ရွေးချယ်မှုမှာ ဒါရိုက်တာ ညိုမင်းလွင်က ပါဝင်ခဲ့ခြင်း မရှိပါဘူး။ သူကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်ကူးမှာဖြစ်ပေမဲ့ ပရိသတ်တွေထဲက ရွေးချယ်ပေးတဲ့ Notra ကို ရချင်တာကြောင့် ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့တာပါ။ အကဲဖြတ်များရဲ့အမှတ်များကို ပေါင်းတဲ့အချိန်မှာလည်း ပါဝင်ခြင်း မရှိပါဘူး။

နောက်ဆုံးပိတ် ကြေညာတဲ့အချိန်မှသာ အမှတ်ပေါင်းပေးတဲ့သူများ ပေးတဲ့ စာရွက်ကို ကြည့်ပြီး ကြေညာခဲ့တာပါ။ Notra အဖြစ် ရွေးချယ်ခံရသူကို မကြေညာခင်မှာသူ့ရဲ့ Facebook Timeline မှာ Only Me အဖြစ် ထားထားတဲ့သူနဲ့ မတူပါစေနဲ့လို့ ဆုတောင်းပါတယ်လို့ ပြောခဲ့ပါတယ်။ Notra အဖြစ် ရွေးချယ်ခံရသူကတော့ သက်ထား

www.burmeseclassic.com

www.burmeseclassic.com

ဝေဇင်ပဲ ဖြစ်ပါတယ်။ ညီမင်းလွင်ရဲ့ Facebook Timeline မှာ Only Me အဖြစ် ထားထား သူကလည်း သက်ထားဝေဇင်ပါပဲ။ ဒါဟာ တိုက်ဆိုင်မှု တစ်ခုဖြစ်ပြီး အကဲဖြတ်များ ရွေးချယ်ချင်သူနဲ့ ညီမင်းလွင် ရွေးချယ်သူတစ်ထပ်တည်း ကျခဲ့တာ ဖြစ်ပါတယ်။

Notra အဖြစ် သရုပ်ဆောင်ဖို့ ရွေးချယ်ခံရတဲ့ သက်ထားဝေဇင်က ဒီဇာတ်ကားရိုက်ချိန်မှာ သံရုံးအလုပ်ကနေထွက်ပြီး ရိုက်ကူးရမှာ ဖြစ်ပါတယ်။ ANANDA (အနန္တ)ရုပ်ရှင်ဇာတ်ကား ရိုက်ကူးချိန်က အနည်းဆုံး ငါးလလောက်ကြာမှာဖြစ်ပြီး Notra အဖြစ် သရုပ်ဆောင်မယ့်သူကလည်း ခေါင်းတုံး တုံး၊ မျက်ခုံးမွေး ရိတ်နဲ့ နှစ်လလောက်တော့ နေရမှာဖြစ်တယ် လို့သိရပါတယ်။ Notra ရွေးချယ်တဲ့နေ့မှာပဲ **ANANDA: RISE OF NOTRA** လို့ ဇာတ်ကားနာမည်ကို တရားဝင် ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ပထမဆုံး ဖြစ်လာမယ့် Sci-Fi ရုပ်ရှင်ကား တစ်ကားဖြစ်တဲ့ **ANANDA: RISE OF NOTRA** ဇာတ်ကားကို ဒါရိုက်တာ ညီမင်းလွင်ရဲ့ ညကျောင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးမှာ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မယ့် သရုပ်ဆောင်များကို မကြာမီ ကြေညာပေးသွားမှာ ဖြစ်ပါတယ်။

■

ခင်လေးမြင့်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရက်ရက်စက်စက်ဖိုး

www.burmeseclassic.com

www.burmeseclassic.com

နေရာမှာ
သူ့ရဲ့အကောင်းဆုံး
ရိုက်ကူးတင်ပြမှုတွေ၊
ခံစားချက်တွေနဲ့
ရိုက်ကူးခဲ့တာဖြစ်ပါတယ်။
ခမ်းခမ်းနားနား
ရိုက်ကူးတတ်တဲ့
မီးပွားက
စိုင်းစည်တွမ်ခမ်းက
ရွှေမုံရတီကို
လက်ထပ်ခွင့်တောင်းမယ့်
ဇာတ်ဝင်ခန်းကို
အကောင်းစားဟိုတယ်မှာ
ညစာလာရောက်
သုံးဆောင်ရင်း
စေ့စပ်လက်စွပ်ပေးတဲ့
ဇာတ်ဝင်ခန်းနဲ့ ရိုက်ကူး
ခဲ့တာဖြစ်ပါတယ်။
ဒါကြောင့်လည်း
ရေပေါ်ဟိုတယ်လို့
လူသိများတဲ့ VINTAGE
LUXURY ဟိုတယ်မှာ
ငွေကုန်ကြေးကျခံပြီး
ရိုက်ကူးခဲ့တာ
ဖြစ်ပါတယ်။ အဲဒီလို
ရိုက်ကူးရာမှာ
ရေပေါ်ဟိုတယ်ရဲ့
ခမ်းနားတဲ့ အပြင်အဆင်
တွေကို မြင်လိုက်ရတဲ့အခါ
ဒါရိုက်တာ မီးပွားက
ခေတ်မီကင်မရာများ
စွမ်းဆောင်မှုများနဲ့
သူစိတ်တိုင်းကျ
ခံစားရိုက်ကူးတာဖြစ်လို့
စက်အဖွဲ့သားများက
မီးပွားတစ်ယောက်
ရက်ရက်စက်စက်မိုး ကို
ရက်ရက်စက်စက်ခံစားပြီး
ရိုက်ကူးနေပါတယ်လို့
ပြောတဲ့အထိဖြစ်ခဲ့ပါတယ်။
ဒါရိုက်တာ မီးပွားက
စိုင်းစည်တွမ်ခမ်းနဲ့
ရွှေမုံရတီနဲ့ ရေပေါ်

www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ကိုဝင်လာတယ်ဆို ရိုက်ခွင့်ရတာဖြစ်ပေမဲ့ စိတ်ကြိုက်
ရင်ပဲ သူတို့နှစ်ယောက် ဝတ် ရိုက်ကူး လိုက်ကြတာ ည
ဆင်ထားတဲ့ အလှဆုံးဝတ်စုံ ၂ နာရီခွဲ ကျော် ၃ နာရီလောက်မှ
တွေနဲ့ လိုက်ဖက်မှုရှိအောင် ပြီးမြောက်ခဲ့တယ်လို့ သိရပါတယ်။
လိုက်တင်ပိုင်းကို ပါးပါးလေး ဒါကြောင့်လည်း **ရက်ရက်**
ပဲထိုးပြီး စားသောက်ခန်းမ **စက်စက်မိုး**ကို ရက်ရက်စက်စက်
ကို တက်လှမ်းလာမယ့် သူတို့ ခံစားပြီး ရိုက်ကူးတာလို့
ရဲ့ရင်ခုန်စိတ် လှုပ်ရှားမှုများ ပြောကြတာ လွန်မယ်မထင်ပါဘူး။
ကို အမိအရ ရိုက်ကူးနိုင်ပြီး **ရက်ရက်စက်စက်မိုး** မှာ
ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံ အခိကသရုပ်ဆောင်
ကနေ ကင်မရာတွေနဲ့ ရိုက် တစ်ယောက်နေရာက
လိုက် ပြန်ကြည့်လိုက်နဲ့ ပြီး သရုပ်ဆောင်ခဲ့တဲ့ ရွှေမုံရတီက
တော့မှ သူတို့နှစ်ဦး လှေကား 'ဒီကားက ရွှေဖူ အများကြီးနဲ့
ပေါ်တက်တော့မယ် ဆိုတဲ့ အခိကလုပ်ရမယ့်ဇာတ် ဖြစ်တယ်။
အချိန်မှာ သူတို့ လျှောက်လှမ်း ဒါကြောင့်မို့လည်း ဦးမိုးပွားက
မယ့် လှေကားကို ပန်းများ ရွှေမုံဝတ်မယ့် ဝတ်စုံတွေအတွက်
ကြဲဖြန့်ပြီး အဲဒီပန်းတွေပေါ် သူလိုချင်တဲ့အရောင်၊
လျှောက်လှမ်းကာ စားသောက် သူလိုချင်တဲ့
ခန်းမထဲရောက်ရှိဖို့ အချိန် ဒီဇိုင်းပုံစံမျိုး
တွေ အကြာကြီးယူပြီး ရိုက် ရဖို့အတွက် ရွှေမုံက
ကူးခဲ့တာ ဖြစ်ပါတယ်။ ဒီဇိုင်နာ

ဇာတ်လမ်းသဘောက မသဲ(VIVID)နဲ့
တော့ ရွှေမုံရတီက နေမင်းကို မထက်တို့
သူ တကယ်ချစ်လို့ လက်ထပ် နှစ်ယောက်ဆီမှာ
ကာဖြစ်ပေမဲ့ မချစ်ချင်ဟန် သူကိုယ်တိုင်
ဆောင်ပြီး သူ ချမ်းသာတဲ့လူ သွားအပ်ပေးတယ်။
တစ်ယောက်နဲ့တွေ့ရင် နောက် **ရက်ရက်စက်စက်မိုး**
ဆုတ်ပေးရမယ်လို့ ကတိ ဝတ္ထုကို ဦးမိုးပွားက
စကား ရှိထားပါတယ်။ သေသေချာချာ
တကယ်လည်း ချမ်းသာတဲ့ ဖတ်ကြည့်ဖို့ ကြိုပြီး
သူနဲ့ တွေ့တဲ့အခါ နေမင်းကို ပေးထားတယ်။
ထားခဲ့ပြီး စိုင်းစည်တွမ်ခမ်း ခဏခဏ ဖတ်ဖို့လည်း
ကို လက်ထပ်ဖို့ စီစဉ်တာ ဖြစ် တိုက်တွန်းတယ်။
ပါတယ်။ နေမင်းကတော့ ရွှေမုံ ဖတ်ကြည့်
သူတို့စေ့စပ်ဖို့လာတဲ့ ဟိုတယ် လိုက်တော့လည်း
က ဝန်ထမ်းတစ်ယောက်ဖြစ် တော်တော်လည်း
နေတဲ့အတွက် ရွှေမုံရတီတို့ မိုက်တယ်။
စုံတွဲနဲ့ နေမင်းရဲ့ တွေ့ဆုံမှုဟာ ဝတ္ထုထွက်တာက
ပရိသတ်တွေအတွက် ခံစား ကြာပြီဖြစ်လို့
ရမယ့် ဇာတ်ဝင်ခန်းဖြစ်လို့ ပရိသတ်တွေလည်း
ခံစားပြီး ရိုက်ကူးလိုက်တာ ဖတ်ပြီးသား ဖြစ်မှာပါ။
ညနေ ၆ နာရီ ကနေ ည ၁၁ ရွှေမုံကိုယ်တိုင်က
နာရီခွဲထိသာ ဟိုတယ်မှာ စာဖတ်ပြီးတဲ့အချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com

အရမ်း သဘောကျတယ်။ ဒါကြောင့် ဦးမီးပွားက ကာရိုက်တာ ဝင်ဖို့ ဝတ္ထုကို ဖတ်ဖတ်ဆိုပြီး ဖုန်းနဲ့ မကြာခဏ လှမ်းလှမ်း ပြောတယ်။ ဒီဇောတ်ကား ဇာတ်အိမ်လည်း ကြီးတယ်။ စုစုစည်းစည်းလည်း ရှိတယ်။ ရွှေမှုံအနေနဲ့ ဒီကားမှာ ဒရာမာရော၊ ဗီလိန်ရော၊ အချစ်ရော မျိုးစုံအောင် လုပ်ရမယ်။ မကြီးစိုး (စိုးမြတ်

ရက်ရက်စက်စက်မိုး ကို ရက်ရက်စက်စက် ခံစားပြီး ရိုက်ကူးတာလို့ ပြောကြတာ လွန်မယ် မထင်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com

ဒီလိန်ဇာတ်ကောင် ဖြစ်သွားတယ်။ တစ်ခါတစ်ခါကျပြန်တော့ သူဘဝက သနားစရာကောင်းတယ်။ အဲဒီလို စိတ်အမျိုးမျိုးတွေနဲ့ ရွှေမှုံသရုပ်ဆောင်ထားရလို့ ပရိသတ်ကြိုက်မှာပါ'လို့ ပြောပြခဲ့ပါတယ်။

■

လင်းနိုင်ဦး

သူဇာ)နဲ့လည်း အပြိုင်လုပ်ရမှာတွေ ပါတယ်။ ကိုနိုင်(နေမင်း)နဲ့ကျတော့ ရွှေမှုံဘက်က ချစ်ပေမဲ့ မချစ်ဘူး ဆိုတဲ့ ကိုယ့်စိတ်ကို ကိုယ်ခိုင်းပြီး စိတ်တွေအများကြီးနဲ့ သရုပ်ဆောင်ရမယ်။ အဲဒီလို အများကြီးလုပ်ရမှာကို ကြိုက်လို့ လက်ခံလိုက်တာပါ။ ဒီကားရဲ့ဇာတ်ဝင်ခန်းတစ်ခုအတွက် ဒီလိုရေပေါ်ဟိုတယ်မှာ ဆော့ပစ်လက်စွပ်လဲတာကို ရိုက်ခွင့်ရတာလည်း အရမ်းသဘောကျတယ်။ ဦးမီးပွား စိတ်တိုင်းကျ ထုတ်လုပ်သူကလည်း ပုံ ပိုးပေးတာပါ။ ဒီဟိုတယ်ရဲ့ ကြီးကျယ်မှု၊ ခမ်းနားမှုတွေနဲ့ ရွှေမှုံဝတ်ထားတဲ့ဝတ်စုံက လိုက်ဖက်တယ်လို့ ထင်တယ်။ ဒါကြောင့်လည်း ရုပ်ရှင်ရုံထဲမှာ ပရိသတ် ကြည့်ရတဲ့အခါ အရမ်းကြွားနေမှာပါ။ ဒီကားက အများကြီးလည်း ကုန်မယ်။ ကုန်ရကျိုးလည်းနပ်မယ်။ ရွှေမှုံရဲ့ အသည်းယားစရာ ကလိ ကလိဖြစ်အောင် သရုပ်ဆောင်ထားမှုတွေကို ပရိသတ်ကြည့်ခွင့်ရမှာပါ။ ရွှေမှုံက အထည်ကြီးပျက်တစ်ယောက်ဖြစ်တော့ အရမ်းချမ်းသာချင်တဲ့စိတ်နဲ့ ဖြစ်ချင်တာကို မရရအောင် ယူတော့



www.burmeseclassic.com

www.burmeseclassic.com

Kim Kardashian နှင့် တွေ့ဆုံခြင်း ရာပြည့်



မေလ နှောင်းပိုင်းရက်တွေမှာ ပင်လယ်ပြင်ထက် မြူတွေ ဆိုင်းနေလေ့ရှိတဲ့ လော့စ်အိန်ဂျလိစ်ရဲ့ May Gray လို့ ခေါ်တဲ့ ရာသီရက်ပိုင်းတွေအတွင်း အေးမြလှတဲ့ နံနက်ခင်းတစ်ရုပ်နဲ့အတူ ပင်လယ်လေထုကို စွန့်ခွာပျက်ပြယ်စပြုနေတဲ့ မြူနှင်းတွေက လော့စ်အိန်ဂျလိစ်မြို့ကို ပိုမိုအေးမြလာစေတဲ့ နံနက်ခြောက်နာရီအချိန်မှာ Kim Kardashian ဟာ အိပ်ရာကနေ နိုးထလာပါတယ်။ နောက်တစ်နာရီလောက်နေတော့ Kardashian က Glam Room လို့ သူကိုယ်တိုင်တင်စားခေါ်ဝေါ်တဲ့ ကျယ်ဝန်းတဲ့အဝတ်လဲခန်းထဲကို ဦးတည်ပြီးသွားနေပါပြီ။ Glam Room ဆိုတာက ဆံကေသာအလှပြင်ဆိုင်လို့ အဓိပ္ပာယ်ရပေမဲ့ Kardashian က သူ့အခန်းကိုတင်စားခေါ်ဝေါ်တာပဲ ဖြစ်ပါတယ်။

နံနက်ခင်း ခြောက်နာရီဆိုတဲ့အချိန်ဟာ တော်တော်လေးစောနေသေးတဲ့အချိန်ဖြစ်ပေမဲ့ မိတ်ကပ်ပညာရှင်နဲ့ ဆံကေသာအလှဖန်တီးရှင်တို့က အခန်းထဲမှာ အဆင်သင့်ရောက်ရှိနေကြပါပြီ။ အရေအတွက်အားဖြင့် ရာနဲ့ချီပြီးရှိတဲ့ ဘရပ်ရှ်အငယ်စားတွေ၊ ပါးနီဘူးမျိုးစုံနဲ့ အရွယ်စုံဘီးတွေကို အသင့်ပြင်ထားရင်း Kim Kardashian ရောက်လာမှာကို ကြိုတင်စောင့်ဆိုင်းနေကြတာပါ။

မိတ်ကပ်တွေ အထပ်ထပ်လိမ်းနေချိန်မှာ Kim Kardashian က သူ့ထိုင်ခုံပေါ်မယ် သက်သောင့်သက်သာ ထိုင်နေတတ်ပါတယ်။ Kim Kardashian က မိတ်ကပ်အလိမ်းခံရတာကို မြတ်နိုးတတ်သူပါ။ မိတ်ကပ်အလိမ်းခံနေရင်းကနေ ခင်ပွန်းသည် Kanye West နဲ့ ၂ နှစ်အရွယ် သမီးငယ် North တို့ နိုးထလာမှာကိုလည်း ကလေးထိန်းရုပ်/သံဖန်သားပြင်ကနေ လှမ်းလှမ်းကြည့်နေပါသေးတယ်။ West ကလည်း သူ့အနားမှာ နောက်ထပ်ကလေးထိန်းရုပ်/သံတစ်လုံး သီးသန့်ထားရှိပြီး Kim Kardashian အနားမှာ သမီးလေး North သွားမွေ့နေရင် မြင်ရအောင်လို့ စီစဉ်ထားပါသေးတယ်။ မနက်ကိုးနာရီဆိုရင် Santa Monica မှာ ကျင်းပမယ့် အစည်းအဝေးကို Kim Kardashian သွားရမှာပါ။ သူက အချိန်နောက်ကျတာကို မုန်းတယ်လေ။

Kim Kardashian ရဲ့မနက်ခင်းဟာ ပျင်းရိငြီးငွေ့စရာဖြစ်နေတယ်ဆိုပေမဲ့ ဒီလိုလုပ်ကိုင်ရင်းနဲ့ပဲ ချောမောပေမဲ့ လော့စ်အိန်ဂျလိစ်ရဲ့သာမန်မိန်းကလေး တစ်ယောက် ဘဝကနေ ကမ္ဘာ့ထိပ်တန်းပေါ်ပါအကျော်အမော်တွေ၊ နာမည်ကြီးအမှတ်တံဆိပ်တွေ အကြားမှာ ကိုယ့်ကိုယ်ကို အသွင်ပြောင်းကာ ရွေ့ရောင်တောက်ပတဲ့ Kardashian ဖြစ်လာခဲ့ရတာပါ။ ဘယ်မီဒီယာကိုပဲ ကြည့်လိုက်ကြည့်လိုက် Kim Kardashain

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက တော့ ပါနေတာပါပဲ။ E! ရုပ်/သံရဲ့ Keeping Up With the Kardashian ရုပ်/သံအစီအစဉ်ကနေ ဖက်ရှင်မဂ္ဂဇင်းစာမျက်နှာတွေအထိ ဘယ်နေရာမှာပဲဖြစ်ဖြစ် Kardashian ကို မြင်တွေ့နေရမှာပါ။ Keeping Up With the Kardashian ရုပ်/သံအစီအစဉ်ဟာ နိုင်ငံပေါင်း ၁၆၀ မှာ ဆယ်နှစ်ဆယ်မိုးတင်ဆက်ပြသခဲ့ရတဲ့ ရုပ်/သံအစီအစဉ်တစ်ရပ်ဖြစ်တဲ့အပြင် ရုပ်/သံအစီအစဉ်နဲ့ ဆက်နွယ်ပြီး ထုတ်လုပ်ထားတဲ့ လက်ကိုင်ဖုန်းဂိမ်းကလည်း အင်တာနက်ကနေ ကူးယူမှု အကြိမ်ပေါင်း ၃၃ သန်း လောက်ရှိတဲ့အထိ အောင်မြင်ခဲ့ပါတယ်။

ခြေချင်းဝတ်အထိ ရှည်လျားတဲ့ အဓိမ်းရင့်ရောင်ဝတ်စုံ ဆင်မြန်းထားပြီး သဲရောင်ကြိုးတပ် ကွင်းထိုးဖိနပ်စီးနင်းကာ သစ်ခေါက်ဒီဇိုင်းနဲ့ Celine အမှတ်တံဆိပ် ပိုက်ဆံအိတ်ကိုင်ဆောင်ထားပြီး အစည်းအဝေးခန်းမကို အချိန်ကိုက် ရောက်အောင် သွားနေတဲ့ Kardashian ဟာ ဓာတ်ပုံတစ်ပုံအလား ထင်မှတ်မှား လောက်အောင် ပြောင်မြောက်တဲ့လက်ရာနဲ့ ရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ်လို အလှတွေ ကြွယ်နေပါတော့တယ်။ ဆိုလိုချင်တာက ရုပ်/သံဖန်သားပြင်ပေါ်မှာ မြင်ရတဲ့ Kardashian က အစည်းအဝေးခန်းမထဲမှာ မြင်ရတဲ့ Kardashian ထက် ပိုပြီးသဘာဝဆန်တယ်လို့ ပြောချင်တာပါ။

မြင်းတစ်ကောင်ရဲ့ လည်ဆံမွေးလို ထူထဲပြီး မီးတောင်ကျောက်လို နက်မှောင်တဲ့ ဆံကေသာရှင် Kardashian ဟာ သူယောင်မယ်တောထဲက လွတ်မြောက်လာတဲ့ ဂရိပုံပြင်ထဲက နတ်ဖုရားမတစ်ပါးပါပဲ။ တဖျပ်ဖျပ်ခတ်နေတဲ့ မျက်တောင်ကော့ကြီးတွေအပြင် သေးသွယ်ကြော့ရှင်းတဲ့ လက်သည်းခြေသည်းတွေမှာလည်း သက်တံရောင်စုံကျောက်တစ်လုံးရဲ့ အရောင်အသွေးလိုမျိုးနဲ့ စွေးစွေးနီတဲ့ အနီရောင်ကို ခြယ်သထားပါသေးတယ်။

ဒါပေမဲ့ အဲဒီအလှတွေထက်ပိုပြီး အဓိကကျတာကတော့ သူ့ရဲ့ခန္ဓာကိုယ်အလှပါ။ ထူးခြားလှပတဲ့ခန္ဓာကိုယ်အချိုးအစားကို ပိုင်ဆိုင်ထားသူ Kardashian က သူ့ရဲ့ခန္ဓာကိုယ်ကောက်ကြောင်းတွေပေါ်လွင်စေမဲ့ ကိုယ်ကျပ်အဝတ်အစားတွေကိုသာ ဝတ်လေ့ရှိတာကြောင့် Kardashian ရဲ့အလှအပမှာ ယစ်မူးသွားတဲ့ အမေရိကန်ပြည်သူတွေဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ဝင်ငွေမညီမျှမှုနဲ့ ISIS အကြမ်းဖက်အစွန်းရောက်အဖွဲ့ရဲ့အန္တရာယ် စတဲ့ ပြဿနာတွေကိုတောင် တဒင်္ဂမေ့လျော့သွားစေနိုင်လောက်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ Kardashian က အစည်းအဝေးစားပွဲမှာ ဝင်ထိုင်မယ့်ဟန်ပြင်ရင်းနဲ့ အားလုံးကို နှုတ်ဆက်စကား ဆိုလိုက်ပါတယ်။ 'ကျွန်မတို့ရဲ့ Website အသစ် အတွေ့အကြုံတွေကို အတူတူတင်ပြလာတဲ့ ကျွန်မရဲ့အဖွဲ့သားအားလုံး မင်္ဂလာနံနက်ခင်းပါ။ Website လို့ ခေါ်လို့ရမလားတော့ မသိဘူး။ ဒီလိုခေါ်လိုက်လို့ မလေးမစားရာများ ကျသွားမလား' လို့ Kardashian က နှုတ်ခွန်းဆက်လိုက်တာပါ။ Whalerock Industries က Website ပုံစံအခြေခံပြီး အမှာစာနဲ့ ဝယ်ယူရတဲ့ မဂ္ဂဇင်းလိုမျိုး Oprah ပုံစံနဲ့ ဖန်တီးပေးထားတဲ့ အင်တာနက်ကနေ တိုက်ရိုက်ထုတ်လွှင့်ဝန်ဆောင်မှုအစီအစဉ်တစ်ရပ်ကို Kardashian အတွက် ဖန်တီးပေးထားတာကို ဆိုလိုတာပါ။ ဒစ်ဂျစ်တယ်နည်းပညာနဲ့ဖန်တီးထားတဲ့ Kardashian ရဲ့ကမ္ဘာလေးလို့လည်း ဆိုနိုင်ပါတယ်။ Kardashian ရဲ့ Glam Room ထဲကနေ ပရိသတ်တွေနဲ့ တိုက်ရိုက်စကားလက်ဆုံပြောကာ မိတ်ကပ်လိမ်းခြယ်ပုံသင်ခန်းစာတွေ ပို့ချပေးတဲ့အပြင် သူ့စိတ်ကြိုက် အဝတ်အစားတွေကိုလည်း ပြသပေးတဲ့ အင်တာနက်ဝန်ဆောင်မှုအစီအစဉ် ဖြစ်ပါတယ်။

ကိုယ့်ရဲ့အလှအပကို ကိုယ်တိုင်စုံမက်တတ်တာ Kardashian ရဲ့ဝါဒမဟုတ်ပါဘူး။ ကိုယ်ကလွဲလို့ ဘာမှ မတည်ရှိဘူးဆိုတဲ့ လောကကြီးထဲမှာ ရှင်သန်နေထိုင်တဲ့ အတွက်ဝါဒဟာ ကိုယ့်အလှအပကို ကိုယ်တိုင်စုံမက်တတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com

Narcissism လို့ခေါ်တဲ့ဝါဒမျိုးပါ။ ဒီဇနေ့မှာ ဒီအချက်က အခရာ ကျပါတယ်။ အရင်တုန်းကတော့ Kardashian က သူ ဘဝကို အဲဒီလိုနည်းနဲ့ သွားခဲ့တာပါ။ သူဘဝက နာမည်ကျော်ဟာသမင်းသား Jim Carey ရဲ့ The Truman Show ဇာတ်ကားထဲက ဘဝလိုပါပဲ။

အစည်းအဝေးတက်လာသူတွေက ဂရုပ်ဖစ်ဒီဇိုင်နာတစ်ယောက် ရေးဆွဲတင်ပြလာတဲ့ Kim-ojis အကြောင်း ပြောဖြစ်ပါတယ် (Android လက်ကိုင်ဖုန်းတွေမှာ ခံစားမှုပြရုပ်ပုံလေးတွေနဲ့ ဖန်တီးထားတဲ့ Emoji Smart Key Board လက်ကွက်လိုမျိုး Kim-ojis ဆိုပြီး ဒီဇိုင်နာက ဖန်တီးလာတာပါ။)။ 'ဘယ်လက်ကိုင်ဖုန်းမှာမှ မရှိသေးတဲ့ တကယ့်ကို ပျော်စရာကောင်းတဲ့ Emoji လက်ကွက်ကီးဘုတ်အသစ်တွေကို လုပ်ပြချင်တာ' လို့ Kardashian က ပြောရင်း 'ဒီဒီဒိုင်းကို ဒီဇိုင်နာ Kanye West က အတည်ပြုပေးပြီးပြီလား' လို့ မေးလိုက်ပါတယ်။

လက်ထဲက ဘောပင်ကို ဝှေ့ယမ်းရင်း emoji စာရင်းရှည်ကြီးကို သေသေချာချာ လေ့လာနေတဲ့ Kardashian က သူ မကြိုက်တာတွေကို ဘောပင်နဲ့ ခြစ်ပစ်လိုက်ပါတယ်။ 'Speedo ပုံက ကျွန်မအတွက် ဘာအဓိပ္ပာယ်မှ မရှိဘူး။ ဒစ္စကိုဘောလုံး နားဆွဲပုံစံကလည်း အတူတူပဲ' လို့ Kardashian က ဆိုပါသေးတယ်။ တခြား Kardashian အမျိုးသမီးတွေရဲ့ ပုံစံ emoji တွေကို တွေ့တဲ့အခါမှာတော့ ဘောပင်နဲ့ ဆွဲမခြစ်ခင်မှာ 'ကျွန်မမိသားစုဝင်တွေရဲ့ပုံတွေ ပါတာ မလိုချင်ဘူး' လို့ ဆိုလိုက်ပါတယ်။ 'သူတို့အားလုံးက တစ်ခုတည်းကိုပဲ လိုချင်ကြတာ' လို့ ပြောရင်း သူ့အလုပ်ကို ဆက်လုပ်နေပါတယ်။ 'ခါးအလှလေ့ကျင့်ပေးတဲ့ နည်းပြပုံကိုတော့ ကြိုက်တယ်။ ပြီးတော့ Kylie နှုတ်ခမ်းလည်း ကြိုက်တယ်။ Furkini (ခင်ပွန်းသည် Kanye West ပုံစံထုတ်ဖန်တီးပေးတဲ့ ဘီကီနီရေကူးဝတ်စုံပါ။)ပုံစံလည်း ကြိုက်တယ်။ ချစ်စရာလေးပဲ။ ယန်းရောင်ဝတ်စုံလေးက' လို့ ဆိုပြန်ပါတယ်။ နောက်ထပ် emoji ပုံတစ်ခုကို တွေ့ရာမှာတော့ Kardashian က ပြုံးရယ်ရင်း 'အိုး... ကိုယ်ဝန်ဆောင်ဗိုက်ပုံပါလား။ ဒီပုံမျိုးကို ကိုယ်တိုင်မတွေးမိတာ။ ယုံတောင် မယုံနိုင်ဘူး' လို့ ဆိုလာပါတယ်။

Kardashian ဟာ စာအုပ်ကြီးသမားတစ်ယောက် ဖြစ်လာနိုင်တာ မဟုတ်ပေမဲ့ လက်တွေ့ကျတဲ့ဗဟုသုတတွေ များပြားလှတဲ့အပြင် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားသူလည်းဖြစ်ပါတယ်။ အဲဒီအချက် နှစ်ချက်စလုံးက ဒီကနေ့ခေတ်ကာလမှာ အင်မတန် တန်ဖိုးရှိတဲ့ အချက်တွေလည်း ဖြစ်ပါတယ်။ ရုပ်/သံ ဖန်သားပြင်ပေါ်မှာ သူ့ရဲ့ပုံရိပ်နဲ့လက်တွေ့ဘဝက ပုံရိပ်တို့ ကွာခြားမှုကို မေးတဲ့အခါမှာ တစ်ထောရာတည်း တူညီတယ်လို့လည်း Kardashian က ဆိုပါတယ်။

'ရုပ်ရှင် ရိုက်ကူးနေတဲ့အခါနဲ့ ကိုယ့်အိမ်မှာ မိသားစုနဲ့အတူ သက်သောင့်သက်သာ နေနေရတဲ့အခါတွေလောက် သက်သောင့်သက်သာ နေရတာမျိုး မရှိပါဘူး။ ဒါပေမဲ့ ကျွန်မ





www.burmeseclassic.com

www.burmeseclassic.com

အတွက်တော့ ဒို့ထက်မက ပိုတာတွေ ရှိပါတယ်။ ကျွန်မဟာ ရုပ်/သံမှာ ပုံဖော်ထားတဲ့ ကျွန်မရဲ့ပုံရိပ်ထက်ပိုပြီး တော့ စမတ်ကျတယ်လို့ပဲ ယုံကြည်ပါတယ်'

Kardashian မိသားစုဝင်တွေဟာ ၂၀၁၅ ခုနှစ်ထဲမှာ အမေရိကရဲ့ စိတ်ဝင်စားစရာအကောင်းဆုံးဇာတ်လမ်းတွေ ပေးလာလိမ့်မယ်လို့ ဘယ်သူက ကြိုတင်သိမြင်ခဲ့မှာလဲ။ ဒါပေမဲ့ ယဉ်ကျေးမှုကိုးပေါက်တဲ့ ရွှေထောင့်က ကြည့်မယ်ဆိုရင် တစ်ခါတစ်ရံမှာ Kardashian ရဲ့ သွယ်လျလှပတဲ့ပေါင်တံတွေက တစ်နိုင်ငံလုံးကို လွှမ်းမိုးထားသလိုပါပဲ။ Kardashian ဟာ နိုင်ငံရပ်ခြားကနေ အမေရိကကို ပြောင်းရွှေ့အခြေစိုက်ခဲ့သူ မိဘနှစ်ပါးက မွေးဖွားလာခဲ့ပြီး ကမ္ဘာပေါ်မှာ အကျော်ကြားဆုံး အာမေးနီးယန်း-အမေရိကန်ဖြစ်လာတဲ့ သမီးကောင်းတစ်ယောက်ပါ။ သူက လူမျိုးခြားနဲ့ ပေါင်းဖက်တာကို ဦးဆောင်လမ်းပြခဲ့သူလည်း ဖြစ်ပါတယ်။ လူမျိုးတစ်မျိုးနဲ့တစ်မျိုးအကြားမှာ စည်းနှောင်ဘောင်ခတ်ထားတာတွေကို ဂီတလောကမှာသာမက ဥရောပရဲ့ဖက်ရှင်နဲ့ ဒီဇိုင်းကလပ်တွေပါ တွန်းထိုးဖယ်ရှားပစ်ခဲ့တဲ့ အသားမည်းရက်ပါအဆို တော်တစ်ယောက်နဲ့လက်ထပ်ခဲ့တဲ့ ကော့ကေးရှန်းအန္တယဝင်အမျိုးသမီးလည်း ဖြစ်ပါတယ်။ ခင်ပွန်းသည်ရဲ့တီထွင်ဖန်တီးမှုတွေကို စေ့ဆော်တွန်းအားပေးတတ်သူလည်း ဖြစ်သလို အလုပ်လုပ်တဲ့ မိခင်ကောင်းတစ်ယောက်လည်းဖြစ်ပါတယ်။ အမျိုးသမီးဝါဒကို လက်ခံအားပေးသူလည်းဖြစ်ပြီး ကမ္ဘာပေါ်မှာ အကျော်ကြားဆုံး လိင်ပြောင်းအမျိုးသမီးဖြစ်တဲ့ Bruce Jenner တစ်ဖြစ်လဲ Caitlyn Jenner ရဲ့မယားပါသမီးလည်း ဖြစ်ပါတယ် (အဲဒီအတွေးကို သူကို ပြောပြတော့ Kardashian က 'သူကိုယ်သူ အဲဒီလို အမြင်နဲ့ ကြည့်လေ့မရှိပေမဲ့ သူခင်ပွန်းသည်ကတော့ ကြည့်လိမ့်မယ်' လို့ ဆိုပါတယ်။)။

Kardashian ဟာ တစ်ချိန်တည်းမှာပဲ သာမန်ထက် ထူးခြားတဲ့လူသားတစ်ယောက်လည်း ဖြစ်ပါတယ်။ စာဖတ်သူကိုယ်တိုင်ရော Kardashian မိတ်ကပ်ဘယ်လိုလိမ်းတယ်ဆိုတာကို မသိချင်ဘူးလား။ ပြီးတော့ ဝေဖန်ရေးဆရာ Jerry Saltz ပြောတဲ့ ထူးခြားဆန်းကြယ်မှုအသစ် ဒါမှမဟုတ် လူသားယောင်ဆောင်ထားတဲ့ စက်ရုပ်တစ်ရုပ်နဲ့လူသား တစ်ယောက်အကြားက ခြားနားထားတဲ့ စည်းမျဉ်းကို မှေးမှိန်မှုန်ဝါးသွားစေမယ့် အနုပညာအကြောင်း မသိချင်ဘူးလား။ Kardashian ရဲ့ဗီဒီယိုဂိမ်းထဲမှာ သူ့ရဲ့ အဝတ်အစားတွေ လဲပေး၊ ဆံပင်ပုံစံပြောင်းပေးနိုင်ရုံ သာမက မျက်လုံးအရောင်နဲ့ အသားအရေအရောင်တို့ကိုလည်း ပြောင်းလဲပေးနိုင်ပါတယ်။ တွေ့ဆုံမေးမြန်းခန်းအတွက် သူနဲ့ ဆုံတွေ့ခဲ့ရတဲ့ အကြိမ်ပေါင်းများစွာမှာလည်း သူရဲ့အသားအရေအရောင်က အပူပိုင်းဒေသ အညိုရောင်ရင့်ရင့်ကနေ ကယ်လီဖိုးနီးယားပြည်နယ် Palm Springs ဒေသထွက် ဟူးရည်အရောင်၊ ပြီးတော့ မနက်ခင်းမှာ သောက်ကြလေ့ရှိတဲ့ ပဲနို့အရောင်စတဲ့ အရောင်အမျိုးမျိုးနဲ့ တွေ့ခဲ့ရတယ်။ သူ့အသားအရေအရောင်က လိမ်းခြယ်တဲ့မိတ်ကပ်နဲ့ ကြေးညိုရောင်အသားအရေမွှေတ်ဆေးတို့အပေါ် မူတည်ပါတယ်။ နာမည်ကျော်နည်းပညာကျွမ်းကျင်လစ်တစ်ယောက်လည်း ဖြစ်၊ သတင်း Website ရဲ့အယ်ဒီတာတစ်ဦးလည်းဖြစ်တဲ့ Kara Swisher က 'Kim အကြောင်းတစ်စုံတစ်ရာက ဒစ်ဂျစ်တယ်ခေတ်မှာ မွေးဖွားလာတဲ့သူတွေကို အရမ်းကို ဆွဲဆောင်နိုင်တယ်' လို့ ပြောကြားခဲ့ပါတယ်။ Kardashian ကိုယ်တိုင်ကလည်း အဲဒီလိုသဘောမျိုးဆောင်တဲ့ ပြောကြားမှုတွေ ရှိခဲ့ပါတယ်။ 'အားလပ်ရက်အပန်းဖြေခရီးထွက်တဲ့အခါ ကမ်းခြေမှာ တစ်ချိန်လုံး နေမနေတတ်ဘဲ တခြားအချိန်တွေမှာ ရေကူးကန်နံဘေးမှာပဲ လဲလျောင်းနေတတ်ပါတယ်' လို့ သူက ဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေအလင်းရောင်က အခြေတမ်းလုံလောက်နေတတ်တာမဟုတ်လို့ တစ်ယောက်ယောက်ကများ သူ့ကို ဓာတ်ပုံရိုက်လိုက်မယ်ဆိုရင် သူ့စိတ်ကြိုက်ပုံ ထွက်မလာမှာ စိုးလို့ပါ။ မိုင်ယာမီမှာဆိုရင် မနက်ခြောက်နာရီလောက် အိပ်ရာက ထ၊ ပင်လယ်ထဲ ရေဆင်းကူးပြီး နေမတက်ခင် မနက် ၇ နာရီလောက်မှာ ရိုက်တဲ့ဓာတ်ပုံတွေဆိုရင် အမြဲတမ်းလှနေတာပဲ' လို့

www.burmeseclassic.com

www.burmeseclassic.com

လည်း သူက ဆိုပါတယ်။

Kardashian ရဲ့ဆွဲဆောင်အားကို ထူးထူးခြားခြားဖြစ်စေတဲ့ တခြားအကြောင်းအရာက ဘာတွေဖြစ်နိုင်မလဲ၊ ဒီအချက်နဲ့ ပတ်သက်ပြီး စာရေးသူရဲ့ အတွေးကို ပြောပြခဲ့ပါတယ်။ အိမ်တွင်းရေးအဆင်မပြေတဲ့ မိသားစုတွေများတဲ့ ဒီနိုင်ငံမှာ Kardashianမိသားစုရဲ့ အချင်းချင်းဆက်သွယ်နားလည်မှုက အရမ်းကို ကောင်းလွန်းနေတာကြောင့် မို့လို့ပဲလို့ စာရေးသူက ပြောပြခဲ့တာပါ။ မှန်ပါတယ်။ ကျွန်မအမြင်မှာတော့ ရုပ်/သံအစီအစဉ်ရဲ့ မျှော်မှန်းချက်ပြင်းပြမှုကလည်း တကယ်ကြီးကျယ်တဲ့အချက်ပါ။ တိုက်ခန်းကျဉ်းကျဉ်းလေးထဲကနေ ကျွန်မ စတင်လှုပ်ရှားခဲ့ပြီး အခုဆို ဒီလိုကျယ်ဝန်းတဲ့ နေအိမ်အခန်းကြီးထဲကို ရောက်နေပြီလေ။ Kardashian မိသားစုဝင်တွေရဲ့ မျှော်လင့်ချက်တွေ၊ ပြင်းပြတဲ့ဆန္ဒတွေကို ဘယ်သူမှ ရှာလို့မတွေ့နိုင်ရတာက သူ ဘယ်တုန်းကမှ ထည့်ပြီး မစဉ်းစားတဲ့ ရိုးရှင်းတဲ့အရာတစ်ခုမို့လို့ပါပဲ။ ဘဝရဲ့အရေးပါတဲ့အချက်နဲ့ ပတ်သက်လို့တော့ သူက အတိုက်အခံမပြောပါဘူး။ ဘဝဆိုတာ ပျော်ပျော်နေဖို့နဲ့ ပိုက်ဆံရှာနိုင်ဖို့ပဲ။ သူက အဲဒီနှစ်ခုစလုံးကို လုပ်နိုင်တာလေ။

ဇုန်တ်မင်းကြီးက ကမ္ဘာမြေပြင်ပေါ်ကို စေလွှတ်လိုက်တဲ့ Pandoraနတ်ဖုရားမရဲ့လက်ထဲက မကောင်းမှုတွေပြည့်နေတဲ့ သေတ္တာကို ဖွင့်လိုက်သလို အနှစ်သာရကင်းမဲ့တဲ့ စီးပွားရေးလုပ်ငန်းကြော်ငြာတွေကြောင့် သူနောက်ကျောကို ဓားနဲ့ထိုးမယ့် သူကိုမုန်းတီးသူတွေရဲ့ အသံတွေကိုရော သူ ကြားပါ့မလား။ သူက သူ့အကြောင်း ရေးသားထားတာတွေကို ဘယ်တော့မှ ဖတ်တာမဟုတ်ဘူး။ သတင်းစာစောင်လည်း မဖတ်ဘူး။ Google ပေါ်မှာလည်း မဖတ်ဘူး။ ဘာဆိုဘာမှကို မဖတ်တာ။ ဘယ်လိုပဲဖြစ်ပေမဲ့ မန်ဟက်တန်အရပ်က အမေရိကရဲ့အကြီးဆုံးစာအုပ်အရောင်းဆိုင်ဖြစ်တဲ့ Barnes & Noble မှာ **Selfish**

www.burmeseclassic.com

www.burmeseclassic.com

အမည်ရစာအုပ်စတင်ရောင်းချမှု အမှတ်တရလက်မှတ်ရေးထိုးပေးတဲ့ မေလအတွင်းက နေ့ရက်တစ်ရက်မှာတော့ သူဆီကို အမုန်းတရားတွေ ဆိုက်ရောက်လာခဲ့ပါတယ်။ **Selfish** ဆိုတဲ့စာအုပ်က လွန်ခဲ့တဲ့ ၈ နှစ်လောက်ကတည်းက သူကိုယ်သူ Selfie ဓာတ်ပုံရိုက်ထားတာတွေကို စုစည်းထုတ်ဝေတဲ့စာအုပ်ပါ။ နယူးယောက်မြို့လယ် မန်ဟက်တန် အရပ်က Barnes & Noble စာအုပ်ဆိုင်ထဲမှာ သူဆီက အမှတ်တရလက်မှတ်ရယူလိုတဲ့ ပရိသတ် ၃၀၀ လောက်ဝန်းရံပြီး ထိုင်နေတုန်းမှာ ပရိသတ်တချို့က သူတို့ရဲ့ Selfie ဘုရင်မနဲ့တွဲပြီး Selfie ဓာတ်ပုံရိုက်ချင်တယ် ဆိုလာကြတယ်။ နည်းစနစ်တကျ Selfie ရိုက်နည်းကို စတင်ခဲ့သူလို့ ဆိုကြတဲ့ Kardashian ကို Instagram အမှူဆောင်အရာရှိချုပ် Kevin Systrom ကတောင် ချီးကျူးခဲ့ရပြီး "Kim သာ အသုံးမပြုခဲ့ ဘူးဆိုရင် Instagram ဟာ လက်ရှိလူအများ စိတ်ဝင်စားစရာတစ်ခု ဖြစ်လာမှာ မဟုတ်ဘူး" လို့ ဆိုခဲ့တာဖြစ်ပါတယ်။

လက်မှတ်ထိုးပွဲနေ့မှာတော့ အစောပိုင်းက Selfie တွဲရိုက်ခွင့်မပေးဘဲ သက်တော်စောင့်တစ်ယောက်ရဲ့ ကြီးကြပ်မှုနဲ့ ပရိသတ်တွေကို သူ့ရှေ့ရောက်ပြီးတာနဲ့ဆက်ပြီး နေရာရွှေ့ပြောင်းစေခဲ့ပါတယ်။ ဆယ်ကျော်သက်ကလေးတွေရဲ့ စိတ်ပျက်သွားတဲ့ မျက်လုံးအစုံတွေကို ကြည့်လိုက်မိပြီးနောက်မှာတော့ Kardashian က သူ့ရဲ့အမိန့်ကို ပြန်ပြောင်းချမှတ်လိုက်ပါတယ်။ "မြန်မြန်လုပ်မယ်ဆိုရင် Selfie ပေးရိုက်မယ်" လို့ဆိုရင်း "စာအုပ်ကလည်း အဲဒီ Selfie အကြောင်းပဲလေ" လို့ သူက ပြတ်ပြတ်သားသား ပြောလာပါတယ်။ အလှည့်ကျ တန်းစီဝန်းရံနေတဲ့ ပရိသတ်တွေက Kardashian ကိုကြည့်ပြီး "ဘားဘီရုပ်လေးကျနေတာပဲနော်" တို့၊ "မင်းဟာ ငါ့သမီးတွေရဲ့ စံပြမိန်းကလေးတစ်ယောက်ပါပဲ" တို့၊ "ဒီလောက်ချစ်စရာကောင်းတဲ့သူကို မုန်းတဲ့လူတွေ သွားသေလိုက်ပါလား" တို့ စတဲ့စကားတွေ အမျိုးမျိုး လွှတ်ခနဲ ပြောမိနေကြပါတော့တယ်။ Kardashian ကို အားလုံးက နှုတ်ခွန်းဆက်ပါတယ်လို့ အဓိပ္ပာယ်ရတဲ့ ALL HAIL KKW စာတန်းပါ ပန်းရောင်တောက်တောက် အင်္ကျီတွေ ဝတ်ဆင်ထားတဲ့ မိန်းကလေးတစ်သိုက်က အမှတ်တရလက်မှတ်ရေးထိုးပွဲဆီလာဖို့ရာ ကျောင်းဖျက်ပြီး လာခဲ့ရကြောင်းပြောကြတဲ့အခါ Kardashian က "အို...မဟုတ်တာကွယ်၊ မင်းတို့ကို ဒုက္ခမဖြစ်စေချင်ပါဘူး" လို့ သူက ပြောလိုက်ပါတယ်။

Kardashian ရဲ့ရှေ့မြင်ကွင်းမှာပဲ ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင် ကျနေရတဲ့ မိန်းမလျာတချို့က မျက်ရည်အမြန်ပြန်သိမ်းပြီး Selfie ပုံကောင်းကောင်း ရိုက်ဖို့ ပြင်ဆင်နေပါတယ်။ ပရိသတ်တွေထဲမှာ ဘွားဘွားအရွယ် သက်ကြီးရွယ်အိုတွေလည်း ပါဝင်သလို အမှတ်တရလက်မှတ်ရေးထိုးပွဲနဲ့ စပ်ဟပ်လို့မရတဲ့ အမျိုးသားကြီးတွေကိုလည်း တွေ့ရပါတယ်။ အဲဒီထဲက ဒါဇင်ဝက်လောက်က တက်တူးတွေထိုး၊ နားဆွဲတွေ ပန်ထားတဲ့ တိရစ္ဆာန်အခွင့်အရေးလှုပ်ရှားသူတွေပဲ ဖြစ်ပါတယ်။ သူတို့က Kardashian ရှိရာအခန်းတစ်ဖက်အဆုံးကို မရောက်မချင်း တန်းစီစောင့်ဆိုင်းနေပြီး ရှေ့ကို ရောက်တာနဲ့ တိုက်ခိုက်ပြောကြားမယ့်သူတွေပါ။ "သားမွေးကုတ်အင်္ကျီတစ်ထည်အတွက် တိရစ္ဆာန်အကောင် ငါးဆယ် အရေခွံတ်ခံရတယ်။ မင်း ကလေးတွေကို အဲဒီလို ဝတ်ပေးမှာလား" လို့ ဒေါသတကြီးနဲ့ ပြောကြားနေကြတယ်။ "ရှက်စရာပဲ။ မင်းဟာ ဒီကမ္ဘာပေါ်မှာ ရွံစရာအကောင်းဆုံး လူသားပဲ" လို့လည်း Kardashian ကို ရည်ရွယ်အော်ဟစ်နေကြပါတယ်။

Kardashian ရဲ့မျက်နှာက တင်းခဲနဲ့ ဖြစ်သွားတယ်။ နှုတ်ခမ်းများက မဲ့ပြုံးနဲ့။ ဒီနေ့ဟာ သူ့အတွက် အထူးနေ့တစ်နေ့ပါ။ ဒါကို သူတို့ဖျက်ဆီးပစ်လို့ မရပါဘူး။ သူက ဒီလိုဖျက်ဆီးဖို့ ခွင့်ပြုမယ် မဟုတ်ပါဘူး။ သက်တော်စောင့်က ဒေါသဖြစ်နေတဲ့ တိရစ္ဆာန်အခွင့်အရေးလှုပ်ရှားသူတွေကို ဖယ်ရှားလိုက်ပြီးတဲ့နောက် အခြေအနေက ပုံမှန်ပြန်ဖြစ်သွားပါတယ်။ တခြားမိန်းကလေး ပရိသတ်တစ်ယောက်ကတော့ ဘုရားရှိခိုးဝတ်ပြုရင်း "ကျွန်မကို ထင်ရှားကျော်ကြားအောင် လွှမ်းမိုးနိုင်ခဲ့ပါတယ်" လို့ ဆိုလာပါတယ်။ သူတို့နှစ်ယောက်က Selfie ဓာတ်ပုံရိုက်လိုက်ပြီးတဲ့နောက် Kardashian က "မင်းတို့ကို ချစ်တယ်" လို့ ပြောလိုက်ပါတယ်။

တိရစ္ဆာန်အခွင့်အရေးလှုပ်ရှားသူတွေက Barnes & Noble စာအုပ်တိုက်အပြင်ဘက်ကနေ Kardashian ကို စောင့်နေကြသေးတာ။ ဒါပေမဲ့ Kardashian က သူတို့ထက် လည်တာပေါ့။ သူ့ကားကို စာအုပ်တိုက်အရှေ့ပေါက်ဘက်က နေ စောင့်ခိုင်းထားလိုက်ပြီး သူက ဘေးပေါက်ကနေ ထွက်သွားလိုက်တယ်။ ဒီနေ့ Santa Monica မှာတွေ့တော့ သူနောက်ကနေ ဘယ်သူမှ လိုက်လာတာ မရှိဘူး။ ဓာတ်ပုံသတင်းသမားတွေတောင် မရှိဘူး။ "ဘယ်သူမှ နောက်ကနေ တကောက်ကောက်လိုက်မနေတဲ့ နေ့ရက်တွေကို သဘောကျတယ်" လို့ Kardashian က ပြောရင်း အနက်ရောင် SUV ကားကြီးပေါ် လှမ်းတက်ကာ နေ့လယ်စာစားဖို့အတွက် Hillstone စားသောက်ဆိုင်ဘက်ကို မောင်းထွက်သွားပါတယ်။ Kardashian နဲ့စကားပြောရတာက ပျော်စရာလည်း ကောင်းပါတယ်။ စာရေးသူတို့ ပထမဆုံးအကြိမ်စတွေ့တော့ စာရေးသူတို့နှစ်ယောက်စလုံးက ခွေးတွေကို မနှစ်သက်တဲ့အကြောင်း၊ ဘယ်လိုခွေးအမျိုးအစားတွေကို မနှစ်သက်ဘူးဆိုတဲ့အကြောင်း မိနစ်နှစ်ဆယ်လောက် ကြာအောင် ပြောဖြစ်ခဲ့တယ်။ "ကျွန်မက ကိုယ့်အိတ်ထဲမှာ ခွေးတစ်ကောင် ထည့်ခေါ်လာတတ်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူး" လို့လည်း သူက ပြောပါတယ်။ တခြားအချိန်တွေမှာတော့ သူက နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com

သမားတစ်ယောက်လိုပါပဲ။ မေးတဲ့မေးခွန်းကို မဖြေဘဲ သူ ဖြေချင်ရာတွေကိုသာ ဖြေသွားတတ်သူပါ။

Hillstone စားသောက်ဆိုင်မှာ Kardashian မှာကြားတဲ့ နေ့လယ်စာက အတန်အသင့်ပါပဲ။ ဟင်းသီးဟင်းရွက်တစ်ခွက်၊ Remoulade အချဉ်၊ အာလူးချောင်းကြော်နဲ့ ဟင်းသီးဟင်းရွက်သာပါတဲ့ ဘာဂါတစ်ခုပဲ မှာတာပါ။ ခန္ဓာကိုယ်အလေးချိန်က ဂရုစိုက်ရမယ့် ပြဿနာတစ်ရပ်ပဲလေ။ Kardashian က မှာကြားထားတာတွေရဲ့တစ်ဝက်လောက်ကိုပဲ စားတာပါ။ စားတော့လည်း တကယ့်ကို ပြည့်ဝတဲ့ စားပွဲဝိုင်းယဉ်ကျေးမှုအပြည့်နဲ့ သပ်သပ်ရပ်ရပ် စားတာဖြစ်ပါတယ်။ ပေါင်ပေါ်က လက်သုတ်ပဝါစကို ဖြေတာကအစ စားသောက်ပြီးလို့ လက်သုတ်ပဝါစကို ပြန်ခေါက်သိမ်းတဲ့အထိ စားပွဲဝိုင်းယဉ်ကျေးမှုကို တစ်ချက်ကလေးမှ မလစ်ဟင်းစေခဲ့ပါဘူး။

ခဏနေတော့ Kardashian က သူ့ရဲ့ငယ်ဘဝကြီးပြင်းခဲ့ရပုံတွေ ပြောပြပါတယ်။ ဖခင်ဖြစ်သူ Robert က စည်းကမ်းကြီးသူတစ်ယောက်ပါ။ မိခင်ဖြစ်တဲ့ Kris က ကယ်လီဖိုးနီးယားဇာတိသူဖြစ်ပြီး Robert နဲ့ မော်တော်ကားပြိုင်ကွင်းတစ်ခုမှာ တွေ့ခဲ့ကြတာပါ။ Kris က အပျော်ကြိုက်တတ်တယ်ဆိုပေမဲ့ သူ့ရဲ့သားသမီးတွေကို အကာအကွယ်ပေးဖို့ဆိုရင် ဘာမဆို လုပ်မယ့်သူပါ။ Khloe, Kourtney, Rob နဲ့ Kim တို့မောင်နှမ လေးယောက်အတွက် မိခင်ကောင်းတစ်ယောက်ပါ။ Robert Kardashian ရဲ့မိသားစုဟာ ၂၀ ရာစုအစောပိုင်းလောက်ကတည်းက ကယ်လီဖိုးနီးယားပြည်နယ်ကို အာမေးနီးယားနိုင်ငံကနေ ပြောင်းရွှေ့ရောက်ရှိအခြေစိုက်ခဲ့တာ ဖြစ်ပါတယ်။ အသားထုပ်ပိုးတဲ့လုပ်ငန်းတစ်ခုမှာ ဝင်လုပ်ပြီး သူတို့ရဲ့အာမေးနီးယန်းအိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားကြတာပေါ့။ မိသားစုလုပ်ငန်းကနေ အပြင်ဘက်ထွက်လာတဲ့ Robert ဟာ အောင်မြင်မှုရလာခဲ့ပြီးနောက် Radio & Records လို့ အမည်ပေးထားတဲ့ ဂီတထုတ်လုပ်ရေးလုပ်ငန်းတစ်ရပ်ကို ထူထောင်ခဲ့ပါတယ်။ အဲဒီကနေ ရုပ်ရှင်ရုံတွေမှာ ဇာတ်ကားစမပြခင် ဖွင့်ပြလို့ရတဲ့ သီချင်းတွေ ဗီဒီယိုတွေကို ရောင်းချတဲ့အလုပ်လုပ်ခဲ့ပါတယ်။

'ဂီတဟာ ကျွန်မတို့တွေရဲ့ဘဝမှာ အမြဲတမ်းပဲ လွှမ်းမိုးနေခဲ့တဲ့ အရာဖြစ်တယ်' လို့ Kardashian က ဆိုပါတယ်။ 'ကလေးအရွယ်မှာကတည်းက ရက်သတ္တပတ်အားလပ်ရက်တိုင်းမှာ Michael Jackson ဂီတပွဲလိုမျိုး ဂီတပွဲတွေမှာ ကျွန်မတို့ ရောက်နေပြီ။ ကျွန်မ ပထမဆုံး စကြည့်ဖူးခဲ့ရတဲ့ ဂီတဖျော်ဖြေပွဲက Earth,Wind and Fire ဂီတအဖွဲ့ရဲ့ပွဲဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်မ တော်တော်ငယ်သေးတာ။ ကိုယ့်ထိုင်ခုံနေရာဆီ လျှောက်သွားနေတုန်း ရုံမီးတွေပိတ်ချလိုက်တော့ အရမ်းကို ကြောက်သွားခဲ့ရတာ' လို့လည်း သူက ပြောပြပါတယ်။ နာမည်ကျော်မန်နေဂျာတစ်ယောက်ဖြစ်တဲ့ Irving Azoff ဆိုရင် ဦးလေးအရင်းတစ်ယောက်လို ရင်းနှီးတာလို့လည်း သူက ပြောပြပါတယ်။ နာမည်ကျော်အဆိုတော် Christina Aguilera, The Eagles ဂီတအဖွဲ့၊ အဆိုတော် Van Halen, Thirty Seconds to Mars ဂီတအဖွဲ့စတာတွေရဲ့ မန်နေဂျာအဖြစ် ဆောင်ရွက်ပေးခဲ့သူ Azoff က အရွယ်မရောက်သေးတဲ့ Kim ဟာ တောက်မယ့်မီးခဲ တရဲရဲဆိုတာလို၊ ကြီးကျယ်တဲ့အရာတွေ ဖန်တီးဖို့ ကံကောတာပါလာတဲ့ ရှားမီးခဲလေးဖြစ်ပြီး အမြဲတမ်းလည်း ထူးချွန်တဲ့ စီးပွားရေးလုပ်ငန်းရှင်မလေး ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ 'တစ်ခါတုန်းက သူ့ရဲ့ဘေလုံးအသင်းကို နည်းပြလုပ်ပေးခဲ့ဖူးပါတယ်။ ငယ်ငယ်ပဲ ရှိသေးတဲ့ Kim က 'ဂိုးသမားနေရာက မကစားချင်ဘူး။ ဒါပေမဲ့ ဒေါ်လာ ၁၀၀ ပေးရင်တော့ ဂိုးဖမ်းပေးမယ်' လို့ ပြောလာခဲ့တာ။ သူ့ကို ဒေါ်လာတစ်ရာ တကယ်ပေးချင်လာအောင် လုပ်နိုင်ခဲ့တာ' လို့လည်း Azoff က ပြောပြပါတယ်။

မြီးကောင်ပေါက် အရွယ်ရောက်တော့ Kardashian က Smokey Robinson နဲ့ Stevie Wonder တို့လို အဆိုတော်တွေကို ကြိုက်လာတယ်။ Mary J.Blige နဲ့ Jodeci တို့ရဲ့ သီချင်းတွေကိုလည်း အိပ်ခန်းထဲက ဇာတ်စက်မှာ ဖွင့်တတ်လာတယ်။ 'CD ထဲက သီချင်းတွေကို ရောသမမွှေတဲ့အလုပ်ကို အခုထိ လုပ်တုန်းပဲ' လို့ သူက ဆိုပါတယ်။ 'ကျွန်မမှာ CD Drive ပါတဲ့ ကွန်ပျူတာအဟောင်းလေးတစ်လုံးရှိတော့ ကိုယ်တိုင်လုပ်လို့ရတယ်လေ' လို့ ဆိုပါတယ်။ အထက်တန်းကျောင်းမှာတုန်းက Kardashian ဟာ NSync ဂီတအဖွဲ့နဲ့ Backstreet Boys အဖွဲ့တွေကို အရမ်းကို စွဲလမ်းနှစ်သက်ခဲ့တာပါ။ အဲဒီအပြင် Snoop, Dre နဲ့ Ice Cube တို့ရဲ့သီချင်းတွေကိုလည်း နားထောင်တတ်ပါသေးတယ်။ ရက်ပ်ဗီဒီယိုသီချင်းတွေထဲမှာ သရုပ်ဆောင်ရတဲ့မိန်းကလေးတစ်ယောက်ဖြစ်ချင်ခဲ့သေးတာလားလို့ မေးတော့ သူက မဖြစ်ချင်ခဲ့ဘူးလို့ ဖြေပါတယ်။ 'ကျွန်မဖေဖေရုံးမှာ အလုပ်လုပ်ကြတဲ့ သူတွေက 'သူ့အသက် ၁၈ နှစ်ပြည့်တဲ့အထိ မစောင့်နိုင်ဘူး။ ချိန်းတွေ့ချင်လှပြီ' လို့ ပြောကြမှာပေါ့။ အဲဒီလိုဆို ကျွန်မကလည်း 'ဘာအခွင့်အရေးမှမရှိဘူး၊ နားလိုက်' လို့ ပြန်ပြောမိမှာ။ ကျွန်မက ရည်းစားတစ်ယောက်တော့ အမြဲရှိတာ။ ရည်းစားထားရတာကို သဘောကျတာလေ' လို့ Kardashian က ပြန်ပြောပြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

■

ရာပြည့်

Ref:American Woman by Vanessa Grigoriadis, Photograph by Terry Richardson, Rolling Stone Magazine.

www.burmeseclassic.com

www.burmeseclassic.com

ဟိမဝန္တာဒေသများသို့...(၌ဂုံ)

မမတ္တာဦး

ဧပြီလိုင်လ ၉ ရက်နေ့ မနက်မှာ ရာသီဥတုကလည်း ကောင်းနေတာမို့ ကျွန်မတို့ ခရီးသွားပြီး ဈေးဝယ်ဖို့ စိတ်အားထက်သန်ခဲ့ကြပါရဲ့။ ဒီနေ့သည် ၁၁ နာရီ ၃၅ မိနစ်ထွက်မယ့် လေယာဉ်နဲ့ ကျွန်မတို့ မလေးရှားကို သွားကြရမယ့်နေ့ပါပဲ။ မနက်စာစားပြီးတာနဲ့ ကတ္တမန္ဒူဒါဘာရင်ပြင် (Kathmandu Durbar Square) ကို ထွက်ခဲ့ကြပါတယ်။ ကတ္တမန္ဒူမြို့လယ်မှာ ရှိပြီး ဟာနုမန် နန်းတော်နေရာလို လူသိများတဲ့နေရာပေါ့။ ရှေးခေတ် နန်းတော်ဟောင်းတွေ၊ ဟိန္ဒူနတ်ဘုရားနဲ့ နတ်ဖုရားမ အဆောင်တွေ အများအပြားတွေ့နိုင်တဲ့ နေရာပါပဲ။ အဆောက်အဦ အများအပြားက ၁၅-၁၈ ရာစုတွေမှာ တည်ဆောက်ထားခဲ့ပါတယ်။ ကမ္ဘာ့အမွေအနှစ် (World Heritage-UNESCO) စာရင်းဝင်နေရာတစ်ခုပေါ့။ ၂၀၁၅ ခုနှစ် မြေငလျင်မှာ ဒီရင်ပြင်က အဆောက်အဦတွေလည်း ပျက်စီးခဲ့ပါတယ်။ ကတ္တမန္ဒူ ဒါဘာရင်ပြင် ပတ်ပတ်လည်မှာတော့ ရှေးဟောင်း နီဝါရီ (Newari) လက်မှုပညာရှင်များရဲ့ လက်ရာကောင်းတွေကို ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



မြေငလျင်ဒဏ် မခံရမီအချိန်က နန်းတော်ရှေ့

မြင်ရနိုင်တဲ့ နေရာပါပဲ။

ကျွန်မတို့ ကတ္တမန္တု ဒါဘာရင်ပြင်ရှိရာကို ကားရပ်ထားတဲ့ နေရာကနေ စျေးကို ဖြတ်ပြီး သွားခဲ့ကြရတာပါ။ ပန်းစျေးကို ဖြတ်ခဲ့ရစဉ်က ပန်းရနံ့ တကြိုင်ကြိုင်နဲ့ ပန်းအလှတွေကို ကြည့်ခဲ့ရပေမဲ့ ငါးစျေးဘက်ရောက်တော့ အညီနံ့တွေနဲ့ပေါ့။ စျေးကလည်း မြန်မာနိုင်ငံက စျေးတွေနဲ့ အလွန်တူပါတယ်။ မိုးရွာထားလို့ စျေးရုံထဲမှာ ရေတွေက ရွှဲနေတာ ချော်လဲမသွားအောင် အလွန်သတိထားပြီး လျှောက်ခဲ့ကြရပါရဲ့။

ကျွန်မတို့ ပထမဆုံး အဲဒီရင်ပြင်ရဲ့ တောင်ဘက်အစွန်းမှာရှိတဲ့ ကုမာရီအိမ်သို့မဟုတ် ကုမာရီနန်း (Kumari House) ကို သွားခဲ့ကြရပါတယ်။ ကုမာရီနန်းလို့ ခေါ်ရင် ပိုသင့်တော်မယ်ထင်ပါရဲ့။ ရှေးဟောင်း ဒဏ္ဍာရီအရ ဟိန္ဒူနတ်ဖုရားမယ်တော် ဒါရ်ဂါ (Durga)က လူငယ်မိန်းကလေးတွေမှာ ဝင်စားလေ့ရှိသတဲ့။ နတ်ဖုရားမ ဝင်စားတဲ့ မိန်းကလေးငယ်နေတဲ့ နတ်နန်းကို ကုမာရီ (မြန်မာအသံထွက် ကုမ္မာရီနဲ့ ခပ်ဆင်ဆင်ပေါ့)အိမ်လို့

မြေလျှင်ထော် ခံရပြီးနောက် ပျက်စီးနေတဲ့ နန်းတော်ရှေ့

www.burmeseclassic.com

www.burmeseclassic.com

မြေငလျင်ဒဏ် မခံရမီအချိန်က
ကတ္ထမန္ဒုဒါဘာရင်ပြင်

မြေငလျင်ဒဏ် ခံရပြီးနောက်
ကတ္ထမန္ဒုဒါဘာရင်ပြင်

စက်တင်ဘာလမှာတော့ ကူမာရီကို သုံးထပ်ရထားပေါ်တင်ပြီး ကတ္ထမန္ဒုမြို့ဟောင်းမှာ သုံးရက်ကြာ လှည့်လည်တဲ့ပွဲ လုပ်သတဲ့။ ကူမာရီကို နှတ်တစ်ပါးလို ဝတ်ဆင်ထားပြီး ကိုးကွယ်သူတွေရဲ့ ပူဇော်ပွဲကို ကတ္ထမန္ဒု ဒါဘာရင်ပြင်မှာ ကျင်းပတာလေ။ အဲဒီပွဲတော်အချိန်မှာ ကူမာရီက ဘုရင်နဲ့တွေ့ဆုံပြီး ဆုမွန်ကောင်း တောင်းပေးသတဲ့။ အဲဒီအစဉ်အလာက ၁၇၆၈ ခုနှစ် သျှားမင်းဆက်တွေ လက်ထက်ကတည်းက ကျင်းပခဲ့တဲ့ အစဉ်အလာတစ်ခုပေါ့။

ကူမာရီက ပြတင်းပေါက်ဖွင့်ပြီး မျက်နှာပြတာကိုတော့ နေ့စဉ် တစ်နေ့တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ရှိသတဲ့။ ကျွန်မတို့ရဲ့ ဧည့်လမ်းညွှန်ကတော့ ကူမာရီ အိမ်ဝင်းအတွင်းက ဥယျာဉ်ဝင်းအတွင်းမှာ ကျွန်မတို့ကို ဆောင့်ဆိုင်းစေခဲ့တာလေ။ ကျွန်မက တွေ့ရတာ အရေးမကြီးကြောင်း၊ အချိန်ကုန်ကြောင်း ပြောပေမဲ့ မရခဲ့ပါဘူး၊ ကြည့်ဖြစ်အောင် ခေါပါတယ်။ ကူမာရီကို ကိုးကွယ်တဲ့ ဂိုဏ်းကလည်း နိဝါရီ လူမျိုးစုမှာ အမြစ်တွယ်ဆဲပေါ့။ ကူမာရီကို ရွေးတာလည်း စိတ်ဝင်စားစရာပါ။ မေးခွန်းများစွာ ဖြေဆိုခဲ့ရရုံမက ကောင်းခြင်း သုံးဆယ့်နှစ်ဖြာနဲ့လည်း ပြည့်စုံရမှာတဲ့။ အသက် ၄ နှစ်က ၇ နှစ်အရွယ် မိန်းကလေးတွေကို ရွေးခဲ့ပြီး မကောင်းဆိုးဝါး မျက်နှာဖုံးတပ်သူတွေက အော်ဟစ်ကခုန်တဲ့ အသံကိုရော၊ ကျဲကြီးရဲ့ ခေါင်းက ဝေ့ယမ်းပြီး ဦးတည်လာပြီး ဦးစိုက်တာကိုရော မကြောက်တဲ့ မိန်းကလေးကို ကူမာရီအဖြစ် ရွေးချယ်ကြပါတယ်။ နောက်ဆုံးအဆင့်နဲ့ကတော့ ဒလိုင်းလားမား ရွေးသလိုပါပဲ၊ ယခင် ကူမာရီဝတ်ခဲ့တဲ့ အသုံးအဆောင်နဲ့ အဝတ်အစားတွေကို ရွေးခဲ့ရတော့တာပါ။

မြေငလျင်ဒဏ်ကြောင့်
ရှေ့တိုင်လုံး ပြိုပြီး ဖြင်ရတဲ့
ယာဂါနတ်သ်ဘုရားကျောင်း

ရှေ့တိုင်လုံး မပြိုခင်
ယာဂါနတ်သ်ဘုရားကျောင်း

ကူမာရီအဖြစ် အရွေးခံရသူတွေ အဲဒီနတ်နန်းမှာနေပြီး သူရဲ့ အခြေအရံ အားလုံးကို နတ်နန်းထိန်းသိမ်းရေးအဖွဲ့က တာဝန်ယူပါတယ်။ နတ်နန်းရဲ့အဆောက်အဦက နှစ်ထပ်ဖြစ်ပေမဲ့ ပြတင်းပေါက်တွေ၊ တံခါးပေါင်တွေ၊ တိုင်လုံးတွေမှာတော့ သစ်ထွင်းပန်းပုလက်ရာတွေက လက်ဖျားခါအောင် ကောင်းလှတာပါ။ ကူမာရီ ဓမ္မတာဝင် လာရင်ဖြစ်စေ၊ ထိရှခိုက်မိရင်ဖြစ်စေ ကူမာရီ ရာထူးက ဖယ်ရှားခံရသတဲ့။ ကူမာရီဖြစ်ခဲ့သူကို လက်ထပ်ခဲ့သူကလည်း အလွန် ကံဆိုးတဲ့သူ ဖြစ်မယ်လို့ ယုံကြည်ကြခဲ့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ဖို့ မရမကကို တိုက်တွန်းခဲ့တော့တာပါပဲ။ ကျွန်မလည်း နှတ်နှန်းတစ်ခုလုံး ဓာတ်ပုံရိုက်လို့ရတဲ့ နေရာမှန်သမျှကို ရိုက်ခဲ့တော့တာပါ။ ပြတင်းပေါက်တစ်ခုပွင့်လာပြီး မျက်နှာမှာ မိတ်ကပ်တွေ အများကြီးနဲ့ ကူမာရီ လာရပ်တာကို တချို့က ကန်တော့ကြ၊ အလှူငွေပေးကြန့်ပေါ့။ ကျွန်မကတော့ ကန်တော့တာရော၊ အလှူငွေထည့်တာရော မလုပ်ခဲ့ပါဘူး။ ခရီးသွား အတွေ့အကြုံတစ်ခုလို့သာ သတ်မှတ်ခဲ့ပါတော့တယ်။

ကူမာရီနှတ်နှန်းနဲ့ မျက်နှာချင်းဆိုင်မှာ အနီရောင်နဲ့ ခဲ့ခဲ့ညားညားဖြစ်နေတဲ့ ကျောင်းကတော့ တြာလိုကြာမိုဟန် (Trailokya Mohan) ဘုရားကျောင်းကြီးပါ။ ဗစ်ရှ်နျူးနတ်ကို ကိုးကွယ်ထားတဲ့ ဘုရားကျောင်းဖြစ်ပြီး ၁၆၈၀ ပြည့်နှစ်မှာ တည်ဆောက်ထားခဲ့သတဲ့။ အောက်ခြေကိုတော့ အုတ်အနီနဲ့ ပြုလုပ်ထားပြီး အောက်ခြေကလည်း မြင့်ပါတယ်။ အပေါ်ဘက်မှာတော့ အထပ်သုံးထပ်ဖြစ်နေပြီး ဘုရားကျောင်း အရှေ့ဘက်မှာ ကျောက်ထွင်း ဂဠုန်ရုပ်တုကြီးက အလွန် လက်ရာမြောက် ခမ်းနားပါတယ်။ ဗစ်ရှ်နျူးနတ်ဘုရား စီးနင်းရတဲ့ ဂဠုန်တဲ့။ ကျွန်မတို့ တက်မကြည့်ခဲ့တော့ပါဘူး။ အပြင်ဘက်ကနေပဲ ဓာတ်ပုံတွေ ရိုက်ခဲ့တာပါ။

ကျွန်မတို့ ဆက်လက်ပြီး အဲဒီရင်ပြင်က အထင်ကရ နေရာတစ်ခုဖြစ်တဲ့ ကက်စ်သာမဲန်ဒပ် (Kasthamandap) ဘုရားကျောင်းဘက်ကို သွားခဲ့ပါတယ်။ ဘုရားကျောင်း ပတ်ပတ်လည်မှာ ဟင်းသီးဟင်းရွက်နဲ့ ပန်းတွေကို ဈေးဆိုင်ငယ်လေးတွေက ဖျာလေး၊ အဝတ်ဟောင်းလေး၊ ဗန်းလေးတွေခင်းပြီး ရောင်းချနေတာလေ။ သစ်တစ်ပင်တည်းကနေ ထွင်းထားတဲ့ အိုးသုံးဆင့်နဲ့ နှစ်ထပ် အဆောက်အဦပေါ့။ တစ်နှစ်တစ်ကြိမ် ဘုရားကျောင်း ကျင်းပရာနေရာဖြစ်သတဲ့။ ကျွန်မကတော့ ဓရပ်ကြီး တစ်ဆောင်လို့သာ မြင်ခဲ့ရပါရဲ့။ အတွင်းဘက်မှာတော့ ဝိုရခ်နတ်သံရုပ်တု

ကျောက်ထွင်းနဂဏဘုရားရုပ်တုနှင့်အတူ

ကူမာရီနှတ်နှန်း၏ နှတ်ဆရာ အခန်းဝ

ကူမာရီနှတ်နန်းဆောင်တ

ကူမာရီနှတ်နန်းဆောင်တွင်းဘက်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

နန်းတော်ဟောင်းရဲ့ ပြတိုက် အဝင်အဝ



နန်းတော်ဟောင်းပြတိုက်

ရှိပါတယ်။ ၁၆ ရာစု အစပိုင်းမှာ မာလာမင်းတစ်ပါးက တည်ခဲ့သတဲ့။ မြေငလျင်ဒဏ်ကြောင့် လုံးဝ ပျက်စီးသွားခဲ့ရပါပြီ။ ဒီရင်ပြင်မှာ ရှေးအကျဆုံး ဘုရားကျောင်းပါ။

အဲဒီဘုရားကျောင်းကနေ သိပ်မဝေးတဲ့ နေရာမှာတော့ နီယိုကလပ်စစ် (Neo Classic) ဗိသုကာပုံစံနဲ့ ဆောက်ထားတဲ့ အဖြူရောင်နန်းတော်အဆောက်အဦကြီးတစ်ခု တွေ့နိုင်ပါတယ်။ ၁၉ ရာစု အလယ်ပိုင်းမှာ ဆောက်ထားခဲ့တာတဲ့။

ကျွန်မတို့ နန်းတော်ဟောင်းဘက်ကို ဆက်သွားခဲ့ပါတယ်။ ဟာနုမန်နန်းတော်လို့ ခေါ်ရတာက နန်းတော်အဝင်ဝမှာ ဟာနုမန်ရုပ်တုကြီး ရှိလို့ပါပဲ။ နန်းတော်ဟောင်းက မာလာ (Malla) မင်းလက်ထက် ၁၅ ရာစုက တည်ခဲ့တာပါ။ ပရစ်သိဿူးမင်းက ၁၇၆၉ ခုနှစ် ကတ္ထမန္ဒူကို သိမ်းပိုက်ခဲ့ ပြီးနောက် သူ့ရဲ့ နန်းတော်ကို ဒီနန်းတော် ဟောင်း နေရာမှာပဲ ဆက်လက် နေထိုင်ခဲ့တာ နောက် သူ့မင်းဆက်တွေအထိပေါ့။ ၁၈၃၆ ခုနှစ်မှာမှ နန်းတော်ကို နာရာယန်ဟိတိ နန်းတော်ကို ပြောင်းသွားခဲ့ပါတယ်။ နန်းတက်ပွဲတွေကိုတော့ ဒီရင်ပြင်မှာပဲ ၁၉၇၅ ခုနှစ်နဲ့ ၂၀၀၁ ခုနှစ်တွေမှာ ကျင်းပခဲ့သတဲ့။

ကတ္ထမန္ဒူ ဒါဘာရင်ပြင်ကို ဘယ် အချိန်ကာလက တည်ဆောက်ခဲ့သလဲဆိုတာ တိတိကျကျ ရေးမှတ်ထားတဲ့ မှတ်တမ်း မှတ်ရာတွေက မရှိသလောက် ဖြစ်ခဲ့ပေမဲ့ နန်းတော်တည်ဆောက်ခဲ့သူ ဗိသုကာပညာရှင် ဆန်ကရာဒီဗီ(၁၀၆၉-၁၀၈၃)အကြောင်းကိုတော့ မှတ်တမ်းတွေက ရှိုးကျူး ထားကြပါရဲ့။ နန်းတော်ရဲ့မြောက်ဘက်မှာ တာလီဂျူ ဘုရားကျောင်းရှိပြီး ၁၅၆၄ ခုနှစ်က တည်ခဲ့တာပါ။ တာလီဂျူ(Taleju) ဘုရားကျောင်းက ကတ္ထမန္ဒူမြို့ဟောင်းမှာ သုံးခု ရှိပါတယ်။ ပါတန်ဒါဘာ ရင်ပြင်ရယ်၊ ဘာခ်တာပါဒါဘာ ရင်ပြင်ရယ်နဲ့ ကတ္ထမန္ဒူဒါဘာ ရင်ပြင်တို့မှာပါ။ ပါတန်၊ ဘာခ်တာပါ (Bhaktapur)နဲ့ ကတ္ထမန္ဒူဆိုပြီး မြို့ဟောင်းသုံးမြို့က ကတ္ထမန္ဒူမြို့(အသစ်) အတွင်းမှာရှိကဲ့ မြို့ဟောင်းတွေပေါ့။ တာလီဂျူဘုရားကျောင်းတွေထဲမှာ ကတ္ထမန္ဒူ ဒါဘာ ရင်ပြင်မှာရှိတဲ့ ဘုရားကျောင်းက အကြီးဆုံးပါပဲ။ မဟိန္ဒာ မာလာမင်းက တည်ခဲ့ပြီး နတ်ဖုရားမ တာလီဂျူကို ရည်စူးပြီး တည်ထားခဲ့တာတဲ့။ ပဉ္စလက်ဆန်တဲ့ တန်ခိုးရှိတယ်လို့လည်း ယုံကြည်ခဲ့ကြတာပါ။ မြေငလျင်ဒဏ်ကြောင့် အချို့နေရာတွေ ပြိုကျပျက်စီးခဲ့ပေမဲ့ အဓိုးသုံးဆင့်ကတော့ မပြိုသွားခဲ့ပါဘူး။

နန်းတော်ဟောင်းကလည်း ဥယျာဉ်ဝင်း အထပ်ထပ်နဲ့ပါ။ အဝင်ဝမှာ အနီရောင် ဟာနုမန်မျောက်ရုပ်တုကို ထီးတော်မိုးပေးထားပါတယ်။ ပထမဆုံး ရောက်ရှိတဲ့ နန်းတော်ဟောင်းဝင်းကို နာဆဲလ်ချောခ် (Nasal Chok)လို့ ခေါ်ပါတယ်။ နာဆဲလ်ရဲ့ အဓိပ္ပာယ်က 'ကခုန်သူ' တဲ့။ သျှိဝနတ်ဖုရားရဲ့ က၊နေတဲ့ရုပ်တုကို အစွဲပြုပြီးပေးထားတဲ့ နာမည်တဲ့။ နန်းတော်ဝင်းရဲ့ တောင်ဘက်မှာ အထပ်ကိုးထပ်ရှိတဲ့ ဘာဆန်တာပါ မျှော်စင် (Basantapur Tower) ရှိပါတယ်။ ၁၈ ရာစု အလယ်ပိုင်းမှာ ဘုရင် ပရစ်သ်ဗီနာရယန်သျား တည်ထားခဲ့တာတဲ့။ သူခေတ်သူအခါမှာ ကိုးထပ် အဆောက်အဦ ဆောက်နိုင်တာ အလွန်ခေတ်မီလို့ပါ။ အပေါ်ဆုံးထပ်ကတော့ မြေငလျင်မှာ ပြိုကျသွားခဲ့ပါပြီ။ နန်းတော်ရဲ့တံခါးတွေ၊ အဝင်အဝတွေ၊ ပြတင်းပေါက်တွေ၊ ရက်မ၊ ဒေါက်တိုင်တွေမှာ သစ်သားပန်းပုလက်ရာတွေ ထုလုပ်ထားတာ အလွန်လက်ရာမြောက်ပါတယ်။ အဲဒီဝင်းထဲမှာ မျက်နှာငါးခုနဲ့ ဟာနုမန်မျောက်ရဲ့ ရုပ်တုဘုရားကျောင်းငယ်လည်း ရှိပါတယ်။

နာဆဲလ်ချောခ်ဝင်းရဲ့ အနောက်ဘက်အရပ်မှာ တြိဘြူဝန် (Tribhuwan) ပြတိုက် ရှိပါတယ်။ ဘုရင့် ဘီရန်ဒြာရဲ့ အဝိုးလက်ထက်ကတည်းက နန်းစဉ် ရတနာတွေ၊ ပလ္လင်တွေ၊ နန်းတက်စဉ်က အသုံးပြုခဲ့တဲ့ ပစ္စည်းတွေ၊ လက်နက်တွေ၊ ပရိဘောဂတွေ၊ သစ်ထွက်လက်ရာမွန်တွေ၊ ကျောက်ထွင်း လက်ရာကောင်းတွေ ပြသထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြတိုက်ဝင်ကြည့်ခွင့်ရလို့ ကျွန်မ အကျေနပ်ကြီး ကျေနပ်ခဲ့တယ်ဆိုပါတော့။ ဘုရင်တို့ ဗျူဝန်ရဲ့အိပ်ခန်း၊ စာကြည့်ခန်းနဲ့ အခြားပုဂ္ဂလိကပိုင် အသုံးအဆောင်များကို ပြင်ဆင် ပြသထားတာပါ။ နန်းတော်ဝင်းရဲ့အရှေ့တောင်ပိုင်းမှာလည်း ဘုရင်မ ဟိန္ဒြာရဲ့ ပြတိုက်ဆိုပြီး သူရဲ့ပလ္လင်တော်နှစ်ခုကို ပြသထားပါတယ်။ ကျွန်မတို့ နောက်ထပ်ရှိသေးတဲ့ နန်းတော်ဝင်းသုံးခုလုံးကိုတော့ ဝင်ကြည့်ခွင့်မရခဲ့ပါဘူး။

ကျွန်မတို့ နာဆဲလ်နန်းတော်ဝင်းက ထွက်လာတော့ အန္ဒြာပါဘုရားကျောင်း (Indrapur)နဲ့ ဗစ်ရှ်နူးဘုရားကျောင်း (Vishnu)တို့က ဘေးချင်းယှဉ်လျက်သား ရှိပါတယ်။ အန္ဒြာပါဘုရားကျောင်းက သျှီဝနတ်ဘုရားကျောင်းဖြစ်ပေမဲ့ မှတ်တမ်းမှတ်ရာ မရှိတဲ့အတွက် အငြင်းပွားခဲပေါ့။ အမိုးသုံးထပ်နဲ့ ဗစ်ရှ်နူးဘုရားကျောင်းကလည်း ဘယ်အချိန်က တည်ဆောက်ခဲ့မှန်း မပြောနိုင်ပါဘူး။ အဲဒီနားမှာပဲ ယာဂါနတ်သ် (Jagannath) ဘုရားကျောင်းလည်း ရှိပါတယ်။ ရက်မ ဒေါက်တိုင်တွေမှာ ရမ္ဘက် တဏှာ နိုးကြွစေတဲ့ ရုပ်တုတွေကို ထုထွင်းထားတာပါ။ ၁၅၆၃ ခုနှစ် မဟိန္ဒြာမာလာ မင်းလက်ထက်က တည်ထားတဲ့ အုတ်ခဲ သုံးဆင့်နဲ့ နှစ်ထပ်ဘုရားကျောင်းကြီးပေါ့။ ခုတွေ့ အဲဒီတစ်ဝိုက်မှာ များလွန်းလို့ ကျွန်မရဲ့ ခရီးသွားဖော် ကယ်ရီက ခိုစာကျွေး နေခဲ့တာမို့ ဓာတ်ပုံတွေ ရိုက်ပေးခဲ့ရပြန်ပါရဲ့။ မြေငလျင်ဒဏ်ကြောင့် အဲဒီရှေ့က ကျောက်တိုင်ထိပ် ပြိုကျခဲ့ပါပြီ။

ကျွန်မတို့ နီပေါစားသောက်ဆိုင်တစ်ဆိုင်မှာပဲ နေ့လယ်စာစားခဲ့ကြပြီး ဧည့်လမ်းညွှန်ကိုလည်း ဝယ်ကျွေးခဲ့တယ်ဆိုပါတော့။ သုံးနာရီလောက် ဈေးဝယ်ဖို့ အချိန်ရသလို ကျွန်မတို့ တာမဲလ်(Thamel)ရပ်ကွက်တစ်ခွင် အားရပါးရကို ဈေးဝယ်ထွက်ခဲ့တော့ တာပါ။ တိုးရစ်တွေအတွက် ဈေးဝယ်ရာရပ်ကွက်ဖြစ်ရုံမက အဆင့်မြင့် စားသောက်ဆိုင်တွေနဲ့ ဈေးပေါတဲ့ ဟိုတယ်တွေကလည်း များမှများပေါ့။ ကျွန်မ ဈေးဆစ်တာကို ကျွန်မရဲ့ ဧည့်လမ်းညွှန်က လက်ဖျားခါရတဲ့အထိပါပဲ။ လူတွေကလည်း ဘုရားပွဲလို ကြိတ်ကြိတ်တိုးတဲ့လမ်းတွေလည်း ရှိတာမို့ လူစုမကွဲအောင် အထူး သတိထားခဲ့ရတာလေ။ ဈေးတဝကြီးဝယ်ပြီး ဟိုတယ်လည်း ပြန်ရောက်ရော မိုးကြီးလေကြီးကို ရွာခဲ့တော့တာပါ။ ကျွန်မတစ်လမ်းလုံး မိုးတားနေခဲ့တာကို ဧည့်လမ်းညွှန်က ဖုံးသွားခဲ့ပါပြီ။

ကျွန်မတို့ ဟိုတယ်မှာနားနေပြီး ပစ္စည်းအပြီးသိမ်းခဲ့ရပါတယ်။ တိုးရစ်ကုမ္ပဏီကိုယ်စားလှယ်က ညနေ ၅ နာရီခွဲမှာ လာကြိုခဲ့ပါတယ်။ ဟိုတယ်ဘေးက ပဝါဆိုင်မှာ ပဝါတွေဝယ်ရင်း နီပေါလူငယ်လေးနဲ့ ခင်မင်ခဲ့ကြတာ နီပေါ မြေငလျင်ဖြစ်တော့ အလှူငွေတွေ သူကာတစ်ဆင့် လှူဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ ညစာနဲ့ ရိုးရာအကအတွက် ရွေးဟောင်း ချည်ထည်စက်ရုံတစ်ဖြစ်လဲ ရွေးခေက် စံအိမ်ကို သွားရောက် ခဲ့ကြပါတယ်။ အလွန်သန့်ရှင်းခေတ်မီတဲ့နေရာပါ။ ကျွန်မတို့ ရိုးရာအရက်ကို မြေခွက်(ဖယောင်းတိုင်ထွန်းတားတဲ့ မြေခွက်မျိုး)တွေနဲ့ တိုက်ပါတယ်။ မြေပဲသုပ်နဲ့ အစာသွတ်မုန့်ကို ကျွေးပြီး သိုးထိန်းအက၊ တိုင်းရင်းသားအမျိုးမျိုး အက၊ ဆန့်ကာအက၊ စပါးရိတ်သိမ်းတဲ့အက စတဲ့ အက ခြောက်မျိုးလောက်ကို ဝတ်စုံအမျိုးမျိုးနဲ့ ကပြခဲ့တာပါ။ ကျွန်မတို့ ကြွမ်းပြင်ပေါ်မှာ ထိုင်ပြီး ထမင်းစားခဲ့ရတာပါ။ ကုလားပုံဆိုတဲ့ စကားအတိုင်း ကျွန်မတို့ရဲ့ ပန်းကန်ပြား ထဲမှာ ထမင်းပုံပေးလိုက်၊ ဟင်းအမျိုးမျိုး ပုံပေးလိုက်ပေါ့။ အချိုပွဲကိုတော့ ဒိန်ချဉ် အချိုပွဲလေး စားခဲ့ရတာပါ။

လေယာဉ်ကွင်းကို ည ၉ နာရီ အရောက် သွားခဲ့ရပါတယ်။ လေယာဉ်က ည ၁၁ နာရီ ၃၅ မိနစ်မှာ မလေးရှားကို ထွက်ခွာခဲ့ရာ ဇူလိုင်လ ၁၀ ရက်နေ့ မနက် ၆ နာရီခွဲ ရောက်ခဲ့တာလေ။ လေယာဉ်ကွင်းကနေ ဟိုတယ်သွားတာ တစ်နာရီကျော်ကြာခဲ့ပါရဲ့။ ဟိုတယ်ထုံးစံအတိုင်း နေ့လယ် ၃ နာရီမှ မဟုတ်ဘဲ မနက်ကတည်းက ဝင်ခွင့်ရခဲ့လို့ အလွန် အဆင်ပြေခဲ့တယ်ဆိုပါတော့။ မလေးရှားမှာ နှစ်ညနဲ့ သုံးရက်နေခဲ့တာပါ။ ကျွန်မ ဒီခရီးစဉ်မှာ ဟိမဝန္တာသုံးနိုင်ငံဖြစ်တဲ့ နီပေါ၊ တိဘက်၊ ဘူတန်တို့ကို ရောက်ခွင့်ရခဲ့ပါပြီ။

မုဒိတာတရားပွားများကြပါစေ။

■

မေထွဏဦး

www.burmeseclassic.com

www.burmeseclassic.com

ဒီဘဝနဲ့

ဒဿမအကြိမ်မြောက်

ရွှေအမြုတေစာပေဆုပေးပွဲ

၂၀၁၅ ခုနှစ် မေလ(၂၈)ရက်နေ့

နီဘိုတယ် ဟိုတယ်

www.burmeseclassic.com

www.burmeseclassic.com

ရင်ခုန်သံတွေ စီးချင်းထိုးတဲ့ ထီးတစ်လက် မေ့ကျန်ခဲ့တဲ့ည

မင်းဘုန်း – မောင်ဖိုးကြီး

ရွှေအမြုတေ စာပေဆုပေးပွဲ(၁၃သမအကြိမ်)
ဖိတ်စာလေးကို ကြည့်ပြီး စိုးရိမ်မှုက တစ်ဖက်မှာ
လွှမ်းခဲ့နေတယ်။ သမီးလေးက အခု ၁၀ တ။
ကျွန်တော့်ဘက်မှ မိဘနှစ်ပါးကလည်း မင်းကုန်းမှာ။
ဇနီးဘက်ကလည်း မိဘမရှိ။ လင်ကိုယ်မယား
နှစ်ယောက်ခွဲအတူ ဈေးရောင်းတာက အလုပ်တင်ခဲ့။
တကူးတက ဖိတ်ထားတဲ့ ဖိတ်စာလေးကို ကြည့်ပြီး
ဝေခွဲမရ ဖြစ်ခဲ့တာအမှန်ပါ။
မင်းတုန်းမှာနေတဲ့
နော်(ကျောက်တိုင်)က
ဖုန်းလှမ်းဆက်ပြီး
"ဆရာရေ ဒီပွဲကို တက်ဖြစ်အောင်
တက်လိုက်ပါတဲ့။ ကျွန်တော်တို့လို
ကလောင်သစ်တွေအတွက်
တကူးတက ဖိတ်တာပါတဲ့"။
"ဆရာနော် ကျွန်တော် ဆုရနိုင်ပေး"
လို့ ကျွန်တော်ကပြန်ပေးပို့ကတယ်။
"ဆရာရဲ့ ဝတ္ထုအသစ်တစ်ပုဒ်ဂုဏ်သိက္ခာ
ဆုပေးတဲ့နှစ် ဘောင်းဘီမှာ
ဝင်တာပဲတဲ့။ ဆုရသည်ဖြစ်စေ၊
မရသည်ဖြစ်စေ ပေးဝေဖြန့်ဖြူးအခမ်း
တက်လိုက်စမ်းပါ"လို့ အိုကဲကျွန်းတော်

www.burmeseclassic.com

www.burmeseclassic.com

စာတည်းချုပ် ဦးဝင်းငြိမ်းနဲ့ ရွှေအမြုတေ မျိုးဆက်သစ် စာပေဆုရှင် မင်းတုန်းမောင်စိမ်းလွင်

ဖိတ်စာရတည်းက တစ်ဖက်မှာ ဝမ်းသာမှု၊ ကြည်နူးမှုတွေနှင့် ရန်ကုန် နိုဗိုတယ်ဟိုတယ်ကို ခဏခဏရောက်နေမိတယ်။ တစ်ဖက်မှာလည်း သမီးလေးနဲ့ ဇနီးကို နှစ်ယောက်တည်း စိတ်မချမှုတွေက သူတို့သားအမိနှစ်ယောက်ဆီကနေ ဖယ်ခွာမရ ဖြစ်နေပြန်ရော။ ဆုပေးပွဲ နီးလာတော့ ရွှေအမြုတေတိုက်မှ မအေးမြတ်မြတ်ချိုမှ 'ဆုပေးပွဲဖိတ်စာ ရောက်တယ် မဟုတ်လား။ ဆုပေးပွဲ တက်နိုင်မှာလား' လို့ ထပ်မေးတော့ ကျွန်တော်က 'တက်ဖြစ်အောင် တက်မှာပါ' လို့ ပြန်ဖြေမိသား၊ ကတိပေးပြီးသား ဖြစ်သွားပါတော့တယ်။

ရန်ကုန်မရောက်တာ ၄ နှစ်လောက်ကြာပြီဆိုတော့ အပြောင်းအလဲတွေက အတော်များနေပြီ ထင်တယ်။ စာတွေထဲ ဖတ်ရသလောက်တော့ ကားတွေ ကျပ်နေတာ သိနေခဲ့တယ်။ ပြည်မြို့ကနေ ၂၈ ရက်၊ မနက် ၇ နာရီက စ၊ထွက်တော့ ရန်ကုန်-ပြည်လမ်းပေါက နိုဗိုတယ်ဟိုတယ်ကို မျက်လုံးထဲမှန်းဆရင်း အတွေးတွေက တောင်ရောက် မြောက်ရောက်။ ဆရာ ဦးဝင်းငြိမ်းရဲ့ ရွှေအမြုတေ စာပေဆုပေးပွဲဟာ ဒသမအကြိမ်တောင် ရောက်လာပါပေါ့လားလို့ တွေးမိတယ်။ အစဉ်အဆက် ဆုရရှိသူတွေရဲ့ အပြုံးတွေ၊ ကြည်နူးမှုတွေဟာ ဖန်တီးထားတဲ့ သရုပ်ဆောင်မှုတွေ မဟုတ်ဘဲ ရင်ဘတ်ထဲကထွက်ကျလာတဲ့တဒင်္ဂရင်ခုန်သံစီးချင်းတွေ မဟုတ်လား။ ဆရာ မွေးထုတ်ပေးလိုက်တဲ့ မျိုးဆက်သစ်တွေဟာ ရှင်သန်အောင်မြင်နေကြပြီလေ။ ဆုပေးပွဲတွေမှာ ဝတ္ထုတိုဆုနဲ့ မျိုးဆက်သစ်ဆုတွေကို ပိုပြီးအလေးထားပါတယ်။ စိတ်အဝင်စားဆုံးဆုတွေလို့လည်း ဆရာက ဆိုထားပြန်တယ်။ ဆရာ ကျန်းမာရေး မကောင်းလို့ ဗန်ကောက်ကို ဆေးသွားမကုခင် ရွှေအသစ်ကဏ္ဍကို ဖြုတ်လိုက်ကြစို့ဆိုပြီး ဆရာမ မသီတာ(စမ်းချောင်း)ကို ပြောတော့ ကျွန်တော့်ရဲ့ **ရေမျော့ငှက်** စာမူကတိုက်ကို ရောက်နေပြီ။ ဒါပေမဲ့ စာဖတ်ပရိသတ်နဲ့ ရွှေအသစ်တွေရဲ့ အသံတွေဟာ ဆရာ ဦးဝင်းငြိမ်းဆီကို တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်ဖုံ ဆူညံစွာ ထွက်ပေါ်လာတော့တယ်။ ရွှေရဲ့ အမာခံပရိသတ်တွေရဲ့ရွှေအသစ်ကဏ္ဍကိုမဖြုတ်ပစ်ဖို့ တောင်းပန် တိုးလျှိုးသံတွေ ကျွန်တော်တို့ ပုံကိုင်ရှင်ကြီး နှလုံးသားမာမာနဲ့ မျက်နှာမလွဲလောက်ဘူးဆိုတာကို ကျွန်တော် ယုံကြည်နေခဲ့မိပါတယ်။ တကယ်လည်း နောက်နှစ်လလောက် အကြာမှာတော့ ရွှေအသစ်တို့ ဖူးသစ်ပွင့်ဖို့ ရွှေအသစ်ကဏ္ဍကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြန်တယ်။ စေတနာတွေအပြည့်နဲ့ ရသစာပေကို အစဉ်ရှင်သန်စေချင်တဲ့ ဆရာ့ရဲ့ဆန္ဒတွေဟာ ဘယ်တော့မှ ခြောက်ခန်းမသွားနိုင်ဘူးဆိုတာကိုလည်း အမြဲယုံကြည်နေခဲ့ပါတယ်။

ကျွန်တော် ရွှေအသစ်ကို ၂၀၁၂ ခုနှစ်လောက်က စပြီး တစ်လခြား၊ နှစ်လခြား အမြဲ ပို့ဖြစ်ပါတယ်။ တစ်လ တစ်ပုဒ် ပုံမှန် ပို့နေပေမဲ့ ဝမ်းစာအရေးကြောင့် တစ်ခါတစ်ရံတော့ သုံး,လေးလခြားသွားတတ်ပါတယ်။ ရွှေအသစ်ကဏ္ဍကို ဝတ္ထုတိုစာမူ ၉ ပုဒ်တိတိ ပေးပို့ခဲ့ရာမှာ ၅ ပုဒ်တိတိ ဆရာမ မသီတာ(စမ်းချောင်း)ရဲ့ ဆန်ခါတင် စာရင်းထဲပါခဲ့တယ်။ ပထမဆုံး ဖော်ပြခံရတဲ့ **ပန်းနိမိတ်** ပြီးတော့ ကျွန်တော့်ကို စာရေးချင်စိတ်က ပိုလို့ တွန်းအားတွေ ဖြစ်စေခဲ့ပါတယ်။ ကျွန်တော် ဆိုလိုချင်တာက မျိုးဆက်သစ်များအနေနဲ့ ရွှေရဲ့ စင်မြင့်ထက်ကို လွယ်လွယ်ကူကူနဲ့ ရောက်လာတာ မဟုတ်ဘူး ဆိုတာကိုပါ။ အလုပ်တွေ များနေရတဲ့ ကြားထဲကနေ တစ်လကို ဝတ္ထုတို ၂၀ နှင့် ၃၀ ကြား ဖတ်နေရတဲ့ ဆရာမ မသီတာ(စမ်းချောင်း)အနေနဲ့ ဆန်ခါတင် အဖြစ်သာ ရွေးချယ်ပေးတဲ့ ဝတ္ထုများဟာလည်း အဆင့်တန်းတစ်ခုတော့ ရှိနေနိုင်မှာပါပဲ။ ဆန်ခါတင်ထဲကမှ အနှစ်တွေကို ဆရာ ဦးဝင်းငြိမ်းက ထုတ်နုတ်လိုက်တော့ ရွှေစင်မြင့်က ရွှေအသစ်တွေဟာ ခေါင်ခေါင်မြည်တွေဆိုတာ သံသယဖြစ်စရာ မလိုတော့ပါဘူး။ ဆန်ခါတင် ၅ ပုဒ် ဖော်ပြခံရတဲ့ ကျွန်တော်ဟာ ၂ ပုဒ်သာ အနှစ်ဖြစ်နေတာကို ကြည့်ခြင်းအားဖြင့် ရသစာပေကို တစိုက်မတ်မတ် အာရုံစိုက်နေသူတွေအတွက် အဖြေဟာ ကွက်ကွက်ကွင်းကွင်းပါ။ ဆရာ့ရဲ့ ရသစာပေအပေါ် အာရုံနှစ် စူးစိုက်မှုတွေကြောင့် ရွှေအမြုတေရဲ့ အောင်မြင်မှုတွေဟာလည်း ဆက်လျှောက်လှမ်းနေဦးမှာပါပဲ။

ရန်ကုန် စော်ဘွားကြီးကုန်းရောက်တော့ ၂ နာရီထိုးနေပြီ။ TAXI သမားကို

www.burmeseclassic.com

www.burmeseclassic.com

လှမ်းခေါ်တော့ နိဗ္ဗိတယ်ဟိုတယ်ကို မသိပါတဲ့။ ကား နှစ်စီး၊ သုံးစီးလောက် မေးမှ ၅၀၀၀ ကျပ် ပါတဲ့။ တစ်ရက်စော ပြီး မလာမိတဲ့ဒုက္ခဟာ နဖူးတိုက်၊ ဒူး တိုက် တွေ့ပါတော့တယ်။ လိပ်လိုရွှေနေ ရတဲ့ အဍ္ဍားကားဟာ လှည်းတန်းရောက် တော့ ညနေ ၅ နာရီထိုးသွားပါပြီ။ သင့် တော်မယ့် တည်းခိုခန်းတစ်ခန်းလည်း ဖြစ်ပြီး နိဗ္ဗိတယ်ဟိုတယ်နဲ့ အနီးဆုံး လိုက်ရှာတော့ အချိန်ဟာ ခန့်မှန်းထား တာထက် တော်တော်နောက်ကျနေတော့ တယ်။ ၅၀၀၀ ကျပ်လောက်သာ မှန်း ထားတဲ့ တည်းခိုခန်းဟာ ၁၅၀၀၀ ဖြစ် နေတယ်။ နိဗ္ဗိတယ်ဟိုတယ်ကို ခြေလျင် လျှောက်ရင် ၁၀ မိနစ်လောက်သာ လျှောက်ရမှာမို့ မငြင်းဘဲ တည်းဖြစ် လိုက်တယ်။ ရေမိုးချိုး၊ အဝတ်အစား လဲပြီး တည်းခိုခန်းကထွက်တော့ ရန်ကုန် မိုးက တဖွဲဖွဲ။ စာမဖွဲ့လောက်ပါဘူးဆို ပြီး ပြည်လမ်းပေါ် ထွက်တာတော့ မိုး က နည်းနည်း ပိုသည်းလာတယ်။ ဒါနဲ့ ဆိုင်တစ်ဆိုင်ဝင်ပြီး ထီးတစ်လက် ၃၀၀၀ ကျပ်နဲ့ဝယ်လို့ ကျွန်တော့်တဝမှာ တစ်ခါ မှ မရောက်ခဲ့ဖူးတဲ့ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးဆီကို အားငယ်စိုးရွံ့မှုတွေ တစ်ထွေးကြီးနဲ့ လမ်းလျှောက်လို့ လာခဲ့ လိုက်တယ်။

ဟိုတယ်အတွင်း ဝင်ပေါက်မှာ တော့ တဖွဲဖွဲ ရောက်လာတဲ့ ပရိသတ် တွေထဲမှာ ကိုယ်သိသူ တစ်ယောက်မှ မရှိ။ ဆရာမ မသီတာ(စမ်းချောင်း)ကို လှမ်းအခြင်း ဆရာမ ကျွန်တော် မင်းတုန်း မောင်စိမ်းလွင်ပါ လို့ နှုတ်ဆက်တော့ ဟုတ်ကဲ့၊ အထဲကို သွားပါ။ အလုပ် ကလေး ရှုပ်နေလို့ ဆိုပြီး ကိုယ်ယောင် ပျောက်သွားတယ်။ အဝင်ဝမှာကျွန်တော် မင်းတုန်း မောင်စိမ်းလွင်ပါဆိုတော့ မအေးမြတ်မြတ်ချို့တို့အဖွဲ့လို့ထင်တယ်၊ ရင်ထိုးတံဆိပ်ကလေးပေး၊ လက်ဆောင် ပစ္စည်းအိတ်တွေ လက်ကဆွဲလို့ တိုက်က လူငယ်တစ်ယောက်က ဆရာ ဦးဝင်း ငြိမ်းဆီ လိုက်ပို့တယ်။ ၆ နာရီ ထိုးနေ ပေမဲ့ လူက ကျိုးတိုးကျဲတဲ့။ ကျွန်တော့် ကို စားပွဲဝိုင်း တစ်ဝိုင်းမှာ ထိုင်ခိုင်း ထားတော့ တခြားလူတစ်ယောက်မှ မရှိ။ မဂ္ဂဇင်းတိုက်ကလို့ ထင်တဲ့ လူငယ်တစ် ယောက်နဲ့အတူ ဘေးမှပါလာတဲ့ ဆရာ ဦးဝင်းငြိမ်းကိုမြင်တော့ အပြုံးနဲ့ ဆီးကြို တာ ခံလိုက်ရတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် ဆရာ၊ ကျွန်တော်က မင်း တုန်း မောင်စိမ်းလွင်ပါ လို့ နှုတ်ဆက် တော့ ကျွန်တော့်အသံတွေ တုန်နေတယ် ဆရာ။ မဂ္ဂဇင်းစာစောင်တွေမှာ၊ တီဗွီ ရုပ်သံလိုင်းတွေမှာသာတွေ့ရတဲ့ ရွှေအသစ် တွေရဲ့ပဲ့ကိုင်ရှင်ကို ပထမဆုံး အရှင် လတ်လတ်မြင်တွေ့လိုက်ရတဲ့ ကျွန်တော်၊ လက်ဆွဲနှုတ်ဆက်ခွင့်ရတဲ့ ကျွန်တော်ဟာ အရာအားလုံးကို မေ့လျော့သွားသလို ခံစားလိုက်ရပါတယ်။ အနီးနားက ဝိုင်း မှာပဲ ထိုင်ဖို့နေရာပေးတော့ ကျွန်တော် တစ် ယောက်တည်း။ မိနစ် ၂၀လောက် ကြာတော့မှ ကျွန်တော့်ဘေးကို ရုပ်ရှင် သရုပ်ဆောင် မျိုးသန္တာထွန်းတို့ဇနီး မောင်နှံရောက်လာတယ်။ နောက်တော့ ဒါရိုက်တာ မင်းထင်ကိုကိုကြီး၊ ကျွန်

ဒဿမအကြိမ်မြောက် ရွှေအမြုတေ မျိုးဆက်သစ်စာပေဆုနဲ့အတူ စာရေးဆရာ မင်းတုန်းမောင်စိမ်းလွင်

www.burmeseclassic.com

www.burmeseclassic.com

တော် လေးစားရတဲ့ ဆရာ နေဝင်းမြင့်၊ ဆရာ ရွှေနောင်ရိုး(မန္တလေး)၊ ပြီးတော့ ကျွန်တော်မသိတဲ့ ဇယ်သည်များ။ ကျွန်တော့်ဘေးမှာကပ်ပြီးတော့ နောက်တစ်ယောက်ကတော့ ကဗျာဆရာ လင်းဇင်ယော်။ အခုမှ စတွေ့ကြသူတွေဆိုတော့ အတွေးတွေက ကိုယ့်အတွေးနဲ့ ကိုယ်။ ဆရာ နေဝင်းမြင့်ကို 'ဆရာ၊ ဆရာမ ခင်ခင်ထူး မလာဘူးလား'လို့ ကျွန်တော်မေးတော့ 'ကလေးက ကျောင်းစ၊တက်နေရပြီဆိုတော့ မလာနိုင်ဘူး'လို့ ပြန်ဖြေတယ်။ သရုပ်ဆောင် မျိုးသန္တာထွန်းက 'ကျွန်မတို့ကိုလည်း ရင်ထိုးတဲ့ဆိပ်မပေးပါလား'လို့ မေးသံကြားလိုက်တယ်။ အဲဒါကို တစ်ဖက်မှာ ထိုင်နေတဲ့ ဆရာတစ်ယောက်က 'စာရေးဆရာတွေကိုသာပေးတာ၊ ကလောင်နာမည်နဲ့ တွဲပြီး'လို့ ပြောသံကို နားထဲ ကြားလိုက်တယ်။ 'ဩော်... ငါတို့လို စာရေးတဲ့သူတွေကို တစ်ယောက်နဲ့တစ်ယောက် မပြောဘဲ သိရအောင် လုပ်ပေးထားတာဖြစ်မယ်'လို့ စိတ်ထဲက တွေးမိပြီး ပီတိတွေကို မွေးဖွားနေလိုက်တယ်။

အခမ်းအနား၊တော့ ဆရာ ညီမင်းညိုရဲ့ သွက်လက်တဲ့အပြော၊ လန်းဆန်းနေတဲ့ စကားလုံးတွေက ပရိသတ်ကို ဖမ်းစားလို့။ ဆုတွေအသီးသီး ကြေညာတော့ ဆုရရှိတဲ့သူတွေရဲ့ အပြုံးတွေ ပီတိတွေက ကူးစက်လောင်မြိုက်လာတယ်။ ကဗျာဆုကို ကျွန်တော့်ဘေးမှာ ထိုင်နေတဲ့ ဆရာ လင်းဇင်ယော်လို့ ကြေညာလိုက်တော့ ကိုယ်ထိုင်နေတဲ့ ထိုင်ခုံအောက်က ပုံးတစ်လုံးပေါက်ကွဲသွားသလိုခံစားလိုက်ရတယ်။ ကျွန်တော့်ဆီကိုအပျော်တွေကူးစက်ပြီး လက်ခွဲနှုတ်ဆက် အားပေးဖြစ်ခဲ့တယ်။ နောက်ဆုံး မျိုးဆက်သစ်ဆု ကြေညာဖို့ ဆန်ခါတင်စာရင်းတွေကို အစဉ်လိုက် ရွတ်ပြနေတယ်။ ခန့်မှန်းချက်တွေကို ပြောနေတဲ့အချိန် ကျွန်တော့်ရဲ့နှားတွေ ဘာမှ လည်လည်ပတ်ပတ် မရှိတော့ဘူး။ ကျွန်တော်တို့ဝိုင်းမှာ မျိုးသန္တာထွန်းတို့ မရှိတော့ဘူး။ ဆရာ နေဝင်းမြင့် မရှိတော့ဘူး။ ကျွန်တော့်ရှေ့ တည့်တည့်က ဆရာမ နုနုရည်(အင်းဝ) မရှိတော့ဘူး။ နောက်တစ်ပွဲ ကူးရဖို့ ရှိတယ်ဆိုလား ပြောသံကြားလိုက်မိတယ်။ ကျွန်တော့်စိတ်တွေ ပြေးလွှားနေတာမို့ ဘယ်သူ ပြောလိုက်တဲ့စကားဆိုတာလည်း မသိလိုက်ဘူး။ ဆရာ ညီမင်းညို ရွတ်ပြနေတဲ့ ခန့်မှန်းစာရင်းတွေမှာ ကျွန်တော့်နာမည်မပါဘူး။ ခန်းမထဲမှာ ပျားပန်းခပ် လှုပ်ရှားနေတဲ့ သတင်းသမားတွေ၊ ဆုရသူတွေကို အားပေးနှုတ်ဆက်နေကြတဲ့ ဟိုမှ၊ ဒီမှ လူတွေဟာ ရိပ်ခနဲ၊ ရိပ်ခနဲ။ စင်ပေါ်က အသံတွေကို ကျွန်တော် ဝေဝေဝါးဝါး ကြားနေရဆဲ။ နောက်ဆုံး မျိုးဆက်သစ်ဆု **ရေမျော်ငှက်** ဆရာမင်းတုန်းမောင်စိမ်းလွင်ဆိုတဲ့အသံဟာ ကျွန်တော့်ခေါင်းကို တင်းပုတ်တစ်ခုနဲ့ လာထုလိုက်သလို ခံစားမိလိုက်တယ်။ ကျွန်တော့် လက်တွေဟာ အလိုလို လေပေါ်မြောက်သွားတယ်။ ဘေးမှ ထိုင်နေတဲ့ ကဗျာဆရာ လင်းဇင်ယော်က ကျွန်တော့်ကို ထွေးပွေ့တယ်။ မျက်နှာမှာလည်း အပြုံးနဲ့မျက်ရည်တွေ ကျလာတယ်။ ပီတိမျက်ရည်တွေ၊ ဝမ်းသာ မျက်ရည်တွေ၊ အားဆေး မျက်ရည်တွေနဲ့အတူ မေ ၂၈ ရက်ညကို ဖြတ်သန်းလို့။

ဆရာ ဦးဝင်းငြိမ်း လာနှုတ်ဆက်တော့ ကျွန်တော် လက်နှစ်ဖက်နဲ့ ယှက်သိုင်းပြီး ထွေးပွေ့မိပြီးသား။ ဆရာက လည်း ကျွန်တော့်ကို ကျောလေးပုတ်လို့။ ကျွန်တော့် မျက်ရည်တွေဟာ ဆရာ့တိုက်ပုံ အနက်ပေါ်မှာ စွန်းပေသွားခဲ့လေသလား။ 'မျိုးဆက်သစ်နဲ့ ဝတ္ထုတိုတွေ စိတ်အဝင်စားဆုံး'ဆိုတဲ့ ဆရာ့ရဲ့ စကားကို ကြားယောင်တော့ ရင်ထဲလှိုက်ခနဲ။ စင်မြင့်ပေါ် ဆုလက်ခံယူချိန်ထိ ရင်ဘတ်ထဲတွင် ရွံ့ကဲသံတို့က လှိုင်းထန်ခဲ့။ ကျေးဇူးတင်စကားဆိုတော့ ဝမ်းသာပီတိလှိုင်းတွေက နှိုဗိုတယ်ဟိုတယ်ရဲ့ နံရံတွေကို ပဲ့တင်ထပ်နေလိမ့်မယ် ထင်တယ်။ တောင်ရောက် မြောက်ရောက် ကျေးဇူးတင်စကားဆွေကို စင်ပေါ်က ဆင်းတော့ မေ့ကုန်ပြီ။ ဆရာ ဦးဝင်းငြိမ်းနဲ့ အားလုံးသော စီးပွားရေးလုပ်ငန်းရှင်များကို ကျေးဇူးစကား ဆိုခဲ့မိလား၊ မဆိုခဲ့မိဘူးလား အတွေးတွေက ဝေဝေဝါးဝါး။ စင်ပေါ်ကဆင်းတော့ မီဒီယာသမားများနဲ့အတူ ဟိုတယ်ခန်းမထဲမှာ တောင်ရောက်လိုက်၊ မြောက်ရောက်လိုက်နဲ့ တရွတ်တိုက် လိုက်ပါရင်း တောင်စဉ်ရေမရ အဖြေတွေများ ပေးမိသလား ကျွန်တော့်ကိုယ်ကျွန်တော် မမှတ်မိ။ ရေးဖော်ရေးဖက်များမှ လာရောက် နှုတ်ဆက်ကြတော့ ပျော်ရွှင်မှုတွေ၊ အပြုံးတွေနဲ့ ခန်းမကြီးက ရယ်ပြီးကြွသွန်နေမလား။ အစီအစဉ်တွေပြီးတော့ တည်းခိုခန်းကို ပြန်လာလိုက်တာ ဆရာဦးဝင်း ငြိမ်းကိုပင် နှုတ်ဆက်ဖို့ မေ့လို့ကျန်ခဲ့တယ်။ ကျွန်တော်တို့လို ရွှေအသစ်တွေရဲ့ ပဲ့ကိုင်ရှင် ဆရာ ဦးဝင်းငြိမ်းကို ဒီဆောင်းပါးလေးနဲ့ ကျေးဇူးတင်စကားကို ဆိုချင်တာပါဆရာ။ ဆရာ မင်းလူပြော သလိုပဲ 'ဟိုလူကြီးက အသက် ၉၀ အထိ နေရင် အမှတ်တရ ရွှေ ၉၀ အထိထုတ် နေရမယ်။ ဖျားတာနာတာတောင် ဗန်ကောက် သွားကုနေတာ။ ၉၀ အထိ နေချင်နေရမှာ'ဆိုသလိုပဲ ဆရာ ၇၀ နှစ်မှ သည် နှစ် ၁၀၀ တိုင် မျိုးဆက်သစ် လူငယ်တွေ မွေးထုတ် လက်ဆင့်ကမ်း နိုင်ပါစေလို့ ဆုတောင်းပေးပါရစေ။

ဟိုတယ်အတွင်းမှ တည်းခိုခန်း အပြန်တွင်တော့ ဟိုတယ်ရှေ့မှာ ရွှေအသစ်တွေနဲ့ ဓာတ်ပုံ တွဲရိုက်ဖြစ်ခဲ့သေးတယ်။ အပြန်မှာတော့ မိုးက စဲနေပြီ။ ရင်ခုန်သံတွေ စီးချင်းထိုးတဲ့ညကို ဖြတ်သန်းပြီး အပြန်မှာတော့ ညဟာ တော်တော် မှောင်နေပြီ။ အားလုံးကို နှုတ်ဆက်ပြီး တည်ခိုခန်းနား ရောက်တော့ မိုးဟာ သွန်ချလိုက်သလို ရွာကျလာတယ်။ မျိုးဆက်သစ်ဆုကို ရင်ခွင်ထဲထွေးပွေ့တော့ ဟိုတယ်အတင်က ပန်းအိုးထဲမှာ ထားခဲ့တဲ့ ထီးကို သတိရမိတော့တယ်။ အဲဒီညက နိုဗိုတယ်ဟိုတယ်မှာ ထီးတစ်ချောင်း ကျန်ခဲ့ပါရော။ ■

မင်းတုန်းမောင်စိမ်းလွင်

www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေ

၁၈၀၀ ကျပ်

၂၅၀၀ ကျပ်



၁၂၀၀ ကျပ်

၂၅၀၀ ကျပ်

၂၀၀၀ ကျပ်

၂၅၀၀ ကျပ်

ဖြန့်ချိရေး - လင်းလွန်းခင်စာပေ

လိပ်ကန်ပန်းခြံစျေး၊ တိုက်(D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၄၂၁ ၇၁၉၇၁၂

www.burmeseclassic.com

www.burmeseclassic.com

ပြေးလမ်းကို ချိန်သားကိုက်ပြီးမှ မြပဝါနားကို ညင်သာစွာ ဆင်းခဲ့သူပါ။ လေဆိပ်ရဲ့ ခမ်းနားထည်ဝါမှုကို ကျွန်တော့် ရည်ရွယ်ချက်ထဲမှာ ထည့်သွင်းတွက်ချက်မှု မရှိတာ သံသယရှင်းပါတယ်။ ဒါဆိုရင် မြပဝါနေတဲ့ အိမ်လှလှ၊ အညောင်းပြေတောင်လျှောက်လို့ရတဲ့ခြံဝင်း၊ သစ်လွင်လှပတဲ့ကား၊ လည်တိုင်ကြေ့ကြေ့က ရွှေဖြူကြိုး၊ နားပါးပါးထက်က စံကွက်တွေ ပါတဲ့ စိန်နားကပ်၊ အိမ်နေရင်း ဝတ်ထားလေ့ရှိတဲ့ကျောက်စိမ်းလက်ကောက်ဟာ ကျွန်တော်နဲ့ သီးခြားစီပဲလေ။ ဦးနှောက်စေခိုင်းရာမှာ နှလုံးသားက လိုက်ပါနေရင်တော့ မြပဝါရဲ့ ရုပ်ဝတ္ထုတွေကို စိတ်ကူးနဲ့တင် တစ်ဝက်ပိုင်ဆိုင်လောက်ပါပြီ။

ကျယ်ပြောလှတဲ့ နှလုံးသားကွန့်မြူးမှုမှာ အကန့်အသတ်ရှိပါသလား မြပဝါ။ ကျွန်တော်က ရိုးရိုးရှင်းရှင်းပဲ ကြည့်တတ်တာမို့ မြပဝါရဲ့ ရင်ထဲကို မြင်မိတာလေ။ စည်းကမ်းမဲ့ ခွေးတစ်ကောင်ကို စက်သံမညီတဲ့ဆိုင်ကယ်နဲ့ တိုက်မိရင်း တိမ်းမှောက်သွားတဲ့ နေ့တစ်နေ့ကို အမှတ်ရမိတယ်။ ကြေမွသွားတဲ့ဒူးကာ၊ ကွဲသွားတဲ့မီးခွက် နှမြောစွာ ကြည့်ရင်း လူးလိမ့်ထလာရတဲ့ ကျွန်တော့်ကို အိမ်ပေါ်က လှမ်းကြည့်နေတယ် ဟုတ်လား မြပဝါ။ အဲဒါကို ဂရုမထားမိသလို ဒဏ်ရာတွေကိုလည်း ဂရုမစိုက်မိတာ အမှန်ပါ။ ဆိုင်ကယ်ဆီမှာပဲ စိတ်ရောက်နေခဲ့တာလေ။ ဒီလိုပါပဲ မြပဝါရယ်၊ မပြည့်စုံသူ ဘဝရဲ့ကြမ်းပြင်ကို ခိုင်မာစွာတည်ဆောက်ချင်ပါတယ် မြပဝါ။ တစ်ဖက်နဲ့တစ်ဖက် နားလည်မှုမရခင်မှာ ခံနိုင်ရည်ရှိပါ့မလားလို့ ကြောင့်ကြနေမိတယ်လေ။ အတိမ်အနက်ကို မစူးစမ်းဘဲနဲ့ မျက်လုံးစုံမှိတ်ထားဖို့ မတောင်းဆိုချင်ပါဘူး။ အပြောင်းအလဲတစ်ခုရဲ့ ဖြစ်စဉ်တိုင်းမှာ အချိုးအကွေ့၊ အထစ်အငေါ့တွေနဲ့ မညီညာတတ်ဘူးဆိုတာ နားလည်တန်ကောင်းပါရဲ့။ အဲဒီဖြစ်စဉ်ရဲ့ ဆုံမှတ်တစ်ခုမှာ လာကြုံဆုံရတာကို တိုက်ဆိုင်မှုလို့ပဲ ပါးပါးလေး သုံးသပ်ချင်မိတယ် မြပဝါ။ ဖန်တီးရယူလို့မရတဲ့အကြောင်းတရားနဲ့ ပြောင်းလဲသွားရတဲ့ အကျိုးတရားကို ကျွန်တော်တို့ လက်ခံရမှာပေါ့။ ကမ္ဘာမြေနဲ့ ငလျင်၊ မုန်တိုင်းကို လူတွေ မဖန်တီးနိုင်ကြဘူး။ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ငလျင်၊ မုန်တိုင်း ဖြစ်ပေါ်မှုက လူတွေနဲ့ ဆက်စပ်သတဲ့။ မျောက်ကို ဖန်တီးနိုင်စွမ်း မရှိတဲ့ လူတွေကပဲ မျောက်က ဆင်းသက်လာပြန်ရော မဟုတ်လား။ ဆက်နွယ်မှုနဲ့ သက်ဆင်းခြင်း သဘောကို မြပဝါ ရေးရေးလေး မြင်မိမှာပါနော်။

တကယ်တော့ မြပဝါဟာ ကျွန်တော် ဆင်းသက်မသင့်တဲ့ ကွင်းတစ်ကွင်းပါပဲ။ ရာသီဥတုဆိုးရွားလို့၊ စက်ချို့ယွင်းလို့၊ ငှက်အုပ်နဲ့ တိုက်မိလို့၊ ပြာဇွေတွေနဲ့ တိုးမိလို့ဆိုပြီး အကြောင်းပြချက်တွေနဲ့ နီးစပ်ရာကွင်းကို ဆင်းသက်ခဲ့ရတဲ့ လေယာဉ်မှူး ကျွန်တော် မဟုတ်တာ အမှန်ပဲ။ ကျွန်တော်ဟာ ခရီးရှည်ကို ရာသီဥတုသာယာစွာနဲ့ ဖြတ်သန်းချင်သူပါ မြပဝါ။ ကိုယ့်ရဲ့ပေါ့လျော့မှုမပါဘဲ မြင်ကွင်းတွေရှင်း၊

www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၁၀၊ စက်တင်ဘာ၊ ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးရဲ့ဆုံးရှုံးမှုဟာ သူများ တကာထက် ပို ပါတယ်။ ကြေကွဲစရာမဟုတ် ပေမဲ့ လိုအပ်ချက်တွေ အမြဲရှိနေတဲ့ ကျွန်တော့်အတွက်က ဒဏ်ရာ ရရှိမှုဟာ ဒုတိယနေရာမှာပါ။

'ရှင်ကလည်း ဆိုင်ကယ်ကိုပဲ ကြည့်နေတယ်။ ကိုယ့်ဒဏ်ရာကို ပြန်ကြည့်ဦး'

မြပဝါရဲ့ ကရုဏာသံကို ပထမဦးစွာ ကြားရခြင်းပါ။ ဒါဟာ ဖြစ်လေ့ရှိတဲ့ အဖြစ်ထဲက တစ်ခုပါပဲလေ။

'ရော့ ဒီမှာ အရက်ပြန်နဲ့ ပလတ်စတာ၊ လိမ်းဆေးက ဒီထဲမှာ။ ဒဏ်ရာကို ရေနဲ့ အရင်ဆေး၊ ဆောင်းတွင်းကြီး နော် အနာရင်းလိမ့်မယ်၊ ဟုတ်ပြီလား။ ဂွမ်းလောက်တော့ အိမ်မှာရှိမယ်ထင်တယ်'

ကျွန်တော့်ကို ပြောတဲ့ စကားတွေက သတိပေးသံလား၊ အမိန့်ပေးသံလားဆိုတာ မတွေးတတ်ဘူး။ ကျေးဇူးတင်ကြောင်း မပြောဖြစ်ခဲ့တာ ဝဝါးသွားတဲ့ စိတ်ကြောင့် ထင်ပါရဲ့ဗျာ။ လေးဖြူသီချင်းထဲကလို ခဏလေး ပါပဲ မြပဝါ။ ဆိုင်ကယ်ကို မဖြစ်ဖြစ်အောင် ပြန်မောင်းခဲ့ပြီး အိမ်ပြန်ရောက် ဆေးထည့်ပြီးတဲ့အထိ မြပဝါ ခေါင်းစဉ်အောက်မှာ အဖြေတွေ ရေးခြစ်နေမိတယ်။ မျက်နှာလေးက ရိုးရိုးလေးပါပဲ။ ပြင်ဆင်ထားပုံက သာမန်ပါ။ အသံကလည်း ပုံမှန်ပါပဲလေ။ ကျွန်တော်ဟာ ဖြေစရာမလိုတဲ့ မေးခွန်းကိုမှ ဘာကြောင့် ရွေးချယ်ဖြေချင်နေမှန်း မသိဘူးဖြစ်နေရဲ့။

❑

မျိုးရိုးဗီဇ ရိုက်ခတ်မှုကို မျိုးဆက်တွေက အနည်းအများ ခံစားရတတ်သတဲ့။ မြပဝါကျတော့ ဘယ်လိုပါလိမ့်လို့မတွေးချင်ဘူး။ ဒါပေမဲ့ သက်ရောက်မှုအငွေ့အသက်နဲ့အတိုင်းအတာကို ဆန်းစစ်နေမိတယ်။ ကျွန်တော့်စိတ်ထဲမှာ အံ့သြစွာ လက်ခံနေပေမဲ့ ဒီလိုမျိုးက ရှားတယ်လို့ မသတ်မှတ်ချင်ဘူး။ ကိုယ့်လို ပွန်းကျပ်နေရတဲ့ ဘဝထဲမှာ နောက်ထပ်တစ်နေရာစာက ဘယ်လိုမှ မဖြစ်နိုင်တာပါ။ ပုံဖော်ခွင့်မရှိမှန်းလည်း နားလည်မိတယ်။ ဆက်စပ်နိုင်ဖို့ ဆိုတာ ရေးရေးလေးမှ နည်းလမ်းရှာလို့မရဘူး မြပဝါ။ ဆုံတွေ့မှု၊ တိုက်ဆိုင်မှုတိုင်းကို ရေစက်လို့ မယူဆချင်ပေမဲ့ ဒုတိယအကြိမ် မြပဝါနဲ့ တွေ့ဆုံမှုဟာ ကျွန်တော်တို့နှစ်ယောက်ရဲ့ ကွာခြားမှုလေးကို တော့ ကျဉ်းမြောင်းသွားစေတဲ့ နိဒါန်းအစမှန်း သိလိုက်ရတယ်လေ။

'သူငယ်ချင်း'

'ဟင် နောင်နောင်'

ဆယ်တန်း အတူတက်၊ စာမေးပွဲအတူဖြေပြီး ပြောင်းသွားသော သူငယ်ချင်း။ မတွေ့ဖြစ်ကြတာ တော်တော်ကြာပြီ။ ငယ်သံယောဇဉ်ထက်ပိုတဲ့ အကြောင်းအရာတွေက ကျွန်တော်တို့နှစ်ယောက်ကြားမှာ ရှိပြီးသားပဲ။

'မင်း ဘာလာလုပ်တာလဲ'

'အမေ ဆေးရုံတက်နေရတယ်ကွာ၊ အသည်းလို့ ပြောတာပဲ'

'ငါ ဒီဆေးရုံရောက်တာ နှစ်ရက်ပဲ ရှိသေးတယ်၊ ရောက်ရောက်ချင်း လာချင်တာ၊ မင်းကိုလည်း သတိရတယ်၊ အရင်အိမ်ပဲ မဟုတ်လား'

ခေါင်းညိတ်မိရင်း နောင်နောင် ခေါ်ရာသို့ လိုက်ခဲ့မိတယ်။ ဆရာဝန်တွေ နားနေခန်းမှန်း ကျွန်တော်သိတာပဲလေ။ နောင်နောင်လည်း ဆရာဝန်ဘဝနဲ့ တော်တော် ကျင်လည်နေပြီပဲဆိုတဲ့စိတ်ကရင်ကို နာကျင်စေမိတယ်။ ဒီလိုနေရာမျိုးကိုမှ ရောက်ခွင့်မရှိတာ။ နောင်နောင့်လို ဖြစ်ခွင့်မှ မရှိတာ။ ဆေးရုံနံ့သဲ့သဲ့က ရင်ကို စူးစူးရှရှနဲ့။ ကျွန်တော်ဟာ နောင်နောင်ရဲ့ ဂျူတီကုတ်ကိုကြည့်ပြီး အားနာနေမိတယ်။ အဲဒီအားနာခြင်း၊ သိတတ်ခြင်းကပဲ ကျွန်တော့်ကို ယနေ့ထက်ထိ နှိပ်စက်နေတယ်လေ။

'ဒေါက်တာ'

လှည့်အကြည့်မှာ မျှော်လင့်မထားတဲ့ ပုံရိပ်ကို ထပ်မံတွေ့ရှိရတယ်။ အံ့သြစရာပါ။ ကျွန်တော်ကလည်း အနိမ့်ပိုင်းမှာပဲ နေသားကျနေတယ် ထင်ပါရဲ့ဗျာ။ ဒါမှမဟုတ် ကိုယ်တိုင်ကလည်း ဆင်ခြင်ဉာဏ်နည်းတယ်လို့ ထင်ပါရဲ့။ ပြောပုံဆိုပုံတွေကို တွက်ဆသင့်တယ် မဟုတ်လား။ ဖြစ်ပျက်ခဲ့တဲ့ အတိတ်အတွက် ကျွန်တော် 'မေ့နိုင်အောင် ကြိုးစားမိရင်းက မေ့နေခဲ့တာပါ။ အမှန်ကန်ဆုံးစွန့်စားမှုကို ပြုခဲ့ရတာပဲ။

'ဒါ ကျွန်တော့်သူငယ်ချင်း နေမျိုး၊ စာကြမ်းပိုးနေမျိုးလို့ခေါ်ကြတာ။ ဆယ်တန်းမှာ...'

'လာကွာ နောင်နောင် အမေ့ကို သွားကြည့်ရအောင်'

ကျွန်တော် စကားဖြတ်ပြောမှန်းသိတာပေါ့။ အတိတ်ကို တူးဆွခွင့်ရှိပေမဲ့ လက်ရှိမှာမှ အကျိုးမဖြစ်တော့တာ။ အသိမှတ်ပြုခံရဖို့ ဒီအခန်းထဲရောက်နေတာမှ မဟုတ်ဘဲ။ နောင်နောင်ရဲ့ စကားဆက် နောက်ခံသမိုင်းဟာ အဓိပ္ပာယ်တွေရှိနေမှာကို သိမည်မှာ မလွဲဘူးလေ။ ထားခဲ့ရတဲ့ အချိန်တွေက လွမ်းမောဖွယ်ရာမှမကောင်းဘဲ။ ကိုယ်တိုင်လည်း မေ့မေ့လျော့လျော့ပါ။

'ခဏလေးပါကွာ၊ သူက ဒေါက်တာ မြပဝါ၊ အသည်းအထူးကုလေ၊ ဒါကြောင့်မို့ မိတ်ဆက်ပေးတာ'

အမေ့အတွက် လိုအပ်မှုရှိနေခြင်းကြောင့်သာ ငြိမ်သက်နေမိပေမဲ့ ကြာကြာ မနေချင်ဘူး။ စိတ်ရှည်စွာ ရှင်းပြတဲ့စကားတွေကို နားထောင်နေဖြစ်ခဲ့တယ်။ နောင်နောင့်ရှေ့တွင် ကျွန်တော်တို့ တွေ့ဆုံခဲ့ဖူးကြောင်း မပြောဖြစ်ကြဘူး။ ဒါဟာ လျှို့ဝှက်ချက် မဟုတ်သလို ဥပဒေနှင်းမှုလည်း မပါဝင်တာကိုတော့ သံသယကင်းမိတယ်။ ဆရာဝန်ဦးနောက်ပဲလေ။ မှတ်မိမှာပါ။ ကျွန်တော် ရိုင်းပျသွားသလား မြပဝါ။ ကျေးဇူးစကားမဆိုဖြစ်တဲ့ ပထမအဖြစ်နဲ့ တခုတ်တရမရှိတဲ့ မိတ်ဆက်ခြင်းကို ဘယ်လို မြင်မလဲ မသိဘူးနော်။ မြပဝါနေရာမှာ တခြားဆရာဝန်ဆိုရင် ကျွန်တော် တရင်းတနှီးနဲ့ ဆက်ဆံမိမှာ

www.burmeseclassic.com

www.burmeseclassic.com

အမှန်ပါ။ ခုတော့ မြပဝါရယ်။ နဂိုကတည်းက လိပ်ပြာမလုံသူအနေနဲ့ ရှိနှင့်ခဲ့တာလေ။

❑

ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ ဆေးအမှတ်ထက် ကျော်လွန်ခဲ့သူက ဘော်ဒါတစ်ခုမှာ အချိန်ပိုင်းဆရာဖြစ်နေသတဲ့လား။ ဘဝရပ်တည်မှုပုံစံတွေကမတူဘူး မြပဝါ။ ကျွန်တော့်ရုန်းကန်မှုကို လေးစားသတဲ့လား။ ကျွန်တော့် အိမ်ကလေးမှာပဲ အတူစားသောက်၊ စာလုပ်ရင်း နောင်နောင် ဆရာဝန် ဖြစ်သွားခဲ့တာမှန်ပေမဲ့ ပုံပိုးမှုဟာ အဖြူထည်သက်သက်ပါ။ အမေက နောင်နောင့်ကို ကျွန်တော့်လိုပဲ ချစ်လို့လက်ခံခဲ့တာလေ။ အမှတ်တရရှိသူစာရင်းမှာ ကျွန်တော်နဲ့အမေ ပါဝင်ချင်ပါဝင်ပါ့မယ်၊ ကျေးဇူးရှင်အဖြစ်တော့ မခံယူချင်ဘူး။ ရိုးသားတဲ့ စာကြမ်းပိုးနားကို နောင်နောင့်မိဘတွေက ချဉ်းကပ်စေခဲ့တာပါ။ ပြီးတော့ အမေကလည်း အသင်အပြကောင်းတဲ့ စွယ်စုံရဆရာမတစ်ဦးမဟုတ်လား။ သတ်မှတ်စည်းကမ်းတွေနဲ့ အိမ်ကို ဘော်ဒါဆောင်လို နေခဲ့ကြတာလေ။

နောင်နောင့် လက်ကို အမေက ဆုပ်ကိုင်ပြီး မျက်ရည်လည်နေခဲ့သလို နောင်နောင်ကိုယ်တိုင်ကလည်း တုန်ယင်နေခဲ့တာ ကျွန်တော်တို့သုံးယောက်ရဲ့ သံယောဇဉ်တွေပါ။ အမေ့မျက်ရည်ထဲမှာ ကျွန်တော့်အတွက်လည်း ပါမယ်ထင်ပါရဲ့ မြပဝါ။

'ကိုနောင်နောင်နဲ့ ဆေးကျောင်း အတူတက်ဖို့ တိုက်တွန်းသေးတယ်ဆို'

'...'

'သူမိဘတွေရဲ့ ပုံပိုးပေးမှုကို လက်မခံဘူးဆိုတာ ဟုတ်လား ကိုနေမျိုး'

ကျွန်တော် ခေါင်းညိတ်ရုံပဲရှိတာပါ မြပဝါ။ နောင်နောင့်မိသားစုက မြပဝါတို့လိုအလျှပယ်မှ မရှိတာ။ ဝန်နှစ်ခုထမ်းရမယ့် အခြေအနေကို လူသားဆန်စွာနဲ့ ငြင်းမိခဲ့တယ်။ စိတ်မကောင်းခြင်းတစ်ဖက်မှာ နောင်နောင့် အတွက် ဝမ်းသာနေမိခဲ့တယ်။ နောက်တစ်ချက်ရှိသေးတယ် မြပဝါ။ အသက်ကြီးမှ အိမ်ထောင်ကျပြီး နောက်ကျစွာနဲ့ မွေးဖွားခဲ့ရတဲ့ ကျွန်တော်ဟာ အဖေ့ဆယ်နှစ်သာသာလေးပဲ နေလိုက်ရတယ်။ အမေ့ရုန်းကန်မှုကို ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတာ။ စဉ်းစားကြည့်ပါဦး မြပဝါရယ်၊ ဆရာဝန်ဖြစ်ဖို့ တစ်ခုတည်းနဲ့ မုဆိုးမအမေကို ထားရစ်ခဲ့ရမှာလားဟင်။ နောက်နှစ်လောက်မှာ အငြိမ်းစားယူတော့မယ့်အမေကို ပြုစုစောင့်ရှောက်ရမယ့် တာဝန် မရှိတော့ဘူးလား။ မတွေးအပ်တဲ့ အမေ့သက်တမ်းကို တွက်ဆနေမိတာလည်း ပါတာပေါ့ မြပဝါ။ ဘဝထဲမှာ သတ်မှတ်ပေးလိုက်တဲ့ကြမ္မာကို ဆန့်ကျင်နိုင်စွမ်း မရှိခဲ့ဘူး။ အလိုလိုဖြစ်သွားမှာပဲဆိုတဲ့ ပေါ့ပြက်ပြက်အတွေးနဲ့ နောင်တတွေကို မကြိုဆိုချင်ဘူး မြပဝါ။ ကိုယ့်အနာဂတ်ကို ကြိုတင်ဖတ်ရှုခွင့်ရခဲ့ပေမဲ့ ဆယ်တန်းမှာ ကျွန်တော် ကြိုးစားခဲ့တယ်။ ဘဝထဲက မှတ်တိုင်ကို ကောင်းစွာ စိုက်ထူနိုင်ခဲ့တယ်လေ။ အောင်စာရင်းထွက်တဲ့နေ့က ကျွန်တော့်ကိုဖက်ပြီး အမေ ငိုလိုက်တာဗျာ။ အဲဒါဟာ ငြင်းဆန်ရတော့မယ့် အခြေအနေတွေအတွက် အားဆေးဖြစ်ခဲ့ရုံမက အမေ့နားမှာပဲ နေနိုင်ဖို့ကိုလည်း စေ့ဆော်ပေးခဲ့တယ်။

အဲဒီစိတ်ဓာတ်ကို အထင်ကြီးသတဲ့လား မြပဝါ။ ကျွန်တော့်ကို စောစီးစွာ မှတ်ချက်မပေးသင့်သေးပါဘူး။ ပြီးတော့ ရင်းနှီးမလာသင့်ဘူး။

'ဆိုင်ကယ်နဲ့သွားတာ မမြင်ရတော့သလိုဘဲ'

မြပဝါရယ်...။ ကျွန်တော့်ရဲ့ လိုအပ်ချက်ထဲမှာ အဲဒီစက်ပစ္စည်းပါဝင်ပေမဲ့ တစ်ခုကို ရွေးချယ်ဖို့ တစ်ခုကို စွန့်လွှတ်ရစမြဲပါ။ ပျက်စီးသွားတဲ့ ဆိုင်ကယ်လေးပြင်ပြီးခါစမှာပဲ အမေဆေးရုံ တက်ခဲ့ရတာလေ။ တစ်လမှတစ်ခါရတဲ့ လုပ်ခရဲ့ စီးဆင်းမှုဟာ ရက်ပေါင်းသုံးဆယ်ကိုပဲ ကျော်ဖြတ်ခွင့်ရှိတာပါ။ အမေ့ပင်စင်လစာကလည်း သာမန်လည်ပတ်ရုံနိုင်လေးပါ။ ပိုလျှံမှုရဲ့ တန်ဖိုးကို မပြည့်စုံတဲ့ ကျွန်တော်က တန်ဖိုးထားတတ်ပေမဲ့၊ အမြဲနားလည်ပေမဲ့ ပိုလျှံမှုက ယနေ့ထက်တိုင် နားမလည်ပေးဘူး မြပဝါ။

'အမေ ဆေးရုံတက်ဖို့ ရောင်းလိုက်ရတယ် ဒေါက်တာ'

ရုတ်ခြည်းပြောင်းလဲသွားတဲ့ မြပဝါမျက်နှာဟာ ဟန်ဆောင်မှုကင်းနေတယ်နော်။ ကျွန်တော် ကောင်းစွာနားလည်မိပါတယ်။ ပြေလည်ခြင်း၊ မပြေလည်ခြင်း၊ ဆင်းရဲခြင်း၊ချမ်းသာခြင်းဆိုတဲ့ ဆန့်ကျင်ဘက်ရလဒ်တွေကြားမှာ ကျွန်တော်တို့ ရှိနေတာပဲ မဟုတ်လား။ ပကတိတရားကို အမှန်အတိုင်းပဲ ရှုမြင်နေခဲ့တာ ကျွန်တော့်အကျင့်ပါ။ အားမလိုအားမရဖြစ်တာထက် ဖြေသိမ့်နိုင်ဖို့ကိုပဲ ကြိုးစားမိတယ် မြပဝါ။

'ဒေါက်တာ နောင်နောင်ကလည်း နေနိုင်လိုက်တာ'

တစ်ကိုယ်တည်း ညည်းညူသလိုနဲ့ ပြောတဲ့စကားကို ကျွန်တော် မသိဘဲနေမလားလေ။ သံယောဇဉ်နဲ့ စေတနာစွက်ဖက်နေတဲ့စကားတွေက ရစ်ပတ်နှောင်ဖွဲ့ဖို့ ဖြစ်ခဲ့သလားမသိနိုင်ပါ။ တိုးဝင်လာမှုအပေါ် ကျွန်တော် ဟန့်တားရမလား မြပဝါ။ ဥပေက္ခာပြုလို့မရတဲ့ ဆုံမှတ်လို့ပဲ ဆိုချင်မိပါရဲ့။

'ကျွန်မကို ဒေါက်တာလို့ မခေါ်ပါနဲ့လားရှင်'

'ဟုတ်ကဲ့ မြပဝါ' လို့ပဲ ရင်ထဲက ပြန်ပြောဖြစ်တယ်။

❑

ဘဝရဲ့ကြမ်းပြင်ချောမွေ့မှုအပေါ်မှာပဲ မြပဝါရဲ့ ဖြူလွလွခြေဖဝါးလေးကို ခြေချခွင့်ရစေချင်တယ်ဆိုရင် မြပဝါရဲ့နှလုံးသားကို ကြိုတင်စော်ကားသလိုဖြစ်မှာ စိုးတယ်။ ယုံကြည်မှုဟာ ခိုင်မာဖို့ အခြေတည်တယ်ဆို ပေမဲ့ တစ်ဖက်သတ်မဆန့်တဲ့ ယူဆချက်အောက်မှာ မျှတစွာပဲ

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားနိုင်ဖို့ကိုလိုလားပါတယ်မြပဝါ။ ကွာဟမှုဟာ မဆန်းပြားပေမဲ့ အဲဒါနဲ့ လူတွေက တိုင်းဆတတ်တာ သဘာဝပါ။

'နောင်နောင်က သားအတွက် ဆိုင်ကယ်လာပေးသွားတယ်၊ လိုတာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါလို့ မှာခဲ့တယ်'

မြပဝါရဲ့ တိုက်တွန်းမှုက အဓိက ထင်ပါရဲ့။ နောင်နောင်ရဲ့ သံယောဇဉ်ကြီးမှုကို နားလည်မိတယ်လေ။ ကိုယ့်ရဲ့လိုအပ်မှု အစိတ်အပိုင်းတစ်ခု ဖြည့်ဆည်းပေးသော သူငယ်ချင်းကို ဦးစွာ ကျေးဇူးတင်နေမိတယ်။ အခုမှပင် ကယ်ရီခ သက်သာတော့မည်လေ။ နေစရာအတွက် ဝန်ပေါ့နေရသောဘဝအဖြစ်က ကုသိုလ်တစ်မျိုးပါပဲ။ တချို့က ပါးစပ်နဲ့ ကျောခင်းဖို့ကို တွေးပူနေရတာလေ။ ဆိုင်ကယ်စီးမိပြန်တော့ မြပဝါကို သတိရမိပြန်တယ်။ ကျွန်တော် အခါခါမေ့စဉ်းတယ် မြပဝါရယ်။ မြပဝါရဲ့ ဘဝတစ်နေရာထဲက ကွယ်ပျောက်သွားချင်တယ်။ ဝေးဝေးမှာပဲ ကျွန်တော့်ကို ပျော်မွေ့ခွင့်ပြုပါလား။ မြပဝါရဲ့ ကားလေးနဲ့ ကျွန်တော့်ဆိုင်ကယ်လေးဟာ ကာပွန်ဒိုင်ထုတ်မိတာက အတူတူပါ။ ဒါပေမဲ့ ပုံသဏ္ဌာန်နဲ့ အနှစ်သာရက အရမ်းကွာပါတယ်။ မိုး၊ နေ၊ လေကာခြင်း၊ မကာခြင်းနဲ့ပတ်သက်ပြီး အငြင်းမပွားတာ ကျွန်တော့်ကို အားနာလို့ ထင်ပါရဲ့။ ခဏတာ လှိုင်းဂယက်ထဲမှာ ကျွန်တော်ဝဲလည်နေရတော့မှာလားမြပဝါရယ်။

ဓာတ်လမ်းတစ်ခုကို ကျွန်တော်ကိုယ်တိုင် ရေး၊ ဓာတ်ညွှန်းခွဲ၊ ကိုယ်တိုင်ပဲ အဆုံးသတ်ရမလားဟင်။ ပါဝင်သရုပ်ဆောင်နေတဲ့ အဝိုင်းက နာကျင်လွန်းတဲ့ အခန်းကပါ။ အထင်ကြီးမှု၊ လေးစားမှု၊ ကရုဏာသက်မှု တွေက အဓိက ဟုတ်တဲ့ အကြောင်းပြချက်မှ မဟုတ်တာ မြပဝါ။ အဲဒီစိတ်တစ်စုံတစ်ရာက မြပဝါရဲ့ လွမ်းမိုးမှုကို အာမခံနိုင်ဖို့ ခက်မှာပါ။ ကျွန်တော်တို့ ခံစားချက်တွေကို ဖုံးဖိထားရအောင်လားဗျာ။ ရင်နှစ်စုံရဲ့ အားပြိုင်မှုတော့ ဖြစ်နိုင်ပေမဲ့ အသိုက်အမြုံရဲ့ လွန်ဆွဲပွဲဖြစ်နေတယ် မြပဝါ။ ရိုးသားမှု တစ်ခုတည်းရှိနေတဲ့ ကျွန်တော်က မြပဝါကို ဘာတွေများ ပေးဆပ်နိုင်လို့လဲ။ ဆေးအမှတ်မိတဲ့ ကျွန်တော်က ဆရာဝန်မှ မဟုတ်တာလေ။ ခံစားမှုအရ စိတ်ယိုင်တာဟာ မခိုင်သူရဲ့ ဝေဒနာတစ်ခုပါ မြပဝါ။ ယိုင်နဲ့သူရဲ့ အပြစ်မဟုတ်ပါဘူး။ ကျွန်တော်လည်း ယိုင်ခဲ့မိတယ်။ မြပဝါကို မြတ်နိုးမိပါရဲ့၊ ချစ်ခင်မိပါရဲ့။ ...ရဲ့ များစွာဟာလည်း မြပဝါရင်ထဲမှာ ရှိနေမယ်ဆိုတာ ယုံကြည်မိပါတယ်။

ခက်တယ်မြပဝါရယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ခန့်က ကျောင်းသားတစ်ယောက်အဖြစ်ကို မဖွင့်ဟတော့ဘူး။ အချိန်ပိုင်းဆရာဘဝနဲ့ မပြေလည်ရာ လမ်းမှာ ရှိနေတဲ့သူလို့ပဲ မြင်ကြတယ်။ မြပဝါနဲ့ နီးကပ်မှုဟာ ကျွန်တော့်ဖြူစင်ခြင်းအတွက် အန္တရာယ်ပါ။ တစ်မျိုးမြင်လာမှုနဲ့အတူ ဝေဖန်မှုလည်း ပါလာကြတယ် မြပဝါ။ အမေကတော့ မသိစွာနဲ့ မြပဝါကို နောင်နောင်နဲ့ လိုက်ဖက်တယ်လို့ ယူဆနေတယ်။ ဒါဆိုရင် အမှေအမြင်မှာ ကျွန်တော်ဟာ မြပဝါအတွက် မလိုအပ်သူပေါ့။ နှလုံးသားအရတော့ မြပဝါလိုအပ်မယ်လို့ထင်မိပါတယ်။ အထင်ဟာ လက်တွေ့မှာမသေချာတဲ့ တွက်ဆမှုတစ်ရပ်ပါ။

'မောင်နေမျိုး စီးနေတဲ့ ဆိုင်ကယ်က သမီး ဝယ်ပေးထားတာဆို'

ကျွန်တော် ဘာမှ မသိခဲ့ရတာပါ မြပဝါ။ အရောင်းအဝယ်စာချုပ်ထဲမှာ မြပဝါရဲ့ လက်မှတ်နဲ့ ဆိုင်ကယ်နံပါတ်က အတိအကျပါပဲ။

'မပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ တခြားနည်းလမ်းကိုပဲ သုံးသင့်တယ်လို့ အန်ကယ် နောက်ဆုံးပြောချင်တယ် မောင်နေမျိုး'

အပြစ်မဲ့သူကို လိမ်လည်မှုကြီးဖြစ်အောင် ဖန်တီးပေးခဲ့တာလား မြပဝါ။ သံယောဇဉ်နယ်ကျွံခဲ့တယ်ဆိုရင်လည်း စေတနာ မပိုမိအောင် ကြိုးစားသင့်ပါတယ်။ မြပဝါရဲ့ လျှို့ဝှက်ထားမှုအားလုံးက မသမာသူကြောင့် ပေါ်လာခဲ့ပြီလေ။ သူဟာ ဘယ် သူ ဆို တာထဲက ကျွန်တော့်ရင်ထဲ ဘယ်လိုခံနေရမယ်ဆိုတာ မြပဝါ ကြိုတွေးသင့်တယ်။ အကျိုးအမြတ်ကို တွက်ဆတတ်တဲ့ သူဆိုရင် မြပဝါကို စောစီးစွာ ဖွင့်ပြောမိမှာပါ။ ဘယ်အမျိုးအစားထဲမှာပါတဲ့ ယောကျ်ား ဖြစ်အောင် သွတ်သွင်းခဲ့တာလဲ မြပဝါရယ်။ ပူးပေါင်းကြစည်ခြင်းလား ဒါမှမဟုတ် လက်မခံလိုသူကို လှည့်ဖြားခဲ့တာလား ဟင်။ မြပဝါနဲ့ ရှိတဲ့ခံစားမှုကို ဆိုင်ကယ်တစ်စီးနဲ့ တန်ဖိုးဖြတ်လိုက်တာပဲလေ။ ပြီးတော့ နောင်နောင်။ သူကရော...။ နှလုံးသားနဲ့ ပတ်သက်လာရင် ယှဉ်ပြိုင်မှုတိုင်းမှာ စည်းဖောက်မှုရှိသတဲ့ မြပဝါ။ ကျွန်တော် စည်းမကျော်ခင်မှာဘဲ အလဲထိုးခံရခြင်းပါ။ မြပဝါဟာ ဘယ်သူနဲ့မှ မတူတဲ့စိတ်ခံစားတတ်မှုရှိကြောင်း၊ အဆင့်အတန်းကိုမေ့ထားတတ်ကြောင်း အမေ့ကို ပြောပြဖူးတယ်။ အမေက ဥပမာပေးတယ်လေ။

မိုးကာလ ရေတွေဝိုင်းလည်နေတဲ့ရွာလေးကို ရထားပေါ်ကပဲဖြစ်ဖြစ်၊ ကားပေါ်ကပဲဖြစ်ဖြစ် မြင်ရတဲ့အခါ နေချင်၊ သွားချင်၊ လာချင်စိတ် ခဏဖြစ်သတဲ့။ ထာဝရ နေဖို့ကျတော့ စိတ်မကူးဘူးတဲ့လေ။ မြပဝါလည်း အဲဒီလိုပါပဲတဲ့။ ရေတို့မှာ စိတ်ကို အဆုံးတိုင် လွှင့်ခဲ့တာလားဟင်။ မထင်ရက်ပါဘူး မြပဝါ။ တကယ်တော့ မြပဝါနားကို မဆင်းသက်သင့်ဘူး။ ခုတော့ ကွင်းရဲ့ ခမ်းနားမှုကို ခံစားနိုင်ဖို့ စွပ်စွဲမှုက ဖျက်မရတဲ့ ဒဏ်ရာပါ။ နောင်နောင်၊ ကျွန်တော်၊ ပြီးတော့ မြပဝါရဲ့ ရင်းနှီးမှုဆက်ဆံရေးဟာ နှလုံးသားကြောင့် ပျက်လွယ်သွားတာက တကယ့်ကို စိတ်မကောင်းစရာပါ မြပဝါ။ ဘဝကြမ်းပြင်မှာ သံချက်တွေနဲ့ ပြည့်နှက်နေဆဲပါ မြပဝါရယ်။■

ပိုင်ဇွေးသန်းဝ

www.burmeseclassic.com

www.burmeseclassic.com

စာနဒီစာအုပ်တိုက်

RIVER
NG HOUSE

နဒီတိုက်ထုတ်ထွက်ရှိပြီး စာအုပ်များ



နေလင်းဝင်း

ဝိဘတ်လိုက်သော အသုံးများ စကားလုံးများ / ၁၀၀ဝိ -

ကြိယာရေးနည်းများ VERB PATTERN / ၃၀၀ဝိ -

နှစ်ဘက်လှည်းကျော်လွင်

ဗုဒ္ဓဝင်အမြဲတေ / ၄၀၀ဝိ -

လင်းထိုက်

တရားမျှတလွတ်လပ်ခြင်းနဲ့ မသွေဖို့မြေဖို့မြေ / ၁၀၀ဝိ -

တင့်ဦင်

မိုင်းစာ မိုင်းဘဝ မိုင်းစိတ်ဓာတ် / ၂၅၀ဝိ -

ရဲသွမ်း

အန်ချလိုက်တဲ့စာတွေ ပညာ့ခေတ်ဆောင်းပါးများ / ၁၂၀ဝိ -

တင်မောင်မြင့်

နိဘယ်ဆုရစာရေးဆရာ ဂျွန်စတိန်းဘတ်ဖ်၏
ဂန္ဓမာနှင့် အခြားဝတ္ထုတိုများ / ၁၅၀ဝိ -

ကျော်စွာမိုး

ပြည်သူတွေကို တောင်းပန်ရမယ်နှင့်
ဗိုလ်ချုပ်စင်ညွန့်ကိုလုပ်ကြံရန်ကြေညာသူတစ်ဦးရဲ့ဖွင့်ဟချက်
အပါအဝင်အခြားအင်တာဗျူးများ / ၃၅၀ဝိ -

တက္ကသိုလ်နေဝင်း (မြန်မာပြန်)

ဗိုလ်ချုပ်အောင်ဆန်းရေးသားသော
ဖက်ဆစ်တော်လှန်ရေးသမိုင်း / ၁၂၀ဝိ -

စာင်မိုး

အမေ့ကျောင်း ကလေးကဗျာများ / ၃၅၀ဝိ -

ရောင်စုံပုံများနှင့် အတူ ကဗျာပေါင်း ၅၇ ပုဒ် ပါဝင်သည်၊

စာင်မိုး

အမေ့ကျောင်း ကလေးကဗျာများ / ၃၅၀ဝိ -

ရောင်စုံပုံများနှင့် အတူ ကဗျာပေါင်း ၅၇ ပုဒ် ပါဝင်သည်၊

ရှိရေး–စာနဒီစာအုပ်တိုက်၊ အမှတ် –၉၇၃၊ ပျဉ်းမမြို့လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ ၊ရန်ကုန်မြို့။
ဖုန်း –၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com

ကလေးပုံပြင်ကို ဖန်တီးရေးသားမယ့် စာရေးသူဟာ ကိုယ်ရေးမယ့် ဝတ္ထု၊ ဇာတ်လမ်း၊ ပုံပြင်အတွက် စိတ်ကူးအစ (Idea) ကို ရပြီဆိုတာနဲ့ တစ်ပြိုင်နက်တည်း ပုံပြင်၊ ဇာတ်လမ်းကိုစတင်ပြီးတော့ ဖန်တီးရေးသားရပါတော့မယ်။ ပုံပြင်၊ ဇာတ်လမ်းတို့ကို ရေးသားမယ့်အချိန်မှာ ပထမဆုံး လုပ်ရမယ့်အလုပ်ကတော့ ဇာတ်ကွက် (Plot) ကို ချဖို့ပါပဲ။ ဇာတ်ကွက်ကို ဘယ်လိုချမလဲ။ ဇာတ်ကောင်တွေကို ဇာတ်ကွက်ထဲဝင်အောင်လို့ ဘယ်လို ရေးထည့်မလဲ ဆိုတဲ့အကြောင်းကို မရေးခင်မှာ ကလေးစာပေကိုရေးမယ့် စာရေးသူဟာ ကိုယ်ရေးမယ့် ပုံပြင်၊ ဇာတ်လမ်း တွေထဲက အကြောင်းအရာကို အရင်ဆုံး ချိန်ဆ တွက်ချက်ရပါတော့မယ်။

ကလေးပုံပြင်၊ ဇာတ်လမ်းကို ဖန်တီးရေးသားမယ့် စာရေးသူဖြစ်တဲ့အတွက် ဘယ်လိုအကြောင်းအရာတွေကတော့ ကလေးတို့အတွက် သင့်တော်မယ်၊ ဘယ်လိုအကြောင်းအရာကတော့ဖြင့် ကလေးအတွက် မသင့်တော်ဘူး ဆိုတာကို စာရေးသူဟာ မရေးခင်မှာ သေသေချာချာကို သိထားရပါမယ်။ ကိုယ့်စာဖတ်မယ့် ပရိသတ်ဟာ ကလေးပရိသတ်ဖြစ်တာမို့လို့ ကလေးစာပေကို ရေးသားမယ့် စာရေးသူဟာ ကလေးတို့နဲ့ မသင့်တော်တဲ့ အကြောင်းအရာတွေ ဖြစ်တဲ့ လိင်ပိုင်းဆိုင်ရာကိစ္စတွေ၊ အရက်သောက်တာတွေကို ကလေးပုံပြင်၊ ဇာတ်လမ်းတွေထဲမှာ ထည့်ပြီးတော့ ရေးသားလို့ မရပါဘူး။ လူကြီးဝတ္ထုတွေ၊ ဇာတ်လမ်းတွေထဲမှာ ဒီအကြောင်းတွေကို ဇာတ်လမ်း လိုအပ်ချက်အရ လိုရင် လိုသလို ထည့်ရေးလို့ ရပေမဲ့ ကလေးစာပေမှာတော့ ဒီအကြောင်းတွေကို ဇာတ်လမ်း လိုအပ်ချက်အရ ထည့်ရေးလို့ မရတာမို့လို့ အစကတည်းက (ဇာတ်လမ်း စဉ်းစားကတည်းက) ဒီလို အကြောင်းအရာတွေ မပါအောင် ထည့်သွင်းစဉ်းစားထားရပါမယ်။

ကလေးစာပေကို ဖန်တီးရေးသားမယ့်သူဟာ ကိုယ့်စာကိုဖတ်မယ့် ပရိသတ်ရဲ့အသက်အရွယ်ကို ချိန်ဆ တွက်ချက်ထားဖို့ သိပ်ကိုမှ အရေးကြီးပါတယ်။ ကလေးတွေအတွက် ပုံပြင်၊ ကလေးတွေအတွက် ဝတ္ထုဆိုပေမဲ့ ကလေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဘယ်အရွယ်ကလေးအတွက် ရည်ရွယ်ပြီးတော့ ရေးတဲ့ ဝတ္ထု၊ ပုံပြင်၊ ဇာတ်လမ်းလဲဆိုတဲ့ကိစ္စက

www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးတဲ့ကိစ္စပါ။ ကလေးအသက်အရွယ်တွေဟာ တစ်ယောက်နဲ့ တစ်ယောက် မတူသလို၊ အရွယ်ကိုလိုက်ပြီးတော့ စိတ်ဝင်စားမှု၊ ဉာဏ်ရည်စတာတွေကလည်း ကွာခြားသွားတတ်ကြပါတယ်။

ကိုယ်က ခုနစ်နှစ်၊ ရှစ်နှစ်ကနေ ဆယ်နှစ်အရွယ် ကလေးပရိသတ်အတွက် ရည်ရွယ်ပြီးတော့ ရေးမယ်ဆိုပါတော့။ ဒီအရွယ်ကလေးတို့ စိတ်ဝင်စားမယ့်အကြောင်း အရာဟာ ဘာတွေဖြစ်မလဲဆိုတာကို စာရေးသူက ကိုယ့်ကိုယ်ကို ခုနစ်နှစ်၊ ရှစ်နှစ် အရွယ် ကလေးရဲ့ စိတ်မွေးပြီးတော့ စဉ်းစားကြည့်ရပါတော့မယ်။ စာမရေးခင်မှာ ကိုယ်ရေးမယ့် ကလေးရဲ့အသက်အရွယ်ကိုလိုက်ပြီးတော့ ဒီအရွယ်ကလေးတွေရဲ့ အသံကို လိုက်ပြီးတော့ နားထောင်ဖို့ဆိုတဲ့ အကြောင်းကို အရင်လတွေတုန်းက ဆောင်းပါးများမှာ ကျွန်မ ရေးသားခဲ့ပြီးသားမို့လို့ အကျယ်မရေးတော့ပါဘူး။ ဇာတ်ကောင်တွေရဲ့ စိတ်ပိုင်းဆိုင်ရာ အကြောင်းကိုပဲ ကျွန်မ ဆောင်းပေးပြီးတော့ ဆွေးနွေးသွားပါ့မယ်။

ဇာတ်ကောင်တွေနဲ့
စိတ်ပိုင်းဆိုင်ရာ ခံစားချက်

ကလေးပုံပြင်၊ ဇာတ်လမ်းတွေကို ဖန်တီးရေးသားခြင်းဟာ တကယ်တော့ ရသကို ဖန်တီးတာပါပဲ။ ရသဆိုတာကို ဘယ်လိုဖန်တီးလဲ မပြောခင်မှာ ရသကို ကျွန်မတို့ ဘာကြောင့် ဖတ်လဲဆိုတဲ့ အကြောင်းကို အရင်ဆုံး ပြောပြချင်ပါတယ်။

ရသကို ကျွန်မတို့ ဘာလို့ ဖတ်သလဲဆိုရင် ခံစားချင်လို့ ဖတ်တာပါပဲ။ ကျွန်မတို့ရဲ့ နိစ္စဓုဝ တကယ့် လူမှုဘဝထဲမှာ ခံစားချက်တွေဟာ ကျွန်မတို့ လိုချင်လည်းရ၊ မလိုချင်လည်း ရနေတာပါ။ ကျွန်မတို့ဟာ နေ့စဉ် ကြုံတွေ့နေရတဲ့ အဖြစ်ပျက်တွေထဲကနေ ဝမ်းနည်းကြ၊ ပျော်ကြ၊ ငိုကြ၊ ဒေါသထွက်ရ၊ စိတ်ကြည်နူးရ၊ ရွံရှာစက်ဆုပ်ကြ၊ ရယ်မောကြ၊ ချစ်ခင်ကြ၊ သနားကြ၊ အံ့သြကြရပါတယ်။ တစ်ရက်လေးမှ ကျွန်မတို့မှာ ခံစားမှုတွေနဲ့ မတွန်းမိ၊ မတိုက်မိတဲ့နေ့ဆိုတာ မရှိကြပါဘူး။ ဘာတစ်ခုမှ မခံစားရဘဲနဲ့ စိတ်ကြီး ထုံထိုင်းနေတဲ့နေ့ဆိုတာ ကျွန်မတို့မှာ မရှိကြပါဘူး။ ကျွန်မတို့ဟာ ကိုယ်နဲ့ ထိစပ်နေတဲ့လူတွေ၊ အသုံးဆောင်ပစ္စည်းတွေ၊ သက်ရှိတွေ၊ သက်မဲ့တွေ ကနေတစ်ဆင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေကို ခံစားရပါတယ်။ ဒါဟာ သဘာဝပါ။ ကျွန်မတို့ဟာ ကိုယ်တိုင်ခံစားရသလို တစ်ဖက်သားရဲ့ခံစားမှုကိုလည်း သိလိုကြတယ်။ ခံစားလိုကြပြန်ပါတယ်။ ရုပ်ရှင်ကြည့်ပြီးတော့ မျက်ရည်ကျတာ၊ စာအုပ်လေးတစ်အုပ်ဖတ်ပြီးတော့ စိတ်ထဲမှာ ကြည်နူးသွားရတာဆိုတာဟာ တကယ်တော့ ရသ၊ကို ခံစားကြတာပါ။

> တကယ်တော့ တကယ့်အပြင်လောကမှာ မိဘတွေဟာ တစ်ချိန်လုံး ကလေးတို့ရှေ့မှာ အမှားအယွင်း မရှိတဲ့ လူတွေအဖြစ် နေနိုင်တာမဟုတ်သလို ကလေးတို့ကလည်း မိဘကို အမေပဲ အဖေပဲ ဆိုပြီးတော့ အမြဲတမ်းပဲ အကောင်းမြင်နေကြတာ မဟုတ်ပါဘူး တစ်ခါတလေမှာ မိဘ လုပ်လိုက်တဲ့ အပြုအမူလေးတွေဟာ သူတို့ကို စိတ်အနှောင့်အယှက် ဖြစ်သွား တတ်တာမျိုးလည်း ရှိတတ်ပါတယ်

ကလေးပုံပြင်ပဲ ရေးရေး၊ လူကြီးဇာတ်လမ်းပဲ ရေးရေး ရသ၊ကို ဖန်တီးတဲ့ စာရေးဆရာဟာ ဇာတ်ကောင်တွေ ကို ဖန်တီးတဲ့အချိန်မှာ ရသ၊ကိုပေါ်အောင် လို့ ဖန်တီးဖို့ လိုပါတယ်။ စာရေးသူ ဖန်တီးတဲ့ ဇာတ်ကောင်ဟာ ခံစားမှု မရှိတဲ့ သစ်တုံးကြီး မဖြစ်ရပါဘူး။ အပြင်က ကျွန်မတို့လိုပဲ နိစ္စဓုဝ အဖြစ်တွေကနေ ခံစားတတ်တဲ့၊ ခံစားနိုင်တဲ့၊ ခံစားမှုစွမ်းရည်ထက်တဲ့(လူနဲ့တူတဲ့ ဇာတ်ကောင် ဖြစ်ရပါမယ်။) သူတို့ဟာ ကျွန်မတို့ အပြင်မှာလိုပဲ ဝတ္ထုဇာတ်လမ်းတွေထဲမှာ ဇာတ်ကောင်အချင်းချင်း၊ သက်ရှိသက်မဲ့တွေအချင်းချင်း တွေ့ထိကြရပါတယ်။ ဒီတွေ့ထိမှု (အဖြစ်အပျက်တွေကနေ) စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေကို ကျွန်မတို့လိုပဲ သူတို့လည်း ခံစားရပါတယ်။ ဇာတ်ကောင်တွေရဲ့ ဒီခံစားမှုကို စာဖတ်သူ မြင်အောင်လို့(ခံစားမှုကူးစက်နိုင်အောင်လို့) စာရေးသူဟာ ဖန်တီးရေးသားရမှာပါ။

ပုံပြင်၊ ဇာတ်လမ်းထဲက ဇာတ်ကောင်တွေဟာ အပြင်က တကယ့် လူသက်ရှိတွေလို ခံစားတတ်တဲ့ ဇာတ်ကောင်တွေဖြစ်ဖို့အတွက် ကျွန်မတို့ဟာ ဇာတ်ကောင်နဲ့လိုက်တဲ့ အခင်းအကျင်းတွေ၊ အဆာပလာတွေ လိုလာပါဦို့။ ကလေးပုံပြင်ထဲက ကလေးဇာတ်ကောင်ရဲ့ ဝန်းကျင်(အခင်းအကျင်း၊ အဆာပလာ)တွေက ဘာတွေဖြစ်မလဲဆိုတာကို ကျွန်မတို့ စဉ်းစားကြည့်ရအောင်ပါ။ စာရွက်တစ်ရွက်ထဲမှာ ချရေးကြည့်ရအောင်ပါ။

ဇာတ်လမ်းထဲက ဇာတ်ကောင်(ကလေးမှာ) အပြင်က ကလေးတွေလိုပဲ မိသားစု ရှိမယ်။ သူငယ်ချင်း ရှိမယ်။ ပတ်ဝန်းကျင်(မိဘ၊ မောင်နှမ၊ သူငယ်ချင်း၊ အိမ်နီးနားချင်း စသူတို့ရဲ့) ဝေဖန်သံ၊ ချီးကျူးသံ စတာတွေကို အပြင်က ကလေးတွေ ကြုံရသလိုပဲ ကြုံရနိုင်တယ်။ မိဘတွေ ကွာရှင်းတာ၊ အိမ်မှ ကြောင်သေ၊ ခွေးသေတာကစလို့ ကိုယ် ချစ်တဲ့တစ်ယောက်ယောက်နဲ့ သေကွဲကွဲရတာလည်း ခံစားရနိုင်ပါတယ်။ ပြီးတော့ သူတို့ဆီမှာ သူတို့ချစ်တဲ့ တိရစ္ဆာန်

www.burmeseclassic.com

www.burmeseclassic.com

လေးတွေ ရှိမယ်။ တက်နေတဲ့ကျောင်း ရှိမယ်။ ကျောင်းပြောင်းတာ၊ အိမ်ပြောင်းတာ စတာတွေကိုလည်း သူတို့ ကြုံရနိုင်တယ်။ အားကစားလုပ်တာ၊ ကွန်ပျူတာဂိမ်းကစားတာ၊ တီဗွီကြည့်တာတွေလည်း လုပ်တတ်ကြတယ်။ ကျောင်းမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် သူတို့ကို အနိုင်ကျင့်တတ်တဲ့ ကလေးတစ်ယောက်တလေလည်း ရှိချင်ရှိနေဦးမှာပါပဲ။ သူတို့ဟာ မတော်တဆ ချော်လဲလို့ ဒဏ်ရာရတာမျိုး၊ နေမကောင်းတာမျိုးလည်း ကြုံရနိုင်တာပါပဲ။ အခု ကျွန်မရေးထားတဲ့ အချက်တွေဟာ အသက်ခုနစ်နှစ်ကနေ ဆယ့်တစ်နှစ်အရွယ် ကလေးများမှာ ကြုံရတတ်(ကြုံရနိုင်)တဲ့ အဖြစ်များပါ။ ဒါတွေ အကုန်လုံးကို စာအုပ်ထဲမှာ ချရေးရမယ်လို့ မဆိုလိုပါဘူး။ ကလေးဇာတ်ကောင်ကို ဖန်တီးတဲ့အချိန်မှာ ကလေးတို့ ကြုံရမယ့် ကလေးအနားက ဝန်းကျင်၊ အဖြစ်အပျက်တွေဟာ တကယ့် အပြင်မှာ ကလေးတို့ ကြုံတွေ့ရမယ့် ဝန်းကျင်၊ အဖြစ်အပျက်နဲ့ တူနေစေဖို့ ဖန်တီးပေးရမယ်လို့ ဆိုလိုတာပါပဲ။ အပြင်က ကလေးနဲ့ စာအုပ်ထဲက ကလေးဟာ တစ်ထပ်တည်း တူစရာ မလိုပါဘူး။ ဒါပေမဲ့ သဘာဝကျရပါမယ်။ ဒီအခင်းအကျင်းတွေက သဘာဝကျပြီဆိုမှသာ ဒီအခင်းအကျင်းတွေနဲ့ ထိစပ်ပတ်သက်ပြီးတော့ ဖြစ်လာတဲ့ အဖြစ်အပျက်တွေပေါ်မှာ ဇာတ်ကောင်တွေ ခံစားတဲ့ ခံစားမှုလည်း သဘာဝကျလာမှာပါပဲ။

ခံစားမှု

ကလေးပုံပြင်၊ ဇာတ်လမ်းတွေကို ရေးတဲ့အချိန်မှာ စိတ်ပိုင်းဆိုင်ရာ ခံစားမှုက လူကြီးဇာတ်လမ်းတွေကို ရေးသလိုမျိုး ရသ၊ ကိုးပါးလုံးကို အကုန်ပါအောင်လို့ ရေးလို့ မရပါဘူး။ ရေးချင်တာရေး ရသ၊ ပါရင်ပြီးရော ဆိုပြီးတော့လည်း ရေးလို့မရပါဘူး။ ကိုယ်ရေးမယ့် ကလေးအရွယ်ကိုလိုက်ပြီးတော့ ကလေးဘယ်လောက်ထိ ခံစားနိုင်လဲ (ခံစားမှုကို သိနိုင်သလဲ)ဆိုတာကို ချိန်ဆ၊ တွက်ဆပြီးတော့မှ ရေးရမှာပါ။

စိတ်ပိုင်းဆိုင်ရာ ခံစားမှုနဲ့ ပတ်သက်ပြီးတော့ ကလေးတို့ဟာ ပျော်တာ၊ ဝမ်းနည်းတာ ၊ ဆုံးရှုံးရတာ၊ ကြည်နူးတာ၊ စိတ်မလုံမခြုံခံစားရတာ၊ ကြောက်တာ၊ ဒေါသထွက်တာ၊ ချစ်တာ၊ မုန်းတာ၊ စိတ်ပိုင်း ရုပ်ပိုင်း နာကျင်တာ စတာတွေကို ခံစားတတ်ကြပါပြီ။

ကလေးပုံပြင်၊ ဇာတ်လမ်းတွေထဲမှာ ဆုံးရှုံးရတာ၊ ဝမ်းနည်းရတာတွေကိုရော ထည့်လို့ရသလားဆိုတဲ့ မေးခွန်းဟာ ကလေးပုံပြင်ဖန်တီးမယ့် စာရေးသူအတွက် မေးကိုမေးရမယ့် မေးခွန်း ဖြစ်လာပါတယ်။ ရှစ်နှစ်ကနေ ဆယ်နှစ်အတွင်း ကလေးတို့အတွက် ရေးမယ့် ဝတ္ထု၊ ပုံပြင် ဇာတ်လမ်းများမှာတော့ ကလေးတို့ ကြောင်ကလေး လုံးလုံးပျောက်ပြီးတော့ ပြန်မတွေ့တော့တဲ့ ဇာတ်လမ်းမျိုး၊ အမေသေသွားပြီးတော့ အဖေနဲ့ပဲ နေခဲ့ရတဲ့ ဇာတ်လမ်းမျိုးကို ရေးလို့ ရနေပါပြီ။ တကယ့် အပြင်က လူ့ဘဝမှာ ဘယ်သူ့ ဘဝကမှ အမြဲတမ်း ချည်းပဲ ပျော်နေရတယ်ဆိုတာမျိုး မရှိပါဘူး။ ဒါကြောင့်မို့လို့ ကလေးတို့ အတွက်ရေးတဲ့ ပုံပြင်ဇာတ်လမ်းထဲမှာလည်း တကယ့် လူ့ဘဝမှာ ကြုံရနိုင်တဲ့ အဖြစ်မျိုး (ဝမ်းနည်းစရာများ)ကို ထည့်သွင်းရေးခြယ်လို့ ရပါတယ်။

ကျွန်မတို့ဆီက ကလေးပုံပြင်၊ ဇာတ်လမ်းတွေထဲမှာဆိုရင်ဖြင့် ကလေးမိဘတော်တော်များများကို ဇာတ်လမ်းထဲမှာထည့်ရေးတဲ့အခါ မိဘတွေကို ဘာအပြစ်အနာအဆာမှ မရှိတဲ့လူများအဖြစ် ရေးဖွဲ့တတ်ကြတာ များပါတယ်။ မိဘ အမှားလုပ်မိရင်တောင်မှ မိဘမို့လို့ ခွင့်လွှတ်ရမယ်ဆိုတာမျိုး ရေးဖွဲ့တတ်ကြပါတယ်။ တကယ်တော့ တကယ့် အပြင်လောကမှာ မိဘတွေဟာ တစ်ချိန်လုံး ကလေးတို့ရှေ့မှာ အမှားအယွင်း မရှိတဲ့လူတွေအဖြစ် နေနိုင်တာမဟုတ်သလို၊ ကလေးတို့ကလည်း မိဘကို အမေပဲ၊ အဖေပဲဆိုပြီးတော့ အမြဲတမ်းပဲ အကောင်းမြင်နေကြတာ မဟုတ်ပါဘူး။ တစ်ခါတလေမှာ မိဘ လုပ်လိုက်တဲ့ အပြုအမူလေးတွေဟာ သူတို့ကို စိတ်အနှောင့်အယှက် ဖြစ်သွားတတ်တာမျိုးလည်း ရှိတတ်ပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံများက နာမည်ကျော် ကလေးပုံပြင်၊ ဇာတ်လမ်းများမှာတော့ ကလေးဇာတ်လမ်းတွေထဲက မိဘများဟာ အပြင်က မိဘများလိုပဲ ကောင်းတာလည်း ရှိကြသလို၊ ဆိုးတာလည်း ရှိကြတာပါပဲ။ မိဘဇာတ်ရုပ်ရဲ့စရိုက်ကို ကောင်းတာကိုရော၊ ဆိုးတာကိုပါ ဖော်ပြတာကို တွေ့ရပါတယ်။

ဥပမာအားဖြင့် ပြောရမယ်ဆိုရင် နာမည်ကျော် ကလေးဇာတ်လမ်းတစ်ခုဖြစ်တဲ့ **Wimpy Kids** ပဲ ဆိုပါတော့။ Wimpy Kids ရဲ့ ဖေဖေဟာ မုန့် ခိုးစားတတ်ပါတယ်။ အိမ်ကမုန့်တွေ ပျောက်ပျောက်ကုန်တာကို သူ့အစ်ကို စားလား၊ သူညီ စားလားလို့ Wimpy Kids က ချောင်းဖမ်းတဲ့အချိန်မှာတော့ သူ ဘယ်လိုမှ မထင်ထားတဲ့ သူ့အဖေ ဖြစ်နေတာမျိုးပါ။ Wimpy Kids ရဲ့ အမေက ကျောင်းက ပရောဂျက်အတွက် ပေးလိုက်တဲ့ ကြက်ဥကို မသိဘဲ ကြော်ပစ်လိုက်လို့ သူ စိတ်အနှောင့်အယှက် ဖြစ်ရတဲ့ အဖြစ်ပျက်မျိုးတွေ၊ Wimpy Kids အမေက မနက်သွား ညပြန် အိမ်အလုပ်သမားကို သိပ်ယုံတာ၊ အိမ်အလုပ်သမားက လူလည်ကျနေတာကို မသိဘဲနဲ့ နောက်ဆုံးမှ သိရတာမျိုးတွေပါ။ တကယ်တော့ ဒီလို အဖြစ်အပျက်ဆန်ဆန်မျိုးတွေကို ကလေးတို့ဟာ သူတို့ကိုယ်တိုင်လည်း သူတို့အိမ်မှာ ကြုံတွေ့ရတတ်တာမို့လို့ **Wimpy Kids** ထဲက အမေနဲ့အဖေရဲ့အကြောင်းကို ဖတ်ရတာဟာ သူတို့အိမ်က အမေနဲ့အဖေရဲ့ အကြောင်းကို ဖတ်နေရသလိုပဲလို့ သူတို့စိတ်ထဲမှာ ခံစားရစေပါတယ်။

သဘာဝလွန် ဇာတ်လမ်းများနဲ့ သဘာဝယုတ္တိ

ကလေးတို့အကြောင်း ရေးမယ့် ဇာတ်လမ်းထဲက အကြောင်းအရာဟာ သဘာဝကျရမယ်လို့ ပြောတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

ကလေးတို့ ဖတ်ဖို့ သဘာဝလွန် ပုံပြင်၊ ဇာတ်လမ်းများကို ရေးတဲ့ အချိန်မှာရော ဘယ်လို ရေးရမလဲလို့ မေးစရာ ဖြစ်လာပါပြီ။ သဘာဝလွန်ပဲဖြစ်ဖြစ်၊ သဘာဝမလွန်တဲ့ ပုံပြင်၊ ဇာတ်လမ်းပဲဖြစ်ဖြစ် ဇာတ်လမ်းထဲမှာပါတဲ့ လူ၊ ခံစားချက်၊ အခင်းအကျင်း စတာတွေ အားလုံးဟာ ကလေးတို့ နေ့စဉ် ကြုံတွေ့၊ မြင်ကြား၊ သိရှိ၊ ခံစားနေရတဲ့အရာတွေကို ကျော်ပြီးတော့ ဘယ်ဟာကိုမှ ရေးဖွဲ့လို့မရပါဘူး။

ဥပမာ အားဖြင့် ပြောရမယ်ဆိုရင် အခု နာမည်ကျော် ဇာတ်လမ်းတစ်ခု ဖြစ်တဲ့ **ဟယ်ရီပေါ်တာ** ပဲ ဆိုကြပါစို့။ **ဟယ်ရီပေါ်တာ**ထဲမှာ တံမျက်စည်းနဲ့ မိုးပျံလို့ရပေမဲ့ ဇာတ်လမ်းထဲက ဇာတ်ကောင် တစ်ယောက်ချင်းစီရဲ့ ခံစားမှုတွေကိုရေးတဲ့အချိန်မှာတော့ **ဟယ်ရီပေါ်တာ** ရေးသူဟာ ရိုးရိုးဇာတ်လမ်းတွေကို ရေးတဲ့ စာရေးသူများလိုပဲ မနာလိုမှု၊ ဝမ်းနည်းမှု၊ ပျော်မှု စတာတွေကို မှော်ကျောင်းသားတွေပေမဲ့ ဇာတ်ကောင် တစ်ယောက်ချင်းစီအလိုက် လူရိုးရိုးတွေ ခံစားတဲ့အတိုင်း ရေးဖွဲ့ရတာပါပဲ။ မှော်ကျောင်းပေမဲ့ ကျောင်းအုပ်၊ ကျောင်းသား စတဲ့ အပြင် အခင်းအကျင်းနေရာများကိုလည်း ဇာတ်လမ်းရေးဖွဲ့သူဟာ အပြင်က ကျောင်းပုံစံ အခွံတိုင်းယူပြီးတော့ ရေးရတာပါပဲ။ ဆိုလိုချင်တာက ကျွန်မတို့ဟာ ဇာတ်လမ်းကို ရေးဖွဲ့တဲ့ အချိန်မှာ ဇာတ်အခင်းကျင်းကို နတ်ပြည်မှာပဲ တည်တည်၊ လပေါ်မှာပဲ တည်တည် တည်လို့ရတယ်။ လူတွေ လမ်းမလျှောက်ဘဲနဲ့ မိုးပေါ်ပျံဆိုလည်း ပျံခိုင်းလို့ရပါတယ်။ ဒါပေမဲ့ ဇာတ်ကောင်တွေရဲ့ စိတ်ခံစားချက်ကို ရေးဖွဲ့ချိန်မှာတော့ ရိုးရိုးဇာတ်လမ်းတွေထဲက ဇာတ်ကောင်တွေနဲ့ မတူအောင်လို့ ခံစားချက်ကို အတောင်ပံ တပ်ပေးလို့ မရပါဘူး။ ခံစားမှုတွေကိုတော့ တူအောင်၊ ခံစားအောင် ရေးကို ရေးရပါမယ်။

အရုပ်ကလေးတွေက စကားပြောတာ၊ ဟိုး မြေအောက်ကမ္ဘာထဲကို ရောက်သွားတာ ဆိုတဲ့ စိတ်ကူးယဉ် ပုံပြင်၊ ဇာတ်လမ်းလေးတွေကို ကလေးတို့ ကြိုက်ကြပါတယ်။ အဲဒီ ပုံပြင်၊ ဇာတ်လမ်းတွေထဲမှာရှိနေတဲ့ သစ်ပင်ကြီးများဟာ လူတွေလိုပဲ ခံစားတတ်တာ၊ စကားပြောတတ်တာတွေ၊ ပန်းပွင့်လေးတွေဟာလည်း လူတွေလိုပဲ ခံစားတတ်၊ စကားပြောတတ်တာတွေကို ဖတ်ရတာမျိုးကို ကလေးတို့ ကြိုက်ကြပါတယ်။ အဲဒီနေရာမှာ ပုံပြင်၊ ဇာတ်လမ်းကို ဖန်တီးရေးသားသူများအနေနဲ့ တစ်ခု သတိပြုရမှာက ကျွန်မတို့ဟာ သဘာဝလွန် ဇာတ်ကောင်တွေကို ဖန်တီးခြင်းဟာ ကျွန်မတို့ ကလေးကို ပြောချင်တဲ့အကြောင်းတွေကို သဘာဝလွန် ပုံပြင်၊ ဇာတ်လိုက်တွေရဲ့ ပါးစပ်ထဲကို ထည့်ပေးပြီးတော့ သူတို့ကနေ တစ်ဆင့် ပြောခိုင်းဖို့ မဟုတ်ဘူးဆိုတာပါပဲ။ ဥပမာအားဖြင့် ပန်းပွင့်လေးက ပုံပြင်ထဲမှာ စကားပြောတယ် ဆိုပါတော့။ ပုံပြင်ရေးသူဟာ ကလေးတွေ ပန်းကို လွယ်လွယ် မခူးရဘူးဆိုတဲ့ ဆုံးမစကားကို ပြောချင်ပါတယ်။ ဒါကြောင့် မီးမီးက ပန်းပွင့်လေးကို ခူးလိုက်တဲ့အချိန်မှာ ပန်းပွင့်လေးက 'အမယ်လေး နာလိုက်တာရှင်'။ ရှင်တို့ လူတွေဟာ တော်တော် ရက်စက်ကြပါလား။ ကျွန်မကို ခူးဖဲ့လိုက်ကြတာ၊ တကယ်တော့ ကျွန်မလည်း အသားနာတတ်တယ်' ဆိုတာမျိုးကို ပြောခိုင်းတာမျိုးပါ။ ဒီလို အပြောမျိုးကို ကလေးတွေ သိပ်မုန်းကြပါတယ်။ ကလေးတို့ပုံပြင်တွေ၊ ဇာတ်လမ်းတွေ ဖတ်တယ်ဆိုတာဟာ အဆုံးအမ၊ခံချင်လို့ မဟုတ်ပါဘူး။ ခံစားချင်လို့ပါ။ ပုံပြင်ထဲ ဇာတ်ကောင်တွေရဲ့ခံစားချက်အတိုင်း ပျော်တာ၊ ဝမ်းနည်းတာ စတာတွေကို ခံစားချင်ကြပါတယ်။ ဒါကြောင့် ဖတ်ကြတာပါ။

လူကြီးတွေဆီကနေ ကြားရလွန်းလို့ စိတ်ပျက်စရာကောင်းတဲ့ ဆုံးမစကားတွေကို ကလေးတို့ကို ပုံပြင်တွေထဲက ဇာတ်ကောင်တွေထဲကနေ တစ်ဆင့် နားမထောင်ချင်ပါဘူး။ ပုံပြင်ထဲက ဇာတ်ကောင်ဟာ သူတို့နဲ့ တူပြီးတော့ သူတို့ကြုံတွေ့ရတဲ့ အဖြစ်အပျက်မျိုးတွေကို ကြုံနေရတာမျိုးကို သူတို့ ပိုကြိုက်ပါတယ်။ သူတို့ ခံစားရသလို ခံစားရတာမျိုးကို သူတို့ ပိုကြိုက်ပါတယ်။

ဥပမာ **Beezus and Ramona** မှာလည်း အစ်မဖြစ်သူ Beezus က ညီမလေး Ramona ရဲ့ အပြုအမူနဲ့ ပတ်သက်ပြီးတော့ စိတ်လည်း ရှုပ်ရ ညစ်ရသလို ရယ်လည်း ရယ်ရတဲ့အကြောင်းကို ရေးထားပါတယ်။ Beezus ခံစားရတဲ့ စိတ်ခံစားချက်များဟာ အိမ်မှာ အငယ်ရှိသူ အစ်မတွေ၊ အစ်ကိုတွေ တိုင်း ခံစားရတတ်တဲ့ ခံစားချက်များမို့လို့ ဒီဇာတ်လမ်းဟာ ကလေးလောကမှာ သိပ်ကိုမှ အောင်မြင်တဲ့ ဇာတ်လမ်းပါ။

ကလေးပုံပြင်ကို ဖန်တီးရေးဖွဲ့မယ့် စာရေးသူဟာ ကလေးပုံပြင်ကို ရေးဖို့ အတွက် စိတ်ကူးစိတ်သန်း (အိုင်ဒီယာ) ကိုလည်း ရပါပြီ၊ ဒီအထဲမှာ ရေးမယ့် အကြောင်းအရာအကြောင်းကိုလည်း ကလေးအရွယ်နဲ့ သင့်တော်တာကို စဉ်းစားရွေးချယ်ပြီးပြီ၊ ဇာတ်ကောင်တွေရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေကို ထည့်သွင်းရေးဖွဲ့ဖို့ကိုလည်း ပြင်ဆင်ပြီးပြီဆိုရင်တော့ဖြင့် ဇာတ်ကွက်(Plot)ကို ချရပါတော့မယ်။ ဇာတ်ကွက်(Plot)ကို ဘယ်လိုချမလဲ။ ကလေးပုံပြင်၊ ဇာတ်လမ်းတွေထဲမှာ လှည့်ကွက်(twist)ကို ထည့်သုံးရမလား၊ မသုံးရဘူးလားဆိုတာကိုတော့ ရှေ့လမှပဲ ကျွန်မ ဆက်လက်ဆွေးနွေးပါဦးမယ်။

■

ခေတ်ဘုန်းသစ်

Ref: How to write a Great Children books by Robyn Opie Parnel. Writing Children's Fiction by Linda Newbery and Yvonne Coppard. Children Writing Stories by Michael Armstrong

www.burmeseclassic.com

www.burmeseclassic.com

ယေရွယ်စဉ်
ကလေးဘဝ
ကျောင်းသူအရွယ်က
အတန်းတိုင်း၌
မဟုတ်သော်ငြား
ပညာရည်ထူးချွန်ဆုများ
ကြိုးကြားကြိုးကြား
ကျွန်မ ရရှိခဲ့ဖူးသည်။
ထိုစဉ်ကာလကတည်းက
ခေတ်မီနားလည်ခဲ့သော
မိဘနှစ်ပါးက
ပညာရေးတွင်
အတင်းအကျပ်
ဖိအားပေးခြင်း မရှိခဲ့။
မိမိကိုယ်တိုင်
ပညာကို သင်ယူမှုရမည်၊
မိမိလုပ်ရပ်၏အကျိုးကို
မိမိသာ ခံစားရမည်၊
မိမိလုပ်ရပ်ကြောင့်
မိမိကိုယ်တိုင်သာမက
မိမိဝန်းကျင်၌ပါ
အကျိုးမရှိ မဖြစ်စေရ
ဟူသည့် စိတ်ကိုသာ
နှလုံးသားထဲတွင်
စွဲထင်အောင်
လေ့ကျင့်ပေးခဲ့သည်။
ထို့ထက် ပို၍ လူတိုင်းကို
စာနာတာရှာဖြင့်
မြင်၊ ကြည့်၊ ခံစား၊
နားလည်ပေးတတ်ရန်နှင့်
စေတနာမျိုးစေ့မှ
ရှင်သန်ပေါက်ဖွားလာမည့်
ဝိတိကို စားသုံးတတ်ရန်
ပျိုးထောင်ပေးခဲ့သည်။
သို့သော် ကလေးဝိဝိ
ပညာရည်ချွန်ဆု
ရရှိခြင်းအပေါ် အပျော်ကြီး
ပျော်ခဲ့လေသလား။
ကျွန်မ မမှတ်မိတော့ပေ။
ကျွန်မက ဉာဏ်လေး
ကောင်းသလို ရှိသော်ငြား
စည်းကမ်းတကျ
အပတ်တကုတ်

ရဲမစာတမ်း
အမှတ် ၃၁၀၊ စက်တင်ဘာ ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

အပိုဆုပါ ရခဲ့သည်

ကြိုးစားခဲ့သူတော့ မဟုတ်ခဲ့ပေ။
အထူးသဖြင့် ပုံစံခွက်၊ ဘောင်၊
စည်းမျဉ်းများအောက် တင်းကျပ်စွာ
နေပြီးမှ ရလာသည့်အောင်မြင်မှုထက်
လွတ်လပ်သည့်စိတ်ဖြင့် မိမိကိုယ်တိုင် ဖန်တီးမှုမှ
ရလာသည့် ရလဒ်ကို မည်မျှပင် သေးကွေးစေကာမူ
ပို၍ခုံမင်၏။ တက္ကသိုလ်ကျောင်းသူဘဝ၏
နှောင်းပိုင်းကာလများတွင် ပညာရည်ထူးချွန်ဆုများ
ရယူခဲ့ဖူးသည်။ မဟာဝိဇ္ဇာ တက်ရောက်ခွင့် ရရှိခဲ့သော်ငြား
ဆရာများနှင့် တိုင်ပင်၍
ဆက်တက်ခွင့်ကို ရပ်ခဲ့သည်။
ကျွန်မတို့ခေတ် ၈၈ မျောက်ပိုင်း
ဘက္ကသိုလ်ကျောင်းသုဘဝက
ကျောင်းပရိဝုဏ်အသိုးသိုးတွင်
သို့တင်နှင့် ကျောင်းတက်ရန်း
ဘာလတို့အတွင်း
လွယ်လွယ်ပြင့် ရလာသည့်ဘွဲ့များဆေး
ကျွန်မ ဆက်၍ ၁သဘာဘဝိုခဲ့ပါ။ ထို့ထက်ပို၍
အရေးကြီးသည်က ကျောင်းပိတ်ရက်ရှည်များမှောက်ပိုင်း
ပိသားဝုဒ်၏ စားဝတ်နေရေးအလို့ငှာ လုပ်ငန်းခွင်တွင်းသို့
ဝင်ရောက်ပို့ ဦးစားပေးခဲ့ရခြင်း၏။ အလုပ်အစပ်ဖြင့်
ကျောင်းတက်ခဲ့ရရှိပို့များသည့် ဘဝရပ်တည်မှုဆွတ်
ရွေးချယ်ခွင့်ပရခဲ့ရိုးများ ပြဿနာဘဝ
အစဲလျောက် ရရှိခဲ့သော ဆုတံဆိပ်များ၊
ဆုကတဲပြားများသည့် သိမ်းဆည်းထားသည်ထိုရှုထက်
ဝပို့သော အနေအထားဖြင့် ဒီရိုးဆွဲထဲ၌
ရှိနေခဲ့ကြသော်လည်း ထိုပညာရည်ချွန်ဆုတံဆိပ်များသည်
ကျွန်မဘဝ၏ ရပ်တည်မှုဆွတ်
ကျွန်ုပ်လောက်သည့် အထောက်အပံ့တစ်ခုအထိ
ဖြစ်မလာခဲ့သည်ကတော့ သေချာခဲ့ပါသည်။

အရိုန်အဝါ
ကြီးလွန်းသော
စာပေဆုဆိုက်ကွာ
ငြင်းမားလွန်းသော
ရွှေအပြုံတော
စာပေဆုပေးပွဲ၏
ညချမ်းတွင် ကျွန်ုပ်သည့်
ဆွေးစေးများ တလိမ့်လိမ့်
ပြန်နေခဲ့ဟုဇ်၏
ထိုနေ့ မနက်ပိုင်း မှန့်လာပြုမှ
ဆရာမ ဆောင်းမာန်၏
ဟုန်းမှာ ကျင်းပသည့်
စာအုပ်ဆိုင်ဆက်ပွဲကို
တက်ခဲ့ဖွဲ့အခါန်ထိ
ကျွန်ုပ်အတွက် ထိုနေ့
ညနေ ၆ နာရီတွင်ကျင်းပမည့်
ရွှေအပြုံတော စာပေဆုပေးပွဲ
တက်ရောက်ပို့
အရိပ်အယောင်မျှပင်
အခွင့်အလမ်းမရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းခွင်သို့ ရောက်ပြီး လုပ်သက် ၃ နှစ်ကျော်ခြိန်တွင် သူငွေးချီးမြှင့်သည့် ဆုကြေးများ၊ ဆုအဖြစ် ပြည်ပနိုင်ငံများသို့ အပျော်ခရီးထွက်ခွင့်များ ရရှိခဲ့ပြန်သည်။ သို့သော် လုပ်ငန်းခွင်အတွင်း လုပ်သက် ၁၀ နှစ်အထက် ကြာမြင့်လာသည်နှင့်အမျှ နှစ်စဉ်ရ ဆုကြေးများ၊ ပရိုမိုးရှင်းများ၊ ငြင်းပယ်ခဲ့သော မသမာကြေးများထက် လုပ်ငန်းနယ်ပယ်ဝန်းကျင်တွင် ကောင်းမွန်သော အလုပ်ဂုဏ်ဖြင့် နာမည်ပျက်မရှိဘဲ ရပ်တည်နိုင်ခဲ့သည်က ကျွန်မအတွက် ဆုလာဘ်ထက် ပို၍ တန်ဖိုးထားစရာဖြစ်ခဲ့ပြန်သည်။

ဟိုစပ်စပ် ဒီစပ်စပ် ပါဝင်တတ်သော ကျွန်မသည် သက်ကြီးရွယ်အို စောင့်ရှောက်ရေး အွန်လိုင်း ပရဟိတ အဖွဲ့တွင်လည်း စိတ်အား ကိုယ်အား ဖြည့်ကာ အချိန်ကာလတစ်ခုအထိ ပါဝင်လုပ်ခဲ့ရင်း အဖွဲ့မှပေးအပ်သော ဆုတံဆိပ်လေးတစ်ခု လက်ခံရရှိခဲ့ဖူးသည်။ ထိုဆုလေးသည် လက်တစ်ထွာသာသာ အမြင့်ရှိသည့် သမားရိုးကျ ဆုတံဆိပ်လေး ဖြစ်သော်ငြား၊ ယခင်လို ဗီရိုအံဆွဲထဲတွင် ထည့်ပိတ်၍ သိမ်းမထားဖြစ်ခဲ့ပါ။ ဧည့်ခန်းရှိ စာအုပ်စင်လေး၏အပေါ်ဆုံးထပ်တွင် ထိုဆုရုပ်တုလေးကို ကျွန်မ ဂုရုတစိုက် နေရာချဖြစ်ခဲ့သည်။ ထိုရုပ်တုလေးကို မြင်နေသမျှ ကျွန်မ၏ သက်လတ်ပိုင်းအရွယ် ဘဝဖြတ်သန်းမှုတွင် လူမှုရေးလုပ်ငန်းများကို ထို့ထက်ပို၍ ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းမိခဲ့ပြန်၏။ မိမိကိုယ်တိုင် ပေးဆပ်လိုက်ခြင်းမှ တစ်ဖန် ပြန်လည်ရရှိသော အရာက လက်ဆုပ်လက်ကိုင် အကောင်အထည် ဖော်မပြနိုင်သော်ငြား ထုထည်ပမာဏက ကြီးမားလှသည့်အတွက် ထိုရုပ်တုလေးက ကျွန်မဘဝအတွက် ပထမဆုံး တန်ဖိုးမဖြတ်နိုင်သော ဆုတံဆိပ်လေး ဖြစ်ခဲ့သလို၊ ရင်ကို ပထမဦးဆုံး ထိခတ်စေခဲ့သော ဆုလည်း ဖြစ်ခဲ့သည်။ ❑

ငယ်စဉ် အသက် ၁၉ နှစ်ကျော်

ဆရာမ မြူမြူက ဆုသတင်းပါ စာအိတ်ဖောက်ရန် စင်ပေါ် တက်သွားလေ့ကြို ကျွန်မကား စိတ်နှင့်လူ မကပ်တော့ကြို 'အနန္တစကြဝဠာ အနန္တသတ္တဝါတို့' အစရှိသည့် ကြေညာသံသဲ့သဲ့ကို ငြာသံပေးသံများကြားမှ ကြားလိုက်ချိန်တွင် ကျွန်မ ဦးတွေ တဆတ်ဆတ် တုန်လာကာ မတ်မတ်ရပ်နိုင်ဖို့ မနည်းပင် အားတင်းရ၏

ကာလက ၀ါသနာအရင်းခံ၍ ကာလတို တစ်ခုၦ စာပေနယ်သို့ ရောက်ဖြစ်ခဲ့ပြီး စာပေနယ်ပယ်နှင့် အတန်ကြာ ဝေးကွာသွားခဲ့ပြန်ရာမှ၊ အသက် ၄၀ ကျော် အရွယ်ပြန်လည်ခြေချဖြစ်ချိန်တွင် စာပေနှင့် ပတ်သက်သည့် အမှတ်တရရုပ်တုလေးများ ရခဲ့ဖူး၏။

၁၉၉၀ ပြည့်နှစ်၊ ကျွန်မအသက် ဆယ့်ကိုးနှစ်သမီးအရွယ် အစောပိုင်းကာလများတွင် ပေဖူးလွှာမဂ္ဂဇင်း ကလောင်ငယ်ကဏ္ဍတွင် ကဗျာတစ်ပုဒ် ပါခဲ့ရာမှ အစပြု၍ ကျွန်မ၏၀တ္ထုတို သုံးပုဒ်မျှ ထပ်မံဖော်ပြခံခဲ့ရဖူး၏။ ထို နောက်ပိုင်း စာပေကင်ပေတိုင်ဟု တင်စားခေါ်ကြသည့် စာပေစိစစ်ရေး၏တင်းကျပ်မှုအောက်၀ယ် ကျွန်မ၏ကလောင်နုနုလေးမှာ ဗုန်းဗုန်းလဲခဲ့၏။ ၀တ္ထုတို လေးများမှာ စာပိုဒ်လိုက်ဖြုတ်ခံရ၊ ပယ်ခံရဖြင့် မိမိရင်မှ မွေးထုတ်ထားသည့် သားသမီးများကို ခြေလက်အဖြတ်ခံရသကဲ့သို့ ခံစားရသဖြင့် စာရေးခြင်းအမှုကို ရပ်ဆိုင်းလိုက်ပြီး ၂၀၀၉ ခုနှစ် နောက်ပိုင်းကာလများတွင် ညီအစ်မကဲ့သို့ ချစ်ခင်ရသည့် ဘလော့ဂါ ချော (အစိမ်းရောင်လွင်ပြင်)၏ တိုက်တွန်းကူညီအားပေးမှုဖြင့် ကာလများစွာ ရပ်တန့်ခဲ့သော စာရေးခြင်းကို အွန်လိုင်းပေါ် ဘလော့ဂ်တွင် ဘလော့ဂါတစ်ဦးအဖြစ် ပြန်လည်၍ အသက်သွင်းဖြစ်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်၊ ပုံနှိပ်မီဒီယာမှ အယ်ဒီတာများ၊ စာရေးဆရာများ အကဲဖြတ်သည့် ဘလော့ဂါ မြစ်ကျိုးအင်းစီစဉ်သည့် အွန်လိုင်းရသစာပေပြိုင်ပွဲတွင် ပါဝင်ဖြစ်ခဲ့ရာမှ အမှတ်မထင် ၀တ္ထုတို ပထမဆုရခဲ့ပြီး စာပေနယ်ပယ်မှ လက်ဦးဆရာများနှင့် ပြန်လည် ဆုံတွေ့ခွင့် ရရှိခဲ့ကာ မဂ္ဂဇင်းစာမျက်နှာများပေါ် တစ်ဖန်ပြန်လည်ခြေချမိ၏။ ထိုစဉ်က ဆုတံဆိပ်အဖြစ် အွန်လိုင်းမှ ပေးခဲ့သော ဆုတံဆိပ် ဆော့ဖ်ကော်ပီလေးကို ကျွန်မ၏ဘလော့ဂ်စာမျက်နှာပေါ်တွင် ယခုတိုင် သိမ်းဆည်းထားခဲ့ပြီး ဆွေခေါ်လာ တစ်ရာကိုမူ အနန္တမေတ္တာဘုန်းတော်ကြီး စာသင်ကျောင်းတွင် သမဲတလင်းပေါ်၌ ပီနမ်အိတ်ခင်း၍ စာထိုင်သင်နေရသည့် ကလေးများအတွက် ထိုင်ခုံများ လိုအပ်နေ၍ လှူဒါန်းရာတွင် ပါဝင်အားဖြည့်ခဲ့သည်။ ဤသည်က စာပေဖြင့် အမှတ်မထင် ရရှိခဲ့သည့် အဦးဆုံးဆုဖြစ်ပြီး လိုအပ်သည့် နေရာအတွက် ဆုကြေးငွေကို ပြန်လည်အသုံးချနိုင်ခဲ့သဖြင့် ကျွန်မ ကျေနပ်မိခဲ့ရ၏။

တစ်ဖန် ဖူးငုံဆယ်ကျော်သက် မဂ္ဂဇင်း၏ 'သက်ဝင်မဂ္ဂဇင်း'၏ ၉ နှစ်မြောက်ပွဲ ဖန်တီးသူများနှင့် ပါဝင်တင်

www.burmeseclassic.com

www.burmeseclassic.com

ဆက်သူများ'ပွဲအပြီး အဓိအစဉ်၌ ပါဝင်သူတိုင်းကို မှန်သားဖြင့် ပြုလုပ်ထားသည့် အမှတ်တရ ဆုတံဆိပ်လေးများ ပေးအပ်ခဲ့ရာ ကျွန်မလည်း တစ်ခုရခဲ့ဖူးသည်။ ထို့နောက် ဖူးငုံဆယ်ကျော်သက် မဂ္ဂဇင်းကပင် စီစဉ်သည့် ပုံနှိပ်မီဒီယာနှင့် အွန်လိုင်းမီဒီယာ အားပြိုင်ဆွေးနွေးပွဲတွင်လည်း ပါဝင်ဆွေးနွေးသူတိုင်းကို အမှတ်တရ ရုပ်တုလေးများပေးရာ ရရှိခဲ့ပြန်သဖြင့် ထိုဆုတံဆိပ်လေး နှစ်ခုသည်လည်း ကျွန်မအတွက် တန်ဖိုးထားရသည့် အမှတ်တရပစ္စည်းလေးများ ဖြစ်ခဲ့ရသည်။

စာပေနယ်ထဲ တစ်ကျော့ပြန်ဝင်ချိန်တွင် ချစ်ခင်လေးစားရသည့် ဆရာဆရာမများ၊ ရေးဖော်မောင်နှမများထံမှ နွေးထွေးသည့်ကြိုဆိုမှုများ ရရှိခဲ့ခြင်းသည် လစဉ်ထုတ် မဂ္ဂဇင်းများတွင် ရသဝတ္ထုတိုများ မှန်မှန်ရေးဖြစ်ရန် ခွန်အားဖြစ်ခဲ့ရ၏။ ၂၀၁၃ ခုနှစ် ထရိတ်ဒါးဟိုတယ်တွင် ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် ရွှေအမြုတေစာပေဆုပေးပွဲသည် ပထမဆုံးအကြိမ်အဖြစ် ကျွန်မ တက်ရောက်ခွင့်ရခဲ့သည့် စာပေပွဲကြီးတစ်ခုဖြစ်ခဲ့သည်။ အရှိန်အဝါကြီးလွန်းသော၊ စာပေဂုဏ်သိက္ခာ မြင့်မားလွန်းသော ရွှေအမြုတေစာပေဆုပေးပွဲ၏ညချမ်းတွင် ကျွန်မသည် ချွေးစေးများ တလိမ့်လိမ့် ပြန်နေခဲ့ဖူး၏။ ထိုနေ့ မနက်ပိုင်း မွန်လာမြေမှ ဆရာမ ချောအိမာန်၏ ဟုမ်းမှာကျင်းပသည့်စာအုပ်မိတ်ဆက်ပွဲကို တက်ခဲ့စဉ်အချိန်ထိ ကျွန်မအတွက် ထိုနေ့ညနေ ၆ နာရီတွင်ကျင်းပမည့် ရွှေအမြုတေစာပေဆုပေးပွဲတက်ရောက်ဖို့ အရိပ်အယောင်မျှပင် အခွင့်အလမ်းမရှိခဲ့။

ရွှေအမြုတေ စာပေဆုပေးပွဲကြီးမတိုင်မီ ရွှေဆုအတွက် စာရေးဆရာများ၏ခန့်မှန်းအင်တာဗျူးများကို အလင်းတန်းဂျာနယ်တွင် ဖော်ပြပေး၏။ ထို ဖော်ပြချက်များတွင် ထိုနှစ် မဟေသီ မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် ကျွန်မ၏ **'အရာထင်ဦး၏ အလင်းတေး'** အမည်ရ ရသစာတမ်းအား ရန်သစ်မှ အယ်ဒီတာဆရာ ပြည်သွေးနိုင်က နှစ်သက်ကြောင်း ဖော်ပြထားသည်ကို ဖတ်လိုက်ရ၏။ ထို ရသစာတမ်းလေး ဖော်ပြခံရစဉ်ကပင် ဆရာ ရဲသျှမ်းမှလည်း ဖတ်ပြီး သဘောကျကြောင်း ပြောခဲ့သေးသည်။ ကျွန်မ ဝမ်းသာလိုက်သည်မှာ မဖော်ပြတတ်တော့။ ထိုရသစာတမ်းကို ကိုယ်တိုင်လည်း အားရ၏။ သို့သော် ပွဲမတိုင်မီ နာရီပိုင်းလိုချိန်အထိ ကျွန်မအတွက် ပွဲတက်ရန် အခွင့်အလမ်း မတွေ့ရတော့သည်မို့ ကျွန်မစိတ်တွေ လျှော့ချထားလိုက်သည်။

သို့သော် ဆရာမ ချောအိမာန်၏ စာအုပ်မိတ်ဆက်ပွဲပြီးခါနီး အချိန်လေးတွင် ကျွန်မထံ ဖူးငုံဆယ်ကျော်သက် မဂ္ဂဇင်း အယ်ဒီတာ ဆရာ မျိုးမြင့်ညိမ်းထံမှ ဖုန်းဝင်လာ၏။ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းတွင် Blog Digest ကဏ္ဍလစဉ် ကျွန်မ တာဝန်ယူရေးနေချိန်ဖြစ်၍ မဂ္ဂဇင်းအတွက် ပြောရန် ကိစ္စရှိသဖြင့် ဘားလမ်းရှိ(ယခင်) ရွှေအမြုတေ ရုံးခန်းသို့ ဖုန်းဆက်ခေါ်ခြင်းဖြစ်သည်။ ကျွန်မ၏ ရင်ခုန်သံ နည်းနည်း မြန်လာသည်။ ရွှေအမြုတေစာပေဆုရနိုင်သူများ၏ လက်ထဲသို့ ဖိတ်စာကို မထင်မှတ်သည့် ပုံစံမျိုးဖြင့် ပေးတတ်သည်ကို ဖတ်ထားရဖူးသည်။ ကျွန်မကို ဖိတ်စာပေးရန် ခေါ်သည်ရော မဖြစ်နိုင်ဘူးလားဟု တွေးမိသည်။ ထင်ထားသည့်အတိုင်း ရုံးခန်းရောက်ချိန် လာရင်းကိစ္စပြောပြီး ချိန်တွင် ဆရာ မျိုးမြင့်ညိမ်းမှ ရွှေဖိတ်စာ မရသေးဘူးလားဟု မေးပြီး ဖိတ်စာတစ်စောင်ထုတ်ပေးကာ ရွှေပွဲတက်ရန် ပြော၏။ ကျွန်မ ကတုန်ကယင် ဖြစ်သွား ရ၏။ ပွဲစခါနီး သုံးနာရီလောက်မှ လက်ထဲရောက်သည့် ဖိတ်စာအတွက် ကျွန်မ မည်သို့ အဓိပ္ပာယ်ဖော်ရမည်မသိ။ တိုက်ဆိုင်သည်ပဲလား။ ခင်ပွန်းသည်ထံ ဖုန်းဆက်ပြောတော့ သူကလည်း ခုလို ကပ်ပြီးဖိတ်တာ ရများ ရနေလားမသိဟု မီးလောင်ရာ လေပင့်ပေးပြန်သည်။

သို့နှင့် ထရိတ်ဒါးဟိုတယ်၏ ညမီးရောင်အောက် စာရေးဆရာများကြား၌ အသာ ငြိမ်ကုတ်ထိုင်နေရင်း ပထမဦးဆုံး တက်ရောက်ဖြစ်ခဲ့သည့် ခမ်းနားလှသည့် ရွှေအမြုတေ စာပေဆုပေးပွဲကြီးတွင် ကျွန်မ အသက်ရှူရပ်ပင် မေ့လျော့နေခဲ့သည်။ ကျွန်မအတွက် အရှိန်အဝါကြီးလွန်းလှသည်။ ခန်းမအတွင်း၌ စာရေးဆရာများ စုံညီလှ၏။ သိသူများ ရှိသလို မသိသူတွေလည်း များလှ၏။ ဆရာမ မီမိုး၊ ဆရာမ ခင်သန္တာနှင့် ခင်ပွန်း၊ ဆရာ မြေမှုန်လွင်နှင့်ဇနီး၊ ဆရာ ဇော်ခိုင်ဦးတို့နှင့်အတူ နောက်ဘက်နား ခပ်ကျဉ်းကျဉ် စားပွဲဝိုင်းတွင် ထိုင်ခွင့်ရခဲ့သည်။ တွေ့ရခဲသည့် လေးစားနှစ်သက်ရသည့် ဆရာ သင်းရီ၊ ဆရာ နေဝင်းမြင့်၊ ဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) တို့ကို ပြင်ပတွင် ကိုယ်တိုင် မြင်လိုက်ချိန် အရဲစွန့် သွားရောက် နှုတ်ဆက်ဖြစ်ခဲ့သည်။ စားပွဲဘေးနားမှ ဖြတ်သွားသော ဆရာ မျိုးမြင့်ညိမ်းက ဒီညမြွေးနီ ရမယ်ဟု စ၊သွားပြန်ရာ လူပ်ရှားလွန်းသည့်စိတ်ဖြင့် ရင်ခုန်သံအရှိန်ပြင်းလာရ၏။ အခမ်းအနားမှူးက ရသစာတမ်းအတွက် ခန့်မှန်းစာရင်းဝင်အမည်များ ဖတ်ကြားစဉ် ကိုယ့်နာမည်ကိုယ် ပြန်ကြားရချိန် ကျွန်မမှာ မူးဝေဝေပင် ခံစားလာရ၏။ ထိုစဉ်ကာလ ရွှေညက ကျွန်မအတွက် စိတ်လှုပ်ရှားမှု အရှိန်အမြင့်ဆုံး ရောက်ခဲ့ရသလို၊ ထို့နှစ် ရသစာတမ်းဆု ရရှိသူ ဆရာ မောင်နှင်းပန်းအတွက် မုဒိတာလက်ခုပ် တီးပေးခဲ့ရင်း အပျော်တွေ့ ကူးဆက်ခဲ့ရသည်။ ရွှေအမြုတေစာပေဆုသည် တော်ရုံတန်ရုံ အလွယ်တကူဖြင့် ရရှိနိုင်သည့်ဆုမျိုးမဟုတ်ပေ။

❑

၂၀၁၅ ခုနှစ်၊ ရွှေအမြုတေ စာပေဆုပေးပွဲ။ ယခုနှစ် ရွှေအမြုတေ စာပေဆုပေးပွဲတွင် ကျွန်မ၏ဝတ္ထုရှည်ကို အလင်းတန်းဂျာနယ်၌ ခန့်မှန်းခြင်း ခံရပြန်၏။ စာဖတ်သူတော်တော်များများ ထိုဝတ္ထုရှည်အား နှစ်သက်သဘောကျ၏။ ရွှေဝါရောင်အရေးအခင်းကာလ နောက်ခံဝတ္ထုဖြစ်ပြီး၊ တိုင်းပြည်တွင် လူမျိုးရေးဘာသာရေးအစွန်းရောက်မှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် ထိုဝတ္ထုကို ရေးဖြစ်ခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ မနှစ် ရွှေပွဲတုန်းက ကဲ့သို့ ခင်ပွန်းသည်အတွက် ဖိတ်စာတစ်စောင် လောက်ကို ဆရာ ညီငယ်လေးဆီက အကူအညီတောင်းမည်ကြံရုံရှိစဉ် ကျွန်မတို့ လင်မယားနှစ်ယောက် နာမည်ဖြင့် ဖိတ်စာနှစ်စောင်ကို စာအိတ်တစ်လုံးတည်း အတူထည့်ဖိတ်ထားသည်ကို ကျေးဇူးတင် ဝမ်းမြောက်စွာ လက်ခံရရှိလိုက်၏။

ရွှေအမြုံတေမဂ္ဂဇင်း၏ ပဲ့ကိုင်ရှင် ဆရာ ဦးဝင်းငြိမ်း၏ ၆၉ နှစ်ပြည့် မွေးနေ့တွင် ကျင်းပသည့် ဒဿမအကြိမ် မြောက် ရွှေအမြုံတေ စာပေဆုပေးပွဲကို နိုဗိုတယ်ဟိုတယ်တွင် မေလ ၂၈ ရက်နေ့ ၌ ကျင်းပခဲ့၏။ ရုံးပွင့်ရက်လည်းဖြစ်၊ အိမ်နှင့် အနည်းငယ်လည်း ဝေးသဖြင့် ကားလမ်းဝိတ်သည့်ဒုက္ခ မတွေ့ရလေအောင် အိမ်မှ ခင်ပွန်းသည်နှင့်အတူ စောစော ထွက်ခဲ့၏။ ယခုနှစ် ရွှေအမြုံတေ စာပေဆုပေးပွဲတွင် ခန့်မှန်းစာရင်း ပါဝင်သော်ငြား အချိန်၊ အသက်အရွယ်၊ အတွေ့အကြုံကြောင့်လားမသိ ၂၀၁၃ ခုနှစ်တုန်းကကဲ့သို့ ကျွန်မ စိတ်လှုပ်ရှားခြင်း အလျှင်းမရှိသလို ခံစားရ၏။ ခန့်မှန်းကြသလို ရခဲ့လျှင် ယူလိုက်မည်။ မရခဲ့လျှင်လည်း မုဒိတာအပြည့်ဖြင့် ရမည့်သူအား လက်ခုပ်တီး အားပေးမည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ဆုရသည် မရသည်ထက် ရွှေပွဲတွင် စာပေမောင်နှမများ၊ ချစ်ခင်လေးစားရသည့် စာရေးဆရာကြီးများအား တစ်နေရာတည်း တစ်ချိန်တည်း တွေ့ခွင့်ရသည်ကပင် ကျေနပ်ချင်စရာပင် မဟုတ်ပါလား။ စာပေအဖွဲ့အစည်း၊ စာပေလှုပ်ရှားမှုများဖြစ်သည့် ပန်းမြန်မာနှင့် စာရေးသူများ၏ ရသစာဖတ်ပိုင်းတို့တွင် တတ်အားသလောက် ပါဝင်ဖြစ်ခဲ့သဖြင့် လေးစားချစ်ခင်ရသည့် စာရေးဆရာများစွာနှင့် ခင်မင်ရင်းနှီးခွင့် ရခဲ့၍ ယခုနှစ် ရွှေပွဲတွင် ခင်မင်သိကျွမ်းသူများစွာဖြင့် နှုတ်ဆက်မဝ ဖြစ်နေရခြင်းက အင်မတန်မှ ပျော်ရွှင်စရာပင်။ ရွှေပွဲလာ လူငယ်မျိုးဆက်သစ် ရွှေများကို တစုတဝေး

> တစ်နေ့တစ်နေ့
> အရိပ်တကြည့်ကြည့်ဖြင့်
> ဘယ်နားထား၍
> ထားရမည်မသိ
> ရွှရွှလေး
> တို့ထိလိုက်
> တစ်ယောက်တည်း
> ကြည့်ပြီး
> ပြုံးလိုက်နှင့်
> အိမ်ခန်းကျဉ်းလေးထဲတွင်
> ထားစရာနေရာ
> ရှာမရပေ
> ဖုန်များ
> တက်နေမည်လား
> အရောင်များ
> မှိန်သွားသလားဟု
> မကြာမကြာ
> လက်ညှိုးလေးဖြင့်
> တဖွဖွ
> သွားတို့မိသည်

တည်း မြင်ရသည်မှာလည်း ရသစာပေအတွက် အားရစရာပင်။

အစီအစဉ် စတင်ချိန်တွင် အခမ်းအနား တင်ဆက်သူဖြစ်သည့် ဆရာ ညီမင်းညိုက ထုံးစံအတိုင်း အာဇနံန်းရွှင် ရွှင်ဖြင့် တင်ဆက်ပေး၏။ ဆုများကို တစ်ဆုပြီးတစ်ဆု ကြေညာ၍ ပေးသွားလေပြီ။ ဆုရရှိသူများအတွက် လက်ခုပ်သံများက ခန်းမတစ်ခုလုံး ပြည့်လျှံရှိ၏။ ဆရာ၊ ဆရာမများ တစ်ယောက်ပြီး တစ်ယောက် ကြိုတင်၍ ကွန်ဂရက်ကျူလေးရှင်း လာလုပ်ကြသဖြင့် ကျွန်မ၏ စိတ်လှုပ်ရှားမှု ဒီရောသည် တအိအိ တက်လာရ၏။ ရေးဖော် မောင်နှမများဖြစ်သည့် ဆရာ ထွန်းတောက်ထွဋ်၊ ဆရာ မင်းဇေဟင်၊ ဆရာမ စံပယ်ဖြူနု၊ ဆရာမ ယုယ၊ ဆရာမ ရွှေသင်နှင့် ဆရာမ ရွှေအိမ်စည်တို့က ဒီနှစ်ဝတ္ထုရှည် ကျွန်မဟု ကြိုတင်၍ နိမိတ်ဖတ်ထားကြသည်။ ဆရာမ လဲ့ဝင်းကြည်(ချို)၊ ဆရာမ ကြည်မွေ့အိမ်၊ ဆရာ မြေမှုန်လွင်၊ ဆရာ မြစ်ကျိုးအင်း၊ ဆရာ ဟန်ဇော်၊ ဆရာ ညီငယ်လေး၊ ဆရာ နေဘုန်းလတ်နှင့် ခင်မင်ရသည့် စာရေးဆရာများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာပြီး ကွန်ဂရက်ကျူလေးရှင်း ကြိုလုပ်နေကြသဖြင့် 'ကြေတောင် မကြေညာရသေးဘူး၊ မသေချာသေးပါဘူးဟယ်' ဟုသာ ကျွန်မ ပြောဖြစ်၏။ ရွှေဆုက နတ်ကြီးလှသည်မဟုတ်ပါလား။ နံဘေးနားတွင် စာရေးဆရာမ စံပယ်ဖြူနုက ကျွန်မ၏ လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်ကာ အားပေးရန် အသင့်ပြင်ထား၏။ အားပေးလိုသည့် သူ၏လက်ဖဝါးများက တစ်ဖန် ပြန်အေးစက်နေပြန်တော့ ကျွန်မတို့ ရယ်ဖြစ်ကြသည်။ ကျွန်မကို လာနှုတ်ဆက်သူတွေ တိုးတိုက်မိသဖြင့် မထုံးတတ် ထုံးတတ်ဖြင့် ထုံးဖွဲ့လာသည့် နောက်တွဲ ဆံထုံးလေးက ရွဲ့စောင်းကာ တွဲလောင်းကျလာသဖြင့် လူသူမရိပ်မိအောင် မနည်းပြန်ထုံးရသေးသည်။ တစ်ဖက်ဝိုင်းမှာ ထိုင်နေသည့် ခင်ပွန်းသည်ကို လှမ်းကြည့်လိုက်လျှင် ပြုံးနေသည့် မျက်နှာအေးအေးကို တွေ့ရ၏။

အဆုံးတွင် မဂ္ဂဇင်းဝတ္ထုရှည်ဆုကြေညာရန်သာ ကျန်တော့သည်။ ဆုမကြေညာခင် သုံးသပ်ချက်ကို အခမ်းအနားမှူးက ချစ်ခင်စိတ်၊ စ,နောက်လို စိတ်ဖြင့် အချိန်ဆွဲဖတ်ရာ အသည်းယားစွာ အားလုံး စင်အောက်မှ ဝိုင်းအော်တော့၏။ ကျွန်မ၏ စားပွဲနားသို့ တစ်ယောက်ပြီးတစ်ယောက် ဝိုင်းအုံလာကြ၏။ ဝိုင်းအုံလာသည့် လူများကြောင့် စင်မြင့်ပေါ်သို့ ကျွန်မ လှမ်းမမြင်ရတော့ပါ။ ဟိုး တမြန်နှစ်ကကဲ့သို့ မတုန်လှုပ်ပါ။ ဤနှစ်ရရှိပါသည်ဆိုသော ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

သည် ခြေဖျားလက်ဖျားများ အေးစက်လာကာ ဒူးများပင် တဆတ်ဆတ် တုန်လာတော့၏။ ခင်ပွန်းသည် ကိုညီရင့် အနားရောက်လာ၍ ပခုံးကို ဆုပ်ကိုင်ကာ အားပေး၏။ 'အမေမြ အမေမြ' ဟု ရေးဖော်များ၊ ဆရာများမှ သံပြိုင် ငြာသံပေးကာ ဝိုင်းအော်ကြ၏။ နားထဲမှ လေများ အဆက်မပြတ် ထွက်နေသလို ခံစားလာရ၏။ စင်ပေါ်က ကြေညာနေသည်များကို ဘာဆိုဘာမျှ မကြားရတော့ပေ။

ကျွန်မအပေါ် ချစ်ခင်စိတ်ဖြင့် အွန်လိုင်းပေါ်မှ မအိပ်ဘဲ ဆုရသတင်းကို စောင့်ဆိုင်းနေကြမည့် မချစ်ကြည်အေး၊ မမေဓာဝီ၊ ချောနှင့် ရေးဖော် ဘလော့ဂါ မောင်နှမများ၊ စာဖတ်သူများ၊ ကျွန်မ၏ အနားတွင် စိုးရိမ်စိတ်၊ ရစေလိုစိတ်ဖြင့် ဝိုင်းဝန်း စောင့်ဆိုင်းပေးနေကြသည့် ဆရာ ဆရာမများ၊ ရေးဖော်များ၊ ကျွန်မကို ချစ်ခင်ကြသူများစွာကို အမှတ်မထင် ကျွန်မ တွေ့သိလိုက်ရသည်။ အားလုံးနှင့် ကျွန်မ၏ရင်ခုန်သံသည် တစ်ထပ်တည်း ဖြစ်နေ၏။ သူတို့၏ ချစ်ခင်မှု ပမာဏက ရင်ထဲအထိ တုန်လှုပ်လာရကာ မျက်ရည်များပင် ရစ်ဝိုင်းလာရ၏။

တစ်ဝိုင်းတည်း ထိုင်နေသည့် ကံကော်ဝင်ရည်စာပေမှ မဝိုင်းက 'မြသွေးနီ'ကို ဝိုင်းအော်နေကြပြန်ပြီ၊ မြ···အဲ့လောက် ဝိုင်းအော်နေကြပြီးမှ မြ,မရဲ့ရင် ငါတော့ ငိုချလိုက်မှာ'ဟု ပြောသလို နံဘေးနားမှာရှိသည့် ဆရာမ အဖြူရောင် (ရွှေ)ကလည်း လာရောက်နှုတ်ဆက်သူများကြား ယောင်တောင်တောင်ဖြင့် စိတ်လှုပ်ရှားစွာ ထရပ်မိသည့် ကျွန်မကို'အခု ထိ မကြေညာသေးဘူးနော်၊ ဆရာမ ထ, မသွားလိုက်နဲ့ဦး'ဟု သတိပေးရှာသည်။ ဆရာမ မြူမြူက ဆုသတင်းပါ စာအိတ် ဖောက်ရန် စင်ပေါ် တက်သွားလေပြီ။ ကျွန်မကား စိတ်နှင့်လူ မကပ်တော့ပြီ။

'အနန္တစကြဝဠာ အနန္တသတ္တဝါတို့' အစရှိသည့် ကြေညာသံသဲ့သဲ့ကို ငြာသံ ပေးသံများကြားမှ ကြားလိုက်ချိန်တွင် ကျွန်မဒူးတွေ တဆတ်ဆတ် တုန်လာကာ မတ်မတ်ရပ်နိုင်ဖို့ မနည်းပင် အားတင်းရ၏။ ဆရာ ရဲသျှမ်း၊ ဆရာ မျိုးမြင့်ညိမ်း၊ ဆရာ တင့်ခိုင်၊ ဆရာ ဆြာသော်ဒိုး၊ ဆရာမ သန်းမြင့်အောင်၊ ဆရာမ မစန္ဒာ၊ ဆရာမ မနှင်းဖွေး၊ ဆရာမ မသီတာ(စမ်းချောင်း)၊ ဆရာမ နီနီနိုင်(သထုံ)နှင့် အနားသို့ လာရောက် နှုတ်ဆက်သူတိုင်းကို ပြန် နှုတ်ဆက်ဖြစ်သည်။ ရယ်စရာအဖြစ် ချစ်ခင်ရသည့် ဆရာမ ဝေ(စီးပွားရေးတက္ကသိုလ်) ကျွန်မအနားသို့ ရောက်လာချိန် ကျွန်မကပင် ဦးအောင် အနမ်းပေးခဲ့သည်အထိ စိတ်တွေ လွင့်သွားခဲ့ရသည်။ ဆုသုံးသပ်ချက်ကို စင်ပေါ်မှ ဆရာ မာန်(တောင်လုံးပြန်) ဖတ်နေချိန် မှာတော့ ရွှေအမြုတေစာပေဆု ပဲ့ကိုင်ရှင် ဆရာ ဦးဝင်းငြိမ်းရှိရာသို့ ချက်ချင်း သွားရောက် ဂါရဝပြု နှုတ်ဆက်ဖြစ်ခဲ့သည်။ ကျွန်မနှုတ်မှ နှုတ်ဆက်လာသူတိုင်းကို ကျေးဇူးတင်ပါတယ် ဟု အဆက်မပြတ် ပြောဖြစ်၏။ စင်ပေါ်တွင် ကျေးဇူးတင်စကားပြောချိန် ၌လည်း ကျေးဇူးတင်ထိုက်သူများ မကျန်ရစ်ရလေအောင် သတိထား ပြောဖြစ်ခဲ့၏။

စာပေချစ်သူတိုင်း တန်ဖိုးထားသည့် စာပေဆုတစ်ခုကို ကျွန်မ ရရှိလိုက်သလို စာပေဆုနှင့်တကွ ချစ်ခင်ရသည့် မိတ်ဆွေများ၏ အပိုထပ်ဆောင်း ပေးလိုက်သည့် ချစ်ခင်မှုဆုကိုပါ ရွှေအမြုတေ စာပေဆုပေးပွဲညတွင် အံ့သြစွာ ခုန်လှိုက်စွာ ကျွန်မ ရရှိခဲ့ခြင်းပင်။ အမှန်စင်စစ် မိတ်ကောင်းဆွေကောင်းဟူသည် မိုးကောင်းကင်ကြီးပေါ်က ကြယ်ပွင့်လေးများကဲ့သို့ပင်။ အမြဲတစေ တွေ့မြင်နေရန် မဖြစ်နိုင်ချေ။ သို့သော် မိုးကောင်းကင်ပြင်ကျယ်ကြီးတွင် မိမိနှင့် အတူ သူတို့ ရှိနေသည်ကိုသာ သိထားရန် လိုပါသည်။

❑

ကျွန်မအိမ်၏ ညည့်ခန်းကျဉ်းကျဉ်းလေးသည် ရွှေရောင်ကလောင်ဆုတံဆိပ် ရောက်လာသည့်နေ့မှစ၍ ပိုမို ဖြည့်စုံသွားသလို ရှိ၏။ ဤရွှေရောင်ကလောင်ရပ်တုကို ညည့်ခန်းက မှန်စားပွဲငယ်ပေါ် တင်ထားရင်းက ဖုန်တက်မည်ကို စိုးရိမ်မိ၏။ ကြာလာလျှင် အရောင်တွေ ပျယ်သွားတတ်သည်၊ ဆေးသားတွေ လွင့်ပျယ်သွားတတ်သည်ဟု ပြောကြသဖြင့် တစ်နေ့တစ်နေ့ အရိပ်တကြည့်ကြည့်ဖြင့် ဘယ်နားထား၍ ထားရမည်မသိ။ ရွှရွလေး တို့,ထိလိုက် တစ်ယောက်တည်း ကြည့်ပြီး ပြုံးလိုက်နှင့် အိမ်ခန်းကျဉ်းလေးထဲတွင် ထားစရာနေရာ ရှာမရပေ။ ဖုန်များတက်နေမည်လား၊ အရောင်များ မှိန်သွားသလားဟု မကြာမကြာ လက်ညှိုးလေးဖြင့် တဖွဖွ သွားတို့မိသည်။ ဂနာမငြိမ်သည့် ကျွန်မအဖြစ်ကို မြင်နေသည့် ခင်ပွန်းသည်က သူ့အတွက် မှန်အိမ်လေးတစ်ခု လုပ်ပေး၏။

တန်ဖိုးမဖြတ်နိုင်သည့် ရွှေအမြုတေ စာပေကလောင်ဆုသည် ယခုအခါ ဂျွန်ဒွေကြီးမားသည့် ရှင်ဘုရင်ကြီးတစ်ပါး ကဲ့သို့ မှန်အိမ်လေးထဲ၌ ရှိနေပြီဖြစ်သလို၊ ရွှေညတွင် အပိုဆုအဖြစ် ထပ်ဆောင်း လက်ခံရရှိခဲ့သည့် ချစ်ခင်လေးစားရသူများထံမှ ချစ်ခြင်းတရားများစွာသည်လည်း ကျွန်မ၏ နှလုံးအိမ်ထဲတွင် ထာဝရ တည်ရှိနေပြီးဖြစ်၏။

'သဘာဝက လူတိုင်းအတွက် ဘဝဆိုတဲ့ ဆုလာဘ် ပေးထားတယ်။ ဒါပေမဲ့ ဆုလာဘ်တွေအတွက်နဲ့တော့ ဘဝကို မတည်ဆောက်လိုက်ပါနဲ့'

(Lao Tzu)

ဆုဆိုသည်ကား လုပ်ရပ်တစ်ခု၏ အရည်အသွေးသည် ထိုရောက်မှုရှိပြီး သတ်မှတ်ထားသည့် စံကို ကောင်းမွန်စွာ မီခဲ့ပါက ထိုလုပ်ရပ်အပေါ် အသိအမှတ်ပြုသည့်အနေဖြင့် မှတ်တမ်းတင်ခြင်းမျိုးဟု ယောဘုယျ နားလည်ထား၏။

ဆုတံဆိပ်များ၏ နောက်ကွယ်တွင် ခိုင်မာသော နောက်ခံအကြောင်းတရားများ ကိုယ်စီ ရှိနေသလို ဆုတံဆိပ်တိုင်းသည် ကိုယ်တိုင်ကိုယ်ကျ အားထုတ်၍ စိုက်ထူခဲ့သော သမိုင်းမှတ်တိုင်များသာ ဖြစ်သင့်ပါသည်။ ■ **မြသွေးနီ**

www.burmeseclassic.com

www.burmeseclassic.com

ဘာသာစကားနှင့် ပြောဟန်၊ ရေးဟန်-၂

စာရေးသူတစ်ယောက်၏ ရေးဟန်၌ တွေ့ရသော ဘာသာစကားဆိုင်ရာ သွင်ပြင်လက္ခဏာများတွင် 'အလင်္ကာ'ခေါ် အဆင်တန်ဆာများသည် တစ်ခန်းတစ်ကဏ္ဍ ပါဝင်နေသည်။ အလင်္ကာနည်းနာများသည် ဂရိခေတ်တွင် ထွန်းကားသော 'ဝစနာလင်္ကာရ'ခေါ် စကားပြောဆိုမှုအတတ်ပညာတွင် အသုံးတွင်ကျယ်သောနည်းများ ဖြစ်သည်။ ထိုနည်းနာများသည် ပရိသတ်ကို စိတ်ညှတ်နှံးလာအောင် ဆွဲဆောင်နိုင်စွမ်းရှိသည့်အတွက် ဟန်နှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေနိုင်သည်။ ထုံးတမ်းစဉ်လာအရ အလင်္ကာနည်းနာများကို စကားတန်ဆာနည်းနာများနှင့် အနက်တန်ဆာနည်းနာများဟု ခွဲခြားသည်။ စကားတန်ဆာနည်းနာများမှာ အသံတူများကပ်၍ ရေးဖွဲ့ခြင်းကဲ့သို့ ဘာသာစကား၏ ရုပ်သွင်ကိုနှစ်သက်ဖွယ်ဖြစ်အောင် တန်ဆာဆင်သည့်နည်းနာများ ဖြစ်သည်။ အနက်တန်ဆာဆင် နည်းနာများမှာမူ ရူပကအလင်္ကာဖြင့် တင်စားခြင်းကဲ့သို့ အနက်အဓိပ္ပာယ်ကို နှစ်သက်ဖွယ်ဖြစ်အောင် တန်ဆာဆင်သည့် နည်းနာများဖြစ်သည်။ ယနေ့ ရေးဟန်စိစစ်ရာ၌ (ဥပမာအားဖြင့် ကျောင်းများတွင်သင်ကြားရာ၌) အလင်္ကာအမျိုးအစားများကို ခွဲခြားပြလေ့ရှိသည်။ သို့သော် အလင်္ကာအမျိုးအစားခွဲခြားမှုကို အားပြုလွန်းလျှင် ပုံသေနည်းဆန်သွားပြီး အလင်္ကာ၏ နှစ်သက်ဖွယ်သဘောဆီသို့ အာရုံမရောက်ဘဲ ဖြစ်သွားတတ်သည်။ ကဗျာတစ်ပုဒ်ကိုလေ့လာလျှင် အလင်္ကာများကို လိုက်ရှာပြီး 'ဒီကဗျာမှာ ဥပမာအလင်္ကာ သုံးခုပါတယ်'ဟု အရေအတွက်ကို ထုတ်ပြပုံမျိုး အားသန်သွားတတ်သည်။ ထိုအလင်္ကာများက ကဗျာကို မည်သို့ အထောက်အပံ့ပြုသည်ဟူသော အလင်္ကာ၏တကယ့်တန်ဖိုးကိုမမြင်ဘဲ ဖြစ်သွားတတ်သည်။ အလင်္ကာများက ရေးဟန်ကို ပေါ်လွင်ထင်ရှားအောင် မည်သို့ အထောက်အကူပြုကြောင်း လေ့လာရန် လိုအပ်သည်။ အလင်္ကာနည်းနာများတွင် 'ရူပကအလင်္ကာ'နှင့် 'ဥပမာအလင်္ကာ'သည် နှေ့စဉ်ပြောဆိုသုံးနှုန်းရာတွင်လည်းကောင်း၊ စာပေရေးဖွဲ့ရာတွင်လည်းကောင်း အသုံးအတွင်ကျယ်ဆုံးအလင်္ကာများ ဖြစ်သည့်အတွက် ရူပက အလင်္ကာသည် အထူးသဖြင့် ကဗျာတွင် ဘာသာစကားကို တိုးတွင်ဖန်တီးရာ၌ ပဓာနကျသည်ဟု ယူဆကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥပမာအလင်္ကာမှာ မတူသောအရာနှစ်ခု၏တူသောသဘောတစ်ခုကို အနှိုင်းပြ စကားများဖြင့် ခိုင်းနှိုင်းရေးဖွဲ့ခြင်း ဖြစ်သည်။ (ပုံစံ- 'ကျွန်ုပ်သည် တောင်မြင့်များပေါ်တွင် တိမ်တိုက်ကဲ့သို့လှည့်လည်ပျံသန်းလိုသည်'ဟူသော အဖွဲ့မျိုးဖြစ်သည်။) ရူပကအလင်္ကာမှာ တူသောသဘောတစ်ခုကို အခြေပြု၍ မတူသောသဘောနှစ်ခုကို ထပ်တူပြုရေးဖွဲ့ခြင်း ဖြစ်သည်။ (ပုံစံ- 'ဝမ်း သမုဒ္ဒရာ အူဂင်္ဂါ'ဟူသော အဖွဲ့မျိုးဖြစ်သည်။) 'သက်ရှိပြဉာပစာ'မှာ သက်မဲ့ကို သက်ရှိအဖြစ် အသက်သွင်းတင်စားရေးဖွဲ့ခြင်းဖြစ်သည်။ (ပုံစံ- 'ရွာကလေးမှ အိမ်ခေါင်မိုးကလေးများသည် ခေါင်းငုံ့ဦးညွှတ်ကာ သနားစရာအသွင်ဆောင်နေကြသည်'ဟူသော အဖွဲ့မျိုးဖြစ်သည်။) နက်နဲသောအဓိပ္ပာယ်ဆောင်သည့် အနက်ဆန့်ကျင်အဖွဲ့မှာ အပေါ်ယံအမြင်အရ အနက်ဆန့်ကျင်နေသော်လည်း နက်နဲသောအဓိပ္ပာယ်ရှိသည့်အဖွဲ့မျိုးဖြစ်သည်။ (ပုံစံ-စစ်သည် ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးသည် နှောင်ဖွဲ့မှု၊ မသိနားမလည်ခြင်းသည် အင်အားဟူသော အသုံးမျိုး ဖြစ်သည်။) ဆက်စပ်မှုကို အခြေခံသောဥပစာမှာ အကျိုးနှင့်အကြောင်း၊ အပေါင်းနှင့်အစိတ်၊ တည်ရာနှင့်တည်သူ စသည်တို့ကို အပြန်အလှန် တင်စားခြင်းဖြစ်သည်။ (ပုံစံ- ပြဇာတ်ကို ဇာတ်ခုံ၊ မင်းအဖြစ်ကို သရဖူဟု တင်စားခြင်း)၊ တွဲသုံးလေ့မရှိသည့် အနက်ကွဲစကားများ ယှဉ်တွဲပြီးတင်စားသုံးခြင်း၊ (ပုံစံ- ချိုမြိန်သော ညှဉ်းပန်းနှိပ်စက်မှု၊ အသက်ရှင်နေသော သေခြင်းဟု တင်စားခြင်း)၊ ကွယ်လွန်ပြီးသူများ၊ နေရာဒေသများ၊ သဘောများစသည်တို့ကို သက်ရှိပမာ တိုက်ရိုက်ရည်ညွှန်းခေါ်ဝေါ်ရေးဖွဲ့ခြင်း၊ (ပုံစံ-အိုမိလ်တန်၊ သင်သည် ယခု အသက်ရှင် နေလျှင် ကောင်းပေစွ၊ အို အသင်လောက အသင်၏အကြောင်းကို ကောင်းကောင်း သိရပါပြီ စသည့်အဖွဲ့များ)၊ အပြန်အလှန်ပုံစံတူဖွဲ့ခြင်း၊ (ပုံစံ- တောင်ခိုးနှင့်တိမ် ရောယှက်လိမ်၍ တိမ်နှင့်တောင်ခိုး တောင်ကိုမိုးသော် ဟု 'တောင်ခိုး'နှင့် 'တိမ်'ကို အပြန်အလှန်ဖွဲ့ပုံမျိုး ဖြစ်သည်။) စာပေများတွင် ထိုအလင်္ကာနည်းနာများကို အမျိုးမျိုး ပေါင်းစပ်ရေးဖွဲ့ခြင်းဖြင့် စာပေအာနိသင်ထက်မြက်အောင် ဖန်တီးကြသည်။

နေ့စဉ်သုံး ဘာသာစကား၏ရေးဟန်ကို လေ့လာနိုင်သော်လည်း များသောအားဖြင့်မူ စာပေရေးဖွဲ့ရာတွင် အသုံးပြုသော ဘာသာစကား၏ရေးဟန်ကို လေ့လာကြသည်။ 'စာပေရေးဟန်ပညာ'ဟု ခေါ်သည့် ရေးဟန်လေ့လာမှုနယ်နိမိတ်ကို ချဲ့ပြီး စာပေသုံးဘာသာစကားကို လေ့လာကြသည်။ ကဗျာသုံးဘာသာစကားလေ့လာမှုကို ပို၍စိတ်ဝင်စားကြသည်။ ကဗျာသုံးဘာသာစကားတွင်လည်း အချို့ကဗျာဆရာများ 'စံ'နှင့်သွေဖည်အသုံးပြုသော စံသွေမှုများကို လေ့လာကြသည်။ (သာဓကအားဖြင့် ဒိုင်လန်သောမတ်၊ အီးအီးကမ်းမင်း စသည့် ကဗျာဆရာများ ဖြစ်သည်။) ယခုခေတ်တွင် စာပေအဖွဲ့တစ်ခုလုံးကို ဖြန့်၍လေ့လာခြင်းထက် ဝါကျများ၏ အသေးစိတ်သွင်ပြင်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းကို ပို၍အားပြုလာကြသည့်အလျောက် စာပေရေးဟန်၏သွင်ပြင်လက္ခဏာများကို ပို၍ထင်ထင်ရှားရှား တွေ့မြင်လာရသည်။

ရေးဟန်လေ့လာပုံ ၂ မျိုးရှိသည်။ တစ်မျိုးမှာ 'အသေး'မှ 'အကြီး'သို့၊ 'အောက်'မှ 'အထက်'သို့ အဆင့်ဆင့်လေ့လာပုံ ဖြစ်သည်။ ဤသို့လေ့လာရာတွင် စကားသံ၊ သဒ္ဒါ၊ ဝေါဟာရဟူသော အသေးဆုံး အစိတ်အပိုင်းများ၏ထင်ရှားသောလက္ခဏာများမှ ပို၍ထွေပြားသောအဖွဲ့အစည်းများသို့ တစ်ဆင့်ပြီးတစ်ဆင့်တက်၍ လေ့လာသည်။ နောက်တစ်မျိုးမှာ စာရေးသူတစ်ယောက်၏ရေးဟန်သွင်ပြင်ကို ပထမဦးစွာ အကျယ်ပြန့်ဆုံးဖြန့်၍လေ့လာပြီးမှ အသုံးပြုထားသောဘာသာစကားသွင်ပြင်များကို အသေးစိတ်လေ့လာပုံဖြစ်သည်။

ပထမ လေ့လာပုံအရဆိုလျှင် သာဓကအားဖြင့် ဝတ္ထုရေးဆရာတစ်ယောက် အသုံးများသော နာမ်အထူးပြုများ၊ ကြိယာများ၊ စကားလုံးသစ်တီထွင် အသုံးပြုပုံများ စသည်တို့ကိုလေ့လာသည်။ ဝတ္ထုတစ်ပုဒ်တွင် တွေ့ရသော ထိုအသုံးများ အသုံးပြု

မြန်မာစာပေတွင်
'ရွှေညြာ'ကို
'အုတ်ရွှေညြာ'၊
နွေ မဟုတ်၊
ဆောင်းမဟုတ်သည်ကို
'မနွေ မဆောင်း'၊
'ဇာနည်ဖွား'ကို
'ဇာဖွား နည်ဖွား'
စသည်ဖြင့်
သုံးနေကျ
စံများကို
သွေဖည်သုံးသော
အသုံးများ
ရှိပါသည်
စာဆိုအခွင့်ထူးအရ
သုံးခြင်းဖြစ်၍
အာနိသင်ရှိသော
အသုံးများ
ဖြစ်သည်ဟု
ရေးဟန်ပညာရှင်များက
ဆိုပါသည်

www.burmeseclassic.com

www.burmeseclassic.com

သည့် 'ကြိမ်နှုန်း' နှင့် ထိုစာရေးဆရာသို့ မဟုတ် အခြား စာရေးဆရာများက အခြား စာများတွင် သုံးထားသော ထို အသုံးများ၏ ကြိမ်နှုန်းတို့၏ ခြားနားမှုကို နှိုင်းယှဉ်လေ့လာသည်။ ဒုတိယ လေ့လာပုံအရဆိုလျှင် ထိုဝတ္ထုဖွဲ့စည်းပုံကို ဦးစွာ ခြုံ၍ လေ့လာရာ၌ ဇာတ်လမ်း ဇာတ်ကွက်များ တည်ဆောက်ပုံ၊ စာရေးသူ အားပြုထားသော အာဘော်များ၊ ဇာတ်ဆောင်ချင်း ဆက်သွယ်မှု စသည်တို့ကို လေ့လာပြီးမှ စာရေးသူ၏ ထို ရည်ရွယ်ချက်များကို ပုံဖော်သော ဘာသာစကား သုံးနှုန်းပုံများကို အနီးကပ် လေ့လာရန်နှင့် ပထမ လေ့လာနည်းကဲ့သို့ပင် အခြားစာများနှင့် နှိုင်းယှဉ်လေ့လာရန် ဖြစ်သည်။ ထိုလေ့လာပုံ ၂ မျိုးသည် အပြန်အလှန် အထောက်အကူပြုလျက် ရှိသည်။

စာပေရေးဟန်ကို လေ့လာရာ၌ စာရေးဆရာတစ်ဦး၏ ဘာသာစကား အသုံးပြုပုံကို ဘာသာစကားတစ်ခုလုံးနှင့် ဆက်စပ်လျက် လေ့လာရသည်။ စာပေဟူသည် လူအတွေ့အကြုံ တစ်ခုလုံးကို ထင်ဟပ်နေသည့်အလျောက် စာရေးဆရာများသည် ဘာသာစကား တစ်ခု၏ သွင်ပြင်အမျိုးမျိုးကို ယူငင်အသုံးပြုမြဲ ဖြစ်သည်။ ပြဇာတ်၊ ဝတ္ထု၊ ကဗျာ စသည့် စာတစ်ပုဒ်တွင် ဘာသာစကားသွင်ပြင်အမျိုးမျိုး ပါဝင်နိုင်သည်။ အလွန်ကျယ်ပြန့်သော ဘာသာစကားနယ်နိမိတ်ထဲက အသွင်အမျိုးမျိုးကို ရွေးချယ်အသုံးပြုနိုင်သည်။ အပြောသုံးစကားများ၊ ဘာသာရေးသုံးစကားများ၊ အလယ်ခေတ်သုံးစကားများ၊ ဂီတသုံးစကားများ စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်ပါသည်။ စာပေတွင် ဘာသာစကား ကန့်သတ်မှုမရှိပါ။ ဘာသာခြားစကားများမှ အသုံးများပင် ယူသုံးနိုင်ပါသည်။ စာပေသုံးစကားကို အခြားစကားများနှင့် သီးသန့်ခွဲခြား၍ မရပါ။ ဤသို့ အသုံးပြုခြင်းကို ပုံမှန် နောက်ခံမှ သွေဖည်၍ 'ရှေ့မျက်နှာစာသို့ ထုတ်ပြခြင်း' ဟု ခေါ်ပါသည်။ 'ကဗျာဆရာတစ်ယောက်သည် သဒ္ဒါကို သွေဖည်ချိုးဖောက်သုံးနိုင်ရန်အတွက် သဒ္ဒါစည်းကမ်းများကို ပိုင်နိုင်ကျွမ်းကျင်ထားဖို့ လိုအပ်သည်' ဟု အဆိုရှိပါသည်။ ဘာသာစကားဥပဒေသများကို စာရေးဆရာများက သွေဖည်ချိုးဖောက်သုံးသည့်အတွက် မည်သို့သော အကျိုးအာနိသင် ပေါ်ပေါက်လာသည်ကို ရှင်းပြနိုင်ရန် ဘာသာစကား၏ ပုံမှန်ကန့်သတ်ချက်များကို စာပေဝေဖန်သူများ သိထားဖို့ လိုအပ်သည်ဟုလည်း အဆိုရှိပါသည်။

ဘာသာစကားကို ပုံမှန်အသုံးပြုနေရာမှ အစွန်းတစ်ဖက်သို့ ရောက်သွားအောင် ဥပဒေသများကို ချိုးဖောက်၍ စံသွေပြီးသုံးလျှင် ထိုစာကို အဓိပ္ပာယ်နားမလည်နိုင်တော့သည့် အစွန်းသို့ ရောက်သွားနိုင်သည်။ သို့သော် ကဗျာဆရာများသည် ထိုအလုပ်မျိုးကို စွန့်စွန့်စားစားပင် လုပ်နေကြသည်။ (ကဗျာဆရာ 'ဒိုင်လင်သောမတ်' က 'Several hours ago, many moons ago' စသည့် အသုံးများကိုလိုက်ပြီး 'a grief ago' ဟု သွေဖည်သုံးထားသည်။ ပုံမှန်အသုံးမှ စံသွေသည့် အသုံးသို့ ပြောင်းသွားခြင်း ဖြစ်သည်။ 'Three overcoats ago, two wives ago စသည့် စံသွေအသုံးများကို ရေးဟန်ပညာရှင်များက သာဓက ဆောင်သည်။ မြန်မာစာပေတွင် 'ရွှေဥဩ' ကို 'အုတ်ရွှေဩ'၊ နွေ မဟုတ်၊ ဆောင်းမဟုတ်သည် ကို 'မနွေမဆောင်း'၊ 'ဇာနည်ဖွား' ကို 'ဇာဖွားနည်ဖွား' စသည်ဖြင့် သုံးနေကျစံများကို သွေဖည်သုံးသော အသုံးများရှိပါသည်။ စာဆို့အခွင့်ထူးအရ သုံးခြင်းဖြစ်၍ အာနိသင်ရှိသော အသုံးများဖြစ်သည်ဟု ရေးဟန်ပညာရှင်များက ဆိုပါသည်။)

■

မောင်ခင်ခင်၊ခနဖြူ

Ref: David Crystal 1997, The Cambridge Encyclopedia of Language Chept-12.

ဖြန့်ချီရေး

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၃၉၈၂၂၀

www.burmeseclassic.com

www.burmeseclassic.com

အလင်းသစ်

ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဗဟုဿုတ ဒေါက်တာအရှင်ဆေတိန္ဒ

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်း တိုင်းအရည်အချင်းကို ဘုရားအဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အဂါရုပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြားအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အပူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

မြတ်ဗုဒ္ဓဘရားတော်များနှင့် မြန်မာစကားပုံများ - မမွာစရိယ ဦးအေးနိုင်(ဘီအေ)

မမွာအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာဘုရားအေသနာတော်များကို အသိုးသိုးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓဘရားတော်များကို သိရှိလိုက်နာကျင့်ကြံနိုင်ရန်လောက်အောက်ဖူး လောကုတ္တရာအကျိုးများရရှိရန် ရည်ရွယ်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမပြဝါဒများကို ပေးလိုသည့်အခါ ရိုးရိုးစကားဖြင့် ဆုံးမပြဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး သိမှဟုတ် ရေးသားပြီး ဆုံးမပြဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။

ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညိမ့်(ဝါကိုဇ္ဈ)

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှနိုးထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးပုံပြုပြင်တိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကဟောင်းနွင်းအားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ဌေးကြေး ထွေးကွက်တွင် လုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

အလင်းသစ်ရာထူးဆင့်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့

နည်းပြ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁) ဥပဒေအရာရှိအဆင့်(၄)၊ ဒုတိုက်နယ်တရားသူကြီးများ၊ ဒု-မှီးစီးများများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့်ဌာနဆိုင်ရာ အရာရှိလုပ်ငန်းများနှင့် ပြန်တင်းဝင်အရာရှိရာထူးအား လုံးအတွက် ရေးဖြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေပဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အမှိုက်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။

ဟေရဝါဒူဏောင့် - မင်းနန္ဒ(မော်ကွန်း)

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်လွန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း ပိဏ္ဍိကိယ်တိုင် တိုတိုပဲ လိုက်နာကျင့်သုံးသော ဓမ္မကာမ ဇနီတိနိုင်ငံကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှမပျံ့ပြန့်လျှင် သမာဓိလည်းမဖြစ်၊ လောဘလည်းပါးလွှာရှိမလာ၊ ဘာတရားထူးမှလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာထေးလေ့ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။

မြတ်ဗုဒ္ဓလက်ထက် ပါရမီပြည့်အမျိုးသမီးများ

အရာရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထို အရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ထေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကို ရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသောရာဒေဝီ၊ ခေမာဒေဝီ၊ ဥပ္ပလဝဏ်၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ဂုတ္တသုဘာဒ္ဒါ၊ သုမနဒေဝီ၊ ဒီယကောသိ၊ ဥတ္တရာနှင့် သီရိမာ၊ စာပါ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂

www.burmeseclassic.com

www.burmeseclassic.com



နတ်ရုပ်

ရဲပဇဝဒ၊

၁။

'ကြည့်စမ်းပါဦးတော်၊ ကျုပ် အခုပဲ အခွိုက်လှည်းထားသေးတယ်။ ဒီခြေရာကြီးက ဘယ်သူခြေရာလဲ၊ သန်းသန်းရေ…ဟဲ့ သန်းသန်း' မနက်မိုးလင်းစပဲ ရှိသေးသည်။ အမေ့အသံကြီး ဟိန်းထွက်လာတော့ မီးဖိုချောင်ထဲတွင် မနက်စာ ပြင်နေသည့် သန်းသန်း ခေါင်းကုတ်မိ၏။ အမေက သန်းသန်း ထွက်မလာမချင်း ပူညံပူညံ လုပ်နေလေသည်။ နံနက်ခိုန်ခါ တေးသံသာက အစဉ်အလာကို မယုက်ပါ လားဟုတွေးပြီး အိမ်ရှေ့ ထွက်လာခဲ့ရသည်။

အိမ်ရှေ့ရောက်တော့ အမေသည် ပါးစပ်က ပွစိပွစိ ပြောလို့နေဆဲ။ အမေ့ရှေ့တွင်မူ ခြေရာကြီးတစ်ခု ထင်းလို့နေ၏။ အမေက မနက်ဆို အစောကြီးထ၊ ပြီး ကြမ်းတိုက် အမှိုက်လှည်းတတ်သည်။ သန်းသန်း လုပ်ပေးမည်ဆိုလည်း မရ။ ကြမ်းခင်းကို ဖယောင်းနှင့်ပွတ်ပြီး အုန်းခွံနှင့် စိတ်ရှည်လက်ရှည် တိုက်သည်။ ကြမ်းခင်းက ပြောင်လက်နေမှ အမေ စိတ်ချမ်းသာ၏။ အခု အမေတိုက်ထားသည့်ကြမ်းပြင်တွင် ခြေရာကြီး ထင်နေတော့ ပွဲကြမ်းလေပြီ။

'ဒါ ဘယ်သူခြေရာလဲ ဟဲ့၊ ငါ့မှာ လျှာထွက်မတတ် တိုက်ထားရတာ ကိုယ်ချင်းကို မစာကြပါလား'

ခြေရာက အဖေ့ခြေရာမှန်း သန်းသန်းသိ၏။ အပြင်ထွက်ပြီး ပြန်လာတာလည်း အဖေတက်ဖယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရှိသေးသည်။ အမေလည်း အဖေခြေရာမှန်း သိလျက်နှင့် သန်းသန်းကို ရမည်ရှာနေ၏။ ကြာလာလျှင် အဖေနှင့်အမေ ထုံးစံအတိုင်း စကားများလာကြလိမ့်မည်။ ထို့ကြောင့် သန်းသန်းသည်ပင် ဓားစာခံဝင်လုပ်ပေးလိုက်ရသည်။

'အဲဒါ သမီးခြေရာ အမေ၊ အိမ်အောက်ဆင်းပြီး ပြန်တက်တော့ ခြေသုတ်ဖို့ မေသွားတာအမေ။ သမီး ပြန်တိုက်ပေးပါ့မယ်'

'ညည်းတို့ သားအဖ တွေအတူတူနဲ့ အနှုန်းပဲ။ စည်းကမ်းကို မရှိဘူး။ ပြောရင်လည်း မိအေးအသံ လူကြားတယ်။ အောက်မှာ ကဏန်း ညှပ်နေတာကိုတော့ မမြင်ကြဘူး'

အမေ့အသံက ပိုကျယ်လာတော့ သန်းသန်း စိတ်ညစ်မိသည်။ တကယ်ဆို အမေက အဖေ့ကို ပြောချင်နေသည်။ ဒီခြေရာက အဖေခြေရာမှန်းလည်း အမေသိပုံရ၏။ သန်းသန်းက အဖေ့ကို ကာကွယ်ပေးလိုက်တော့ အမေ ပို၍ ဒေါသထွက်လာတာ ဖြစ်မည်။

'မနက်ဆိုရင် အိမ်မှာ ပူညံပူညံနဲ့ ကောင်းကောင်း နေရတယ်ကို မရှိဘူး။ ခြံဝင်းထဲမှာရှိတဲ့ ငရုတ်ပင်တွေလည်း အကုန်နုတ်လိုက်ပြီးပြီ၊ ဒါတောင် ပူလို့ကောင်းတုန်း'

အခန်းထဲက ထွက်လာသည့်အဖေက လှမ်းပြော၏။ သန်းသန်း စိတ်အညစ်ကြီး ညစ်မိသည်။ အဖေနှင့်အမေ စကားများလျှင် မပြီးပြတ်နိုင်တော့ပေ။ အဖေနှင့်အမေသည် သန်းသန်းကို ထည့်တွက်ပုံမရ။ သန်းသန်း အရွယ်ရောက်ကတည်းက အဖေတို့ရန်ဖြစ်သည့် အသံနှင့် ယဉ်ပါးခဲ့ရသည်။ အခုလိုတွဲရပြီးအချိန်တွင် သန်းသန်း၏အလုပ်က အဖေနှင့်အမေ ရန်ဖြစ်လျှင် ကြားမှဝင်ခွဲပေးရခြင်းပင် ဖြစ်သည်။

'ကျုပ်က ပြောချင်လို့ ပြောနေတာ မဟုတ်ဘူး။ တော်တို့ မဟုတ်တာလုပ်လို့ ပြောနေရတာ'

'ဘယ်သူက မဟုတ်တာ လုပ်လို့လဲကွ၊ ဒီခြေရာလေး ထင်နေတာ ပြဿနာက အဲလောက်တောင် ကြီးကျယ်သွားသလား'

'တော်တို့ မလုပ်ရတော့ ဘယ်သိမတုံး၊ အိမ်အလုပ် ဆိုတာ တော်ကိုင်နေကျ စုတ်တံတွေလို လွယ်တာ မဟုတ်ဘူး။ တော်က ထိုင်ခုံနဲ့ဖင် တစ်သားတည်းကျအောင်ထိုင်၊ စုတ်တံလေးကိုင်ပြီး ဟိုဟာရေးလိုက်၊ ဒီဟာဆွဲလိုက်တာနဲ့ ဖင်တပူ ထိုင်နေရုံပဲ။ ကျုပ်က တစ်အိမ်လုံး ဟိုဟာပြေးလုပ်၊ ဒီဟာပြေးလုပ်နဲ့ နားတောင် မနားရဘူး။ ဒါကိုလည်း ကိုယ်ချင်းလေးစာကြ'

'အေး . . . ထိုင်ပြီး အလုပ်လုပ်ရတဲ့သူကလည်း ပင်ပန်းတာပဲကွ၊ လက်က စုတ်ချက်ဆွဲနိုင်ဖို့ ဦးနှောက်ကို မနားတမ်းအလုပ်ပေးနေရတာ။ မင်းလို အနုပညာမျက်လုံး မရှိတော့ ဘယ်သိပါ့မလဲ။ မနက်ဆို ပူညံပူညံနဲ့။ ဒါကြောင့် အိမ်မှာ မနေချင်တာ'

'မနေချင်လည်း ကြိုက်တဲ့နေရာကိုကြွ၊ တော့်ကို ကျုပ်က ဆွဲထားမယ်များ ထင်နေလား'

အဖေက ထွက်သွားတော့ အမေ ပွစိပွစိနှင့် ကျန်ခဲ့၏။ အဖေနှင့်အမေ ရန်ဖြစ်ပြီဆို သန်းသန်း ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့။ တစ်ခါတလေတော့ အဖေနှင့်အမေက မချစ်ဘဲ ယုံ၍များ ဤသို့ ဖြစ်လေသလားဟု တွေးမိသည်။ သို့သော် မိဘပေးစားသည့် ဦးကြီးမြတို့လင်မယားကျတော့ ချစ်လိုက်ကြသည်မှာ အမြင်ပင် ကတ်လောက်သည်။ အဖေတို့ကျတော့ မနက်ရန်ဖြစ်၊ ည ဈာတ္ကျက်ကျက်နှင့်ပင်။ ရန်ဖြစ်လိုက်မှ စားဝင် အိပ်ပျော်သလား ထင်ရသည်။

အိမ်ထောင်အဦးအစ ကာလများက အဖေနှင့်အမေ ဒီလောက် အခြေအနေ မဆိုးဟု ပြောကြသည်။ အမေက လယ်သမားမျိုးရိုးဖြစ်ကာ အတန်အသင့် ပြည့်စုံသည်။ အမေက အပျိုဘဝကတည်းက မာနတစ်ခွဲသားနှင့် မို့ ကာလသားတွေ အကြားရေပန်းစားလှသည်ဆို၏။ အဖေ့မိဘများကလည်း လယ်သမားမျိုးရိုးပင်။ သို့သော် အဖေကတော့ ထူးခြားစွာပင် အနုပညာကို ဝါသနာပါသူ ဖြစ်သည်။ အဖေ စိတ်ဝင်စားသည့် ပန်းချီပညာကို မြို့တက်ပြီး သေချာ သင်ယူ၏။ ထို့နောက် ရွာတွင်ပင် ပန်းချီဆရာအဖြစ် ရပ်တည်ခဲ့သည်။

နှစ်ဖက်မိဘများကြောင့် အဖေနှင့်အမေ အကြောင်းပါလာခဲ့သည်။ အခု သန်းသန်းတို့၏ အိမ်နှင့်ခြံကြီးမှာ နှစ်ဖက်မိဘများက လက်ဖွဲ့ထားခဲ့သည်တဲ့။ ခြံက အတော်လေးကို ကျယ်ဝန်းပါသည်။ အိမ်ကလည်း မိသားစု သုံးယောက်အတွက်ဆို ကြီးမားလှသည်ပင်။ အိမ်ထောင်ရေး အစတွင်တော့ အဖေနှင့်အမေ ပန်းသင့်နေသေးသည်တဲ့။ သို့သော် အဖေက ပန်းချီဆရာမို့ ဘုန်းကြီးကျောင်းများတွင် ဗုဒ္ဓဝင်ပုံများ ဆွဲရန် လာခေါ်လျှင် ပန်းချီကား မပြီးမချင်း ဘုန်းကြီးကျောင်းတွင်သာ နေတော့သည်။ ထိုအခါ အိမ်တွင် နေချိန်နည်းသည့် အဖေ့အလုပ်ကို အမေက မကြိုက်၊ မိသားစု သိုက်သိုက်လှုံ့ဝန်း နေချင်သည့်အမေနှင့် ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com

ကို မစွန့်နိုင်သည့် အဖေတို့ စာကျက်ကျက် ဖြစ်လာခဲ့၏။

သန်းသန်းကို ကိုယ်ဝန်ဆောင်လာသည့် အချိန်တွင် တော့ အဖေက အမေ့ကို အရင်ကထက် ပို၍ ဂရုစိုက်လာသည်တဲ့။ သို့သော် အမေ ကိုယ်ဝန်အရင့်အမာ ဖြစ်နေချိန်တွင် အဖေ့ကို တခြားရွာမှ မန်းချီဆွဲပေးရန် လာခေါ်လေသည်။ ဘုန်းကြီးကျောင်းတွင် အောင်ခြင်းရှစ်ပါးပန်းချီကား များ ဆွဲရမည်ဖြစ်၏။ ဆရာတော်မှာလည်း မျက်နှာလွဲမရသည့်အဖေ့၏ ဦးလေးအရင်းကြီးမို့ အဖေလိုက်သွားရတော့၏။ အဖေ ထွက်သွားသည်မှာ တစ်လလောက် ကြာခဲ့သည်တဲ့။ အဖေပြန်လာတော့ အမေက သန်းသန်းကို မွေးဖွားပြီးခဲ့ပြီဆိုသည်။

အမေက မာနကို အရောင်တင်ကာ အဖေ့လုပ်ရပ်ကို သန်းသန်း အရွယ်ရောက်သည်အထိ ခွင့်မလွှတ်။ အဖေက အမှားကို သိသော်လည်း အမေ၏ မာနကြီးပုံကိုမြင်သောအခါ ပို၍ အရွဲ့တိုက်တတ်လာ၏။ ထိုအချိန်ကတည်းက အဖေနှင့် အမေ နီးလျက်နှင့် ဝေးသွားခဲ့တော့သည်။ သန်းသန်း ငယ်ငယ်ကတည်းက အဖေ့ကိုဆို အိမ်မှာ သိပ်မတွေ့ရပေ။ အမေက အဖေအိမ်မှာရှိလျှင် အဖေနှင့် ရန်ဖြစ်တတ်ပြီး အဖေမရှိလျှင် တစ်နေရာသို့ ဝေးမောကာ တိတ်ဆိတ်နေလေ့ရှိသည်ကို သန်းသန်း သတိထားမိ၏။

သို့သော် တစ်ခါတစ်ရံ အဖေနှင့်အမေ စကားနိုင်လုလျှင် မာနနောက်ကွယ်မှ ချစ်ခြင်းတရားများကို သန်းသန်း မြင်တွေ့ရပြန်သည်။ အဖေနှင့် အမေက အလှောမပေးစတမ်း ပြိုင်ဆိုင်ကြသော်လည်းတစ်ယောက်က အလှောပေးလိုက်သည်နှင့် ပြန်လည်သင့်မြတ်သွားမည့်အနေအထားမျိုး တွေ့ရ၏။ သို့သော် သန်းသန်း အရွယ်ရောက်သည်အထိ အဖေနှင့် အမေက အလှောမပေး စတမ်း စကားနိုင် လုကြရ ကောင်းနေဆဲ၊ မာနချင်း ပြိုင်နေဆဲဖြစ်၏။ ထိုအခါ သန်းသန်းသည်သာ ကံဆိုးသူ ဖြစ်ရလေတော့သည်။

❑

၂။

ဒီနေ့တော့ သန်းသန်း အတွက် စိတ်ချမ်းသာရသည့် နေ့တစ်နေ့ပင်။ အဖေသည် ကုလားထိုင်ပေါ်တွင် ထိုင်ကာ သတင်းစာ ဖတ်နေ၏။ အမေကမူ ဘုရားတင်ရန် ခြံထွက် စံပယ်ဖူးလေးများကို သီနေသည်။ သန်းသန်းက တော့ အဖေနှင့်အမေ၏အဝတ်အစားတွေကို မီးပူတိုက်ပေးနေသည်။ အရင်လို အဖေတို့ ရန်မဖြစ်ကြသည်ကို တွေးပြီး တစိမ့်စိမ့် ဝိတိ ဖြစ်မိ၏။

ထိုစဉ် အမေက ရုတ်တရက် ကြီးထိုးလာလေသည်။ သန်းသန်းသည် တိုက်လက်စ မီးပူကို ပစ်ထားခဲ့ကာ ရေတစ်ခွက်ကို အပြည့်ခပ်၍ အမေ့ကို တိုက်လိုက်၏။ သို့သော်လည်း အမေက ကြီးထိုးမြဲပင်။ စက္ကန့်အနည်းငယ် ကြာလျှင်တစ်ခါ တအွေအွေနှင့် ကြီးထိုးလာလေ၏။ ထိုအခါ အဖေက သတင်းစာကို ဘေးချပြီး စကားစ,လာသည်။

'သမီး ရေ···အဖေ ကြားဖူးတဲ့ ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်၊ နားထောင်မလား'

'ဟုတ်ကဲ့ အဖေ၊ သမီး မီးပူတိုက်ရင်းနဲ့ နားထောင်မယ်'

အဖေက စိတ်လိုလက်ရ ရှိသည့်အခါမှသာ ပုံပြောပြတတ်သည်မို့ သန်းသန်း ဝမ်းသာအားရ ခေါင်းညိတ်မိသည်။ ထိုအခါ အဖေက မျက်မှန်ကို အသာပင့်ပြီး လှမ်းပြော၏။ အမေကမူ တအွေအွေနှင့် ကြီးထိုးနေဆဲ ပင်။

'ဟိုးရှေးရှေးတုန်းက အရမ်းကို ထူးခြားတဲ့ အပင်တစ်ပင် ရှိတယ်တဲ့၊ အဲဒီအပင်မှာ အရမ်းကို အရသာထူးကဲပြီး စားချင်စဖွယ် အသီးတွေက တစ်ပင်လုံး ဝေနေအောင် သီးသတဲ့။ ဒါပေမဲ့ အဲဒီအပင်က အသီးကို ဘယ်သူမှ ခူးလို့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအပင်က အရမ်း မာနကြီးတယ်တဲ့။ သူ့အသီးကို ဘယ်သူကိုမှ မခူးဆွတ်စေဘူးတဲ့'

အဖေပြောသည့် ပုံပြင်ကို သန်းသန်း စိတ်ဝင်စားစွာ နားထောင်မိသည်။သန်းသန်း သာ မဟုတ်၊ အမေသည်ပင် ဟိုဟာလုပ်သလိုလို ဒီဟာလုပ်သလိုလိုနှင့် အဖေပြောသည့် ပုံပြင်ကို နားစွင့်နေသည်ကို တွေ့ရ၏။သန်းသန်းလည်း ရယ်ချင်ပက်ကျိုဖြင့် အမေ့အဖြစ်ကို မသိချင်ဟန်ဆောင်ကာ အဖေပြောသည့် ပုံပြင်ကို ဆက်နားထောင်မိလေသည်။

'လူတွေကလည်း စားချင်လွန်းလို့ အဲဒီအပင်ကို အမြဲချောင်းမြောင်းနေတာတဲ့။ အသီးလေးတစ်လုံး ကြွေကျရင် သူတို့ စားလို့ရပြီ မဟုတ်လား သမီးရယ်။ ဒါပေမဲ့ အပင်က တဖြည်းဖြည်းနဲ့ သက်တမ်းရင့်ပြီး အပင်အိုဘဝရောက်လာတယ်။ အသီးက မကြွေဘဲ အရင်လို မှည့်မြဲပဲတဲ့။ အပင်ကြီးကလည်း အိုသာအိုတယ် မာနက ကြီးဆဲပဲပေါ့ သမီးရယ်။ လူတွေလည်းအတူတူပဲ အိုကြီးအိုမ ဖြစ်နေတာတောင် မာနတစ်ခွဲသားနဲ့လေ'

အဖေက ပုံပြင်ကိုပြောရင်း အမေ့ကို စောင်းပြောလိုက်သည်မို့ သန်းသန်း ရယ်ချင်သွားသည်။ အမေကလည်း အဖေ စောင်းပြောတာကိုသိ၏။ ကြို့ထိုးနေရာမှ မျက်စောင်းတစ်ချက် အဖေ့ဆီ ပို့လွှတ်လိုက်သည်။ အဖေက အမေ့မျက်စောင်းကို မမြင်ဟန်ပြုကာ နှုတ်ခမ်းတွန့်ပြုံးပြီး စကားပြန်ဆက်၏။

'အဲဒီတော့ သမီးရယ်၊ လူတွေက မာနကြီးတဲ့ အပင်အိုကို ဒေါသထွက်ကြတာပေါ့။ အသီးလေးတစ်လုံးစားချင်လို့ စောင့်နေရတာ အပင်တောင် အိုသွားတယ်၊ အသီးက မကြွေကျဘူး။ ခူးလို့ကလည်းမရတော့ လူတွေ စိတ်တိုကြပြီပေါ့။ အဲဒီတော့ သမီးရယ် အဖေ ပါးစပ်ညောင်းလို့ ရေဆာလာတယ်ကွယ်'

အဖေက စကားကို ခဏရပ်လိုက်တော့ သန်းသန်း မချင့်မရဲ ဖြစ်သွား၏။ ပုံပြင်ကို နားထောင်ချင်လှသည်မို့ ရေတစ်ခွက်ကို အမြန်ခပ်ပြီး အဖေ့ကို ပေးလိုက်ရသည်။ အမေလည်း စိတ်ဝင်တစား ငြိမ်ပြီး နားထောင်နေရာမှ ဖျတ်ခနဲ အသိပင် ဝင်လာသလို စံပယ်ဖူးတွေကို

www.burmeseclassic.com

www.burmeseclassic.com

သီဟန်လုပ်၏။ အမေ့ကို ကြည့်ပြီး သန်းသန်း ရယ်မိသည်။ အဖေပြောသည့် ပုံပြင်ကို အမေက စိတ်မဝင်စားသလိုနှင့် ခိုးနားထောင်နေသည် မဟုတ်လားလေ။

'နောက်တော့ လူတွေက အဲဒီအပင်ကို ဝိုင်းပြီး အတင်းပြောကြတာပေါ့။ ဘယ်လောက်ထိ အတင်းပြောကြသလဲဆိုရင် အပင်အိုကြီး ကြို့ထိုးတဲ့အထိပဲတဲ့။ အတင်းအပြော ခံရလွန်းလို့ အပင်အိုကြီး ကြို့ထိုးလိုက်တာ အသီးတွေ တဖြုတ်ဖြုတ် ကြွေပြီး အပင်ပေါ်မှာ အသီး တစ်လုံးမှကို မကျန်တော့တဲ့အထိပဲ။ အဲဒီတော့မှ လူတွေက အသီးတွေကို ပျော်ပျော်ကြီး ကောက်ယူပြီး စားကြသတဲ့။ အပင်အိုကြီးကတော့ သနားစရာ ကောင်းအောင် ကြို့ထိုးနေတုန်းပဲပေါ့ သမီးရယ်။ အတင်းပြောခံရတဲ့ သူတွေက ကြို့ထိုးတတ်ကြတယ် သမီးရဲ့'

အဖေ ပုံ ပြင် အဆုံး သန်းသန်း ဝါးခနဲ ရယ်မိ၏။ နောက်ဆက်တွဲအဖြစ် အဖေ ရယ်သံ ခပ်ကျယ်ကျယ်ကို လည်း ကြားရလေသည်။ အကောင်းမှတ်၍ နားထောင်နေမိခါမှ ပုံပြင်က အမေ့ကို တည့် တည့် ပြောနေသည့် ပုံပြင်ကြီးမို့ အဖေ့အကြံ ပိုင်လိုက်လေခြင်းရယ်ဟု တွေးကာ ရယ်မိသည်မှာ အဆက်မပြတ်။ သို့သော် အမေ၏ ခုနစ်ချီမျက်စောင်းကိုမြင်တော့ အရယ်ကို မြန်မြန် ရပ်လိုက်ရ၏။ မဟုတ်လျှင် အမေက အနားမှာရှိသည့် တစ်ခုခုနှင့် သန်းသန်းကို ပစ်ပေါက်လာ လိမ့်မည်။

'ဒီမှာ ကိုထွန်းရင်'

'ဘာလဲ မမြခင်'

အမေ့အမူအရာအတိုင်း အဖေက လိုက်ပြောသဖြင့် အမေ့မျက်ခုံးတွေ တွန့်ချိုးသွားသည်။ သန်းသန်းသည် မီးပူတိုက်နေရာမှ ပြုံးစိစိဖြင့်ပင် အဖေတို့ကို ကြည့်နေမိသည်။ တစ်ခါတလေတော့ လည်း အဖေနှင့် အမေက ကလေးလိုပင်။ ရန်ဖြစ်သည် ဆိုတာထက် စကားနိုင်လုကြသည့်အချိန်က များသည်။ ထိုအခါများဆိုလျှင် အဖေနှင့် အမေက လုံးဝ အလျှော့မပေး စတမ်း စကားနိုင်လုကြသည်။ နောက်ဆုံး သန်းသန်းက ကြားဝင်ဖျန်ဖြေပေးမှ စကား စစ်ပွဲက ရပ်နားသွားသည်ပင်။

'တော် ကျုပ်ကို ရွဲ့ မပြောနဲ့နော်။ ကျုပ်ဘာသာ ကြို့ထိုးတာ တော်နဲ့ ဘာဆိုင်လဲ။ အတင်းပြောခံရလို့ ကြို့ထိုးတာဆိုရင် ကျုပ်အတင်း ပြောတာ တော်ကလွဲပြီး တခြားသူ မဖြစ်နိုင်ဘူး'

အမေက ပြောလေလျှင် အဖေက ဟင်ခနဲ ဖြစ်သွားသည်။ အဖေ သူ့အတတ်နှင့် သူ ရူးလေပြီ။ သန်းသန်းသည် အဖေ ဘယ်လိုများ ပြန်ဖြေရှင်းမလဲ နားထောင်နေမိ၏။

'ကျုပ်က ကြို့ထိုးတာ ပျောက်အောင်လည်း စေတနာနဲ့ ပြောပြရသေးတယ်။ ကြို့ထိုးတာကြီးကို စိတ်ထဲစွဲပြီး သတိထားနေရင် တစ်နေ့လုံး မပျောက်တော့ဘူး။ မေ့မေ့ပျောက်ပျောက်ဖြစ်အောင် စကားလမ်းကြောင်း လွှဲပေးမှ ပျောက်တာ။ ဒါကိုတောင် ကျေးဇူးမတင်ဘဲ စွပ်စွပ်စွဲစွဲ'

အဖေ ပြုံးပြုံးလေးနှင့် ပြောခါမှ အမေကြို့ထိုး ပျောက်သွားသည်ကို သန်းသန်း သတိထားလိုက်မိသည်။ အမေလည်း ကြို့ထိုးတာ ပျောက်သွားသည်ကို အဖေ ပြောမှ သတိထားမိဟန်တူ၏။ ဘယ်အချိန်ကတည်းက များအမေကြို့ထိုးတာ ပျောက်သွားသည်မသိ။ အဖေတော့ သတိထားမိမည် ထင်သည်။ အမေသည် အခုမှ ရှက်ကိုး ရှက်ကန်းဖြင့် အိမ်ထဲ ပြေးဝင်သွားတော့၏။ ထိုအခါ သန်းသန်းနှင့်အဖေက အမေ့ အဖြစ်ကို သဘောကျကာ တဝါးဝါး အော်ရယ်မိလေတော့သည်။

❑

၃။

အမေ စိတ်ဆိုးနေပေပြီ။ အမေ့ မျက်လုံးများသည် နီရဲကာ ဟောက်ပန်း၏။ အနည်းငယ် ပြေလျော့လာသည့် ထာဝရပင် စိတ်မရှည်သလို ဖြင့် ခပ်မြန်မြန်လေး ပြန်ပြင်ဝတ်၏။ ထို့နောက် အဖေ့ကို ကြည့်လိုက်သည့် အကြည့်မှာ ရူးရဲစွာ တစ်ကိုယ်လုံးသို့ ထွင်းဖောက်သွားမတတ်ပင်။ အဖေသည်လည်း ထိုနည်းလည်းကောင်းပင်။ ပုဆိုးကို ခပ်တိုတိုလေး ဝတ်ထားကာ တောင့်တောင့်ကြီးရပ်လျက်။ အဖေ့မျက်နှာသည် တင်းမာခြင်း အတိဖြင့် ရှိနေ၏။

အဖေနှင့် အမေကို ကြည့်ပြီး သန်းသန်း မျက်ရည်များပင်လည်လာမိသည်။ ဒီတစ်ခါ သန်းသန်း လုံးဝ ကြားဝင်၍မဖြစ်သည့် အခြေအနေမျိုး။ ဒီကိစ္စတွင် အမေ လည်း မမှားသလို အဖေလည်း မမှားခဲ့။ သို့သော် အဖေက အမှန်တရားအတွက် ငြင်းဆန်သလို အမေမြင်လိုက်သည့် မြင်ကွင်းကလည်း အထင်လွဲစရာ အကောင်းဆုံး ပြကွက်တစ်ခုဖြစ်နေခဲ့သည်။

'ဒီမှာ ကိုထွန်းရင်၊ တော် ဒီလိုလုပ်ရက်တာ ကျုပ် ရင်အနာဆုံးပဲ'

အမေ့ စကားသံက မာထန်နေသော်လည်း အနည်းငယ် တုန်ယင်နေသလိုရှိ၏။ အမေ့မျက်ဝန်းတွင် ဝေ့ခနဲ တက်လာသည့် မျက်ရည်စက် တချို့ကို ခဏသာ မြင်လိုက်ရသည်။ အမေသည် တင်းမာမှုကို ဆက်၍ ထိန်းထားနိုင်ဆဲ။ အဖေက အမေ့ကိုစိတ်ပျက်သလိုကြည့်တယ်။ ထို အကြည့်မျိုးကို အမေ အမုန်းဆုံးဖြစ်ကြောင်း သန်းသန်း သိ၏။ သို့သော် အဖေက ထိုအကြည့်မှ တစ်စက်ကလေး မလျော့ပေ။

'မင်းကိုငါ စိတ်ပျက်မိတာ အခြေအနေကို မသိဘဲ ပြောချင်ရာ ပြောတတ်လွန်းလို့ပဲ။ အခု မရင်နဲ့ကို ဘယ်လောက်တောင် အားနာရလဲ'

'ဘာ...အားနာရင် မရင်နဲ့ကို တော်ယူလိုက်ပေါ့၊ အသက်က ငါးဆယ်ကျော်နေပြီ အရှက်မရှိတော်'

'မင်း တော်တော့နော် မမြခင်၊ ငါ့ကို မစော်ကားနဲ့'

အဖေနှင့်အမေ အော်ကြီးဟစ်ကျယ် ဖြစ်လာကြသည်။ မနေ့က အမေနှင့် သန်းသန်း ဒေါကြီးရွေ နေမကောင်းသဖြင့် သတင်းသွားမေးကြသည်။ အပြန်ကျတော့ မရင်နဲ့အိမ်ရှေ့က ဖြတ်သွား

www.burmeseclassic.com

www.burmeseclassic.com

ရ၏။ ခြံတံခါး ပွင့်နေသဖြင့် အမှတ်မထင် ကြည့်လိုက်တော့ မြင်ကွင်းတစ်ခု ဘွားခနဲ ပေါ်လာသည်။ မရင်နွဲ့ကို ပွေ့ဖက်ထားသည့်အဖေ။ မရင်နွဲ့ ကျတော့ ထဘီရင်ရှားနှင့်။ အမေသည် ထိုမြင်ကွင်းကို မီးတဝင်းဝင်း မျက်လုံးဖြင့် တစ်ချက် စိုက်ကြည့်ပြီး အိမ်သို့ ပြန်သွားခဲ့၏။

ထိုနေ့က ညရောက်မှ အဖေ ရောက်လာသည်။ အဖေက သန်းသန်းကိုတော့ သေချာရှင်းပြ၏။ မရင်နွဲ့ အော်သံကြားသဖြင့် သွားကြည့်တော့ ရေချိုးရင်း ချော်လဲနေသည့် မရင်နွဲ့ကို တွေ့သဖြင့် ဝင်ကူညီပေးခဲ့ သည်တဲ့။ အဖေ့စကားကို သန်းသန်း အကြွင်းမဲ့ ယုံကြည်သည်။ သို့သော် အမေက အဖေ့ကို ခါးခါးသီးသီးပင် ဖြစ်သည်။ ဝိုဆိုးသည်က မရင်နွဲ့နှင့် အဖေက ငယ်ချစ်တွေမို့ပင်။ အဖေနှင့် အမေကို မိဘတွေ ပေးစားကြတော့ မရင်နွဲ့နှင့် ဇာတ်လမ်းပြတ်သွားခဲ့သည်တဲ့။ အဖေကလည်း အဖြစ်မှန်ကို အမေ့အား လုံးဝမရှင်းပြ။ သန်းသန်းသိလျှင် ပြီးပြီဟုဆိုကာ အမေပြောသမျှ အတိုက်ခံလုပ်သည်။ ထိုအခါ အမေ့၏ သံသယက ပို၍ ကြီးထွားလာတော့သည်။

'မရင်နွဲ့က ရေချိုးရင်း ချော်လဲလို့ အဖေက ဝင်ကူညီပေးတာတဲ့ အမေရယ်'

မနေနိုင်ဖြင့် သန်းသန်း ဝင်ရှင်းပြမိသည်။ အဖေက သန်းသန်း ရှင်းပြသည်ကိုပင် မကြိုက်သလို မျက်နှာလွဲ၏။ အမေက ဟွန့်ခနဲမဲ့သည်။

'လဲကျတာနဲ့ အသင့် ရှိနေရအောင် မရင်နွဲ့အိမ်နား မှာ သူ ဘာသွားလုပ်နေတာ တုံး။ မရင်နွဲ့ကလည်း လင်မရှိ၊ သားမရှိတဲ့ မုဆိုးမပူပူ နွေးနွေး'

'တော်တော့ မမြခင်၊ ဟုတ်တယ်ကွာ ဟုတ်တယ်။ မင်းထင်တာ အားလုံးမှန်တယ်။ ဒီတော့ မင်း ဘာလုပ်ချင်လဲ'

အဖေက မထူးဇာတ်ခင်းကာ ပြောတော့ အမေ တဆတ်ဆတ်တုန်လာသည်။ တဖြည်းဖြည်း ကြီးထွားလာသည့် ရန်ပွဲအကြား သန်းသန်း တစ်ကိုယ်လုံး အငွေ့ပြန်ပျောက်ကွယ်သွားချင်မိသည်။ ဒီတစ်ခါ အတော်လေးပွဲကြမ်းနေသည်။ အမေက အပြတ်ခဲမည့်ဟန်နှင့် အဖေက လုံးဝ အလျှော့မပေးနိုင်သည့် အမူအရာရှိ၏။ သန်းသန်း မျက်ရည်ကျမိသည့်တိုင် အဖေနှင့် အမေ အလျှော့မပေးကြပေ။

'တော်က ဒီလိုဆိုမှတော့ မြခင်တို့ကလည်း ပြတ်တယ်။ ဒီနေ့ကစပြီး တော်နဲ့ ကျုပ် အိုးစားခွဲကြတာပေါ့။ တော့်ဘာသာ နေချင်သလိုနေကြ၊ ကျုပ်နဲ့ မဆိုင်တော့ဘူး'

'အေး ငါကလည်း မင်းထင်သလို မရင်နွဲ့နဲ့ယူပြီး ဒီအိမ်ကို ခေါ်လာဦးမှာ'

ပြဿနာက တင်းမာစွာနှင့်ပင် ပြီးသွားလေသည်။ အဖေသည် အိမ်ကဆင်းသွားပြီး ပြန်လာမအိပ်တော့ပေ။ အမေလည်း အခန်းထဲ ဝင်သွားရာမှ ပြန်မထွက်လာတော့။ မုန့်တိုင်းထန်ပြီးသည့် ပင်လယ်လို အိမ်ကလေးက တိတ်ဆိတ် ငြိမ်သက်သွားခဲ့၏။ သို့သော် အမေ့အခန်း ဘက်မှ တစ်ညလုံး တချွတ်ချွတ်နှင့် အသံတွေ ကြားနေရသည်။ အမေလည်း အိပ်ပျော်ဟန် မတူပေ။ အဖေသည်လည်း ဘယ်ကိုမျှထွက်သွားသည်မသိ။ သန်းသန်း ရင်ထဲတွင်မူ အပူမီးများက ပြင်းပြစွာ တောက်လောင်နေခဲ့လေသည်။

❑

၄။

မုန်တိုင်းထန်သည့် နေ့ရက်တို့က သန်းသန်းတို့ အိမ်လေးတွင် အစပျိုးခဲ့လေပြီ။ ဒီတစ်ခါတွင်တော့ အဖေ အမှားကြီး မှားခဲ့ပြီဟု သန်းသန်း ထင်မိကာ ယူကျုံးမရ ဖြစ်ရသည်။ အမေ့ကို အရှဲ့တိုက်ချင်စိတ်တစ်ခုတည်း ဖြင့် အဖေ ဤသို့မလုပ်သင့်။ အခုတော့ ပြင်မရသည့် အမှား တစ်ခုကို အဖေ စိတ်ပေါ့ပါးစွာ ကျူးလွန်ခဲ့လေသည်။ သန်းသန်းတို့အိမ်လေးသည်လည်း အရင်က အခြေအနေဖြင့်ခြားနားသွားခဲ့ပြီဖြစ်သည်။

အခုဆို ကျယ်ဝန်းသည့် ခြံလေးထဲတွင် အိမ်လေးနှစ်လုံး ဖြစ်သွားခဲ့ပြီ။ တစ်လုံးက အိမ်အိုကလေးဖြစ်ကာ ကျန်တစ်လုံးကမူ သစ်လွင်တောက်ပနေသည့် အိမ်ကလေး ဖြစ်၏။ အိမ်အိုလေးတွင် အမေနှင့်သန်းသန်း နေသလိုတစ်ဖက်အိမ်တွင် အဖေနှင့် မရင်နွဲ့တို့ နေကြသည်။ အဖေက စကားတည်စွာပင် မရင်နွဲ့ကို လက်ထပ်ခဲ့ချေပြီ။ အဖေသည် သန်းသန်းတို့နှင့် နီးလျက် အဝေးကြီးဝေးသွားခဲ့ပြီဟု တွေးမိတိုင်း မျက်ရည် မဆည်နိုင်အောင်ဖြစ်မိသည်။

'မငို နဲ့ သမီး၊ တစ်ချိန် ချိန်မှာ သူလုပ်ရပ်က သူ့ကို လိပ်ပြာလန့်စေလိမ့်မယ်။ ဖြစ်နိုင်ရင် ဟိုဘက်အိမ်ရဲ့ အရိပ် ကိုတောင် မနင်းမိစေနဲ့'

ထိုစကားကို ပြောစဉ်က အမေ့ မျက်ဝန်းတွင်လည်း မျက်ရည်စတို့ ခိုတွယ်နေသည်ကို သန်းသန်း တွေ့ခဲ့ရ၏။ ထိုအချိန်ကစပြီး အမေသည် အရင်ကလို စကားကြမ်းများ မပြောတော့။ လုပ်စရာရှိသည်ကိုလုပ်ကာ အရင်ကထက် ပို၍တိတ်ဆိတ်သွားခဲ့သည်။ သန်းသန်းကိုလည်း လိုအပ်မှသာ စကားပြောတော့သည်။ အရင်ကလို အဖေနှင့်အမေ၏ စကားအနိုင်လုသံများကို သန်းသန်း အလွမ်းကြီး လွမ်းမိသည်။ အခုတော့ အဖေနှင့် အမေသည် ဘယ်တော့မှ မဆုံစည်းနိုင်သည့် မျဉ်းပြိုင်နှစ်ကြောင်း ဖြစ်သွားခဲ့လေပြီ။

အိမ်နှစ်အိမ်မှာ နီးကပ်၍ ဆောက်ထားသဖြင့် တစ်အိမ်မှအသံကို တစ်အိမ်က ပြတ်သားစွာပင် ကြားရသည်။ တစ်ဖက်အိမ်မှ အဖေနှင့် မရင်နွဲ့၏ အသံစာစာလေးများ ပုံ့လွှင့်လာလျှင် အမေ တရားခွေကို ထဖွင့်တတ်သည်မှာ အစဉ်အလာလို ဖြစ်နေခဲ့ပြီ။ ညဥ့်နက်သည့်အထိ အမေ့အခန်းဘက်မှ တချွတ်ချွတ် အသံကိုလည်း နေ့တိုင်းလိုလို ကြား၏။ အမေ အိပ်ပျက်ခဲ့သည်မှာ ခြံထဲတွင် အိမ်တစ်အိမ်တိုးလာခဲ့ကတည်းက ဖြစ်သည်။ တစ်ခါတစ်ရံ သန်းသန်း တစ်ရေးနိုးသည့်အချိန်တွင် အမေက အမှောင်ထဲတွင်ပင် ငုတ်တုတ်ထိုင်နေသည်ကို အကြိမ်ပေါင်းများ

www.burmeseclassic.com

www.burmeseclassic.com

ဝေမိသည်။ အဖေဘဝတွင် မရင်နှဲ့သာ မရှိလျှင် ကောင်းလိမ့်မည်။ အခုတော့ အဖေသည် အမေ့အနားတွင် ရှိနေခဲ့သော်လည်း အမေနှင့် မသက်ဆိုင်သည့် သူစိမ်းတစ်ယောက် ဖြစ်နေခဲ့ပြီ။

'အေ့'

အမေ့အနားတွင် ရှိနေသည့်အဖေ ရုတ်တရက် ကြိုထိုးလာ၏။ ကြိုထိုးသည်မှာ တစ်ခါတည်းမဟုတ်။ မနားတမ်းပင် တအေ့အေ့နှင့် ကြိုထိုးလာလေသည်။ သန်းသန်း ထိုင်ရာမှ ထ၍ အဖေ့ကို ရေတစ်ခွက် ခပ်ပေးလိုက်၏။ သို့သော် ရေသောက်ပြီးသည့် တိုင် အဖေက အဆက်မပြတ် ပင် ကြိုထိုးနေသေးသည်။ ထိုအခါ သန်းသန်းသည် အဖေ ပြောပြဖူးသည့် ပုံပြင် တစ်ပုဒ်ဆီ စိတ်ရောက်သွားခဲ့၏။ မာနကြီးသည့် အပင်အိုကြီးက အတင်းပြောခံရသဖြင့် အဆက်မပြတ် ကြိုထိုးရာမှ အသီးအားလုံး ကြွေကျခဲ့သည်တဲ့။ အခုလည်း အဖေကြိုထိုးသည်မှာတစ်ယောက်ယောက် အတင်းပြောနေ၍လားဟု သန်းသန်း တွေးမိပြန်လေသည်။

အမေ့ကို ကြည့်မိတော့ အမေက မျက်လုံးလေး ပြူးကြောင်စွာဖြင့် အဖေ့ကိုကြည့်နေ၏။ အမေ့ဆံပင်တချို့မှာ ဖွာလန်ကြဲနေလေသည်။ ထို အခါ အဖေက ကြိုထိုးနေရင်းတန်းလန်းနှင့်ပင် အမေ့ဆံပင်ကို ဘီးနှင့်ဖြီးပေးကာ အုန်းဆီလေး လိမ်းပေး၏။ အဖေနှင့် အမေကိုကြည့်ပြီး အရင်ကများ ဒီလို အဆင်ပြေခဲ့လျှင်ကောင်းမည်ဟု သန်းသန်း တွေးမိသည်။

ကျမိသည်။ အဖေသည်လည်း အမေ့ကိုကြည့်ပြီး မျက်ရည်ဝဲနေလေသည်။ အဖေ့နောက်မိန်းမ မရင်နှဲ့ကမူ ခဏလေးရောက်လာပြီးက တည်းက မမြင်ရတော့ပေ။ အဖေနှင့် သန်းသန်းသည်သာ အမေ့နားတွင် ရှိနေခဲ့သည်။

အမေ အခုလို ဖြစ်သွားတော့ အိမ်ကြီးက အရင်ကထက် ပို၍ တိတ်ဆိတ်သွားလေသည်။ မနက်ရောက်လျှင် သန်းသန်း၏ လှုပ်ရှားသွားလာသံမှအပ ပကတိတိတ်ဆိတ်လျက်။ အရင်လို အမေ့၏ အသံစာစာလေးကို မကြားရတော့။ အမေ့ကို ထမင်းကျွေးချိန်ရောက်လျှင် ထမင်းခွံ့ကျွေးသည်။ အမေ့ကို ရေမိုးချိုးပေး၊ သနပ်ခါး လိမ်းပေးပြီးလျှင် သန်းသန်းက အမေ့အနားတွင် အဖော်ပြုကာ နေပေး၏။ တရားစာအုပ်လေးတွေကို ဖတ်ပြလျှင် အမေက မျက်လုံးလေး မှိတ်ပြီး နားထောင်နေတတ်လေသည်။

'မမြခင် အိပ်ပျော်နေလား သမီး'

'အိပ်မပျော်သေးဘူး အဖေ၊ အခုပဲ ရေချိုးပေးပြီး သနပ်ခါး လိမ်းပေးထားတာ'

အခန်းထဲသို့ အဖေဝင်လာမေးသဖြင့် သန်းသန်း ခေါင်းခါပြလိုက်မိသည်။ ထို အခါ အဖေက အမေ့အနားတွင် ဝင်ထိုင်လိုက်၏။ အမေ ဤသို့ဖြစ်ပြီးမှ အဖေက ပို၍ ဂရုစိုက်လာသလိုပင်။ တစ်နေ့ကို အကြိမ်များစွာပင် အမေ့ကို လာကြည့်တတ်သည်။ အဖေနှင့် အမေကို ကြည့်ပြီး သန်းသန်းမျက်ရည်

ကိုထွန်းရေ... ရှင့်အိမ်က ဒီမှာပါနော် ဟောဒီက ရင်နှဲ့ကိုလည်း အသက် ရှိတယ်လို့ မှတ်ပါဦး တာကတဲတော် အနားကနေ တစ်ဖဝါးမခွာ ဝတ်ကြီးဝတ်ငယ် ပြုစုနေရတယ် လို့

ကြိုးပြတ်ဖြစ်သွားရတော့သည်။ သရက်ပင်အောက်တွင် တစ်ညလုံးထိုင်နေသည့် အမေက ကိုယ်တစ်ခြမ်း လေဖြတ်သွားသည်တဲ့။ အမေ့ကို သနားစိတ်ဖြင့် သန်းသန်း ငိုမိ၏။ အဖေသည် ယူကျုံးမရသည့်မျက်လုံးတို့ဖြင့် အမေ့ကို ကြည့်ကာမျက်ရည်ဝဲနေ၏။ အမေကမူ မျက်လုံးအကြောင်းဖြင့် ငေးကြည့်နေလေသည်။ အမေ ချက်ချင်းကြီး အခုလို ဒုက္ခိတ ဖြစ်သွားလိမ့်မည်ဟု တစ်ခါမျှ မတွေးထင်မိခဲ့။ သန်းသန်းသည် အမေ့အဖြစ်ကို ကြည့်ပြီး မျက်ရည်

စွာ သန်းသန်း မြင်ခဲ့ရသည်။

သန်းသန်းသည် အမေ့ရင်ထဲကို မြင်အောင် မကြည့်နိုင်။ အမေသည် အဖေ့ကို အခုတိုင် မုန်းတီးနေဆဲလား။ အဖေလုပ်ရပ်ကို အခုထိ ခွင့်မလွှတ်နိုင်အောင် ခံစားနေရသလားဟု တွေးမိသည်။ တစ်ခါတစ်ရံ အမေ့မျက်လုံးများက ခပ်ဖျော့ဖျော့ ဖြစ်နေတတ်ပြီး တစ်ခါတလေတော့ စူးရှတောက်ပနေလေသည်။ သန်းသန်းကိုပင် အမေစကား သိပ်မပြောတော့ပေ။ တစ်ခွန်းမေးလျှင်တောင် တစ်ခွန်းပြန်ဖြေချင်မှ ဖြေလေသည်။

တစ်နေ့တော့ အိပ်ရာထဲတွင် အမေ့ကို မတွေ့ရသဖြင့် သန်းသန်း လိုက်ရှာရာ ခြံနောက်ဘက်ရှိ သရက်ပင်အောက်တွင် ခွေခွေလေး လဲနေသည့်အမေ့ကို တွေ့ရလေသည်။ သန်းသန်း အလန့်တကြား အော်ဟစ်သောအခါ အဖေက အပြေးအလွှားရောက်လာခဲ့၏။ အဖေသည် အမေ့ကိုစွေ့ခနဲ ပွေ့ချီကာ အိမ်ပေါ်ခေါ်တင်သွား၏။ အမေသည်မျက်လုံးအကြောင်သားနှင့် အဖေ့ကိုကြည့်နေရှာ၏။ အမေ့နှုတ်ခမ်းလေးက ပြုံးနေသလား၊ မဲ့နေသလား သန်းသန်း မဝေခွဲတတ်။ သန်းသန်းသိသည်မှာ အမေ့အတွက် စိုးရိမ်လွန်းနေသည်ပဲ ဖြစ်၏။ အဖေသည်လည်း အမေ့ကို စိုးရိမ်စွာ အေးစက်သည့် ခန္ဓာကိုယ်ကို ပွတ်သပ်နှိပ်နယ်ပေး၏။ ထိုအခါ အမေ့ခန္ဓာကိုယ်က အနည်းငယ် ပူနွေးလို့လာသည်။

ဆရာဝန် ရောက်လာသောအခါမှ သန်းသန်း အရုပ်

www.burmeseclassic.com

'သမီးရေ...အဖေကြိုးထိုးတာ မမျောက်တော့ဘူးနော်။ သမီးအမေများအဖေ့ကို စိတ်ထဲက ပြောနေသလား မသိဘူး'

အဖေက စ,နောက် သလို ပြောပြီးရယ်၏။ ထို အခါ အမေ့နှုတ်ခမ်းလေး ဆတ်ခနဲ ဖြစ်သွားသလိုပင်။ သန်းသန်းစိတ်ထင်၍လည်း ဖြစ်မည်ထင်သည်။ သို့သော် အဖေပြောသလို ထိုသို့ ပြုစုပေးနေသည်ကို မကြိုက်၍ အမေစိတ်ထဲမှ ပြောနေသလားဟု သန်းသန်းတွေးမိ၏။ ထို့ကြောင့် အဖေ တအေ့အေ့နှင့် ကြိုးထိုးနေခြင်းပင်လား။ အမေက အခုထိတိုင် အဖေကို မုန်းနေခဲ့သလားဟူသည့် အတွေးတို့နှင့် သန်းသန်း ဝမ်းနည်းမိလေသည်။

'ကိုထွန်းရေ... ရှင့်အိမ်က ဒီမှာပါနော်၊ ဟောဒီက ရင်နဲ့ကိုလည်း အသက်ရှိတယ်လို့ မှတ်ပါဦး။ တကတဲ့တော် အနားကနေ တစ်ဖဝါး မခွာ ဝတ်ကြီးဝတ်ငယ် ပြုစုနေရတယ်လို့'

'ဟေ့...မင်းပါးစပ် ပိတ်ထားစမ်း ရင်နဲ့'

တစ်ဖက်အိမ်မှ မရင်နဲ့ အသံနှင့်အတူ ဆူညံသံတွေကိုပါ ကြားလိုက်ရလေသည်။ ထိုအခါ အဖေသည် အမေ့ကို တစ်ချက် စိုက်ကြည့်ပြီး ပြန်အော်ပြောလိုက်၏။သန်းသန်း ကြည့်လိုက်တော့ အမေက မျက်လုံးလေးမှိတ်ကာ အိပ်ပျော်နေပြီထင်သည်။ မရင်နဲ့ အသံကို အမေ မကြား၍ တော်သေးသည်။ အဖေကမူ တအေ့အေ့နှင့် ကြိုးထိုးနေရာမှ အိပ်ပျော်နေသည့် အမေ့ကို ငေးကြည့်နေလေ၏။ အဖေ့ကို ကြည့်ပြီး သန်းသန်း တွေးမိသည်။ အဖေ ကြိုးထိုးသည်မှာ အမေ စိတ်ထဲမှ ပြောနေ၍ မဟုတ်ဘဲ မရင်နဲ့များ ပြောနေ၍လားဟုပင်။

သန်းသန်း တွေးနေစဉ်မှာပင် တစ်ဖက်အိမ်မှ မရင်နဲ့၏ တဒုန်းဒုန်းဖြင့် သောင်းကျန်းသံတွေကို ဆူညံစွာ ကြားလိုက်ရလေသည်။ ထိုအခါ အဖေက တောက်တစ်ချက် ခေါက်ကာ အခန်းထဲမှ ထွက်သွားတော့၏။ မကြာလိုက်ပါချေ။ အဖေနှင့် မရင်နဲ့၏ ရန်ဖြစ်သံတွေကိုကျယ်လောင်စွာ ကြားလိုက်ရလေသည်။

အဖေနှင့်အမေ ရန်ဖြစ်လျှင် စိတ်ညစ်လှသော သန်းသန်းသည် အဖေနှင့် မရင်နဲ့ ရန်ဖြစ်နေသည်ကို ဘာရယ်ကြောင့်မှန်းမသိ ကြည်နူးဝမ်းသာလွန်း၏။ ထို့ကြောင့်လည်း အိပ်ပျော်နေရှာသည့် အမေ့လက်ကလေးကို ဆုပ်ကိုင်ပြီး တိုးတိုးလေး ပြောလိုက်မိသည်။

'အဖေနဲ့ မရင်နဲ့ ရန်ဖြစ်နေကြပြီအမေ၊ သန်းသန်း အရမ်းပျော်တာပဲ။ အမေရော ပျော်တယ်မို့လားဟင်'

သန်းသန်းစကား အဆုံးတွင် အိပ်ပျော်နေသည့် အမေ့မျက်လုံးထဲမှ မျက်ရည်စက်များစီးကျလာသည်ကို အံ့သြစဖွယ်မြင်လိုက်ရလေသည်။ အမေသည် အမှန်တကယ် အိပ်ပျော်နေသည်လား။ ထိုသို့မဟုတ်လျှင် အိပ်ချင်ယောင်ဆောင်နေသည်လား။ အိပ်ပျော်နေရင်းပင် အိပ်မက်ဆိုးများ မက်နေခဲ့သည်လား။ သန်းသန်း မတွေးတတ်တော့ပေ။ အမေ့မျက်ဝန်းမှ မျက်ရည်များကို ဖွဖွလေး သုတ်ပေးလိုက်သည့် သန်းသန်းမျက်ဝန်းတွင်လည်း မျက်ရည်စတို့ ခိုတွယ်လာလျက်။ ■

နတ်ရဲ၊ရွှေပဒေဒ၊

သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မှုလပထမ"

ကွန်ပျူတာဖေဒသရေး

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဗုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ကြိုတင်ကြေတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

ဒေါက်တာတင်ဗိုလ်ဗိုလ် (နာမကံ့ရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထပ်၊ အလုံပြို့နယ်၊ ရန်ကုန်ပြို့။

ဖုန်း-၀၁-၂၂၈၆၅၅၊၀၉-၇၃၁၀၇၇၃၁၊၀၉-၅၁၀၇၄၂၂၆

Website: www.baydathukhuma.com

www.burmeseclassic.com

www.burmeseclassic.com

ဝင်းမိုးမိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com

၁။

ဒေါ်တင်မမကြီးအဖို့
ထုရသည့် ရင်ဘတ်သည်
သူမ၏ ရင်ဘတ်
ဖြစ်နေသောကြောင့်
အသံထွက်ရုံ
ခပ်သာသာလေး
ထုလိုက်ရသည်။
သို့ကြောင့်ပင်
စိတ်ထဲတွင် ရှိနေသည့်
ကလိတိတိများသည်
မကျေချမ်းနိုင်ဘဲ
'ဘယ့်နယ်တော်...
ပြောစရာလား။
တန်မှန်းမသိ၊
မတန်မှန်းမသိ' ဟု
ဆက်ပြီး ရေရွတ်မိ၏။
ထိုသို့ စဉ်းစားရင်းပင်
ငိုမဲ့လုလု
မာနမီးတောက်သည်
'ငါ့သား' ဆိုသည့်
ဘဝင်လေဟပ်ကာ
ချက်ချင်းပင်
အသစ်တစ်ဖန် ပြန်လည်
ကြီးထွား ပြန်လေရာ
ပါးစပ်ကို ဇောဇော
ဝိတ်မထားနိုင်တော့ဘဲ
'အဲ့ကြီးကို သြပါရဲ့တော်'
ဟု အာလုပ်သံကြီးနှင့်
ဟစ်မိ၏။
'သူ့သမီး
အသားမည်းမကိုများ
ငါ့သား အကောင်းစားနဲ့
ပေးစားချင်ရသေးသတဲ့' ဟု
မကျေလည်စွာ
ပွစိပွစိရွတ်ရင်း
သက်ပြင်းမောကို
ရှူးခနဲမြည်အောင်
မှုတ်လိုက်သည်။
'သမီးက ရူပဗေဒနဲ့
ကျောင်းပြီးတာလေ၊
သူက ဘွဲ့ရတော့
ကျောင်းဆရာမ

ဒေါ်တင်မမကြီး၏
သားသည်
အရပ်မနိမ့်မမြင့်
ဝိန်ဝိန်ပါးပါး
ဖြစ်သည်
အသား
ညှိုစိမ့်စိမ့်တွင်
အရိုးအဆစ်
ပြေပြစ်လေရာ
ကြည့်ပျော်သူ
ဖြစ်၏
အပြစ်
ပြောစရာဆို၍
နာခေါင်းလေး
နည်းနည်းကြီးသည့်
အချက်
တစ်ချက်သာ
ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

သူမ၏ သားသည် မဂ္ဂဇင်း စာမျက်နှာများတွင် ဓာတ်ပုံ မော်ဒယ်လ်အဖြစ် သုံး၊ လေးကြိမ်မျှ ပါဖူးသည့် အဖြစ်ကလည်း ဒေါ်တင်မမကြီးအား ဝို့၍ သွေးနားထင် ရောက်စေ၏

လုပ်ချင်တာ။ အဲဒါကို ကိုယ်တွေက 'တော်ပါသမီးရယ်၊ ကိုယ်က ပညာတတ်ပြီပဲ။ လစာလေး တစ်ပဲခြောက်ပြား နဲ့ အိုးရလခစားလည်း လုပ်ချင်မနေပါနဲ့။ ကိုယ့်အဖေရဲ့ ကုမ္ပဏီမှာပဲ အလုပ်သင်အဖြစ် ဝင်လုပ်ပါ' တားရတယ်။ အခုတော့ သူက အဖေအားကိုးရတဲ့ မန်နေဂျာကြီး ဖြစ်နေပြီလေ။ ဒါတောင်မှ ဒီကြားထဲ စိမ်ခန့်ခွဲမှု သင်တန်းဆိုလား နိုင်ငံခြားကနေ ဘွဲ့တစ်ခု ထပ်ယူလိုက်သေးတယ်'

သမီးအကြောင်း ရွှန်းရွှန်းဝေအောင် ကြော်ငြာထိုးသွားသည့် ဒေါ်စိန်ရွှေမြ၏ စကားသံကို ပြန်ကြားမိလျှင် ဒေါ်တင်မမကြီးသည် 'ဟင့်' ခနဲ မဲ့၏။ ပြီးလျှင် 'လစာလေး တစ်ပဲခြောက်ပြား အိုးရလခစားလည်း လုပ်ချင်မနေပါနဲ့တဲ့'။ အဲဒီတုန်းက များ သူသမီး အဲဒီကျောင်း ဆရာမအလုပ် ရချင်လို့ ဖျပ်ဖျပ်လူးနေတာ မှတ်မိသေးတယ်။ သူ့သမီးကရော နာမည်ကသာ စိန်နီလာ၊ လူက ညံ့လိုက်တာမှ ချာတူးကို လန့်လို့။ ဖြေတဲ့ စာမေးပွဲတိုင်းကျ။ နောက်ဆုံး စေလိုရာစေ လျှောက်တာတောင် ဘယ်မှာ အောင်လို့လဲ။ ဒါနဲ့ပဲ စာမေးပွဲဖြေစရာ မလိုတဲ့ သူ့အဖေရဲ့ အလုပ်ထဲကိုပဲ ဝင်လိုက်ရတာကိုများ အချင်းချင်း ကြားချင်သေးတယ် ဒင်း(သင်း)က။ ပြီးတော့ ပြောသေးရဲ့ ကုမ္ပဏီတဲ့။ အဖေက ဥက္ကဋ္ဌ၊ သမီးက မန်နေဂျာ၊ အမေက စာရင်းကိုင်၊ သားက ပြာတာ။ လက်ချိုးရေလို့မှ လူက လက်တစ်ဖက် မပြည့်တဲ့ဟာများ ကုမ္ပဏီတဲ့။ ဘာတဲ့ ဆိုင်းဘုတ်က စိန် ရေချိုရေငန် ထွက် ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလိမိတက်တဲ့။ ငါးပိ၊ ငါးခြောက်သည်က ငါးပိ၊ ငါးခြောက် ပေါ့ အေ။ အလကား ကြွားလုံးတွေ' ဟု စိတ်ထဲမှ ချိုးချိုးဖဲ့ဖဲ့ ဆက်တွေးသည်။ ထိုသို့တွေးရင်း မျက်စိရှေ့မှ ဒေါ်စိန်ရွှေမြ ပေးသွားသည့် ငါးပိနှင့် ငါးခြောက် လက်ဆောင်ထုပ်ကို မျက်စိရောက်လျှင်မူ 'ဟင်း' ခနဲ သက်ပြင်းရှည်ကြီး တစ်ခု ချ၏။ ပြီးလျှင် 'အမယ်လေး ...သားကိုတော့ ငါးပိ လေး ငါးဆယ် သားလောက်နဲ့တော့ မလဲနိုင်ပါဘူး' ဟု မဲ့မဲ့ရွဲရွဲ သာသာ ထိုးထိုး ဆက်တွေး၏။ ယင်းမှ သားဖြစ်သူ အကြောင်းကို အမျှင်တန်းတန်း ဆက်တွေးပြန်သည်။

ဒေါ်တင်မမကြီး၏ သားသည် အရပ်မနိမ့်မမြင့် ပိန်ပိန်ပါးပါး ဖြစ်သည်။ အသားညိုစိမ့်စိမ့်တွင် အရိုးအဆစ် ပြေပြစ်လေရာ ကြည့်ပျော်သူ ဖြစ်၏။ အပြစ်ပြောစရာဆို၍ နှာခေါင်းလေး နည်းနည်းကြီးသည့် အချက်တစ်ချက်သာ ရှိ၏။ သို့သော် ဒေါ်တင်မမကြီး၏ စိတ်ထဲတွင်ကား ထိုနှာခေါင်းကို အပြစ်ဆိုစရာဟု မထင်။ အမေဝီဝီ ယင်းကြောင့်ပင် သူ့သားသည် ပို၍ ခုံထည်နေသည်ဟု စိတ်တွင် တွေး၏။ ထို့ပြင် သူမ၏ သားသည် မဂ္ဂဇင်းစာမျက်နှာများတွင် ဓာတ်ပုံ မော်ဒယ်လ်အဖြစ် သုံး၊ လေးကြိမ်မျှ ပါဖူးသည့် အဖြစ်ကလည်း ဒေါ်တင်မမကြီးအား ပို၍ သွေးနားထင် ရောက်စေ၏။ ပြီးလျှင် သူမ၏ သားသည် လူအများ၏ အလယ်တွင် အဖို့တန်းမျက်နှာပွင့်လှသည့် ဆရာဝန်တစ်ယောက်လည်း ဖြစ်သေးသည်ပဲ။ 'သားက ဆရာဝန် မော်ဒယ်လ်လေ...အဟင်း ဟင်း' ဟု တစ်ယောက်ယောက်ကို များ ပြောလိုက်ရလျှင် ပါးစပ်ထဲ ဘယ်လောက် စေး စေးပိုင်ပိုင် ရှိလိုက်သလဲ။ ဒီခေတ်ကြီးမှာ ဒီထက် မျက်နှာပွင့်စာ ဘာရှိနိုင်သေးတုံး။ စဉ်းစားရင်းပင် 'ခေတ်ကြီးကို က' ဟူသော အတွေးသည် ဒေါ်တင်မမကြီး၏ စိတ်ထဲ ဆက်ဝင်လာပြန်သည်။

'အင်း ခက်တယ်... ခက်တယ်၊ ခေတ်ကြီးကိုက ခက်တယ်။ ဘာတဲ့ *'လူပျို အမေ ဆန့်တစ်အိတ်နဲ့ တောင် ထိပ်မှာပုန်း'* ဆိုတာ တကယ် ပါပဲ။ အင်း...ဒီခေတ်မှ ဒီခေတ်'

နောက်ဆုံး ဒေါ်တင်မမကြီးသည် သူမ၏ အညာကောက်ညင်းထုပ်နှင့် တူလှသည့် ကိုယ်ခန္ဓာကြီးကို ဆက်တီခုံပေါ် ခြေပစ်လက်ပစ် တင်လိုက်ရင်း 'ဒီခေတ်ကြီးမှာ သားလူပျိုအကောင်းစားနဲ့ အမေလုပ်ရတာလည်း မလွယ်ဘူးတော်ရေ' ဟု တစ်ယောက်ယောက်ကိုပဲ ညည်းသလိုလို၊ ကိုယ့်ကိုယ်ကိုပဲ ညည်းသလိုလို ခပ်ကြွားကြွားလေး ဆိုလိုက်ရမှ ရင်ထဲတွင် ချောင်၏။

❑

၂။

သား ပြန်လာမည်ဆို သည်သတင်းကြောင့် ဒေါ်တင်မမကြီးသည် မနက်ခင်း တစ်ခုလုံး ပြာတောက်နေသည်။ ခြံထောင့်ကိုရောက်၏။ 'ဒီအမှိုက်တွေ ရှင်းပါဟဲ့' အော်၏။ သစ်ပင်အောက်ကို ရောက်၏။ 'ဟိုအကိုင်းကို ခုတ်စစ်လိုက်စမ်း' ဟု ဟစ်၏။ အိမ်၏ ဧည့်ခန်းထဲတွင် ရပ်မိ၏။ 'ပန်းအိုးထိုးထား တာကိုက ပုံမကျဘူး' ဟု ဆူ၏။ သားအိပ်မည့် အခန်းထဲဝင် ကြည့် ချိန် တွင် လား ဒေါ်တင်မမကြီး၏ မြေညီတွန်

www.burmeseclassic.com

www.burmeseclassic.com

ခွေးသည် မကြာသေးခင်က ပင် နေမကောင်းဖြစ်ကြောင်း၊ တိရစ္ဆာန်ဆရာဝန်ထံ နှစ်ခေါက် သွားပြရပြီး ပိုက်ဆံတစ်သောင်းခွဲ ကုန်သွားကြောင်း၊ ပြီးလျှင် သားရှိစဉ်က စိုက်ထားသော နှင်းဆီခင်းသည် ယခု ပွင့်နေပြီဖြစ်ကြောင်းနှင့် လွန်ခဲ့သော တစ်ပတ်က ထိုနှင်းဆီပန်းများကို ဖောက်သည်ပေးရာ ငွေငါးထောင်ကျော်ရကြောင်း ထွေလီကာလီ ဇာတ်စုံခင်း၏။ ပြောရင်း ဒေါ်တင်မမကြီး၏ စကားများသည် သူမအား ယောကျ်မကြီးဟု ခေါ်လိုက်သော မိန်းကလေးအကြောင်းကို ရောက်သွား၏။

'ခေတ်ကြီးကို ကကြောက်စရာချည်း။ အမွေကိုများ သူက ယောကျ်မကြီးတဲ့၊ သူမို့လို့ မရှက်မကြောက်။ ဟိုတုန်းကပြောကြတဲ့ *'ယူပျို့ အမေ ဆန့်တစ်အိတ်နဲ့ တောင်ထိပ်မှာပုန်း'* ဆိုတာ ဒီခေတ်ကြီးမှ ဒီခေတ်ကြီး။ အမယ်လေး အခုကြုံတုန်း သားနှစ်ယောက်စလုံးကို မှာလိုက်ချင်ရဲ့။ ရည်းစားလည်း မရှာကြနဲ့ဦး၊ ချစ်သူလည်း မထားကြနဲ့ဦး။ နောက် ကိုယ်က အထူးကုဆရာဝန်ကြီး ဖြစ်ပြီဆိုမှ အဲဒီကိစ္စတွေကို စဉ်းစား'

စုံစီနဖာ စကားများကို ပြောရင်း ဒေါ်တင်မမကြီးသည် နောက်နားကျကျမှ လိုက်လာသော သားနှစ်ယောက်အား 'ပြောသာပြောနေရတာ အခုတောင် ရည်းစား ရှိနေကြပြီလားမသိဘူး' ဟုစကားနိဂုံးသေးသည်။ သားနှစ်ယောက်က တစ်ဦး ဆယ့်ခွန်ပဲ ရှိသေးတယ်။ ဘယ့်နယ် ငယ်ငယ်လေးရှိသေးတာ။ အားလုံး ပြည့်စုံနေတဲ့ မိန်းကလေးဆိုရင် တောင် မပေးစားနိုင်သေးဘူး။ အို ကုန်ကုန်ပြောမယ်ရင်၊ အခုနေကတော့ သိကြားမင်းရဲ့ သမီးဆိုရင်တောင် မပေးစားနိုင်သေးဘူး' ဟု စကားဆက်၏။ ပြောရင်း ဒေါ်တင်မမကြီးသည် ငါ့စကားများ လွန်ကုန်ပြီလားဟု တွေးမိပြီး လင်အား မသိမသာ ချောင်းကြည့်၏။ လင်ဖြစ်သူ၏ မျက်နှာပြုံးရိပ်ရိပ် ရှိနေသည်ကို မြင်လျှင် စိတ်ထဲမလုံဘဲ 'ဘာတုံး တော်က' ဟု ရန်လုပ်လိုက်သေးသည်။

❑

၃။

ရထားပေါ်မှ ဆင်းလာသော သားကို မြင်မြင်ချင်း ဒေါ်တင်မမကြီးသည် 'အမယ်လေး...သားက ပိုပြီး တော့တောင် ချောလာသေးတယ်' ဟု ဆီးကြိုသည်။ 'အမေဖြင့် ပင်ပန်းတာနဲ့ ပိန်သွားမည်းသွားပြီလားလို့ စိုးရိမ်နေတာ' ဟုလည်း ခပ်ပို့ပို့ ဆို၏။ ထို့နောက် သား၏ ဘေးတွင် ပြုံးတုံ့တုံ့ ရပ်နေသည့် လူငယ်အား သတိထားမိပြီး 'အိုး...သားရဲ့ သူငယ်ချင်းလား၊ သားက လည်း အချောလေးပဲ' ဟု လက်ကိုဆွဲယမ်းကာ ဟန်မူပိုပို နူတ်ဆက်ပြန်၏။ ထို့နောက် အိမ်တွင် သားကြိုက်သော ငါးဆုပ်ဟင်းများ ချက်ထားကြောင်း၊ နောက်တစ်နေ့တွင် ဝက်သားနှင့် မျှစ်ချဉ်ရောပြီး ချက်ရန် စီမံထားကြောင်း၊ သားမွေးထားသည့် လိုက်သောကြောင့် ဖြစ်၏။ 'ဘယ့် နှယ် တော်...သူ မရှက်ပေမဲ့ ငါက ရှက်တယ်။ မိန်းမတဲ့...ဘယ်မှာလဲ ဣန္ဒြေ၊ ဘယ်မှာလဲ သိက္ခာ။ ခေတ်ကြီးက ကပြောင်းတိကပြောင်းပြန်။ ကျုပ်တို့ ငယ်ငယ်တုန်းကများ မိန်းမကြိုက်တော့ မျှော်လိုက်တာ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာတဲ့။ အခုတော့ မဟုတ်ပေါင်' ဟု အိမ်ရောက်ရောက်ချင်း အော်ကြီးဟစ်ကျယ်လုပ်၏။ သား၏အဖေ၊ လင်ဖြစ်သူမှ 'ဟ...ဘာဖြစ်သေးတုံး၊ ကိုယ်ကသားရှင်ပဲ။ ဟုတ်တယ်သမီးရေလို့ ပြန်ပြောလိုက်ပေါ့ မနာပါဘူး' ဟု ပြောခါမှ ဒေါ်တင်မမကြီးသည် ပိုဆိုးကာ 'အမယ်လေးတော်' ဟု ထ၊ ဟစ်ပြန်သည်။

'နာတယ် တော်ရေ့၊ ကိုယ့်ဘက်က သားရှင်ဆိုပေမဲ့လည်း နာတာတွေ ရှိတယ်။ မိန်းကလေး အပျို ဖြစ်တိုင်း သဘောတူစရာ မဟုတ်ဘူး။ ရုပ်ရည်ရူပကာ၊ ပညာ၊ ဥစ္စာ၊ ပြီးတော့ မိဘမျိုးရိုး၊ စာရိတ္တ အကုန်ကြည့်ရမယ်တော်ရေ့။ ကိုယ့်သားက အကောင်းစား၊ ဆရာဝန်တော့။ ဘယ့်နယ် တွေ့သမျှ မိန်းကလေး ချွေးမခေါ်ရအောင် ကိုယ့်သားက အလေနတော မဟုတ်ဘူး' စကားကို အဆက်မပြတ်ဆို၏။ ခဏမျှကြာလျှင် အခဲမကျေသေးဟန်ဖြင့် 'အခုမှ သားက နှစ်

www.burmeseclassic.com

www.burmeseclassic.com

ကိုတစ်ဦး ပြုံးကြည့်ပြီး 'မရှိသေးပါဘူး'ဟု အာမသန္တေခံသည့်တိုင် မိန်းမ မကောင်းကြောင်းကို မန်လည်ဆရာတော် ရှုံးလောက်အောင်ပင် ဦးကာဖွဲ့လိုက်သေး၏။

သူမ၏သား ပြန်ရောက်သည့်နေ့မှစ၍ ဒေါ်တင်မမကြီးသည် အိမ်လည်ပြီး အတင်းမတုတ်ခိုင်ရှာ။ အကြောင်းကား သူမ၏သားအကောင်းစားအား ကင်းစောင့်တာဝန် ကျနေသောကြောင့် ဖြစ်၏။ အခါတိုင်းတွင် အမြဲလိုလို ပြုံးချို ရယ်မောနေသော ဒေါ်တင်မမကြီး၏ မျက်နှာသည် သား၏ မိန်းကလေး သူငယ်ချင်း တစ်ယောက်ယောက် လာလျှင်မူ အလိုလိုပင် တင်းကာ သွားသည်။ ထို့နောက် အသံမာမာဖြင့် 'သားရေ ဥည့်သည်'ဟု ခေါ်ပေး၏။ ပြီးလျှင် ထိုမိန်းကလေး မပြန်မချင်း ဟိုဟာလုပ်သလိုလို ဒီဟာလုပ်သလိုလို အနားတွင် ရစ်သီရစ်သီလုပ်၏။ ထိုမိန်းကလေးသူငယ်ချင်း အိမ်ပြန်သွားချိန်တွင်ကား 'အဲဒီကောင်မလေးက...'အစချီကာ ဘယ်တုန်းက ရည်းစားထားဖူး၊ ကြက်ဥပင် မပြုတ်တတ်၊ ငရုတ်သီးပင် မထောင်းတတ် စသည်ဖြင့် ထိုမိန်းကလေး၏ မကောင်းကွက်အဖုံဖုံကို ဇာတ်စုံခင်း၏။ နောက်ဆုံး ယောကျ်ားဖြစ်သူမှ 'တော်ပါတော့ မိန်းမရယ်၊ မင်းမလည်း အပျိုအတင်း ပေါင်းချုပ်ဖြစ်နေပြီ'ဟု တားရသည်။ ထိုအခါတွင်လည်း ဒေါ်တင်မမကြီးသည် ဆိတ်ဆိတ်ငြိမ်ခံ။ 'အို...ကိုယ်က သားရှင်ဆိုတော့ ဘယ်မိန်းကလေးက ဘယ်လိုဆိုတာ လေ့လာထားရတယ်တော်ရေ့၊ စပ်စုချင်လွန်းလို့ မဟုတ်ဘူး။ သိတယ်မဟုတ်လား။ တချို့က မျက်နှာမှာ ပေါင်ဒါအဖွေးသားနဲ့ ပေါင်မှာ သေးစီးကြောင်းနဲ့ဆိုတာ' ဟု ကက်ကက်လန် အကြောင်းပြန်သည်။

တစ်ရက်သားတွင်မူ ဒေါ်တင်မမကြီးသည် အိမ်တွင် အိမ်တွင် အမြဲငိုသားထိုင်နေရင်းပင် ဒေါသူပုန်ထ, ရသေး၏။ အကြောင်းကား မြို့၏ အပျိုဂေဇက် သတင်းစာတွင် သူမအား အာသာဝတီနှယ်နိုနှတ်ပန်းအား စောင့်ကြပ်သည့် ဘီလူးမကြီး အဖြစ် ရယ်ပွဲဖွဲ့နေကြကြောင်း တစ်ဆင့်စကား ကြားလိုက်ရသောကြောင့် ဖြစ်၏။ ထို့နောက်တွင် ဒေါ်တင်မမကြီးသည် ပို၍ မျက်နှာကြောတင်းလာ၏။ ရံဖန်ရံခါ မိန်းကလေးအသံနှင့် ဖုန်းဝင်လာလျှင် ဘာဘာညာညာ မေးမနေဘဲ 'မရှိဘူးဟေ့'ဟု ဆော့ကြိုးအောင့်ကြိုး ဖြေပြီး 'ဂေါက်'ခနဲနေအောင်ပင် ဖုန်းကို ချ၏။ ပြီးလျှင် 'ကောင်မလေးတွေက ကဲကိုကဲလွန်းတယ်'ဟု ဆက်ရေရွတ်၏။

❑

၄။

မနက်ခင်းတစ်ခုတွင် ဒေါ်တင်မမကြီးသည် သားက အိမ်သားများကို မပြန်ခင် ငါးပေါင်း လုပ်ကျွေးမည်ဟု ဆိုသဖြင့် လိုအပ်သည့် အဆာပလာများ ဝယ်ပြီး ပြန်လာ၏။ လမ်း၌ ထုံးစံအတိုင်း 'သားပြန်လာသဖြင့် အိမ်ပင် မလည်နိုင်ကြောင်း၊ ယခု ခေတ် ကောင်မလေးများက လည်း ကဲလွန်းကြောင်း' အော်ကြိုးဟစ်ကျယ် ပြော၏။ ဤတွင် ဒေါ်တင်မမကြီး၏ အတော် မြင်ပြင်းကတ်နေဟန် တူသည့် မိန်းကလေးတစ်ဦးသည် 'အန်တီရေ ဒေါင်းများက,တာ မြင်ဖူးတယ်မဟုတ်လား၊ အရှေ့ဘက်က ကြည့်ရင်သိပ်လှတာ။ အဲ အနောက်က ကြည့်ရင်တော့ တော်တော်ကို ကျက်သရေ မရှိတာ'ဟု ပြောလက်စ,စကား နှင့် မဆီမဆိုင် ပြော၏။ ဘာဆိုလိုသည်ကို ရုတ်တရက် စဉ်းစားမရသဖြင့် ဒေါ်တင်မမကြီးသည် ဘာမျှ ပြန်မပြောလိုက်နိုင်။ အိမ်အပြန် လမ်းတစ်လျှောက်တွင် ထိုစကားကို တအုံနွေးနွေး တွေးကာ 'ဒီကောင်မလေး ဘာပြောချင်တာလဲ'ဟု ကြိတ်မနိုင်ခဲမရ ဖြစ်ရ၏။ တစ်မိုးစိမ့်တွေးရင်း အိမ်နားသို့ ရောက်မှ 'ဘုရားရေ၊ ငါ့သားမှာ ရည်းစားရှိနေပြီလို့ ဆိုချင်တာလား'ဟု စဉ်းစားမိသည်။ 'ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်၊ အန်တီကသာ တိုနေတာ အန်တီ့သားမှာ ရည်းစားနဲ့လို့ ပြောချင်ပုံပဲ'ဟု ဆက်တွေးမိလျှင် ဒေါ်တင်မမကြီး၏ ရင်သည် တဒိန်းဒိန်း ခုန်လာလေ၏။

အိမ်သို့ ရောက်ချိန်တွင် သားနှင့် သား၏သူငယ်ချင်းသည် နှင်းဆီပန်းခင်းအလယ်တွင် ရေပုံးကိုယ်စီကိုင်လျက် ခေါင်းချင်းဆိုင် ရယ်နေကြသည်ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်၏။ ပြီးလျှင် သူမ အနား ရောက်သွားချိန်တွင် ပြုံးစိစိ မျက်နှာများဖြင့် ဘာအကြောင်းမျှ ပြောမနေကြသလို လူချင်း ခွာသွားကြသည်ကိုလည်း သတိထားမိ၏။ ဒေါ်တင်မမကြီး၏ စိတ်ထဲမှ 'သေချာပါပြီ၊ ဒါ သူတို့ ရည်းစားတွေအကြောင်း ပြောနေတာပဲ နေမှာ။ သားမှာ ရည်းစားရှိနေပါပြီ'ဟု ဝိုထင်လာ၏။ ထို့ကြောင့် 'ကဲသားတို့ မီးဖိုထဲမှာ ကြိုက်သလို ချက်ကြ၊ အမေတော့ မောတာနဲ့ အိမ်ရှေ့မှာ နားလိုက်ဦးမယ်'ဟု ပ,ထုတ်ကာ အားလုံး အလစ်တွင် သားများနေသည့်အခန်းအတွင်း ဝင်ကာ မွေလေ၏။ ဤသို့ဖြင့် ဆယ်မိနစ်ကျော်ကြာလျှင် ဒေါ်တင်မမကြီး၏ လက်ထဲတွင် မသက်ာစရာ စာအုပ်နှစ်အုပ်ကို ဆုပ်မိလေ၏။ စာအုပ်နှစ်အုပ်သည် ပုံစံတူ၊ အရောင်တူဖြစ်ပြီး မတူသည်ကား အထဲမှ လက်ရေးဖြစ်သည်။ ဒေါ်တင်မမကြီး တစ်အုပ်ကို ဖျတ်ခနဲ လှန်ကြည့်မိလေ၏။ 'ကောင်းကင်မှာ တောက်ပနေတဲ့ ကြယ်တွေ အများကြီးထဲမှ မင်းက အတောက်ပဆုံး ကြယ်တစ်ပွင့်ပါ'ဟူသော စာကို ဖတ်လိုက်ရ၏။ 'ဒါ သားလက်ရေး မဟုတ်ဘူး။ ဟိုကောင်လေးစာအုပ်နေမှာ'ဟု တွေးပြီး ထိုစာအုပ်ကို ချက်ချင်းပိတ်ကာ နောက်တစ်အုပ်ကို လှန်ကြည့်ပြန်၏။

'အချိန်တွေ ကြာလာတာနဲ့အမျှ ဘဝတစ်ခုလုံး လက်တွဲရမယ့် လူဆိုတာ သေချာလာတယ်။ တကယ်ဘာကြောင့်ပဲဖြစ်ဖြစ် ဘယ်တော့မှ မခွဲကြနဲ့နော်။ ချစ်

www.burmeseclassic.com

www.burmeseclassic.com

တယ် ကွာ...အရမ်းချစ်တယ်။'

ဘုရား ရေ...သား လက်ရေးမှ သားလက်ရေး။ ဒေါ်တင်မမကြီးသည် ဒိန်းခနဲ ငယ်ထိပ် တက်ဆောင့်သလို ဖြစ်ကာ စာရွက်များကို ဖျိုးဖျိုးဖျပ်ဖျပ် လှန်ကြည့်၏။ ချစ်သည့်အကြောင်း၊ ကြင်နာသည့် အကြောင်းများသာ တွေ့ရပြီး ကောင်မလေး နာမည်ကား ရှာမတွေ့။ 'ရည်းစားရှိတာတော့ သေချာပါပြီ။ ဘယ်က ကောင်မလေးများလဲ မသိဘူး' ဟူသော အတွေးဖြင့် ဒေါ်တင်မမကြီးသည် ထူသလိုလို၊ ထုံသလိုလို ဖြစ်လာကာ အိမ်ရှေ့ခန်းဘက် ပြန်ထွက်ခဲ့၏။ ထိုစဉ် ခဏအချိန်က နှင်းဆီခင်းထဲတွင် သားနှစ်ယောက် ခေါင်းချင်း ဆိုင်နေကြသည်ကို ပြန်မြင်ယောင်ပြီး 'သူတို့ပဲ ရှိရင်တော့ သူတို့ရည်းစားတွေအကြောင်း ပြောကြမှာပဲ' ဟု တွေးမိလျက် မီးဖိုခန်း ဘက်သို့ ဖြေဖွဖွနင်းကာ ထွက်ခဲ့သည်။ ပြီးလျှင် မဟတဟ ရှိနေသည့် တံခါးသို့ ကပ်ကာ အသာချောင်းလေ၏။

ဘုရား ရေ...။ ဒေါ်တင်မမကြီး၏ ရင်သည် ကုလားဘုရားပွဲ လှည့်သလို တဒုန်းဒုန်း ခုန်လာသည်။ သူမစိတ်တွင် လောကကြီးသည် ဇောက်ထိုးမိုးမျှော် ဖြစ်ကုန်ပြီထင်ပါရဲ့ဟုလည်း တွေးမိ၏။ ယင်းနောက်တွင်ကား ကိုယ့်ကိုယ်ကို ထိန်း၍ ထွက်လာသည့်တိုင် ဒေါ်တင်မမကြီး၏ ခြေနှင့်လက်များသည် တဆတ်ဆတ် တုန်ခါနေကြသည်။ ထိုသို့ တုန်တုန်လှုပ်လှုပ် လျှောက်လာရင်း ပင် နားထဲ၌ 'အင်...အရှေ့မှာ အမေတို့ ရှိနေတယ်နော်' ဟူသော သား၏ ချွဲတဲ့တဲ့ စကားသံကို ပြန်ကြားသည်။ ပြီးလျှင် သား၏သူငယ်ချင်းသည် သားအား ရွတ်ခနဲ နမ်းလိုက်သည်ကိုလည်း မြင်ပြန်၏။ ထိုအခါ ဒေါ်တင်မမကြီး ချက်ချင်းပင် ခေါင်းကို ဆတ်ခနဲ ဆတ်ခနဲနေအောင် ခါယမ်းမိ၏။

'အမယ်လေး...လေး။ ငါ့ကို လူတွေ ဘယ်လောက်များ ရယ်ကြမလဲ မသိဘူး။ ငါကတော့ သားကို တိုလွန်းလို့ ကာလိုက်ရတာ၊ အခုတော့ သားက...။ ဘုရား...၊ ဘုရား...တစ်ခုခုတော့ လုပ်မှဖြစ်မယ်၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်'

ထို့နောက် ဘုရားအလီလီတ၊ကာ ယောက်တီယောင် ချာဖြင့် သတိလက်လွတ် တတွတ်တွတ် ရွတ်ရင်း လျှောက်လာသော ဒေါ်တင်မမကြီးသည် တယ်လီဖုန်းစင်နားရောက်လျှင် ရုတ်တရက် တံခနဲရပ်ပြီး ဖုန်းခွက်ကို ဆတ်ခနဲ ကောက်ကိုင်လိုက်သည်။

'ဟယ်လို... မြလား။ အဟင်း...ဟင်း၊ တင်မပါ။ ဒီလိုလေ သားက အခု အိမ်ပြန်ရောက်နေတော့ တင်မတို့ကပဲ မြတို့ကို ထမင်းစား ဖိတ်ရမလား၊ ဒါမှမဟုတ် မြတို့ကပဲ တင်မတို့ကို ထမင်းစား ဖိတ်မလား တစ်ခုခု စီစဉ်ကြရအောင်လို့လေ...အဟင်း ဟင်း၊ သိတယ်မဟုတ်လား။ သမီး နီလာလေးနဲ့ သားကို...'

ဒေါ်တင်မမကြီး၏ အသံသည် ချိုမြိန်ဝေလွင်နေသော်ငြား မျက်နှာကား မပြုံး။

■

ရေဒေး

အင်္ဂလိပ်၊တရုတ်၊မြန်မာ

တက္ကစီသမား ငြိုကြား အင်္ဂလိပ်စကား

English for Taxi Drivers

အင်္ဂလိပ်စာ၊ တရုတ်စာ၊ မြန်မာအဓိပ္ပာယ်

Hànyǔ pīnyīn တရုတ်အသံထွက်များ ပါဝင်သည်။

ဖြန့်ချိရေး ဇေယျာထွန်း၊ အမှတ် ၁၉၃(မြေညီထပ်)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:248203, 374780

www.burmeseclassic.com

www.burmeseclassic.com

တကယ်လျင်တဲ့ ကောင်လေးတွေ။
နည်းနည်းလေး လူလစ်တာနဲ့
အိမ်အောက်မှာ ရောက်နေကြပြန်ပြီ။
ဒီအနီးနားဝန်းကျင်က
လူတွေဆိုတာလည်း
အဲဒီကောင်လေးတွေကို ဘယ်လို
ကြည့်မရကြမှန်းကို မသိဘူး။
အရိပ်မြင်တာနဲ့ ကြိမ်းမောင်း ခြောက်လှန့်
မောင်းထုတ် နှင်လွှတ်ကြဖို့
တက်ညီလက်ညီ အသင့်
ပြင်ထားကြတာပဲ။ တချို့အိမ်တွေဆို
ကြမ်းခင်းကို ဖနောင့်နဲ့ ဆောင့်ပြီး
မောင်းလွှတ်ကြတယ်။ တချို့က
မအေ၊ နှမ ပျစ်ပျစ်နှစ်နှစ် ဆဲတဲ့အပြင်
ခဲနဲ့ပါ ပစ်လွှတ်တတ်ကြသေးတာ။
ကျုပ်တို့ဒိုင်က စာရေးကောင်လေးကတော့
မကြိုအပ် မစည်ရာ အိမ်အောက်ကို
ရေနွေးပူနဲ့ လောင်းချပါ့မယ် တကဲကဲ
လုပ်နေလို့ ကျုပ်မှာ ရှိခိုးဦးတင်နဲ့
မနည်း တောင်းပန်နေရတယ်။
ကောင်လေးတွေကလည်း
ကောင်လေးတွေပဲ။ ဘယ်လောက်
နှိမ်နင်းပေမဲ့ ဘယ်တော့မှ
ဝေးဝေးခွာသွားကြတယ် မရှိဘူး။

ရေစီးရေလာ

သတိုး

ဆူပူဆဲဆိုနေတုန်း ခဏပဲ ပုန်းကွယ်
ပျောက်သွားတတ်ကြပေမဲ့ ခဏနေရင်
ပြန်ရောက်နေကြပြန်တာပဲ။

❑

ဒီလမ်းမတန်း တစ်တန်းလုံးဟာ
အရင် ကျုပ်တို့ အပျိုပေါက်စ
အရွယ်တုန်းကတော့ ရှုနှန်းလတာပြင်ကြီး
ပေါ့။ လမုပင်တွေ၊ ကန့်ကလာပင်တွေ၊
သမဲ့ပင်တွေနဲ့ တောကို ညှိုလို့ပဲ။
ခရာဆူး ချုံတွေလည်း အပြိုင်းအရိုင်းပဲ။
ရွေးမြစ်ပြင်ကနေ မြို့ကို
လှမ်းငေးလို့ကတော့ ဒီရေတောတန်းနဲ့
သူနောက်က အုန်းပင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မြင့်မြင့်တွေကိုသာ မြင်ရမှာပဲ။ မြို့ကလေးက တောထဲမှာ ပုန်းပြီး ပျောက်နေခဲ့တော့တာ။ ရွှေရောင်ဝင်းနေတဲ့ အောင်တော်မူ မြို့လယ် စေတီတော်ကြီးကို ဖူးတွေ့နေရလို့သာ မြို့ကို မှတ်မိနိုင်ကြတာ။ ဆက်သွယ်ရေး တာဝါတိုင် မြင့်မြင့်ကြီးကို မြင်ရလို့သာ မြို့ကလေးကို သိမှတ်မိကြတော့တာ။

ရွေးမြစ်က သူ့ရင်ခွင်ထဲက မြို့ကလေးကို တော့မျက်နှာလိုက်ရှာတယ်။ တစ်ဖက်ကမ်းပါးကို တိုက်စားဖြိုချလို့ မြို့ကလေးဘက်ခြမ်းဆီ နုန်းအနုည်အနှစ်တွေ ပို့ချပေးခဲ့တော့ မြို့ကလေးက ရွေးမြစ်ဆီ တဖြည်းဖြည်း ခြေဆန့်ဆင်းလာပြီး ညိုစိုစိုလတာပြင်ကြီးလည်း တရိပ်ရိပ် ပြန့်ကား မြင့်တက်လာတော့တာ။ မြို့လူထုက ဒီရေတောတန်း ပါးပါးကို ရှင်းလင်းလို့ မြေကွက်ရိုက်၊ လမ်းသစ်လည်း ဖောပေးလိုက်ရော ရွေးမြစ်ကမ်းနားဘေးမှာ ကဏန်း၊ ပုစွန် အဝယ်ခိုင်တွေ တစုတဝေးကြီး၊ အလျှိုလျှို အပြိုင်းအရိုင်း ပေါပေါက်လာခဲ့တော့တာ။

မြို့ကလေးမှာလည်း တစ်စစီ ပြန့်ကျဲနေတဲ့ ရေလုပ်ငန်းရှင်ဆိုတဲ့ လူတန်းစား တစ်ရပ် ထင်မြင်သာ၊ တစုတဝေးတည်း ပေါပေါက် လာပြီးဂုဏ်တက်လာသလို ကျုပ်တို့လို လက်လုပ်လက်စားတွေ အတွက်လည်း ယောကျ်ား၊ မိန်းမ မကျန် အလုပ်နဲ့လက် မပြတ်ကြရတော့တာ ဝမ်းသာစရာကြီးပဲ။

အိမ်ရာကွက်သစ်တွေ

ဒီအနီးနားဝန်းကျင်က လူတွေဆိုတာလည်း အဲဒီကောင်လေးတွေကို ဘယ်လို ကြည့်မရကြမှန်းကို မသိဘူး အရိုင်မြင်တာနဲ့ ကြိမ်းမောင်း ခြောက်လှန့် မောင်းထုတ်နှင်လွှတ်ကြဖို့ တက်ညီလက်ညီ အသင့် ပြင်ထားကြတာပဲ

က မြို့မျက်နှာစာလိုလည်း ဖြစ်နေပြီး ကာလပေါက်ဈေး ကလည်း အမြောက်စားဆိုတော့ တော်ရုံလူလည်း လက်လှမ်း မမီနိုင်ကြပါဘူး။ ကျုပ်တို့တော့ မြေယာ အလကားပေးလာရင်တောင် မယူဝံ့ပါဘူး။

အောက်ခံမြေက နုန်းတင်စ မြေပျော့ဆိုတော့ ပျဉ်းကတိုး ပတ်လည်တိုင်ကြီးတွေကို တုံးခံ၊ မြေဝင်ချည်းပဲ ဆယ်တောင်လောက် ဝင်အောင် စိုက်ပြီး အပေါ်ကတိုင်ဆက်ဆောက်ကြရမှာဆိုတော့ အိမ်တိုင်အတွက် ကုန်ကျစရိတ်ကတင် နည်းတဲ့ ကုန်ကျစရိတ်လား။ မြစ်ရေအတက်အကျ ရှိဦးမှာဆိုတော့ အမှိုက်သရိုက်ကင်းကင်းနဲ့ အနေသန့်တယ် ဆိုပေမဲ့ ရေထ၊ ရေခေါင်ရက်တွေမှာ တက် ရေလွတ် အောင် ပါတွက်ဆလို့ ခြေတံရှည်ရှည်၊ ကြမ်းခင်းမြင့်မြင့် ဆောက်ရပြန်တာ။ တော်တန်ရုံ လူလောက်တော့ အိမ်အောက်ဝင်ရပ်လို့တောင် ရနိုင်တယ်။ ဒါကြောင့်လည်း အဲဒီကလေးတွေဟာ ရေကျချိန်တွေ၊ ရေစစ်ချိန်တွေတိုင်း ဒီပုစွန်၊ ကဏန်းဒိုင် အိမ်တန်းတွေ အောက်က လတာပြင်မှာ ရွှံနုန်း ဗရပွနဲ့ အမြဲ ရှိနေတတ်ပြီး ဟိုမှဒီမှ ကူးလူးသွားလာမယုက်နေနိုင်ကြတော့တာပေါ့။

❑

ခုလို ပုစွန်၊ ကဏန်း အတက်ကြမ်းတဲ့ မိုးတွင်းကာလတွေဆို ကိုယ်တွေကသာ အမှတ်မဲ့နေရင်နေမိမယ်။ ကောင်လေးတွေကတော့ ဟိုအိမ်အောက်ကနေ ဒီအိမ်အောက်ဆီ တလှစ်လှစ် ကူးသွားပြေးလွှားရင်း ပွဲတော်ကြီး ကျနေတော့တာ။ အပေါ်မှာက ပုစွန်၊ ကဏန်း ဒိုင်လာသွင်းသူတွေ တရုန်းရုန်း။ ကျုပ်တို့ အလုပ်သမားတွေလည်း ဆိုက်ခွဲကြ၊ ချိန်တွယ်ကြ၊ ရေခဲခွဲကြ၊ ရေခဲထပ်ကြ၊ ငွေပေးငွေယူ ပြေစာတွေနဲ့ စာရင်းရှင်းကြနဲ့ ပွက်လောညံနေပြန်တော့ သူတို့အဖို့ လှုပ်ရှားရတာ အခွင့်သာနေတော့တာပေါ့။

အများအားဖြင့် တော့ ကဏန်းဒိုင်တွေ အောက်မှာ သူတို့ ပိုလို့ပျော်ကြတယ်။ ကဏန်းတွေက နယ်လက်ခွဲ ဒိုင်တွေဆီက တက်လာရင် လက်မကို သင်္ဘူ၊ ခန်ဖူးစတဲ့ ကြုံရာကြိုးတွေနဲ့ ချည်တုပ် ယူလာတတ်ကြတာလေ။ ဒိုင်မှာ ပြန်သွင်းတော့ ကဏန်းအရွယ်အစား၊ အကြီးအသေး မခွဲတော့ဘဲ(ပွန်) ပေးသွင်းပြီး ဈေးဖြတ်ခဲ့ကြတာ။ ကျုပ်တို့ ဒိုင်အလုပ်သမတွေက ဆိုက်ခွဲခြားရင်း ပါလာတဲ့ ကြိုးတွေကို ကတ်ကြေးနဲ့ ဖြတ်ပစ်၊ ပလတ်စတစ်အဖတ်ကြိုးနဲ့ လှပသေသပ်အောင် ပြန်ပြင်ချည်တုပ်ကြရတော့ ခြင်းတောင်း တစ်ခုနဲ့ တစ်ခုကြားမှာ ကဏန်းက အလျော့၊ အပျော်၊ အလေအလွင့်ရှိတတ်ကြပြန်တယ်။ ကဏန်းဆိုတဲ့ အကောင်မျိုးကလည်း လက်မနှစ်ချောင်းစလုံး ကြိုးတုပ်ခံထားရတာတောင် အငြိမ်မနေတတ်သေးတဲ့ သတ္တဝါမျိုး မဟုတ်လား။ ထပ်ညပ်နေတဲ့ ခြင်းတောင်းထဲကနေ သူထက်ငါ ဖက်တွယ် တက်နေကြပြန်တာပါ။ တစ်ကောင်အပေါ် ရောက်သွားရင် အောက်ကတစ်ကောင်က ခွဲချတတ်လို့ လူတွေနဲ့ အကျွှံတူလွန်းလှတယ်ဆိုပြီး ခိုင်းနှိုင်းခံရတတ်တဲ့ ကဏန်းကောင်တွေဟာ သူထက်ငါ လုယက်ကုတ်ခြစ် တွယ်တက်ရင်း ခြင်းတောင်းအပြင် ရောက်သွားတတ်ကြတာပဲ။ ခြင်းတောင်းထဲက လွတ်ပြီဆိုတာနဲ့ နီးစပ်ရာ အပေါက် တစ်ခုကနေကြမ်းခင်းအောက် လတာပြင်ဆီ ပြေးကြတာလည်း မြန်မှမြန်ပဲ။ လမ်းခုလတ်မှာ အငြင် မတော်သူကစဉ်းနဲ့ တွေ့ရင်တော့ ဘဲဆိုးပြန်တာ

www.burmeseclassic.com

www.burmeseclassic.com

ပဲ။ ခြင်းတောင်းထဲဆီ ယက်ကန်ယက်ကန် ပြန်ထည့်ထားခံရပြန်တာပဲ။ အများအားဖြင့်တော့ ကဏန်းကြိုးချည်ကြတဲ့ အလုပ်သမားတွေ၊ အလုပ်သမတွေက မမြင်ယောင် ဆောင်တတ်ကြတာများပါတယ်။ အလုပ်ရှင်လစ်ရင် ဝိုလို့တောင် ပစ်စလက်ခတ်နိုင်ကြသေးတာပါ။ ကျုပ်ကတော့ အဆိုးဆုံးပေါ့။ ဒီလောက် တန်ရှိန်များလှတဲ့ ကဏန်းတွေကြားမှာ တစ်ကောင်တလေ၊ နှစ်ကောင်နှစ်လေ ထွက်ကျသွားလည်းပဲ ထူးခြား ဆုံးရှုံးနိုင်စရာရယ်လို့မှ မမြင်ကြတော့ဘဲ။

အိမ်အောက်က လတာပြင် ကိုယ်တော်လေးတွေကလည်း အဲဒီအခွင့်အရေးကို ငြိမ်ငြိမ်ကလေး ချောင်းပြီး စောင့်နေကြတာပါ။ ကဏန်းတစ်ကောင် အောက်ကျလာတာနဲ့တစ်ပြိုင်နက် ခြေသလုံးမြုပ်နေတဲ့ ရွှံနုန်းလတာပြင်ထဲမှာ ခြေသံလုံလုံနဲ့ ရုန်းလျှောက်၊ ပြေးကောက်ပြီးသားပဲ။ ကဏန်း လေး၊ ငါးလုံးလောက်ရလည်းပဲ သူတို့အဖို့ နေ့တွက်စီတယ် ပြောရမှာပေါ့။ ကဏန်းက သေဖို့ အင်မတန်လွယ်ကူတဲ့ အကောင်မျိုးဆိုတော့ နီးစပ်ရာ အဝယ် ဒို့ငတွေမှာ ပြေးပြေးလွှားလွှား ပြန်သွင်းကြရပြန်တာ။ မရှောင်သာလို့ ကဏန်းက ကိုယ့်လက်ထဲမှာ သက်ဆိုးမရှည်ပြန်ရင်လည်း အလကားတော့ မဖြစ်ပါဘူး။ ဟင်းစားအဖြစ်နဲ့ လက်သင့်ရာအိမ်ရှင်မတွေကို ကဏန်းအသေ ပြန်ရောင်းရုံပဲ။ ဈေးတော့ တူတူတန် တန် ဘယ် ရမလဲ။

မဟုတ်ရင်လည်း ကဏန်းပြုတ်ပြီး ဟင်းလုပ်စားကြရုံ။ ရေသေရက်တွေမှာတော့ ကုန်အဝင် မရှိသလောက် နည်းတတ်ပြန်တော့ သူတို့တစ်တွေ ဝင်ငွေလျော့တတ်ကြတယ်။ အဲဒီလို့နေ့မျိုးကျတော့လည်း သူတို့ အလကားမနေပါဘူး။ ရေသန့်ဘူးခွံ၊ အချိုရည်ဘူးခွံကအစ၊ ဖိနပ်စုတ်ပါ မကျန် ကြံရာရာမွှေ၊ ကောက်ယူနေကြပြန်တာပဲ။ နောက်ဆုံး ရွံ့ထဲရေထဲမှာ သစ်တိုသစ်စ၊ ပျဉ်တို ပျဉ်စတွေလျှောက်ရှာ ကောက်ပြီး ထင်းရောင်းကြရပြန်တာပေါ့။

ဒါပေမဲ့ ထင်းရှာရတာ ကဏန်း ရှာရတာထက် ပိုခက်ခဲတယ်။ တောထဲမှာလည်း မဟုတ်ပါဘဲ သူတကာအိမ်အောက်မှာ သစ်သားတစ်စ အလွယ်တကူရှာတွေ့နိုင်ဖို့ လွယ်ပါ့မလား။ သူတို့ကတော့ ရအောင် ရှာတတ်ကြတယ်။ မီးဖိုဆောင်ရေသွန်ခန်းက အခင်းသစ်သားတစ်ချောင်း သံပြုတ်နေတာတွေ့လည်း ခွာယူခဲ့တာပဲ။ ရေဆင်းတံတားတွေမှာ လူသွားလူလာ ပြတ်ရင်တောင် သံကို ရိုက်ခွာပစ်ပြီး ယူတတ်ကြတာပဲ။ အိမ်နောက်ဘက်မှာ လှန်းထားတဲ့ ပုဆိုး၊ အင်္ကျီ၊ ထဘီကအစ ဆွဲလွဲသွားကြပြန်တော့တာ။

ကဏန်းဒို့ငတွေမှာ တော်နေကြာ ဘာပျောက်လို့၊ ညာပျောက်လို့ အောက်ကကောင်လေးတွေကို ကျိန်ဆဲနေတဲ့ အသံတွေလည်း နေ့ဆက်နီးပါး ကြားနေရတာ ကျုပ်တော့ကြားကနေ ခေါင်းကိုန်းလှတယ်။ တော်ကြာနေတဖေးဖေးနဲ့ သင်းတို့ကို ခွေးမောင်းသလို မောင်းထုတ်နေကြတာတွေလည်း မကြည့်ချင်မြင်လျက်သားပါပဲ။ ကျုပ်မျက်စိရှေ့မှာပြောနေတာ တွေလို့ကတော့ ကျုပ်က သူတို့ဘက်က ကာကွယ်ပြောတာပဲ။

'ကလေ ကချေလေးတွေ'

ကဏန်းဒို့ငအလုပ်သမတွေထဲက သူတို့ကို ဒီလိုပြောနေသံ ကြားရင် ကျုပ်က ချက်ချင်း ထ,တွယ်တာပဲ။

'ဟဲ့ ...သူများကို ကလေကချေ ပြောရအောင် နင်တို့ကရော ဘယ်လောက် အဆင့်အတန်း ရှိနေလို့လဲ'

အလုပ်သမတွေကို ထိရင် စာရေးကလည်း ကြားကနေ နာတတ်ပြန်တာပဲ။

'ကျုပ်တို့က လူဆင်းရဲလို့ သူများအလုပ်သမား ဖြစ်နေပေမဲ့ သူများပစ္စည်း မခိုးတတ်ဘူးလေဗျာ။ စိတ်ဓာတ် အဆင့်အတန်း ရှိတာပေါ့'

ဟွန်း...မပြောလိုက်ချင်ဘူး။ နယ်လက်ခွဲ ဒို့ငလေးတွေက ကုန်လာသွင်းရင် သူတို့လည်း အခိုန်အတွယ် ကီလို မခိုးဖူးတာမှတ်လို့။ အရွယ်အစား ဆိုက်ခွဲတဲ့အခါမှာရော ဘက်မပင်းတတ်ကြဘူးလား။ ပြောလိုက်ရ ကျုပ် အလုပ်ပြုတ်မှာ ကြောက်လို့သာ။ နယ်ဒို့ငခွဲလေးတွေနဲ့ တစ်နိုင်တစ်ပိုင် ပုစွန်လာသွင်းတတ်ကြသူတွေလည်း ဘာထူးလဲ။ ပုစွန်တုပ်တွေများ ဆေးထိုးအပ်ထဲ ရေစုပ်ယူပြီး စိတ်ရှည်လက်ရှည် ရေထိုးသွင်းလာလိုက်ကြတာ ဒို့ငမှာ ပြန်ချိန်ကြည့်တော့ ပုစွန်တုပ်ကလေးတွေဟာ တင်းပြောင်ပြီး ကားနေတော့တာ။ ဒို့ငအလုပ်သမားတွေကလည်း လည်ပြီးသား။ ရေကို ဘယ်လို ပြန်ထုတ်ရမယ်ဆိုတာ သိတယ်။ ငါးသလောက် ငါးတွေရဲ့ဝမ်းဗိုက်ထဲမှာ ခဲဆံချောင်းတွေ ထည့်လာလည်းပဲ အကောင်မပျက်၊ ပုံမပျက်အောင် ပြန်ညှစ်ထုတ်တတ်ကြတာပဲ။ အဲလို မရိုးမသား လုပ်လာတာမျိုး လက်ဆုပ်လက်ကိုင်မိလာရင် ဒို့ငကလည်း အညာကိုင်ပြီး အနိုင်ကျင့်တော့တာပဲ။ ဈေးကို မတရားနှိမ်ပြီး ဖြတ်ချပစ်လိုက်ကြပြန်တာ။ ဒါပေမဲ့ ဘယ်သူတွေများ ဒီမရိုးမသား အလုပ်တွေကို ရပ်တန်းကရပ်ကြသလဲ။

'လူတွေက မရှိခိုးနိုးကွ။ ငါ တစ်ကျပ်တစ်ပြားခိုးတာကျ အပြစ်ပေးခံရတယ်။ ငါ့ထက် ချမ်းသာတဲ့၊ ဂုဏ်ရှိတဲ့လူတွေ ခိုးတာကျတော့ ဘယ်သူမှလည်း အရေးမယူကြဘူး'

အစုတ်ထုပ်ကြီး ပိုက်ပြီး အချုပ်ကျဖူးတဲ့ သွားလေသူ ကျုပ်ယောကျ်ားရဲ့စကားကို ပြန်ကြားယောင်မိသေးတယ်။

'ဒါတော့ ကိုယ်စွမ်းသလောက် ကိုယ်ခိုးကြတာပဲ။ ရှင်က သူများနောက်ဖေးခြောင်က အစုတ်လောက် စွမ်းတာတောင် အသုံးမကျတော့ လူမိခံရရော မဟုတ်လား'

စိတ်ပေါက်ပေါက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ခုလို ပုစ္ဆာ ကဏ္ဍန်း အတက်ကြမ်းတဲ့ မိုးတွင်း ကာလတွေဆို ကိုယ်တွေ့ကသာ အမှတ်မဲ့ နေရင်နေမိမယ် ကောင်လေးတွေ ကတော့ ဟို အိမ်အောက်ကနေ ဒီအိမ်အောက်ခဏ တလှစ်လှစ် ကူးသွား ပြေးလွှားရင်း ပွဲတော်ကြီး ကျနေတော့တာ

ပြောပစ်ခဲ့ဖူးသေးတာ။ ဟုတ်တယ်။ သင်းနဲ့ ညားခဲ့ရတာ သူခိုးမယားဆိုတဲ့ နာမည်ဆိုးနဲ့ ထောင်ဝင်စာ တွေ့ရတဲ့ ဒုက္ခ၊ သောကတွေပဲ အဖတ်တင်တယ်။ အဲ..ကလေးသုံးယောက်လည်း အဖတ်တင်ကျန်ရစ်တယ်လေ။ သူ့အဖေက အားမကိုးရပေမဲ့ သူ့သားလေးက အားကိုးရနေလို့ တော်နေတာ။ မူလတန်းတောင် မကုန်ဘဲ ကျောင်းကထွက်ပြီး အမေနဲ့ ညီမတွေကို ကြိုးစားလုပ်ကျွေးနေလို့သာ။ ကျပ် ကဏ္ဍန်းဒိုင်မှာ ကဏ္ဍန်းကြိုးချည်ရတဲ့ အလုပ်ကလည်း ရေထ၊ရက် ကလေးလောက် အလုပ်တွင်တာ။ ရေသေရက်တွေကျ ငုတ်တုတ်ထိုင်နေရတာဆိုတော့ တစ်ရေနဲ့တစ်ရေ အလျဉ်မိတယ်ကိုမရှိဘူး၊ သင်းကလေးအထောက်အကူရနေလို့သာ။

တစ်နေ့တစ်နေ့ နေကုန်နေခန်း အိမ်ကထွက်သွားပြီး မိုးစုပ်စုပ်ချုပ်မှ အိမ်ပြန်ဖော်ရတဲ့ သားကို စိတ်တော့ သိပ်ချလွတာ မဟုတ်ဘူး။ အလုပ်ကလည်း အမည်တပ်မရအောင် ကြိုသလို လုပ်နေတာဆိုပေမဲ့ အမေကိုတော့ တစ်ထောင်မျိုး၊ ထောင့်ငါးရာမျိုး ပေးတတ်နေတော့ မပြောသာပြန်ဘူး။ အသက်က ဆယ့်သုံးနှစ်ထဲ ဝင်လာပြီဆိုပေမဲ့ လူကြီးဟန်တော့ မမြင်ရသေးတာ တစ်မျိုးတော့ စိတ်အေးရတယ်။ လူကောင်ကလည်း သေးညှက်ညှက်ကလေးရယ်။ တစ်နေ့ကတော့ နှုတ်ခမ်းမှာ ကွမ်းသွေးစတွေ့လို့ ဆော်ပစ်လိုက်ရသေးတယ်။ အာခံချင်သလို စောင်ပေပေ ပြန်လုပ်နေလို့ ဝိုင်ပြီး ဒေါသဖြစ်ရသေးတယ်။ ဒါပေမဲ့ ရှေ့လျှောက် ဆိုဆုံးမဖို့ ခက်ခဲသွားပြီဆိုတာ အဲဒီနေ့ကတည်းက နားလည်သွားပါပြီ။ ဒီနေ့နံနက်လည်း ဒိုင်ကို ထွက်အလာမှာ လမ်းထိပ် ကွမ်းယာဆိုင်မှာ စီးကရက်ခဲနေတဲ့ သားတို့အုပ်စုကို မမြင်ယောင်ဆောင်ခဲ့ရသေးတာ မဟုတ်လား။

❑

ဘယ်သူမှ မမြင်လိုက်ကြပေမဲ့ ကျုပ်က တွေ့နေတယ်။ အသားအရေက ရွှဲနုနုနှံနှံရောင်နဲ့ ခွဲမရအောင် ပေလူးညစ်ပတ်နေတဲ့ အပြင်အိမ်ထောက်တိုင်တွေက အတော်ကြီးတာဆိုတော့ သူတို့ကိုယ်သေးသေးလေးတွေ တိုင်မှာကပ်ပြီး ကွယ်နေရင် တော်ရုံလူ မမြင်နိုင်ဘူးပေါ့။ ဒါပေမဲ့ တိုင်အကွယ်နောက်က မျက်လုံးလက်လက် ကလေးတွေကို ကျုပ်က သတိထားနေမိတယ်။

ကုန်အဝင်များတဲ့ နေ့တွေလို ဆိုလို့ကတော့ ကျုပ်က ကဏ္ဍန်းတစ်ကောင်စ၊ နှစ်ကောင်စဆိုသလို မတော်တဆလိုလုပ်ပြီး လွှတ်ချပေးနေကျပဲ။ ဒီနေ့ ဝင်လာတဲ့ ကဏ္ဍန်းခြင်းကလည်း နည်းတော့ ကျုပ်တို့တောင် နေ့တွက်စီနိုင် ပါ့မလားလို့ ပူပန်နေရတာ။ ကဏ္ဍန်းကောင်ရေကလည်း ခြေနှိပ်၊ လက်နှိပ် ဖြစ်နေတော့ တစ်ကောင်တလေတောင် ထွက်ကျနိုင်စရာအကြောင်း မမြင်လှဘူး။ မျက်လုံးလေးက တမျှော်မျှော်လုပ်နေတာ ကျုပ်ကလည်း ခဏခဏ ငဲ့ကြည့်နေမိတော့ မြင်နေရတယ်။ ဘယ့်နယ်လုပ်ရပါ့။

'ဟောတော်...'

ကဏ္ဍန်းခြင်းထဲက ဖြုတ်ခနဲ ခုန်ချပြီး တလှစ်လှစ် ပြေးသွားတဲ့ ကဏ္ဍန်းကောင်ရဲ့ နောက်ကို အလုပ်သမ တစ်ယောက်က ထိုင်ရာမထဘဲ လှမ်းဆွဲလိုက်တယ်။ ဟွန်း...မော်ဒယ်မင်းသမီးက သူ့ကိုယ်သူ အလှပျက်မှာစိုးလို့ ယဉ်စစ၊ လက်ဖျားချီပြီး တံ့နှေးလေးကွေးနေတာနဲ့ သူလွှင့် ကဏ္ဍန်းက တဘုတ်တောင် လုပ်ပြသွားပြီ။ ဒါပေမဲ့ ကျုပ် ကျေနပ်သွားတယ်။ အောက် ကကောင် လေးအဆင်ပြေသွားပြီ။ သို့ပေမဲ့ ကံဆိုးချင်တော့ သင်းကလေးကို အပေါ်က အလုပ်သမားတွေအားလုံးက မြင်တွေ့သွားပြီလေ။ ကောင်လေးကလည်း လောလိုက်တာ။ ဒီကဏ္ဍန်းကောင်က တွင်းတူးပြီး လတာ နှန်းတောထဲ ပျောက်သွားမှာ စိုးရိမ်တယ်ထင်ပါရဲ့။ ကဏ္ဍန်းကောင် မြေပေါ်ရောက်တာနဲ့ သူက ပြေးကောက်တော့တာကိုး။

'အောက်မှာ သူခိုးလေးတွေ ရောက်နေကြပြီ'

တစ်ယောက်က အလန့်တကြား ထ၊အော်တယ်။ ခါတိုင်း အဲလိုစကားကြားရင် ကျုပ်က လူမရွေးဘဲ ရန်ထောင်နေကြပေမဲ့ ခုတော့ကောင်လေး အတွက် စိုးရိမ်စိတ် ကဲနေမိတော့ ဘာမှတုံ့မပြန်အားဘူး။

မနေ့ညနေက နောက်ဖေး ရေကပြင်မှာ ကျန်ရစ်တဲ့ ပလတ်စတစ်ပုံးကြီး ပျောက်သွားလို့ အလုပ်ရှင်က ဒီနေ့ နံနက်အထိ ဒေါကန်နေတာလေ။ အလုပ်သမားတွေကိုလည်း ပေါ့လျော့ရကောင်းလားလို့ မာန်မဲနေပြန်တာ ဘယ်သူမှ မလှုပ်ရဲဘူး။ အဲဒီအချိန်ကြီးမှာ သင်းကိုတွေ့တော့ အားလုံးက တက်ညီလက်ညီ ငြာသံပေးလို့ သင်းကိုပဲ ဝိုင်းလိုက်ကြပါလေရော...။

'ကောင်လေး...ပြေး...ပြေးတော့'

ကျုပ်ရင်ထဲက အသံကုန် ဟစ်နေမိပေမဲ့ စကားသံအပြင် မထွက်လာနိုင် ဘေးပါးစပ်ကို တင်းတင်းစေ့ပိတ်

www.burmeseclassic.com

www.burmeseclassic.com

ထားမိတယ်။ ဒါပေမဲ့ ရင်ထဲတဒိန်းဒိန်းခုန်နေရဲ့။

ကောင်လေးက အတွေ့အကြုံ အများကြီးရှိလို့ တော်တော့တယ်။ ရွှံ့နုန်းလတာ ဆောထဲမှာ တစွတ်စွတ်ရှုန်းလျှောက်ပြေးသွားလိုက်တာ လှစ်ခနဲ ခဏနဲ့ မြင်ကွင်းမှာ မရှိကြတော့ဘူး။ တော်ပါသေးရဲ့လို့ ရင်ထဲက အလုံးကြီး ကျသွားတော့မလို ရှိဆဲခေါင်းရင်းဘက် ခပ်လှမ်းလှမ်းမှာ အော်ဟစ်ဆူညံသံတွေ လွှင့်လို့ လာပြန်တယ်။ သူခိုးလေးတစ်ယောက်မိထားတယ်ဆိုပါလား။ဘုရား။

ကျုပ် လက်ထဲက ကြိုးဖြတ်မယ်ပြင်ဆဲ ကဏန်းကို လွှတ်ချပစ်ခဲ့တယ်။ ဆူဆူညံညံ လူအုပ်စုထဲ အပြေးအလွှား အတင်းတိုးဝင်သွားမိချိန်မှာ တဘုန်းဘုန်း၊ တအုန်းအုန်း ထုရိုက်သံတွေက ကြိုနေနှင့်တယ်။ ကိုယ့်ကိုယ်ကို သတိမပြုမိနိုင်သေးခင် လူအုပ်စုရဲ့ ရှေ့ဆုံးကို ရောက်သွားတော့ ရွှံ့နှံ့ အလူးလူး အလိမ်းလိမ်းမှာ ဖုန်တွေ သဲတွေ ပေလူးနေသေးတဲ့ ကောင်လေးဟာ မြေမှာ လိမ့်နေတယ်။ ကျုပ်ရင်ထဲ ဗလောင်ဆူနေတာ ကိုယ့်ဘာသာပဲ သိတယ်။ မျက်ဝန်းက မျက်ရည်တွေ စီးသွယ်ကျလာတာ ဘယ်သူကြည့်ကြည့် ဂရုစိုက်မနေအားတော့ဘူး။ ခပ်စွာစွာ လူတစ်ယောက်က ကလေးငယ်ကို ထိရာ၊ မိရာ ရိုက်နှက် ကန်ကျောက်ထားတယ် ထင်တယ်။

'မင်းကို ရဲစခန်း ပို့ရမယ်'

ရဲစခန်းကို ပို့မှာဖြင့်လည်း မြန်မြန်ပို့လိုက်ကြပါတော့လား။ ခုတော့ ကလေးကို နှိပ်စက်နေလိုက်ကြတာ။ ရှင်တို့မှာ သားသမီး မရှိဘူးလား။ ပြောချင်လွန်းလှတဲ့ စကားတွေနဲ့ တင်းတင်းစေ့ပိတ်ထားတဲ့ နှုတ်ခမ်းတွေက တလှုပ်ရွရွ ဖြစ်နေတယ်။

'မင်း...ဘယ်ကလဲ။ မင်းနာမည် ဘယ်လိုခေါ်လဲ'

တစ်ယောက်တစ်ပေါက် ဝိုင်းမေးနေတာကို ငိုသံတစ်ဝက်နဲ့ ကောင်လေးက တွန့်ဆုတ်ကြောက်ရွံ့စွာ ဖြေနေတယ်။

'မင်း မိဘတွေရော...'

ကျုပ် အသက် အောင့်ထားမိတယ် ထင်ပါရဲ့။

'မရှိတော့ဘူး။ သေပြီ'

ကောင်လေးက ချက်ချင်း ဖြေတယ်။ ဒါပေမဲ့ ဘယ်သူမှ ယုံကြည်ပုံ မရကြဘူး။

'ဒါဆို မင်း ဘယ်သူနဲ့နေလဲ'

ကောင်လေးက ဇဏာတွေပြီး စဉ်းစားနေသလို ငြိမ်သွားတော့ စိတ်မရှည်နိုင်ပုံနဲ့ လူရမ်းကားတစ်ယောက်က ကောင်လေးကို နောက်ကနေ ဇက်ပိုးကို ဖြောင်းခနဲ ဝင်အုပ်လိုက်တာ။ ကျုပ်မျက်လုံးထဲ ပြာပြာဝေသွားတယ်။ ကောင်လေးခမျာ ရှေ့ဆီ ငိုက်ခနဲ စိုက်ဆင်းသွားရင်း တစ်ပတ်လည်ကာ ခွေလဲကျသွားရတာပဲ။

'ပြောစမ်း ဟေ့ကောင်။ မင်း ဘယ်သူသားလဲ မပြောရင် မင်း အသေပဲ'

ကောင်လေးက တရှုပ်ရှုပ် ငိုယိုကောင်းပန်နေတယ်။ ဒါကို ဟို သေခြင်းဆိုးက မလျှော့ဘဲ...

'ပြောလေ၊ မင်း ဘယ်သူသားလဲ ဟေ့ကောင်'

မေးရင်း လက်တပြင်ပြင်နဲ့ ကလေးရှေ့ တိုးလှမ်းသွားနေပြီ။ တစ်လှမ်း...။ နှစ်လှမ်း...။ ကျုပ် အူအသည်းတွေ ဗြောင်းဆန်လို့ နတ်ကျသလို တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေပြီ။ မလုပ်နဲ့...။

'မလုပ်နဲ့...'

ဝမ်းခေါင်းသံကြီးနဲ့ ပေါက်ကွဲထွက်လာတဲ့ ကိုယ့်အသံကိုယ် ပြန်လန့်ပြီး တသိမ့်သိမ့် တုန်နေတယ်။ လက်ထဲ အမှတ်တမဲ့ ပါလာခဲ့တဲ့ ကဏန်းကြိုးဖြတ်တဲ့ ကတ်ကြေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ဟိုသေခြင်းဆိုးဆီ ပြေးပြီး အားကုန်ထိုးစိုက်ချလိုက်တယ်။

'အမေ...'

'ဘယ်သူမှ အနားကပ်မလာနဲ့နော်။ ဒါ...ငါ့သား'

လူတွေအားလုံး အုတ်အုတ်ကျက်ကျက် ဆူလောင်လှုပ်ရှားလို့ အင်အား အစုအဝေးလိုက်ကြီး ကိုယ်ပေါ်ကို ပြိုယိုင်ကျလာသလို ထင်မိတယ်။ သူတို့အားလုံးရဲ့ မျက်နှာတွေဟာ အံ့သြ၊ ကြောက်ရွံ့၊ စက်ဆုပ်၊ ရွံရှာရစရာ မနှစ်မျိုဖြယ်ရာ အရိပ်မျိုးစုံ ရောယှက်နေကြမလား။ ဒါပေမဲ့ ဂရုမစိုက်အားပါဘူး။ ဒီအချိန်မှာ ကျုပ်သားရဲ့အသံကလွဲရင် ဘာမှ မကြားဘူး။ ကျုပ်သားတစ်ယောက်က လွဲရင် ဘယ်သူမှလည်း မမြင်ဘူး။

■

သတိုး

ခုံနံပတ်း

အယ်ဒီတာအဖွဲ့

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဝိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com

မြန်မာဘုရင် သီပေါမင်း၏မြေး မင်းသား မောင်မောင်ကြီး ဆိုသူ

သီပေါမင်းတရား၏ သားတော်ဆိုသူ

မောင်သန်းဆွေ၊ ထားဝယ်၊

စာရေးသူတို့၏ နောက်ဆုံးမြန်မာဘုရင် သီပေါမင်းတရားနှင့် အရှင်မိဖုရားခေါင်ကြီးတို့တွင် သမီးတော် ၄ ပါးသာ ရှိသည်ကို စာဖတ်သည့် မြန်မာ ပရိသတ်တိုင်းက သိကြပါသည်။ ယခု သီပေါမင်းတရား၏ သားတော်ဆိုသူ ပေါ်လာ၍ ဤစာဖတ်မိသူတိုင်းက တအံ့တသြ ဖြစ်ကြရသည်။

ယခင်ကလည်း မကြားဖူးပါ။ အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့မှ သမိုင်းသုတေသီ ဆူဒါရှား (နန်းကျသီပေါဘုရင် မိသားစုအကြောင်းကို စာအုပ်ရေးသူ)ဆိုလျှင် စာဖတ် ပရိသတ်များက သိပြီးဖြစ်ပါသည်။ ယခင်လက ရေးခဲ့သည့် ဆောင်းပါးတွင်ပင် သူ၏အမည်ကို ဖော်ပြခဲ့ရသေးသည်။ သူထံမှ မေလ ၃၁ ရက် ဆွေးနွေးဖြင့် အီ မေးလ်တစ်စောင် ဝင်လာခဲ့သည်။ သူအီးမေးလ်တွင်-

"ဟေး...တစ်ယောက်ယောက်က ကျွန်မကို အီးမေးလ်ပို့လိုက်တယ်။ သိပ်စိတ်ဝင်စားစရာ ကောင်းတာပဲ၊ ကျွန်မအနေနဲ့ ဒီကိစ္စဟာ အမှန်မဟုတ်ဘူးဆိုတာ သိပါတယ်။ သီပေါဘုရင်မှာ သားမှ မရှိဘဲ။

ဒါပေမဲ့ သူကို ရှင်ရောသိလား။ ရှင်သိရင် ကျွန်မကို ပြောပြစမ်းပါ။ ပို့လိုက်တဲ့ အီးမေးလ်က 'မြန်မာဖြိုတိသွားရေး...သီပေါသားတော်' လို့ ခေါင်းစဉ်တပ်ထားတယ်။ ကျွန်မကို အီးမေးလ် ပို့လိုက်သူကတော့ ရိုလင်တီဆိုသူပါ"

ဆူဒါရှားထံမှ အီးမေးလ်ကို မြင်လိုက်ရသည့်အခါမှာ စာရေးသူအနေဖြင့် အလွန်ကို တအံ့တသြ ဖြစ်သွားရပါသည်။ သီပေါမင်း သားတော်ဆိုသူ၏ ဓာတ်ပုံလည်း အီးမေးလ်တွင် ပါလာသည်။

ဓာတ်ပုံကို ကြည့်လိုက်သောအခါ အင်္ဂလိပ်ဝတ်စုံ ဝတ်ထားပြီး မျက်မှန်နှင့် ခုံခုံညားညား ထိုင်နေသည့် သီပေါမင်းသားတော် ဆိုသူသည် ယခု မေမြို့မှာ ရှိနေသေးသော သီပေါမင်း မြေးတော်၊ တော်ဘုရားနှင့်လည်း ရုပ်ချင်းခပ်ဆင်ဆင် ဖြစ်ပါသည်။

သူအီးမေးလ်ကို ဘာသာပြန်လိုက်လျှင် -

"သူသည် မင်းသား မောင်မောင်ကြီး ဖြစ်သည်။ မြန်မာနိုင်ငံ၏ နန်းကျဘုရင် တော်ဝင်မိသားစုမှ အဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။ သူ၏အကြောင်းကို ဘာမျှ မသိရသော်လည်း သူ၏ဓာတ်ပုံကို ကြည့်ခြင်းဖြင့် အလွန်ကို စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် အင်တာနက်ထဲတွင် သူနှင့်ပတ်သက်သည့် အကြောင်းအရာများ သိရမည်လားဟု ရှာဖွေကြည့်မိသည်။

အမေရိက ရာဇဝင်ဆိုင်ရာဘက်

www.burmeseclassic.com

www.burmeseclassic.com

တွင် သူ့အကြောင်းကို ၁၉၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ထုတ် Washington Herald စာမျက်နှာ ၁၀ တွင် တွေ့လိုက်ရသည်။

ဖော်ပြထားသည်မှာ 'ထိုအင်္ဂလိပ်လက်ထပ်မင်္ဂလာပွဲတွင် သတို့သားမှာ တော်ဝင်မင်းသား ဖြစ်သည်။ ဤကိစ္စမျိုးသည် ဖက်ရှင်သဘောပင် ဖြစ်၏။ Society ပြက္ခဒိန်၌ နောက်ထပ် ဖော်ပြမည်က Miss Sylvia Helen Forde ဆိုသူနှင့် လက်ထပ်မည့် သတို့သားက မြန်မာတော်ဝင်မင်းသား ဖြစ်သည်။

သူသည် မန္တလေးမှ မင်းသားမောင်မောင်ကြီး ဖြစ်၏။ မြန်မာဘုရင် မင်းတုန်းမင်း၏ မြေးတော် ဖြစ်သည်။ သူဖခင်မှာ ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့က နန်းချခဲ့သည့် မြန်မာနောက်ဆုံးဘုရင် သီပေါဖြစ်၏။ တော်ဝင်မင်းသား၏မာတ်ပုံကို မကြာသေးမီကမှ အင်္ဂလန်မှ Miss Fordeထံ လာရောက်လည်ပတ်စဉ်ရိုက်ထားလိုက်ခြင်းဖြစ်သည် ဆိုသည်။

ထိုမှ တစ်လကြာပြီးသောအခါ ၁၉၂၂ ခု၊ စက်တင်ဘာလ ၁၃ ရက်နေ့ထုတ် Bisbee Daily Reviewမှ စာမျက်နှာ ၄ တွင် သူတို့စုံတွဲ၏ Arizona မှ မာတ်ပုံကို **'မြန်မာအချစ်ရေး'** ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။ ထိုသို့ ဖော်ပြရာ၌ 'အင်္ဂလန်မှ Miss Sylvia Helen Forde သည် မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင် သီပေါ၏သား မန္တလေးမှ မင်းသားမောင်မောင်ကြီးကို လက်ထပ်လိမ့်မည်' ဟု ဖော်ပြထားသည်။

Bisbee Daily Reviewတွင် ဤမာတ်ပုံဖော်ပြပြီး နောက်တစ်နေ့မှ The Bismarck Tribune in North Dakota ၏ ပထမဆုံးစာမျက်နှာတွင် ဤအကြောင်းအရာများကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

၁၉၂၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် အောက်ဖော်ပြပါ အကြောင်းများကို လည်း The Singapore Free Press and Mercantile Advertiser တွင်လည်း ဖော်ပြထားသည်။ 'မှတ်ပုံတင် အရာရှိချုပ်က Wimbledonတွင် သူမိခင်နှင့်နေသော Miss Sylvia Charlotte Helen Forde နှင့် မန္တလေးမှ တော်ဝင်မင်းသား မောင်မောင်ကြီးတို့၏ လက်ထပ်မင်္ဂလာ ကြေညာချက်နှင့် ပတ်သက်၍ အရေးယူရမည်ဟု ပြောသည်ဆို၏။

တော်ဝင်မင်းသား မောင်မောင်ကြီးသည် လန်ဒန်ကောလိပ်မှ အင်ဂျင်နီယာကျောင်းသားတစ်ယောက် ဖြစ်သည်။ လက်စွပ်လဲခြင်း ကြေညာချက်ကို ယခင်လက ပြုလုပ်ခဲ့သည်။ ၂ ရက်အကြာ မှတ်ပုံတင်အရာရှိချုပ်က သူ့လက်အောက်မှ မှတ်ပုံတင်အရာရှိများကို သတိပေးစာဖြန့်ဝေခဲ့သည်မှာ တော်ဝင်မင်းသား မောင်မောင်ကြီးကဖြစ်စေ၊ Miss Sylvia Charlotte Helen Forde ကဖြစ်စေ လိုင်စင်လျှောက်ထားရမည်။ သူတို့နှစ်ဦးက ထိုလက်မှတ်ကို ကိုင်ထားပြီးမှ ထိုလက်မှတ်ကို Somerset House ၌လည်း ကြော်ငြာကပ် ထားရမည်။'

ဟူ၍ သူ၏ အီးမေးလ်က အဓိပ္ပာယ်ရပါသည်။

စာရေးသူသည် ဆူဒါရားထံ ချက်ချင်းပင် အီးမေးလ် ပြန်လိုက်သည်။ သူ အီးမေးလ်ပါ အကြောင်းအရာများနှင့် မာတ်ပုံများကို မမြင်ဖူးပါ။ လွန်ခဲ့သည့် ၁၉၂၂ ခုနှစ်ကဖြစ်၍ သီပေါမင်း နတ်ရွာစံပြီးမှ ပေါ်လာသည့်သတင်းဖြစ်သည်။ ထိုအချိန်က မိဖုရားခေါင်ကြီး ရှိသေးသည်။ သို့သော် ထိုသတင်းကို မိဖုရားခေါင်ကြီး သိရှိပုံမရချေ။ ဤသတင်းမျိုးများသည် များစွာရှိခဲ့သည်ဟူ၍ ဖြစ်၏။

Miss Sylvia Helen Forde ဆိုသူနှင့် လက်ထပ်မည့် သတို့သားက မြန်မာတော်ဝင်မင်းသား ဖြစ်သည် သူသည် မန္တလေးမှ မင်းသား မောင်မောင်ကြီး ဖြစ်၏ မြန်မာဘုရင် မင်းတုန်းမင်း၏မြေးတော် ဖြစ်သည် သူဖခင်မှာ ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့က နန်းချခဲ့သည့် မြန်မာနောက်ဆုံး ဘုရင် သီပေါဖြစ်၏

သီပေါမင်း၏ မြေးတော် တော်ဘုရားကလေးရှိစဉ်က တစ်ခါတွင် စာရေးသူအား မာတ်ပုံတစ်ပုံ ပြဖူးသည်။ ခုံခုံညားညား ထောင်ထောင်မောင်းမောင်း ပုဂ္ဂိုလ်တစ်ဦးက စီးပွားရေးဘွဲ့ဝတ်စုံဖြင့် ရိုက်ကူးထားသောပုံဖြစ်သည်။ စာတွင် မြန်မာ့ထီးနန်းကို ဆက်ခံရမည့် ရွှေဘိုမင်းသားဟူ၍ ရေးထားသည်။

ထိုစဉ်က တော်တော် (တော်ဘုရားကလေး)သည် စာရေးသူကို ထိုသူအား သိလားဟူ၍ပင် မေးခဲ့သည်။ တော်တော့်ထံ ရောက်လာသည့် မာတ်ပုံနှင့်စာဟု ပြောသည်။ နောက်မှ ထိုသူ့အကြောင်းများ ဖတ်ကြည့်ရာ အင်္ဂလန်၌ တော်လှန်ရေးအစိုးရအား ဆန့်ကျင်နေသူတစ်ဦးဖြစ်ပြီး မြန်မာ့ထီးနန်းကို ပြန်ထူထောင်မည့်သူဖြစ်ကြောင်း၊ သူ၏ပွဲတစ်ပွဲတွင် မည်သည့်မြို့စားကြီးနှင့် မြို့စားကြီးကတော်တို့ပင် တက်ရောက်သည်ဟု ရေးသားထားသည်။ ထိုသို့ပြုလုပ်သည့် ဟောပြောပွဲများတွင်လည်း ရန်ပုံငွေယူ၍ အလှူခံလိုက်သေးသည်။

တော်တော်က ဤအကြောင်းမျိုးကို သူတို့အဖို့ ကြံရ၊ ကြားရလွန်း၍ ရိုးနေပြီဖြစ်ကြောင်း၊ သတင်းစာထဲတွင် ထိုစဉ်က သီပေါမင်းမြေးဆိုသူ ဇာဘ ဇာဏ ပေါ်ပေါက်ဖူးသည် ဆိုပါသည်။ စာရေးသူက-

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်လား...ဘယ်တုန်းကလဲ'

'အဲဒီတုန်းက ဦးသန်းဆွေ ဘယ်မွေးဦးမလဲ၊ ကျွန်တော်တောင် ငယ်ငယ်ပဲ ရှိသေးတာ၊ ဒီအကြောင်းတွေ ဖတ်ချင်ရင် စာရွက်စာတမ်းတွေ ကျွန်တော်ပေးလိုက်ပါမယ်'

ဟုပြောပြီး တော်တော်သည် သူ့အိမ်ခန်းအတွင်းမှ စာရွက်စာတမ်းများ ယူလာ၍ စာရေးသူအား ပေးလိုက်ပါသည်။

အိမ်ရောက်သည်နှင့် ပေးလိုက်သော စာရွက်စာတမ်းများကို အစဉ်အတိုင်း ဖတ်ကြည့်ပါသည်။ ပထမဆုံးတွေ့ရသည်က ၁၉၃၉ ခု၊ ဩဂုတ်လ ၄ ရက်နေ့စွဲပါ ဗန္ဓုလသတင်းစာဖြစ်သည်။ ထိုသတင်းစာ ခေါင်းကြီးပိုင်းတွင် **'သီပေါမင်းမြေးတော် ကွယ်လွန်ခြင်း'** ဟူသော သတင်းကို တွေ့ရ၏။ ဖတ်လိုက်သော အခါ အောက်ပါအတိုင်း ရေးထားသည်။ *'နှတ်ရွာစံသီပေါဘုရင်၏မြေးတော်၊ ယူပီအဆင်ဘလီ၊ လွတ်တော်၏ ဆော်ဩသူ၊ ကွန်ဂါအနန်းဆင်း၏ ကြင်ရာတော် ရာနီဗိမာကုမ္ပာရီသည် ဩဂုတ်လ ၂ ရက်နေ့ နံနက်က ကွယ်လွန်အနိစ္စရောက်သည်။'* ဟုဖြစ်၏။ ထိုသတင်းကိုဖတ်ပြီး ဘယ်က သီပေါမင်းမြေးတော်လဲ၊ ရတနာဂီရိတွင် ပထမသမီးတော်ကြီးက အိန္ဒိယနိုင်ငံသားနှင့် အိမ်ထောင်ကျသည်။ ထိုသူတို့ကမွေးသည့် သီပေါမင်းမြေးတော်က တုတု ဆိုသူဖြစ်သည်။ တုတုသည် စံအိမ်တော်မှ ဒရိုင်ဘာ ရှန်ကာပါဝါနှင့် အိမ်ထောင်ကျသည်။ ယခုသတင်းပါ သီပေါမင်းမြေးတော် ကွယ်လွန်သူက ကွန်ဂါအနန်းဆင်း၏ ကြင်ရာတော် ရာနီဗိမာကုမ္ပာရီဟု ဖြစ်နေသည်။

ထိုစဉ်က စာရေးသူတွင် အတွေးတစ်မျိုးပေါ်ခဲ့သည်။ အိန္ဒိယရောက် လင်းပင်မင်းသားကြီး၏ သမီးတော်အငယ်ဆုံး လင်းပင်ထိပ်တင် မထွေးသည် အိန္ဒိယ ကာရီပေါမဟာရာဇာ ဒေါက်တာ အနန်းဆင်း (ဆရာဝန်ကြီး)နှင့် လက်ဆက်ခဲ့သည်။ ယခုသတင်းပါ မဟာရာဇာမှာ ကွန်ဂါအနန်းဆင်း ဖြစ်နေပြီး ယူပီအဆင်ဘလီ၊ လွတ်တော်၏ ဆော်ဩသူဖြစ်နေသည်။ မဟာရာဇာ၏အမည်မှာ အနန်းဆင်းနှင့် အနန်းဆင်း ဟူ၍ ခပ်ဆင်ဆင်တူနေသည်။ တစ်ဦးတည်းပေပင်လား။ လင်းပင်ထိပ်တင် မထွေး ကံကုန်သည့် နေ့စွဲသည် ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ ဟုတ်မဟုတ် ပြန်စစ်ဆေးကြည့်ရမည်။ လင်းပင်ထိပ်တင် မထွေးသည် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ မြေးတော်ဖြစ်ပေရာ သီပေါမင်းမြေးတော်နှင့် ကနောင်မင်းမြေးတော် အမှတ်မှား လေသည်လား၊ ဟူ၍လည်း စစ်ဆေးကြည့်ရန်လိုပါသည်။

တော်တော်(တော်ဘုရားကလေး) ပေးလိုက်သည့် စာရွက်စာတမ်းများထဲတွင် ၁၉၃၅ ခုနှစ်ကလည်း အိုင်ယာလန်ပြည်တွင် သီပေါမင်းမြေးတော်ဟုပေါ် ဖူးသည်ဟု ပါသည်။ သူ့အမည်မှာ မေရီဖြစ်၏။ သူ့ဘဝကို ကိုယ်တိုင်ပြန် ရေးထားသော ဇာတ်လမ်း ရှိသည်။ 'သည်ပါဆင်းရှိုး' ခေါ် သည့် အင်္ဂလိပ်ဂျာနယ်တွင် မေရီက သူ့ဘဝဇာတ်ကြောင်း ရေးထားသည်။

သူသည် မြန်မာ့ဘုရင့်မွေးမင်းသမီးတစ်ပါးဖြစ်ကြောင်း၊ သူလောကစည်းစိမ်ကိုလည်း ခံစားခဲ့ရကြောင်း၊ သိန်းသန်းကုဋေ ပစ္စည်းရှင်တစ်ဦး၏ သားကလည်း သူ့ကို လက်ထပ်ရန် အတန်တန် တောင်းပန်ခြင်းကို ခံခဲ့ရကြောင်း ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင် သီပေါမင်း မြေးတော်အရင်းဖြစ်ပါလျက်၊ အိုင်ယာလန်သူ ဒပ်ဗလင်မြို့တွင် အနာဂတ်ကို လှမ်းမျှော်ကြည့်၍ မမြင်နိုင်အောင် ဒုက္ခအမှောင်ထုကြီးနှင့် ရင်ဆိုင်နေရသော မေရီ၏ ဘဝဇာတ်လမ်းကို ထိုအချိန်က ကမ္ဘာအရပ်ရပ်မှ စိတ်ဝင်စားခဲ့ကြသည်။ ထိုကြောင့် ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုက သူ့ဘဝဇာတ်ကြောင်းအား ရုပ်ရှင်ရိုက်ကူးရန် စီစဉ်ခဲ့သေးကြောင်း၊ သူ၏ဖခင်မှာ အိန္ဒိယ ပဋိညာဉ်ခံ ဝန်ထမ်း (ICS) တစ်ဦးဖြစ်ကြောင်း၊ စစ်ဘက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးအဆင့်အထိ အမှုထမ်းဖူးခဲ့ကြောင်း၊ အုပ်ချုပ်ရေးဘက်တွင် တရားသူကြီးတစ်ဦး ဖြစ်ခဲ့ကြောင်း၊ သို့သော် မေရီ၏ ဖခင်သည် မြန်မာလူမျိုးမဟုတ် အိုင်ယာလန်နိုင်ငံသား အိုင်းရစ်လူမျိုး ဖြစ်ကြောင်း၊ မေရီက ဒပ်ဗလင်မြို့သို့ ပညာသင်ကြားရန် ရောက်နေခြင်းဖြစ်ကြောင်း၊ မေရီ၏မိခင်မှာ 'မစော' ဆိုသူ ဖြစ်၍၊ မြန်မာနိုင်ငံ နောက်ဆုံးဘုရင် သီပေါမင်းတရားကြီး၏ သမီးတော်အကြီးဆုံးဖြစ်သည်ဟု ဆိုထားပါသည်။ မေရီမယ်တော် မစောသည် မြန်မာနိုင်ငံ၌ မီးရထား တိမ်းမှောက်ရာတွင် ပါဝင်၍ ကံတော်ကုန်သွားသည်။ ထိုအချိန်က မေရီ ၉ နှစ်သာ ရှိသေးသည်။ သူဖခင်က နောက်အိမ်ထောင်ပြုပြန်သည်။ မည်သူနှင့် ယူသနည်းဆိုသော် သူတို့အိမ်မှ အိမ်ဖော်မလေးနှင့် ဖြစ်သည်။ ထိုကြောင့် မေရီအဖို့ မိထွေးကို ခိုင်းခဲ့သည့် အစေခံဖြစ်၍ မည်သို့ဆက်ဆံရမည်မသိ ဖြစ်နေခဲ့ရသည်။

ထိုမိထွေးနှင့် အဆင်မပြေခဲ့သည့် ကိစ္စများကြောင့်ပင် မေရီသည် ရန်ကုန်အိမ်၌ ဆက်မနေလိုတော့၍ သူ့လက်စွပ်တစ်ကွင်းကို ရောင်းပြီး ထိုငွေနှင့် ဖခင်အိမ်မှ ထွက်ပြေးခဲ့သည်။

ရန်ကုန်ဆေးရုံကြီး၌ သူနာပြုဆရာမ အလုပ်ရသည်။ သို့သော် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် သဟဇာတမဖြစ်၍ မြန်မာနိုင်ငံ၌ မေရီဆက်နေရန် မဖြစ်တော့ပါ။ သို့ဖြစ်၍ အိုင်ယာလန်သို့ ပြန်လာခဲ့ပြီး ဒုက္ခပင်လယ် ဝေနေရသည့် အကြောင်းများကို ရေးထားသည်။

မေရီ့သတင်းနှင့် ပတ်သက်ပြီး တော်တော်(တော်ဘုရားကလေး)ကို မေးကြည့်ရာ-

'ဒါတွေက အမှန်တွေမှ မဟုတ်ဘဲ။ ဖတ်ကောင်းအောင်၊ လူစိတ်ဝင်စားအောင် လုပ်ကြံရေးထားတာလေ။ အဲဒီတုန်းက ကမ္ဘာအရပ်ရပ်က ဒီအကြောင်းကို စိတ်ဝင်စားကြတယ်။ မြန်မာနိုင်ငံက မင်းဆွေမင်းမျိုးများ၊ အထူးတော့ တော်တော်တို့ သီပေါအနွယ်တော်များ အတွင်းမှာ အတော် ဂယက်ရိုက်သွားခဲ့တယ်။ ပြည်တွင်းကရော ပြည်ပကပါ အနွယ်တော်တွေဆီကို မေးမြန်းတဲ့စာတွေ ရောက်လာကြတယ်'

'တော်တော်တို့ ဘယ်လို ပြန်ဖြေလိုက်သလဲ'

ဟု စာရေးသူက မေးရာ -

'ဘာမှ မဖြေလိုက်ပါဘူး။ ဖြေစရာလည်း မရှိဘူး၊ ဖြေဖို့လည်း မလိုဘူးလေ'

ဟု ပြန်ပြောသည်။

တော်တော်(တော်ဘုရားကလေး) ပြောသည်မှာ မှန်လည်းမှန်၏။ ဤသို့သော ဇာတ်လမ်းမျိုးများသည် ကမ္ဘာနှင့်အဝန်း လူသိသူသိ မိသားစုကြီးများ၊ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများနှင့် ပတ်သက်၍ အမျိုးမျိုး ပေါ်ထွက်ခဲ့သည်။ Impostor ခေါ်သည့် အယောင်ဆောင်သူ၊ ဟန်ဆောင်သူ၊ လူလိမ်၊ လူညာများ ပေါ်ပေါက်တတ်သကဲ့သို့၊ လုပ်ကြံထားသော ဇာတ်လမ်းများလည်း များစွာ ရှိသည် မဟုတ်ပါလော။

■

မောင်သန်းဆွေ

ဟံသာဝတီ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မြသန်းတင့်

မင်းကြီးကတော် နှင့် ပဒုမမင်းသား

၁။

ဒေါ်မေမေခင်သည် အစောကြီး
အိပ်ရာက နိုးလေသည်။ ဒေါ်မေမေခင်သည်
ရေမိုးချိုးကာ ဝါးပြင်ကို မှုန်နဲ့သာခြယ်လေသည်။
အဝတ်အစားလဲကာ ငါးရှဉ့်သွေးရောင် စိန်ကတ္တီပါကို
ခြုံထားလေသည်။
မနက် ၆ နာရီခွဲ ခရာမှုတ်သံကို ကြားရလေပြီ။
အိမ်ရှေ့လသာဆောင်မှ မျှော်ချိုကြည့်လျှင်
ပြာလဲ့သော ရောဝတီမြစ်ကို မြင်ရလေသည်။
နှင်းမြူဆိုင်းထားသော ပုပွားတောင်နှင့်
စိမ်းမြသည့်ဆေးခင်းတွေကလည်း စိတ်ကို
လန်းဆန်းလာစေသည်ဟု ထင်မှတ်မိသည်။ သို့ရာတွင်
ယခုလို မနက်စောစော နေမပွင့်မီအချိန်များတွင်မူ
ပုပွားတောင်သည် မြူနှင်းကမ္ဘလာအောက်တွင်
ပုန်းကွယ်နေတုန်းပင် ရှိသေးသည်။

အမှတ် ၃၁၀၊ စက်တင်ဘာ၊ ၂၀၁၅

ရဲစိန်

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

၁၉၅၈ ခုနှစ်က စာရေးဆရာ မြသန်းတင့်ရေးသားခဲ့သည့်
'မင်းကြီးကတော်နှင့် ပဒုမမင်းသား' ဝတ္ထုကို
ပြန်လည်ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြူရိပ်တွေ ရေငွေ့တွေသန်းနေသော မြစ်ရေပြင်တွင် တံငါလှေတစ်စီး ပိုက်ချလျက်ရှိလေသည်။

ခဏကြာသော် ဒေါ်မေမေခင်တို့ နှစ်ယောက်သားသည် မြစ်ကမ်းနဖူးအတိုင်း လမ်းလျှောက်လာကြလေသည်။ တစ်ယောက်မှာ ဒေါ်မေမေခင်၏ ချစ်လင် မစ္ဆတာကောလင်း ဖြစ်၏။

မစ္ဆတာကောလင်းသည် လက်ထဲမှ တုတ်ကောက်ကို တွေ့ယမ်းကာ တစ်ခါတစ်ခါ နှင်းသီးနှင်းစက်တွေ တင်နေသော မြက်ပင်၊ ထိကရုံးပင်များကို တုတ်ဖြင့် ရိုက်ချလိုက်သည်။ နှင်းစက်ကလေးများသည် မြေပေါ်သို့ လွင့်စဉ်ပျောက်ကွယ်သွားကြလေသည်။ ဒေါ်မေမေခင်ကမူ လက်ထဲတွင် နှင်းဆီပန်းတစ်စည်းကိုင်လာကာ မြစ်ဘက်သို့ ငေးရင်း လိုက်လာ၏။

'ရယ်ဂျီရေ... ဟိုမှာကြည့်စမ်း၊ စိန်အောင်သိန်း ပဒုမပေါင်တိုဇာတ်ပြတုန်းက ရေကားဟာလေ ဟောဒီ ဧရာဝတီမြစ်ရေတွေနဲ့ သိပ်တူတာပဲ' ဟု ဘာကို အမှတ်ရလာသည်မသိ အလန့်တကြားပြောလိုက်သည်။ မစ္ဆတာကောလင်းလည်း ဒေါ်မေမေခင် ပြရာသို့ လိုက်ကြည့်လေသည်။ သူ့အဖို့မူ ဘာမျှ မထူးခြား။ ဧရာဝတီမြစ်ရေသည် ခါတိုင်းလို ပြာလဲ့လဲ့အသွေးဖြင့်သာ။

'အို... အိုင်ဆီး'

မစ္ဆတာကောလင်းက ခါတိုင်းလိုပင် လိုက်၍ ခေါင်းညိတ်၏။ ဒေါ်မေမေခင်ကမူ ပခုံးတွင်ခြုံထားသော စိန်ကတ္တီပါတာ၊ ဒါပေမဲ့ ဒီဇာတ်လမ်းကို မြန်မာတွေက ပဒုမပေါင်တိုလို့ ခေါ်တယ်'

'သိပ်စိတ်ဝင်စားစရာကောင်းမှာပဲနော်' ဟု မစ္ဆတာကောလင်းက လှမ်း၍ မေးလိုက်သည်။

'အို သိပ်ကောင်းတာပဲ၊ ဒီတစ်ခါ စိန်အောင်သိန်း ဇာတ်လာရင် ရယ်ဂျီကို ပြဦးမယ်၊ သီဟိုဠ်ရှင်ဘုရားပွဲကျရင် လာကမှာပဲ'

ဒေါ်မေမေခင်၏ စိတ်ထဲတွင် ဒီတစ်ခေါက် စိန်အောင်သိန်းလာရင် ပဒုမပေါင်တိုဇာတ်ကို အကခိုင်းရဦးမည်။ မစ္ဆတာကောလင်းကိုလည်း ပြရမည်။ ထို့ပြင် အမျိုးသမီးစာရိတ္တမြှင့်တင်ရေးအဖွဲ့အတွက်လည်း စိန်အောင်သိန်းနှင့် တွေ့၍ အကူအညီတောင်းရပေဦးမည်။ ဒေါ်မေမေခင် ဦးစီးသည့် အမျိုးသမီးစာရိတ္တမြှင့်တင်ရေးအဖွဲ့မှာ မြို့တွင် မနေ့တစ်နေ့ကမှ ဖွဲ့ပြီးဖြစ်သဖြင့် အရပ်ကို ပြရဦးမည်။ ရှေ့လ ဘုရင်ခံ ဒါဘာပွဲဆိုလျှင် ဘုရင်ခံကတော်ကိုယ်တိုင် ကြွရောက်ဆုချီးမြှင့်မည် မဟုတ်လား။ ဘုရင်ခံကတော်ကြွလာလျှင် သူလုပ်ငန်းကိုပြ၍ ဂုဏ်ယူချင်ပေသည်။

'ကြော့ ဒီနေ့ နေလယ်တောင် အိမ်မှာ အစည်းအဝေးဖိတ်ထားသေးတယ် ရယ်ဂျီ၊ နယ်ပိုင်ဝန်ထောက်ကတော်လေး မရှိတော့ ဝတ်လုံတော် ဒေါ်ခင်လှကိုပဲ အစည်းအဝေး ဖိတ်ပေးပါလို့ တာဝန်လွှဲရတော့တာပဲ'

နေသည် တဖြည်းဖြည်း ပွင့်လာ၏။

ကုက္ကိုပင်ကြီးများသည် နေရောင်မှာ အစိမ်းလွင်လွင်သန်းလာကြလေ၏။ ပုပွားတောင်သည် နှင်းမြူစောင်ကို လုပ်လိုက်လေရာ ပြာမှိုင်းသောတောင်ထွတ်သည် ဘွားခနဲ ပေါ်လာ၏။ စကားတပြောပြောနှင့် လျှောက်လာကြသည်မှာ ရွှေမှော်ဘုရားအနီး ရောက်လာကြ၏။ ဘုရားပရိဝုဏ်တွင်းသို့ ခင်းသန့်သန့်မြေတလင်းပြင်ကို မြင်ရလေသည်။ ဘုရားပရိဝုဏ်များတွင် ပေါက်လေ့ရှိသော ခေါင်းလောင်းပွင့်ဝါဝါကလေးကလည်း သူတို့စုံတွဲကို စိုက်ကြည့်ကာ လေအလာတွင် ခေါင်းညွတ်၍ တီးတိုးစကားဆိုကြလေသည်။

ဘုရားသို့ရောက်လျှင် ဒေါ်မေမေခင်သည် ပန်းစည်းကို ဘုရားဆင်းတုတော်ရှေ့ ပန်းစိုက်ခုံပေါ်ရှိ ညောင်ရေအိုးတွင် သွား၍ စိုက်ထားသည်။ ဘုရားမှာ နံနက်စောစောဖြစ်၍ လူရှင်းနေ၏။ ထို့ပြင် မြို့နှင့် တော်တော်လှမ်းသော အရာရှိအရာခံ ရပ်ကွက်ဖြစ်၍လည်း တော်ရုံတန်ရုံနှင့်တော့ ဘုရားဖူး မလာဖြစ်ကြပေ။

ဒေါ်မေမေခင်သည် မြတ်စွာဘုရားရှေ့မှောက်၌ ကျုံကျုံ

မစ္ဆတာကောလင်းက 'ကောလားရစ်ခါပြောတဲ့ ခရစ္စတာဘဲလ်ဆိုတဲ့ ကောင်မလေးရဲ့ ဗလူးဗိန်းစ်ဆိုတာ ဒီလို အကြောကလေးတွေ နေမှာပေါ့' ဟု ဆိုကာ ဒေါ်မေမေခင်၏လည်တိုင်ကို နှုတ်ခမ်းဖြင့် ဖိသည့် ဤအခါမျိုးတွင် ဒေါ်မေမေခင်က 'အို... ရှူးသလား' ဟု ဆိုကာ မစ္ဆတာကောလင်း၏ ရင်ဘတ်ကို လက်ဖြင့် တွန်းဖယ်ရင်း ရယ်နေတတ်၏

အင်္ဂျီကို ခပ်ကျယ်ကျယ်ဖြစ်အောင် ဆွဲတင်လိုက်ကာ-

'စိန်အောင်သိန်း၊ ပဒုမပေါင်တိုဇာတ်ကရင်လေ ခင်ဗျင့် မျက်ရည်တွေ ဘယ်က စီးကျလာမှန်း မသိဘူး' ဟု ဆိုကာ ပဒုမပေါင်တိုဇာတ်လမ်းကို ပြန်၍ပြောပြနေ၏။ မစ္ဆတာကောလင်းက ဒေါ်မေမေခင် ပြောပြသမျှကို ခေါင်းတဆတ်ဆတ်ညိတ်ရင်း လက်ကိုင်တုတ်ဖြင့် သစ်ပင်၊ မြက်ပင်ကလေးများကို တွေ့ယမ်းရင်း လိုက်လာလေသည်။

'ပဒုမဆိုတာ မင်းသားလား၊ ပေါင်တိုကို ပြောတာလား' ဟု မစ္ဆတာကောလင်းက မေး၏။

'အို...နိုး မဟုတ်ဘူးလေ၊ ပဒုမက မင်းသားကို ခေါ်

www.burmeseclassic.com

www.burmeseclassic.com

ယုံပုံထိုင်၏။ အဖျားထွက်နေသော ဖြေဖျားလေးကို လုံချည်စ ဖြင့် သပ်သပ်ရပ်ရပ် ဖုံး၏။ သွယ်သွယ်နုပျောင်းသော လက် ဆယ်ချောင်းကို ကြာပဒုံလို လက်စုံငုံ ရှိခိုးလေ၏။

ဘုရားပရိဝုဏ်အပြင်ဘက်တွင်ကား မစ္ဆာ ကောလင်း သည် တုတ်ကောက်ကို လက်တစ်ဖက်ဖြင့်ဖိ၍ အားပြုမိထား ပြီး ဆေးတံကို ဖွာကာ စောင့်နေလေသည်။ ဤလိုအခါမျိုးတွင် မစ္ဆာကောလင်း၏ နှလုံးသားတွင် တရားဥပဒေစာအုပ်များ မှအပ အခြား ဘာမျှမရှိ။ မနေ့က စစ်ခဲ့သော အမှုများမှ အမှုသွား အမှုလာကို ဧင့်ကြည့်မိတတ်သည်။ တစ်ခါတစ်ရံ ကမ်းပါးစွန်းတွင်ရပ်ကာ ကမ်းပါးစောက်အခြေတွင် ရစ်ခွေ စီးနေသော ဧရာဝတီမြစ်ထဲသို့ ကျောက်စရစ်ခဲတစ်ဆုပ်ကို ကောက်၍ ပစ်တတ်သည်။ မစ္ဆာကောလင်းသည် မြစ်ရေ ပြင်ပေါ်သို့ ကျောက်စရစ်ခဲတွေ ပလုံစီကျသွားအောင် မပစ်နိုင် ခဲ့ပေ။ တစ်ခါတစ်ရံ ကမ်းပါးစောက်ကမ်းခြေသောင်စပ်မှာ သွားကျ၏။ တစ်ခါတစ်ရံ မြစ်ရေစပ်နားသို့ ရောက်တတ်၏။ အသက်ကြီးပြီကိုး၊ ရောက်အောင် ဘယ်ပစ်နိုင်တော့မလဲဟု သာ ကိုယ့်ဘာသာကိုယ် အောက်မေ့ရပေသည်။

မစ္ဆာကောလင်းသည် အိန္ဒိယ-မြန်မာ ကပြားဖြစ်၍ သူနာမည် အပြည့်အစုံမှာ ရယ်ဂျီနယ် ကောလင်းဖြစ်၏။ အိန္ဒိယ တရားဝန်ထမ်း စာမေးပွဲကို အောင်မြင်ပြီးနောက် မြန်မာနိုင်ငံ တွင် စက်ရှင်မင်းကြီးလုပ်ခဲ့သည်မှာ ကြာလှပေပြီ။

သူ့ဆံပင်သည် လှိုင်းတွန့်လိုဝေ့ကာ နက်မှောင်လျက် ရှိသည်။ အရပ်အမောင်းမှာ အနည်းငယ်မြင့်၍ လက်ပြင်ကုန်း ၏။ ဖြောင့်မတ်ခြင်းကို စူးရှထက်မြက်သော တရားသူကြီး တစ်ဦး၏ မျက်လုံးမှာ တွေ့မြင်နိုင်လေသည်။

ဒေါ်မေမေခင်မှာ အသက် ၃၀ နီးပါးလောက်ပင် ရှိဦး မည်။ ဒေါ်မေမေခင်၏ ဖြူဝင်းသော အသားသည် ပိုးမျှင် ပိုးသားလို နု၏။ ကြော့ကြော့ရှော့ရှော့ ကိုယ်ဟန်သည် ပျံခါ စအရှိန်ယူသော ခိုဖြူမလေး၏ ဟန်နှင့်တူ၏။ စိမ်းပြာသော အင်္ကျီတို့ ယှက်သန်းနေသည့် လည်တိုင်သည် လေအသုတ် တွင် ဘယ်ညာညွှတ်သော မိုးမခကိုင်းလို လှလေသည်။

နှစ်ယောက်တည်း လက်ဖက်ရည်သောက်သည့်အခါများ တွင် မစ္ဆာကောလင်းက 'ကောလားရစ်ချဲ့ပြောတဲ့ ခရစ္ဆတာ ဘဲလ်ဆိုတဲ့ ကောင်မလေးရဲ့ ဗလူးဗိန်းစ်ဆိုတာ ဒီလို အကြောကလေးတွေ နေမှာပေါ့' ဟု ဆိုကာ ဒေါ်မေမေခင်၏ လည်တိုင် ကို နူတ်ခမ်းဖြင့် ဖိသည်။ ဤအခါမျိုးတွင် ဒေါ်မေမေခင်က 'အိုး... ရူးသလား' ဟု ဆိုကာ မစ္ဆာကောလင်း၏ ရင်ဘတ် ကို လက်ဖြင့် တွန်းဖယ်ရင်း ရယ်နေတတ်၏။

ဒေါ်မေမေခင်နှင့် မစ္ဆာကောလင်း အိမ်ထောင်ကျခဲ့ သည်မှာ နှစ်နှစ်မျှသာ ရှိသေး၏။ ဒေါ်မေမေခင်သည် မုဆိး ဖို အငြိမ်းစား အရေးပိုင်တစ်ဦး၏ တစ်ဦးတည်းသော သမီး ဖြစ်၍ စက်ရှင်မင်းကြီးကတော် မဖြစ်မီကဆိုလျှင် ကွန်ဗင့် ကျောင်းမှာ ဆရာမလုပ်နေခဲ့သည်။ မစ္ဆာကောလင်းနှင့် သူ့ ဖေဖေသည် ညနေတိုင်း အိမ်မှာ အရက်သောက်ရင်း စကား ပြောတတ်ကြ၏။ နောက်တွင်ကား မစ္ဆာကောလင်းသည် ၁၅ နှစ်အရွယ် သမီးငယ်ကို အိန္ဒိယသို့ ကျောင်းပို့လိုက်ပြီး နောက် ဒေါ်မေမေခင်ကို လက်ထပ်ခဲ့ခြင်း ဖြစ်လေသည်။ မစ္ဆာကောလင်းနှင့် အိမ်ထောင်ကျပြီးသည့်နောက်မှစ၍ ဒေါ်မေမေခင်သည် ဖေဖေနှင့်လည်း အတူမနေရတော့ပေ။ ပြောင်းရွှေ့ရာသို့သာ လိုက်နေရသည်။ ရောက်လေရာ မြို့တိုင်း တွင် အသင်းအဖွဲ့ထဲကို ပါရသည်။ ယခုမြို့တွင်မူ ဒေါ်မေမေ ခင်မှာ အမျိုးသမီးစာရိတ္တမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖြစ်နေ၏။ ဒီစတြိတ်မြို့များတွင် အမျိုးသမီးစာရိတ္တမြှင့်တင်ရေးဥက္ကဋ္ဌ များမှာ အရေးပိုင်ကတော်များ ဖြစ်လေ့ဖြစ်ထရှိသည်။ သို့သော် ထိုမြို့တွင် အရေးပိုင်မှာ မုဆိးဖိုကြီးဖြစ်နေသဖြင့် စက်ရှင်မင်း ကြီးကတော် ဒေါ်မေမေခင် ဥက္ကဋ္ဌ ဖြစ်လာခြင်း ဖြစ်လေ သည်။ အမျိုးသမီးစာရိတ္တမြှင့်တင်ရေးအတွက် ကူညီရန် ဧာတ် အဖွဲ့များအား မေတ္တာရပ်ခံရသည်။ ဧာတ်သဘင်၊ ရုပ်ရှင်ဆို သည်မှာ လူထုအသိဉာဏ်ကို ဖွင့်သည်လို့ ဆိုကြပေသကိုး။

ပုဏ္ဏားမ အမိတ္တာပုံလို အချောအလှ ဖြစ်၍ ဇနီးသည်ကို အလိုလိုက်ရပါ၏။ မြို့သို့ ဧာတ်ပွဲကပွဲရောက်လာခြင်းသည် မစ္ဆာကောလင်းအဖို့ ဒေါ်မေမေခင်ကို ပွဲသို့လိုက်ပြရသည့် အလုပ်သည် မဟာဝတ္တရားကြီး ဖြစ်နေ၏။ အင်မတန် ဧာတ်ပွဲ ဝါသနာကြီးသူတစ်ယောက်ကို ပြပါဆိုလျှင် ဒေါ်မေမေခင်ကို ပြရချိမ့်မည်။ တစ်ညလည်း မဟုတ်၊ နှစ်ညလည်း မဟုတ် ပါချေ။ ဒေါ်မေမေခင်သည် ညတိုင်း ပွဲအလင်းကြည့်လေ့ ရှိသည်။ ဧာတ်ပွဲ ပထမညတွင်မူ မစ္ဆာကောလင်းသည် မင်းကတော်တွေ တစ်သိုက်ကြီးနှင့်အတူ ရောယောင်ပါသွားရ သည့်အခါချည်း ဖြစ်၏။

နှန်းတော်ကားရှေ့ဝန် ၄ ပါးထွက်၊ တိုင်းရေးပြည်ရေး ဆွေးနွေးခန်းကိုကား မစ္ဆာကောလင်း အမုန်းဆုံးပင်။ နှစ်ပါး သွားကိုတော့ ကြည့်၍မျော်၏။ အရောင်တလက်လက် ထွက် သည့် မင်းဝတ်တန်ဆာကို ဆင်၍ က,သည်မှာ ရှုမငြီးဖွယ် ဖြစ်၏။ မင်းသမီး၊ မင်းသား ခေတ္တနားရန် လူပြက်တွေ ပြက်လုံးထိုးကြသည့်အခါတွင်မူ မစ္ဆာကောလင်းသည် ငါး စောင့်သောဗျိုင်းလို လည်ပင်းရှည်ကြီးကိုမော့၍ ဘေးပတ် ဝန်းကျင် ပရိသတ်ကိုကြည့်၏။ မျက်စိကျိန်းလွန်းသည်ဟု အောက်မေ့မိ၏။

စက်ရှင်တရားသူကြီးတစ်ဦးဖြစ်၍ မင်းစင်ဆိုပြီး အလယ်တည့်တည့် ဆိုင်းနောက် မလှမ်းမကမ်းတွင် ကြိုးပိုင်း ထားသော နေရာကောင်းကို ရလေသည်။ တစ်ခါတစ်ရံတွင် မစ္ဆာကောလင်း၏ မျက်လုံးများသည် ပတ်မအထက် နဂါးပုံဆီသို့ ရောက်သွားတတ်၏။ တစ်ဖန် ဘေးပတ်ဝန်းကျင် သို့ လှည့်ကြည့်သည်။

ဒေါ်မေမေခင်မှာ ညောင်းလှပြီထင်သည်။ ခြေကိုဆင်း၍ စလေကတ္တီပါမိုအုံးကို ပေါင်ပေါ်တွင် တင်ပြီး တံတောင်ဆစ်

www.burmeseclassic.com

www.burmeseclassic.com

ထောက်၍ လူပြက်ပြက်လုံးကို ပွဲကျနေ၏။ ဒေါ်မေမေခင်မှာ ရယ်ရလွန်း၍ မျက်ရည်များပင် ဝဲလာသည်ကို မစ္ဆာတာကောလင်း သတိထားလိုက်မိ၏။ တစ်ခါတစ်ရံတွင်လည်း မစ္ဆာတာကောလင်းဘက်သို့ လှည့်၍ လူပြက်ပြက်လုံးကို ဘာသာပြန်၍ ပြလိုက်သေးသည်။ သို့သော် လူပြက်က ညစ်ညမ်းသောပြက်လုံးတစ်လုံးထိုးလိုက်လျှင် ဒေါ်မေမေခင်သည် မဲ့ပြုံးကလေး ပြုံးနေတတ်လေသည်။ နောက်ညများတွင်မူ မစ္ဆာတာကောလင်း မလိုက်တော့ချေ။ ရုံးဒိုင်ယာရီကို လှန်ကြည့်လိုက်လျှင် 'ညောင်ပင်သာ လူသတ်မှုကို စီရင်ချက်ချ'၊ 'မောင်ချစ်တီးပါ-၂ ၏ အယူခံကို စစ်ဆေး'၊ 'ဘုရင်မင်းမြတ်နှင့် မောင်ကျော်သာပါ-၄' စသော အမှုတွဲမှတ်တမ်းတွေ တသီတတန်းကြီး တွေ့ရ၏။ စီရင်ချက်ချရန်အတွက် လိုအပ်သည့် ဥပဒေစာအုပ်များ၊ လောရီပို့များကို ဖတ်ရှုနေသည်။ ကိစ္စတွေသောင်းပြောင်းကြောင့် ကျန်ညများတွင် အိမ်မှာ နေရစ်ခဲ့သည်သာ များလေသည်။

ဤအခါမျိုးတွင် ဒေါ်မေမေခင်သည် အိမ်မှ ကားဖြင့် အပျိုတော်ထွက်ချိန်လောက်တွင် မြို့ထဲသို့ ထွက်လာပြီး အဖော်ညှိထားသော မင်းကတော်များကို ဝင်၍ ခေါ်တတ်သည်။ ရာဇဝတ်တရားသူကြီး၏နှီး ဒေါ်လှလှ၊ ဘိလစ်စာရေးကတော် ဒေါ်ဟန်ယူ၊ မြို့ပိုင်ကတော် ဒေါ်မြလေး၊ ဝတ်လုံကတော် ဒေါ်တင်ဥတို့ကား ပွဲသွားကြော့်ကြော့် အဖော်များပေတည်း။ ပွဲသွားကြော့်ကြော့် ပွဲပြန်မှော့မှော့ဟု စကားရှိသော်လည်း ဒေါ်မေမေခင်အဖို့မှာမူ ပွဲပြန်လည်း ကြော့်ကြော့်ပင် မင်းသားများထဲတွင် ဒေါ်မေမေခင်၏ အသည်းစွဲကား စိန်အောင်သိန်းပင်တည်း။ စိန်အောင်သိန်းသည် ဇာတ်စင်ပေါ်တွင် မီးစားရုံမျှမက အပြင်တွင်လည်း ရည်ရည်မွန်မွန် ရှိသည်။ စကားပြောလျှင် တိုးတိတ်ညင်သာစွာ ပြော၏။ စိန်အောင်သိန်း၏ မျက်ခုံးတို့သည် စိမ်းဖန့်ထူထဲ၏။ ထိုအောက်မှ တောက်ပသော မျက်လုံးအစုံသည် စိန်ပွင့်လိုလက်နေကြ၏။ ညအခါတွင် ရွှေပွဲလာ မိန်းမပရိသတ်တို့သည် စိန်အောင်သိန်း၏ တဖျပ်ဖျပ်တောက်သော မျက်လုံးနှင့် လက်မှ တထိန်ထိန်တောက်သောလက်စွပ်ကို ဂရုစိုက်ကြည့်ကြ၏။ ပဒကုသလ ဇာတ်အယူတိုက်ခန်းတွင် စိန်အောင်သိန်းသည် သျှောင်တစောင်းကို ဖြေချထားလေရာ သူ၏ဆံပင်သည် ဒူးဆစ်ထိအောင် ကော့ပျံဝဲကျလျက် ရှိ၏။ ထိုအခါမျိုးတွင် အနားမှ အဖော်များက 'အမယ်လေး စိန်အောင်သိန်းတို့ ဆံပင်များ ကောင်းလိုက်တာ ဖြတ်ပြီးတောင် သိမ်းထားချင်တယ်၊ ကြည့်စမ်းပါဦး မင်းကတော်ရဲ့'ဟု ဒေါ်မေမေခင်ကို လှမ်း၍ ပြောတတ်ကြသည်။ 'သူခိုးကလည်းဗျာ သူခိုးအလိမ္မာ မျက်နှာကြီးပေမို့' ဟု မေးရိုက် မေးဝဲဖြင့် ဟဲ၍ ငိုလိုက်သည့်အခါများတွင် ဒေါ်မေမေခင်သည် မျက်ရည်တွေ လည်လာသဖြင့် လက်ကိုင်ပဝါနှင့် သုတ်ပစ်ရသေးသည်။ အနားက အဖော်တစ်သိုက်မှာလည်း ခေါင်းငုံ့ကာ မျက်ရည်ကိုသုတ်သူသုတ်၊ နှပ်ညှစ်သူညှစ်၊ ချောင်းမဆိုးချင်ဘဲ ဆိုးသူဆိုးဖြင့် အလုပ်ရှုပ်လျက် ရှိတတ်ပေသည်။

❑

ပုလွေးမ အမိတ္တာပုံလို အချောအလှဖြစ်၍ ဇနီးသည်ကို အလိုလိုက်ရပါ၏။ မြို့သို့ ဇာတ်ပွဲကပွဲရောက်လာခြင်းသည် မစ္ဆာတာကောလင်းအဖို့ ဒေါ်မေမေခင်ကို ပွဲသို့လိုက်ပြရသည့် အလုပ်သည် မဟာဝတ္တရားကြီး ဖြစ်နေ၏။ အင်မတန် ဇာတ်ပွဲ ဝါသနာကြီးသူတစ်ယောက်ကို ပြပါဆိုလျှင် ဒေါ်မေမေခင်ကို ပြရခဲမှ်မည်

J။

ယခုမူ ဒေါ်မေမေခင်အဖို့ ပွဲမကြည့်ခဲ့ရသည်မှာ ကြာပေပြီ။ နယုန်လ သီဟိုဠ်ရှင်ဘုရား ပွဲတုန်းကတော့ တစ်ခါသွားကြည့်လိုက်သေးသည်။ သို့သော် ဇာတ်မှာ မင်းသားကလည်း မသယ်နိုင်၊ လူပြက်ကလည်း ပရိသတ်ကို မထိန်းနိုင်၊ အခမ်းအနား တောက်တောက်ပြောင်ပြောင်ရှိသည်မှအပ အရပ်သားများတက်၍ ကသည့် အရပ်ဇာတ်ထက်မသာပေ။ ဒေါ်မေမေခင်က ဝတ္တရားအတိုင်း အမှုဆောင်အချို့နှင့်သွားကာ ဇာတ်ဆရာကို အမျိုးသမီးစာရိတ္တ မြှင့်တင်ရေးအတွက် ဇာတ်ကပြ၍ ကူညီရန်၊ အသိပညာဖွင့်ပေးရန် မေတ္တာရပ်ခံ၏။ သို့သော် ဇာတ်ဆရာက နဂိုက ပညာအခြေခံနည်းပါးသူမို့ ဒေါ်မေမေခင် ဆိုလိုသည့်အဓိပ္ပာယ်ကို ကောင်းကောင်းနားမလည်ပေ။ ဖြစ်ကတတ်ဆန်း ထိုးဇာတ်ကလေးတစ်ခုကို ကပြ၏။ သို့သော် ကြည့်မည့်သူ မရှိ။ ဒီကတည်းက ဒေါ်မေမေခင်သည် ဇာတ်အဖွဲ့ကြီးများကို အကူအညီ ဧတာင်းခံတော့မည်ဟု အောက်မေ့ခဲ့သည်။

ဖြစ်၏။ 'ခွေးဖြူတို့ မြတ်လှတို့ ညီမလေးတို့ရေ အမယ်လေး မျက်ခုံးတွေလှပ်ပြီး ထိတ်ထိတ်ပျာပျာ ရှိလှချည့်လားကွယ်ရို့ ဆိုပြီး အိမ်အဝင် လှမ်းအော်လိုက်တုန်းများလေ မျက်ရည်တွေ ဘယ်ကကျလာမှန်း မသိဘူး' ဟု ဇာတ်လမ်းကို စားမြုံ့ပြန်လာတတ်ကြသည်။ 'အို··· ဘာပြောပြော ကြယ်တစ်လုံးနဲ့ ကိုတောင်ကြီး ပါရင် ပါးစပ်ကို စေ့မနေရဘူး။ မန္တလေးစိန်ကျော်အုံးနဲ့ ပါလာတုန်းကများ မင်းသမီး၊ မင်းသား မကောင်းတာတောင်မှ သူတို့ပြက်တာ နားထောင်ချင်တာနဲ့ ညတိုင်း သွားသွားကြည့်ရတယ်'ဟူ၍လည်း ချီးမွမ်းခန်းဖွင့်လာတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကလေးများကို သွား၍ပင် မကြည့်ဖြစ်တော့ပေ။ စိန်အောင်သိန်း၏ဇာတ်သာဆိုလျှင် အနည်းဆုံး လူပြက်ကစပါး၀ပ်မစေ့ရအောင် ရယ်ရသေးသည်။ ကိုကြယ်တစ်လုံးတို့ ထွက်လာလျှင် 'ဟော... တို့ဇာတ်ဆရာ စိန်အောင်သိန်းတို့များ အချောအလှဆို သိပ်ကြိုက်တာက။ တစ်ချေးညက နှစ်ပါးသွားတုန်းကများ ကျွန်တော် မင်းသားဖြစ်ရင်၊ ပါတီသဘောတူရင် ကောင်မချောကလေးတစ်ယောက်ကို ဇောဇောပြောထားပါ၊ လျှောက်လွှာကောင်းကောင်းရေးရင် အလုပ်ပေးနိုင်သည်ဆိုပြီး ခြေဆင်းပြီး ဟောဒီလို... ဟောဒီလို ပစ်ထိုင်လိုက်တာ' ဟု မင်းသား က,ပုံကိုပင် မကျန်အောင်လိုက်၍ ပြက်တတ်သဖြင့်လည်း ဒေါ်မေမေခင်မှာ စိန်အောင်သိန်းဇာတ်ဆိုလျှင် ညတိုင်းလောက် ကြည့်ဖြစ်လေသည်။

စိန်အောင်သိန်းဇာတ်ကို မကြည့်ခဲ့ရသည်မှာ တစ်နှစ်ကျော်ပေပြီ။ မနှစ်မိုးတွင်းတုန်းကတော့ မျှော်မိသေး၏။ ခါတိုင်းဆိုလျှင် စိန်အောင်သိန်းတို့ဇာတ်မှာ မိုးပါးသော ဆောင်းရာသီတွင် ရန်ကုန်၊ ညောင်တုန်း၊ မအူပင် စသည့် မြစ်၀ကျွန်းပေါ်တစ်ခွင် ပြဲပြိုစင်လှည့်လာပြီး မိုးတွင်းကျမှ အညာသို့ လူစုံတက်စုံနှင့် တက်လာတတ်၏။ အညာတွင်ကား မိုးတွင်းဟုဆိုသော်လည်း အောက်မှာလောက် မိုးမကောင်းလှချေ။ ပွဲလမ်းသဘင် စည်ကားလျက်ရှိ၏။

ယခုနှစ်တွင်မူ မောင်မင်းကြီးသား စိန်အောင်သိန်း ဆောင်းတွင်းမှာပင် အညာသို့ တက်လာ၏။ ဒေါ်မေမေခင်တို့ အဖို့ကား ၀မ်းသာ၍မဆုံးပြီ။ တစ်နှစ်ကျော်မျှ ကွဲကွာနေရသော စိန်အောင်သိန်းကို အတိုးချ၍ ကြည့်လိုက်မည်ဟု တိတ်တဆိတ် ကြိုးပါးလျက် ရှိကြလေသည်။ စိန်အောင်သိန်းဇာတ်အဖွဲ့ကြီး ရောက်မည့်ရက်ကိုသာ လက်ချိုးရေတွက်နေကြသည်။ အမှန်အားဖြင့် ဒေါ်မေမေခင်သည် စိန်အောင်သိန်းကို ဇာတ်ခုံပေါ်မှာသာ မြင်ရုံမှအပ အပြင်တွင် မမြင်ဖူးချေ။ တစ်ခါကားနှင့် မြို့ထဲ ဈေး၀ယ်သွားရင်း လမ်းကြုံသဖြင့် ဘောလုံးကွင်းထဲတွင် ထိုးထားသော ဇာတ်ရုံဘက်သို့ လှည့် အမောင်ခိုင်းကာ လက်မှတ်ကိုယ်တိုင်၀ယ်စဉ်ကမူ စိန်အောင်သိန်းကို ဇာတ်ရုံပွဲဈေးတန်း လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသည်ကို မြင်ရဖူး၏။ ထိုစဉ်က စိန်အောင်သိန်းသည် ကတ္တီပါလောင်းကုတ်ကြီးကို၀တ်၍ မျက်နှာသုတ်ပ၀ါကို လည်တွင် ရစ်သိုင်းထား၏။ သူနှင့် လက်ဖက်ရည်ထိုင်သောက်နေသူများမှာ လူပြက် ကိုရွှေငါးထင်ရဲ့၊ ဟိုဘက်က ပိန်ပိန်ရှည်ရှည် သွားခေါခေါ ကတုံးဘိုကေနှင့် လူမှာ ဆိုင်းဆရာ ရွာစားကြီး ဦးဘ၀င်းနှင့် တူသလိုလိုရှိ၏။ စိန်အောင်သိန်းနှင့် မျက်နှာချင်းဆိုင်ထိုင်နေသူမှာ ရုံကန်ထရိုက်တာဖြစ်ဟန်တူပေသည်။ ဒေါ်မေမေခင်သည် ဟုတ်ပါတယ်၊ ဇာတ်ကန်ထရိုက်ပါပဲ၊ သူနာမည်ကိုတော့ ဒေါ်မေမေခင် မသိပေ။ စက်ရှင်မင်းကြီးကားနှင့် စက်ရှင်မင်းကြီးကတော် ဒေါ်မေမေခင်ကို မြင်သည်နှင့် ရုံကန်ထရိုက်သည် လက်ဖက်ရည်ဆိုင်မှ ကပျာကယာ ထွက်လာကာ 'ဩ၀ဲ မင်းကတော်ကြီးပါလား၊ မင်းကြီးကော မပါဘူးလား၊ ဖျာလာ၀ယ်တာလား၊ ဟာ မလုပ်ပါနဲ့ မင်းကြီးကတော် ကျွန်တော့်ကို လူလွှတ်ပြီး အကြောင်းကြားလိုက်ရောပေါ့၊ ဟေ့ ထူးရွှေရေ ထူးရွှေ' ဟု ဖျာရောင်းနေသော စားပွဲမှ လူကို လှမ်းခေါလိုက်ပြီးမှ 'ဟေ့ ဆိုင်းနောက်နားက မင်းစင်အတွက်နေရာကို ချန်ထားလိုက်၊ ဒီက မင်းကတော်များ လာကြည့်ကြမလို့။ ကျွန်တော်တို့လည်း အရေးပိုင်မင်းအိမ်နဲ့ မင်းကြီးအိမ်ကို အပို့ခိုင်းမလို့ပါပဲ၊ ဇာတ်က ဒီနေ့ညမှ စ,၀င်တာဆိုတော့ နေရာတကျ စီစဉ်မပြီးသေးတာနဲ့ လစ်ဟင်းသွားပါတယ်' ဟု ရွှန်းရွှန်းဝေအောင် ပြောလိုက်သည်။

ဒေါ်မေမေခင်သည် ပုံပုံကလေးသာ ပြုံးလိုက်ပြီး 'ကိစ္စမရှိပါဘူး၊ ကျွန်မ ဈေးလာရင်း ကြုံတာနဲ့ပါ' ဟု ပြောကာ လက်ဖက်ရည်ဆိုင်ဘက်သို့ တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးမှ 'ဟိုလောင်းကုတ်နဲ့ဟာ ဇာတ်ဆရာမဟုတ်လား' ဟု သိလျက်နှင့် မေးလိုက်သည်တွင် ရုံကန်ထရိုက်ကလည်း ရောယောင်လှည့်ကြည့်ပြီး 'ဟုတ်ပါတယ် မင်းကတော်' ဟု ဆိုကာ ဇာတ်ဆရာအား သွား၍ အခေါ်ခိုင်းလိုက်ပြန်သည်။ ဇာတ်ဆရာ စိန်အောင်သိန်းသည် လောင်းကုတ်အင်္ကျီကြီး ဖိုးရိုးဖားရားနှင့် လက်ဖက်ရည်ဆိုင်မှ ထ,လာသည်။ သူနောက်မှ မျက်လုံးမှေးမှေး ကျောက်ပေါက်မာသက်သက်နှင့် လူပြက် ကိုကြယ်တစ်လုံးလည်း ပါလာသည်။

'ဇာတ်ဆရာ ဟောဒါက ကျွန်တော်တို့မြို့ စက်ရှင်မင်းကြီးကတော်လေ၊ မင်းကြီးကတော် ဒါက ကျွန်တော်တို့ ဇာတ်ဆရာပါ' ဟု ကန်ထရိုက်က လူရည်လည်လည်ဖြင့် မိတ်ဆက်ပေးသည်တွင် ဒေါ်မေမေခင်ကလည်း ကားထဲမှ ခေါင်းညိတ်၍ ပြုံးလိုက်ရသည်။ ဇာတ်ဆရာသည် ဆရာမရှေ့တွင်ရောက်နေသော တပည့်ငယ်လို လက်နှစ်ဖက်နောက်ပစ်၍ ခြေစုံရပ်ရင်း -

'ဟုတ်ကဲ့ မင်းကြီးကတော် ခုလိုကြွရောက် ချီးမြှင့်မယ်ဆိုတာကို ကျွန်တော်များ အင်မတန် ဝမ်းသာပါတယ်။ နောက်လည်း ချီးမြှင့်တော်မူပါ။ အလိုရှိတာလည်း မိန့်တော်မူပါ' ဟု ယဉ်ကျေးသိမ်မွေ့စွာ ဆို၏။ ဒေါ်မေမေခင်က ပြုံးလိုက်ပြီး-

'ဩ၀ဲ ဒီနေ့ည ဘာပြမယ် စိတ်ကူးသလဲ ဇာတ်ဆရာ' ဟု မေးလိုက်သည်။

'ဒီနေ့ညတော့ ပဒုကုသလဇာတ်ကို ကမယ် စိတ်ကူးပါတယ်၊ ကျွန်တော်များ အနုသုခမ ပညာသည်များမှာ ကိုယ်သန်ရာသန်ရာ က,လေ့ရှိကြပါတယ်။ ဥပမာ ကျွန်တော်တို့ရဲ့ ဖခင်ကြီး ဂရိတ်ဦးဖိုးစိန်ကြီးဆိုရင် ကုသဇာတ်၊ ဦးအောင်မောင်းကြီးဆိုရင် ပန်းပဲမောင်တင့်တယ်၊ ရွှေမန်းတင်မောင်ဆိုရင် အဇာတသတ်ဆိုပြီး သန်ရာသန်ရာကို အသကအသက ပြသွားတတ်ကြပါတယ်။ ကျွန်တော်များကတော့ ပဒုကုသလရယ်၊ ဆင်ကဘို့မယ်ရှုယ်၊ ပဒုမပေါင်တို့ရယ် ပြတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ အက်စုံအလှူ (၁၃၁၀၀၀/-) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်ရှသိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

ဘတ်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျွဲစွာချောင်
ဝုန်း၀၇၂-၂၂၀၃၄၊၀၇၂-၂၁၄၄၁၊ ၀၉-၆၄၆၄၄၉၉၊ ၀၉-၉၁၀၄၁၀၇

မန္တလေး

ဦးမြင့်ဝိုင်း(ဝိုင်းလဲတွဲ)ဝုန်း၀၉-၉၁၀ ၂၃၇၈၇၊ ဒေါ်တာဝင်းငြိမ်း(လူထု)ဝုန်း၀၂-၃၉၇၁၇၊ ဒေါ် ရိုရိုမြင့်(သွင်းကုန်)ဝုန်း၀၉-၂၀၀၁၇၁

ရန်ကုန်

သီရိသုဝဏ္ဏသိဂီဂေါဝိန်းသန်းမြင့်(ပဝတ်ရတနာ၊ ဝိုလ်ချယ်ရိုးဇွေး။ ဝုန်း၀၉-၇၃ ၂၀ ၂၈၁၁၀)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြေးစံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဝုန်း၀၉-၅၁၅၂၂၇၇)

ဒေါ်ဝင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ပဇွန်းမြို့နယ်။ ဝုန်း၀၉-၅၁ ၂၂၀၀၃)

ဒေါ်မြင့်မြင့်ကြည်(အမှတ် ၁၆၊ တွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဝုန်း၀၁-၂၂၀၅၅၉၊ ၀၉-၇၁၀၇၂၄၉)

ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဝုန်း၀၁-၅၁၉၅၅၀၉၊ ၀၉-၇၁၁၀၉၁၅)

ဒေါ်စန်းစန်းဦး(Real Gems)(အော-၁၀၊ အမှတ် ၂၁-၂၂၊ ဂျိုးမြို့ရိပ်သာ၊ ဂျိုးမြို့လမ်း။ မဲလာတောင်ညွန့်မြို့နယ်။ ဝုန်း၀၁-၂၃၂၂၇၂၊ ၀၉-၅၀၈၂၂၄၁)

ဒေါ်စန်းစန်းငယ(ပဟာမြို့ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဝုန်း၀၁-၂၃၀၀၄၂၇၊၀၁-၂၃၀၀၄၂၈)

ကလျာမဂ္ဂဇင်းတိုက်(ဖုန်ဆို)(အမှတ် ၁၆-၀၀၀၀၀၆၊ ဦးအောင်မြတ်လမ်း၊ သိမ်ပြူတွင်းကျေး၊ မဲလာတောင်ညွန့်မြို့နယ်။ ဝုန်း၀၁-၂၉၀၁၇၆)

လှူဒါန်းထြတဲ့ အလှူရှင်များစာရင်း

၃၆၅။ ကွယ်လွန်သူ ဦးစောမောင်၊ (ဇနီး)ဒေါ်အေးရီ၊ (သားထွေး)ဦးသူရစောတို့အား ရည်စူး၍
ဒေါ်နှင်းဆီ၊ ဒေါ်ခင်စိုးရီ၊ (မောင်)ဒေါက်တာစိုးလွင်မိသားစုကောင်းမှု
အမှတ်-၇၀(ဈ)၊ ဒွေဝတ်မုံ၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်။ ၁၀,၀၀,၀၀၀/-
(၂၄-၇-၉၇ ကွယ်လွန် ၁၈ နှစ်ပြည့်အား ရည်စူး၍ လှူဒါန်းပါသည်။) (ဆယ်သိန်း)

၃၆၆။ ဦးမြထွန်း(နိုင်ငံခြားရေးဝန်ကြီး)+ ဒေါ်သန်းနွဲ့(မြေစာရင်း)နှင့် သားသမီးမြေးများ
ကောင်းမှု။ အမှတ်-၁၇၀(၂)၊ ပထမသီရိရိပ်သာ၊ အလုံ၊ ရန်ကုန်။ ၄၀,၀၀,၀၀၀/-
(ယခင် ၃၅ သိန်း + ယခု ၅ သိန်း) (သိန်းလေးဆယ်)

www.burmeseclassic.com

www.burmeseclassic.com

၃၆၇။ ကွယ်လွန်သူ နှစ်ဖက်မိဘများဖြစ်ကြသော (ဦးညီ+ဒေါ်ချူးယဉ်)
(ဦးစံဝင်း+ဒေါ်ကြည်)တို့အား ရည်စူး၍ ဦးလှဖေ+ဒေါ်နုနုစိန်
သားသမီးမြေးများကောင်းမှု။ အမှတ် ၈၄၊ ဝါးတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်။
၅,၀၀,၀၀၀/-
(ငါးသိန်း)

၃၆၈။ မြန်မာမှု အင်ဂျင်နီယာ ဦးစံရင် + (ဇနီး) ပွဲကတော် ဒေါ်သောင်းသောင်းမိသားစု
မလွန်ထန်းလျက်တန်း၊ မန္တလေး။ (ယခင် သိန်း ၃၀ + ယခု ထပ်မံလှူ သိန်း ၂၀)
၅၀,၀၀,၀၀၀/-
(သိန်းငါးဆယ်)

၃၆၉။ နှစ်ဖက်မိဘဘိုးဘွားများကို ဦးထိပ်ထား၍ ဦးဗညားသန်းဟိန်း+ဒေါ်ဝင်းမူတင်၊
(သား)ဘုန်းမြတ်ခိုင်၊ (သမီး)မြမ္မာ့မိသားစု။ အမှတ်-၆/ခ၊ သုခဝတီလမ်း၊
ရန်ကင်း၊ ရန်ကုန်။ (ယခင် ၂၁ သိန်း + ယခုထပ်မံလှူဒါန်း ၅ သိန်း)
(၁၅-၁၁-၂၀၁၅ တွင် ကျရောက်သည့် မွေးနေ့အကြိုအလှူ)
၂၆,၀၀,၀၀၀/-
(နှစ်ဆယ့်ခြောက်သိန်း)

၃၇၀။ ဒေါ်ခင်စန်းသွင် (၂၀-၈-၂၀၁၄ ကွယ်လွန်၊ တစ်နှစ်ပြည့်)အား ရည်စူး၍
ကျန်ရစ်သူ သားသမီးမြေး မိသားစုကောင်းမှု။
အမှတ်-၃၄(စီ)၊ စမ်းရေတွင်း၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။
၅,၀၀,၀၀၀/-
(ငါးသိန်း)

၃၇၁။ မိဘများဖြစ်ကြသော အငြိမ်းစားသံအမတ်ကြီး ဦးဘရွှေ+ဒေါ်မြသိန်း
ဝိုလ်ကြီးလှအောင်+ဒေါ်ကြင်ကြင်တို့အား ရည်စူး၍ ဦးဇော်မြင့်+ဒေါ်ခင်မေလှိုင်၊
(သား)မောင်ဇော်မျိုးသိန်း၊ (သမီး)မလှနုထွေး၊ မောင်ချစ်ကိုကို၊ (မြေးမလေး)တို့
မိသားစုကောင်းမှု၊ အမှတ်-၁၂၁၊ ကမ္ဘာအေးဘုရားလမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့။
၅,၀၀,၀၀၀/-
(ငါးသိန်း)

BURMESE CLASSIC

၃၇၂။ အဘိုးအဘွားများဖြစ်ကြသော ဦးဘရွှေ+ဒေါ်မြသိန်း၊
ဦးခင်မောင်လတ်+ဒေါ်ညိမ်းညိမ်းနှင့် ဖခင်ဦးဇော်တင့်တို့အား ရည်စူး၍
မိခင် ဒေါ်ခင်မေလတ်အား အမှူးထားကာ (သမီး)ဒေါ်မေသက်နွယ်(မွေးနေ့အလှူ)၊
အမှတ်-၂/ခ၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်း၊ ရန်ကုန်။
၅,၀၀,၀၀၀/-
(ငါးသိန်း)

၃၇၃။ ဖခင် ဦးကိုကိုလေးအား ရည်စူးလျက် မိခင်ဒေါ်ညွှန့်ရှင်အား အမှူးထားကာ
Mr.Roy Toomy + ဒေါ်နီလာနွယ်မိသားစု။
တိုက်-၃၁၊ အခန်း-၁၂၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
၅,၀၀,၀၀၀/-
(ငါးသိန်း)

၃၇၄။ မိခင်ကြီး ဒေါ်ပတ္တမြားခင်ကို အမှူးထားလျက် Eddie @ ညီညီ
Florida,USA (ယခင် ၃၆ သိန်း + ယခု ၅ သိန်း)
၄၁,၀၀,၀၀၀/-
(လေးဆယ့်တစ်သိန်း)

၃၇၅။ ပါမောက္ခ ဒေါက်တာသံစစ် + (ဇနီး)ဒေါ်ခင်ညိုသိန်းနှင့်
သားသမီးမြေးတစ်စု။ အမှတ်-၇၄၂၊ မြရတနာလမ်း၊ ၃၆ ရပ်ကွက်၊
မြောက်ဒဂုံ။ (ယခင် သိန်း ၅၀ + ယခု ၁၀ သိန်း)
၆၀,၀၀,၀၀၀/-
(သိန်းခြောက်ဆယ်)

၃၇၆။ သား မောင်ဘုန်းနိုင်အား ရည်စူးအလှူ ဒေါ်မြစိန်ကောင်းမှု
အမှတ်-၈၄၊ ဝါးတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်။
(ယခင် ၁၅ သိန်း + ယခု ၅ သိန်း)
၂၀,၀၀,၀၀၀/-
(သိန်းနှစ်ဆယ်)

(ဆက်လက်ဖော်ပြပါမည်)

ထာဝရငွေပင် ငွေကျပ် သိန်း(၆၀၀၀)ပြည့် အောင်ပွဲရေစက်ချအခမ်းအနားကို ၁၅.၁၁.၁၅ ရက်နေ့
မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတောင်ရိုး ဟံသာဝတီချောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်းနှင့်
ဖိတ်ကြားလွှာများကို မကြာမီဖြန့်ဝေမည်ဖြစ်ပါကြောင်း အလှူရှင်များကို ကြိုတင်အသိပေးအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီသုံးဇာတ်ကိုတော့ ကျွန်တော်များ အသနားဆုံးပါပဲ။ သြော်... ဒီညမင်းကြီးပါ ကြွလာဦးမှာပါလား'

'ဟုတ်ကဲ့၊ လိုက်ဖြစ်ပါလိမ့်မယ်၊ ပထမညဆိုရင်တော့ ကြည့်တတ်တာများပါတယ်။ နောက်ညတွေဆိုရင်တော့ သူက မနက် အမှုမှိန်းတွေ ဘာတွေနဲ့ရှိတော့ သိပ်မကြည့်နိုင်ပါဘူး။ တို့ကသာ ဇာတ်ဆရာဇာတ်ဆိုရင် ညတိုင်းရောက်တာ၊ ဘယ်မြို့ရောက်ရောက် ဇာတ်ဆရာဇာတ်ဆိုရင်တော့ ကြည့်တာပါပဲ။ ဟိုနှစ်က မအူပင်မှာ တစ်ခါ ကြည့်ရတယ်။ မနှစ်က သီဟိုဠ်ရှင်ပွဲတော်မှာ တစ်ခါ'

စိန်အောင်သိန်းသည် စာဖတ်ပရိသတ်တစ်ယောက်၏ ချီးမွမ်းခြင်းကိုခံရသော စာရေးဆရာလို ဝမ်းသာသလိုလို ဖြစ်သွားပေသည်။

'ဟုတ်ကဲ့၊ နောက်လည်း ကြွရောက်ချီးမြှင့်ပါ မင်းကြီး ကတော်'ဟု စိန်အောင်သိန်းက ကျိုးနွံစွာ ဆို၏။

လူပြက် ကိုကြည်တစ်လုံးကား မင်းကြီးကတော်ကို မျက်လုံးမှေး၍ ငေးကြည့်နေ၏။ သူစိတ်ထဲတွင် သူတို့ဇာတ်ကို လာကူဖူးသည့် မန္တလေးမှ အငြိမ့်သမ ဩဘာသန်းနှင့် တူသလိုလို၊ ဇာတ်ထဲက အော်ပရာယိမ်းသမ ခင်စိန်နှင့် တူသလိုလို ထင်မိသည်။ ဒါပေမဲ့ ဩဘာသန်းနဲ့ ခင်စိန်က သူလို နားရွက်မကားဘူး။ သူနားရွက်ကလေးကတော့ ကားကားပြန့်ပြန့်ကလေးရယ်၊ ဒီလို နားရွက်ကလေးကားနေမှ စိန်နားကပ်ပန်လို့လှတာ၊ မင်းကြီးကတော်သာဆိုတယ် အသက်က ငယ်ငယ်ကလေး ရှိသေးတာပဲ၊ သုံးဆယ်တောင်ပြည့်မှ ပြည့်ပါဦးပဲ၊ မဟာနဖူးလေး။

ကားစက်နှိုးသံကြားတော့မှ ကိုကြည်တစ်လုံးသည် သူဆီသို့ လှမ်းကြည့်လိုက်သည်။ မင်းကြီးကတော်၏ ကားသည် ဇာတ်ရုံရှေ့မှ ထွက်ခွာသွားလေပြီ။

ဒီနောက်မှစ၍ ဒေါ်မေမေခင်သည် စိန်အောင်သိန်းနှင့် ရင်းနှီးလာကြသည်။ စိန်အောင်သိန်းကို ညနေတိုင်း အိမ်သို့ ထမင်းဖိတ်ကျွေးရသည်မှာလည်း အမော။ တစ်ခါတလေ ကိုကြည်တစ်လုံးပင် လိုက်ရသေးသည်။ ကိုကြည်တစ်လုံးသည် ထမင်းစားရင်း မင်းကြီးကတော် ဒေါ်မေမေခင်ကို တိတ်တဆိတ် ခိုးကြည့်နေတတ်သည်။

❑

၃။

ခါတိုင်း ညနေဆိုလျှင် ဒေါ်မေမေခင်သည် မစ္ဆာကောလင်း ဂေါက်သီးကစားရာသို့ လိုက်သွားမြဲ ဖြစ်၏။ ယနေ့မှာမူ စိန်အောင်သိန်းကို ထမင်းစားဖိတ်ထား၍ လိုက်မသွားတော့ဘဲ နေရစ်ခဲ့သည်။ မစ္ဆာကောလင်းကိုယ်တိုင် ကိုလည်း ယနေ့ညနေ ဂေါက်သီးသွားမကစားရန် တားပါသေး၏။ သို့သော် ချိန်းပွဲရှိ၍ သွားကစားဦးမည်။ ညနေစောစော ပြန်လာခဲ့မည်ဟု ဆိုကာ နေ့လယ် ၃ နာရီ ရုံးမှ ပြန်လာကတည်းက ထွက်သွားခဲ့ပေသည်။

မစ္ဆာကောလင်းအား ဂေါက်သီးကွင်းသို့ ပို့ပြီး မောင်ခင်အား အခြားလိုအပ်သော ပစ္စည်းပစ္စယတို့ကို ဝယ်ရန် ဈေးသို့ လွှတ်ရသေးသည်။ ဈေးမှ ပြန်လာပြီး တစ်ဖန်၊ မြို့ထဲသို့ စိန်အောင်သိန်းကို အခေါ်လွှတ်ရပြန်သည်။ မနေ့ညက ပွဲသို့ အသွားတွင် စိန်အောင်သိန်းကို ထမင်းစားလာပါဟု ဖိတ်ခဲ့ခြင်း ဖြစ်ပေသည်။

စိန်အောင်သိန်းသည် လိမ္မော်သီး အဖြူမြွေးကလေးတွေကို တစ်ဖတ်ချင်း ခွာနေသော ဒေါ်မေမေခင်၏ သွယ်ပျောင်းသော လက်ချောင်းကလေးများကို ကြည့်နေမိသည်။ လက်ချောင်းကလေးများမှာ ပျားဖယောင်းတိုင်လေးတွေလို သွယ်သွယ်လျလျကလေး ဖြစ်ပြီး လက်သည်းခွံကလေးများမှာမူ နီပြေပြေအရောင်သန်းနေလေသည်

ခဏကြာသော် မင်းကြီးကတော် ကားဖြင့်ပင် စိန်အောင်သိန်း ရောက်လာလေသည်။ စိန်အောင်သိန်းသည် ခါတိုင်းလို စိန်ကတ္တီပါလောင်းကုတ်အင်္ကျီကို ဝတ်ထားပြီး ဘန်ကောက် လုံချည် ရေညှိရောင်ကို ခါးကာပိန်းတန်းဖိနပ်ကို စီးထား၏။

'လာ... လာ ဇာတ်ဆရာ၊ မင်းကြီးတော့ ဂေါက်သီးသွားကစားတာ ပြန်မလာသေးဘူး။ ခပ်စောစောပြန်လာမယ်လို့တော့ ပြောတာပဲ၊ မောင်ခင်ရေ မင်းကြီးကို သွားကြိုပါကွယ်'ဟု တစ်ဆက်လည်း ခိုင်းလိုက်သည်။

ဧည့်ခန်းသို့မဝင်ကြတော့ဘဲ အိမ်ရှေ့ ဧရာဝတီမြစ်ကို မျက်နှာပြုထားသော မြက်ခင်းပြင်ပေါ်တွင် ချထားသည့် ကြိုးကုလားထိုင်များပေါ်တွင် ထိုင်လိုက်ကြပြီး ဇာတ်များအကြောင်း မြန်မာဇာတ်ပွဲများ ညလုံးပေါက် မကပြသင့်ကြောင်း အစရှိ

www.burmeseclassic.com

www.burmeseclassic.com

သား ပညာဝန် ဦးဖိုးကျား ဆောင်းပါးရေးသည်ကို မကြိုက်ကြောင်း၊ ရန်ကုန်အငြိမ့်များအကြောင်း စသည်တို့ကို ပြောနေကြသည်မှာ မှောင်စပျိုးသည်အထိ ဖြစ်လေသည်။

မစ္စတာကောလင်းကား တော်တော်နှင့် မပေါ်လာချေ။ ခဏကြာသော် ဒေါ်မေမေခင်ကပင် စ၍-

'ညော် ဇာတ်ဆရာ ဆာလှရွှေမယ်နော်၊ မစောင့်ဘဲဖြစ်ဖြစ် စားလိုက်ကြတာပေါ့၊ ခင်လည်း ဆာလှပြီ၊ မင်းကြီးကလည်း ဂေါက်သီးကစားမယ်ဆိုရင် သိပ်ခဲ့ကြီးတာပဲ သားမယားတောင် အမှတ်ရတာ မဟုတ်ဘူး' ဟု ဆို၍ စိန်အောင်သိန်းကို ခေါ်၏။

စိန်အောင်သိန်းက စောင့်ပါဦးဟု တားသည်ကိုပင် မရတော့ဘဲ ထမင်းစားခန်းထဲသို့ ခေါ်သွားသဖြင့် လိုက်သွားရချေသည်။ ထမင်းစားခန်းကား သပ်ရပ်လှသည်။ အစိုးရအိမ်ဖြစ်၍ သားနားလှသည် အောက်မေ့မိသည်။ ထမင်းစားစားပွဲသည် ပါလစ်သုတ်ထား၍ ပြောင်လက်တောက်ပနေ၏။ ကြိမ်ထိုး ကွန်းသား မတ်တတ်ကုလားထိုင် လေးလုံးကို ပတ်ပတ်လည်တွင် ချထားလေသည်။ စားပွဲတွက် အင်္ဂလန်လုပ် ဖန်သားအပြာရောင် ပန်းအိုးထဲတွင် နှင်းဆီပွင့်ကြီးများ ထိုးထားလေသည်။

ဒေါ်မေမေခင်သည် ထမင်းစားပွဲကို သူကိုယ်တိုင်ပြင်သည်။ ပွွန်ဆင်ဘရားလုပ် အပြာရောင် တိုက်ပန်းနွယ်ပန်းကန်ပြားထဲသို့ သူကိုယ်တိုင် ထမင်းခူး၍ ပေးသည်။ အပေါက်ဝတွင် ချာပရာစီ ကုလားက ခွေးခြေတစ်လုံးနှင့် ထိုင်ကာ ယပ်ခွဲပေးလေသည်။

'စားနော် ဦးစိန်အောင်၊ ဘာမှ အားမနာနဲ့၊ အိမ်ကလူတော့ည ၇ နာရီလောက်ကျမှ ညစာစားတယ်၊ သူမစောင့်ပါနဲ့၊ ဧည့်သည်ကိုသာ ကျွေးနှင့်ပါလို့ မှာသွားတယ်' ဟု စကားအမျှင်တန်းကာ ကြက်သည်း၊ ကြက်မြစ်တွေကို ထည့်ပေးသည်။ ဒေါ်မေမေခင်မှာ အနည်းငယ် ရင်းနှီးစပြုလာသည့်အတိုင်း ဇာတ်ဆရာ စိန်အောင်သိန်းကို ဦးစိန်အောင်ဟု နာမည်တပ်၍ ခေါ်ပေသည်။

ဇာတ်ဆရာ စိန်အောင်သိန်းကား ထမင်းကိုသာ ငုံ၍စားနေ၏။ ဒေါ်မေမေခင်သည် ထမင်းငုံစားနေသော စိန်အောင်သိန်းကို အကဲခတ်နေလေသည်။ ပါပြား၍ နက်မှောင် နူးညံ့သော သျှောင်ထုံးအောက်မှ မဟာနဖူးသည် မီးရောင်တွင် ဝင်းနေ၏။ ခေါင်းကိုငုံထားသဖြင့် ဖြောင့်စင်းပေါ်လွင်နေသော နှာတံအဖျားကိုသာ မြင်ရလေသည်။ စိန်အောင်သိန်း ထမင်းစားပုံမှာ သိမ်မွေ့ယဉ်ကျေးလွန်းသည်ဟု ထင်သည်။

'ဦးစိန်အောင်တို့ ဒီမှာကပြီးရင် ဘယ်မှာဝင်ရမှာလဲ' ဟု ဒေါ်မေမေခင်က ဟင်းချိုကို ဘယ်လက်ဖြင့် လှမ်းခပ်ရင်း မေးသည်။ စိန်အောင်သိန်းသည် သူကိုမော့ကြည့်လိုက်ပြီး-

'မတ္တရာကို သွားရပါလိမ့်မယ် မင်းကြီးကတော်' ဟု ဖြေသည်။

'ဦးစိန်အောင်တို့မလည်း နားရတယ်လို့ကို ရှိမှာ မဟုတ်တော့ပါဘူးနော်'

'ဒီလိုပဲ မင်းကြီးကတော်၊ သဘင်ပညာသည်ဆိုတာမျိုးဟာ အခွင့်ကောင်းကိုမှီပြီး ထမင်းတစ်လုတ်စားရတဲ့ဘဝမျိုးပါ၊ ပြီးတော့ ဖက်ခွက်စားဆိုပြီးလည်း ပေါင်းသင်းဆက်ဆံရေးမှာ သိပ်အောက်ကျနောက်ကျဖြစ်တာပဲ၊ ကျွန်တော်ဖြင့် ဇာတ်ခေါင်းကွဲပြီး အဖွဲ့သားတွေ ကသီလင်တဖြစ်မှာစိုးလို့သာ၊ ကျွန်တော့်အလိုဖြင့် သဘင်သည်တောင် မလုပ်ချင်တော့ပါဘူး'

'ဒီလောက်လည်း စိတ်မပျက်ပါနဲ့ဦးလေ၊ ခင်တို့လည်း ရှိပါသေးတယ်။ ခုခေတ်ကြီးမှာ တကယ့် အရည်အချင်းနဲ့ပြည့်ဝတဲ့ သဘင်သည်တွေက အရှားသားကလား၊ ဦးစိန်အောင်တို့လို ဇာတ်ရည်ဝ၊တဲ့ သဘင်သည်တွေကပါ ဇာတ်သဘင်လောကကို စိတ်ပျက်နေတယ်ဆိုတော့'

စိန်အောင်သိန်းက ကြွေရည်သုတ်ဇလုံထဲကို လက်နှိုက်၍ ဆပ်ပြာကို ပွတ်လိုက်ရင်း-

'ကျွန်တော့်ကိုလည်း သိပ်မြှောက်မနေပါနဲ့ဦး၊ မင်းကြီးကတော်' ဟု ပြုံး၍ ဆိုလိုက်သည်။

'တကယ်ပါ မြှောက်ပြောတာ မဟုတ်ပါဘူး၊ ဦးစိန်အောင်ကို ခင်တို့က မြှောက်ပြောနေစရာလူလား' ဟု ခပ်ဆွဆွေကလေးကြည့်ရင်း ပြောလိုက်သည်။

'မင်းကြီးကတော်တို့က အပြင်ကသာ မြင်နေတာကိုး၊ သဘင်သည်လောကထဲမှာ အတွင်းကျတော့ သိပ်စိတ်ပျက်စရာကောင်းတာ။ ကျွန်တော်တို့လို ဇာတ်တစ်ဇာတ်ကို ကွပ်ကဲအုပ်ချုပ်လာရပြီဆိုရင် ပိုပြီး တာဝန်ကြီးတယ်။ ဇာတ်သမားအချင်းချင်းတည့်အောင် ကြည့်ထိန်းရ၊ ကန်တော့ပါရဲ့၊ ဇာတ်သမားနဲ့ ဇာတ်သမတွေ လူကဲ့ရဲ့လွတ်အောင် ဆုံးမရ၊ ပြီးတော့ ဆိုင်းသမားနဲ့ ဇာတ်သမားတည့်အောင် ကြားက ဖျန်ဖြေရနဲ့ သိပ်ပြီး စိတ်ရှုပ်စရာကောင်းတာပဲ၊ အို ဒီပြင် စိတ်ညစ်စရာတွေ အပုံကြီးရှိသေးတယ်'

နှစ်ယောက်စလုံး ထမင်းစားပြီး၍ ဧည့်ခန်းတွင်းသို့ ရွှေ့လာကြသည်။ အစေခံတစ်ယောက်က သစ်သီးပန်းကန်ကို လာချသည်။

'ကဲ စားလိုက်ပါဦး ဦးစိန်အောင် ဟောဒါက လိမ္မော်သီး၊ တစ်နေ့က ကိုကို့ရုံးက ရွှေ့ဖတ်စာရေး မြင်ခြံသွားလို့ မှာလိုက်တာ။ ဟောဒါက ဆန်းကစ်သီးလေ၊ ဂန့်ဂေါခြံ့အုပ်ကလေး ပေးသွားတာ။ သူတို့ဆီမှာတော့ ရှောက်ချိုသီးလို့ ခေါ်တယ်ဆိုလား'

ဒေါ်မေမေခင်က လိမ္မော်သီးတစ်လုံးကို ကောက်၍ ကိုယ်တိုင် နွာနေ၏။ စိန်အောင်သိန်းသည် လိမ္မော်သီး အဖြူမြွေးကလေးတွေကို တစ်ဖတ်ချင်း ခွာနေသော ဒေါ်မေမေခင်၏ သွယ်ပျောင်းသော လက်ချောင်းကလေးများကို ကြည့်နေမိသည်။ လက်ချောင်းကလေးများမှာ ပျားဖယောင်းတိုင်လေး

www.burmeseclassic.com

www.burmeseclassic.com

တွေလို သွယ်သွယ်လျလျကလေးဖြစ်ပြီး လက်သည်းခွံကလေးများမှာမူ နီပြေပြေအရောင်သန်းနေလေသည်။

'ခင်က ဇာတ်ပွဲဆို သိပ်ဝါသနာပါတာ၊ ဇာတ်ပွဲတွေ အားလုံးထဲမှာ ဇာတ်ဆရာရဲ့ ဇာတ်ပွဲဆိုရင် မလွတ်တမ်းကြည့်တာပဲ၊ ဩဘဲ့ ဒါထက် ဇာတ်ဆရာကို ခင် တစ်ခု တောင်းပန်ရဦးမယ်၊ ဇာတ်ဆရာ ကူညီနိုင်ပါ့မလားဟင်'

ဒေါ်မေမေခင်က မျက်လုံးကလေးရီရီဖြင့် ဆို၏။ ဇာတ်ဆရာ စိန်အောင်သိန်းသည် ဒေါ်မေမေခင်ကို မော်ရှ်ကြည့်လိုက်သည်။

'ကျွန်တော်တို့ တတ်နိုင်တာဆိုရင်တော့ ကူညီပါမယ် မင်းကြီးကတော်၊ မင်းကြီးကတော်က အမိန့်ရှိပါ'

'တခြားတော့ မဟုတ်ပါဘူး၊ ခင်တို့မြို့က အမျိုးသမီးစာရိတ္တမြှင့်တင်ရေးအသင်းမှာ ခင်က ဥက္ကဋ္ဌလေ။ ဟဲ...ဟဲ အလှူပွဲပေးဖို့တော့ မဟုတ်ပါဘူးနော်၊ ထိတ်လည်း မသွားပါနဲ့၊ အဲဒါ ဇာတ်ဆရာက အသင်းလုပ်ငန်းအတွက် ကူညီပေးဖို့ပါဝဲ'

'ဘယ်လို ကူညီရမှာလဲခင်ဗျာ'

'ဒီလိုလေ ခင်တို့အသင်းရဲ့ လုပ်ငန်းက ပျက်စီးနေတဲ့ အမျိုးသမီးတွေကို ကယ်ဆယ်ဖို့၊ ပြီးတော့ အမျိုးသမီးတွေကို အကျင့်စာရိတ္တမပျက်ပြားအောင် ပညာပေးဖို့၊ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ၊ အို... အကုန်လုံးပေါ့လေ၊ အဲဒီလို အမျိုးသမီးတွေကို ပညာပေးဖို့ ဇာတ်သဘင်ပညာသည်တွေရဲ့ အကူအညီကို ခင် လိုချင်ပါတယ်။ ဇာတ်သဘင်တို့ ရုပ်ရှင်တို့ ဆိုတာ လူတွေကို အသိဉာဏ်ပေးနေတယ် မဟုတ်လား ဇာတ်ဆရာရဲ့၊ ခုဆိုရင် ခင်တို့တိုင်းပြည်မှာ မိန်းကလေးတွေဟာ တစ်စတစ်စ အကျင့်စာရိတ္တပျက်ပြားလာကြတယ်၊ မယ်မြန်မာရွေးပွဲဆိုပြီး လူရှေ့သူရှေ့မှာတက်ပြ၊ လင်ကွာ၊ မယားကွာမှုတွေက တစ်စထက်တစ်စများ၊ ဒီအထဲမှာ ကနဲတော့ပါရဲ့ သူမယား ကိုယ့်မယား၊ သူလင် ကိုယ့်လင် ဖောက်ဖောက်ပြန်ပြန်ဖြစ်တာတွေကလည်း ခုနဲ့ဒေး၊ ဒီအထဲ သတင်းစာတွေကလည်း ဒီလိုသတင်းတွေကို သိပ်အသားပေးနေကြတော့ ကြာရင် ခက်ကုန်ရချည့်ရဲ့လို့တောင် အောက်မေ့မိတယ်'

'ဟုတ်ကဲ့ အမိန့်ရှိပါဦး မင်းကြီးကတော်'

'ဒီလိုပါလေ အဲဒီလို အကျင့်စာရိတ္တတွေ မပျက်ပြားအောင် ဇာတ်ဆရာတို့က တစ်ဖက်တစ်လမ်းကနေပြီး ကူညီဖို့ပါဝဲ'

'ဟုတ်ကဲ့'

'ဥပမာ မိန်းမတွေ အကျင့်စာရိတ္တပျက်လို့ ဘယ်လို ဒုက္ခရောက်ရကြောင်း၊ လင့်ဝတ်ငါးပါး၊ မယားဝတ်ငါးပါး ကျေပွန်အပ်ကြောင်း၊ မိန်းမတို့ ဣန္ဒြေဟာ ဘယ်လောက် အဖိုးထိုက်တန်ကြောင်း စသည်ဖြင့်ပေါ့လေ၊ အဲဒါတွေကို အခြေခံပြီး ထိုးဇာတ်ဖြစ်ဖြစ်၊ နိပါတ်တော်ကလာတဲ့ ဇာတ်တွေ ဖြစ်ဖြစ် ကပြပေးဖို့'

'ဟုတ်ကဲ့၊ နားလည်ပါတယ် မင်းကတော်၊ ဒီလို ဇာတ်မျိုးတွေ နိပါတ်တော်တွေထဲမှာလည်း ရှိပါတယ်။ ဥပမာ မဟာပဒုမဇာတ်တော်တို့၊ အကျင့်စာရိတ္တကောင်းမွန်တဲ့ မိန်းမကောင်း မိန်းမမြတ်တွေဆိုရင်လည်း မဟော်သဓာတို့လို ဇာတ်မျိုးတွေထိုးဇာတ်လုပ်ပြရရင်လည်း ရပါတယ်လေ။ ကျွန်တော်တို့အဖွဲ့မှာလည်း စာရေးဆရာကြီးတွေ ပါပါတယ်'

'အဲ... အဲ ဟုတ်ပြီ၊ ဇာတ်ဆရာကို စောစောကတည်းက ပြောမလို့ဟာ မေ့နေတယ်၊ မဟာပဒုမတို့လို ဇာတ်မျိုးဟာကပြီး သင်ခန်းစာပေးလိုက်ရရင် သိပ်ကောင်းမှာပဲ၊ အမယ် ဇာတ်ထွက်ချိန်တောင် နီးနေပြီ၊ စကားကောင်းနေလိုက်ကြတာ၊ ကဲ ဇာတ်ဆရာနဲ့အတူ ခင်လည်း လိုက်ခဲ့ဦးမယ်လေ၊ နောက်တော့ ဆက်တိုင်ပင်ကြသေးတာပေါ့'

ဒေါ်မေမေခင်သည် စိန်အောင်သိန်းနှင့် ဇာတ်ရုံသို့ လိုက်သွားလေသည်။ ဒေါ်မေမေခင်တွင် မည်မည်ရရ အလုပ်ဟူ၍ ဘာမျှမရှိ။ ဇာတ်ပွဲကြည့်သည့်အလုပ်သာ ရှိလေသည်။ မြို့သို့ စိန်အောင်သိန်းဇာတ်လာတိုင်း ထမင်းဖိတ်မကျွေးဖူးသည့်အခါမရှိ၊ ညတိုင်းလို ထမင်းဖိတ်ခေါ်ကျွေးမွေးသည်သာ ဖြစ်လေသည်။ စိန်အောင်သိန်းမှာလည်း ဒေါ်မေမေခင်တို့အိမ်ရောက်လျှင် စကားကိုဖောင်လောက်အောင်ပြောရင်း အချိန်ကုန်ရသည်။ ပွဲထွက်ခါနီးတော့မှ ဒေါ်မေမေခင်နှင့်အတူ ရုံသို့ ရောက်လာတတ်သည်။

'တို့ဇာတ်ထဲမှာ မင်းကြီးကတော်လိုရုပ်မျိုးသာ မင်းသမီးလုပ်လိုက်ရမယ်ဆိုရင် ဇာတ်ဆရာတို့တော့ ပီတိကိုဖြစ်နေမှာပဲ အဟီးဟီး'

လူပြက် ကြယ်တစ်လုံးက ယိမ်းသမများကို ပြောပြတတ်ပေသည်။ ယိမ်းသမကလေးများသည် ကြော့ရှင်းလှပသော မင်းကြီးကတော် ဒေါ်မေမေခင်ကို ဇာတ်ဆရာ မသိအောင် တိတ်တိတ်ခိုးကြည့်နေတတ်ပေသည်။ ဒေါ်မေမေခင်သည် စိန်အောင်သိန်းနှင့် ရင်းနှီးမှ ကန့်လန့်ကာအတွင်းသို့ ရောက်ပေသည်။ ဟိုခြင်ထောင်ဘေးထွက်ပြီး အိပ်နေတာ နောက်ပိုင်း မင်းသမီး သြဘာကြည်ထင်ပါရဲ့၊ ဟိုနားက ကလေးပွဲ့နေတာ ဇာတ်ဆရာကတော် မသိန်းရွှေမဟုတ်လား။ မသိန်းရွှေသည် အသားဖြူသည်၊ နှာတံကလေးမှာ ပိနေသည်။ သို့ရာတွင် မျက်ကြောဆွဲ၍ မျက်တောင် ခဏခဏ ခတ်တတ်သည်။ သူမျက်လုံးအိမ်မှာ မျက်ခမ်းစပ်စပ်နှင့် ဖြစ်လေသည်။ ယိမ်းသမကလေးနှစ်ယောက်သည် ကြယ်သီးကိစ္စနှင့် တစ်ယောက်တစ်ခွန်း စကားများနေကြ၏။

ဇာတ်ဆရာနှင့် ဒေါ်မေမေခင်တို့ နောက်ပိုင်းသို့ ဝင်လာသောအခါ ရန်ဖြစ်နေသော ကောင်မလေးနှစ်ယောက်သည် တိတ်သွားကြ၏။ သို့သော် ဆီမန်းမန်းသလို တွတ်ထိုးနေကြသည်ကား တစ်ချက်တစ်ချက် ကြားရတုန်းပင်ရှိသေး၏။ ဇာတ်သေတ္တာပေါ်တွင် အိပ်ရာကို ဖြန့်ခင်းပြီး ဒူးနှစ်လုံးကို ဖော်၍ထောင်ကာ ပက်လက်အိပ်ရင်းက ကောင်မလေးနှစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်ကို ရန်တိုက်ပေးနေသော လူပြက်ကြယ်တစ်လုံးသည် ဒူးကို ဖုံးကာ တစ်ဖက်သို့ စောင်း၍ကွေးလိုက်သည်။

ဇာတ်ဆရာ စိန်အောင်သိန်းသည် ဝတ်လာသော စိန်ကတ္တီပါလောင်းကုတ်အင်္ကျီကို ချိတ်တွင်ချိတ်၍ မင်းကြီးကတော်ဘက်သို့ ပတ်လက်ကုလားထိုင်တစ်လုံး ထိုးပေးသည်။ ဒီနေရာမှာ ဇာတ်ဆရာ၏ ဧည့်ကောင်းစောင်ကောင်းများသာ ထိုင်ခွင့်ရလေသည်။ ဒေါ်မေမေခင်သည် ကန့်လန့်ကာနောက်က ရှုခင်းကို တစေ့တစောင်း အကဲခတ်နေ၏။ တချို့မှာ ပိုးလိုးပက်လက် အိပ်နေကြသည်။ အင်္ကျီလဲသူကလဲ၊ ဇာအော်လီအပေါ်ထပ်ဖွပ်လိုက်သည်။ ယောကျ်ားတွေရှေ့မှာဆိုပြီး ဣန္ဒြေလုပ်နေနိုင်တော့ဟန် မတူပေ။ ပြီးတော့ သူတို့တစ်တွေ နေပုထိုင်ပုံမှာလည်း ညစ်ပတ်လွန်းသည်။ ဇာတ်သမားချင်း ပြောသည့်အခါမှာလည်း နည်းနည်းညစ်လွန်းသည်ဟု ထင်သည်။ အမျိုးသမီးဥက္ကဋ္ဌတစ်ယောက်အနေနှင့် စေ့စေ့ပေါက်ပေါက် မြင်တတ်ဟန်တူပေသည်။ ဒီလိုပစ်စလက်ခတ်နေပုံမျိုးနဲ့တော့ ဇာတ်သမားတွေနဲ့ ဇာတ်သမတွေ ဘယ်လောက်များ မှောက်မှောက်မှားမှား ဖြစ်ကုန်ကြလေမလဲ၊ ဇာတ်ဆရာစိတ်ရှုပ်တယ်လို့ ညည်းတာ ဒီလိုဟာတွေကြောင့် ထင်ရဲ့။ ဒေါ်မေမေခင်သည် ဒီလောက်ကြီးသော ဇာတ်အဖွဲ့ကြီးကို အုပ်ချုပ်နေရသည့် ဇာတ်ဆရာကို ကြည့်၍ သနားနေမိ၏။

ထိုနေ့ညမှာ ပဒုမဇာတ်ကို ကပြလေသည်။ အစက ပဒုကုသလကို ကပြရန်ဖြစ်၏။ သို့သော် ဒေါ်မေမေခင်၏ တိုက်တွန်းမှုဖြင့် ဇာတ်ပြောင်း၍ က,ရလေသည်။ စီစဉ်ပြီးသား နောက်ခံကားလိပ်တွေကို ကမန်းကတန်းလဲပစ်ရ၏။ အိပ်ရေးပျက်ဖန်များသဖြင့် ကနေ့ညတစ်ညတော့ ပွဲမကြည့်ဘူးလို့ ဆုံးဖြတ်ထားသော ဒေါ်မေမေခင်မှာ ပဒုမပေါင်တိုဇာတ် ကမည်းဆို၍ အိမ်ပြန်ကာ အဝတ်အစားလဲလာ၏။ ဇာတ်ဆရာသည် ရုံကန်ထရိုက်တာကို ခေါ်၍ မင်းစင်နေရာ လုပ်ပေးရပြန်သည်။

ဒေါ်မေမေခင်သည် အိမ်ဖော်မလေးနှင့် ဒရိုင်ဘာ၏ မိန်းမကိုသာ အဖော်အဖြစ် ခေါ်ခဲ့သည်။ မဟာပဒုမဇာတ်ကို ဒီတစ်ခါကြည့်ရသည်မှာ ခါတိုင်းနှင့်မတူ။ စိန်အောင်သိန်းသည် ဇာတ်ထဲတွင် ဒေါ်မေမေခင်ပြောစေသော အမျိုးသမီးစာရိတ္တမြှင့်တင်ရေးအကြောင်းကို မသိမသာ ဆွဲသွင်းကာ တရားဟောသွားလိုက်သေး၏။ ပေါင်တိုလုပ်သော လူပြက်ကိုကြယ်တစ်လုံးပင်လျှင် မယ်ရွေးပွဲတွေကို ကလော်သွား၏။ ပြည့်ရှင်ဘုရင်ဖြစ်သော မဟာပဒုမ၏ အလှူမင်္ဂလာမို့ ပွဲတော်ကျ သွားတောင်းခိုင်း၍ မင်းသမီးက မသွားပါရစေနဲ့ဟု အတန်တန် တောင်းပန်သည့်အခန်းတွင် 'တယ် ဒီမိန်းမ ယောကျ်ားခိုင်းတာ မလုပ်ရင် အမျိုးသမီးစာရိတ္တမြှင့်တင်ရေးအဖွဲ့ သွားတိုင်လိုက်ရမလား' ဟု ပြက်လုံးထုတ်သွားခဲ့သေး၏။

ထိုပြင် ထိုညက စိန်အောင်သိန်းမှာ ခါတိုင်း စိန်အောင်သိန်းနှင့်မတူ အထူးတလည် ကြိုးစားရှာသည်။ ညီတော်ခြောက်ပါးက နောက်ကလိုက်၍ မိဖုရားနှင့် ထွက်ပြေးရပုံ၊ မိဖုရား ရေကြည်တော်ပြတ်၍ လက်မောင်းသွေးကို ဖောက်တိုက်ပုံ၊ သစ္စာမဲ့သော မိဖုရားက ချောက်ကမ်းပါးမှ တွန်းချသဖြင့် သတိမေ့နေပြီး သတိပြန်လည်လာစဉ် မိဖုရားကို တမ်းတပုံ၊ အလှူမင်္ဂလာအပေးတွင် ထဘီပေါက်နှင့် ခွက်ထိုးခံသော သူကောင်းစားယောင်ဆောင်သည့် မိဖုရားကိုမြင်လိုက်သောအခါ ငိုချင်းချပုံ၊ ဇရပ်ပေါ်တွင် သေငယ်ဇောနှင့် မြောနေသော မိဖုရားဘေးတွင် မြည်တမ်းနေပုံတို့ကို ကြည့်၍ မျက်ရည်တွေ ကျလာပေသည်။ ဒေါ်မေမေခင်သည် မိုးစင်စင်လင်းသည်အထိ ကြည့်ပြီး ပတ်စာခွာ ဖျာသိမ်းတော့မှ မျက်လုံး ခပ်ဖန်ဖန်ဖြင့် ဇာတ်စင်နောက်ဘေးသို့ဝင်၍ ဇာတ်ဆရာကို နှုတ်ဆက်သည်။

သူမျက်လုံးများသည် ရွှေသွားတစ်ချောင်းပေါ်လာသော ဇာတ်ဆရာကိုမြင်သောအခါ တောက်ပလာကြ၏။ စောစောက အိပ်ချင်စိတ်တွေ မရှိတော့ပေ။ ဒီတုန်းက ဇာတ်ဆရာမှာလည်း ဒေါ်မေမေခင်ကို မြင်လိုက်ရသဖြင့် နောက်ပိုင်းဇာတ်တွင် ပင်ပန်းခဲ့ရသမျှတွေမှာ ပျောက်ပျက်သွားသည်ဟု ထင်ရ၏။

ထိုနေ့ညနေတွင် မင်းကြီးကတော်၏ ကားကြီးသည် ဇာတ်ရုံရှေ့သို့ ရပ်လာ၏။ ကားဒရိုင်ဘာသည် ဇာတ်ဆရာကို စာတစ်စောင်လာပေးသည်။

ဇာတ်ဆရာ

ခင်လည်း အိပ်ရေးပျက်တာများလို့ ကောင်းကောင်းနေမကောင်းဘူး။ အိမ်မှာ မင်းကြီးလည်း မရှိဘူး။ လူသတ်မှုဖြစ်တဲ့နေရာကို သွားကြည့်ရတယ်။ နှစ်ရက်လောက် ကြာမယ်၊ ခုည ခင်တို့အိမ်မှာပဲ ထမင်းစားဖို့ အခေါ်လွှတ်လိုက်တယ်။

စိန်အောင်သိန်း ဘရန်ဒီကို နှစ်ခွက်ဆင့်၍ သောက်ပြီး 'ဒီနေ့ည နောက်ပိုင်းဇာတ်အတွက် ပဒုကုသလ မကတော့ဘူးကိုကြယ်တစ်လုံးရေ့၊ ဆင်ကဲဖို့မယ် ဇာတ်ပဲ ကမယ်လို့ ကြေညာထားပါ' ဟု ဆိုကာ ကားပေါ်တွင် ပါသွားလေသည်။

လူပြက်ကိုကြယ်တစ်လုံးသည် ဇာတ်ဆရာကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ပေသည်။ အရင်တစ်ခေါက်ကတည်းက ဇာတ်ဆရာသည် မင်းကြီးကတော် အိမ်မှာပင် ဝင်ထွက်စားသောက်နေခဲ့ဖူးသည်။ ခုတစ်ခေါက်တော့ ဇာတ်ဆရာသည် ဇာတ်ထွက်ချိန်နီးမှသာ မင်းကြီးကတော်၏ အိမ်မှ ပြန်လာသည်ကို တွေ့ရ၏။

'တို့ဆရာပဲ ဆေးမိသလား၊ မင်းကြီးကတော်ပဲ ဆေးမိသလားတော့ မသိဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ'

ကိုကြယ်တစ်လုံးက ယိမ်းသမများကို ပြောပြလေသည်။ သို့သော် ထိုညက ပဒုမမင်းသားသည် ပေါင်တိုဘဝသို့ ရောက်သွားသည်ကိုမူ ယိမ်းသမကလေးများ သိကြမည် မထင်ပေ။ ■

မြသန်းတင့်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဒီယောင်္ကျားဖြစ်ချင်း

သူဆောင်နေတာလို့
ပြောရမလား မသိတော့။
သူတို့မှာ ထုပ်ပိုးမိလာတဲ့
အထုပ်အပိုးကို
ရွာမှာ တာဝန်ကျတဲ့
သွားဖွားဆရာမဆီမှာ
အပ်ကြတယ်။ ဆရာမက
တာဝန်မယူချင်တာလား၊
ဒါမှမဟုတ်
တာဝန် မယူရဲတာလား။
သူက မြို့နယ်ဆရာဝန်ကြီးဆီ
ဘောလီဘောပုတ်လိုက်တယ်။
အဲဒီကိုသွားပြတော့
မွေးရတာ ခက်ခဲမယ်
ဆိုပြီး ပြောတယ်။
အသက်ကြီးမှ
ကိုယ်ဝန်ဆောင်တော့
အန္တရာယ်များသတဲ့။
ဒါနဲ့ ဘယ်လိုမွေးရမလဲဆရာ
မေးတော့ ဆရာဝန်ကြီးက
ငါးသလောက်ပြီးလေး
ပြီးလိုက်ပြီး

ခုတလော ရွာထဲမှာ
အရွယ်လွန်တဲ့
အမျိုးသမီးကြီးတွေချည်း
ရွေကြာကုမုဒ်မှာ
အထုပ်တွေ
ပိုက်ပွေ့ထားတာ
အတော်ကို
ထူးဆန်းနေတာကလား။
ဟုတ်တယ်လေ၊
အကုန်အသက်လေးဆယ်နီးနီး
အချို့ဆို လေးဆယ်ကျော်
အရွယ်တွေဖြစ်နေတာ
အတိတ်နိမိတ်
တစ်မျိုးမျိုးလားလို့တောင်
ပြောရမလိုလိုပါဘဲ။
ဒါက သူဟာနဲ့သူ
သူ့သဘောကို

www.burmeseclassic.com

www.burmeseclassic.com

'လွယ်ပါတယ်'တဲ့။ ဒီလိုပါပဲ တန်းစီစောင့်ဆိုင်းနေကြတဲ့ မဗိုက်၊ ဒေါ်ဗိုက်တွေက နည်းမှ မနည်းပါဘဲလား။

အသက်ကြီးတော့ သဘာဝအတိုင်း ဂိုးရိုးတန်းတန်း မွေးရင် အသက်အန္တရာယ် ရှိနိုင်တယ်လို့ဆိုတဲ့ ဆရာဝန်ကြီးစကားကြောင့် မဗိုက်၊ ဒေါ်ဗိုက်တွေဟာ ဆရာဝန်ကြီးလက်ထဲကို ထိုးအပ်ကြရတော့တာကလား။ ခွဲစိတ်မွေးရမယ်ဆိုတော့ ကုသိုလ်ဖြစ်လုပ်ပေးမှာမှ မဟုတ်ဘဲကိုး။ ရွာထဲက ဒေါ်ရွှေမိုဆိုရင်တော့ ကွမ်းတစ်ယာ၊ ဆေးတစ်လိပ်နဲ့ ရနိုင်တာပေါ့လေ။ အခုတော့ ဆရာဝန်ကြီးနဲ့ သူရဲ့ရွှေတော်အတွက်ပါ ပူဇော်ကန်တော့ရမှာလေ။ တစ်ယောက်ကို ဖွားမြင်ပေးတဲ့အခါ ရေတစ်ပုံးခွဲလောက် လောင်းမှတဲ့။ ဒါနဲ့ပြီးရောလားဆိုတော့ ဘယ်ဟုတ်မှာတုံး။ ဖွားတော်မမြင်ခင် ကြိုတင်ပြီး ဆေးရုံတက်နေရတာရှိသေးတာကလား။ ဒီမှာလည်း ရေတွေ ပုလင်းလိုက် ပုလင်းလိုက် ဟောတစ်ပုလင်း ဟောတစ်ပုလင်းနဲ့။ ဒီမှာ စားသောက်စရိတ်တွေလည်း ရှိသေးပါသကော။ နောက် သွားလာစရိတ်၊ မုန့်ပဲသရေစာ စတာစတာတွေ ပေါင်းလိုက်ရင် ဒီမှာလည်း နည်းမှမနည်းဘဲကိုး။ ရှိတာ၊ မရှိတာ အသာထား၊ ဒီအတွက်ရအောင် ရှာကြရမှာပါပဲ။ ရှေးဆိုရိုးရှိတယ် မဟုတ်ပေဘူးလား။ ယောကျ်ားဖောင်စီး၊ မိန်းမမီးနေဆိုတာလေ။ ဒါဟာ ခက်ခဲခြင်း၊ အသက်နဲ့စပ်ခြင်းကိုဆိုလိုကြောင်းကို တင်အေး

တုံးလို့ မဟုတ်ဘူးဟော့ အသက် လေးဆယ် ကျော်လာတော့ မလိုအပ်တော့ဘူး ဆိုပြီး အတွက် လွဲသွားလို့ လေးဆယ်ကျော်မှ ကံပေါ်တာ လေးဆယ်ကျော်မှ ကံပေါ်တာ

မြင့်တစ်ယောက် အစကသဘောမပေါက်ခဲ့ဘူး။ ခုတော့ ရှင်းလင်းစွာ နားလည်သဘောပေါက်ခဲ့ပြီလေ။

တင်အေးမြင့်ဟာ မနုဿတ္တဘာဝေါ ဒုလ္လဘောဆိုတာကို နားမလည်ခဲ့တာ အခုတော့ နားလည်ချင်သလိုလို ဖြစ်လာတယ်။ အရင် နှစ်ယောက်တုန်းက ဘာဒုလ္လဘမှ မဟုတ်ခဲ့လို့ ရယ်ချင်ခဲ့ဖူးတယ်။ သူမှာ ဒီနောက် သတိမပေါ့မဆနဲ့ တားရဆီးရတာ။ ဒီလိုနေနေလာတာ အသက်လေးဆယ်တောင်ကျော်လာခဲ့ပြီလေ။ ဒါနဲ့ နောက်ပိုင်းမှာ

'မလိုအပ်တော့ဘူးလေ'ဆိုပြီး သတိကိုလျှော့ပစ်လိုက်တယ်။ ဒီမှာတင်ပဲ လှစ်ခနဲ မလိုအပ်ဘဲ ဝင်လာတော့တာပါပဲ။ ဒါနဲ့ ဒုလ္လဘဆိုတာ ဘယ်မှာလဲလို့ မေးချင်တဲ့ အချဉ်စိတ်တွေ လည်ချောင်းထဲ ယားကျိယားကျိဖြစ်နေပြန်တယ်။

သူယောကျ်ား ပွကြီးကို ဒီလိုက ဒီလိုလို့ ပြောမိပါတော့ ပွကြီးက-

'နင်တော်တော် သောက်သုံးမကျဘူး၊ နည်းနည်းပါးပါး တားတာဆီးတာလေး မလုပ်တတ်ဘူး'

'ဒီကောင်မက ကမြင်းကြော ထလို့ရတယ် ထင်သလား၊ သူကပဲ မနေနိုင်မထိုင်နိုင်နဲ့၊ ဟင်း...အားအားရှိတိုင်း'

'ဒီက ယောကျ်ားပဲကိုးကွ၊ နင်က အတားအဆီးလေးဘာလေး လုပ်မထားတတ်အောင်တုံးရသဲ့လား'

'တုံးလို့ မဟုတ်ဘူးဟော့ အသက် လေးဆယ်ကျော်လာတော့ မလိုအပ်တော့ဘူးဆိုပြီး အတွက်လွဲသွားလို့ လေးဆယ်ကျော်မှ ကံပေါ်တာ၊ လေးဆယ်ကျော်မှ ကံပေါ်တာ'

တင် မြင့် အေး တစ်ယောက် သူကလေးဘာလေးဆိုတာတော့ သိချင်တယ်။ စစဦး နှစ်ကောင်က မျောက်လောင်းနှစ်ကောင်၊ ထိန်းမနိုင်သိမ်းမနိုင်နဲ့။ မိန်းကလေးပဲလိုချင်တယ်။ မိန်းကလေးဆိုလက်တိုလက်တောင်းခိုင်းလို့ရတယ်။ ယောကျ်ားဆိုတာ ကျားဆိုမှ တကယ့်ကျား။ မိုဘပြောရင် ပြန်ပြန်ပြော၊ ထောက်လှော်ကန့်လန့်လုပ်နဲ့ စိတ်ကုန်တယ်။ အခု အကြီးကောင်က ကိုးတန်း၊ မြို့ကိုပို့ထားရတယ်။ သူ့အတွက် စားစရိတ်ရော၊ ကျောင်းစရိတ်ပါ ရှစ်ပုံး၊ ကိုးပုံး။ သူ့အတွက် မလွယ်။ အငယ်ကောင် အတွက်ကတော့ ရွာက မူလတန်းလွန်ကျောင်းမှာမို့ သိပ်တော့ မထောင်းတာလှသေး။ ဒါပေမဲ့ အစိုးရမှာ ပညာရေးအသုံးစရိတ် မဆိုစကောင်းဆိုကောင်း တိုးသုံးလိုက်လို့ ဘွဲ့ရပြီး မိုတက်ကာ ချောင်ကိုရောက်နေတဲ့ အလုပ်လက်မဲ့ ရက်စွဲလွန် ပညာတတ်တွေကို ဟောတစ်သုတ်၊ ဟောတစ်သုတ် ကျောင်းဆရာ၊ ကျောင်းဆရာမများ ဥဖွဖြစ်စေသတည်း၊ ဖြစ်စေသတည်းလို့ အသုတ်လိုက် အသုတ်လိုက် နေ့စား၊ လရှင်း၊ ဆွဲခနှံ့ပစ်လိုက်လို့ ဆရာ၊ ဆရာမ လက်သစ်တွေ ဖြစ်လာသူတွေက ရွာထဲက ပျိုးနုတ်၊ ကောက်စိုက်သူတွေ လောက်တောင်မှ အဆင်မပြေတော့ သူတို့ပေးလာခဲ့၊ ကမ်းလာခဲ့ရတဲ့ဟာတွေကို အငြိုးအတေးဖော်ပြီး အချိန်ပိုတဲ့။ နောက် စာဖတ်ကျောင်းတဲ့။ များတော့သိပ်မများ၊ ကျောင်းသားတစ်ယောက်ကို တစ်လ ၄/၅ ထောင်စီ အခဲ့ပညာရေးသရုပ်ကို ဝီဝီပြင်ပြင် သရုပ်ပါပါ ဖော်ပြကြတယ်။ ဒီအတွက် တင်မြင့်အေးတို့လို ကျောင်းသားမိဘတွေမှာလည်း ယောဆရာ ယိမ်းထဲမှာ ပါဝင်သရုပ်ဆောင်ကြရတော့ကလား။

တကယ်တော့ တင်မြင့်အေးမှာ လယ်ယာမြေနှိုတာလည်း မဆိုစလောက်၊ ကိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာလည်း မစားလောက်။ တင်မြင့် အေးက မိုးမိုး၊ ဆောင်းဆောင်း၊ နွေနွေ ရာသီ မရွေး ငါးပိရောင်းတယ်။ ဒီဟာလေးကြောင့် တင်မြင့် အေးတို့ အသက်ကလေးရှူ ချောင်တာ၊ ပွကြီးကတော့ သစ်ကလေး၊ ဝါးကလေး အရောင်းအဝယ် လုပ်ပါရဲ့။ ဒါပေမဲ့ တစ်ရာသီလုပ်လို့ စာရင်းချုပ်လိုက်တော့ အကြွေးယူတဲ့ ငွေတိုးနဲ့ဆိုတော့ မြတ်လှတယ်ဆိုတာ သိပ်မရှိဘူး။ တင်မြင့် အေးမှာတော့ သူ့အမေ ဒေါ်ပေါက်ပေါက်က သူ့ကို ငယ်ငယ်ကတည်းက လက်ထပ်သင်ပေးထားတဲ့ ငါးပိ အရောင်းအဝယ်လုပ်ငန်းက သူ့မိသားစု အမိုးအကာကို ကောင်းကောင်းမွန်မွန် လုံစေတာကလား။ အခု သူမှာ ဝမ်းရွှေကြာတိုက်မှာ အထုပ်ပိုက်မိတော့ အလုပ်မလုပ်နိုင်ဘူး။ ဒါပေမဲ့ ရှိစေတော့၊ အခု ရလာမှာ ကလေးက ဘာကလေးလို့ သိပ်သိချင်နေတယ်။ ဒါနဲ့ သူများတွေလိုပဲ ဓာတ်မှန်လေး ဘာလေး ရိုက်ကြည့်တယ်။ ဒီမှာတင် ပက်လက်လန် လဲကျတော့မလို့။ အခုဟာလည်း မျောက်လောင်းလေးပါတဲ့လေ။

လူဘဝဆိုတာ လိုတာ မရတဲ့ ဒုက္ခနဲ့ မလွတ်ကင်းနိုင်ပါဘူးဆိုတဲ့ တရားကို သူ့အမေ ဒေါ်ပေါက်ပေါက်ဆီက ကြားနေရလို့ နားဝမှာ မဆံ့တော့ဘူးလေ။ ရှိပါစေတော့ ရတာပဲယူတာ ကောင်းတယ်လို့ သူ့တရားကို သူ ချတယ်။ ကောင်းတယ်၊ ဒါမှ ရှင်ဒကာ၊ ရှင်အမ တဝကြီး ခံယူကြရမှာလေဆိုတဲ့ ယောနိသောမနသိကာရစိတ်ကို မွေးလိုက်တယ်။ မြင့်သန်းတို့မှာ ရှင်ပြုချင်လို့ သူများသားသမီးကို ယူပြုရတာနဲ့စာရင် ကိုယ့်ရင်နှစ်သည်းချာ သား ပုတ္တရတနာကို ရှစ်ပါးပရိက္ခရာစုံလင်စွာနဲ့ ဘာညာပါတဲ့ဖိတ်စာကို အားရပါးရ ရေးသားနိုင်တာပေါ့လေဆိုပြီး ဝမ်းသာဝိတိဖြစ်လိုက်တယ်ဆိုပါတော့။

ကလေးမေ၂က် လောင်းဆိုတော့ နေ့ကောင်းရက်သာမွေးတာမှ အဆင်ပြေမှာလေ။ ဒါနဲ့ ရွာက ဆရာကြီး ဆီသွားပြီး ရက်ကောင်းနေ့သာ ရွေးတယ်။ ဆေးရုံမှာ ခွဲစိတ်မွေးမယ်ဆိုတော့ လိုချင်တဲ့ရက်ကို ရွေးလို့ရသတဲ့။ ဒါနဲ့ ဆရာဝန်ဆီသွား၊ အဲဒီမှာ ညှိတယ်။ နောက်အပတ် လောက်ဆို မွေးလို့ရပြီတဲ့။ ဒါနဲ့ ရွာကို ပြန်လာ၊ ရွာက ဆရာကြီးနဲ့ တွက်ချက်တယ်။ အင်္ဂါနေ့ဆိုရင် အစ်ကိုနှစ်ယောက်နဲ့လည်း တည့်မယ်၊ မိဘနဲ့လည်း တည့်မယ်တဲ့။ ဒီနှစ် ကောဇာမဟာဘုတ်က အင်္ဂါအထွန်းတဲ့။ နာမက္ခရတိုင်အရလည်း အင်္ဂါတိုင်ထိပ်မှာတဲ့။ ကိုင်ရိုနည်းနဲ့ ၃/၁၂/၂၁ ရက်တွေဟာ ရွေးသင့်တာလို့ ဆိုပြန်တယ်။ ဒီအပတ်မှာ ၃ ရက် မရတော့ဘူး။ ၁၂ ရက်နေ့ မနက် အင်္ဂါကို ရွေးပေးလိုက်တယ်။ ဒါနဲ့ မြို့ကို ၁၀ ရက်နေ့ သွားတယ်။ ဆေးရုံမှာ နေရတာ မကောင်းလို့ အစ်ကိုအိမ်မှာ စခန်းချနေလိုက်တယ်။ ၁၂ ရက် မနက်ကျမှ ဆေးရုံတက် မွေးမယ်ပေါ့။

တင်မြင့်အေးမှာ အရင် ကလေးနှစ်ယောက်တုန်းက သူများတွေ အော်ညည်းသံ နာနာနိုးထိ ကြားလောက်ပေမပေါ့။ ဒါကို ကိုယ်ကလည်း တွေးတွေးကြောက်နေတယ်။ တစ်နေ့ ငရုတ်သီး စားမိလို့ ဗိုက်နာတာကို ဗိုက်နာတယ်လို့ ညည်းမိတာနဲ့ အမေတို့၊ အစ်မတို့က ပျာယာခတ်ပြီး မွေးဖွားဖို့ လက်သည်ခေါ်၊ ဘာညာကွ ကွလုပ်ကြကိုင်ကြတယ်။ တကယ်တော့ ကမ္မဇလေ လှုပ်လို့မှ မဟုတ်တာကို နောက်မှ သိရတယ်။ ဒါကလည်း ရွာမှာ ဆိုရိုးစကားတစ်ခု ဖြစ်လာခဲ့တဲ့ အထိပါပဲ။ တချို့များ မွေးရတာ ငရဲမင်းကြီး ရောက်လာပြီး ညှဉ်းဆဲနေသလား ထင်ရတယ်။

ရွာက မရင်လှ အကြောင်းကို တွေးမိတယ်။ သူခမျာ သေကောင်ပေါင်းလဲပါပဲ။ သူက ပုတော့ ဒီပုတာကလည်း မွေးသူကို နှိပ်စက်ပါသတဲ့။ မရင်လှဟာ တောမှာ နေနေတာ။ သူများခြံမှာ ခြစောင့်နေနေတာလေ။ ဆေးရုံဆေးခန်းဆိုတာ သူတို့နဲ့က ပြဒါးတစ်လမ်း၊ သံတစ်လမ်း ရယ်ပေါ့။ မမွေးနိုင်ဘဲ အော်နေတာ အသံက ကောင်းကင်မှာ။ အာဝေနိကဒုက္ခဆိုတာ ဒါပါပဲလားလို့ မရင်လှကို ရွာလူတွေ သွားရောက်ကြည့်ရှုကြတယ်။ ဒီမှာ တစ်ယောက်က-

'ဟဲ့ သတိရပြီ၊ ဟို၊ ဟိုဟာလေ၊ ဘာတဲ့ အရေးထဲမှေနေပြန်ပြီ၊ လက်ညှိုးလေလက်ညှိုး'

'ညည်းဟာကဟယ် ဘာမှန်းလဲ မသိဘူး'

'ဟိုဒင်းလေ လက်ညှိုးဖြတ်တာ၊ ဘယ်သူလဲ၊ အဲဒါ'

'ဟိန္ဒကပါဟဲ့၊ အေးဟုတ်ပြီ ဟုတ်ပြီ သတိရပြီ၊ အဲဒါ အဂုံလိမာလကိုယ်တော်မြတ်က ကိုယ်ဝန်ဆောင်တွေ မမွေးနိုင်ရင် မွေးဖွားစေနိုင်တဲ့ အင်္ဂုလိမာလသုတ်ပရိတ်တော်ကို ရွတ်ဖတ်ရင် ကလေး မျက်နှာမမြင်နိုင်တာ မျက်နှာမြင်နိုင်သတဲ့'

ဒီမှာတစ်ယောက်က 'ဒါဆို ဆရာဝန်တို့ ဘာတို့ မလိုတော့ဘူးပေါ့'လို့ ခနဲ့တဲ့တဲ့ပြောတယ်။

'ဒီမှာ ယုံတာ မယုံတာ လာလာမပြောနဲ့၊ လုပ်သင့်တာ လုပ်တာ မမှားဘူး။ ကျွန်မသား ဘုန်းကြီးကျောင်းမှာနေတဲ့ကောင် ပြောတယ်။ ကျောင်းမှာ ခွေးမ၊ ကြောင်မတွေ သားမပေါက်နိုင်ရင် အဲဒီစာကို ရွတ်ကြသတဲ့'

'ရွတ် ရင် သေရော မဟုတ်လား'

'နင် မယုံလဲနေ၊ ခုဟာက သေရေးရှင်ရေးကိစ္စ'

ဒါနဲ့ တစ်ယောက်က ဘုန်းကြီးကျောင်းကိုသွား။ ဆရာတော်ဆီ လျှောက်တယ်။ ဆရာတော်က ကိုရင်လေး တစ်ပါးနဲ့ ကျောင်းသားလေး တွေကိုထည့်ပေးလိုက်တယ်။ ကလေးတွေက ဆရာတော် သင်ထားတဲ့အတိုင်း ဌာန်ကရိုဏ်းကျကျရွတ်ကြတယ်။ ဘယ်နှခေါက်လို့ မသိတော့။ ဒီလိုရွတ်ရင်း ရွတ်ရင်းမှာ မရင်လှဟာ သားချောတေးဆိုသိပ်သလို ငြိမ်ကျသွားတယ်။ ဘေးနားမှာရှိနေတဲ့ လက်သည် ဒေါ်ရွှေမိက 'ကိုရင်လေး တော်ပြီတော်ပြီ ပြန်ကြလို့ ရပြီ'လို့ ကိုရင်

www.burmeseclassic.com

လေးနဲ့ သူတို့အုပ်စု ကျောင်းကို မရောက်ခင်လေးမှာတင် မရင်လှ ဖိုက်ထဲက ကလေးအုပ်လို့ ကြွေးကြော်ပြီး လူလောကကြီးကို အလိုမကျစွာနဲ့ လူသားတစ်ယောက် ဝင်ရောက်လာခဲ့တော့တယ်။ ဒါလည်း ရွာထဲမှာ ပြောစမှတ် စကားတစ်ခု ဖြစ်နေဆဲ။

နောက် နှင်းနုအေးတို့များ ကလေးမွေးတာ ၄ က် ပျောသီး အခွံန္ဓာသလောက်တောင် မခက်ခဲဘူးလေ။ ညအိပ်နေရင်း တပိုတပါး သွားချင်လို့ အိမ်အောက်ကိုဆင်း၊ သွားမယ်အလုပ်မှာ ကလေးက ထွက်ကျလာရော။ ဒါနဲ့ ရွာက ပုရောဟိတ်တွေက 'အမှိုက်ပုံ'လို့ ကလေးကို အမည်သညာ ခေါ်စရာပြုလိုက်ကြတယ်။ နှင်းနုအေးတို့အတွက် အာဝေနိကဒုက္ခ ဆိုတာ ချိုနဲ့လား မေးရမလို။

ခု တင်အေးမြင့်တစ်ယောက် အဲဒါတွေကို သတိရတယ်။ သူကိုယ်တိုင်လည်း သားဦးဘဝကိုဖြတ်သန်းတုန်းက ကြုံခဲ့ဆုံခဲ့ရဖူးပြီလေ။ အကြီးကောင် သူရကျော်ထင်တုန်းက နှင်းနုအေးလို မလွယ်ပေမဲ့ ခက်ခက်ခဲခဲတော့ မဟုတ်ခဲ့ဘူး။ လက်သည်က 'အားနည်းနည်း စိုက်ပေး စိုက်ပေး'လို့ အဲသလို ပြောနေချိန် အားလေး စိုက်တာနဲ့ အောင်မြင်စွာ ပြီးမြောက်သွားတယ်။

ဒုတိယ မျောက်လောင်း သူရပေါ်ထင် ကျတော့လည်း ဘာမှ မခက်ခဲဖူးတဲ့ တင်မြင့်အေးရယ်လေ။

အခု အသက်လေးဆယ်ကျော်မှ တတိယ မျောက်လောင်းရတနာကိုကျတော့မှ ဆရာဝန်က ဗိုက်ခွဲမွေးရမယ်လုပ်ရော။ သူတို့ရွာက သူနဲ့ ရွယ်တူ၊ သူလောက်မကြီးသူတွေကလည်း မြို့က ဆေးရုံကို သွားပြကြရတယ်။ ရွာက ဆရာမက ဆရာဝန် ဆီလွှဲလိုက်တော့ ဆရာဝန်က စေတနာဗရပွနဲ့ ဗိုက်တစ်လုံးကို ရေတစ်ပုံးခွဲလောက် လောင်းကြရတယ်။

မည်သူအေးသမီးလေးက သူ့အမေနဲ့ ပါသွားတာကိုး။ ဒါနဲ့ သူ တွေ့ခဲ့ရတာကို ပြောပြတယ်။ ခွဲတာ ငါးမိနစ်တောင်မှ မကြာပါဘူးတဲ့။ ဒီလိုပဲ တစ်နေ့တစ်နေ့ကို တစ်ဆယ်၊ နှစ်ဆယ်ထိ ခွဲသတဲ့။ ဒီလောက်တောင် လွယ်တဲ့ကိစ္စကို တစ်သိန်းခွဲတောင်တောင်းတာကတော့ များလွန်းသလားလို့ တင်မြင့်အေး တစ်ယောက် ကုန်သည်တွက်တွက်နေမိတယ်။ တစ်ယောက်ကို တစ်သိန်းခွဲ၊ တစ်နေ့ အယောက်နှစ်ဆယ်။ ဟာ မလွယ်ပါလား၊ တစ်လကို ရက်ပေါင်းသုံးဆယ်၊ အဟယ် နည်းလားလို့။

သူ့သားအကြီးကောင် သူရကျော်ထင်ကို ဖြစ်ဖြစ်၊ အငယ်ကောင် သူရပေါ်ထင်ကို ဖြစ်ဖြစ် ဆရာဝန်ဖြစ်အောင် လုပ်ပေးရမယ်ဆိုတဲ့ ကောင်းမြတ်တဲ့ စိတ်ထား မနသီကလေး တင်မြင့်အေးမှာ ဖြစ်လာခဲ့တယ်။ ဒါမှ ပဒေသာပင် ပေါက်မယ်လေ။ အကြီးကောင် နှစ်ကောင် ဆရာဝန် မဖြစ်တောင်မှ ဗိုက်ထဲက အငယ်ဆုံးကောင်တော့ ဖြစ်အောင်လုပ်မယ်လို့ တင်မြင့်အေး ပိုင်းဖြတ်ထားလိုက်တယ်။

၁၂ ရက်နေ့ ဆေးရုံတက် ဗိုက်ခွဲမွေးရမယ်ဆိုတော့ 'အမယ်လေး မတော်လို့များ...' ဆိုတဲ့ ထွေးကြောက်စိတ်တွေ ကျောထဲစိမ့်ဝင်လာလို့ ကြက်သီးမွေးညင်းတွေထ၊ မိပါပေါ့လား။ 'ဟာ ကြောက်စရာမှ မဟုတ်တာ၊ သူများတွေလည်း ခွဲမွေးနေကြတာပဲ။ ဘာမှ မဖြစ်ပါလား'လို့ ကိုယ့်ဘာသာကိုယ် အားပေးတယ်။ ၁၂ ရက်နေ့ ရက်ချိန်းမို့လို့ မြို့က အစ်ကို့အိမ်မှာ တည်းခို၊ ၁၂ ရက်နေ့ မနက်စောစော ဆေးရုံကို သွား၊ အခွဲခံလိုက်ရုံပဲ။

အဲသလိုပဲ စိတ်လှုပ်ရှားစွာနဲ့ ၁၂ ရက်ကို ဆောင့်တယ်။ ၁၁ ရက်နေ့ ညကြီးမင်းကြီးမှာ တင်မြင့်အေး တစ်မျိုးတစ်မည်ဖြစ်လာတယ်။ ဗိုက်ကရစ်တစ်တစ်နဲ့။ အဖော်ခေါ်လာတဲ့ညီမ ခင်မြင့်အေးကို 'ခင်မြင့်အေး ထပါဦး'လို့ နှိုး တယ်။ 'အအိပ်ပုပ်တာကလည်း လွန်ပါရော'လို့ စိတ်ထဲက ပြောပြီး ထပ်နှိုးတယ်။ ဒီတော့မှ အင့်...နဲ့ အသံပြုပြီး နိုးလာတယ်။

'ဘာလဲ အစ်မ'

'ငါ ဗိုက်က ရစ်တစ်တစ်ဖြစ်နေလို့'

'ဟိုးတစ်ခါကလို ငရုတ်သီးစားလို့ နာတာများလားမှ မသိတာ အစ်မကလည်း ဒါများ'

'ခင်မြင့် နင် တော်တော် လျှာရှည်တယ်'

'ဒါဆို ခင်မြင့် ဘာလုပ်ပေးရမလဲပြော၊ အစ်မမှာ ၁၂ ရက်နေ့ မနက်မှ ဆို၊ ခု ၁၀ ရက်ပဲ ရှိသေးတာ'

'အစ်ကို့ကို နှိုးလိုက်ပါလား'

ခင်မြင့်အေး အစ်ကို့ကို နှိုးတယ်။

အစ်ကိုက နိုးလာတယ်။ ဆေးရုံသွားရမယ်ဆိုပြီးတော့ ဆိုက်ကားရှာ၊ ဆိုင်ကယ်သုံးဘီးရှာနဲ့ အချိန်ကုန်ရော။ ဒီမှာ တင်မြင့်အေး အခြေအနေက မဟန်တော့ တာနဲ့ အိမ်မှာရှိတဲ့ ယောက်မလုပ်သူကို အကျီးအကြောင်းပြော၊ နေရာတွေဘာတွေ လုပ်လို့ ပြီးတောင် မပြီးခင်မှာတင် 'အူဝဲ... အူဝဲ'အသံက တိတ်ဆိတ်တဲ့ညအမှောင်ကို ဖြိုခွင်းပစ်လိုက်လေရော။

ဆေးရုံမရောက် ဘာမရောက်နဲ့ သူများအိမ်မှာ ညကြီးမင်းကြီး အောင်မြင်စွာ ဖွားမြင်လိုက်တယ်။ မိခင်ရော ကလေးပါ ကျန်းကျန်းမာမာ လန်းလန်းဆန်းဆန်းပါပဲ။

တင်မြင့်အေးတစ်ယောက် ထုပ်ပိုးထမ်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးနှစ်ထုပ် ပခုံးပေါ်ကကျသွားတာကြောင့် ပေါ့ပါးသွားတယ်။ တစ်ထုပ်က ခက်ခက်ခဲခဲ ခွဲစိတ်မွေးရမှာကို လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ မွေးလိုက်နိုင်တာရယ်၊ နောက်တစ်ခုက ဆရာဝန်ကြီးကို လောင်းပေးရမယ့် ရေတစ်ပုံးခွဲရယ်ကို လောင်းပေးစရာ မလိုလိုက်ဘဲ သက်သာသွားတာရယ်ကြောင့် ဆိုပါတော့။ ဆရာဝန်ကြီးဟာ လွယ်လွယ်ကူကူ မွေးမယ်ဆိုတာ မသိလို့လား၊ ဒါမှမဟုတ် သိသိနဲ့များ...အင်း...တင်မြင့်အေးတစ်ယောက်ကို စဉ်းစားမရ ဖြစ်နေလေရော့ရဲ့။

■ အယ်ကော်

www.burmeseclassic.com

www.burmeseclassic.com

မြင်းမိုရ်သီတဲ့ကြိုး

မျူးဆက်ပိုင်၊ ရွှေတောင်၊

ကျွန်တော်ရေးသည့် ပထမဦးဆုံးစာမူ
မဂ္ဂဇင်းထဲ ပါလာ၍ စာရေးဆရာ
ဖြစ်ပြီဆိုတော့ အပျော်ဆုံးလူသားသည်
အမေဖြစ်မည် ထင်ပါသည်။
ဝတ္ထုတိုလေးကို အပြန်ပြန်အလှန်လှန်
ဖတ်လို့မဆုံး၊ ချီးမွမ်းလို့မဆုံး ရှိနေခဲ့၏။
အိမ်ကို လာလည်သည့်သူတိုင်းကို
မှတ်မှတ်ရရထုတ်ပြ၍
'သား ရေးထားတဲ့ဝတ္ထုလေးလေ
ဖတ်ကြည့်စမ်းပါဦး' ဆိုကာ
ဇွတ်ပင် ကြွားတတ်သေး၏။
လာလည်သည့်ဧည့်သည်မှာ
ဖတ်ချင်လည်း ဖတ်ရု၊
မဖတ်ချင်လည်း ဖတ်ရန့်
ရှိတတ်သည်။ ဝတ္ထုတိုလေးများ
အပုဒ်ရေနည်းနည်းများလာသည့်အခါ
လက်ဆောင်ရရှိသော
မဂ္ဂဇင်းစာအုပ်ကလေးတွေလည်း
များလာသည်။ ထိုစာအုပ်များကို
အမေက တယုတယသိမ်းထား
ပေးတတ်ပြန်သည်။ ဘယ်သူဘယ်ဝါ
ငှားသည်ဆိုလျှင်လည်း ငှားသည့်သူကို
သေချာမှတ်သားထားတတ်ပြီး
တစ်ပတ်မျှကြာသည်နှင့် သတိပေး
စကားဆို၍ ပြန်တောင်းတတ်သည်။
ကျွန်တော် ရေး၍ မဂ္ဂဇင်းထဲ
ဖော်ပြခံရသည့်ဝတ္ထုတို
အပုဒ်တိုင်းကို အမေ သုံးလေး
ခေါက်ထက်မနည်း အပြန်ပြန်
အလှန်လှန် ဖတ်ဖူးသည်ချည်းဖြစ်၏။
ကျွန်တော်က အမေ့ကို စ,ချင်လျှင်...
'အမေ၊ ကျွန်တော့်ဝတ္ထုလေး
ကောင်းရဲ့လားဟင်'

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'ကောင်းတာပေါ့၊ ငါ့သား ရေးတာပဲဟာ ကောင်းတယ်'

'ဟင် အမေကလည်း ဘယ်လိုကြောင့် ဘယ်လို ကောင်းတယ်ဆိုတာပါ ထည့်ပြောမှပေါ့ ဗျ'

ထိုအခါ အမေသည် ကျွန်တော့်ကို တည်တည်စူးစူးကြီး ကြည့်ပြီး...

'အို...ကောင်းလို့သာ အယ်ဒီတာဆိုတဲ့ လူကြီးက ထည့်ပေးတာပေါ့။ ဘယ်လို ကောင်းလဲ မပြောတတ်မှန်း သိလျက်နဲ့'

အမေ့အပြောကို စပ်ဖြဲဖြဲမျက်နှာပေးဖြင့် ကျွန်တော် သဘောကျနေမှန်းသိတော့ အမေက တစ်ခွန်းတည်း 'ခွေးကောင်လေး' တဲ့။

မိဘမေတ္တာဖွဲ့၊ မိသားစုမေတ္တာဖွဲ့လိုမျိုး ဝတ္ထုတိုလေးများကိုတော့ အမေ ကောင်းစွာ ခံစားနားလည်တတ်သည်။ မြွှုပ်ကွက်များနှင့် သွယ်ဝိုက်၍ရေးသော နိမိတ်ပုံဝတ္ထုများကိုတော့ အမေ နားလည်နိုင်စွမ်း မရှိပါ။ သို့သော် ထိုဝတ္ထုမျိုးပါလာ၍ အမေ ပထမဆုံး အကြိမ်ဖတ်သည့်အခါ...

'ကောင်းလိုက်တာ သားရယ်...မင်းမို့ ဒီလိုမျိုး ရေးတတ်တယ်။ အမေတောင် နားမလည်ဘူး'

ကြည့်...အမေပြောပုံက ကျွန်တော့်ကို ရွဲ့နေသလိုလို။ ဒါပေမဲ့ အမေ့ပုံဟန်က အတည်ကြီးပြောနေတာ ဖြစ်သည်။

'ခင်ဗျားကဗျာကို နားကို မလည်ဘူးဗျာ' လို့ ပြောသည့် စာဖတ်ပရိသတ်ကို ကဗျာဆရာက ဝမ်းသာအားရထ၍ လက်ဆွဲနှုတ်ဆက်ပြီး

'ကျေးဇူးပါဗျာ၊ နားမလည်လေ ခေတ်ပေါ်ကဗျာက တန်ဖိုးရှိလေပဲ' ဆိုသည့် စာတစ်ပိုဒ်ထဲကလို ကျွန်တော် အမေ့ကို လက်ဆွဲနှုတ်ဆက်ရတော့ မလိုပါဘဲ။

'အမေရယ် တွေ့တဲ့သူတိုင်းကို ငါ့သားက စာရေးဆရာ၊ ငါ့သားက စာရေးဆရာလို့ မပြောပါနဲ့လား။ ကျွန်တော်ကိုယ်တိုင်တောင် ကိုယ့်ကိုယ်ကို စာရေးဆရာဖြစ်ပြီလား၊ မဖြစ်သေးဘူးလား ဝေခွဲမရသေးတာ ရှက်ဖို့ကောင်းပါတယ် အမေရာ၊ မပြောပါနဲ့'

ကျွန်တော် ထိုသို့တားသည်နှင့် အမေသည် မျက်လုံးကြီး ပြူး၊ ပါးစပ်ကြီး အဟောင်းသား ဖွင့်လျက် ဒေါသမျက်နှာဖြင့် မျက်စောင်းခိုင်းခနဲ ထိုးကာ-

'အလိုတော်...စာရေးတာ စာအုပ်ထဲ ပါလာလို့ စာရေးဆရာဖြစ်ပြီ ပြောတာ၊ မင်းက ဘာရှက်စရာလိုတုံး။ ဘာကို စာရေးဆရာ မဖြစ်သတုံး။ တကတဲ မင်းဟာက မဟုတ်သေးပါဘူး'

ကျွန်တော် အမေ့ကို ဘယ်လိုပြန်ရှင်းပြရမည်မှန်း မသိ။ ရှင်းလည်း မရှင်းပြတတ်။ နောက်ပိုင်းတော့ အမေ့ကို မတားမိတော့။ ထို့သို့ ကျွန်တော် စာရေးဆရာဖြစ်သည်ကို ကြွားတတ်သော အမေသည် တစ်ကြိမ်တွင်တော့ စိတ်ဆိုးဒေါသထွက် စရာတစ်ခုနှင့် ကြုံတွေ့လိုက်ရသည်။

အမေ့မွေးရပ်ဇာတိဖြစ်သော ရွာမှ ဆွေမျိုးပေါက်ဖော်များ မြို့ကို အလည်ရောက်ခိုက် ထုံးစံအတိုင်း အမေက ကျွန်တော် စာရေးဆရာဖြစ်နေကြောင်း ထုတ်ကြွားသည်။ ဆွေမျိုးများကလည်း အမေ့ရှေ့တွင် ဝမ်းသာအားရအမူအရာများနှင့် ရွာအကြောင်းကို ထည့်ရေးထားသည့် စာမူပါစာအုပ်ကို ငှားသည်။ ရွာမှ အခြားအခြားသော ဆွေမျိုးများကိုလည်း ပြကြည့်ချင်သည်ဟု ပြောလာသည်။

ဘာပြောကောင်းမည်နည်း။ ဂုဏ်ယူဝင့်ကြွားဟန် အပြည့်ကြီးဖြင့် အမေ သဘောခွေကာ ဝမ်းပန်းတသာ ပေးလိုက်သည်။ တစ်လကြာတော့လည်း စာအုပ်က ပြန်ရောက်မလာ။ နှစ်လကြာတော့လည်း စာအုပ်က ရောက်မလာ။ အမေ နေ့စဉ်လည်ပင်းတရှည်ရှည်ဖြစ်နေတော့သည်။ လူကြုံရှိလျှင် လူကြုံကို တတွတ်တွတ်မှာသည်။ ရွာအလှည့် စိုက်ဘဏ်မှာ ချေးငွေထုတ်သည့် နေ့ဆိုလျှင် အမေ ပို၍ မျော်တတ်သည်။ သို့သော် လူရော၊ စာအုပ်ရော ၅ လမျှ ကြာလာသည့်အခါတွင်တော့ အမေ စိတ်မရည်တော့ပါ။ ကျွန်တော့်ကို လိုက်ပို့ခိုင်းပါတော့သည်။ ကျွန်တော် မအားလို့ အမေ့ကို လိုက်မပို့ဖြစ်သေးပါ။ အဲဒီအချိန်မှာပဲ ရွာက သတင်းစကားရောက်လာပါတော့သည်။ စာအုပ်ငှားသွားသည့် အမေ့တူ၏ ဇနီးဖြစ်သူက မီးမွေးပစ်လိုက်ကြောင်း။ အမေ ဆွေဆွေခုန်အောင် ဒေါသဖြစ်၏။ ဘာမဆိုင် ညာမဆိုင် စကားကြီးသယ်လာသူကိုပါ-

'ဟဲ့ လူနံလူအ၊ တွေရဲ့ အဲဒါ ရိုးရိုးစာအုပ်မဟုတ်ဘူး။ ငါ့သား ရေးထားတာပါတဲ့စာအုပ်ဟဲ့။ စာအုပ်တန်ဖိုး နားမလည်တဲ့သူတွေ၊ စာဆိုတာ ဘယ်လောက်အဖိုးတန်လဲ နင်တို့ သိရဲ့လားဟင်၊ ကျဲပါး စောင်းတီးပြမိတာ ငါ့အမှား။ စာဆိုတာ စာဆိုတာ...'

အမေ ဆက်မပြောတတ်တော့။ စာဆိုတာနှင့်တင် တစ်နေသည်။ စကား ဆက်မရတော့။ ကျွန်တော့်ကို လှမ်းကြည့်၏။ စကားစစ်ကု

www.burmeseclassic.com

www.burmeseclassic.com

တောင်းသည့်ဟန်။ ကျွန်ဆော်က ဧည့်သည်ကို မျက်နှာပူလို့ မသိချင်ယောင်ဆောင်ကာ မျက်နှာလွှဲနေလိုက်သည်။ ဒီတော့ အမေက…

'အဲဒီစာအုပ်က အစားထိုးလို့ မရဘူးဟဲ့။ အဲဒီအထဲမှာ *သို့…ဆရာမှူးဆက်ပိုင်* ဆိုတဲ့ အယ်ဒီတာကြီးရဲ့လက်မှတ်ပါတယ် သိရဲ့လား။ ငါ့မှာတာပါ။ ငါကိုက မှားတာဝါ'

အမေ့ကို ကြည့်ပြီး ကျွန်တော် ရယ်ချင်နေမိသည်။ နောက်မှ အမေ့ကို ကျွန်တော်ကပင် ပြန်၍နှစ်သိမ့်ပေးလိုက်ရ၏။

တစ်ခါတလေ အမေက ကျွန်တော့်ကို စိတ်လိုလက်ရ အားပေးစကားပြောနေတတ်ပြန်သေးသည်။ စာမရေးဖြစ်လျှင် ရေးပါဟဲ့၊ ရေးပါဟဲ့နှင့် ကြိမ် တို့တို့ပေးတတ်သည်။

'သားရဲ့ စာရေးဆရာဆိုတာ တစ်နယ်မှာ တစ်ယောက်ရှိတာ မဟုတ်ဘူး။ လမ်းတိုင်း၊ ရပ်ကွက်တိုင်းမှာ အင်ဂျင်နီယာ၊ ဆရာဝန် ရှိချင်ရှိမယ်။ စာရေးဆရာတစ်ယောက်ရှိဖို့ လွယ်တာ မဟုတ်ဘူးလေ'

'အမေ့ကို ဘယ်သူပြောလဲ'

'အဲ ဘယ်သူပြောလဲဆိုတော့…'

အမေက မျက်လုံးလေးဆောင့်ကပ်နေအောင် ခေါင်းမော့ကာ ပြန်စဉ်းစားသည်။ သတိရတော့မှ -

'ခွေးကောင် လေး၊ မင်းပဲ ငါ့ကို ပြောခဲ့တာလေ'

ကျွန်တော် အမေ့ပေါင်ပေါ် ခေါင်းအုံးချပြီး တဟားဟား အော်ရယ်မိသည်။ ဆရာ မင်းလူ စာအုပ်ထဲမှ ဖတ်မိသည့်အကြောင်းအရာလေးအား ကျွန်တော် အမေ့ကို ပြောပြခဲ့ဖူးသည်။ ယခုအမေက ကျွန်တော့်ကို ပြန်၍ လူလည်လုပ်နေခြင်း ဖြစ်၏။ အမေက ရုက်ရုက်ဖြင့် ကျွန်တော့်ပါးကို ဆွဲလိမ်သည်။

❑

မဂ္ဂဇင်းထဲမှာပါသည့် ကျွန်တော့်ဝတ္ထုတိုလေးများကို ထုတ်ဝေသူများက အကြိုက်ချင်းတူခဲ့လျှင် ဝတ္ထုတိုစုစည်းမှု လုံးချင်းစာအုပ်လေးများ ထွက်လာတတ်သည်။ **လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ၊ ခုနစ်လွှာဝတ်ရုံ၊ စိတ်ကူးချိုချို မြန်မာဝတ္ထုတိုများ** စသည်ဖြင့်ပေါ့။ ထိုအခါ စာမူခနှင့်အတူ စာအုပ်များပါ ရရှိတတ်သည်။ ရရှိလာသော စာအုပ်ကလေးများကို အမေက စိမ်ခန့်ခွဲ၍ ဘယ်သူ့ကို ပေးမည်၊ ဘယ်ဝါကို တော့ဖြင့် မဖြစ်မနေ ပေးရမည် စသည်ဖြင့် စိတ်ကူးခဲ့တမ်းချသည့်အခါ ရရှိသော စာအုပ်အရေအတွက်နှင့် ဘယ်တော့မှ တွက်ခြေမကိုက်ဘဲ ပေးရမည့်ဦးရေက များနေတတ်သည်။ ထို့အခါ ပထမဦးစားပေး၊ ဒုတိယဦးစားပေး ခွဲထားလျက် ပေးသည့်အခါ စာအုပ်မရရှိသော ဒုတိယဦးစားပေးများက အမေ့အား ရန်တွေ့ကြသည်။ ဒီလိုရန်ထောင်စကားကိုတော့ အမေက နှစ်လိုဖွယ်အပြုံးဖြင့် တစ်ဖက်သား ကျေအေးအောင် ပြန်ရှင်းပြတတ်သည်။

'ဘယ်လိုမှ မအောက်မေ့ပါနဲ့အေ။ ငါက ညည်းကို ပေးချင်တာပေါ့၊ ညည်းကိုပဲ ပထမဦးဆုံး စဉ်းစားမိတာပါ။ ပြန်တွေးမိတာက ဒီစာအုပ်ထဲမှာပါတဲ့ ငါ့သားရဲ့ ဝတ္ထုက ညည်း ဖတ်ပြီးသားလေ။ ဟိုဟာအေ ကြေးစည်နဲ့ အလှူလုပ်တဲ့ ဇာတ်လမ်းအေ။ ဒါနဲ့ မဖတ်ရသေးတဲ့သူ၊ ပြီးတော့ ညည်းလို စာဖတ်တဲ့သူထက် စာမဖတ်တဲ့သူတွေကို အရင်ဦးစားပေးလိုက်မိတာပါ။ စိတ်ချစမ်းပါ၊ ငါ့သား စာရေးဆရာက ဝတ္ထုတိုစုစည်းမှုစာအုပ်တွေ ထွက်လာဦးမှာပါ။ အများနဲ့မဟုတ်ဘူးနော် ငါ့သားဖာစ်ယောက်တည်း။ အဲဒီအခါ ညည်း ဘယ်နှအုပ်ယူမလဲ ပြော'

အဲဒီလို အမေရယ်ပါ။

ကျွန်တော် ၏စာပေခရီးလမ်းသည် ဘယ်ရွေ့ ဘယ်မျှ ခရီးပေါက်သေးသည် မဟုတ်။ ဥပမာပြရလျှင် လေးဖက် တွားသွားသော အရွယ်မှ ထ၍ လမ်းစမ်းလျှောက်နိုင်သေးသည့် အရွယ်မျှသာ ရှိပါသေးသည်။ ဆရာကြီး၊ ဆရာမကြီးများ၏ စာပေခရီးလမ်းကို လေ့လာမှတ်သားမိသည်နှင့် အတူ ကျွန်တော်သည် စာပေဝါသနာရှင် အဆင့်မျှသာ ရှိသေးကြောင်း မိမိကိုယ် မိမိတော့ သုံးသပ်မိပါသည်။

အမေ့ အတွက်တော့ ကျွန်တော်သည် စာရေးဆရာကြီး ဖြစ်နေသည်။ နိုင်ငံကျော်ရုံတင် မဟုတ်ဘဲ ကမ္ဘာပါ ကျော်နေသည့် စာရေးဆရာကြီးဟု တွေးထင်နေမည်လားမပြောတတ်။ ပထမတော့ ရုက်စိတ်ဖြင့် အမေနှုတ်ဖွာသည်ကို ကျွန်တော် တားမိသေးသည်။ အမေ့စိတ်၊ အမေ့ခံစားချက်နှင့် သားသမီး အပေါ်ထားသည့် မေတ္တာကို နားလည်လာမိသည်နှင့်အတူ ကျွန်တော် အမေ့စိတ်ရှိသည့် အတိုင်း လိုက်လျောပေးမိပါတော့သည်။

'သားရဲ့ ဝိတောက်တန်း လမ်းထဲက ကျောင်းဆရာ ကိုကျော်နိုင်ကို စာအုပ်ပေးမလို့လေ၊ အဲဒါ သားလက်မှတ် ထိုးပေးဦး'

'ဟာ… အမေရယ်၊ ဒီအတိုင်း ပေးလိုက်ပါတော့လား။ ဆရာ့ကို ပေးတာ…

www.burmeseclassic.com

www.burmeseclassic.com

လက်မှတ်ကြီး ထိုးပေးတော့ ကောင်းပါ့မလား၊ မကောင်းဘူး ထင်တယ်နော် အမေ'

အမေက မီးဖိုချောင်ထဲ ချက်ပြုတ်နေရာမှ ကျွန်တော့် အနား ရောက်လာသည်။

'ဟဲ့ ...စာရေးသူရဲ့ လက်မှတ်ပါတော့ လေးလေး စားစား ပေးရာ ရောက်တာပေါ့။ ပေးသူရော၊ လက်ခံသူပါ ဖွယ်ရာတော့ မပေါ့။ ဒီမှာ ငါ့သား...အမေ မင်းစာအုပ်တွေ ပေးနေတာလေ ငါ့သား ရဲ့စာတွေ ဖတ်စေချင်တာရယ်၊ အမေ ဂုဏ်ယူကျေနပ်ပြီး လက်မှ,ထောင်ချင်တာရယ်။ ဒီအချက်တွေနဲ့ ပေးနေတာပါကွယ်'

အမေ့ မျက်ဝန်းမှာ မျက်ရည်ကြည်ဉလေးတွေ သီးခိုနေပါပြီ။ ကျွန်တော် အမေ့ကို နားလည်မိပါတယ်။ အမေ ဒီထက်မက ဂုဏ်ယူဝမ်းမြောက်နိုင်မည့် သားတစ်ယောက်လည်း ဖြစ်ချင်မိ၏။

'အင်းပါ အမေရယ် အင်းပါ၊ သား လက်မှတ်ထိုးပေးပါ့မယ်။ ဆရာ့ကို သားကိုယ်တိုင် လက်ဆောင်ပေးလိုက်ပါ့မယ်နော် အမေ့နော်'

ဘာပဲဖြစ်ဖြစ် ကျွန်တော် စာရေးစာဖတ်နေလျှင် အမေ ကျေနပ်နေသည်။ တကယ်တော့ ကျွန်တော့် အေးအေးလူလူ စာရေးစာဖတ်နိုင်သည့် စီးပွားရေး အနေအထား ကျွန်တော်နှင့် အမေ့မှာ မရှိပါ။ ဒါပေမဲ့ အမေ ကျေနပ်ပျော်ရွှင်နေ၏။ မုန့်ဟင်းခါးရည်အိုး မွှေရင်း၊ မုန့်ဟင်းခါးစားသုံးသူကို ကျွန်တော့် ဝတ္ထုတို တစ်ပုဒ်အကြောင်း အပြီးအမောက်မတည့် ပြောပြ

'အလိုတော်စာရေးတာ စာအုပ်ထဲ ပါလာလို့ စာရေးဆရာဖြစ်ပြီ ပြောတာ မင်းက ဘာရှက်စရာလို့တုံး ဘာကို စာရေးဆရာ မဖြစ်သတုံး တကတဲ့ မင်းဟာက မဟုတ်သေးပါဘူး' ကျွန်တော် အမေ့ကို ဘယ်လို ပြန်ရှင်းပြရမည်မှန်း မသိ

ချင် ပြောနေမည်။ တိုဟူးလိုး ရင်း ကျူပ်သားက စာရေးတာ ဝတ္ထုတို ဘယ်နှပုဒ်ရှိပြီ အော့ဟု ကြွားချင်ကြွားနေမည်။

အမေ ရောင်းသည့် ထမင်းသုပ်ဆိုင်လေးမှာ ကျွန်တော် စားပွဲထိုးလုပ်ရင်း၊ ပန်းကန်ဆေးရင်း ကူညီနေသည်ကို တစ်ခါတစ်ရံ အမေက မမှိတ်မသုန် စိုက်ကြည့်နေတတ်ပြီး ဝမ်းနည်းစကား ဆိုပြန်သေး၏။

'ကလောင်ကိုင်တဲ့ လက်က ပန်းကန်ဆေးနေရတယ်လို့သားရယ်'တဲ့။ အမေ့ အပြောကို ကျွန်တော်က တကယ်ပင် သဘောတကျ ရယ်မောပြီး...

'အမေရယ် စာရေးဆရာဆိုတိုင်း ဘာမှ မလုပ်ရတော့ဘူးလား၊ ဆိုက်ကားဆရာလည်း စာရေးရင် စာရေးဆရာပဲပေါ့။ ပန်းရန်ဆရာလည်း စာရေးရင် စာရေးဆရာပဲ။ ဘဝနဲ့ နီးစပ်မှ ဘဝသရုပ် ပီပြင်တဲ့ စာတွေ ရေးလို့ရတော့မပေါ့ အမေရဲ့'

ဟိုတုန်းကတော့ စာရေးခြင်းသည် ထမင်းအိုးတစ်အိုး တည်နိုင်သည်ဟု ပြောဆိုကြဖူးသည်။ ယခုချိန်အခါတွင်တော့ ကျွန်တော်တို့လို မဂ္ဂဇင်း ဝတ္ထုတိုလောက်သာ ရေးနိုင်သော စာရေးသူများမှာ ရေသန့်တစ်ဘူးတောင် တည်လို့ ရနိုင်မည် မထင်ပါ။

နည်းပါးသော လစာဖြင့် ဝါသနာအရ စာကြည့်တိုက်ဝန်ထမ်း လုပ်နေခြင်းကို တစ်ခါတစ်ခါ မိမိကိုယ်မိမိ အတွန်ကြီးနေသည့် သားတစ်ယောက်အဖြစ် ခံစားမိတတ်ပါသည်။ အမေကို မငဲ့ညာသော သားတစ်ယောက် ဖြစ်နေပြီလားဟု အကြိမ်ကြိမ် စဉ်းစားမိ၏။ ကျွန်တော် ထိုသို့ စဉ်းစားမိတိုင်း အမေ့ကို စကား စ,မိသည်။

'အမေ ကျွန်တော် ဒီစာကြည့်တိုက် အလုပ်က ထွက်ပြီး နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင်တယ်'

'အမေကတော့ ငါ့သားကို အဝေး ထွက်မသွားစေချင်တာ အမှန်ပဲ။ ဒီအလုပ်မှာပဲ အလုပ်လုပ်ရင်း အမေ့ကို ကူရင်း စာကို အေးအေးလူလူ ရေးနေစေချင်တာပါ။ ဒါပေမဲ့ သေချာပြန်တွေးကြည့်တော့ ငါ့သားရဲ့ ရေရေးက ရှိသေးတယ်။ အမေတို့ မရှိတော့ရင် သားမှာ တိုးစရာအိမ် မရှိဘူး၊ နေရာမရှိဘူး။ အဲဒီတော့ သား သဘောပါ၊ သား သွားချင်ရင် သွားပါ။ အမေ့ကို စိတ်မပူပါနဲ့။ အားလုံး အဆင်ပြေအောင် နေတတ်၊ လုပ်တတ်တယ် သိလား'

အမေက လေပြေလေနဲ့ သူသဘော၊ သူဆန္ဒထက် ကျွန်တော့် ဆန္ဒကို ပိုအလေးထား ပြောလာသည်။ အချို့ညများ၌ ထိုအတွေးများ ဖြင့် ကျွန်တော် အိပ်မပျော်။ အမေ့အသက်က အခု ၅၅ နှစ်၊ နောက်ထပ် ဘယ်နှနှစ် နေရဦးမည်နည်း။ ဆယ်နှစ်လား၊ ဆယ့်ငါးနှစ်လား။

ဘာပဲဖြစ်ဖြစ် အမေနေရဦးမည့် ရက်များကို မပူမပင်၊ မကြောင့်မကြ စည်းစိမ်အပြည့်နှင့် လူတမ်းရေ နေရစေချင်သည်။ အမေနှင့် လေးနှစ်တန်သည်၊ ငါးနှစ်တန်သည် ခေတ္တခဏ ခွဲခွာ၍ ငွေကို အရအမိ ရှာချင်မိသည်။ ပြီးမှ အမေနှင့် အိုးမကွာ၊ အိမ်မကွာ ရင်းနှီးလုပ်ကိုင် စားသောက်ရမည့် အလုပ်လေးတစ်ခုနှင့် ပျော်ပျော်ရွှင်ရွှင် နေကြမည်ဟု စိတ်ကူးကြည့်မိသည်။

'သား ခုနက ထမင်းသုပ်စားပြီး ထွက်သွားတဲ့ လူကြီးကို သိလား'

အမေ့ကို တိုဟူးကူလိုး ပေးနေရင်း အမေ့အပြောကြောင့် ထ,ထွက်သွားသည့် လူကြီးကို ကျွန်တော် လှမ်းကြည့်မိလိုက်သည်။ ခြေတုန်တုန်၊ လက်တုန်တုန်ဖြင့် အသက် ၇၀ ကျော် အဘိုး

www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ဦး၊ လက်မှ တောင်ဝှေးကို အားပြု၍ တုန်တုန်ချည်ချည် ခြေလှမ်းများဖြင့် ထွက်သွားသည်ကို တွေ့လိုက်ရသည်။

'မသီဘူး...အမေ၊ ဘာဖြစ်လို့လဲ'

'သူသားက မလေးမှာတဲ့။ အဖေတစ်ခု၊ သားတစ်ခုပါပဲ။ ခု သားက တစ်လတစ်ခါ ငွေပို့ပို့ပေးတယ်။ အိမ်ဆောက်ပြီးသွားပြီ။ တီဗွီ၊ ရေခဲသေတ္တာ အကုန်ရှိတယ်။ ဒါပေမဲ့ အဘိုးကြီးက တစ်ယောက်တည်း မနက်စာ၊ ည စာ ဒီလိုပဲ ဆိုင်မှာ လာစားရရှာတယ်'

'ဩော်...'

အမေ့စကား ကို ကျွန်တော် သံယောင်လိုက်၍ နားထောင်နေမိ၏။ အမေ ဘာကိုပြောချင်နေမှန်းတော့ ကျွန်တော် မသိသေး။

'သူ သူဘဝကို ကျေနပ်နေတယ်လို့ သားထင်လား'

ဟော... လုပ်ပါပြီ၊ အမေကတော့။ စာရေးဆရာ၏ အမေလို့ မပြောရ။ အမေ၏ အမေးက နည်းနည်းထူးခြားဆန်းပြားလာ၏။ ကျွန်တော် သဘောတကျ ရယ်မောရ၍...

'လင်းစမ်းပါဦး အမေရဲ့၊ သူ သူ့ဘဝကို ကျေနပ်သလား၊ မကျေနပ်ဘူးလား'

'ငါက အကောင်းမေးနေတာကို'

ရယ်ဟဟ ပြောသော ကျွန်တော့် အပြောကြောင့် အမေက ကျွန်တော့်ကို မျက်စောင်းတစ်ချက် ခိုင်းခနဲ ထိုးရင်း-

'သူ အထီးကျန်နေတာ၊ ပစ္စည်းဥစ္စာ ပြည့်စုံပေမဲ့ သူ ဘဝကိုသူ ကျေနပ်နေတာတော့ မဟုတ်ဘူး။ သူ ကျန်းမာရေး မကောင်းတာလည်း အဲဒီစိတ်ကြောင့်ပဲ သားရဲ့။ သူ သူ့ဘဝကို ကျေနပ်နေမှာ မဟုတ်တာ သေချာတယ်'

ဒီတစ်ခါတော့ ကျွန်တော် အမေ့အပြောကို မလှောင်ပြောင်၊ မရယ်မောမိတော့။ အမေ့စကားတွေက ကျွန်တော့်အပေါ် တစ်စုံတစ်ရာ ရည်ရွယ်နေကြောင်း ကျွန်တော် သိသည်။ ကျွန်တော့်ကို ငေးငိုင်တွေဝေသွားစေသည်ထိ အမေ့စကားတွေက လေးနက်နေပါသည်။

ကျွန်တော်သည် လမ်းဆုံ လမ်းခွသို့ ရောက်နေသော လူတစ်ယောက်ကဲ့သို့ ရှေ့က လမ်းနှစ်သွယ်ကို ရွေးဖို့ လို အပ်နေပါသည်။ တစ်လမ်း သည်ဘဝရှင်သန်ရေးအတွက် ရုပ်ဝတ္ထုတို့၏ အထောက်အပံ့ကို ပေး၏။ တစ်လမ်းသည် အနည်းငယ် ကြမ်းတမ်း သယောင် ရှိသော်လည်း ရှင်သန်နေထိုင်ရသည့် အခိုက်အတန့် အမေနှင့် ကျွန်တော့် အတွက် အစဉ် အေးမြသော မေတ္တာ နွေးထွေးသော သံယောဇဉ်တို့ကို ပေး၏။

'ကျွန်တော် ဘာလုပ်ရမည်နည်း။ ကျွန်တော် ဘာလုပ်ရမည်နည်း'

❑

ယခု အချိန်ထိတော့ အမေသည် ကျွန်တော် စာရေးဆရာ ဖြစ်နေခြင်းကို ပြောမဆုံးပေါင်၊ တောသုံးထောင်ဖြင့် ဝမ်းသာဂုဏ်ယူလျက်ရှိ၏။ နောင်လည်း အစဉ်ဝမ်းမြောက်ဝမ်းသာ အားပေးနေဦးမည့် ကျွန်တော့် အခိုင်မာဆုံး ပရိသတ်တစ်ယောက်ပင် ဖြစ်ပါလိမ့်မည်။ ကျွန်တော် သည်လည်း အမေ့ မေတ္တာ၊ စေတနာတို့၏ အရိပ်ကို ခိုလှုံလျက် အေးမြလန်းဆန်းစွာ စာများ သီကုံးလျက် ရှိနေဦးမှာ မလွဲပါ။

ကျွန်တော်ရေးသည့် ဝတ္ထုတိုင်းကို နားမလည်နိုင်သည့် 'အမေ'၊ မင်းမို့ ဒီလိုမျိုးတွေ ရေးတတ်သည်ဟု ဆိုတတ်သည့် 'အမေ'သည် ယခုအခါ ဘောပင်မကိုင်၊ စာရွက်မလိုဘဲ ဝတ္ထုတိုတစ်ပုဒ်ကို အောင်မြင်စွာ သီကုံးဖွဲ့သီနိုင်လိုက်ပြီ ဖြစ်၏။

ဟုတ်ပါသည်။ ယခု ဝတ္ထုတိုသည် အမေ့၏ ကိုယ်ပိုင်ဝတ္ထု ဖြစ်ပါ၏။ ယခု စာမူသည် အမေ့စိတ်ကူး၊ အမေ့အနုပညာ၊ အမေ့မေတ္တာ၊ အမေ့ စေတနာ၊ အမေ့ အနစ်နာများကို ကျွန်တော်က မိတ္တူကူးယူပေးရသော စာကူးသူတစ်ယောက်မျှသာဖြစ်ကြောင်း၊ အမေ့ကို စာမူလေးပြု၍ နားလည်အောင် ရှင်းပြရမည်။

'ကျွန်တော် ကသာ စာရေးဆရာဖြစ်တာ မဟုတ်ပါဘူး၊ တွေ့လား အမေကလည်း စာရေးဆရာမပါပဲ... အမေရာ'လို့ ပြောရမည်။

ကျွန်တော် ကြိုးသိနေပါသည်။ အမေ့၏ ဖြူစင်ဝင်းပသော အပြုံးနှင့် ကျွန်တော့် ခေါင်းကို ခပ်ဆတ်ဆတ် ခေါက်ပြီး အမေ့နှုတ်က ဆို လာလိမ့်ဦးမည်။

'ခွေး ကောင်လေး'

ဟူ.....။ ■

မှူးဆက်ပိုင်၊ ရွှေတောင်၊

အယ်ဒီတာအဖွဲ့

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
မိုလိတထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com

နန္ဒာစိုး

၊ဆင်မြေ့ကျွန်း၊

ထုံးစံအတိုင်း
မနက်ရှစ်နာရီလောက်မှာပဲ
ရပ်ကွက်ထိပ်က
'အောင်'ကဖီးမှာ
လူစုံကြတယ်။
လူစုံတယ်ဆိုတာက
တခြားမဟုတ်ပါဘူး။
ကိုကျော်ခဲတို့
စားပွဲတစ်ဝိုင်းတည်းက
ဆုံနေကျ လူတွေကိုပဲ
ပြောတာပါ။ သူတို့အဖွဲ့က
လက်ဖက်ရည်
သမားစစ်စစ်တွေ။
မနက် ရှစ်နာရီထိုးပြီဆိုရင်
ဆိုင်ထောင့်က ထိုင်နေကျ
စားပွဲကလေးမှာ
လေးယောက်သား
ဆုံနေကျ။ ကိုကျော်ခဲ၊
ကိုဘမောင်၊ ကိုထွန်းဝေနဲ့
ကိုမျိုးမြင့်တို့ပေါ့။
ကိုကျော်ခဲက
စာဖတ်သမား၊
စာဝါသနာအိုးဆိုတော့
စာအုပ်အငှားဆိုင်နဲ့
စာပေဖြန့်ချိရေး၊
သတင်းစာနဲ့
ဂျာနယ်မျိုးစုံကို
ကိုယ်စားလှယ်လုပ်တယ်။
ကိုဘမောင်က
ဆိုင်ကယ်ပြုပြင်ရေးနဲ့
ဆိုင်ကယ်အပိုပစ္စည်းဆိုင်
ဖွင့်တယ်။
ကိုထွန်းဝေက
ကျူရှင်ဆရာ။

www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၁၀၊ စက်တင်ဘာ၊ ၂၀၁၅

ဘဝင်

ရဲမိုးမဂ္ဂဇင်း

ဝတ္ထုရှည် ၀/ဆုံး

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ကိုတော့ ဆယ်အိမ်မျှးတွေက စုပြီး ဆန္ဒမဲပေးရွေးချယ်ကြရမယ်ပေါ့လေ။ အဲဒီ ကိစ္စကို ပြီးခဲ့တဲ့ နေ့နေ့ခင်းပိုင်းကပဲ ဆောင်ရွက်ခဲ့ကြပြီးပြီဆိုပဲ။ ကိုဘမောင် စကားစ၊ လာတာက အဲဒီ အကြောင်းအရာပါ။ တစ်ရပ်ကွက်လုံးနဲ့ ဆိုင်တဲ့ကိစ္စဆိုရင်လည်း မမှားပါဘူး။

'ဖိုးတာတို့လို ဆယ်အိမ်မှူးတွေချည်းပဲ ထပ်ဆင့်စုပြီး မဲပေးကြမယ်ဆိုတာတော့ ကျုပ်တို့လည်း သိတာပဲဗျ။ အုပ်ချုပ်ရေးမှူးနေရာကို ဘယ်သူရသွားတယ်ဆိုတာတော့မသိရသေးဘူး။ ခင်ဗျားတို့ကော အဲဒီနေရာကို ဘယ် သူရမယ် ထင်ထားကြလဲ'

ကို ထွန်းဝေက ကို ဘမောင်အမေးကို ပြန်ဖြေရင်း တစ်ဆက်တည်း အားလုံးကို ပြန် မေးခွန်းထုတ်တယ်။ ဒီတော့ နေရာတကာမှာ လူတကာကိုကြောက်ဖို့ အသင့် ခေါက်ရိုးကျိုးနေတဲ့ ကိုမျိုးမြင့်က ပြုံးပြုံးပျာပျာနဲ့ ခပ်တိုးတိုးဖြေတယ်။

'ဘယ် သူ ရမယ် ထင်တယ်လို့ ထုတ်မပြောဝံ့ပေါင်ဗျာ။ တော်ကြာ အုပ်ချုပ်ရေးမှူးနေရာကို မရရိုက်တဲ့သူတွေက ဒီလို ကြုံပြီး ထင်ကြေးပေးရကောင်းလားလို့ လာနှိပ်ကွပ်နေရင် ဒုက္ခဗျာ။ အဲဒီနေရာကို မဲပြိုင်ဝင်အရွေးခံကြတာက ကျုပ်တို့ရပ်ကွက်ရုံးအတွက်တင် ၅ ယောက်တောင် ရှိတာကလား။ တစ်ယောက်ပဲရမှာဆိုတော့ ကျန်တဲ့ ၄ ယောက်ကတော့ ဂျာလကီးကျောင်းပဲဗျ။" အဲဒီ လူတွေက မဟာအ၌ကိုတော် ၄ အိမ်လုံးက ဖိုးတာရဲ့ အစုထဲကပါ။ ဒီနှစ်လည်း ဆယ်အိမ်မှူးရွေးချယ်ဖို့ ဆန္ဒပြုကြရမယ်ပြောလာတော့ အားလုံးက ထုံးစံအတိုင်း ဖိုးတာကိုပဲ ရွေးလိုက်ကြတာပါပဲ။ ဒါပေမဲ့ မပြီးသေးဘူး။ အဲဒီလို အခြေခံအိမ်ထောင်စုတွေက ရွေးချယ်ပေးလိုက်ကြတဲ့ ဆယ်အိမ်မှူးတွေချည်းစုပြီး ဒုတိယ အဆင့်ရွေးချယ်မှုအဖြစ် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဆန္ဒမဲထပ်ပေးပြီး ရွေးချယ်ကြရဦးမယ်တဲ့။ လုပ်ထုံးလုပ်နည်းအတွက် ညွှန်ကြားချက်က ဆန္ဒမဲ နှစ်ထပ်ကွမ်းပေါ့လေ။ နှစ်ထပ်ရှိမှ မှတ်မိပြီး 'ဟတ်ထိ' တယ် ဆိုကိုး။

'ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး' ဆိုတာကတော့ အခုလက်ရှိ အစိုးရသစ် ဦးသိန်းစိန် သမ္မတကြီး တာဝန်ယူပြီးခိုန်အခေါ်အဝေါ်ပေါ့လေ။ 'မ.ဆ.လ' ခေတ်ကတော့ 'ရပ်ကွက်/ကျေးရွာ ကောင်စီဥက္ကဋ္ဌ' ပေါ့။ နောက်တော့ 'ရ.ဝ.တ ဥက္ကဋ္ဌ' တဲ့။ ပြီးပြန်တော့ 'ရ.အ.ဖ ဥက္ကဋ္ဌ' တဲ့။ ဟော အခုကျပြန်တော့ 'အုပ်ချုပ်ရေးမှူး' ဆိုပြန်ပဲ။ တံဆိပ်တွေ ဘယ်လိုပြောင်းကပ်ကပ် ခုံရင်းကတော့ ဒီနေရာ၊ ဒီနေရာပါပဲ။ 'တစ်ပေကုလား' ဟာ 'တစ်ပေကုလား' ပါပဲ။ 'နှစ်ပေတရုတ်' ဖြစ်မလာပါဘူး။ လုပ်ပိုင်ခွင့်နဲ့ ထမ်းဆောင်ရမယ့်တာဝန်ကတော့ ဟို တုန်းကလို ပဲ ရပ်ကွက်ရုံးမှာ ထိုင်ပြီး ရပ်ကွက်/ကျေးရွာကို စီမံညွှန်ကြားအုပ်ချုပ်မယ့် အကြီးအကဲလုပ်ပိုင်ခွင့်နဲ့ တာဝန်ပါပဲလို့သာပြောပါတော့။ အဲဒီ

> လေးဖက်နာ ရောဂါကမှ ဖြစ်လာရင် ကုစရာ ဆေးမြီးတို့၊ ဆေးမြီးရှည် အမျိုးမျိုး ရှိသေးတယ် ငါတို့ အောက်ခြေက လူတွေ ခံစားရတဲ့ အဲဒီ 'လေးနှစ်နာ ရောဂါ' ကတော့ ကုရာနည်း ဆေးမရှိတဲ့ တကယ့် နာတာရှည် ရောဂါကြီး ပါလားကွ'

အဲဒီ အကြောင်း သတင်းပလင်း ကြားပြီးကြပြီလား'

ဖို့ : တာ ဆို တာက ကိုကျောက်ခဲတို့ လမ်းထဲက ဆယ်အိမ်မှူးပါ။ အသက် ၃၅ ဝန်းကျင်ရှိမှာပေါ့။ ရပ်ရေးရွာရေးကိစ္စတွေမှာ စေတနာထက်ထက်သန်သန် ဖင်ပေါ့ပေါ့နဲ့ တက်တက်ကြွကြွ လုပ်ချင်တတ်တဲ့ ပရဟိတဝါသနာအိုးမို့ ကိုကျောက်ခဲတို့တစ်ပိုက်အိမ်တွေရဲ့ ဆယ်အိမ်မှူးဖြစ်ခဲ့တာကြာပါပြီ။ ကိုကျောက်ခဲတို့လက်ဖက်ရည်အုပ်စု အိမ်

ကိုမျိုးမြင့်က ရုံးစာရေးကြီး။ သူ အပြောအရကတော့ 'အထက်တန်းစာရေးဆိုပြီး ဘဝမှာတော့ အောက်ကျနောက်ကျ အရောက်ရဆုံးပါဗျာ။ ဟိုလူကြောက်ရ ဒီလူကြောက်ရ၊ 'အထက်လူကြီးတဲ့ဟေ့' ဆိုရင် ကြောင်သံကြားတဲ့ ကြွက်ကမှ နေစရာရှိဦးမယ်' ဆိုတဲ့သူပေါ့။ အခုနောက်အစိုးရသစ်ပြောင်းပြီးတဲ့အထိကို ကြောက်တဲ့ဘဉ် အရိုးစွဲနေတဲ့လူ။

လေးယောက်လုံး အလုပ်အကိုင်တွေ ကွဲပြားကြပေမဲ့ အသက် ၅၀ ဝန်းကျင် တွေဖြစ်နေကြတာ၊ တစ်ရပ်ကွက်တည်းနေကြတာ၊ ဘယ်သူမှ မချမ်းသာကြဘဲ ရရစားစား ဝါးဝါးမျိုမျိုနဲ့ ဝင်ငွေထွက်ငွေက မှန်တမ်းကလေးလည်ပတ်နေတဲ့ဘဝတွေချည်း ဖြစ်နေကြတာတွေကတော့ အားလုံး တူတယ်။ အဲ လက်ဖက်ရည်ကြိုက်ကြတာလည်း တူတယ်။ ဒါကြောင့် မနက်ရှစ်နာရီဆို 'အောင်'မှာ ဆုံကြစမြဲ။ ဒီမနက်လည်း လေးယောက်သား ဆုံမိကြပြီး လက်ဖက်ရည်ခွက်ကလေးတွေကိုယ်စီ ရှေ့ရောက်လာချိန်မှာ ကိုဘမောင်က စကားစ၊ လာတယ်။ ဒီရက်ထဲမှာ လူတိုင်း စိတ်ဝင်စားနေတဲ့ ပူပူနွေးနွေး အကြောင်းအရာပါ။

'ဟေ့လူတွေ ပြီးခဲ့တဲ့နေ့ နေ့ခင်းပိုင်းတုန်းက 'ဖိုးတာ'တို့တစ်တွေ ထပ်ဆင့်မဲပေးကြရပြီးပြီတဲ့ဗျ၊ ကျုပ်တို့ ရပ်ကွက်ပိုင်းက အုပ်ချုပ်ရေးမှူးနေရာကို ဘယ်သူရသွားသလဲဆိုတာ အဖြေထွက်ပြီးလောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

ကွဲတာကို အမျက်တော်ကဲ့ တဲ့ပြီး ထင်ကြေးပေးခဲ့သူတွေကို ပတ်ရမ်းရင် မခက်ပါလား'

ဒီမှာ ကိုကျောက်ခဲက ကိုမျိုးမြင့်ရဲ့ အလန့်တကြား ပြောပုံကို တစ်ချက်ရယ်ပြီး ဝင်ပြောလိုက်တယ်။

'ခင်ဗျားနှယ်ဗျာ၊ ကိုယ်မဲပေးထားတဲ့လူပဲ ကိုယ်ရမယ် ထင်တာပြောမိလို့ တရားစွဲ မခံရပါဘူးဗျ။ ကျုပ်တို့ဆယ် အိမ် စု ကတော့ ကိုမောင်စောကိုပဲ သဘောကျတယ်လို့ ဖိုးတာကို ပြောလိုက်ကြပြီးပြီပဲဟာ။ ဖိုးတာကလည်း ကိုမောင်စောကိုပဲ မဲပေးခဲ့မှာပါပဲ။ တခြားဆယ် အိမ်မှူးတွေလည်း ဒီလိုပဲပေါ့။ သူ့ဆယ်အိမ်စုထဲက ဝိုင်း ဆန္ဒပြကြတဲ့သူကိုပဲ မဲထည့်ခဲ့မှာပဲ။ အုပ်ချုပ်ရေးမှူး အဖြစ် ဝင်အရွေးခံကြတဲ့ ၅ ယောက်ကတော့ သူတို့ချင်း ပြိုင်ကြပေတော့ပေါ့။ မဲသာတဲ့သူ အနိုင်ယူပေါ့'

'အိုဗျာ ကျုပ်ကတော့ ရှင်းရှင်းပဲ၊ ဒီတစ်ကြိမ် ပြိုင်အရွေးခံကြတဲ့သူတွေထဲက ဘယ်သူပဲရရ အဲဒီလူဟာ လူသစ်ဖြစ်ဖို့ပဲလိုတယ်။ လက်ရှိလုပ်လက်စဥက္ကဋ္ဌ မောင်ပုလဲထပ်အရွေးမခံရဘဲ ပြုတ်သွားရင် ကျေနပ်ပြီ'

ကို ထွန်းဝေက သူ့သဘောထားကို ခပ်ပြတ်ပြတ်ဝင်ပြောလိုက်တော့ ကျန်တဲ့သုံးယောက်လုံး ပြိုင်တူရယ်လိုက်မိကြတယ်။ အဲဒီရယ်သံတွေက ကိုထွန်းဝေရဲ့ စကားကို ညီညီညာညာ ထောက် ခံ တယ် ဆို တဲ့ အဓိပ္ပာယ်ထွက်နေလေသလား မပြောတတ်ဘူး။ ကိုကျောက်ခဲတို့ ရပ်ကွက်ရုံးမှာ အခု လက်ရှိ ဥက္ကဋ္ဌ(အုပ်ချုပ်ရေးမှူး)က ဦးဖိုးတုတ်ပါ။ ဟိုး အစောကြီးတုန်းကလည်း ရပ်ကွက်ဓမ္မာရုံ ဂေါပကလူကြီး၊ အပတ်စဉ် အင်္ဂါနေ့တိုင်း အရက်တက်ဆွမ်းလောင်းသင်းရဲ့ နာယက၊ ရပ်ကွက်ထဲမှာရှိတဲ့ မူလတန်းကျောင်းနှစ်ကျောင်းလုံးရဲ့ မိဘဆရာအသင်းမှာလည်း ဦးစီးပဲ့ကိုင်၊ ဘုရားဒကာ၊ ကျောင်းဒကာပါ။ ငွေကြေးကလည်း ပြည့်စုံ၊ လူမှုဆက်ဆံရေးကလည်း ပေပြစ်၊ ရပ်ကွက် သာရေးနာရေးတိုင်းမှာလည်း ငွေအား၊ လူအား အမြဲဖြည့်ဆည်းတတ်သူ။ လူလေးစားခံရတဲ့ ရပ်မိရပ်ဖစာရင်းဝင်မို့ ပြီးခဲ့တဲ့ သက်တမ်းတစ်ကြိမ်တုန်းက ဝင်အရွေးခံတော့ တစ်ရပ်ကွက်လုံးက ဝိုင်း မဲပေး၊ လူကြီး 'တင်' ပေးခြင်း ခံရတဲ့ ဥက္ကဋ္ဌပါပဲ။

ဒါပေမဲ့ ဘယ်လိုဖြစ်သွားတယ် မသိဘူး။ ဘယ်လို ပယောဂအနှောင့်အယှက် ဝင်ပူးသွားလဲ မပြောတတ်ဘူး။ ဥက္ကဋ္ဌ သက်တမ်းတစ်နှစ်လောက်အထိပဲ လူအကြည်ညိုခံလိုက်ရတယ်။ အဲဒီနောက်ပိုင်းမှာ အရင်က ဘုရားဒကာ၊ ကျောင်းဒကာ ဦးဖိုးတုတ်က အရပ်က ဝိုင်းပေးတဲ့နာမည် အသစ်တစ်လုံး ထပ်ရသွားတယ်။ ဘယ်ပရိသတ်ကိုမှ မုန့်ဟင်းခါးမကျွေးရ၊ လက်ဖက်ရည်မတိုက်ရပါဘဲနဲ့ လက်ဝယ်ပိုင်ပိုင်ရရှိသွားခဲ့တဲ့နာမည်သစ်က 'လမ်းမတော် ဖိုးတုတ်' တဲ့။ ကိစ္စကို ပြတ်ကြရော။ 'လမ်းမတော် ဖိုးတုတ်' ဆိုတာ တစ်ခေတ် တစ်ခါတုန်းက ရန်ကုန်မြို့ရဲ့ နာမည်ကျော် ထိပ်သီးမိုက်ကယ်ကြီးလေ။

ခက်ပုံက အဲဒီရပ်ကွက် ဥက္ကဋ္ဌ ဆိုတဲ့ ကုလားထိုင်ကိုက မကောင်းဆိုးရွားတွေ ပူးကပ်နေလေရော့သလား မသိဘူး။ ပယောဂဆရာတွေရဲ့စကားအတိုင်းပြောရရင် 'အစွဲက တော်တော်ကြီးတယ်ဗျာ၊ နင်လား ငါလား ချွတ်ယူရမယ်' ဆိုတဲ့ စုန်းပူး၊ တစ္ဆေပူးလူနာမျိုးနဲ့ ထပ်တူ ဥပမာပေးရနိုးနိုးပဲ။ နဂိုက အရပ်က လေးစားခဲ့ကြတဲ့ ဘုရားဒကာ၊ ကျောင်းဒကာ၊ ဆွမ်းလောင်းအသင်းနာယက၊ မူလတန်းကျောင်းနှစ်ကျောင်းက မိဘဆရာအသင်းတွေရဲ့ ဦးစီး၊ ဓမ္မာရုံ ဂေါပကလူကြီး ဦးဖိုးတုတ်ဟာ အဲဒီကုလားထိုင်မှာ ဝင်ထိုင်မိခါမှ အရှင်လတ်လတ်ကြီး ဘဝမပြောင်းဘဲနဲ့ 'လမ်းမတော် ဖိုးတုတ်' ဆိုတဲ့နာမည်ကို ပြောင်းသွားရတာပဲချင်ကြည့်တော့။ ဖြစ်ရပုံက ငိုရမလိုလို ရယ်ရမလိုလိုကြီး။

အစပိုင်း ၁ နှစ်လောက်ကတော့ ဟုတ်နေပါသေးတယ်။ ဥက္ကဋ္ဌသက် ၂ နှစ်သားကျမှ ဖောက်လာတာပါ။ အရင်က အမြဲတမ်း ပြုံးပြုံးပြုံးပြုံးနဲ့ လူတကာကို ဖော်ရွေရင်းနှီးစွာ ဆက်ဆံခဲ့ဖူးပါသဗျ...လို့ မိုးကြိုးပစ်၊ ဘုရားစူး ကျိန်စာဆိုပြီး ဖြောရမလိုဘဲ။ ဦးဖိုးတုတ်က မျက်နှာကြောမာမာ၊ လေသံတင်းတင်း၊ လူတွေကိုကြည့်တဲ့ အကြည့်ကိုက အားလုံးကပဲ သူ့လုပ်စာ ဝိုင်းထိုင်စားနေကြရတဲ့ လက်ဝေခံတွေဖြစ်နေတော့သလိုလို။ ဟိုလူ့ကိုဟောက်၊ ဒီလူ့ကို ဟိန်းနဲ့ဖြစ်လာတယ်။ ရပ်ကွက်လူထုနဲ့ အရင်ကထက် ပိုနီးနီးစပ်စပ် အကျွမ်းတဝင် စည်းစည်းလုံးလုံး နေထိုင်ပြောဆိုဆက်ဆံဖို့ အလိုအပ်ဆုံးဆိုတဲ့ အချိန်ကာလ ရောက်ပါလေတော့မှပဲ သူက သာမန်နေရိုးနေစဉ်တုန်းကထက် တစ်မူထူးပြီး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်သွားတော့ ခက်ကုန်ရော။ သူ ကိုးကွယ်တဲ့ ရပ်ကွက်ထိပ်က ကျောင်းထိုင်ဆရာတော် 'ဦးပရမ' က တောင် 'ငါ့ဒကာကို အရင်က လူကြီးအောက်မေ့ခဲ့မိတာ၊ အခု တကယ် 'လူကြီး' လုပ်ပြီဆိုတော့မှ ဒကာ ဖိုးတုတ်ဟာ အိုးပုတ်ချိုးရုပ် ပလုတ်တုတ်နဲ့ ကစားလို့ကောင်းတုန်း 'ကလေး' သာသာပါကလားလို့ သိရတော့တာ၊ အင်း သူငယ်နာ မစင်သေးဘဲကိုး' လို့ ခပ်ငေါ့ငေါ့မိန့်တော်မူတယ်ဆိုတော့ ကမ်းကုန်ရော။

ပြဿနာ တစ်စုံတစ်ရာဖြစ်လာလို့ ရပ်ကွက်ရုံးမှာ သွားဖြေရှင်းကြရပြီဆိုရင် ပြဿနာဖြစ်ကြသူချင်း ပြေလည်တာ၊ မပြေလည်တာက နောက်ကိစ္စ။ ဆရာကြီး လမ်းမတော်ဖိုးတုတ်ကို မျက်နှာချို သွေးကြရတာက ပထမကိစ္စ ဆိုသလို ဖြစ်လာနေတယ်။ ကိုယ့်မှာ ပြဿနာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com

အလိုလိုမှ စိတ်ညစ်နေရတဲ့ အထဲ လူထူထူထဲမှာ 'နင်ပဲ ငဆ' အငေါက်ခံရရင် အရှက်ကကွဲရဦးမယ်လေ။ ပြဿနာရှင်က စိတ်အနှောင့်အယှက်ဖြစ်နေရလို့ မျက်နှာကြောတင်းနေမိရင်ပဲ 'ဟေ့ ဒီနေရာက ရုံးကွနော်၊ ရုံး။ သာလာယံဇရပ် မဟုတ်ဘူး' လို့ ရှေ့ကနေ ဝိတ်ကြိမ်းသေးတာကလား။ ကျူရှင်ဆရာကိုထွန်းဝေကတော့ ကျောင်းဆရာပညာတတ်ပီပီ အရပ်က ခေါ်တဲ့အတိုင်း 'လမ်းမတော်ဖိုးတုတ်' လို့ မခေါ်ဘဲ တစ်မျိုးတစ်ဖုံ ကွန့်ပြီး 'မောင်ပုလဲ' တဲ့။ ရတနာတန်းဝင်တဲ့ နာမည်လှလှကလေးပါ။ 'ဘာလို့ အဲသလို ခေါ်ရတာတုံး' လို့ မေးတော့မှ စပ်ဖြီးဖြီးနဲ့ ပြန်ပြောပုံက 'ငါ့လခွေး မင်းတို့ကလည်း ဖျင်းပါ၊ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ' ဆိုတာလေးမှ မကြားဖူးကြဘူးလား' တဲ့လေ။

'အောင်မလေး ကိုထွန်းဝေရယ်၊ စိတ်ချ၊ တစ်ရွာလုံးနဲ့ တစ်ယောက်ဖြစ်နေမှတော့ ခင်ဗျား မောင်ပုလဲကြီးကို ဘယ်သူက မဲထပ်ပေးနေဦးမှာလဲ။ ဝင်အရွေးခံကြတဲ့ သူတွေထဲက လူသစ်တစ်ယောက်ယောက်ပဲ ရမှာပါ။ အလားအလာ အကောင်းဆုံးကတော့ ကျုပ်တို့ ဝိုင်းထောက်ခံခဲ့ကြတဲ့ ကိုမောင်စောပဲ ရဖို့များပါတယ်ဗျာ'

ကိုဘမောင်ရဲ့ ကြားဖြတ်မှတ်ချက်သံကြားရတော့မှ ကိုကျောက်ခဲ ခေါင်းထဲက တွေးနေလက်စ ဦးဖိုးတုတ်ကြီးအကြောင်း အတွေးမျှင်

မြန်မာစကားမှာ
'ငါ့အေား
နှစ်ခါနာ'
ဆိုတာ
ရှိပေမဲ့
ငါတို့
ခံခဲ့ကြရတာ
ကတော့
မိအေား
ဆယ်ခါနာတောင်
မကတော့ဘူးဟာ
ဖြစ်မှဖြစ်ရလေ'
လို့ပဲ
ရင်ထုမနာ
ကုန်းကုန်းပြီး
ဟစ်ရတော့မလိုလို

တွေ ပြတ်သွားတယ်။ စာရေးကြီး ကိုမျိုးမြင့်ကလည်း ထောက်ခံသလို ခေါင်းညိတ်ပြပြန်လေရဲ့။

'ဘယ်သူ ရရဗျာ၊ မောင်ပုလဲ ပြုတ်သွားရင် ပြီးရော၊ နှူးအိနေအောင်ကို ပြုတ်ပစ်လိုက်မှ အေးမယ်'

ကိုထွန်းဝေကတော့ သူ့မောင်ပုလဲကို တော်တော်ကြီးကို မေတ္တာတုံးနေပုံပါ။ ကိုထွန်းဝေနဲ့ တစ်စိတ်တည်း တစ်ဝမ်းတည်း ပရိသတ်ကလည်း ရပ်ကွက်လူထုရဲ့ လေးပုံသုံးပုံလောက် ရှိမှာပါ။ ကျန်တဲ့လေးပုံတစ်ပုံကတော့ ဦးဖိုးတုတ်ရဲ့ ဆွေမျိုးသားချင်းတွေနဲ့ မကင်းရာ မကင်းကြောင်း၊ ကျေးဇူးခံကျေးဇူးစားတွေပဲ ဖြစ်ကြမှာပါ။ ရပ်ရွာလူထုနဲ့ ရပ်ရွာအုပ်ချုပ်သူဥက္ကဋ္ဌနဲ့ အလွမ်းသင့်ကြပုံက အဲသလို။ ထူးပြီး မဆန်းတော့ပါဘူးလေ၊ ကြုံနေကျ ကိစ္စတွေပဲ မဟုတ်လား။ တခြား မြို့ရွာတွေမှာတော့ ဘယ်လိုရှိကြမလဲ မပြောတတ်ဘူး။ ကိုကျောက်ခဲတို့ ရပ်ကွက်မှာတော့ အဲဒီပုံစံက ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာပါ။ အစဉ်အလာကောင်းခဲ့ပုံ ပြောပါတယ်။ ကိုထွန်းဝေရဲ့ ခပ်ပြတ်ပြတ်အပြောကြောင့် ထပ်ရယ်ကြရပြန်တယ်။

'ဟော ပြောရင်းဆိုရင်းပဲ ဟိုမှာ ဖိုးတာလာပါပြီဗျာ။ သူ့ကို မေးကြည့်လိုက်ရင် ပြီးပြီပဲ'

ဆိုင်ရှေ့ဘက် လမ်းမဆီ မျက်နှာမူပြီး ထိုင်နေတဲ့ ကိုဘမောင်က လမ်းမဘက် လှမ်းကြည့်ရင်းပြောလိုက်လို့ အားလုံး ဝိုင်းလှည့်ကြည့်လိုက်မိကြတယ်။ ဟုတ်တယ်။ သူတို့ရဲ့ ဆယ်အိမ်မှူး ဖိုးတာပဲ။ ဆိုင်ထဲကို လှမ်းဝင်လာတာနဲ့ ကိုထွန်းဝေက လှမ်းခေါ်လိုက်တယ်။

'ဖိုးတာရေ၊ လာပါဦးဟာ၊ မနေ့တုန်းက မင်းတို့ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေ ထပ်ပေးကြရတဲ့ မဲသတင်းလေး မေးရအောင်လို့'

'ဘယ်သူ အုပ်ချုပ်ရေးမှူးနေရာ ရသွားသလဲဆိုတာ မေးမလို့ မဟုတ်လား ဆရာရဲ့'

ဖိုးတာက သူတို့ဝိုင်းမှာ ဝင်ထိုင်လာရင်း ပြန်မေးတယ်။ တစ်ဆက်တည်း စားပွဲထိုးကလေးကို 'ကျဆိမ့်တစ်ခွက်ဟော့' လို့ လှမ်းပြောလိုက်တယ်။

'ဒါပေါ့ကွ၊ ဒီရက်ထဲမှာ ဒီသတင်းက အားလုံးအတွက် အရေးကြီးတယ် မဟုတ်လား'

ကိုဘမောင်က ရေနွေးကြမ်းပန်းကန်ကို ပြန်ချရင်း စကားဝင်ထောက်လိုက်တော့ ဖိုးတာက ခပ်ပြုံးပြုံးပဲ ဖြေတယ်။

'ဦးလေးတို့ ကျေနပ်ကြမှာပါဗျာ၊ အားလုံး မျှော်လင့်တဲ့အတိုင်း ကိုမောင်စောပဲ ရသွားပါတယ်။ မဲကလည်း တော်တော် ပြတ်ပြတ်သားသားနိုင်တာပါ'

'ကောင်းသကွာ၊ ရှေ့က မေတ္တာအိုး မောင်ပုလဲ နှူးအိသွားရင် ပြီးရော၊ ကိုထွန်းဝေကတော့ စိတ်မကောင်းဖြစ်ရှာမယ်၊ သူ့မောင်ပုလဲကြီးအတွက်လေ'

ကို မျိုးမြင့် အပြောကြောင့် ရယ်ကြရပြန်တယ်။ ဘာပဲပြောပြော ကိုမောင်စော အုပ်ချုပ်ရေးမှူးနေရာ အရွေးခံရတဲ့အတွက် သူတို့ လေးယောက်လုံး ကျေနပ်သွားကြတယ်။ ရပ်ကွက်ကလည်း အလားတူပဲ ရှိမှာပါ။ လောလောဆယ်မှာတော့ ကိုမောင်စောက လူမှုရေး၊ ရပ်ရေးရွာရေးကိစ္စတွေ ခေါင်းခံဆောင်ရွက်ရာမှာ အသန့်ရှင်းဆုံး၊ စေတနာ အပါဆုံး၊ အတက်ကြွဆုံး မဟုတ်လား။ သူဦးဆောင်မှုနောက်မှာ သဘောညီညီနဲ့ ပူးပေါင်းဝိုင်းပန်းလုပ်ဆောင်ကြတဲ့ သူငယ်လူ

www.burmeseclassic.com

www.burmeseclassic.com

ရွယ်တွေ အင်အားက နည်းတာမှတ်လို့။ သူတို့ အရပ်မှာတော့ ကို မောင် စောက မာဃလုလင်လက်သစ်ပါ။

'အင်း ဒီလိုဆိုရင်တော့ ဟန် ကျပြီ၊ ကို မောင် စော ဥက္ကဋ္ဌ ဖြစ်သွားပြီဆိုရင် တို့ ရပ်ကွက်ကလေး ရှေ့ရေး ကောင်းလာတော့မယ် ထင်ပါရဲ့၊ ဒီလိုပဲ မျှော်လင့်ရတာပဲလေ'

စားပွဲထိုးကလေးက ဖိုးတာရှေ့ကို လက်ဖက်ရည်ခွက် လာချတယ်။ ဖိုးတာက လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး ခပ်ဆွဲဆွဲပြုံးတယ်။

'ဦးလေးတို့က မျှော်လင့်နေ၊ ကျွန်တော်ကဖြင့် မထင်ပေါင်။ ကို မောင်စော ရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်တွေကောင်းနေခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အခု သူက အန္တရာယ်ဇုန်ထဲ ဝင်သွားပြီ။ သူ့ကို အနိုင်ကပ်ပြီး ဖျက်ဆီးမယ့်သူမျိုးတွေနဲ့ လက်တစ်ကမ်းကိုရောက်သွားပြီခင်ဗျ။ စောင့်ကြည့်ကြရဦးမှာပဲ'

ဖိုးတာစကားကြောင့် ကိုကျောက်ခဲတို့လေးယောက် ခေါင်းတွေ ထောင်သွားကြတယ်။

'ဟ မင်းစကားက ဘာလဲဟ၊ ဘယ်သူတွေက အနိုင်ကပ် ဖျက်ဆီးမှာလဲ။ အခု အစိုးရသစ် လက်ထက်မှာ အထက်ပိုင်းကတောင် စ,ပြီး ပြောင်းလဲလာနေပြီ မဟုတ်ဘူးလား၊ အာဏာရှင်စနစ် ဖျက်သိမ်းပြီးလို့ ဒီမိုကရေစီ လမ်းကြောင်းကို လျှောက်မယ်လို့ ကမ္ဘာသိ ထုတ်ပြန်ထားတဲ့ဟာပဲ'

ကိုဘမောင်က ဝင်ပြောတော့ ဖိုးတာက ဟက်ခနဲ တစ်ချက်ရယ်တယ်။ ပြီးမှ-

'ခက်ပါပဲ့ ဦးလေးရာ၊ ကျွန်တော်က ဆယ်အိမ်ခေါင်းလုပ်လာတာ ကြာပြီဆိုတော့ ရပ်ကွက်ရုံးကို အမြဲလိုလို ဝင်ထွက်သွားလာ ထိတွေ့နေရတာ။ အဲဒီတော့ အများစုကြီးထက် ပိုနီးနီးစပ်စပ် သိနေတယ်လေ။ မှတ်ထားဗျို့၊ ဦးလေးပြောသလို အထက်ပိုင်းကစ,ပြီး ပြောင်းလဲလာနေပြီဆိုပေမဲ့ အောက်ခြေက လိုက်မပြောင်းကြသေးဘူးခင်ဗျ။ ကိုယ်နဲ့ အလှမ်းဝေးတဲ့ အထက်ပိုင်းက အကြောင်းကို မပြောတတ်ပေမဲ့ အနီးကပ်ကျင်လည်နေရတဲ့ အောက်ခြေက အကြောင်းတွေကိုတော့ သိနေ၊ ကြားနေ၊ မြင်နေရတာမို့ 'အောက်ခြေက လို က် မပြောင်းကြသေးဘူး' လို့ ရဲရဲတင်းတင်း ပြောလိုက်တာပဲ။ ကိုင်း တည့်တည့်ထောင်ထားတဲ့ အလံတိုင်ကို ဒေါင်လိုက် တွန်းကြည့်ပါလား။ အထက်ပဲရွှေ့ပြီး အောက်ခြေက မရွှေ့ဘဲ တင်းခံနေရင် ဘယ်လို နေမတုံး၊ အဲဒီအလံတိုင် ကျိုးဖို့ပဲရှိတယ်။ အထက်အောက် တစ်ပြေးညီ မရွှေ့သေးသမျှ ပြောင်းလဲမှုအသစ်ရပြီ ပြောလို့ ဖြစ်နိုင်ပါ့မလား။ အခု ကျွန်တော်တို့ အောက်ခြေက နေရာ အတော်များများမှာ ကြုံနေကြရဆဲ အဖြစ်ဆိုက၊ ဟိုဒင်းဗျာ ဘာတဲ့ အဲ··· အဲ အမြောင်၊ အမြောင်ဆိုတဲ့ဟာ'

သောက် ကျိုးနည်း၊ ဖိုးတာပြောခါမှ ကိုကျောက်ခဲတို့တစ်တွေ ခေါင်းခြောက် ကြရပြန်တယ်။ ဘာတုံးဟ။

မဆီမဆိုင် ဘယ်က အမြောင်ဆိုတာက ကြားဖြတ် ဝင်လာရပြန်သတုံးဆိုပြီး ကိုကျောက်ခဲ အူလည်လည် ဖြစ်နေပေမဲ့ 'ချက်' ဆို နားခွက်မှာ မီးတောက်ရုံမက မီးသတ်ကားတောင် ရောက်နှင့်လေ့ရှိတဲ့ ကျူးရှင်ဆရာ ကိုထွန်းဝေက ဝင် အစ,ဖော်တယ်။

'သိပါပြီကွာ၊ 'မင်းပင် ကောင်းလျက်၊ မင်းမြောင် ဖျက်' ဆိုတာကို ပြောချင်တာ မဟုတ်လား'

ဒီတော့မှ ဖိုးတာ မျက်နှာ ဝင်းခနဲ ဖြစ်သွားပြီး ခေါင်းသွက်သွက် ညိတ်ပြတယ်။

'အဲ ဟုတ်တယ်၊ ဟုတ်တယ် အဲဒါကို ပြောချင်နေတာ၊ ပါးစပ်ဖျားမှာတင် မေ့နေလို့'

'ဒါကတော့ မင်းပြောမှလား၊ 'အမြောင်' မှန်ရင် ဘယ် 'အမြောင်' မှ မကောင်းပါဘူး။ တို့မြန်မာစကားမှာ အသုံးအနှုန်းတွေ ရှိသားပဲ။ 'ဧည့်မြောင်' ဆိုတာ ကိုယ့် အိမ်ကိုလာတဲ့ ဧည့်သည် အစစ်နောက်က ကပ်လာတဲ့ လူပို ကိုပြောတာ၊ ကိုယ်နဲ့ လည်း တိုက်ရိုက်သိကျွမ်းရင်းနှီးခဲ့တာ မဟုတ်ပါဘဲနဲ့ အိမ်ရှင်မှာ အဲဒီ ဧည့်မြောင် အတွက် နေထိုင်စားသောက် ဧည့်ခံဝန်ဆောင်မှုတာဝန်ပိုတွေ ဝိကရော။ 'အမြောင်မယား' ဆိုတာကျတော့ မယားငယ် ကို ပြောတာ။ အဲဒီ 'မင်း မြောင်စိုးကပ်' ဆိုတာလည်း အရည်အချင်း မရှိဘဲ မင်း အနားမှာ ကပ်ပါးရပ်ပါးလုပ်ပြီး အဟုတ်အမှန်သမားကို မဟုတ်မမှန်မတရားတွေ လုပ်ဖြစ်ပြောဖြစ် ဆုံးဖြတ်ဖြစ် အောင် မီးထိုးပေးနေတဲ့ သာပေါင်းညာစားတွေကို ညွှန်းဆိုတဲ့စကားလုံးပဲ။ မင်းလို လိုက်၊ မင်းကြိုက်ဆောင်၊ ဇောင်းတော်ညိတ်၊ စိတ်တော်သိဆိုတဲ့ မြောက်ထိုးပင့်ကော် ကိုယ်ကျိုးရှာသမားတွေကို ဆိုလိုတာကွ။ ဒါပေမဲ့ အဲဒီ 'မင်းမြောင်' ဆိုတာနဲ့ 'မင်းတိုင်ပင်' ဆိုတာနဲ့တော့ ရောထွေးမပစ်နဲ့နော်၊ အဆင့်အတန်းချင်း အကွာကြီး၊ နဲ့သာဆီနဲ့ အီးလောက် ဝေးတယ်မှတ် ကိုယ့်လူ'

ကိုကျောက်ခဲက စာဖတ်သမားပီပီ ဖတ်ထားမှတ်ထားမိသမျှကလေးနဲ့ အမြောင်ရှင်းတမ်းဖွင့်မိပြန်တော့ ဖိုးတာက အဲဒီရှင်းတမ်းကို ရှေ့ဆက်ခိုင်းပြန်တယ်။

'ဘယ် လို အဆင့် အတန်း ကွာဖြို့၊ ဘယ် အကြောင်းကြောင့် 'နဲ့သာဆီနဲ့အီး' ဖြစ်ကုန်ကြတယ်ဆိုတာလဲ လုပ်စမ်းပါဦးဗျ ဦးကျောက်ခဲရ'

'ဟ··· ဖိုးတာရာ ရှင်းနေတာပဲ၊ 'မင်းတိုင်ပင်' ဆိုတာက ကိုယ်ကျိုးကြည့်သမား မဟုတ်ဘူးကွ၊ ကိုယ်ကျင့်သီလနဲ့ သစ္စာတရားကို အသက်လောက် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်တတ်သူမျိုး၊ သူက 'မင်း' ကို အကြိုက် လိုက်ပြောနေတဲ့သူမျိုး မဟုတ်ဘူး။ အများပြည်

www.burmeseclassic.com

နဲ့ ပေါင်းမိမှ ပျက်ကုန်ကြတာ ချည်းပဲ။ အုပ်ချုပ်ရေးနယ်ပယ်ထဲ ဝင်လာစ,တုန်းကတော့ 'ငါ့ကို ရပ်ကွက်သူရပ်ကွက်သား အများစုကြီးက မဲဆန္ဒပေးပြီး ပိုင်းတင်ပေးလိုက်ကြတာ။ အဲဒီတော့ ဒီရပ်ကွက်သူရပ်ကွက်သား အများအကျိုးကို သယ်ပိုးလိုက်မဟဲ့'ဆိုတဲ့ အားနဲ့မာန်နဲ့ ရိုးရိုးဖြောင့်ဖြောင့်တွေပါပဲ။ အဲဒီ ဦးပါတို့လို ရုံးစောင့်နတ်နဲ့ နင်လား ငါလား သမ္ဘာရင့်ဝါရင့်လက်ဟောင်းကြီးတွေရဲ့ အနီးကပ် ပို့ချချက်တွေနဲ့ ကျွမ်းဝင်သွားတော့မှ 'ဆန်းဆန်းကောက်ကောက်'တွေ ဖြစ်ကုန်ကြတော့တာ။ သူက ဟောက်နည်း၊ ခြောက်နည်း၊ ကောက်နည်း၊ မောက်နည်းတွေကို ကျွမ်းမှ ကျွမ်း။ အသင်အပြ၊ အစည်းအရုံးက လည်း ကောင်းမှ ကောင်းရယ်'

'ကျန်တာတွေက ထားပါတော့၊ ဟိန်းဟောက်တာ၊ ခြောက်လှန့်တာ၊ လိမ်ကောက်တာလို့ သိလိုက်တယ်။ အဲ မောက်နည်းဆိုတာကျ ဘာကိုပြောတာတုံး။ မင်းစကားက မျက်စိလည်ရန် ကောက်ဟ'

ကိုမျိုးမြင့်က ဝင်မေးတယ်။

'ဟာဗျာ၊ မောက်မာတာကို ပြောတာ။ မြန်မာနိုင်ငံ အရပ်ရပ်က ရှိသမျှ အောက်ခြေလူတန်းစားတွေနဲ့ အနီးစပ်ဆုံးထိတွေ့နေရတဲ့ ရုံးတွေမှာတော့ ဘယ်လိုရှိမလဲ မပြောတတ်ဘူး။ အဲ့ ကျန်တော်တို့ ရပ်ကွက်ရုံးက ဦးပါကြီးကတော့ ဘုရား

ကောင်းကျိုးအတွက် မျှော်ကိုးပြီး ပြောခဲ့တာမို့ ဒီစကားကို ပြင်မပြောနိုင်ပါဘူး၊ ဒီအတွက် မကျေနပ်ဘူးဆိုရင် အဲဒီလုံနဲ့ အခုပဲ ထ,ထိုးတော်မူလိုက်စမ်းပါဘုရား'လို့ ရဲရဲရင့်ရင့် ပြန်လျောက်တင်ပြီး ရင်ဖွင့်ပေးခဲ့ဖူးတယ်။ အဲဒါ ပုံပြင်မဟုတ်ဘူး။ တကယ့် သမိုင်းအမှန်။ ဘုရင်ကတော့ နာမည်ကောင်း လက်မှတ်ရ နေပြီး ပြည်သူကတော့ ဆင်းရဲမွဲတေ ဒုက္ခရောက်နေတယ် ဆိုတာမျိုးကို ဦးဖိုးလှိုင်က သူအကျိုး၊ တိုင်းပြည်အကျိုးကို ရှေ့ကထား စဉ်းစားပြီးမှ အုပ်ချုပ်တဲ့မင်းကို တလွဲ တချော်တွေ မလုပ်မိအောင် အကြံပေးတဲ့ အက်ဒ်ဗိုက်ဇာ (Adviser)၊ မင်းရဲ့အကြံပေး ပုဂ္ဂိုလ်။ တို့မြန်မာရာဇဝင်မှာ ကုန်ဘောင်ခေတ်တုန်းကဆိုပါတော့ကွာ၊ ယောမင်းကြီး ဦးဖိုးလှိုင်ဆိုတာ မင်း ကြားဖူးမှာပေါ့။ မင်းတုန်းမင်းကြီး လက်ထက်မှာကတည်းက သူက အဲဒီ မင်းတိုင်ပင် ပုဂ္ဂိုလ်တန်းမှာ ပါသကွ၊ တစ်ခါသားတော့ ပြင်သစ်နဲ့ သံခင်းတမန်ခင်းကိစ္စတစ်ခုမှာ မြန်မာဘက်က လျှောမပေးသင့်တဲ့ အရေးအရာတစ်ခုကို မင်းတုန်းမင်းကြီးက တရား သမားဝိဝိ ခပ်ပျော့ပျော့နဲ့ လျှော့ပေးမယ်လုပ်တော့ ဦးဖိုးလှိုင်က ကန့်ကွက်စကား ထ,ပြောပါလေရော။ မင်းတုန်းမင်းကြီးကလည်း သူနဲ့ ဖီလာဆန့်ကျင်တဲ့စကားမျိုး ပြောလာရကောင်းလားလို့ ဒေါပွပြီး 'မောင်လှိုင်၊ ဒီလုံက ဘယ်သူ့ကို ထိုးသတ်ခဲ့တဲ့လုံဆိုတာ မောင်မင်း သိတယ်နော်'လို့ လက်စွဲတော်လုံကို ပြပြီး ကြိမ်းရော၊ အဲဒီလုံက ဦးဖိုးလှိုင်ရဲ့ ဖခင်ကြီးကို ထိုးခဲ့ဖူးတဲ့လုံလေ။ 'ရှေ့ဆက် အတွန့်တက်လာရင် ဒီလုံစာ မိသွားမယ်'လို့ ပြောလိုက်တဲ့သဘောပဲ။ ဦးဖိုးလှိုင်က ကြောက်ဒူးတုန်ပြီး ပါးစပ်ပိတ်သွားမယ် ထင်သလား၊ အင်္ဂျိရင်ဘတ်ရှေ့ကို ဆွဲဖွင့်ပေးလိုက်ပြီး 'ထိုးတော်မူပါဘုရား၊ ကျွန်တော်မျိုး ပြောခဲ့တာက ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးရဲ့ ရှေ့ရေး လက်မခံဘူး။ အသက်နဲ့ ရင်းပြီး ဘုရင်ကို စိန်ခေါ်ရဲတာဟာ တိုင်းပြည်အပေါ်ထားတဲ့ သူစေတနာအမှန်ကို သူပြင်းပြင်းထန်ထန် ယုံကြည်လို့ပေါ့။ တိုင်းပြည်နဲ့ ဘုရင် နှစ်ခုယှဉ်လာရင် တိုင်းပြည်က ပထမ၊ ဘုရင်က ဒုတိယပဲ ဆိုတဲ့လူမျိုးတွေလည်း တကယ်ရှိခဲ့ကြ၊ ရှိနေကြပါတယ်။ အဲ 'ရှိတော့ရှိတယ်၊ ရှားတယ်' ဆိုသလိုပေါ့ကွာ။ ခေတ်တိုင်းမှာ ပေါများတာကတော့ 'မင်းမြှောင်စိုးကပ်' ဆိုတဲ့ ကိုယ်ကျိုးရှာသမားတွေပဲ။ ဒီဘက်ခေတ်မှာတော့ အဲဒီလိုလူတွေကို 'ခရိုနီ'တွေလို့လည်း တံဆိပ်သစ် ကပ်လာကြပြန်လေရဲ့'

ကို ကျောက်ခဲလည်း 'မင်းမြှောင်'နဲ့ 'မင်းတိုင်ပင်' နှစ်မျိုးကို ခွဲခြမ်းစိတ်ဖြာပြလိုက်ရတာနဲ့တင် အတော်မောပြီး အာခြောက်သွားတယ်။ ဒါကြောင့် ရေနွေးကြမ်းကို တစ်ကျိုက်ငုံပြီး အာဆွတ်လိုက်ရတယ်။ ကို ကျောက်ခဲဘက်က နားသွားတော့ ဖိုးတာက စောစောက သူ့ပြောလက်စ စကားကို ဆက်ပြန်တယ်။ သူကတော့ သူ့အတွေ့အကြုံ ရှင်းတမ်းကို ပြန်ကြားရေး လုပ်တာပါ။

'အင်း၊ ဦးကျောက်ခဲ ပြောသလိုဆိုရင်တော့ အခုကျွန်တော်တို့ ရပ်ကွက်ရုံးမှာ စာရေးကြီးလုပ်နေတဲ့ ဦးပါဆိုတာကို 'မင်းမြှောင်စိုးကပ်'ဆိုတဲ့ စာရင်းထဲ ထည့်ရမှာပဲဗျ။ ရုံးလုပ်သက်ကလည်း ရင့်သမှ 'ထော်'နေပြီ။ ရပ်ကွက်ရုံးမှာ တက်လာသမျှ ဥက္ကဋ္ဌအသစ်တွေဟူသမျှ သူ

www.burmeseclassic.com

www.burmeseclassic.com

ဒကာ ဦးဖိုးတုတ်ကိုတောင် လမ်းမတော်ဖိုးတုတ်ဖြစ်သွားအောင် စွမ်းတယ်ဗျ။ စွမ်းဆိုသူသက်တမ်းကိုလည်း ကြည့်ဦးလေ။ မ.ဆ.လ ခေတ် တစ်ဝက်လောက်ကတည်းက အဲဒီရုံးမှာ စ,လုပ်လာတာ။ နောက် စစ်အာဏာရှင်ခေတ်တစ်လျှောက်လုံးလည်း ပန်းပန်လျက်ပဲ။ ဒီလောက် နှစ်ပေါင်းများစွာထဲမှာ ဆရာကောင်း၊ သမားကောင်း ပေါင်းစုံဆီက သင်ယူတတ်မြောက်လာခဲ့တဲ့ လာဘ်ပေး လာဘ်ယူနည်းတွေ၊ ညစ်ပတ် သပ်လျှိုနည်းတွေ၊ ဟောက်စားခြောက်စားနည်းတွေ၊ အထက်ဖားအောက်ဖိနည်းတွေ၊ နောက်ကျောခါးနဲ့ထိုးနည်းတွေ၊ ကလိမ်ကကျစ် လက်တစ်လုံးခြားနည်းတွေ၊ ဖွတ်ထွက်မလာမချင်း တောင်ပို့ကို စေတီထင်နေအောင် မျက်လှည့်ပြနည်းတွေ ဟူသမျှကို အသစ်အသစ်ပြောင်းရောက်လာသမျှ ဥက္ကဋ္ဌလက်သစ်တွေကို သူက အနီးကပ် အခမဲ့ သင်တန်းပေး ဖျက်ဆီးတော့တာပဲ။ အဲဒီလူ ဖျက်စီးမှု သူလည်း အရိုးအရင်းကိုက်ရမှာကိုး။ ဥက္ကဋ္ဌဆိုတဲ့ မောင်ကရော ဘာသားနဲ့ ထုထားလို့တုံး။ ကိုယ့်ကျိုးအတွက် မြက်မြက်ကလေး ရှိလာတော့ ကြာကြာတောင့်မခံနိုင်ဘူး၊ ပုထုဇဉ်ကိုး။ အမှုအခင်းကလေးတစ်ခုမပေါ်လိုက်နဲ့၊ ပေါ်တာနဲ့ သေးတဲ့အမှုကို ကြီးအောင် လျှောမွေးကို ဗာရာဏသီခဲ့ပြီး မသာပါးစပ်ထဲက ကူးတို့ခ နို့က်ယူရုံမက ရွှေသွားတွေ့ရင် ချွတ်ယူလိုက်ပြန်သေးဆိုတဲ့ ပုလိပ်ကျင့် ပုလိပ်ကြီးမျိုးတွေ ကြစည်ကျင့်သုံးတော့တာပဲ။ အဲလို ဥက္ကဋ္ဌရယ်၊ နာမည်ဗျူဟာနဲ့ ပြောင်းပြန်ဖြစ်နေတဲ့ တရားသူကြီးရယ်၊ ခြံတောင်ပို့ဖြစ်နေတဲ့ ပုလိပ်ရယ် 'သုံးယောက်ပေါင်းလောင်းကျော်'လိုက်တော့ တရားဥပဒေဆိုတာက မျောက်လက်ထဲ ရောက်တဲ့ စက်သေနတ်လို ဖြစ်ကရော။ ခံကြရတဲ့ အများပြည်သူက မသိလို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ လောလော ဆယ် ဆေးလိပ်မီးနဲ့ ထိုးနေတာကို 'ပူတယ်ဗျ'လို့ ပြန်ပြောမိခါမှ တစ်ကိုယ်လုံး ဓာတ်ဆီလောင်းပြီး မီးတင် အရှို့ခံရမယ့်အရေး ကြောက်ရသေးတော့ ပါးစပ်ကို မဟ,ဝံ့ဘူး။ အသံ ကျယ် ကျယ်လည်း မအော်ဝံ့ဘူး။ ကြိတ်မှိတ်ခံပေတော့ပဲ။ 'အများအကျိုးကို ဆောင်လိုက်မဟဲ့' ဆိုတဲ့ ဥက္ကဋ္ဌအသစ်ကလေးကလည်း နောက်ပိုင်းကျတော့ 'ကောင်းမှန်းသိ... သာအိတစိုစို'နဲ့ အစာမျိုလိုက်တဲ့ ဖားပြုပ်ကြီး သူ့အလိုလို မျက်စိမှိတ်သွားသလို 'မျိုလေလေ ရှေ့ကို မမြင်လေလေ၊ ကန်းလေလေ'ဖြစ်ဖြစ် သွားကြတော့တာချည်းပဲ။ ဒါမျိုးက ကျွန်တော်တို့လို အနီးကပ် ဝင်ထွက်သွားလာထိတွေ့ဆက်ဆံနေရတဲ့သူတွေပဲ သိတာဗျ။ ကိုယ့်စားဝတ်နေရေးကိုမှ အနိုင်နိုင် ရုန်းကန်ရှာဖွေနေကြရတဲ့ အများစုလူမွဲထုကြီးက သိတာမဟုတ်ဘူး။ အောက်ခြေမှာက သမင်မွေးရင်း ကျားစားရင်း ဖြစ်နေတုန်းပဲဥစ္စာ'

ဖိုးတာကလည်း ဘယ်တုန်း ဘယ်ကာလကတည်းက မျိုသိပ်ထားခဲ့ရတဲ့ 'အောင့်လုံး'ကြီးတွေရယ် မသိဘူး၊ မနားတမ်း ပြောချသွားလိုက်တာမှ ဆည်ဝကရေတံခါး ဖွင့်ပေးလိုက်တဲ့ အတိုင်းပဲ။

'မင်း ပြောသွားတာတွေက ဟိုဘက်ခေတ်တွေတုန်းက ဖြစ်ခဲ့တဲ့ဖြစ်စဉ်ဟောင်းတွေပါကွာ၊ အခုအစိုးရသစ်လက်ထက်မှာ အဲဒီပုံစံတွေကို ပြောင်းပစ်နေပါပြီ။ ကဲ မင်း ပြောသလို ခုအချိန်အထိ အောက်ခြေမှာ သမင်မွေးရင်း ကျားစားရင်း ဖြစ်နေတုန်းပဲဆိုတာကိုကော အထက်က၊ အပေါ်က လူကြီးတွေက မသိဘဲနေမတဲ့လား၊ မသိကြဘူးလို့ ထင်သလား'

ကိုဘမောင်က ကျွဲမြီးတိုသံနဲ့ ဝင်ထောက်တော့ ကိုမျိုးမြင့်က ဖျတ်ခနဲ လှမ်းကြည့်ရင်း ဝင်ဆွေးနွေးပြန်တယ်။

'ခင်ဗျားကလည်း အထူးအဆန်းလုပ်ပြီး မေးနေပြန်ပြီ။ ခေတ်အဆက်ဆက် ကတည်းက 'သိပါတယ်'ပဲ ပြောခဲ့ကြတာပဲဗျ။ သိတာက တခြား၊ ထိထိရောက်ရောက် အရေးမယူခဲ့ကြတာကတခြားပဲ။ ဒါလည်း သတိမမူလို့ ဝူမြင်တာက တစ်ဝက်၊ ဝူမြင်သည့်တိုင် ဒီးခုတ်နဲ့ ကြက် တစ်ဝိုက်ဝိုးတုန်းဆိုသလို ပုလင်းတူ ဘူးဆို့တွေ ဖြစ်ကုန်ကြပြီမို့ သူပါးကို ကိုက်ရင် သူကလည်း ငါ့နားကို ပြန်ကိုက်ချည်ရဲ့ဆိုပြီး ရူးချင်ယောင်ဆောင်နေခဲ့ကြတာက တစ်ဝက်နဲ့ တစ်နိုင်ငံလုံး မှောက်ကုန်ခဲ့ကြရတာ မဟုတ်လား။ ဒီပုတ်ထဲရောက်လို့ ဒီပဲတွေချည်းဖြစ်ကုန်ကြချိန်ကြီးကျမှ 'သူတို့ထက်ထူးပြီး ငါက စုန်းပြုံးလုပ်မကွ'ဆိုတဲ့ သူလည်း နာဖို့သာပြင်။ နေ့ခင်းဘက်ကြီးကို ကယောင်ကတမ်းနဲ့ အချိန်မှားထွက်လာတဲ့ ဇီးကွက်လို၊ ဖလံဖြူလို၊ လင်းဆွဲလို ညဉ့်မျိုးကို ကျီးကန်းတွေက အုပ်စုလိုက် ဝိုင်းထိုးဆိတ်သမကြသလိုမျိုး အပြုတ်ဖြုတ်ခံရပြီသာမှတ်။ ကျီးကန်းဆိုတာမျိုးက ဝိုင်းအာတဲ့နေရာမှာ ဘက်မရှိသတ္တဝါတွေဗျ။ တစ်လှေလုံးပုပ်နေမှတော့ ငါးခုံးမအကောင်းကလည်း မလတ်ဆတ်သာတော့ဘူးလေ။ ရေများရေနိုင်၊ မီးများမီးနိုင်ပဲ။ ပြီးခဲ့တဲ့ခေတ်တွေတုန်းက က,ခဲ့ကြတဲ့ပြဇာတ်တွေက အဲဒီ ဇာတ်ညွှန်းမျိုးချည်းပဲ။ ဇာတ်ဆောင်မင်းသားသာ ပြောင်းသွားတယ်၊ သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်က ပုံသေပဲ။ ဖြစ်စဉ်က ဒါပဲ'

ကိုမျိုးမြင့်စကားက မှန်နေပြန်တော့ အားလုံး စိတ်မသက်မသာဖြစ်ကြရပြန်တယ်။ အဲဒီတုန်း ဖိုးတာက ဝင်လာပြန်ရော။ 'အခုလည်း ပြောရမယ်ဆိုရင် ငါတို့ သဘောကျလို့ ဝိုင်းမဲပေးပြီး တင်လိုက်တဲ့ လူတော့ အုပ်ချုပ်ရေးမှူးနေရာရသွားပဟဲ့ဆိုပြီး အရမ်း

www.burmeseclassic.com

www.burmeseclassic.com

ကိုကျောက်ခဲ သက်ပြင်းသာ ချမိတော့တယ်။ ကျန်တဲ့သူတွေကလည်း ဘယ်လိုခံစားချက်တွေ ဝင်လာကြလို့လဲ မသိဘူး။ သက်ပြင်းတွေ အပြိုင်ချကြလို့။ ဆန်းတော့ မဆန်းပါဘူးလေ။ သူသူငါငါ ဒီအကြောင်းကို တွေးမိကြ၊ စကားဝိုင်းဖွဲ့မိကြရင် ဒီလိုပဲ သက်ပြင်းတွေချမိကြမှာပါပဲ။ ဒီမှာတင် ဟောဒီ အောက်ခြေက လူထုကြီးရဲ့ အဲဒီလို သက်ပြင်းလေပူတွေကိုများ တစ်နိုင်ငံလုံး ပေါင်းစုလိုက်ရရင် နေပြည်တော်မိုးလေဝသဌာနကနေပြီး ရေဒီယိုနဲ့ ရုပ်သံမီဒီယာတွေကတစ်ဆင့် နာဂစ်ထက် ပိုပြင်းထန်နိုင်ဖွယ်ရှိတဲ့ ထူးဆန်းသော အမည်မသိ လေပူစီးကြောင်း ဆိုင်ကလုန်းကြီး တစ်ခု မြန်မာနိုင်ငံတွင်းမှာ ဖြစ်ပေါ်နေပါတယ်လို့ မုန်တိုင်း ကြိုတင်သတိပေးချက် သတင်းထူးမျိုးများ 'အလန့်တကြား' ထုတ်ပြန်ကြေညာလေဦးမလား မသိဘူးဆိုတဲ့ ချော်တောင့်ချော်တောင့် အတွေးကပေါက်ပေါက်ရှာရှာ ဝင်လာလိုက်သေးရဲ့။ အဲဒီထော်လော်ကန့်လန့်အတွေးကြီးကြောင့် ကိုကျောက်ခဲမှာ ကိုယ့်ဟာကိုယ် ချောက်ချားပြီး မထိတ်သာ မလန့်သာ ရှိလိုက်ရတာ မပြောပါနဲ့တော့။ အမှန်ကတော့ သူဟာသူတစ်ယောက်တည်း ကြိတ်မှိတ်ဖြစ်နေတာပါ။ သူဝိုင်းထဲက လူတွေကဖြင့် အပြိုင်အဆိုင် သက်ပြင်းချလို့ ကောင်းနေကြတုန်း ရှိပါသေး။ ■

နန္ဒာစိုး

ရှည်ကြိုးတွေ ပြိုင်တူချပြီး ငုတ်တုတ်မေ့သွားကြတာ အကြာကြီး။ ဒါပေမဲ့ အဲဒီလို ငြိမ်ကျသွားရကောင်းလား၊ ဆက်မဆွေးနွေးနိုင်ဘဲ ဝိုင်တွေကျသွားကြရကောင်းလားလို့တော့ ကိုကျောက်ခဲက ဘယ်သူ့ကိုမှ အပြစ်မမြင်၊ အပြစ်မတင်ချင်တော့ပါဘူး။ ဟုတ်တယ်လေ၊ အောက်ခြေမှာ ခုအချိန်အထိ ဒုတက်တောထ၊ လို့ကောင်းနေဆဲ ပေါင်းပင်တွေက ဘုရားဒကာ ဦးဖိုးတုတ်ကို 'လမ်းမတော်ဖိုးတုတ်' ဖြစ်အောင် သွေးဆောင်ဖျက်ဆီးခဲ့သလိုမျိုး အခုအကြိမ်မှာ အသစ်တင်ပေးလိုက်ကြတဲ့ မြန်မာနိုင်ငံအနှံ့ အနယ်နယ် အရပ်ရပ်က 'လူတော်လူကောင်းလူသစ်မောင်စော' ကလေးတွေကို 'ဂဠုန်စော' တွေချည်း ဖြစ်ကုန်အောင် မဖြားယောင်းမဖျက်ဆီးပါဘူးလို့ ဘယ်သူတာဝန်ယူဝံ့လို့လဲ။ မနေ့တစ်နေ့တုန်းက နန်းရင်းဝန် ဝန်ကြီးချုပ်က နောက်တစ်နေ့မှာတင် အရွှင်လတ်လတ်ကြီး တိုင်းပြည် သစ္စာဖောက်ဖြစ်သွားခဲ့တယ်ဆိုတာက ဒဏ္ဍာရီပုံပြင်တစ်ပုဒ်မှ မဟုတ်ခဲ့တာကလား။ ဒါမျိုးက နှစ်ထပ်ရှိမှ မှတ်မိစရာမျိုးမဟုတ်ဘူး။ တစ်ထပ်တည်းနဲ့ အသည်းနှလုံးမှာ ကျွဲပခုံးထ၊ ခဲ့ကြရတာမှ အတိတ်က တစ်ခုသော ဇူလိုင်လထဲမှာ မြန်မာတစ်နိုင်ငံလုံး တက်ခေါက်သံတည်ညံ၊ ငိုရှိက်သံ တသဲသဲနဲ့ ကြေကွဲခဲ့ကြရဖူးခဲ့ပြီ မဟုတ်ဘူးလား။

ဒီအကြောင်းက ခေါင်းထဲ ဖျတ်ခနဲ စင်လာတော့ ရောဂါ 'ကတော့ ကုရာနတ္ထိ ဆေးမရှိတဲ့ တကယ့် နာတာရှည်ရောဂါကြီးပါလားကွ'

ကိုထွန်းဝေရဲ့ ညည်းချင်းက တကယ်ဟာသ မြောက်ပါတယ်။ ဒါပေမဲ့ 'ရယ်စရာ မောစရာ' ဆိုတဲ့ အတိုင်း ရယ်စရာနောက်မှာ မောစရာ ကပ်ပါလာတဲ့ ဟာသမျိုးကြီး။ ဘယ့်နယ် 'လေးဖက်နာ' ကို မနီးယိုးစွဲ အတုယူပြီး တပ်လိုက်တဲ့ ရောဂါသစ်နာမည်က 'လေးနှစ်နာ' တဲ့။ ကြဲကြဲဖန်ဖန် ပြောတဲ့သူ။ လက်စသတ်တော့ ငါတို့အားလုံး နှစ်ပေါင်းများစွာ ကျောကော့အောင် ခံလာခဲ့ရတဲ့ ရောဂါက လေးနှစ်နာဆိုပါကလား။ မြန်မာစကားမှာ 'မိအေးနှစ်ခါနာ' ဆိုတာရှိပေမဲ့ ငါတို့ ခံခဲ့ကြရတာကတော့ မိအေးဆယ်ခါနာတောင် မကတော့ဘူးဟ။ ဖြစ်မှ ဖြစ်ရလေ' လို့ပဲ ရင်ထုမနာ ကုန်းကုန်းပြီး ဟစ်ရတော့မလိုလို။ ဟုတ်သလေ။ လေးနှစ်ကို တစ်ခါသတ်မှတ်ရင် မိအေးဆယ်ခါနာတာမှ နှစ် ၄၀ ပဲ ရှိသေးတာကလား။ အခု အားလုံး ဖြတ်သန်းခဲ့ကြရတဲ့ နှစ်တွေက…။

ကိုကျောက်ခဲကတော့ 'အင်း ၄ နှစ်နာ၊ ၄ နှစ်နာ' လို့ပဲ စိတ်ထဲက သံယောင်လိုက်နေမိတယ်။ တစ်ဝိုင်းလုံးလည်း ငြိမ်ကျသွားတယ်။ ဘယ်သူ့ကိုမှ မယုံရဲ၊ စိတ်မချရဲတဲ့ နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုး အတွေးအခြေတွေကပဲ သူတို့အားလုံးကို ပါးစပ်ပိတ်သွားစေခဲ့တာလား မပြောတတ်ဘူး။ သက်ပြင်းစိတ်ချနေလို့ မဖြစ်သေးဘူး ဦးလေးတို့ရေ၊ အပေါ်က ရွှေသလို အောက်ခြေကပါ အချိုးညီညီ လိုက်ရွှေ့မရွှေ့စောင့်ကြည့်ကြရဦးမှာပဲ။ စိုက်လိုက်တဲ့အပင်က ဖြစ်မလာတာပြောလို့၊ အောက်ခြေမှာ ပေါင်းပင်တွေ ထ၊နေတာက ဒုတက်နေတုန်းပဲ ဥစ္စာ။ အဲဒီပေါင်းပင်တွေကို အရင်ဆုံး အမြစ်လှန်ပစ်နိုင်မှ ဒီအပင် အညွှန့်လှူ နိုင်မှာ။ ဒါကို အားလုံး သိထားကြဖို့ လိုတယ်ခင်ဗျ'

ဒီတော့ ကိုထွန်းဝေက တစ်စခန်းထ၊ပြီး ညည်းလိုက်လို့ အားလုံး ရယ်ဖြစ်ကြရပြန်တယ်။

'ဒုက္ခပဲဟော့ မင်းပြောသလိုသာဆိုရင် ငါတို့ အခုမဲပေးရွေးချယ်လိုက်တဲ့ လူတော်လူကောင်းကလေး ကိုမောင်စောဟာ မ.ဆ.လ နဲ့ စစ်အာဏာရှင်ခေတ်လက်ကျန်ကွန်ဆာဗေးတစ် ဦးပါကြီး ခတ်ကွင်းပြင် တောကစားရာ အန္တရာယ်ဇုန်ထဲ ရောက်ရှိသွားခဲ့ပြီလို့ မှတ်ယူရမလိုပါလား။ ဘုရား… ဘုရား တစ်နှစ်၊ နှစ်နှစ် အတွင်းမှာတင် ဒေဝဒတ်နဲ့ ပေါင်းမိတဲ့ အဇာတသတ်လို ဖြစ်သွားဦးမယ်ဆိုရင်တော့ သွားပြန်ပြီပေါ့ကွာ ဒီလေးနှစ်။ အဲဒီလေးနှစ်သက်တမ်းမကုန်မချင်း ငါတို့ အောက်ခြေကလူတွေတော့ နာဦးမယ်၊ တောက်… လေးဖက်နာရောဂါကမှ ဖြစ်လာရင် ကုစရာ ဆေးမြီးတိုး၊ ဆေးမြီးရှည် အမျိုးမျိုး ရှိသေးတယ်။ ငါတို့အောက်ခြေကလူတွေ ခံစားရတဲ့ အဲဒီ 'လေးနှစ်နာ

www.burmeseclassic.com

ရဟန်းတို့၏ ဘဝကို အခြေခံ၍ ရသပုံစံဖွဲ့ထားသော ဝတ္ထုတိုများ...

တက္ကသိုလ်သုဝီရ

ရဟန်းပျိုရဲ့ ရင်ဘတ်တစ်ခြမ်းနှင့်

ရသဝတ္ထုတိုများ

ဖြန့်ချိရေး–မျိုးဆက်သစ်စာပေ
၀၉ ၄၂၀ ၂၂၂ ၉၆၂၊ ၀၉ ၄၂၀ ၀၈၃ ၆၈၈

www.burmeseclassic.com

www.burmeseclassic.com

စိတ်နှံ

အပိုင်း

၁။

သေသူရဲ့အလောင်းကို
အသုဘပို့တဲ့သူတွေ
ကြည့်နိုင်အောင်
အရှုခံပြင်ဆင်
ပြသထားတယ်။
ကိုယ်လည်း
သူများနည်းတူ
တရွေ့ရွေ့နဲ့ အဲဒီ
ပြင်ဆင်ထားတဲ့ရှေ့ကို တိုး
သွားကြည့်ဖြစ်လိုက်တယ်။
သေသူရဲ့အသားအရေဟာ
ပင်ကိုမည်းမှောင်တာလား၊
ဒါမှမဟုတ်
သေပြီးမှ မည်းမှောင်သွား
တာလားတော့
မသိဘူး။ အတော့်ကို
မည်းနေလေရဲ့၊
ကိုယ်လည်း ခုအချိန်ထိ
အသုဘတော်တော်များများကို ပို့ခဲ့ဖူးပါတယ်။ ဒီလောက်ထိ
တော့ မည်းတာ မမြင်ဖူးသလားလို့လေ။ ဘေးနားက အတူတူ
ရပ်ကြည့်မိတဲ့သူတချို့ရဲ့ 'မော်ကြီးက မော်ကြီးက' ဆိုပြီး နာမ်
စားသုံး ပြောပြောနေတာကို ကြားပြီး သေသူ မော်လင်းနိုင်ဟာ
ရင်းနှီးသူတွေ အခေါ်အရ မော်ကြီးဖြစ်လိမ့်မယ်လို့ နားလည်
မိလိုက်တယ်။ မော်ကြီးရဲ့ အသုဘကိုရှုရင်း ကျပ်ပိတ်နေတဲ့
ကိုယ့်ဝင်သက်တွေဟာ ဝိုတောင် ကျပ်လာသလိုပဲ၊ အသက်ကို
ပါးစပ်ဟ မနည်းရှူလိုက်ရင်း မျက်စိ၊ မျက်နှာအပျက်ပျက်
နဲ့ပဲ ထိုင်ဖို့ ခင်းကျင်းထားတဲ့ ပလတ်စတစ်ခုံအပြာလေးတွေ
ဘက် ကိုယ် လျှောက်လာခဲ့တယ်။

ဩော်... ကျေးဇူးတင်စရာကောင်းလိုက်တာ။ အသက်
ရှူကျပ်နေတဲ့အချိန် ဒီလိုရေသန့်ပုလင်းလေး လက်ထဲရောက်
လာတာ အတော့်ကို ကျေးဇူးတင်ဖို့ ကောင်းတာပဲ။ ကြွပ်ကြွပ်
အိတ်သေးသေးလေးထဲက ရေသန့်ကိုထုတ်ပြီး ကိုယ် တဝ
သောက်မိတယ်။ မကုန်ပါဘူး။ ပြန်ထည့်ရင်း အိတ်ထဲပါလာ
တာလေးတွေ ကြည့်မိတော့ ချိုချဉ်လေး သုံးလုံးရယ်၊ တရား
စာအုပ်သေးသေးလေးတစ်အုပ်ရယ် အတူကမ်းထားတာကို တွေ့
လိုက်တယ်။ စာအုပ်လေးနာမည်က ကျေးဇူးပြု၍ အမျှဝေပါ
တဲ့။ တကယ်ဆို ကိုယ်က ဗုဒ္ဓဘာသာဝင်မဟုတ်ပါဘူး။ ဘာသာ
ခြားတစ်ယောက်ပါ။ ဒါပေမဲ့ သေသူကို ရှင်သူက အမျှဝေ
ကောင်းတယ်၊ ဝေရတယ် ဆိုတဲ့ ထုံးတမ်းစဉ်လာကို ကြားဖူး
ပါတယ်။ ကောင်းမှုကုသိုလ်တစ်ခုခု လုပ်ပြီးတိုင်း သေသူ
အတွက် အမျှဝေပေးတာ ဘာသာခြားခြင်း၊ မခြားခြင်းနဲ့ မဆိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘူးလို့ ကိုယ် ထင်တယ်။ လုပ်ပေးဖြစ်မှာပါ။ ကိုယ်တို့ ဘာသာထုံးတမ်းစဉ်လာအရ ရော၊ သေသူရဲ့ဘာသာအယူ အရရော ကိုယ် လုပ်ပေးဖြစ်မှာ။ အခုအချိန်မှာ ကိုယ့်တစ် ကိုယ်လုံးပေါ် ကျောက်တုံး ကြီးတစ်တုံး ဖိထားသလို လေးလံနေတဲ့ ခံစားမှုကြီး လွတ်မြောက်သွားဖို့ ကိုယ် ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်ပေးမှာပါ။

'မော်ကြီးက ဒီတစ် ခေါက်ပြန်ရင် ဟိုမှာ မင်္ဂလာ ဆောင်တော့မှာ၊ အကုန်လုံး အဆင်သင့်ဖြစ်နေပြီ။ အန်တီ သက်တို့ကလည်း မော်ကြီး လုပ်ကျွေးလာတာ ကြာပြီဆို တော့ ခွင့်ပြုပါတယ်။ ဟိုမှာ ကောင်မလေးကလည်း မျှော်နေရှာတာ။ သူတို့သူဌေးက လည်း အကုန်အကျခံပြီး မင်္ဂ လာဆောင်ပေးမယ်ပြောထား ပြီးသားတဲ့၊ ဒီက သတင်းကို ကြားတော့ ယုံတောင် မယုံ နိုင်ကြဘူး။ ကောင်မလေးက ဖုန်းလည်းပြောပြီးရော ရှောခ် ဝင်ပြီး သတိကိုလစ်သွားတာ တဲ့'

ကပ်လျက် နောက်ခုံ တန်းဆီက စကားသံက ပီပီ သသကြီး ကိုယ့်ဆီကို လှှဲကျ လာတယ်။ ခုနက ရေ သောက်လိုက်လို့ အသက်ရှူ ကောင်းသွားတဲ့ ကိုယ့်ဝင် သက်ထွက်သက်တွေ ပြန် ကျပ်လာသလိုပဲ။ ဒါနဲ့ပဲ စလင်းဘက်ထဲက ဆောင်နေ ကျ နဲ့သာယပ်တောင်လေးကို ထုတ်ပြီး လေရှူလိုက်ကောင်း အောင် အသာထုတ်ခတ်နေမိ တယ်။ ကိုယ့်ဘေးက အမျိုး သမီးကြီးက ကိုယ်ခတ်လိုက်

ဦးသားကို
ဒီနှဲ့ကာ
ဆွဲမထုတ်နိုင်လဲ
ဦးသားနဲ့
ဝေးဝေးသာ
နေပေးစမ်းပါ
ညည်းကပါ
ဒုက္ခ
ထပ်မပေးချင်
စမ်းပါနဲ့
အာရုံတွေ
နောက်ပြီး
ရူးချင်လို့ပါအော
သူနဲ့
ဝေးဝေးနေစမ်းပါ
တဲ့လား
ရုတ်စရာ
ကောင်းလိုက်တာ

တဲ့လေကြောင့် ထင်ပါရဲ့၊ လှည့်ကြည့်ပြီး မိတ်ဖွဲ့တဲ့ အပြုံးနဲ့ ပြုံးရင်း 'ရာသီဥတု ကလည်း ပူလိုက်တာနော်' တဲ့လေ။ ဟုတ်တယ်လို့ ပြန် ထောက်ခံလိုက်တဲ့ ကိုယ့်အသံ က ခြောက်ကပ်ကပ် အက် တက်တက်နဲ့မို့ အသံထွက် အောင် အဟမ်းခနဲ လည် ချောင်းရှင်းလိုက်ရသေးတယ်။

'ဒီလောက် ပူနေရင် ရာသီဥတု ဖောက်ပြန်မှာ ကြောက်ရတယ်။ ကျွန်မက ဆူနာမီတွေ ဘာတွေ မကြောက်ဘူး၊ ကျွန်မတို့ နေရာက ဆူနာမီဖြစ်စရာ နေရာမှ မဟုတ်တာ၊ လျှောင် လှုပ်မှာသာကြောက်တာ၊ သိ တယ်မလား၊ လျှောင်ဆို ပြေး ပေါက်ကို မရှိတော့ဘူးလေ'

'ဟုတ်တယ် ဟုတ် တယ် လျှောင်တော့ ကြောက် တယ်၊ ဒီမှာက ဘယ်နားသွား ပြေးမလဲ'

အလဲ့ မဆိုးဘူး၊ ကိုယ့် အသံပြန်ထွက်လာပြီ။ ဘေး နား က အမျိုးသမီးကို ကောင်းကောင်းမွန်မွန် စကား ပြန်ထောက်လိုက်နိုင်တယ်။ အမျိုးသမီးကြီးကလည်း ဒီလို ငေါင်တောင်ပေါင်တောင် ထိုင်နေရတာထက် စာရင် စကားပြောဖော်ရသွားပြီဆိုတဲ့ ပုံနဲ့ ကိုယ့်ဘက်ကို သိသိသာ သာ လှည့်ထိုင်လိုက်တယ်။

'ကျွန်မ ထင်တယ်၊ ဒီ လောက် ရာသီဥတု ပူနေတာ လူတွေ တစ်ခုခုတော့ ဖြစ် တော့မယ်ဆိုတာ သိနေတယ်၊ အညာမှာဆိုလည်း ပူလွန်းလို့ သေကြတာ အများကြီးပဲ။ အမျိုးတွေ မနေ့က ဖုန်းဆက် လို့ သိတာ၊ ကျွန်မတို့က အညာသူလေ'

'ဪ ဟုတ် အညာ ကလား'

'ဟုတ်တယ် အညာက၊ ရန်ကုန်ရောက်တာတော့ ကြာ ပါပြီ၊ ကျွန်မက အိမ်နီးနား ချင်းတွေမှာ အသက်ကြီးတဲ့ သူတွေအတွက် တွေးပူနေ တာ၊ မနေ့ကလည်း ဘွားမြင့် ကို တွေ့တုန်း ရေချိုမိုးချိုး သတိထား ဘာညာ သတိ ပေးနေသေးတာ၊ ဩော် သမီးက အသစ်ပြောင်းလာ ရာပဲ၊ ဘွားမြင့်ကို ဘယ်သိ မလဲ၊ သိလား ဘွားမြင့်ကို'

'အမ် ဘွားမြင့် သိဘူး ရှင့်'

'ဩော် အင်း ဘယ်သိ မလဲ၊ ဒါနဲ့ ပြောရဦးမယ် အခု ကျွန်မအထင်နဲ့အမြင်က ပါ စင်အောင်လွဲတာပဲ၊ မော်ကြီး ပြန်ရောက်နေတာ သိတယ်၊ တစ်နေ့ကလေးတင် သူနဲ့ ကျွန်မ လမ်းထိပ် ကွမ်းယာ ဆိုင်နား တွေ့သေးတာ၊ သူ လက်ထဲ ဆေးလိပ်တွေရော၊ ကွမ်းတွေရော ကိုင်ထားတာ ဆိုတဲ့ ဒါတွေ ကောင်းကျိုး မပေးဘူးဆိုတာ ဆုံးမလိုက် သေးတယ်။ မော်ကြီးဆိုတာ ကျွန်မတို့ ထိန်းလာတာလေ၊ ကျွန်မတို့ရှေ့ လူဖြစ်လာတာ၊ ဘယ်ခြိန် ပြန်တွေ့တွေ့ ပြော လိုက်ရင် ဟုတ်ကဲ့၊ ဟုတ်ကဲ့နဲ့ အင်မတန် လိမ္မာတာ၊ အခု တော့...'

ဟော သူ ငိုချလိုက်ပြီ။ ကိုယ့်ရင်ထဲလည်း ဆို့သွား လိုက်တာ ရင်ဘတ်ကြီးတစ် ခုလုံးတောင် အောင့်လာသလို ပဲ။ ဆက်ထိုင်နေရင် ဒီထက် ပိုရုပ်ပျက်တော့မယ်။ ဘေး က အမျိုးသမီးကြီးကို နည်း နည်းမှ မဖေးမနိုင်တော့ဘဲ ကိုယ့်ဟာကိုယ် ဖေးမဖို့ ကိုယ် လမ်းထ၊ လျှောက်ဖြစ်တော့ တယ်။ ဘေးလေးကို အသာ ထွက်ပြီး ဝေးဝေးက မြင်ကွင်း တွေကိုငေးကြည့်ရင်း အသက် ကို လုရှူနေတုန်း ဘေးနား ဆီက သည်းအူကြိုးပြတ် ကျိတ်ရှိက်ငိုတဲ့အသံတစ်ခု၊ လွမ်းစရာကောင်းလိုက်တာ၊ နာကျင်ကြေကွဲစရာကောင်း လိုက်တာ။ ခုနက ကိုယ့်ဘေး က အမျိုးသမီး ငိုတယ်ဆိုတဲ့ အသံက ငိုသငိုပေမဲ့ ပမ်း နည်းစရာပဲ ကောင်းတယ်၊ နာ

www.burmeseclassic.com

www.burmeseclassic.com

ဆေးစွဲနေတဲ့ မိန်းမတစ်ယောက်မဟုတ်၊ ခေတ်ပေါ် လော်လည်တဲ့မိန်းမသားလည်း မဟုတ်။ အဓိက အချက်က သူ့ကို ဆေးသမားမှန်းသိသိနှင့် ချစ်ခဲ့မိခြင်း မဟုတ်၊ ချစ်ပြီးမှသာ သူ့အမူအရာတွေကို မသက်ာဖြစ်ရင်း ဖြစ်ရင်းနဲ့ နောက်ဆုံးမှာ သူဟာ မူးယစ်ဆေးဝါးကို ငြိတွယ်ပတ်သက်နေသူဆိုတာ သိလိုက်ရတာလေ။ ဒါပေမဲ့ ကြိုက်သလိုသာ ကျိန်ဆိုလွှားပါ။ သူဆေးစွဲတယ်ဆိုတာ ဘာဆေးကို စွဲတာလဲ၊ သူ ဘယ်လိုစွဲတာလဲ၊ ဘယ်အချိန်မှာ ငြိတွယ်တတ်တာလဲ၊ ဒါတွေ တစ်ခုမှ မသိရေးချမသိ။ သူ့ကိုယ်ဟန် ဖြူဖျော့ပိန်နွဲ့လာတာ၊ ပြီးတော့ ပိုက်ဆံ အသုံးကြမ်းလာတာ၊ ပြတ်လပ်သွားတဲ့အချိန်အခါတွေမှာ ကိုယ့်ဆီက မရှက်မကြောက် ပိုက်ဆံချေးတတ်တာ၊ သူဆေးပြတ်နေတဲ့အချိန်တွေမှာ နှစ်ကိုယ်တူ တွေ့ဆုံချိန်ဆို ကိုယ့်အပေါ် ဘယ်လိုမှ စိတ်ဝင်စားမှုမရှိ ကျီးကန်းတောင်းမှောက်ဖြစ်နေတတ်တာ၊ ဒါတွေကို အကဲခတ်ရင်း ပတ်ဝန်းကျင်အသံကို ပြန်ကြားရင်းကြောင့်သာ ချစ်သူဟာ ဆေးသမားတစ်ယောက်လို့ လက်ခံလိုက်ရတဲ့အဖြစ်။ ကိုယ်ချင်းစာစိတ်များ ထားကြပါဦးလား မတော်ရသေးတဲ့ အမေရယ်။

'ငါ့သားကို ဒီနှံက ဆွဲမထုတ်နိုင်လဲ ငါ့သားနဲ့ ဝေးဝေးသာနေပေးစမ်းပါ။ ညည်းကပါ ဒုက္ခထပ်မပေးချင်စမ်းပါနဲ့၊ အာရုံတွေ နောက်ပြီး ရူးချင်လို့ပါအေ၊ သူနဲ့ ဝေးဝေး

သူဟာ ကိုယ့်အတွက် ပထမဆုံးချစ်သူ ဆိုတာတော့ ဘယ်သူကိုမဆို ဝန်ခံရဲပါတယ် ပထမဆုံး အချစ်ကို ဖြတ်တောက်ပစ်ဖို့ ဆိုတာ ကိုယ့်အသားကိုယ် ဓားနဲ့လှီးရသလို ဘယ်လောက် နာကျင် ပင်ပန်းတယ် ဆိုတာ ခံစားဖူးတဲ့ သူတွေမှ သိမှာ

လောက်ပါဝင်နေခဲ့ပါသလဲ။ အယူခံဝင်ပါရစေ ဖာ့ရား သခင်။ ကျေးဇူးပြုပြီး ကျွန်တော်မျိုးမ၏ အပြစ်များကို ဖြေလျှော့ပေးတော်မူပါ။

❑

၂။

အဲဒီနေ့က စိတ်တွေ လေးလံနောက်ကျိနေခဲ့တယ်။ ကိုယ့်ရဲ့ နေရာထိုင်ခင်း အသစ်ပြောင်းလဲမှုအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်လို့မှ အတောမသတ်သေးတဲ့ အချိန်တွေမှာ ချစ်သူရဲ့ စိတ်ဒဏ်ပေးမှုက လူကို နှစ်ဆပင်ပန်းစေတယ်။ အလုပ်လည်း မသွား၊ ဈေးလည်း မသွား၊ ဘယ်မှလည်း မသွား ဖြစ်ဘဲ သုံးရက်တိတိ အိမ်ထဲအောင်းနေခဲ့ပြီး ဒီချစ်သူကို စွန့်ပစ်ဖို့ အားမွေးနေမိတယ်။ ကိုယ့်အတွက် ပြတ်သားဖို့ အချိန်ရောက်နေပြီမှန်းသိပေမဲ့ ပြတ်သားလိုက်ရင် ကိုယ် ပြန်ခံစားရမယ့်ဒဏ်ရာ အတိမ်အနက်ကိုလည်း သိနေတာမို့ အားမွေးဖို့တော့ လိုတယ်လေ။

ဒီတစ်ခါတော့ ကိုယ့်အဖြစ်က တကယ် အထိနာတယ် ပြောရမယ်။ အရွယ်ရောက်မိန်းမတစ်ယောက်က သူနဲ့ အရွယ်တူ ယောကျ်ားတစ်ယောက်ကို လွတ်လပ်စွာ ချစ်မိခြင်းရဲ့နောက်ကွယ်မှာ သူ့အမေရဲ့ အထင်သေး အမြင်သေးမှုကိုပါ သူကြောင့် ခံနေရတာ ဘယ်လောက်များ စိတ်ထိခိုက်စရာကောင်းလဲနော်။ ဘယ်မိန်းမသားကများ ကိုယ့်ချစ်သူ ဆေးသမားတစ်ယောက်ဖြစ်နေတာကို ဒီအတိုင်း လက်ခံချင်မှာတဲ့လဲ။ ပြီးတော့ ကိုယ်ကိုယ်တိုင်က

ကျင်မှုကို ထပ်တူမခံစားစေဘူး။ ဒီငိုသံကတော့ သူနဲ့ ထပ်တူထပ်မျှ နာကျင်ကြေကွဲစေအောင် စွမ်းအားကြီးလှတယ်။

'အမေရယ် လာပါ ခုံမှာ လာထိုင်ပါ။ အမေ့လိုပဲ ဘယ်သူမှ မဖြေနိုင်ကြဘူးလေ၊ အမေငိုနေရင် သမီး ပိုခံစားရတယ်၊ အဖေ့ကို လည်း သနားပါဦး'

'အမေ မဖြေနိုင်လွန်းလို့ပါ သမီးကြီးရယ်၊ မဖြေနိုင်လွန်းလို့ပါ၊ ဒါကြောင့် အမေ ဒီနားမှာ လာကျိတ်ငိုနေတာပါ။ အမေ ညည်း အဖေကိုလည်း မကြည့်ရက်ဘူး၊ သမီးကြီး အမေ့ကို အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်၊ အမေ့ကို ပြောပါဦး သမီးရယ်၊ အမေ့ကို မော်ကြီးနောက်နေတာ မဟုတ်လားဟင်'

သမီးကြီးဆိုသူထံက ဘာသံမှ ထွက်မလာတော့ဘူး၊ အိုး သူတို့သားအမိနှစ်ယောက် ဖက်ငိုနေကြပြီ။ တစ်ယောက်ကိုတစ်ယောက် သက်သာလို သက်သာငြား ဖက်ပြီး ငိုနေကြပေမဲ့ နှစ်ယောက်လုံးရဲ့ရင်ထဲမှာ ဘယ်လောက်တောင် ပူလောင်ပြင်းပြနေကြမလဲဆိုတာ မြင်တာနဲ့ သိသာလွန်းပါရဲ့။ သူတို့ပြောခါမှ သေသူရဲ့ အဖေရှိတဲ့နေရာကို ကိုယ် လှမ်းကြည့်ဖြစ်တယ်။ ပြင်ဆင်ထားတဲ့ သေသူရဲ့မှန်ခေါင်း ခေါင်းရင်းမှာ မမှိတ်မသုန် မျက်ဝန်းတွေနဲ့ သားကို စိုက်ကြည့်ရင်း မျက်ရည်တွေတွေကျနေတဲ့ဖခင်တစ်ယောက်ရဲ့ မြင်ကွင်းဟာ မြင်ရက်စရာ မရှိဘူး။ ပါးစပ်က စကားတစ်ခွန်းမှမပြောဘဲနဲ့ အပြီးထွက်ခွာသွားတော့မယ့် သားကို မခွဲနိုင် မခွာရက် မပစ်ရက်ဘဲ ရင်ကွဲပက်လက်ဖြစ်နေတဲ့ ဖခင်အိုတစ်ဦးရဲ့ရုပ်သွင်ဟာ ကိုယ့်စိတ်တွေကို ပိုနာကျင်လဲပြိုစေပါတယ်။

အို... ဘုရားသခင် ကျွန်တော်မျိုးမဟာ အပြစ်သားတစ်ယောက်ဖြစ်သွားခဲ့ပြီလား။ ဒီ မော်ကြီးဆိုတဲ့ သားလိမ္မာတစ်ယောက် သေဆုံးမှုမှာ ကျွန်တော်မျိုးမရဲ့ လျစ်လျူရှုမှုတွေ ရာခိုင်နှုန်း ဘယ်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဟာ လူသား တစ်ယောက်ပါ ပြီးတော့ မိန်းကလေး တစ်ယောက်ပါ ခံစားတတ်တယ် အားငယ် တတ်တယ် ကြောက် ချောက်ချား တတ်ပါတယ် ပြီးတော့ ရှက်လည်း ရှက်တတ်တယ်

ခံစားတတ်တယ်၊ အားငယ်တတ်တယ်၊ ကြောက်ချောက်ချားတတ်ပါတယ်။ ပြီးတော့ ရှက်လည်းရှက်တတ်တယ်။ အဲဒီရက်ပိုင်းတွေမှာ ကိုယ့်စိတ်တွေဟာ အထိတ်ထိတ်အလန့်လန့်နဲ့ ပိုးဟပ်ပျံတာကိုတောင် တဆတ်ဆတ်တုန်ယင်ထိတ်လန့်သွားမိတတ်တာမို့ ပုံမှန်မဟုတ်နေရက်များလို့ ပြောလို့ရပါတယ်။ အဲဒီလိုနေ့၊ အဲဒီလိုအချိန်ရက်တွေရဲ့ တစ်ခုသော နေ့ခင်းမှာ ကိုယ် မမျှော်လင့်တဲ့ အခုအဖြစ်အပျက်ကို ကြုံခဲ့ရတာလေ။

ဟုတ်တယ်၊ အချိန်က နေ့ခင်း နှစ်ချက်တီးလောက်ပေါ့။ စိတ်နှလုံးနောက်ကျိပင်ပန်းနေတဲ့ ကိုယ်ဟာ အိပ်ရာထက်က မှေးတစ်ဝက် ပျော်တစ်ဝက်၊ အတွေးတစ်ဝက် အဆွေးတစ်ဝက်နဲ့ လူးလဲထပြီး ကော်ဖီတစ်ခွက် ဖျော်သောက်ရင်း အိမ်ပေါက်ဝတံခါးနဲ့ အနီးဆုံး ထိုင်ခုံမှာ ထိုင်နေမိတဲ့ အချိန်ပေါ့။ ဒီအချိန်မှာ ပုံမှန်မဟုတ်တဲ့ ကသောင်းကနင်း ခြေသံတစ်ခု ကြားလိုက်ရတော့ ကိုယ့်စိတ်ထဲ ထိတ်ခနဲပဲ။ ရုတ်တရက် ကိုယ့်ချစ်သူများ အိမ်အထိ လိုက်လာသလား၊ သူ သောင်းကျန်းမှာလား၊ တောင်းပန်မှာလား တစ်ခုခုပေါ့လေ။ ဒါပေမဲ့ အခုဆို သူ ဆေးရုံမှာပဲ ရှိလောက်ဦးမယ် ဆိုတဲ့အတွေးကလည်း ချက်ချင်းလို သတိဝင်လာခဲ့တယ်။ ဒါနဲ့ပဲ ကိုယ့်စိတ်ကိုယ်ပြန်ဖြေရင်း ကော်ဖီကိုဆက်သောက်မိတော့ ခုနက ခြေသံလည်း စိတ်ထဲက ပျောက်သွားပြန်တယ်။

နောက် ရက်တွေမှာတော့ အခြေအနေတွေက မထင်မှတ်ဘဲ ပိုဆိုးကုန်တယ်။ သူကိုပြတ်ပြီလို့ စစ်ခင်းလိုက်တဲ့အချိန်ကစပြီး ကိုယ့်ဝန်းကျင်မှာ အရှက်တကွဲ အကျိုးနည်းကိစ္စတွေ ဖြစ်ကုန်တော့တာပဲ။ အလုပ်ထဲထိ သူလိုက်လာပြီး မထင်မှတ်တဲ့အမူအရာတွေနဲ့ ဝုန်းဒိုင်းကြဲတော့တယ်။ ကိုယ် အရမ်းစိတ်ဆိုးစိတ်ပျက်သွားမှန်းသိပြန်တော့ လူပုံကြားထဲ မျက်ရည်ကျပြပြန်တယ်။ အတက်အကျ ပြင်းလွန်းတဲ့ သူ့စိတ်တွေဟာ ပင်ကိုစိတ်ရဲ့ထိန်းချုပ်မှုမရှိဘဲ သူ စွဲလမ်းတဲ့အရာတွေရဲ့ ချုပ်ကိုင်မှုအတိုင်း လှုပ်ရှားနေပုံရတယ်။ အလုပ်ထဲမှာတော့ ကိုယ်ဟာ သနားစရာသတ္တဝါမပေပေါ့။ အဆိုးဆုံးကတော့ သူ့လက်ကောက်ဝတ်ဩွေးကြောကို ဓားနဲ့ဖြတ်ပြီး ကိုယ့်ကို ခြိမ်းခြောက်တဲ့အချိန်ပဲ။ ကိုယ့်ရဲ့အလန့်တကြား အော်ဟစ်မှု၊ ရီဝေနေတဲ့ သူ့မျက်လုံးတွေ… ပြီးတော့ လဲကျသွားမှုတွေရဲ့ နောက်ကွယ်မှာ သူ့အမေကြီးကိုယ်တိုင်လိုက်လာပြီး သူ့သားကို ခေါ်ထုတ်သွားတော့တယ်။ သို့လောသို့လောဖြစ်နေကြတဲ့ ကိုယ့်အလုပ် ဝန်းကျင်ကတော့ 'ဒီကောင် ဆေးကြောင်ကြောင်သွားတာ' ဆိုတဲ့ မှတ်ချက်စကားက အတိအလင်း ကြီးထွက်ပေါ်လာတော့တယ်။

- ကိုယ်ဟာ လူသားတစ်ယောက်ပါ။ ပြီးတော့ မိန်းကလေးတစ်ယောက်ပါ။

ချစ်သူလို့ စကားမကျွံချင်ပါဘူး။ ဒါပေမဲ့ သူဟာ ကိုယ့်အတွက် ပထမဆုံးချစ်သူဆိုတာတော့ ဘယ်သူ့ကိုမဆို ဝန်ခံရဲပါတယ်။ ပထမဆုံးအချစ်ကို ဖြတ်တောက်ပစ်ဖို့ဆိုတာ ကိုယ့်အသားကိုယ် ဓားနဲ့လှီးရသလို ဘယ်လောက်နာကျင်ပင်ပန်းတယ်ဆိုတာ ခံစားဖူးတဲ့သူတွေမှ သိမှာရှင့်။ ဒါပေမဲ့ ကိုယ် ကြိုးစားအားတင်းပြီး ချစ်သူကို ဒီစကားပြောခဲ့တယ်။ ရှင် နဲ့ကျွန်မ ပြတ်ပြီ။ ဟုတ်နေစမ်းပါ' တဲ့လား။ ရှက်စရာကောင်းလိုက်တာ၊ ဟုတ်တယ်၊ သိပ်ရှက်စရာကောင်းခဲ့ပါတယ်။ ကိုယ့်ချစ်သူယောကျ်ားတစ်ယောက်ရဲ့ အမေကိုယ်တိုင်က မျက်နှာချင်းဆိုင်ကြီး လာပြောတာ ဘယ်မိန်းမက မရှက်ဘဲနေမလဲ။ မျက်နှာကို ရေနွေးပူပူနဲ့ အပက်ခံလိုက်ရသလို ဖြန်းခနဲ ပူလောင်စပ်ဖျဉ်းပြီး ဒီစကားအတွက် ဘာကို ဘယ်လို တုံ့ပြန်ရမလဲ မသိဘဲ ကြောင်စီစီကြီး ပြန်ငေးနေမိတာလေ။ ကိုယ်သတိဝင်တော့ သူ့အမေက တော်တော်ဝေးဝေးကောင် ရောက်နေပြီ။ အောင်မလေး ကိုယ် ဘယ်လို ဆက်ရပ်တည်ရပါ့။ ဟေ့ ဒီမှာ ကျွန်မက မိကောင်းဖခင် သားသမီးရှင့်၊ နယ်ကနေလာပြီး အလုပ်လုပ်နေတဲ့သူ။ ရှင်တို့ ရွှမ်းရွှမ်းယှက်ယှက်အသိုင်းအိုင်းကို အမှန်အတိုင်း အကဲမခတ်နိုင်တာ ကျွန်မ ညံ့လို့ ခံရတာရှင့်၊ ရှင် သားသမီးချင်း ကိုယ်ချင်းစာပြီးမှ ဒီစကားပြောပါ။ ကျွန်မကရော ကိုယ့်ချစ်သူ ဆေးဘဲဖြစ်နေတာ စိတ်ချမ်းသာနေမယ်ထင်လို့လား၊ ကျွန်မလည်း အရှင်လတ်လတ် ငရဲကျသလို ခံစားနေရတာပါရှင့်၊ နည်းနည်းပါးပါး စာနာပါဦး အဒေါ်ကြီးရဲ့… ဒါတွေက ကိုယ်တွေစိတ်ထဲက အော်ဟစ်ပြောဆိုနေမိတာတွေ။ လက်တွေ့မှာတော့ အရှပ်ကြီးပြတ်၊ ရှက်နာကျပြီး အိမ်ကို ဘယ်လိုတယ်ပုံပြန်ရောက်ခဲ့မှန်းတောင် မသိတော့ပါဘူး။

ကိုယ် ဘာဆက်လုပ်စရာ ရှိမလဲ၊ အနာဂတ်ဆိုတာကို ကိုယ်မပိုင်လို့ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာခင်မှာ နောက်ထပ် ဆိုးဝါးတဲ့အသံတစ်ခုက ကိုယ့်အာရုံကို ရိုက်ခတ်လာပြန်တယ်။ ဖူး ဖလူးခူး... ဘာလဲ၊ ဒါဘာသံလဲ၊ ညည်းတွားသံလိုလို၊ အော်ဟစ်သံလိုလို မချိမဆန့် အသံတစ်ခု။ ကိုယ် ရုတ်ခနဲ နေရာကထ၊ ရင်း ကော်ဖီခွက်ကို တင်းတင်းဆုပ်လို့ ဘယ်ကလာတဲ့အသံလဲ၊ ဘာသံဖြစ်နိုင်လဲ ဆန်းစစ်မိတယ်။ ဒါပေမဲ့ ဘာမှန်းမသိဘဲနဲ့ကို ကြောက်တာကတော့ ကြောက်နေတာ အသေအချာပဲ။ အသံဟာ ခဏလေး ငြိမ်သွားပြီး နံရံကို တဖုန်းဖုန်း ပုတ်ခတ်သံထပ်ထွက်လာပြန်တယ်။ အနီးဆုံး၊ ကိုယ်နဲ့ အနီးဆုံးနေရာက ဒီအသံထွက်နေတာ၊ ဘုရားသခင် ကျွန်မဘယ်လိုလုပ်ရပါ့။ နားထင်ကို သွေးတွေ တဒုန်းဒုန်းတိုးလာအောင်ထိ ကိုယ့်တုန်လှုပ်မှုတွေက ပြင်းထန်လာတယ်။ အာရုံထဲမှာလည်း သူငယ်ချင်းတစ်ယောက်ပြောတဲ့ 'နင် အခုပြောင်းတဲ့ရပ်ကွက်က ဆေးဘဲတွေ များတယ်နော်' ဆိုတဲ့စကား ပဲ့တင်ထပ်လာတယ်။ သေချာပြီ။ အပြင်မှာ ဆေးဘဲတစ်ကောင် ရောက်နေပြီ။ သူ ဘယ်သူလဲ။

ကိုယ်ဟာ ကော်ဖီတစ်ခွက်ကိုကိုင်ရင်းနဲ့ ဘာလုပ်သင့်သလဲဆိုတာ စဉ်းစားလိုက်တယ်။ အပြင်ဘက် ဝရန်တာကို ထွက်ကြည့်ပြီး ကူရာကယ်ရာလှမ်းကြည့်မိတော့ ပြင်းထန်လွန်းတဲ့ အပူဒဏ်အောက်မှာ ဖြတ်သွားဖြတ်လာမဲ့နေတဲ့ လမ်းမကြီးက ခြောက်ကပ်လို့ရယ်ပါ။ ကိုယ် အိမ်ထဲ ပြန်ဝင်လာပြီး နောက်ထပ်လုပ်ဖို့ ကြံမိတာက သူငယ်ချင်းဆီကို ဖုန်းခေါ်ဖို့ပဲ၊ ဟုတ်တယ် ဖုန်းခေါ်ရမယ်။ ခေါ်ခေါ် မြန်မြန်ခေါ်၊ အလွဲလွဲအမှားမှားတွေနဲ့ စိတ်မရည်စရာကောင်းလောက်အောင် မှားယွင်းနှိပ်ပြီးတဲ့ နောက်မှာ သူငယ်ချင်းဆီကို လိုင်းဝင်သွားတယ်။ သူငယ်ချင်းရယ် မြန်မြန်သာ ကိုင်လိုက်စမ်းပါတော့၊ အပြင်က အချိန်ဆန့် ညည်းတွားသံဗလုံးဗထွေးကြီးကလည်း အိမ်ထဲကို ထွင်းဖောက်လာတော့မတတ်ဘဲ။ သူငယ်ချင်းဆီက ဟယ်လိုဆိုတဲ့ တုံ့ပြန်သံဟာ ကိုယ့်အတွက် ဘုရားသခင် ကောင်းချီးပေးသံအလားပဲ။ ကိုယ့်ရဲ့ အားကိုးတကြီး အကူအညီတောင်းမှုကို သူငယ်ချင်းက 'နင် ချောင်းကြည့် ပေါက်က ချောင်းကြည့်လိုက်လေ၊ ငါဖုန်းကိုင်ထားမယ်၊ တစ်ခုခုတော့ မြင်ရမှာပါ' တဲ့။ ဟုတ်တာပေါ့။ ကိုယ် သိပ်ညံ့တာပဲ၊ ချောင်းကြည့်ပေါက်က ချောင်းကြည့်လိုက်ရင် အပြင်မှာ ဘယ်သူလဲ၊ ဘာသံလဲ သိနိုင်တာပဲ။

ဒါနဲ့ပဲ ဖုန်းကိုင်ရင်း တန်းလန်း ကိုယ် ချောင်းကြည့်ပေါက်ကို သွားတယ်။ ကြည့်လိုက်တယ်။ မမြင်ရဘူး။ ဘာမှ မမြင်ရဘူး၊ အသံက ကြမ်းပြင်အောက် ခြေနှားဆီက ထွက်နေတာ၊ အဲဒီလောက်ထိ ကိုယ့်ချောင်းကြည့်ပေါက်ကနေ မမြင်သာဘူးလေ၊ မမြင်ချင်ဘဲ မြင်လိုက်ရတာ ဟိုဘက်ဘေးခန်းက သော့ပိတ်ထားတယ် ဆိုတဲ့မြင်ကွင်းပဲ။ ဘေးခန်းမှာ အဖော်မရှိဘူး ဆိုတာ သိလိုက်ရတော့ ရင်ထဲ ပိုစိမ့်သွားတယ်။ အဲဒီအချိန်မှာ ကိုယ့်ဖုန်းက ဘက်ထရီခေါင်းသွားတယ်။ ဘယ်လို မှ အဆက်အသွယ်လုပ်လို့ မရတော့ဘူး။ စဉ်းစားကြည့်ကြစမ်းပါ။ သရဲကားတွေ စိတ္တဇကားတွေထဲက ချောက်ချားစရာမြင်ကွင်းတွေအတိုင်း ကွက်တိဖြစ်လာခဲ့တာ။ အပြင်မှာ ညည်းတွားအော်ဟစ်နေတဲ့ ဘာမှန်းမသိတဲ့ လူရမ်းကားဆေးဘဲတစ်ကောင်၊ ဘေးခန်းမှာ အိမ်သားတွေ မရှိဘူး။ ဒီလူဟာ ကိုယ့်အိမ်ထဲကို နောက်ဖေးပေါက်တွေ ဘာတွေကများ တွယ်ကပ်ဝင်လာမလား။ အိုး ကိုယ် ကြောက်လိုက်တာမှလေ။ နောက်ဆုံး အဲဒီလူရဲ့ အသံကို မကြားရအောင် နားပိတ်ပြီး ဝင်ပေါက်ထွက်ပေါက်တံခါးကို မျက်လုံးပြူးပြီး သေချာစိုက်ကြည့်နေမိတယ်။ မမေ့မလျော့ ရေချိုးခန်းထဲက အဝတ်လျှော်တဲ့တုတ်ကိုလည်း အနား ပြေးယူထားလိုက်မိသေးတယ်။ အသံကတော့ ကြောက်စရာကောင်းလောက်အောင် လူးလွန့်ညည်းတွား၊ ရုန်းကန်အော်ဟစ်၊ ဒါပေမဲ့ သူ့အသံက မကျယ်ဘူး။ ကိုယ့်တစ်ကိုယ်သာ ကြားရုံများ အသံထွက်နေရော့သလား။ ဒါဆို အပြင်က လူဆိုးကောင်ဟာ ကိုယ်တစ်ယောက်တည်းကိုပဲ နှောင့်ယှက်ဖို့ ကြံစည်နေတာများလား၊ ကိုယ့်ချစ်သူကိုယ်တိုင် မဟုတ်ရင် သူဘော်ဒါတွေထဲက တစ်ယောက်ယောက်များ ကိုယ့်အပေါ် မကျေပွဲလာရန်လေသလား။ ဒါကိုက မရိုးသားတာလေ။ ဘုရားသခင် ကျွန်တော်မျိုးမကို ဒီအတိုင်း ကြည့်မနေပါနဲ့။ ကယ်တင်ရာကို ရှာဖွေပေးတော်မူပါ။ စက္ကန့်၊ မိနစ်... ဒီအတိုင်း ခပ်ကြာကြာလေးရှိပြီးချိန်မှာတော့ အပြင်မှာ နည်းနည်း လှုပ်လှုပ်ရှားရှား အသံလေးတွေ ကြားလာတယ်။ ဟုတ်တယ်၊ တခြားအခန်းကလူတွေ ဒါမှမဟုတ် လေ့ကား အဆင်းအတက် လုပ်မယ့်သူတွေ ဆေးသမားကို တွေ့သွားကြပြီ။

'ဟာ ကို ညီ ရေ မော်ကြီး ထင်တယ်ဗျ၊ နေဦး မှောက်ခုံကြီးဖြစ်နေတယ်။ ကျွန်တော် လှန်ကြည့်လိုက်ဦးမယ်'

'ဟာ မော်ကြီးပဲ သေချာတယ်၊ ဘယ်လိုဖြစ်တာလဲ မော်ကြီး ညီလေး မော်ကြီး'

ပတ်ဝန်းကျင်က အကူအညီအသံတွေ ကြားရပြီဆိုတော့ ကိုယ် နည်းနည်း အားရှိလာပြီး ချောင်းကြည့်ပေါက်နား ပြန်တိုးဖြစ်တယ်။ ဘာမှ မမြင်ရဘဲ အသံတွေချည်းပဲ ကြားနေတော့ အားတင်းပြီး တံခါးကို နည်းနည်းလေး ဖွင့်သာတယ်ဆိုရုံဖွင့်ပြီး စူးစမ်းမိတယ်။ ကိုယ်က လူသစ်ဆိုတော့ မျက်နှာတွေက ကျက်မိသူတွေလည်းမပါ၊ အလျှင်းမသိတဲ့သူတွေလည်း ပါလေရဲ့။ သူတို့အားလုံး ကိုယ့်ကို စိတ်မဝင်စားနိုင်ဘဲ အဲဒီ

စာမျက်နှာ(၁၆၇)သို့...

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစ်ကောင်နဲ့
သိပ်တူတာပဲတဲ့။ လူတစ်ယောက်ဟာ
မြင်းနဲ့တူတယ်လို့ အနှိုင်းခံရတာ
ဂုဏ်ယူစရာမှ မကောင်းတာဘဲလေ။ နီနီလည်း
တုန်လှုပ်ခဲ့ရတာပါပဲ။ မြင်းတစ်ကောင်လို့
သန်မာ ထွားကျိုင်းလို့ အဲဒီလိုအပြောခံရတာမှ
မဟုတ်တာ။ တကယ်ကို ဝမ်းနည်းစရာ
ကောင်းတာပဲ။ တချို့ကတော့ လက်ဖျားတွေ၊
လက်ဖျံရိုးတွေကို ကိုင်ကြည့်ပြီး အဆစ်
အပေါက်တွေက သိပ်ရှည်တာပဲတဲ့။ အဲဒီလို
ပြောကြပြီး နောက်ဝိုင်းဆက်မယဲ့ စကားတွေကို နီနီ

ဝန်းပင်လယ်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နားမထောင်ချင်တော့ဘူး။ လူတွေဟာ သူမ မျက်နှာကို စိုက်ကြည့်ပြီး မှတ်ချက်ချဦးမှာပဲ။ သူတို့မျက်လုံးတွေဟာ သူမရဲ့ ရှည်လွန်းတဲ့မျက်နှာက အစိတ်အပိုင်းတစ်ခုချင်းစီကို စိုက်ကြည့်ကြမယ်။ နှာတံရှည်ရှည်၊ နားရွက်ကားကား၊ အဲဒါပြီးရင် အဖြူရောင်တွေများနေတဲ့ သူမရဲ့ မျက်လုံးကြီးကြီးတစ်စုံ။ နောက်ဆုံးမှာ သေးလွန်းတဲ့ မျက်ဆန်တွေကို စိုက်ကြည့်ကြပြီး မျက်လုံးချင်းဆုံမိကြတဲ့အခါ သူမပဲ မျက်နှာလွဲရ၊ ဒါမှမဟုတ် ရုက်ရွံ့အားငယ်စွာနဲ့ မျက်လွှာအောက်ချပစ်ရမှာ။ အဲလိုဆိုရင်လည်း သူတို့ပါးစပ်ကနေ အသံတစ်သံပဲ ထွက်လာတော့တာ။ 'မြင်းလိုပဲ' တဲ့။ တချို့က ခပ်တည်တည်ပါပဲ။ လူတစ်ဖက်သားကို သနားဉာဏ်ရှိမှန်း မသိဘူး။ အားနာစိတ်ဆိုတာ တစ်စက်လေးမှ မရှိတဲ့ လူတွေပေါ့။ တချို့ကလည်း ရယ်ရယ်မောမောနဲ့ ပြောကြပါတယ်။ ဒါပေမဲ့ မြင်းတစ်ကောင်နဲ့တူတယ်လို့ အပြောခံရတိုင်း သူမ ခံစားချက်ကတော့ ဘယ်တော့မှ ပြောင်းမသွားပါဘူး။ လူက နုံးချည့်လာပြီး အချိန်ကြာလာရင် အန်ချင်သလိုလို ဖြစ်လာတတ်တယ်။ အဲဒီအချိန်မျိုးမှာ မှန်မကြည့်မိဖို့လည်း အတွေ့အကြုံက သင်ထားပေးပြီလေ။ ဒါကြောင့်လည်း နီနီမှန်တွေကို သေချာမကြည့်ဖြစ်တာ ကြာပါပြီလေ။

ငယ်ငယ်တုန်းကတော့ မျက်နှာက အဲဒီလောက်ထိ အချိုးမကျဖြစ်နေမှန်း မထင်ခဲ့မိဘူး။ ညာညာဘာတာ

> လူတစ်ဖက်သားကို သနားဉာဏ်ရှိမှန်း မသိဘူး အားနာစိတ်ဆိုတာ တစ်စက်လေးမှ မရှိတဲ့ လူတွေပေါ့ တချို့ကလည်း ရယ်ရယ်မောမောနဲ့ ပြောကြပါတယ် ဒါပေမဲ့ မြင်းတစ်ကောင်နဲ့ တူတယ်လို့ အပြောခံရတိုင်း သူမ ခံစားချက်ကတော့ ဘယ်တော့မှ ပြောင်းမသွားပါဘူး

ပြောတတ်တဲ့လူတစ်ယောက်နဲ့တော့ တွေ့ခဲ့ဖူးတယ်။ သူမျက်လုံးတွေဟာ သိပ်လှတဲ့ အညိုရောင်မျက်လုံးတွေ။ သူက တခြားလူတွေလို စိုက်မကြည့်တတ်ဘူး။ သူက ပြောတယ်။ 'မင်းက ရိုးတံရှည်ပန်းနဲ့ သိပ်တူတာပဲ' တဲ့။ အဲလို အပြောခံရတော့ နီနီသိပ်ပျော်ခဲ့တယ်။ ဒါပေမဲ့ အဲဒီလူဟာ အဲဒီတစ်ကြိမ်သာ ပြောဖူးပြီးတဲ့နောက် အဝေးကိုထွက်သွားလိုက်တာ ဘယ်တော့မှ ပြန်ပေါ်မလာတော့တူး။

အမေကတော့ နီနီ့ရုပ်ရည်နဲ့ ဘယ်တော့မှ အိမ်ထောင်ဖက် ရှာတွေ့မှာမဟုတ်ဘူးဆိုတာ သိတယ်နဲ့ တူပါတယ်။ နီနီ့ကို အတန်းပညာကောင်းကောင်း သင်ယူစေတယ်။ သူမကို သိက္ခာရှိတဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခု ရစေချင်တယ်လို့လည်း မကြာမကြာ ပြောတယ်။ 'ကျောင်းဆရာမဆို မကောင်းဘူးလား' တဲ့။ နီနီလည်း စိတ်ကူးယဉ်ခဲ့ဖူးပါတယ်။ ခြင်းတောင်းလေးကို ဆွဲပြီး အဖြူအစိမ်းဝတ်စုံနဲ့ သူမရဲ့ပုံစံကို မြင်ကြည့်ခဲ့ဖူးတာပဲ။ ဖြစ်ချင်လွန်းတယ်လို့ တော့မဟုတ်ပါဘူး။ တကယ်ပဲ နီနီလည်း ဖြစ်မလာခဲ့ဘူးလေ။ သူမက စာသိပ်ညံ့လွန်းတယ်။ ဘယ်တော့မှ နှစ်ချင်းပေါက်အောင် တယ်ဆိုတာ မရှိဘူး။ သုံးနှစ်ဆက်တိုက် စာမေးပွဲကျသွားတဲ့အခါမှာတော့ အမေက သူ့စိတ်ကူးကို ပြောင်းပစ်လိုက်တော့တယ်။ ကျောင်းဆရာမ ဆိုတဲ့ စကား လုံးဝမဟ,တော့ဘူး။

အဲဒီလိုနဲ့ နီနီဟာ တောင်ထိပ်ပေါ်မှာ ဆောက်ထားတဲ့ ပါဝီလို့ ခေါ်တဲ့ ဖိနပ်ချုပ်စက်ရုံဆီကို ရောက်ရတယ်။ အမေက နီနီ့ကို အကြီးအစည်နဲ့ အလုပ်သွင်းပေးခဲ့တာ။ အဲဒီစက်ရုံမှာ ယောကျ်ားလေးတွေသိပ်များလွန်းတယ်။ 'တစ်နေ့နေ့ကျရင် အဲဒီစက်ရုံက ယောကျ်ားလေးတစ်ယောက်ကတော့ ရုပ်ဆိုးတဲ့ နီနီ့ကို စိတ်ဝင်စားလာနိုင်တယ်လို့ အမေ တွေးပုံရတယ်။

ဒါပေမဲ့ နီနီဟာ အဲဒီစက်ရုံမှာ သိုးမည်းတစ်ကောင်ပဲ။ ယောကျ်ားလေးတွေဟာ သူမကို စ,နောက်ဖို့လောက်ပဲ စိတ်ဝင်စားကြတယ်။ သူတို့ဟာ သူမနဲ့ အကြည့်ချင်းဆုံအောင် တမင်လုပ်ယူကြတယ်။ အစကတော့ အကြည့်ချင်းဆုံရင် သူမ သိပ်ရှက်ပြီး ရင်တဖိုဖိုနဲ့ မျက်လွှာချရတယ်။ သူမ အဲဒီလိုဖြစ်ရင် သူတို့ တဝါးဝါးနဲ့ ရယ်ပစ်လိုက်ကြမှ ဝမ်းနည်းစိတ်နဲ့ တိတ်တိတ် ငိုပစ်ရတယ်။

စက်ရုံမန်နေဂျာကတော့ နီနီ့ကို သိပ်သဘောကျတယ်။ နီနီဟာ အလုပ်သမားကောင်းတစ်ယောက်ပဲတဲ့။ နီနီတကယ်လည်း မခိုမကပ် အလုပ်လုပ်ပါတယ်။ အလုပ်ချိန်တွေမှာ တခြား အလုပ်သမားတွေလို စကားများတာ၊ သိုးမွေးခိုးထိုးတာ၊ ထမင်းခိုးစားတာတွေ တစ်ခုမှ မလုပ်ခဲ့ဖူးဘူး။ နီနီရဲ့ မော်တာစက်လေးက အမြဲအသံထွက်နေတာပဲ။ အပါးစားထားတဲ့ သားရေပြားတွေကို တစ်ခုနဲ့တစ်ခု တွဲချုပ်ထားတာ သိပ်ကို သပ်ရပ်လွန်းတယ်။ ချုပ်ကြောင်းတွေဟာ တွန့်လိမ်ကွေ့ကောက်နေတာမျိုး မရှိဘူး။

မန်နေဂျာဟာ နီနီ ချုပ်ထားတဲ့ သားရေစတွေကို ပုံစံငယ်အဖြစ် မှန်ပေါင် သွင်းပြီး ချုပ်လိုင်းရဲ့ နံရံတွေမှာ လိုက်ချိတ်တယ်။ 'ဒီလို သေသပ်အောင်ချုပ်ကြ' တဲ့။ တစ်လတစ်ခါလုပ်တဲ့ ရှင်းလင်းညွှန်ကြားပွဲတွေမှာလည်း နီနီ့ကို လူရှေ့ဆွဲခေါ်ပြီး 'သူလို့ အလုပ်ကြိုးစားကြ' လို့ ပြောပြန်တယ်။ အဲဒါတွေကြောင့်ပဲ နီနီ့ကို ပိုမုန်းကြတာ အလုပ်သမားတွေဟာ သူမကို ခပ်ရှောင်ရှောင်ယင်နေကြ

www.burmeseclassic.com

www.burmeseclassic.com

> ညာညာတာတာ ပြောတတ်တဲ့ လူတစ်ယောက်နဲ့ တော့ တွေ့ခဲ့ဖူးတယ် သူ့ မျက်လုံးတွေဟာ သိပ်လှတဲ့ အညိုရောင် မျက်လုံးတွေ သူက တခြားလူတွေလို စိုက်မကြည့် တတ်ဘူး သူက ပြောတယ် 'မင်းက ရိုးတံရှည်ပန်းနဲ့ သိပ်တူတာပဲ' တဲ့

တယ်။ နိန်ကို တစ်ယောက် တည်းဖြစ်စေပြီး သူတို့အချင်း ချင်း အုပ်စုဖွဲ့မိရင် သူမ အကြောင်း အတင်း ဆိုကြ တယ်။ ဘယ်သူမှ သူမနဲ့ ထမင်းအတူတူ မစားချင်ကြ ဘူး။ အလုပ်လုပ်တာကြာ လာပေမဲ့ ပါဝီစက်ရုံမှာ နိန်နဲ့ ထမင်းအတူတူ စားတဲ့သူဟာ ကောင်လေးတစ်ယောက်ပဲ ရှိတယ်။ ဒါပေမဲ့ အဲဒီကောင် လေးကလည်း ဘယ်တော့မှ အလုပ်မမှန်ဘူး။ သူက တစ် ပတ်မှာ သုံးရက်လောက်ပဲ အလုပ်လာတယ်။ ပျက်စီးနေ တဲ့ ကောင်လေးတစ်ယောက် ပဲ။ သူ မသုံးဖူးတဲ့ စိတ်ကြွ ဆေးပြားဆိုတာ မရှိတော့ဘူး။ အနည်းဆုံး သူ့လွယ်အိတ်ထဲ မှာ သူ ရှူနေတဲ့ ကော်ဘူး တစ်လုံးတော့ အမြဲရှိတယ်။ ကောင်လေးဟာ သားရေပြား တွေကို အပါးစားရတဲ့လိုင်း မှာ လုပ်တာ။ တကယ်တော့ အဲဒီကောင်ကလေးမှာ ထမင်း ချိုင့်ပါလာတယ်ဆိုတာ ဘယ် တော့မှ မရှိဘူး။ ထမင်းစား ချိန်တွေဆို သူမဆီလာတတ် ပြီး ငေးကြည့်နေတော့ မနေ နိုင်တဲ့ နိန်ဟာ အမြဲတမ်း ဝေငှကျွေးတာပဲ။ ဒါတွေကို အလုပ်သမားတွေက 'မြင်းမ တော့ ချူစားခံနေရပြီ' လို့ တိုးတိုး ပြောကြတယ်။

အဆိုးဆုံးကတော့ ချူပ် လိုင်းခေါင်းဆောင်တွေပါပဲ။ ချူဝ်လိုင်းခေါင်းဆောင်တွေဟာ နိန့်အပေါ်မှာ သိပ်ကို မစ္ဆေရ စိတ် များလွန်းတယ်။ သူမ ကို မန်နေဂျာက အမြဲ ချီး ကျူးနေတော့ ချူပ်လိုင်း ခေါင်းဆောင်တွေဟာ သူတို့ နေရာအတွက် တွေးပူပြီး သူမကို အမုန်းထားနေတာ။ တခြားအလုပ်သမားတွေက နိန့်ကို မုန်းနေရအောင် သူတို့ ပဲ အချိန်မလပ် ကြံစည်တာ။ ချူပ်ရိုးရာတွေနဲ့ ပျက်စီးနေတဲ့ သားရေပြားစတွေကို သူမ ချူပ်နေတဲ့ သားရေအိတ်တွေ ထဲ ထိုးထည့်ပြီး သူမကြောင့် သားရေစတွေ ပျက်စီးရတယ် လို့ စွပ်စွဲတယ်။ နောက်ဆုံး အဆင့် ချူပ်ထားပြီးသား ရှူး ဖိနပ်တစ်ရန်ကိုလည်း နိန့် အိတ်ထဲ ထည့်ပြီး သူ့ခိုးပါလို့ စွပ်စွဲတယ်။ နောက်ဆုံးတော့ မန်နေဂျာကတောင် နိန့်ကို သံ သယ ဖြစ် လာတယ်။ အလုပ်လုပ်ချိန်တွေမှာလည်း လက်ညှိုးထိုးပြီး လှောင်ပြောင် ရယ်မောလာကြတယ်။ ကြာ တော့ သူမ သေချင်စိတ် တောင် ဖြစ်လာတော့တယ်။ အိမ်သာထဲဝင်ပြီးတစ်ယောက် တည်း ကျိတ်ငိုရတာလည်း အကြိမ်ကြိမ်ပါပဲ။

တစ်ညမှာတော့ ထမင်း ချိုင့်ကို ဆွဲပြီး အလုပ်ကနေ ပြန်လာရင်း နိန့်နောက်ကနေ မိန်းမငါးယောက်က ခပ်မြန် မြန်ပြေးလိုက်လာတယ်။ ချူပ် လိုင်းခေါင်းဆောင်တို့အဖွဲ့ပါပဲ။ သူမကို မီလာတဲ့အခါတော့ သူတို့အဖွဲ့ဟာ သံပြိုင်တေးလို သီချင်းမျိုးကို ဆိုလာတယ်။ အဲဒီသီချင်းကို နိန်မသိပါဘူး။ သေချာနားထောင်ကြည့်တော့ သီချင်းစာသားတွေဟာ သူမ အကြောင်းတွေ ဖြစ်နေတယ်။ သိပ်ကိုရှက်စရာကောင်းတယ်။

'အိမ်သာထဲမှာ မျက်ရည် ခိုးမသုတ်နေနဲ့' တို့၊ 'ဘိန်းစားကို မြူဆွယ်နေတာ မရှက်ဘူးလား' တို့ အဲဒီစာ သားတွေကို သူတို့ သီချင်း လုပ်ဆိုနေကြတာ။ နိန် ရှက် လွန်းလို့ တဆတ်ဆတ်တုန်နေ တော့တယ်။ သူမ ခပ်သွက် သွက်လျှောက်တဲ့အခါ သူတို့ တွေဟာ သီချင်းကို ချက်ချင်း ပဲ ရပ်ပစ်လိုက်တယ်။ အဲဒီ နောက်မှာ သူတို့ဆီက ညီညီ ညာညာ အော်နေတဲ့ အသံ တစ် သံ ထွက် လာတယ်။ 'ဘယ်ညာ'၊ 'ဘယ်ညာ'၊ 'ဘယ်ညာ' တဲ့။

မျက်ရည်တွေဟာ ပုတ် ခတ်ထုတ်စရာမလိုဘဲ ပိုးပိုး ပေါက်ပေါက် ကျလာတယ်။ နိန် လမ်းဆက်မလျှောက် တတ်အောင် ဖြစ်လာပြီး အဲဒီ နေရာမှာပဲ ရပ်မလိုဖြစ်နေ တော့ အသံတွေဟာ ပိုကျယ် လာတာပဲ။ နောက်ဆုံးမှာ နိန် ကြိုးစားပြီး ထွက်ပြေးမိ တယ်။ မရပ်မနားပါဘဲ။ နောက်ကနေ ထွက်လာတဲ့ ရယ်သံတွေက ကြောက်စရာ ကျယ်လောင်နေတာပါပဲ။ 'ငါတို့စက်ရုံကို ဘယ်တော့မှ မလာခဲ့နဲ့' တဲ့။ 'နောက်တစ်ခါ ဆို လူကြားထဲ ဒို့ထက်အရှက် ကွဲအောင်လုပ်ပစ်မယ်' တဲ့။

နောက် နှစ်ရက်လောက် ထိ နိန်ဟာ အိပ်ရာထဲမှာ ငိုပဲ ငိုနေတော့တယ်။ အမေက တော့ အားလုံးကို သဘော ပေါက်တယ်နဲ့ တူပါတယ်။ အလုပ်သွားဖို့ အတင်းမပြော တော့ဘူး။ တစ်ရက်တော့ အမေက အနားမကပ်ဘဲ အဝေးကနေ ကြည့်နေရာက သူမကို အဝတ်အစားချုပ်တာ သွားသင်မလားလို့ မေး တယ်။ အဲဒီရက်ပိုင်းအတွင်း မှာ အမေဟာ နိန့်အတွက် တစ်ယောက်တည်း ကျိတ် စဉ်းစားနေပုံပဲ။ နိန် သိက္ခာရှိ တဲ့အလုပ်တစ်ခုရစေဖို့ အမေ အမြဲ တွေးနေပုံပါပဲ။ နောက် ဆုံးတော့ နိန်နဲ့ အတော်လေး လိုက်ဖက်တဲ့၊ သမ္မာအာဇီဝ ကျတဲ့ စက်ချုပ်သမားအလုပ် ကို အမေ တွေ့ခဲ့တယ်ပေါ့ လေ။

နိန်ဟာ မျက်ရည်တွေ ကို သုတ်ခဲ့တယ်။ အမေ့ကို လည်း ငေးစိုက်ကြည့်နေရာ ကနေ ကျေးဇူးတင်လွန်းလို့ အမေ့ခြေရင်းကို ပြေးဆင်းပြီး မျက်နှာအပ်မိတယ်။ အမေက တော့ နိန့်ကို ဆွဲထူပွေ့ဖက် ရင်း စက်ချုပ်ပညာကို ကြိုး စားသင်ယူဖို့ပဲ တတွတ်တွတ်

www.burmeseclassic.com

www.burmeseclassic.com

ပြောတယ်။

ရက်ရှည်သင်တန်းတွေမှာ နိန်နီဟာ ပြောစရာမလိုအောင် ကြိုးစားပါတယ်။ နိန်နီအတွက်တော့ ချုပ်စက်တွေဟာ အစိမ်းသက်သက်မှ မဟုတ်ဘဲ။ ဓားစက်နင်းတာတွေကို သင်ယူစရာမလိုဘဲ တတ်မြောက်ခဲ့တာ။ အထည်စတွေကို အလေအလွင့်နည်းအောင် ကိုက်ခိုးညှပ်တာ၊ ပန်းဖောက်ထည့်တာတွေကိုတော့ အချိန်နည်းနည်းအတွင်းမှာပဲ ကျွမ်းကျင်ခဲ့တော့ သင်ပေးတဲ့ဆရာကတောင် အံ့သြခဲ့ရတယ်။

သင်တန်းကာလပြီးလို့ အိမ်ပြန်လာတော့ နိန်နီအခန်းမှာ ချုပ်စက်တွေ၊ ဓားစက်တွေဟာ အရန်သင့်ကို နေရာယူလို့။ အမေက သိပ်ကို စိတ်လှုပ်ရှားနေတာ။ အစကတည်းက ဒီကိုယ်ပိုင် အလုပ်ကို မစဉ်းစားမိဘဲ နိန်နီကို ပါဝီစက်ရုံ ပို့ခဲ့မိတဲ့အတွက် အတော်လေး နောင်တရပြီး စိတ်မကောင်းရကြောင်း မျက်ရည်စတွေနဲ့ ထုတ်ပြောတယ်။ နိန်နီကတော့ အမေ့လက်တွေကို ဆုပ်ကိုင်ပြီး 'အခုတော့ အားလုံး အဆင်ပြေသွားပါပြီ အမေရယ်' လို့ ပြောတော့ အမေက ပြုံးပြန်တယ်။

နောက်ပိုင်းနေ့တွေမှာတော့ နိန်နီအခန်းထဲမှာ ခြေနင်းစက်သံတွေကို ကြားနေရပါပြီ။ အမေက ဈေးထဲရောက်တဲ့အခါ နိန်နီ စက်ချုပ်နေပြီဖြစ်ကြောင်း ကြေညာတယ်ပေါ့လေ။ အစပိုင်းတော့ ကလေးသွားရည်ခံတွေ၊ ဘောင်းဘီတိုတွေကိုပဲ ချုပ်ရတာ။

သူတို့ဟာ
သူမနဲ့
အကြည့်ချင်း
ဆုံအောင်
တမင်
လုပ်ယူကြတယ်
အစကတော့
အကြည့်ချင်းဆုံရင်
သူမ
သိပ်ရှက်ပြီး
ရင်တဖိုဖိုနဲ့
မျက်လွှာချရတယ်
သူမ
အဲဒီလိုဖြစ်ရင်
သူတို့
တဝါးဝါးနဲ့
ရယ်ပစ်
လိုက်ကြမှ
ဝမ်းနည်းစိတ်နဲ့
တိတ်တိတ်
ငိုပစ်ရတယ်

အမေက 'ဘာဖြစ်လဲ တဖြည်းဖြည်းနဲ့ ချုပ်တဲ့သူ များလာမှာပေါ့' တဲ့။

အဲဒီအချိန်ဟာ ဆောင်းဦးရာသီပေါ့။ အိမ်နီးချင်းတွေက ဈေးနည်းတဲ့ အထည်တွေနဲ့ ဆောင်းတွင်း အနွေးထည်တွေ လာချုပ်ကြတယ်။ နိန်နီလက်ကို စမ်းကြည့်တာလည်း ပါမှာပေါ့။ နိန်နီက ဒီအထည်စတွေဟာ အနွေးထည်ချုပ်ရမယ့်အထည်တွေ မဟုတ်ဘူးဆိုတာ သိပေမဲ့ သပ်သပ်ရပ်ရပ်ဖြစ်အောင် ချုပ်ပေးပါတယ်။ နောက်ပိုင်းတော့ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလိုပါပဲ၊ နိန်နီ့အနွေးထည်တွေဟာ သိပ်ဝတ်ကောင်းတယ်ဆိုပြီး ဈေးထဲမှာ ပြောကြတာပါပဲ။

နိန်နီဟာ အဲဒီဆောင်းတွင်းတစ်ခုလုံး အနွေးထည်တွေချုပ်ရတာ လက်မလည်ခဲ့ဘူး။ အံ့သြစရာကောင်းလောက်အောင်ပဲ ချက်ချင်းနာမည်ရသွားခဲ့တယ်။ နိန်နီဟာ စက်ခုံကနေ ဘယ်တော့မှ မထ၊တော့ဘူး။ အပ်ထည်တွေကိုပေးထားတဲ့ ရက်ချိန်းအတိုင်း ပြီးဖို့ အမြဲ ကြိုးစားချုပ်နေတာ။ ထမင်းစားချိန်ဆို အမေက ထမင်းဟင်းတွေကို အခန်းထဲ ယူပို့ပေးမှပဲ စားတော့တာ။

အပ်ထည်တွေဟာ တဖြည်းဖြည်း များလာတာပါပဲ။ အမေဟာ အကြမ်းဖန်းကန်လုံးတွေကို ဗီရိုထဲကနေ ထုတ်ရတယ်။ အိမ်ကို လာတဲ့သူတွေဟာ တစ်နေ့တစ်နေ့ များနေပြီလေ။ အမေဟာ ပေကြိုးကို အမြဲကိုင်ထားပြီး ထုံးစံအတိုင်း သူမျက်နှာကတော့ တပြုံးပြုံးနဲ့ပေါ့။

အရင်တုန်းက နိန်နီ့ကို မုန်းကြတဲ့ ပါဝီစက်ရုံက အလုပ်သမားတွေလည်း အဝတ်စကိုယ်စီကိုင်ပြီး လာကြတာပဲ။ နိန်နီဟာ သိပ်ကို ပျော်နေတယ်။ ပျာပျာသလဲနဲ့ ဆီးကြိုတယ်။ သူတို့အပေါ်မှာ အမုန်းပွားခြင်းလည်း မရှိဘူး။ အခုတော့ အားလုံးဟာ 'ညီမလေးနိန်နီ အရမ်းတော်တာပဲ'၊ 'လှလှချုပ်ပေးနော် မမနိန်နီ' ဆိုပြီး ဖြစ်နေကြပြီ။

ဒီပုံစံအတိုင်းဆို နိန်နီဟာ ချွေရာသီပြီးတဲ့အထိ မြေကြီးကို နင်းမယ့်အရိပ်အယောင် မရှိဘူး။ လိုအပ်တဲ့ စီးကွင့်တွေ၊ ကျောက်အတုတွေ၊ ကြယ်သီးစေ့တွေကိုတောင် အမေပဲ ဝယ်ပေးနေတာ။

အမေက နိန်နီ သိပ်မပင်ပန်းအောင်၊ နောက်ပြီး အချိန်ကုန်လည်း သက်သာအောင် ခြေနင်းစက်တွေကို မော်တာစက်တွေနဲ့ အစားထိုးလဲဖို့ အမြဲပြောပေမဲ့ နိန်နီကလည်း အမြဲငြင်းတာပါပဲ။ 'မော်တာစက်သံတွေကို သူ မကြားချင်ဘူး' တဲ့။ ပါဝီစက်ရုံတုန်းက အသံမျိုးကို ပြန်ကြားမိရင် အဲဒီလို ခံစားမှုမျိုး ပြန်ဝင်လာမှာ တွေးကြောက်တယ်နဲ့ တူပါတယ်။ အမေကတော့ ဒါကို သဘောပေါက်ပေမဲ့ စက်တွေလဲဖို့ တတွတ်တွတ် ပြောနေတာပါပဲ။

နိန်နီဟာ တဖြည်းဖြည်း ပိန်လာတယ်။ အညောင်းမိလွန်းတော့ ခေါင်း အမြဲကိုက်ပေမဲ့ စက်ခုံပေါ်ကနေ မခွာဘူး။ တစ်နေ့တော့ နိန်နီ့အိမ်ကနေ သိပ်မဝေးတဲ့ ရပ်ကွက်တစ်ခုက မိန်းမကြီးတစ်ယောက်ဟာ အပ်ထည်စတွေနဲ့ရောက်လာတယ်။ အဲဒီမိန်းမကြီးဟာ နာမည်ကြီး နတ်ဝင်သည်တစ်ယောက်ပဲ။ နိန်နီဟာ အဲဒီမိန်းမကြီး နတ်ဝင်နေတာကို တွေ့ဖူးခဲ့တယ်။ သိပ်ကို ကြမ်းတမ်းတာပါပဲ။ ကျားဝင်တဲ့အခါ သူသွားတွေနဲ့ အခွံခွာထားတဲ့ အုန်းသီးတွေကို ခေါင်းနဲ့ တစ်လုံးပြီး တစ်လုံး ရိုက်ခွဲတဲ့အခါ အုန်းရည်တွေဟာ ဖွာခနဲ ဖွာခနဲ ကျလာတာ။

အဲဒီမိန်းမဟာ မကြာမကြာဆိုသလိုပဲ နိန်နီ့အိမ်ကို အပ်ထည်တွေနဲ့ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com

တတ်တယ်။ သူ ချုပ်ခိုင်းထားတွေဟာ အများအားဖြင့် သူများနဲ့ မတူတဲ့ ထူးထူးဆန်းဆန်း ဝတ်စုံတွေ။ ရောက်လာပြီဆိုရင် အပိုစကားတွေလည်း မပြောဘူး။ နီနီဟာ သူများလုံးတွေကို စေ့စေ့တောင် မကြည့်ဖူးဘူး။

သူက တော်တော်လေး တောက်ပြောင်နေတဲ့ အထည်စတွေနဲ့ တိုင်းရင်းသား ဝတ်စုံတစ်ခုကို ချုပ်ချင်ပါသတဲ့။ နီနီ သူပြောတဲ့ တိုင်းရင်းသား ဝတ်စုံကို မချုပ်ချင်လှဘူး။ အဲဒီတိုင်းရင်းသားတွေဟာ နီနီနဲ့ သိပ်ကို အလှမ်းဝေးလွန်းတယ်။ တော်တော်ရှေးကျတဲ့ မျိုးနွယ်တစ်ခုပဲ။ သူတို့ ဝတ်စားပုံတွေကို ဓာတ်ပုံတွေထဲပဲ မြင်ဖူးတာ။

နီနီဟာ ငြင်းဖို့ စိတ်ကူးဖြစ်ပေမဲ့ သူပါးစပ်က ပြောမထွက်ပြန်ဘူး။ နောက်ပြီး အဲဒီမိန်းမက 'သိပ်မကြာစေနဲ့' လို့ မျက်နှာတင်းတင်းနဲ့ ပြောတဲ့အခါ အလိုလို ခေါင်းညိတ်မိပြန်တယ်။

နီနီဟာ အဲဒီမိန်းမ လိုချင်တဲ့ပုံစံကို သေသေချာချာ နားထောင်ခဲ့ ပါလျက်နဲ့ တကယ်တမ်း ချုပ်တဲ့အခါ အယောင်ယောင်အမှားမှား ဖြစ်လာတယ်။ သေချာစဉ်းစားပြီး ကိုယ်ထည်ပုံစံကို ညှပ်လိုက်နိုင်ပေမဲ့ အင်္ကျီလက်တွေကို ဘယ်လိုချုပ်ရမလဲလို့ မေးခဲ့ပြန်တယ်။ နောက်ဆုံးမှာ သူမဟာ ဓာတ်ပုံတွေကို ပြန်ရွာကြည့်ပြီး ဓာတ်ပုံထဲက အင်္ကျီလက်တွေအတိုင်း ချုပ်လိုက်တယ်။

ရက်ချိန်းစေ့လို့ နတ်ဝင်သည် မိန်းမကြီးရောက်လာတဲ့အခါ နီနီဟာ အင်္ကျီကို ထုတ်ပြတယ်။ မိန်းမကြီးဟာ သိပ်ကို ဒေါသထွက်သွားတာ၊ အင်္ကျီလက်တွေကို ကိုင်ပြီး သူ့မျက်နှာဟာ ဘီလူးတစ်ကောင်လိုပါပဲ။ 'ဘယ်လို လုပ်လိုက်တာလဲ၊ လက်တွေဟာ ဒီပုံစံမဟုတ်ဘူးလေ' လို့ ခပ်ကြမ်းကြမ်းဆိုတယ်။ နီနီဟာ မျက်နှာငယ်လေးနဲ့ ဘာပြောရမှန်းမသိဘူး။ သိပ်ကို ကြောက်နေတယ်။ နောက်ဆုံးမှာ သူမေ့သွားလို့ ဓာတ်ပုံထဲကအတိုင်း ချုပ်လိုက်တယ်လို့ အထစ်ထစ်အငေါ့ငေါ့နဲ့ ဆိုတယ်။ လက်တွေကို ပြန်ပြင်ချုပ်ပေးဖို့ စဉ်းစားမိပေမဲ့ အဲသလို တောက်ပြောင်တဲ့ ထူးထူးဆန်းဆန်း အဝတ်စတွေဟာ သူမမှာ မရှိပြန်ဘူး။

မိန်းမကြီးဟာ ခပ်စိန်းစိန်းကြီး စိုက်ကြည့်နေတယ်။ နီနီ့မျက်နှာဟာ နီရဲလာပြီး သူနဲ့လည်း မျက်လုံးချင်း မဆိုင်ရဲဘူး။ နောက်ဆုံးမှာ မိန်းမကြီးဟာ ခြေသံကြမ်းကြမ်းနဲ့ အခန်းထဲကနေ ထွက်သွားတယ်။ အခန်းတံခါးနားရောက်တဲ့အခါ မိန်းမကြီးဟာ 'သောက်သုံးမကျတဲ့ မြင်းမ' လို့ ရေရွတ်လိုက်တာပဲ။ နီနီဟာ အဲဒီစကားကို ရှင်းရှင်းကြီး ကြားလိုက်ရတော့ တစ်ကိုယ်လုံး တုန်လာတယ်။ အန်ချင်သလိုလို ဖြစ်လာတယ်။ ခြေလက်တွေလည်း ညောင်းညာလာတယ်။ 'မြင်းမ' ဆိုတဲ့ စကားကို သူမ မကြားရတာ ကြာပြီ။ ဒီလပိုင်းတွေ အတွင်းမှာ သူမ သိပ်ပျော်ရွှင်ခဲ့ရတာ။ အရင်အချိန်တွေကို ပြန်မတွေးမိဘဲ 'မြင်းမ' ဆိုတာကလည်း သူမနဲ့ လုံးဝ မသက်ဆိုင်ခဲ့ဘူး။ မနက်အိပ်ရာနိုးရင် မှန်တွေကိုတောင် သူမ ပြန်ကြည့်နေခဲ့ပြီ။ သူမ မျက်နှာကလည်း အရမ်းကြီး ရှည်လွန်းနေတယ်လို့ မထင်တော့ဘူး။ နီနီဟာ အဲဒီနေရာမှာ မျက်ရည်စက်လက်နဲ့ ဒူးထောက်နေနေမိတာ အမေဝင်လာတဲ့အထိပဲ။ အမေကတော့ နီနီတစ်ခုခုဖြစ်နေတာ သိတော့ချက်ချင်းပဲ ထိတ်ပျာသွားတာ။ နီနီ့ကိုဆွဲထူပြီး အိပ်ရာပေါ်မှာလှဲအိပ်စေတယ်။

နီနီဟာ အဲဒီကိစ္စကြောင့် လွန်ကဲလောက်အောင်ကို စိတ်ထိခိုက်ခဲ့တာ။ အများရောဂါလည်း စွဲကပ်ပြီး အိပ်ရာထဲကနေ မထနိုင်ဘူး။ သူ့စိတ်ထဲမှာလည်း အဲဒီမိန်းမကြီးဟာ နီနီ အဝတ်အစားချုပ်တာ မကောင်းဘူးလို့ တစ်အိမ်တက် တစ်အိမ်ဆင်း လျှောက်ပြောနေမယ်လို့ ထင်နေတယ်။ အမေ စျေးက ပြန်လာတိုင်း 'နီနို့မကောင်းကြောင်း ဘာများ ပြောကြလဲဟင်' လို့ မဆီမဆိုင် မေးပြန်တယ်။ အမေကတော့ နီနို့လက်တွေကို ဆုပ်ကိုင်ပြီး မကောင်းတာတွေ မတွေးဖို့ အမြဲ ပြောတာပဲ။

ဒါပေမဲ့ နီနီဟာ ကြောင်တောင်မျက်လုံးနဲ့ မျက်နှာကြက်တွေကိုငေးရင်း လျှောက်တွေးနေတာပါပဲ။ စက်ရုံက အလုပ်သမားတွေဟာ သူမကွယ်ရာမှာ 'မြင်းမ' လို့ ခေါ်နေတုန်းလားဆိုတာလည်း သိပ်သိချင်နေတယ်။ အမေ့ကိုလည်း သူများခြံဝင်းတွေထဲမှာ ရိုးတံရှည်ပန်းတွေ ပွင့်နေရင် တောင်းယူခဲ့ဖေးဖို့ တဖွဖွ ပြောတယ်။ ကော်ရှူလိုက်ရင် သူမ ဖျားနေတာကောင်းသွား မယ်ထင်လို့ ကော်ရှူကြည့်ချင်ကြောင်းလည်းပြောတယ်။ အမေက ပျာပျာသလဲတားတော့ သူ့ကို ကော်မရှူဖူးဘူးလို့ထင်နေတာလား၊ ပါဝီစက်ရုံက ကောင်လေးနဲ့အတူ ရှူကြည့်ဖူးကြောင်း ပြောပြန်တယ်။ အမေက သူ့ကို သိပ်အထင်သေးတယ်လို့လည်း ဆိုတယ်။

အဲဒီအချိန်ဟာ မိုးဦးရာသီပေါ့။ အဲဒီရက်ပိုင်းတွေ အတွင်းမှာ မိုးတွေက သဲသဲမဲမဲကို ရွာတာ။ မုန်တိုင်းရှိမယ်လို့ သတင်းကြားတော့ လူတွေဟာ အပြင် မထွက်ကြတော့ဘူး။ နီနီဟာ ခုတင်ပေါ်မှာနေရင်း အပ်ထည်ပုံတွေကို လှမ်းကြည့်တယ်။ သူမဟာ ပိုပြီး စိတ်ထိခိုက်လာခဲ့တယ်။ အပ်ထည်တွေဟာ တကယ်ပဲ တိုး မလာတော့တာ။ လူတွေဟာ အပ်ထည်တွေ လာမအပ်လောက်အောင်ကို ဖြစ်သွားတာ။

နီနီ့စိတ်ထဲမှာတော့ နတ်ဝင်သည် မိန်းမကြီးကြောင့် ဘယ်သူမှ လာမအပ်ကြတော့ဘူးလို့ဘဲ စွဲနေတော့တာ။ အမေက ဒီအချိန်ဟာ ပွဲတော်ကာလ မဟုတ်တဲ့အပြင် မိုးကလည်း ရက်ဆက်ရွာနေတာကြောင့် လူတွေဟာ အဝတ်အစားသစ်တွေ လာမချုပ်ကြတာလို့ ဖျောင်းဖျပြောပေမဲ့ နီနီကတော့ အဲဒီလို မဟုတ်ဘူးလို့ဘဲ ထင်နေတယ်။ နောက်ဆုံးမှာ သူမဆီကို ဘယ်သူမှ အပ်ထည်တွေ လာမအပ်ကြတော့ရင် သူမကို အမေက ပါဝီစက်ရုံကို ပြန်ပို့မလားလို့လည်း တွေးကြောက်နေတယ်။ နီနီဟာ ပါဝီစက်ရုံ

www.burmeseclassic.com

မှာ အလုပ်လုပ်ရမှာကို တွေးမိရင် သေလောက်အောင် ကြောက်လာတာပါပဲ။

ညဘက်တွေမှာလည်း သူမဟာ အိပ်နေရင်းနဲ့ လန့်လန့်နိုးရတယ်။ နီနီ့ခန္ဓာကိုယ်ဟာ အရိုးတွေ ငေါထွက်နေပြီ။ ဒါပေမဲ့ အမေက ဆေးရုံသွားဖို့ တိုက်တွန်းတာကို တွင်တွင်ခါခါ ငြင်းနေဆဲပဲ။ ကော်ရှုံပို့ပြောနေတော့တယ်။

မိုးသည်းနေတဲ့ တစ်ည မှာတော့ မိုးသံတွေကြားမှာ ခြေနင်းစက်သံတွေကြားလို့ အမေဟာ နီနီ့အခန်းထဲ ပြေးဝင်လာတယ်။ နီနီ့လက်တွေမှာ သွေးတွေနဲ့။ နီနီဟာ စက်ခုံပေါ်မှာ အားယူပြီး မလဲအောင် ထိုင်နေဆဲပဲ။ စက်ပေါ်မှာတော့ ဘာအဝတ်စမှ ရှိမနေဘူး။ နီနီ့ခြေထောက်တွေကတော့ ခြေနင်းပြားတွေပေါ်မှာ။

အားပြင်းပြင်းနဲ့ စူးဝင်နစ်မြုပ်တတ်တဲ့ စက်အပ်ဟာ နီနီ့လက်ချောင်းသုံးချောင်းရဲ့ ထိပ်ဖျားတွေကို ဖောက်သွားခဲ့ပြီ။ နီနီဟာ ညာဘက်လက်က ခြေနင်းစက်ရဲ့ဘီးကို ဖြည်းဖြည်းလှည့်ပြီး မြင့်တက်လာတဲ့ စက်အပ်အောက်ကို လက်ချောင်းထိပ်ကို ထိုးသွင်း၊ အဲဒါပြီးရင်း ခန္ဓာကိုယ်က ရှေ့ကို ညွှတ်ကျလာပြီး ခြေနင်းပြားကို တစ်ချက်ပြန်နင်း၊ လက်ချောင်းထိပ်ကနေ သွေးထွေမန်းထွက်လာရင် လက်ကို ခပ်လေးလေး ပြန်ဆွဲယူ။

အမေဟာ သူမကို ဆွဲယူပွေ့ဖက်တော့ နီနီဟာ ပျော့ခွေပြီး ပါလာတော့တာပဲ။ နီနီ့မျက်လုံးတွေဟာ ဘယ်တော့မှ မလှုပ်ရှားနိုင်တော့မယ့် မျက်လုံးသေတွေလိုပါပဲ။

အမေဟာ နီနီရဲ့ ခန္ဓာကိုယ်အနှံ့ကို သူလက်တစ်ဖက်နဲ့ ခပ်မြန်မြန် လိုက်စမ်းပြီး 'နီနီ နီနီရယ်...သမီးကိုယ့်ကိုယ်ကို ဘာလုပ်လိုက်တာလဲ' လို့ ယူကျုံးမရ အော်မေးနေတော့တယ်။ နီနီက 'ကော်ရှုံလိုက်တာ'၊ 'နီနီ သူကို သိပ်ချစ်တယ်' လို့ မဆီမဆိုင် ဖြေပြန်တယ်။ အမေဟာ နီနီ့စကားတွေရဲ့ ဆက်စပ်မှုကို မစဉ်းစားနိုင်သေးဘူး။ နီနီ့ခန္ဓာကိုယ်ကို ဆွဲယူပွေ့ဖက်ထားရင်း အနီးအနားမှာ ကော်ဘူးနဲ့ တူတာတွေကို လိုက်ရှာကြည့်နေပေမဲ့ ဘယ်နေရာမှာမှ မတွေ့ပြန်ဘူး။ အမေဟာ နီနီရဲ့နဖူးပြင်ကို တင်းတင်းကျပ်ကျပ် ဖိနမ်းနေရုံကလွဲလို့ ဘာလုပ်ရမှန်း မသိခဲ့။

တဖြည်းဖြည်းနဲ့ လက်ချောင်းထိပ်က သွေးတွေဟာ အင်္ကျီဖြူကိုနီရဲသွားစေတယ်။ နီနီ ငိုတယ်။ နီနီဟာ အသံ လုံးဝ မထွက်ဘဲ ငိုတယ်။ သူမျက်ရည်တွေဟာ ပါးပြင်နှစ်ဖက်မှာ စိုရွှဲတယ်။ မျက်လုံးတွေကိုတော့ မဖွင့်တော့ဘူး။

မှန်ပြတင်းကနေ ဝင်းလက်တဲ့ လျှပ်စီးကြောင်းတွေဟာ ရှုပ်ယှက်ခတ်နေလောက်အောင် ပေါ်လာတယ်။ ထိတ်လန့်စရာကောင်းတဲ့ မိုးကြိုးသံတစ်သံ ထွက်လာတော့ အမေဟာ နီနီ့ရဲ့ သေးကျစ်တဲ့ ခန္ဓာကိုယ်ကို လွှင့်ထွက်သွားမှာစိုးနေရသလို ဆွဲဖက်ထားတော့တယ်။

အဲဒီအချိန် ညသန်းခေါင်ရောက်လို့ ချိန်သီးနာရီက ဆယ့်နှစ်နာရီထိုးတော့ ထွက်လာတဲ့နာရီသံတွေဟာ ပုံမှန် မဟုတ်ဘဲ ခြေနင်းစက်သံတွေလို တဂျန်းဂျန်းမြည်နေလေရဲ့။ ■

နေ၊ပင်လယ်ပြာ

"အမျိုးသမီးတိုင်း သတိပြု ကကွယ်နိုင်စေဖို့"

➢ လက်ရှိ အသက် ၁၇၊ ၂၀၊ ၂၂၊ ၂၆၊ ၂၉၊ ၃၅၊ ၃၈၊ ၄၀၊ ၄၃၊ ၄၆၊ ၅၂၊ ၅၅ ထဲရောက်နေသူများ(သို့မဟုတ်) ယခင် ချစ်သူ/ခင်ပွန်းက ဤအသက်ထဲ ရောက်နေသူများ အိမ်ထောင်ရေး အချစ်ရေးတွင် အပြုံးကိစ္စ၊ ဖောက်ပြန်ရှုပ်ထွေးမှုကိစ္စ ၊ အစွဲပ်အစွဲအထင်လွဲ၊ နာမည်ပျက် သိက္ခာကျစရာတို့မပါခြင်း၊ လျှို့ဝှက်ကိစ္စတို့ရှိနေခြင်းတို့ တစ်ဦးဦးဌ ကြုံတွေ့တတ်၍ ဤအသက်ကို ယခင်ကိုယ်တိုင်ရောက်နေသူများ၊ ယခင်၏ ချစ်သူ/ခင်ပွန်း ကိုယ်တိုင်ရောက်နေသူများ ကြိုတင်ရရှိကာ သတိပြုနိုင်စေဖို့

ဆရာမ ထက်နွေးစိန် LL.B, LL.M, DBL, DML

(အမျိုးသမီးသားရေး ဥပဒေအကြံပေးအရာရှိ)

တိုက် - 40 G-2 ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ 41 ရပ်ကွက်၊ မြောက်ဒဂုံ၊

Ph: 09 5164326, 09 73106180, 09 43094806

www.burmeseclassic.com

www.burmeseclassic.com

မော်ကြီးဆိုတဲ့ လူနားကို ဝိုင်းဖွဲ့ပြီး တစ်ယောက်တစ်ပေါက် လှုပ်ခေါ်နေကြတယ်။ နောက်တော့ သူ့ကို မ,သွားကြတယ်။ မော်ကြီးကတော့ သူတို့ ခေါ်ရာနောက်ကို အသက်ဝိညာဉ်ကင်းမဲ့စွာ ပါသွားခဲ့ပြီပေါ့။ ကိုယ်ကတော့ မျက်ရည်လေးတစမ်းစမ်းနဲ့ နောက်ဆုံးကျန်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်ကို ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာဖြစ်တာလဲဆိုတာ အဲ့တော့မှ စုံစမ်းရတယ်။

ကိုယ် အလုံးစုံ သတင်းရတဲ့အချိန်မှာတော့ မော်ကြီးဆိုတာ အပေါ်ထပ်က သူဖြစ်တယ်ဆိုတာရယ်၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတဲ့ မိသားစုအပေါ် လုပ်ကျွေးပြုစုနေတဲ့ သားလိမ္မာလေးဆိုတာရယ်၊ အခုတော့ ဘာကြောင့်သေမှန်းမသိ ရုတ်တရက်ကြီး သေဆုံးသွားရတယ်ဆိုတာရယ် သိလိုက်ရတယ်။ အဲဒီအချိန်ထိ ကိုယ့်စိတ်ထဲ မိုက်မိုက်မဲမဲ တွေးထင်နေမိတာက အရွယ်ကောင်း ဒီလူဟာ အကြောင်းမဲ့ သေဆုံးတာတော့ မဖြစ်နိုင်၊ မူးယစ်ဆေးတစ်ခုခုကြောင့် ဒီလိုဖြစ်သွားတာနေမှာလို့ သေချာပေါက်တွေးမိနေတုန်းပဲ။

ဘာဖြစ်လို့ ဒီလိုတွေးတာလဲလို့တော့ ကိုယ့်ကို မမေးကြပါနဲ့၊ ကိုယ့်စိတ်ထဲ၊ အာရုံထဲ၊ အတွေးထဲ ဒီချိန် ဒီခါမှာ ရှိနေတာ အိပ်မက်ဆိုးတစ်ခုလို ကြောက်လန့်နေတာ ဒီမူးယစ်ဆေးပဲ။ ကိုယ် အဲဒီအချိန်ကာလမှာ ခဏလောက် ရူးနေတာပဲလို့ စွပ်စွဲလည်း ကိုယ်လက်ခံမှာပါ။ ရူးလောက်ပါတယ်လေလို့ လည်း ကိုယ့်ကို သက်သက်ညာညာ ပြန်နားလည်ပေးကြပါ။

နောက်တော့ သေဆုံးမှုကို အတည်ပြုဖို့ ဆရာဝန်တစ်ယောက် ရောက်လာတယ်။ ကိုယ် လည်း မယောင်မလည်နဲ့ သွားစပ်စုမိတယ် ပြောပါတော့။ 'ဦးနောက်သွေးကြောပြတ်ပြီး သေဆုံးတာပါ။ ဒါမျိုးက ရုတ်တရက်ဖြစ်တတ်ပါတယ်။ အပြင်မှာ နေသိပ်ပူတယ်လေ၊ ပြီးတော့ သူ လေ့ကားကို ပြေးတက်ခဲ့ပုံရတယ်။ ဒါကြောင့် ဖြစ်သွားခဲ့တာလို့ ခန့်မှန်းပါတယ်' ဆရာဝန်ရဲ့ မှတ်ချက်အောက်မှ မချိတင်ကဲ ငိုလိုက်တဲ့ မော်ကြီးဆိုသူရဲ့ မိဘနှစ်ပါး ငိုရှိုက်သံကလွဲပြီး ဘယ်သူကမှ အတွန့်တက်ခြင်း တစ်စုံတစ်ရာ မရှိခဲ့ကြပါဘူး။ ဖြစ်မှဖြစ်ရလေဆိုတဲ့ မှတ်ချက်သံနဲ့ ခပ်ဆင်ဆက် စကားလုံးတွေကတော့ ဟိုက ဒီကပေါ့။ ကိုယ်ကတော့ 'ရုတ်တရက်'ဆိုတဲ့ ဆရာဝန်ရဲ့ မှတ်ချက်ဟာ ရင်ကို ဆယ်ပေါင်တုန့် ထုသလို တစ်ချက်ချင်းကို နာနေတာ မပြီးနိုင်တော့ဘူး။ တကယ်ဆို လူလူချင်းဆိုတဲ့ စာနာစိတ်နဲ့ တံခါးဖွင့် ထွက်ကြည့်လိုက်မိရင် သူ သေချင်မှ သေနိုင်မယ်ဆိုတာ မတွေးဘဲ မနေနိုင်အောင်ဘဲ။ နောက်ဆုံး အသက်ထွက်ခါနီးအချိန်ထိ ကူကယ်ရာမဲ့ဖြစ်သွားရှာတဲ့ လူတစ်ဦးအတွက် နားလည်မှုလွဲမှား ဥပေက္ခာပြုမိတဲ့ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ခြင်းများစွာနဲ့ရယ်ပါ။ ဒီခံစားမှုကို ဘယ်သူများ ခံစားဖူးပါ့မလဲ။ အင်မတန်ဆိုးဝါးပြီး အနေရခက်လွန်းလှပါတယ်။

❑

၃။

ကောင်မှုကုသိုလ်တွေကို ဗုဒ္ဓဘာသာအရရော၊ ကိုယ့်ဘာသာအရရော အမြတမ်းပြုလုပ်ဖြစ်ပါတယ်။ ပြီတိုင်းလည်း ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို မော်ကြီးရပါစေလို့ ဆုတောင်းဖြစ်တယ်။ မော်ကြီးနဲ့ ပတ်သက်ရင် ကိုယ်ဟာ အပြစ်သားတစ်ယောက်လို ခံစားမိတာကြောင့် လည်း တတ်စွမ်းသမျှ ကောင်းမှုကုသိုလ်တွေပြုတိုင်း သူ့ကို မမေ့မလျော့ မျှဝေပေးနေမိဦးမှာ။ တစ်ခါတလေ စဉ်းစားမိတယ်၊ လူသတ်မှုသတင်းတွေ ဘာတွေ ဖတ်မိရင်ပေါ့လေ။ လူတစ်ယောက်က တခြားလူတစ်ယောက်ကို ဘယ်လို စိတ်ဓာတ်အင်အားမျိုးနဲ့များ သတ်ဖြတ်ရဲပါသလဲလို့။ လူသတ်ရဲလောက်အောင် ဘယ်လိုကြောက်စရာကောင်းတဲ့ စိတ်တွေ သူတို့ ခန္ဓာကိုယ်ထဲ ကိန်းအောင်းနေသလဲလို့။ ကိုယ်ကတော့ ကိုယ်မသတ်ပါဘဲ သေသွားခဲ့တဲ့လူတစ်ယောက်အတွက် ခုချိန်ထိ နာကျင်ပင်ပန်းလို့ မပြီးနိုင်သေးပါဘူး။ ဒီခံစားမှုက လွတ်မြောက်အောင် ကိုယ့်ကို ဘယ်သူများ ကူညီပေးနိုင်မလဲ။ ကျေးဇူးပြုပြီး ကူညီပေးကြပါလားရှင်။

■

မိမိုး

အယ်ဒီတာအဖွဲ့

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com

ဖိုးသူးတစ်ပြည် ကြိုးရောက

ဘုန်းကြာဖြူကြားခဲ့

တယ် ဒီကောင်မ
ငါ ထ, အုပ်လိုက်ရ
သေတော့မယ်
ဖိုက်ကြီးနဲ့ ဖြစ်နေလို့
အလျှော့ပေးတာကို
ရောင့်တက်နေတယ်
ဟင်း...
ဆရာမလေး ရှိလို့သာပေါ့

နှစ်ခြိုက်စွာ အိပ်မောကျနေသော ဆရာမလေး မစုသည် ကျယ်လောင်သောအသံတစ်သံကြောင့် လန့်နိုးလာသည်။ အိပ်ရာထဲမှာမှန်း သေချာနေပါလျက်နှင့် ကြားနေရသော အသံတို့ကြောင့် မိမိကိုယ်မိမိ ရေတံခွန်တစ်ခုခုအောက်မျှား ရောက်နေသလားဟု ထင်ယောင်ထင်မှားပင် ဖြစ်လိုက်မိသေးသည်။ မိုးသံသည် တဝေါဝေါနှင့် သည်းထန်စွာ ရွာသွန်းနေလေသည်။ ခါးအောက်ပိုင်းထိ လျှောကျနေငြိုဖြစ်သော ဥမ်းစောင်ကို နားရွက်နှစ်ဖက် ဖိုးအုပ်သွားသည်အထိ ဆွဲတင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ညဥ့်နက်နက် အမှောင်ထုကြားတွင် မိုးသံမှတစ်ပါး အခြားအသံကို မကြားရချေ။ ဆေးခန်းကလေး၏ သွပ်မိုးပေါ်သို့ တတောက်တောက် မိုးစက်ကျသံကို တစ်ခါတစ်ရံသာ ကြားရပြီး တဝေါဝေါ မိုးသံကသာ ကျယ်လောင်စွာပေါ်ထွက်နေပါတော့သည်။

ကောင်းကင်ကြီး ပြိုကျလာပြီလား ထင်မှတ်မှားရလောက်အောင် အငြိုးတကြီး ရွာသွန်းနေသောမိုးသည် အိပ်ရာအတွင်းမှ ဆရာမလေးကို တော့ စိုစွတ်သွားအောင် မပြုလုပ်နိုင်ပါချေ။ ထို့အတူပင် မနှစ်တစ်နှစ်ကမှ အသစ်တည် ဆောက် ထားသော ကျေးရွာဆေးပေးခန်းကလေး၏ သွပ်မိုးပြောင်လက်လက်ကိုလည်း ဖောက်ဝင်နိုင်စွမ်း မရှိပါပေ။

သို့တိုင်အောင် ဆေးခန်းကလေး၏ အနောက်ဘက်ခန်းရှိ ခုတင်ပေါ်တွင် နွေးထွေးစွာ ကွေးနေခွင့်ရသော ဆရာမလေးကတော့ အိပ်မရအောင် ဖြစ်နေပါသည်။ မျက်လုံးအစုံကို မှိတ်ထားပါလျက် စိတ်အစဉ်မှာ မြင်တွေ့နေရသော ပုံရိပ်တွေကြောင့် စိတ်မအေးနိုင်အောင် ဖြစ်နေမိသည်။

❑

အလုပ်လျှောက်လွှာ စတင်ကတည်းကပင် ကျေးလက်နေ ပြည်သူတို့၏ ကျန်းမာရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားပေးမည်ဟူသော ခံယူချက်ဖြင့် မြို့ပြနှင့် ကင်းဝေးရာ ကျေးရွာများတွင် တာဝန်ချထားပေးရန်သာ အဓိကထား လျှောက်ဖြစ်ခဲ့သည်။

အဆင်မပြေမှုတွေ၊ အခက်အခဲတွေ ကြုံနိုင်မည်မှန်း သိသော်လည်း ကြုံလာသမျှ ဒုက္ခတို့ကို သတ္တိရှိရှိ ရင်ဆိုင်ဖို့ မိမိစိတ်ကို ကြိုတင် ပြင်ဆင်ခဲ့သည်။

မည်သို့ပင် ကြိုးစားစေကာမူ တစ်ခါတစ်ရံတွင်တော့ ဆရာမလေးအတွက် စိတ်ပျက်စရာ ကြုံရတတ်လေသည်။ ယခုလည်း လူနာသည် မထ,နိုင်တော့ပါဆိုသည့် အကြောင်းပြချက်ဖြင့် လာခေါ်သောကြောင့် လိုက်ခဲ့ရပြန်ပြီ ဖြစ်သည်။ သုံးဘီးဆိုင်ကယ်ပေါ်တွင် လူနာ၏ အမျိုးသားဆိုသော အရောင်မပေါ်သည့် စွပ်ကျယ်နှင့် ဆေးရောင်ပြယ်နေသည့် ဘောင်းဘီတို အပွကို ဝတ်ဆင်ထားသူတစ်ဦးနှင့် ဆိုင်ကယ်ဆရာ အပြင် ဆရာမလေးတစ်ဦးသာ မိန်းမသားရှိလေသည်။

အနောက်ဘက်တောင် တန်းများပေါ်တွင် နေလုံးကြီးက မေးတင်နေပြီ ဖြစ်သည်။ သူတို့ တောရွာဓလေ့အရ မိန်းမပျိုလေးတစ်ဦးသည် သူစိမ်းယောကျ်ားလေးများနှင့် အတူတကွ သွားလာရန် မသင့်ဟု ဆိုကြသည်။ ဆရာမလေးကတော့ ဆွေမျိုးရယ်လို့ ဒီရွာမှာ မရှိ။ သူစိမ်းတစ်ရံဆံကြားမှာ ဘယ်သူလာခေါ်ခေါ် ဆင်းရဲချမ်းသာ မရွေး လူနာမှန်သမျှကို လိုက်ပါကုသရမြဲ ဖြစ်သည်။ သုံးဘီးဆိုင်ကယ်လေးသည် ရွာပြင်သို့ ရောက်လုနီးသော အခါ ဆရာမလေး စိုးရိမ်စိတ်ကို ကျော်လွှန်မသွားချင်တာတော့ အမှန်ပင်။ သို့သော်လည်း မီးဖွားလုဆဲ လူနာရှိနေသည်ဆိုသော အတွေးတွေက နောက်ပြန်လှည့်ရန် အတွေးကို ဖိနှိပ်ထားပြန်သည်။ ကံကောင်းစွာပင် ဆိုင်ကယ်သည် ရွာစွန်ရှိ အိမ်ငယ်လေးတစ်လုံးရှေ့တွင် ရပ်သွားလေသည်။

ဆရာမလေးသည် ပေါင်ပေါ်မှာ တင်ထားသော ဆေးဆွဲခြင်းကို ကိုင်ဆွဲကာ ဆိုက်ကယ်ပေါ်မှ အမြန်ခုန်ချပြီး အိမ်ကလေးဆီသို့ ဦးတည် ပြေးသွားတော့သည်။

'ဟာ ဆရာမ ဆရာမ အဲဒီအိမ် မဟုတ်ဘူးဗျ'

လူနာရှင်ထံမှ ကမန်းကတန်း လှမ်းအော်သံကြောင့် ဆရာမလေး၏ ပြေးလက်စ ခြေလှမ်းများ ရပ်တန့်သွားပြီး အံ့အားသင့်သွားမိသည်။ ဤအိမ်၏ ဘေးပတ်ဝန်းကျင်တွင် အခြားအိမ်များ မရှိသောကြောင့် ဖြစ်သည်။ သုံးဘီးဆိုင်ကယ်ကလည်း လှည့်ပြန်သွားပေပြီ။

'ဆရာမ လာ လာ ဒီလမ်းက သွားရမှာ'

လူနာရှင်သည်၊ ပြောရင်းကပင် ဆရာမလေး၏ လက်ထဲမှ ဆေးခြင်းကို ဆွဲယူကာ အိမ်ကလေး၏ နံဘေးမှဖြတ်ကာ လယ်ကွင်းများဆီသို့ ရှေ့ဆောင်သွားလေတော့သည်။ ဆရာမလေးမှာလည်း တစ်စုံတစ်ရာ ထပ်မေးခွင့်မသာတော့ဘဲ သူ့နောက်သို့သာ အပြေးတစ်ပိုင်းဖြင့် လိုက်ခဲ့ရတော့သည်။ လယ်ကွင်းများ အလယ်ထဲမှ တဲစုစုကို လှမ်းမြင်လိုက်ရတော့ ဆရာမလေး စိတ်မောသွားရသည်။

မိုးကာလမို့ လယ်ကွက်ထဲ ရေဝင်စ,ပြုနေပြီ ဖြစ်သည်။ ဖိနပ်တွေက နှံနှစ်ပြီး ရှုန်းရခက်နေတာမို့ ခရီးက သိပ်မတွင်ချေ။ ဖိနပ်စီးမထားသော လူနာရှင်က အတော်ဝေးဝေးရောက်သွားပြီ ဖြစ်သည်။ ဆရာမလေးလည်း အခြေအနေအရ ထဘီကို တိုတိုပြင်ဝတ်ကာ စီးထားသော ဖိနပ်ကို ချွတ်လိုက်ရသည်။ ချိုင်းကြားညှပ်ထားသော ထီးနှင့် ဖိနပ်ကို လက်တစ်ဖက်က ကိုင်၊ ကျန်လက်တစ်ဖက်က ထဘီကို ဒူးထိအောင်မ,ကာ ရှေ့ဆက်ရတော့သည်။

'ဆရာမ ရရဲ့လားဗျ ကျွန်တော် တွဲကူရမလား'

'အိုး... မဟုတ်တာ ရပါတယ်။ ကျွန်မဘာသာ လျှောက်ခဲ့ပါ့မယ်'

ဆရာမလေးနှုတ်မှ ခပ်သွက်သွက်လေး ဖြေလိုက်ရသည်။ နို့မို့ဆို အလျင်လိုနေသော လူနာရှင်က ဆရာမလေးအား အမှန်တကယ် ဆွဲပြေးမည့်ပုံ ပေါက်နေသည်။ ဆရာမလေးလည်း ဗွက်တွေ၊ ရွံ့တွေ မရွံ့အား၊ ကျွတ်တွေ၊ မျှော့တွေ မကြောက်အားတော့သလို ဣန္ဒြေတွေဘာတွေ မငဲ့ကွက်နိုင်တော့ဘဲ ဒူးနှစ်ဖက် အပေါ်ထိ ထဘီကို ဆွဲကိုင်ကာ လူနာရှင်နောက် အပြေးလိုက်ခဲ့ရတော့သည်။

'အမေရေ အရမ့်သနီး

www.burmeseclassic.com

www.burmeseclassic.com

တော့ ကောက်စိုက်သမပုံ ပေါက်နေပြီ'

ဆရာမလေးသည် တစ်ကိုယ်တည်း တီးတိုးကြားရုံ ပြောလိုက်မိသည်။

'ရောက်ပြီ ဆရာမ၊ ရှေ့ကခြံက ကျွန်တော်တို့ခြံပဲ။ ကျွန်တော် လျှောက်တဲ့ အတိုင်း နောက်က လိုက် လျှောက်ခဲ့နော်'

လူနာရှင်၏ အပြောကို ခေါင်းညိတ်ပြလိုက်သည်။ တကယ်တော့ သူ မပြောခင်ကပင် သူ့ခြေလှမ်းတွေ အတိုင်း ထက်ကြပ်မကွာ လိုက်ခဲ့တာဖြစ်သည်။

'ဒီအိမ်ပဲဗျ ဆရာမလေး၊ မြန်မြန်တက်ကြည့်ပေးပါဦး'

'အမယ်လေး'

အိမ်တိုင်ဝါးလုံးကို ကိုင်ဆွဲပြီး လှမ်းတက်လိုက်သော ဆရာမလေးသည် အတန်ငယ် ယိုင်နဲ့သွားသော ဝါးလုံးကြောင့် လန့်ဖျပ်ကာ နောက်ပြန်ကျမိမလိုဖြစ်သွားရသည်။ လူနာအမျိုးသမီးသည် ဗျာတစ်ချပ်ပေါ်တွင် လဲလျောင်းနေရာမှ အသံကြားလိုက်ရသောကြောင့် ကမန်းကတန်း ကြိုးစားထ၊ လိုက်သည်။ လူနာ၏ ခေါင်းရင်းပိုင်းတွင် ရွှေတိဂုံစေတီတော်ပုံ ကို သပြေပန်းတစ်အိုးနှင့်သောက်တော်ရေတစ်ခွက် ကပ်ထားလေသည်။

'ဆရာမ ရဲရဲသာနှင်းဗျ၊ ဘာမှမဖြစ်ဘူး။ ကျွန်တော့် ကလေးတွေဆို အမြဲတမ်း ခုန်ပေါက်ကစားနေတာ'

လူနာရှင်၏ အပြောကို ခပ်ယဲ့ယဲ့ ပြုံးပြရင်း ခေါင်းညိတ်ပြလိုက်သော်လည်း ဆရာမလေးစိတ်ထဲတော့ စိုးရိမ်နေဆဲ ဖြစ်သည်။

'အစ်မ ဘယ်လိုနေသေးလဲ၊ ဗိုက်နာနေတုန်းပဲလား'

'သက်သာသွားပြီ ဆရာမ၊ စောစောက တအား နာလာလို့ ဆရာမလေးကို ပြေးခေါ်ခိုင်းလိုက်တာ၊ အားနာလိုက်တာ ဆရာမလေးရယ်'

ပြောမယ့် သာပြောရသည်။ ဆရာမလေးသည် ခုချိန်ထိ ထိုင်စရာ နေရာ ရှာမရဘဲ မတ်တတ်ရပ်နေဆဲ ဖြစ်သည်။ နောက်ဆုံးတော့ လူနာအမျိုးသမီးအိပ်နေသည့် ဖျာထောင့်စွန်းလေးတွင် ကပ်ထိုင်လိုက်သည်။ ပြန်အထတော့ သတိထားရပေမည်။ ချည်ထဘီလေး မတော်တဆ ငြိသွားပါက ခက်ချေတော့မည်။

'ဗုဒ္ဓေါ'

ခေါင်းပေါ်သို့ တစ်စုံတစ်ရာ ဝဲပျံကျလာတာမို့ ရုတ်တရက် ထ၊ အော်မိသွားသည်။

'ဆရာမလေးကလည်း ကြောက်တတ်လိုက်တာ။ ကျွန်တော့်ကြက်တွေ နေဝင်လို့ အိပ်တန်းတက်တာပါဗျ'

လူနာရှင်က ရယ်ကျဲကျဲနှင့် ပြောလာသည်။

'ဩော် ဒါနဲ့ တခြားကလေး ရှိသေးတယ်ဆို'

'ဟုတ်ကဲ့၊ ကျွန်တော့် ကလေး လေးယောက်လုံးကို သူတို့ အဘွားအိမ် ပို့ထားတယ်။ သူတို့အမေ မီးဖွားရင် အနားလာရှုပ်နေမှာစိုးလို့'

ကလေးတွေရန် မရှိတော့သော်လည်း အိပ်တန်းတက် ကြက်တစ်အုပ်က ဆယ့်နှစ်ပေသာသာ အိမ်ခန်းကလေး၏ မျက်နှာစာတွင် ဟိုကူးဒီပျံဖြင့် ဆူညံပူညံ လုပ်နေကြသည်။

'မီးကော အဆင်သင့် ရှိရဲ့လား'

'မီးဖိုလား ဆရာမ၊ အနောက်ဖေးမှာလေ၊ အချိန်မရွေးမီးမွှေး...'

'သြော် ဘယ်ကလာ မီးဖို ရမှာလဲ၊ မီးထွန်းဖို့ လျှပ်စစ်မီးပြောတာရှင့်'

'ရှင်းရှင်းပြောစမ်းပါ ဆရာမရယ်၊ လျှပ်စစ်မီးလည်း ရှိပါ့ ဒီမှာကြည့်'

ဆိုကာ လူနာရှင်သည် အိမ်အဝင်အဝတွင် ချိတ်ဆွဲထားသော မီးသီးကို ဖြုတ်လာပြလေသည်။ ဝိုင်ယာကြိုးနှင့် အသင့်ချိတ်ထားသော မီးသီးမှာ အိမ်၏ မည်သည့်နေရာကိုမဆို ပြောင်းလဲချိတ်ဆွဲနိုင်ရန် အရှင်လုပ်ထားခြင်း ဖြစ်သည်။

'ဒါနဲ့ အစ်မ အခုကော ဗိုက်ထဲ ဘယ်လိုနေလဲ'

မီးဖိုခန်းထဲ ဝင်သွားကာ ပြန်ထွက်မလာသေးသော ကိုယ်ဝန်ဆောင်သည်အား လှမ်းမေးလိုက်သည်။

'ရှင် ဟို ဘာမှ မဖြစ်တော့ဘူး ဆရာမ၊ ဗိုက်ဆာလာသလိုဖြစ်နေလို့ ထမင်းစားနေတာ'

အမျိုးသမီး၏ထစ်ထစ်ငေါ့ငေါ့ ပြန်ဖြေသံက အဆုံးမသတ်လိုက်။ အိမ်ရှေ့ စဉ့်အိုးထဲက ရေကို ခပ်ချိုးနေသော အမျိုးသားထံမှ အော်ငေါက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ခုနက နင်ပြောတော့ ဗိုက်နာလို့ သေတော့မယ်ဆို။ ငါ့မှာတော့ တောင်ပိုင်း၊ မြောက်ပိုင်း စုံအောင် ပြေးပြီး ကားငှားလိုက်ရတာ၊ နင်က အခုတော့ ထမင်းစားဝင်နေတယ်ပေါ့'

'ဟဲ့ ငါ ဗိုက်ဆာလို့ စားတာပေါ့၊ နင်က ဘာလို့ အပြစ်တင်နေတာလဲ။ ဘာလဲ ငါ့ကို မြန်မြန်သေစေချင်လို့လား'

အခြေအနေတွေက သိပ်မဟန်တော့။ ဆရာမလေးမှာလည်း မတော်တဆများ ထ၊ သတ်နေကြလျှင်ဖြင့် ထွက်ပြေးရကောင်းမလား၊ စိတ်လှုပ်ရှားသွားပြီး ကလေးထွက်ကျလာတာကိုပဲ ပြေးကောက်ရမလား၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေမိတော့သည်။

'တယ် ဒီကောင်မ ငါထ၊ အုပ်လိုက်ရ သေတော့မယ်။ ဗိုက်ကြီးနဲ့ ဖြစ်နေလို့ အလျှော့ပေးတာကို ရောင့်တက်နေတယ်။ ဟင်း... ဆရာမလေး ရှိလို့သာပေါ့'

ဘုရားရေ... ဆရာမလေး ရှိနေလို့ဆိုပါလား။ မရှိလို့ဖြင့် မားနှင့်များ ခုတ်လိုက်လေမလား။ တွေးရင်းဖြင့် ဆရာမလေး ကြောက်လာသည်။ ဟိုတလောကလည်း ခင်ပွန်းဖြစ်သူကို ဇနီးက မားချွန်ဖြင့် ထိုးလိုက်သော ကြောင့် ဆေးရုံရောက်သည်ဟု ဆေးရုံမှာ တာဝန်ကျသော မရည်ဝေ လာလည် တုန်းက ပြောဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ဒီတဲ့လေး ပေါ်မှာ အတူရှိနေလို့ကတော့ စက်ကွင်းလွတ်မည် မထင်။ တစ်မျိုးမျိုးတော့ ကြိုရပေဦးမည်။

'ခဏလေး ငြိမ်နေကြပါဦး၊ ကျွန်မ တစ်ခုလောက် ပြောပါရစေ'

ကြားဖြတ်ဝင်ပြောလိုက်သော ဆရာမလေး အသံကြောင့် နှစ်ဦးစလုံး နှုတ်ဆိတ်သွားကြသော်လည်း အကြည့်တွေက စောင်နေကြဆဲ ဖြစ်သည်။

'ဟိုလေ အခု ဗိုက်သိပ်မနာတော့ဘူး ဟုတ်လား၊ ကျွန်မ ဆေးခန်းကိုပဲ သွားလိုက်ကြရအောင်။ ဟိုမှာက ပိုပြီး အဆင်ပြေတယ်။ ပြီးတော့ ကျွန်မမှာ အခု ဆေးအလုံအလောက် ပါမလာဘူး'

ပြောမည့်သာ ပြောရသည်။ အသံက တည်ငြိမ်မှု မရှိဘဲ တုန်ခါနေကြောင်း ဆရာမလေးကိုယ် ဆရာမ သိနေပါသည်။ သို့သော် အကြံအောင်ခဲ့ပါသည်။

'ဟုတ်တယ်၊ ဆရာမ ဆေးခန်းမှာ သွားမွေးတာပဲ ကောင်းတယ်'

နှစ်ခါပင် မည်လိုက်ပါပေ။ လူနာအမျိုးသမီးသည် သူမ၏ အဖြေကားနှင့်အတူ ထာဘီတစ်ထည်ဖြန့်ကာ ကြိုတင် ပြင်ဆင်ထားသော အဝတ်တချို့ ကောက်ထည့်ထုပ်ပိုးပြီး အိမ်အောက် တန်းဆင်းသွားတော့သည်။ ဆရာမလေးလည်း ယောကျ်ားဖြစ်သူမျက်နှာကို လှည့်ကြည့် မနေတော့ဘဲ ဆွဲခြင်းဆွဲကာ အိမ်ပေါ်မှ ဆင်းခဲ့တော့သည်။

နောက်ထပ် ဆယ့်ငါး မိနစ်ခန့် ကြာသောအခါ ရွာလယ် ကတ္တရာလမ်းမကြီး ထက်တွင် လွင့်ပျံလှုပ်တက် မီးပုံးပျံအသွင်နှင့် ကိုယ်ဝန်ဆောင်သည်က ခေါင်းပေါ် အထုပ်တင်လျက် ကော့လန်ကော့လန်ဖြင့် ရှေ့ဆုံးမှ ဦးမော့ချီတက်ကာ အနောက်ဘက် တစ်ခေါလောက် အကွာတွင်မှ မကျေမချမ်း လိုက်လာပုံရသော သူမ အမျိုးသားက ဓာတ်ဘူးတွေ၊ ခွက်တွေ၊ ပလုံးတွေ ထည့်ထားသော တောင်းကို ရွက်ကာ လိုက်ပါလာလေသည်။

ဥဏှကြီးရှင် ဆရာမလေးကိုယ် တိုင်မှာတော့ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဆွဲခြင်းကို ရင်ခွင်ပိုက်ရင်း ထီးကိုလည်း ကိုင်၊ ဖိနပ်ကိုလည်း မစီးနိုင်နှင့် ထာဘီရေစိုရွဲကာ လမ်းလျှောက်ခက်ရင်း သူတို့နှစ်ဦးကြား နှုတ်ဆိတ်ကာ လိုက်ပါလာရလေသည်။

❑

မိုးသည် အရှိန်ကောင်းနေဆဲ။ မိုးသံကြားမှာ မွေးကင်းစ၊ကလေးငယ်တစ်ဦး၏ စူးစူးဝါးဝါး အော်ငိုသံကို ကြားမိလိုက်သလို ရှိသည်။ မိုးမြန်မြန်လင်းပါတော့ဟု ဆရာမလေး ဆုတောင်းနေမိသည်။ လောလောဆယ်တော့ သက်ပြင်းရှည်ကြီးတစ်ခု ချလိုက်ဖို့သာ ဆရာမလေး တတ်နိုင်ပါသည်။

ထိုနေ့ မိုးလင်းသည်နှင့် ဆရာမလေး ပထမဆုံး လုပ်ဖြစ်သည့် အလုပ်မှာ ရွာစွန်ရှိ ကိုယ်ဝန်ဆောင်သည်အိမ် သွားခြင်းပင် ဖြစ်သည်။ ဆေးခန်း၌ တစ်ညအိပ်ပြီး နောက်ထပ် ဗိုက်နာ မလာသောအခါ လင်မယားနှစ်ယောက်လုံးက အိမ်ပြန်တော့မည်ဟု တညီတညွတ်တည်း ပြောလာကြသည်။ ဆရာမလေးလည်း တားမြစ်နိုင်စွမ်း မရှိပါ။ တစ်နေ့လုပ် တစ်နေ့စား သူတို့ဘဝတွေမှာ နှောင်ကြိုးတွေ အများသားမှန်း သိနှင့်နေပါသည်။

သူတို့ ပြန်သွားသည့် နေ့မှစ၍ မိုးရက်ဆက်ရွာနေသည်မှာ အခုဆို မြစ်ရေပင် လျှံတက်နေတာ တူးမြောင်း မှတစ်ဆင့် ရွာထဲ ရောင်လာနေပြီ ဖြစ်သည်။ သူတို့ အဆင်ပြေမှ ပြေပါစ ဟူသော အတွေးတွေက ဘယ်လိုမှ ဖျောက်ဖျက်မရတာမို့ ဘယ်သူမှ မခေါ်ပါဘဲ ကိုယ့် ဆိုင်ကယ် ကိုယ်မောင်းလာကာ လယ်ကွက်ထဲ ရေမကူး ရဲရဲတစ်မည်ဒုက္ခခံပြီး ရောက် အောင်လာခဲ့မိသည်။

အံ့သြစရာပင်။ ကလေး မမွေးရသေး။ မွေးဦးမည့်ပုံလည်း မပေါက်သေး။ ဆရာမလေးသည် အားဆေးပေးပြီး လိုအပ်ပါက အချိန်မရွေး ပြေးခေါ်ရန်သာ မှာခဲ့သည်။ ဒီထက်ပိုမတတ်နိုင်။ နောက်ရက်တွေမှာတော့ ဆရာမလေး၏ စိတ်တွေသာ ရောက်သွားပြီး လူကတော့ မသွားနိုင်ခဲ့။ တုပ်ကွေးမိသောကလေးတွေ၊ ငှက်ဖျားဖြစ်ချင်သော လူနာတွေက များလွန်းသည်မို့ ဆရာမလေးလည်း ဆေးခန်းမှ မခွာနိုင်တော့ပါ။

သူတို့ လယ်ကွင်းတွေမှာ ရေပြည့်လျှံနေပြီဟု ပြောကြတော့ သူတို့တွေ အရေးအကြောင်း လိုအပ်ပါက အဆင်ပြေချောမွေ့စေရန် ဆရာမလေးခမျာ မနက်တိုင်း၊ ညတိုင်း ဘုရားဝတ်ပြုပြီးတိုင်း ဆုတောင်းပေးနေရသည်။ တစ်နေ့တော့ စားစရာဝယ်ရန် ဈေးသွားသော ဆရာမလေးနှင့် ငါးရောင်းရန် ဈေးရောက်နေသော ထိုအမျိုးသားတို့ ဈေးထဲတွင် ဆုံမိတော့သည်။

'ဆရာမ ဒီမှာ ငါး ယူစားသွားပါလား၊ ကျွန်တော့် မိန်းမ မွေးသွားပြီဗျ။ နှစ်ရက် ရှိပြီ။ သူဘာသာ သူ ဗိုက်နာပြီး ချက်ချင်းမွေးသွားတာပဲ။ ရေတွေကလည်း ပြည့်နေတော့ ဆရာမကို မခေါ်တော့ဘူး။ ယောကျ်ားက ကလေးချက်ကြိုးဖြတ်ပေးလိုက်တယ်လေ'

❑

ထိုမနက် ဈေးကပြန်လာပြီးနောက် ဆရာမလေး မစုသည် အလိုလို စိတ်ကျေနပ်ဝမ်းမြောက်နေမိလေသည်။ ကိုယ်တိုင် မွေးဖွားပေးခွင့် မရလိုက်သော်လည်း အဆင်မပြေမှုတွေ ကြားထဲကမှ လူလောကထဲသို့ ရောရှောရှူရှူ ဝင်ရောက်လာသော မျိုးဆက်သစ်ကလေး အကြောင်းတွေးမိရင်း ဆရာမလေးကိုယ်တိုင်ပင် ခွန်အား အပြည့်ဖြစ်နေမိသည်။

သူတို့လေးတွေ ရှေ့ဆက်ရမည့် အနာဂတ်ခရီး ဖြောင့်ဖြူးဖို့ကိုတော့ ဆရာမလေး ဆုတောင်းရပေဦးမည်။

❑

နန်းကြာဖြူသားအံ့

www.burmeseclassic.com

www.burmeseclassic.com

နှုန်ရည်အဝင်း၀

ပြုံးခြင်လည်းကန်တော့ခဲ့တော်မူပါ

ရယ်ခြင်လည်းကန်တော့ခဲ့တော်မူပါ

စာရေးသူ၏နှမငယ်အဝင်း
အငြိမ်စိတ်အတောက်ခံအသစ်ပြန်လည်
ပုံနှိပ်ခွင့်ကြေးဆီထွက်ပေါ်တော့မည်။



အငြိမ်စိတ် အားပေးခဲ့ကြတဲ့
ဒေါ်ကြိုင်း၊ ဦး စောဝါဆိုတော်သောတို့ကို အထူး...
(ကြယ်တော်ကြီးကိုလည်း ပြည်နှာသံလျာက် နဲ့ အတူ)
စေတနာပြိုးခွဲတော်အတွက်
အထူးပါကျေးဇူး။

ထွက်ပြီ

ဇော်ဇော် စာပေ
အမှတ်(၀၃၇)၊ ပြည်ထဲတပ်လမ်း(၄၀)အောက်၊ ကန်သာယာလမ်းနှင့်ပေါ်ကားဆုံရပ်ကွက်၊ ကျောက်တံတားအရှေ့မြောက်ဘက်၊ ဒဂုံဆိပ်ကမ်းခြေ
ဖုန်း-၂၉၂၂၂၀၊ ၀၉၄၀၁၀၀၀၀၇၀
E-mail : zabutalu@gmail.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အလှူ ရွှေအပြာတော မူရိုးမတွင်း စာတမ်းဘာသာ ၂၀၁၅

www.burmeseclassic.com

အမှတ် ၃၁၀၊ စက်တင်ဘာ၊ ၂၀၁၅
ရုပ်စုံမဂ္ဂဇင်း
အာခန်း ဆက် ဝတ္ထု ရှည်

မိုးမိုးနှင့်
ပီကမဲ့ဘားသမီးများ

မြင့်သန့်

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်...)

မပြီးဆုံးနိုင်သေးခြင်းများ သို့မဟုတ် ဂယ်ထရ

ဂယ်ထရုတစ်ယောက် ပြောင်းသွားတော့မယ် ဆိုကတည်းက မိုးမိုးစိတ်ထဲမှာ မကောင်း ဖြစ်နေမိတတ်တယ်။ ဂယ်ထရုကလည်း သိနေပုံရတယ်။ သူဟာ မိုးမိုးရဲ့ လစ်ဟာနေမှုအတွက်



အစားထိုးခံထားရတာတစ်ခုပဲလို့ လက်ခံထားတယ်။ ဒါကြောင့်ပဲ သူ ပြောင်းသွားတာထက် မိုးမိုး သူ့ဆီ တစ်လတစ်ကြိမ် လာဖြစ်အောင် ကြိုတင်စီစဉ်တယ်။ မိုးမိုးကိုလည်း သူက ခွင့်တောင်းတယ်။ မိုးမိုးအိမ်က သူ့အခန်းမှာ သူပစ္စည်းကလေးတွေ ထားခွင့်ပေးပါလို့။ မိုးမိုးကတော့ လိုလိုလားလားပဲ။ အနည်းဆုံးတော့ ဂယ်ထရုရဲ့ အင်္ဂေအသက်တွေဟာ သူ့အိမ်မှာ ရှိနေဦးမှာ။ ဂယ်ထရုအတွက် နှုတ်ဆက်ပွဲကလေး လုပ်ပေးရအောင်လို့ ဂူးစတပ်ဖ်က မိုးမိုးကို တိုးတိုး တိတ်တိတ်ပြောတယ်။ လုပ်လေလို့ မိုးမိုးကပြောတော့ မိုးမိုး အိမ်မှာ လုပ်ချင်တယ်။ ဂယ်ထရုမသိအောင် သူ မမျှော်လင့်တဲ့ နှုတ်ဆက်ပွဲလုပ်မယ်။ အလကားကောင် တစ်သိုက်ကလည်း မိုးမိုးကို ပြောပေးဖို့ သူ့ကို ပြောတယ်လို့ ပြောတယ်။ မင်း စီစဉ်လေလို့ပဲ မိုးမိုးကပြောတော့ ဂူးစတပ်ဖ်က သူ့အစီအစဉ် ပြောပြတယ်။ အင်္ဂါနေ့ကို ဟိုတယ်က မီးဖိုခန်းမှာ ဂယ်ထရုအတွက် နောက်ဆုံးနေ့အဖြစ် သူက စီစဉ်လိုက်မယ်။ များသောအားဖြင့် အင်္ဂါနေ့မှာ အလုပ်ပါးတတ်တယ်။ နေ့ခင်းဘက်မှာ အလုပ်က နှုတ်ဆက်ပွဲကလေးလုပ်မယ်။ ဂယ်ထရုကတော့ ခြောက်နာရီကျမှ အလုပ်ပြီးမယ်။ ပထန်ရယ်၊ သူရယ်က လေးနာရီလောက်ကတည်းက မိုးမိုးအိမ်မှာလာပြီး ချက်ကြပြုတ်ကြမယ်။ ပထန်နဲ့ ဂယ်ထရုလည်း အဆင်ပြေသွားကြတယ်။ ပြေသွားရတာက ဆယ်ရက်ပြည့်လို့ ပထန်ပြန်ခါနီးမှာ ဂူးစတပ်ဖ်က နှုတ်ဆက်ပွဲလေး လုပ်ပေးတယ်။ အမှန်မှာတော့ ဂယ်ထရုနဲ့ ပထန်အကြားမှာ မကျေမလည် ဖြစ်နေတာကလေး ပြေလည်သွားအောင်လို့ ဂူးစတပ်ဖ်က သက်သက်လုပ်ပေးတာ။ မိုးမိုးကိုလည်း တိုင်ပင်တယ်။ ဂူးစတပ်ဖ်မှာ သဘောကျဖို့ကောင်းတဲ့ အချက်တစ်ခုက သူ လက်အောက်က လူတွေကို သင့်တင့်ကြစေချင်တယ်။ သင့်တင့်အောင်လည်း လုပ်ပေးတတ်တယ်။ အဲဒီနေ့က သစ်ပင်ရိပ်အောက်မှာ ထိုင်ပြီး စားကြ သောက်ကြတယ်။ တော်မိန့် လက်ထောက်စားဖိုမှူးတွေလည်း ပါတယ်။ စားရင်းသောက်ရင်းနဲ့ ဂူးစတပ်ဖ်က ဂယ်ထရုကို ပြောတယ်။ နှင့်ကို ပထန်က တောင်းပန်စကား ပြောမလို့။ ဂျာမန်လို ငါ သင်ထားပေးတယ်တဲ့။ ပြီးလည်းပြီးရော ပထန်က ဂယ်ထရုကို စကားတစ်ခွန်း ပြောတယ်။ ဘာစကားရယ်တော့ မိုးမိုး မသိဘူး။ ပြောလည်း ပြောပြီးရော အားလုံးက ငြိမ်နေတုန်း ဂူးစတပ်ဖ်က ရယ်ရင်း၊ ဟကောင် ငါသင်ပေးထားတာက ဂျာမန်လို။ မင်းပြောတာက အော်စတြီယံလိုလို့ ပြောတယ်။ ဒီတော့ ပထန်က မှားသွားတယ်၊ ဂျာမန်လိုပြန်ပြောမယ်လို့ ပြောပြီး ပြောပြန်တယ်။ ဂယ်ထရုက အားရပါးရ ရယ်တယ်၊ မျက်ရည်ကိုထွက်ရော။ ဘာပြောတာလဲဟဲ့လို့ မိုးမိုးကမေးတော့ နောက်တစ်ခါ ငါ့ကိုဆဲရင် ဖက်နမ်းပစ်မယ်လို့ ပြောတာလို့ ဂယ်ထရုက ဖြေတယ်။ ပြောရင်း မိုးမိုးကို တံတောင်နဲ့အသာတိုပြီး ငါပြောတယ် မဟုတ်လား။ ဒီကောင် ဘာသာစကားတွေ အများကြီး တတ်တယ်ဆိုတာလို့ ပြောတယ်။ တတ်တတ် မတတ်တတ် မိုးမိုးကတော့ ဘာသာ စကားများများတတ်ရင် ပိုသိရတယ်။ ပိုသိရရင် ပိုခေါင်းရှုပ်ရတယ်လို့ပဲ မြင်တယ်။

ဂယ်ထရုအတွက် နှုတ်ဆက်ပွဲကလေး လုပ်မယ့်နေ့ကတော့ ဂူးစတပ်ဖ်နဲ့ ပထန်က ဟိုတယ်က အလုပ်သင်ကောင်ကလေး နှစ်ယောက်နဲ့အတူ စောစောကတည်းက လာတယ်။ မိုးမိုးရဲ့အားရက်မို့ ငါလည်း ချက်ပါရစေလို့ ပြောပေတဲ့ သူတို့က ဝင်အချက်မခံဘူး။ ပထန်ကတော့ပြောတယ် ညကျရင် အမေက လူကြီးလုပ်ရမှာ၊ အထူးအဆန်းလည်း ကြားရဦးမှာလို့ ပြောတယ်။ ဘာများတုံးလို့ ပြောပေတဲ့ ပထန်တို့ နှစ်ယောက်သားက ဘာမှမပြောဘူး။ မိုးမိုးစိတ်ထဲမှာတော့ သူသားကလေး တက္ကသိုလ်မသွားခင် သူငယ်ချင်းတွေကို ကျွေးနေးတာကိုပဲသတိရနေတယ်။ အိမ်မှာ တရုန်းရုန်းနဲ့ သူယောကျ်ားကိုယ်တိုင်က ကလေးတွေ ဟော်ပါစေရယ်လို့ ဘီယာနှစ်သေတ္တာ ဝယ်ပေးတယ်။ ဒီနေ့အတွက်တော့ အလုပ်က မန်နေဂျာချုပ်က အရက်တွေဘာတွေ လိုသလောက်ယူပါလို့ပြောပေတဲ့ အလကားကောင်တွေက မယူရဘူး၊ သူတို့က မချက်တတ် မဖြုတ်တတ်တော့ အရက်စိုက်မယ်လို့ ပြောတယ်။ အရက်တင်မကဘူး မိုးမိုးအိမ်က ရေခဲစက်က သေးတယ်ဆိုပြီး ရေခဲစက်ကြီးတွေ လုံးပါဝယ်လာပြီး တစ်မြို့နေ့ကတည်းက လာပို့ထားခဲ့ရဲ့။ သူတို့ကလည်း ဂယ်ထရုကို ခင်ကြရှာတယ်။ ဂယ်ထရုနဲ့

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ကလေးတို့ ကြိုက်နေတာကိုလည်း သူတို့ကသဘောကျ ကြပုံရတယ်။ မိုးမိုးရဲ့မျက်စိထဲမှာတော့ မောင်နှမတစ်သိုက်လို မြင်လာတတ်တယ်။ သူတို့တစ်တွေကို ကြည့်လိုက်တိုင်း ဘယ် ရောက်နေမှန်းမသိတဲ့ သူသားကလေးကို မိုးမိုးက သတိရနေ တတ်တယ်။ တစ်ခါတလေ မိုးမိုးကိုပုဏ္ဏားတိုင်လုပ်ပြီး ငြင်းခုံ ကြတယ်။ သူတို့တစ်တွေကလည်း သူတို့မိဘတွေဆီက ထွက် လာကြတဲ့ သူတွေချည်းပဲ။ ကိုယ့်မွေးရပ်ဆိုတာကို သိရုံပဲ သိကြတော့တဲ့သူတွေ။ မွေးတာက တစ်နေရာ၊ ကြီးပြင်းတာက တစ်နေရာ၊ နေတာကတစ်နေရာ။ သေရင်တော့လည်း တစ်နေရာရာမှာ သေကြမှာပဲ။ သူတို့ကတော့ သိပ်ပူပင်နေကြ ပုံ မရဘူး။ မိုးမိုးကတော့ ဒီမှာမွေးတယ်၊ ဒီမှာကြီးပြင်းတယ်။ သေတော့လည်း ဒီမှာသေရမှာပဲ။ တခြားမှာလည်း သွားပြီး မသေချင်ဘူး။သူသားကလေးလည်းတစ်နေရာရာမှာကြီးပြင်း ပြီး...မိုးမိုး ဆက်မစဉ်းစားရဲတော့ဘူး။ မလိုအပ်တာတွေကို ဆက်ပြီး စဉ်းစားမနေရဘူးလို့ အလကား ကောင်တွေထဲက တစ်ကောင် ပြောပြဖူးတယ်။ ဒါကလည်း ဟုတ်သား။

ဂယ်ထရုရောက်လာတော့ အတော်ကို အံ့သြသွားတယ်။ အလကားကောင်တွေက တရုတ်ကလေးကို ပြောပြီး လမ်းကြံ လို့ အိမ်လိုက်ပို့တဲ့ သဘောနဲ့ ညာပြီး ခေါ်လာခိုင်းတာ။ ဘယ် သူကမှ ဘာမှမပြောထားဘူး။ အိမ်ထဲဝင်တော့မှ သိသွား တယ်။ အိမ်အပေါ်ထပ်မှာ စားပွဲတွေပြင်ပြီး ဂူးစတပ်ဖ်ရယ်၊ ပထန်ရယ်နဲ့ အလကားကောင်တွေအထဲက ကလန်ကလား နှစ်ကောင်ပါ မိုးမိုးနဲ့အတူ စောင့်နေကြတာ။ ဂယ်ထရုရယ်၊ တရုတ်ကလေးရယ်၊ မာရီယိုရယ် တက်လာကြတုန်း မာရီယို က မိုးမိုးတစ်ယောက် ဘာတွေချက်မှန်းတော့ မသိဘူး၊ အတော်မွေးတာလို့ နောက်တောက်တောက် ပြောလိုက်သေး တယ်။ ဂယ်ထရုကို တွေ့တော့မှ အားလုံးက ဆပ်ပရိုက်စ်လို့ အော်လိုက်ကြတယ်။ ဂယ်ထရုက လှေကားရဲ့ အပေါ်ဆုံးထစ် မှာ ရပ်နေရင်း အားလုံးကိုကြည့်ပြီး မိုးမိုးကို လက်ညှိုးထိုးရင်း မိုးမိုးလည်း ဒီအထဲမှာပါတယ်။ ကြည့်စမ်း၊ ငါ့ကို ဘာမှမပြော ဘူးလို့ ပြောပြီး ဂူးစတပ်ဖ်နဲ့ ပထန်ကို လှမ်းကြည့်လိုက်ရင်း နှင်တို့နှစ်ယောက်တော့ ငါသတ်ချင်တယ်လို့ ပြောတယ်။ အဲဒီ တုန်း ဂယ်ထရုရဲ့ နောက်နှားဆီက မာရီယိုက အဲဒီမှာရပ်မနေနဲ့၊ သတ်ချင်တာရှိလည်းသွားသတ်။ ငါတော့ ဗိုက်ထဲက ဆာပြီ လို့ လှမ်းအော်တာနဲ့ ဂယ်ထရုက လှေကားထိပ်ကနေ မိုးမိုးတို့ ရပ်နေတဲ့နေရာဆီ လျှောက်လာတယ်။ ဂူးစတပ်ဖ်ကတော့ မိုးမိုးသမီးကတော့ ပထန်နဲ့ ငါ့ကို သတ်ချင်နေပုံရတယ်လို့ ပြောပြီးရယ်တယ်။ ဂူးစတပ်ဖ်က ရယ်စရာပြောတာပဲလို့ မိုးမိုး ထင်တယ်။ သူတပည့်အကြောင်း သူအသိဆုံး။ ဒါပေတဲ့ မိုးမိုး စိတ်ထဲမှာ မသိမသာ လှုပ်ရှားမှုတစ်ခု ဖြစ်လာမိတယ်။ ဘာ ကြောင့်မှန်းတော့ မသိဘူး။ ခုတလော ဂူးစတပ်ဖ်က ဂယ်ထရု ကို မိုးမိုးသမီးလို့ ညွှန်းလေ့ရှိတယ်။ ဟိုတစ်နေ့ဆီကလည်း ဂယ်ထရုနဲ့သူတို့ အင်တာကွန်တင်နင်တလ်က အကူရောက်လာ တဲ့ စားဖိုမှူးနဲ့ မိတ်ဆက်ပေးတော့ မိုးမိုးတို့ သားအမိ ဆီရမ် ရိရပ်ကို သွားလုပ်ကြမှာလို့ ညွှန်းတယ်။ နှေခင်းဆီကတောင် ဂူးစတပ်ဖ်နဲ့ ပထန်တို့ ရောက်လာစက ပထန်က မေးသေး တယ်။ အမေကြီးသမီး ဘယ်အချိန် ရောက်မလဲတဲ့။ မိုးမိုးစိတ် ထဲမှာတော့ ဂယ်ထရုကို သူသမီးလို့ ညွှန်းလိုက်တိုင်း တစ်မျိုး ဖြစ်သွားတတ်တယ်။ ကျေနပ်တာလား၊ မကျေနပ်တာလား တော့ အသေအချာ မသိဘူး။ စိတ်လှုပ်ရှားမိတာတော့ အမှန်ပဲ။

ဂယ်ထရုက မိုးမိုးကို အတော်ကြာအောင် ဖက်ထား တယ်။ သူလည်း စိတ်လှုပ်ရှားသွားပုံရတယ်။ ဂယ်ထရုက ကျိတ်ပြီး ရှိုက်လိုက်သံတစ်ချက်ကို ကြားလိုက်ရတော့ မိုးမိုး လည်း မျက်ရည်ဝဲသွားမိတော့တယ်။ နောက်တော့မှ မိုးမိုးရဲ့ ပါးကို တစ်ချက် နမ်းလိုက်ရင်း နောက်ကို မိုးမိုးသိတာ ငါသိ ချင်တယ်၊ ငါသိတာလည်း မိုးမိုးကို အသိပေးမယ်လို့ သူမျက် နှာကို ပြုံးစိစိနဲ့ကြည့်ရင်း ပြောတယ်။ သူမျက်နှာကို ကြည့်နေ ရင်း မိုးမိုးရဲ့မျက်လုံးထဲမှာ ဝဲနေတဲ့ မျက်ရည်တစ်စက်က လိမ့်ထွက်လာလို့ ဂယ်ထရုကပဲ သူ့လက်မကလေးနဲ့ အသာတို့ ပြီး သိမ်းလိုက်တယ်။ မိုးမိုးက နင်နဲ့ တစ်လမှ တစ်ကြိမ် လောက် တွေ့ရတော့မှာကို ဝမ်းသာလို့ မျက်ရည်ကျတာလို့ ဂူးစတပ်ဖ်က နောက်ပြီးပြောရင်း သူတို့အနားဆီ ရောက်လာ တယ်။ သူတို့နှစ်ယောက်စလုံးကို အသာဖက်ထားလိုက်ရင်း ငါကတော့ သတိရနေမှာပါလို့ ပြောရင်း သူတပည့်ပါးကလေး ကို အသာနမ်းတယ်။ အဲဒီတုန်းမှာပဲ ငါ့လည်း သတိရတော့ ရကြပါဟာလို့ ပထန်က လှမ်းပြောလိုက်လို့ အားလုံးရယ်ကြ တယ်။ ပြီးတော့ ပထန်က ဂူးစတပ်ဖ်တို့ပြောတဲ့ ဘာသာစကား မျိုးနဲ့ အရှည်ကြီး ဂယ်ထရုကို ပြောတယ်။ ဂယ်ထရုရယ်၊ ဂူးစတပ်ဖ်ရယ်၊ ပထန်ရယ်ပဲ နားလည်ကြတယ်။ အလကား ကောင်တွေထဲက ကလန်ကလား နှစ်ကောင်က ပြုံးနေတာကို မိုးမိုး သတိထားလိုက်မိတယ်။ သင်းတို့ နားလည်ပုံရတယ်။ ချက်ချင်းလိုပဲ ဂယ်ထရုပြောဖူးတဲ့ နားမလည်ချင်ယောင် ဆောင်နေကြတာဆိုတာကို သတိရလိုက်မိတယ်။ သိနေတာကို မသိချင်ယောင်ဆောင်နေရတာက မသိတာကို မသိသလို နေရ တာလောက်တော့ လွယ်မယ်မထင်ဘူး။ သိနေတာ၊ ကြားနေ တာတွေကို လုံးလုံးကြီး မသိသလို မကြားသလို လုပ်နေတာ ကို လေ့ကျင့်ထားလို့ရတယ်လို့ ဂယ်ထရု ပြောဖူးတာ သတိ ရလိုက်မိပြန်တယ်။ မိုးမိုးကတော့ မသိတာကိုဘဲ မသိချင် ယောင်ဆောင်နေလိုက်မိတယ်။ စိတ်ထဲမှာတော့ သိတာကို မသိချင်ယောင်ဆောင်ရတယ်ဆိုတာ အတော်တော့ မလွယ် တဲ့အလုပ်ပဲ။ ငါဆိုရင် လုပ်နိုင်ပါ့မလားလို့ သူဘာသာ မေးနေ မိတယ်။ သားကလေးရဲ့ ရှိနေခဲ့ခြင်းကို သိနေတာ၊ ဘယ်လို လုပ်မသိချင်ယောင်ဆောင်မလဲ။ ခုဆို သားကလေး ဘယ်မှာရှိ နေမှန်း မသိတာကို သူသိနေတာပဲ။ ဒါကိုလည်း ဘယ်လိုလုပ် မသိချင်မဲ့ချောင် ဆောင်ရမှာလဲ။ ချက်ပြုတ်လုပ်ကိုင်နေရင်း ငါ့ဘဝကိုငါ ကျေနပ်နေသားပဲ။ တော်ရောပေါ့လို့ ဆက်တွေး

www.burmeseclassic.com

www.burmeseclassic.com

မိတယ်။ ရယ်နေရင်း ဂယ်ထရုက သူ့လက်ကို ဆွဲလိုက်ပြီး မိုးမိုး ငါပြောတယ်မဟုတ်လား၊ ဒီကောင် ဘာသာစကား အမျိုးမျိုးတတ်တယ်လို့ အသာကပ်ပြောရင်း အလကားကောင် တွေဆီ မသိမသာ မေးထိုးပြီး ဟိုအကောင်တွေလည်း ဒီလိုပဲလို့ ပြောပြန်တယ်။ မိုးမိုးကတော့ ထုံးစံအတိုင်း အေးအေးလိုပဲ ပြောပြီး တံ့ပြန်လိုက်တယ်။ နောက်တော့ အားလုံးက ဂယ်ထရုနဲ့ တစ်လှည့်စီ နူတ်ဆက်ရင်း စကားပြောနေကြတယ်။ အဲဒီတုန်းမှာပဲ ချွန်တစ်ယောက် လှေကားကနေအပေါ်ကို ပြေးတက်လာရင်း လမ်းမှာ မော်တော်ဆိုင်ကယ် စက်ရပ်သွားလို့လို့ ပြောပြီး အရက်ပုလင်းတွေ တင်ထားတဲ့ စားပွဲဆီသွားတယ်။ အဲဒီနားမှာ ရပ်နေတဲ့ စားပွဲထိုးကောင်လေးတွေကို ရှမ်ပိန်ပုလင်း နှစ်လုံးဖောက်ပြီး ရှန်ပိန်ခွက်တွေထဲ ထည့်ခိုင်းလိုက်တယ်။

ဖမကောင်က ရှမ်ပိန်ဖန်ခွက် နှစ်ခွက် ယူလာပြီး တစ်ခွက်ကို သူ့ကို ပေးတယ်။ အဖြူကောင်ကလည်း ဖန်ခွက်တစ်ခွက်ကိုင်ပြီး အနားကို ရောက်လာတယ်။ မိုးမိုးသမီးအတွက် မိုးမိုး သောက်ရလိမ့်မယ်လို့ ဖမကောင်က မိုးမိုးတို့ပြောတဲ့ ဘာသာစကားကို မြောက်ပိုင်းသားတွေပြောတဲ့ လေအတိုင်း ပြောရင်း ခွက်ကိုပေးတယ်။ အဖြူကောင်က ခုတော့ မမူးစေနဲ့ဦး။ မိုးမိုး လုပ်ပေးစရာလေးတွေ ရှိသေးတယ်လို့ မိုးမိုးတို့ ဘာသာစကားနဲ့ ခပ်တိုးတိုး ပြောပြန်တယ်။ ခုခါမှ မိုးမိုး ရင်တုန်သွားတာ။ ဘုရားရေ၊ သင်းတို့ရှေ့မှာများ ငါ နောက်ပြောင်မိခဲ့တာတွေ ရှိခဲ့ရင် သင်းတို့ အကုန်သိမှာပဲ။ ဟိုကောင်မ ပြောစကားကို ငါ သတိထားဖို့ ကောင်းတာလို့ စိတ်ထဲမှာ ဝရုန်းသုန်းကားနဲ့ ပေါ်လာတယ်။ ရှမ်ပိန်ခွက် လက်ထဲရောက်ပြီး အတော်ကြာခါမှ

သိနေတာကို မသိချင်ယောင် ဆောင်နေရတာက
မသိတာကို မသိသလို နေရတာလောက်တော့
လွယ်မယ်မထင်ဘူး။ သိနေတာ၊ ကြားနေတာတွေကို
လုံးလုံးကြီး မသိသလို မကြားသလို လုပ်နေတာကို
လေ့ကျင့်ထားလို့ ရတယ်လို့ ဂယ်ထရု ပြောဖူးတာ
သတိရလိုက်မိပြန်တယ်

ကျေးဇူးတင်ပါတယ်လို့ သူတို့နှစ်ယောက်ကို ပြန်ပြောမိတယ်။ သင်းတို့နှစ်ကောင်က ဘာမှ ပြန်မပြောဘဲ ပြုံးနေတယ်။ အဖြူကောင်ကတော့ ငါတို့နှစ်ယောက်စလုံးက နားလေးတယ် မိုးမိုးရယ်လို့ နောက်သေးတယ်။ ဒီတော့မှ မိုးမိုး အနေရကျပ်သွားတယ်။ အဲဒီတုန်းမှာပဲ ဝူးစတပ်ဖ်က ခက်ရင်းကလေးတစ်ခုကို ကောက်လိုက်ပြီး သူ့လက်ထဲက ရှမ်ပိန်ခွက်ကို ခပ်သာသာကလေး ခေါက်လိုက်တယ်။ စကားပြောတာတွေ ငြိမ်သွားပြီး အားလုံးက သူ့ကို လှမ်းကြည့်နေကြတယ်။ ငါ့မှာ ကြီးကြီးကျယ်ကျယ်ပြောစရာ မရှိပါဘူး။ ဂယ်ထရုပြောင်းသွားမယ့် အတွက် နူတ်ဆက်ပွဲလုပ်တာပါ။ ဂယ်ထရု မသိအောင် လုပ်ရ

တဲ့အတွက်တော့ ငါ့ကို ခွင့်လွှတ်ပါလို့ပြောရင်း ဂယ်ထရုကို လှမ်းကြည့်လိုက်တယ်။ ဂယ်ထရုက ပြုံးပြီး ခေါင်းခါပြတယ်။ နှင် မကျေနပ်လည်း ငါတော့ မတတ်နိုင်ဘူး။ နင်မသိအောင် ငါစီစဉ်တဲ့အပိုင်းကတော့ ဒီလောက်ပါပဲလို့ ပြောပြီး သူ့ရှမ်ပိန်ခွက်ကို မြှောက်လိုက်တယ်။ အားလုံးကလည်း သူတို့ ရှမ်ပိန်ခွက်ကို မြှောက်လိုက်ကြတုန်း ဂယ်ထရုအတွက်လို့ ဝူးစတပ်ဖ်က ပြောလိုက်ရင်း တစ်ငုံစီငုံလိုက်ကြတယ်။ မိုးမိုးလည်း သူများလုပ်သလို လုပ်လိုက်ရတယ်။ ဒါပေတဲ့ ဂယ်ထရု မသိအောင် စီစဉ်ထားတာ ဘာတွေကျန်သေးသလဲ ဆိုတာ သိချင်စိတ်ဖြစ်မိသွားတယ်။ သူ့ဘေးနားမှာ ရပ်နေတဲ့ ကလန်ကလား ကောင် နှစ်ကောင်ကို မေးမယ်လို့ပဲ။ ဘာ ဘာသာစကားနဲ့ ပြောရမယ်ဆိုတာကိုတောင် မိုးမိုးခမျာ မစဉ်းစားရဲတော့ဘူး။ မသိမသာ သူတို့ကိုကြည့်လိုက်တော့ ဝူးစတပ်ဖ်ရယ်၊ ချွန်ရယ်၊ အဲဒီနှစ်ကောင်ရယ် မျက်နှာရိပ် မျက်နှာကဲနဲ့တစ်ခုခု ပြောနေကြပုံပဲ။ နောက်တော့ သုံးယောက်ထိုင် ဆိုဖာကြီးကို မိုးမိုး ယောကျ်ားဘေတ်ပုံ ချိတ်ထားတဲ့ နံရံဘက်ဆီ ချွန်နဲ့ စားပွဲထိုးလာလုပ်ပေးတဲ့ ကောင်ကလေးနှစ်ယောက်က မ၊ပြီး ကပ်လိုက်တယ်။ စကားပြောသံတွေ ရပ်သွားပြီး အားလုံးက ချွန်တို့ လူသိုက်လုပ်တာကို ကြည့်နေကြတယ်။

အဲဒီတုန်း သူနားမှာ ရပ်နေတဲ့ ဖမကောင်က မိုးမိုးလက်မောင်းကို အသာကိုင်ရင်း မိုးမိုး ဒီမှာလာထိုင်ပါလို့ ပြောပြီး ဆိုဖာရှိရာကို ခေါ်လာတယ်။ မိုးမိုးကို ဆိုဖာအလယ်မှာ ထိုင်ခိုင်းတယ်။ ကလန်ကလား အဖြူကောင်က ဂယ်ထရုကို သွားခေါ်လာတယ်။ ဂယ်ထရုက အူကြောင်ကြောင်ဖြစ်သွားတယ်။ ဘာလို့လဲလို့တော့ တစ်ချက်မေးလိုက်သေးတယ်။ အဖြူကောင်က သူပါးစပ်ရှေ့မှာ လက်ညှိုးထောင်ပြပြီး တိတ်တိတ်တိတ်နေဆိုတဲ့ သဘောမျိုး လုပ်ပြလိုက်လို့ ဂယ်ထရုလည်း ဘာမှမမေးတော့ဘူး။ မိုးမိုးဘေးနားမှာ ထိုင်ခိုင်းတယ်။ မိုးမိုးနဲ့ဂယ်ထရုလည်း တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်မိကြတာကလွဲလို့ ဘာလုပ်နေမှန်းကို မသိဘူး။ ဒီကိစ္စ ငါ ဘာမှ မသိဘူးလို့ မိုးမိုးက ဂယ်ထရုကို လှမ်းပြောလိုက်တယ်။ မိုးမိုးအနေနဲ့ တကယ့်ကို မသိတာ။ ကျန်တဲ့လူတွေ အားလုံးကတော့ ဝိုင်းပြီး ကြည့်နေကြတယ်။ မိုးမိုးတို့ထိုင်နေတဲ့ ဆိုဖာနားမှာရပ်နေတဲ့ ဖမကောင်က ပထန်ကို အသာမေးငေါ့ပြလိုက်တာတွေ့လိုက်ရလို့ မိုးမိုး ဘာကို တွေးကြည့်ရမှန်းမသိဘူး။ ပထန်က မာရီယိုနားဆီမှာ ရပ်နေတဲ့ တရုတ်ကလေးဆီ လျှောက်သွားတယ်။ လျှောက်သွားတုန်း မိုးမိုးရဲ့ အိမ်ထောင်တစ်နေရာမှာ သူ့ယောကျ်ားရှိစဉ်က ထောင်ထားတဲ့ ဂါးရင်းတုတ်ကို တွေ့သွားပုံရတယ်။ ဂါးရင်းတုတ်ကို ဘောက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရင်း တရုတ်ကလေးဆီ သွားတယ်။ တုတ်ကိုပြပြီး တရုတ်ကလေးရဲ့ လက်ကိုဆွဲလိုက်တယ်။ ကျောင်းသားဆိုး တစ်ယောက်ကို ဆရာက ကြိမ်လုံးပြပြီး ဆွဲခေါ်လာသလိုမျိုး။ ဂူးစတပ်ဖ်နဲ့ အရယ်သန့်တဲ့ မာရီယိုကတော့ သူတို့ကိုကြည့်ပြီး တခွီးခွီးနဲ့ရယ်။ မိုးမိုးစိတ်ထဲမှာတော့ ပြဇာတ်တစ်ခုကိုကြည့်နေရသလိုပဲ။ နေ့စဉ်ဘဝဆိုတာကလည်း လောကကြီးထဲက ဇာတ်တိုက်မထားတဲ့ ပြဇာတ်တစ်မျိုးပဲမဟုတ်လား။ ဂယ်ထရုက မိုးမိုးလက်ကို လှမ်းကိုင်လိုက်တယ်။ ဘာလုပ်နေကြမှန်းမသိပေတဲ့ တရုတ်ကလေးအတွက်စိတ်ပူသွားလေသလားပဲ။ ပထန်က တရုတ်ကလေးကို မိုးမိုးတို့နှစ်ယောက်ရှေ့က ကြမ်းပြင်ပေါ်မှာ ထိုင်ခိုင်းတယ်။ ဝါးရင်တုတ်နဲ့ ရိုက်မယ့်ဟန်လုပ်ပြီး ဒူးထောက်ခိုင်းတယ်။ ဂယ်ထရုက ထိုင်နေရာက ဖင်တကြွကြွနဲ့ မိုးမိုးက အသာကလေး သူ့လက်ကို ပြန်ဆွဲထားလိုက်တယ်။ ဒီကောင်တွေတစ်ခုခုတော့ လုပ်မယ်လို့ပဲဆိုတာတော့ သိလိုက်တယ်။ ဘာမှန်းတော့မသိဘူး။ နောက်တော့ ပထန်က ဝါးရင်းတုတ်နဲ့ရွယ်ထားတော့ တရုတ်ကလေးက ကောင်းပြီ ကောင်းပြီလို့ ပြောရင်း သူ့ဘောင်းဘီအိတ်ထဲ နှိုက်တယ်။ ဒီတော့မှ ပထန်က တရုတ်ကလေးကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီး ကျန်တဲ့လူ တွေ့ရပ်နေတဲ့ဆီ ထွက်သွားလို့ ပထန်ကို ဝိုင်းပြီး လက်ခုပ်တီး ကြတော့တယ်။

မိုးမိုးနဲ့ ဂယ်ထရုကတော့ ဘာလုပ်နေကြတယ်ဆိုတာ မရိပ်မိကြဘူး။ မိုးမိုးရဲ့လက်ကို လက်နှစ်ဖက်နဲ့ ကိုင်ထားတဲ့ ဂယ်ထရုရဲ့လက်က ခပ်ပြင်းပြင်းကလေး ညှစ်လိုက်တာကိုတော့ မိုးမိုး သတိထားလိုက်မိတယ်။ ဂယ်ထရု စိတ်ဝင်တစားဖြစ်နေတာကို ရိပ်မိလို့ မိုးမိုးက ဂယ်ထရုကို မသိမသာ သတိထားကြည့်လိုက်တယ်။ ဂယ်ထရုကတော့ သတိထားမိပုံမပေါ်ဘူး။ တရုတ်ကလေးက ဒူးထောက်ထားရင်း သူ့ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး ဘူးကလေးတစ်ခုကို ထုတ်လိုက်တယ်။ ဘူးကလေးအဖုံးကို ဖွင့်လိုက်တော့ စိန်လက်စွပ်ကလေးတစ်ကွင်း။ စိန်လို့ မိုးမိုးကတော့ ထင်တာပဲ။ ဂယ်ထရုရှေ့မှာ ဘူးကလေးကို ကိုင်ထားရင်း ငါ့ကို လက်ထပ်ပါဂယ်ထရုရယ်လို့ ပြောတယ်။ အားလုံး ငြိမ်နေရာက လက်ခုပ်ဝိုင်းတီးကြတယ်။ ဂယ်ထရုကတော့ ဘာပြန်ပြောရမှန်းမသိဖြစ်သွားပုံရတယ်။ မိုးမိုးရဲ့ လက်ကို ပိုပြီးညှစ်လိုက်တယ်။ ဘာမှတော့ မပြောဘူး။ မိုးမိုးကိုလှည့်ကြည့်လိုက်၊ တရုတ်ကလေးကိုကြည့်လိုက်နဲ့။ တရုတ်ကလေးကလည်း နှစ်ယောက်စလုံးကို တစ်လှည့်စီ ကြည့်နေရှာတယ်။ နောက်တော့ ဂယ်ထရုက မျက်ရည်ဝဲတဲ့နဲ့ မိုးမိုးကို ကြည့်ရင်း ငါ ဘာလုပ်ရမလဲ မိုးမိုးလို့ မေးတယ်။ ဟဲ့ နင့်ကို လက်ထပ်ပါလို့ ပြောတာ၊ ငါ့ကိုပြောတာ မဟုတ်ဘူးလို့ မိုးမိုးက ပြန်ပြောလိုက်တာကို ဝိုင်းရယ်နေကြတုန်း မိုးမိုးအတွက် ငါ့အဖေ အသက်ရှစ်ဆယ်ကျော် မုဆိုးဖိုကြီး ရှိတယ်လို့ မာရီယိုက လှမ်းအော်ရင်း နောက်လိုက်တယ်။ ဂယ်ထရုက မိုးမိုးပခုံးပေါ်မှာ သူမျက်နှာကို မှောက်ထားရင်း မျက်ရည်ကျနေတာ မိုးမိုး သတိထားမိလိုက်လို့ သူ့ပခုံးကို အသာပုတ်ပေးရင်း တရုတ်ကလေးကို လှမ်းကြည့်လိုက်မိတယ်။ ကောင်လေးခမျာ ဘာလုပ်ရမှန်းမသိဘူး။ ဘယ်လိုအဓိပ္ပာယ်နဲ့မှန်းတော့ သူကိုယ်တိုင် မသိလိုက်ပေတဲ့၊ မိုးမိုးက တရုတ်ကလေးကို အသာခေါင်းညိတ်ပြလိုက်မိတယ်။ အတော်ကလေး ကြာအောင် တစ်ခန်းလုံး ငြိမ်နေကြတယ်။ အဲဒီတုန်းမှာပဲ မာရီယိုက မိုးမိုးနဲ့ ဂယ်ထရုတို့ ထိုင်နေတဲ့ ဆိုဖာနားလာပြီး နင် စဉ်းစားတာ ကြာဦးမယ်ဆိုရင် ငါတို့ စားပါရစေတော့။ လျှူးရော၊ ငါရော နေ့ခင်းကတည်းက ဘာမှ မစားရသေးဘူး။ လျှူးခမျာ နှင့်ကို လက်ထပ်ခွင့် တောင်းဖို့ စိတ်စောနေတာနဲ့ မစားနိုင် မသောက်နိုင် ဖြစ်နေတာ ကြာပေါ့လို့ ပြောတယ်။ ဒီတော့ ဂယ်ထရုက ခေါင်းထောင်ပြီး ခွေးကောင် အစ်တာလျံလို့ ပြောရင်း ပြုံးလိုက်ပြီး တရုတ်ကလေးကို အတော်ကြာအောင် ကြည့်နေတယ်။ သူမျက်ရည်တွေကို အသာသုတ်လိုက်ရင်း ဖြည်းဖြည်းချင်း ခေါင်းညိတ်ပြလိုက်လို့ ဝိုင်းပြီး လက်ခုပ်တီးကြတယ်။ ဒါပေတဲ့ မာရီယိုက လက်ကာပြလိုက်ရင်း လက်ခုပ်တီးနေကြတာ ရပ်ခိုင်းတယ်။ လက်ခုပ်သံတွေ ရပ်သွားတော့ ဂယ်ထရုကို ကြည့်ရင်း နင်ဘာပြောလိုက်တယ်။ ငါ မကြားလိုက်ရလို့ ပြန်ပြောစမ်းပါလို့ ပြောလိုက်တော့ ဂယ်ထရုက တရုတ်ကလေးကို ကြည့်ရင်း ပြုံးနေရာက ရုတ်စ်လို့ အသံခပ်တိုးတိုးနဲ့ ပြောလိုက်တယ်။ မာရီယိုကတော့ ကျေနပ်ပုံမပေါ်ဘူး။ ဂယ်ထရုကိုကြည့်ရင်း ရုတ်စ်...ဘာလဲ။ စားစရာရှိတာ သွားစားကြလို့ ငါ့ကိုပြောတာလားလို့ ထပ်ပြီး မေးတယ်။ မိုးမိုးကတော့ ရယ်လိုက် မိတယ်။ မာရီယိုသာ သူသားကလေးဆိုရင်ဖြင့် အတော်အထိန်းရခက်မယ်လို့ မဆီမဆိုင် တွေးလိုက်မိသေးတယ်။ ဂယ်ထရုက မိုးမိုးကို တစ်ချက်ကြည့်လိုက်ပြီးမှ တရုတ်ကလေးကို ကြည့်ပြီး ရုတ်စ်၊ ငါ နင့်ကို လက်ထပ်ပါ့မယ်လို့ ပြောလိုက်တော့တယ်။

ဘယ်လိုမှ စိတ်ကူးမထားဘဲနဲ့ မိုးမိုးက ဂယ်ထရုရဲ့ လက်တစ်ဖက်ကို အသာဆွဲလိုက်ပြီး တရုတ်ကလေးရှေ့နားဆီ တိုးပေးလိုက်တယ်။ ဂယ်ထရုက မိုးမိုးကို ကြည့်လိုက်တယ်။ တရုတ်ကလေးက ဂယ်ထရုရဲ့ လက်သူကြွယ်ထဲကို လက်စွပ်ဝင်တ်ပေးလိုက်တယ်။ မိုးမိုး မျက်စိထဲမှာတော့ တရုတ်ကလေးဟာ သူသားကလေးများလား၊' ဂယ်ထရုဟာ သားကလေးလားရယ်လို့ မသဲကွဲဘူး။ ရပ်နေတဲ့ အလကားကောင်တွေနဲ့ ခွဲနိုင်တို့ လူတစ်သိုက်ကိုလည်း ကြည့်လိုက်မိတယ်။ အဲဒီမှာများ သူသားကလေး ရပ်နေသလားလို့။ ဂယ်ထရုက မိုးမိုးနဲ့ အတူထိုင်နေရာက ကောင်ကလေးရှေ့မှာ ဒူးထောက်လိုက်ပြီး သူတို့နှစ်ယောက်သား အတော်ကြာအောင် ဖက်ထားကြတယ်။ ခပ်တိုးတိုးကလေး ပြောနေကြတယ်။ သူတို့ကိုကြည့်ရင်း မျက်ရည်တစ်စက်- မိုးမိုးရဲ့မျက်လုံးထဲက လိမ့်ထွက်သွားတယ်။ အဲဒီတုန်းမှာပဲ အားလုံးက သူတို့နှစ်ယောက်အနား ဝိုင်းလာကြတုန်း ဖမကောင်က ပြောတယ်။ ငါတို့အရှေ့တိုင်းမှာ ယဉ်ကျေး

www.burmeseclassic.com

မှုတစ်ခုရှိတယ်။ ခုလိုအခါမျိုးမှာ နင်တို့နှစ်ယောက် မိုးမိုးကို ကန်တော့ကြဖို့ကောင်းတယ်။ ကန်တော့တာဟာ ဘာသာရေး မဟုတ်ဘူး။ ယဉ်ကျေးမှုပဲ။ အသိအမှတ်ပြုခြင်းတစ်မျိုးပဲလို့ ပြောတော့ ဂယ်ထရုတို့ နှစ်ယောက်သား မိုးမိုးကို ကန်တော့ဖို့ ပြင်တယ်။ ဒါပေတဲ့ တရုတ်ကလေးက ဘယ်လိုလုပ်ရမှန်း မသိဘူး။ ဂယ်ထရု ဘယ်လိုလုပ်ရတယ်ဆိုတာ နင်က သင်ပေးရလိမ့်မယ်။ ဒီတရုတ်က ခပ်ညည်ညဉ့်တရုတ်၊ ခေါက်ဆွဲမစား တတ်တဲ့တရုတ်၊ တူမကိုင်တတ်တဲ့ တရုတ်၊ တရုတ်တွေမစား တဲ့ ဘလူးချိစ်စားပြီး ကြီးလာတာလို့ မာရီယိုက လှမ်းပြောတယ်။ ဂယ်ထရုလည်း တစ်ခုခုကို သတိရသွားပုံရတယ်။ မာရီယိုကို လှည့်ကြည့်ပြီး လက်မထောင်ပြလိုက်တယ်။ သူတို့ နှစ်ယောက်က ကန်တော့တော့ ဘာမှ ပြင်ဆင်ထားတာမရှိလို့ မိုးမိုးလည်း ပါးစပ်ထဲက ရသမျှ မှတ်သမျှနဲ့ ဆုပေးလိုက်ရတော့တယ်။ မိုးမိုးလည်း ထိုင်ရာက ထ,မယ်လုပ်တော့ ဖမကောင်က မိုးမိုး ထိုင်ပါဦးလို့ လှမ်းပြောတယ်။ အဲဒီတုန်းမှာပဲ ပထန်က ခုလိုအခါမျိုးဟာ အင်မတန် မင်္ဂလာရှိတဲ့အချိန်ပါ။ အမေကြီးရဲ့ ကျေးဇူးတွေဟာ ဒီအခန်းထဲက လူတိုင်းမှာ ကျေးဇူးရှိပါတယ်။ ကျွန်တော်တို့လည်း အချိန်အခါကို အခွင့်အရေးယူပြီး အမေကြီးကို ကန်တော့ကြရအောင်လို့ ပြောပြီး အားလုံး ထိုင်ကန်တော့ကြတယ်။ ဂူးစတပ်ဖ်ကြီးပါ ငုတ်တုတ် ထိုင်လိုက်တော့ ဟဲ့၊ ဟဲ့လို့ မိုးမိုးက တားမယ်လို့ လုပ်လိုက်မိသေးတယ်။ ကလန်ကလား အဖြူကောင်က အရိုအသေပြုခံရခြင်းကို မတားရဘူး မိုးမိုးရဲ့လို့ လန်းပန်ဘက်က ဘုန်းကြီးကြီး ပြောခဲ့တဲ့စကားကို မိုးမိုးတို့ ဘာသာစကားနဲ့ လှမ်းပြော

ရယ်၊ ဂယ်ထရုနဲ့ တရုတ်ကလေးရယ်။ မိုးမိုးစိတ်ရဲ့ ဦးဆောင်မှုအောက်က အသည်းထဲ၊ အသိထဲမှာ လူပ်ခါမှုတစ်ခု ဖြစ်သွားတယ်။ လူပ်ခါမှုဟာ လစ်ဟာနေခြင်းအသိကို နှိုးလိုက်တာ။ လစ်ဟာမှု တစ်ခု ဖြစ်နေခြင်းဟာ တစ်ခါတလေ ပြည့်လျှံသလို ဖြစ်လာတတ်တယ်။ ဘယ်လိုဖြစ်ဖြစ် လစ်ဟာမှုတွေဟာ ပြည့်လာသလိုလို၊ ပျောက်သွားသလိုလိုဖြစ်ရင်း စိတ်လူပ်ရှားစရာတစ်ခုအနေနဲ့ တုန်လူပ်ကျန်ရစ်ခဲ့ပြန်ရော။ စိတ်လူပ်ရှားနေမှုကို ကြည်နူးမှုမှုကအသာ ကျော်သပ်ပေးနေတယ်။

ချွန်းက ငွေလင်ပန်းထဲမှာ ထည့်ထားတဲ့ အရက်ခွက်ကလေးတွေ ယူလာပြီး မိုးမိုးကို အရင်ဆုံး ယူခိုင်းတယ်။ ပြီးမှ ကျန်တဲ့လူတွေကို ပေးတယ်။ မိုးမိုးကတော့ ဘာလုပ်ရမှန်း မသိဘူး။ အရက်ခွက်ကို လက်က ကိုင်ထားရင်း ဟိုကြည့်ဒီကြည့် လုပ်နေတုန်း ဂူးစတပ်ဖ်က အရက်ခွက်နဲ့ ရေခဲရေတစ်ခွက် ကိုင်ထားရင်း မိုးမိုးအနား ရောက်လာတယ်။ ရေခဲရေခွက်ကို မိုးမိုးဆီ ကမ်းလိုက်ရင်း မိုးမိုး ရေခဲရေနည်းနည်း သောက်ထားလို့ ပြောတယ်။ ဝီစကီက နည်းနည်း ပြင်းမယ်၊ နှစ်ငါးဆယ်သားလို့ ထပ်ပြောတယ်။ ဝီစကီတို့၊ ဝိုင်တို့ဆိုတာတွေက နှစ်ကြာရင် ကောင်းလာလေဆိုတာ မိုးမိုးကြားဖူးတယ်။ သိပ်ကော ပြင်းနေလေမလားမသိဘူးလို့ စိတ်ထဲတွေးလိုက်မိလို့ သိပ်ပြင်းတယ်ဆိုရင် ပြတင်းပေါက်နားသွားပြီး မသိမသာသွန်ပစ်လိုက်မယ်လေလို့ ပြောတော့ ဂူးစတပ်ဖ်က ပြုံးနေရင်း မိုးမိုးလက်ထဲက ဝီစကီက ဒေါ်လာတစ်ရာဖိုး လောက်ရှိမယ်။ နည်းနည်းတော့ သောက်ပါ။ ဂယ်ထရုနဲ့ လျူးတို့အတွက် ဆုတောင်းတဲ့အနေနဲ့သောက်ကြမှာ။ ဟိုကောင်တွေက နှစ်လုံးတောင် ယူလာတယ်လို့ပြောတယ်။

တစ်ခါတုန်းက ဂူးစတပ်ဖ်က ပြောဖူးတယ်
အတိတ်ရဲ့ ရှိနေခဲ့ခြင်းကို အသိအမှတ်ပြုနေရတာ
မှန်ပေတဲ့လည်း ဖျောက်ဖျက်မပစ်နိုင်သရွေ့
အနာဂတ်ဟာ ဖြည်းဆေးနွေးကွေးနေဦးမှာပဲတဲ့
ဟုတ်လောက်ပါတယ်။ ဒါပေတဲ့ အဲဒီလောက်အထိ
မိုးမိုး မတွေးကြည့်မိခဲ့ဘူး

တစ်ခါတုန်းက သူဌေးကြီးက သူ့ယောကျ်ားကို ရွိုင်ရယ်ဆလုဆိုသလားပဲ၊ ဝီစကီတစ်လုံးပေးလို့ သူ့ယောကျ်ားကသူ့ကိုလည်း နည်းနည်းမြည်းခိုင်းတယ်။ တစ်ငုံလောက်ငုံတာနဲ့ ပူထူသွားတော့ ရှင့်ဟာကဖျားနေတဲ့အခါ၊ ချောင်းဆိုးရင်ကျပ်ဖြစ်တဲ့အခါ သောက်ရရင်ကောင်းမယ်လို့ ပြောလိုက်မိဖူးတယ်။ သူ့ယောကျ်ားကတော့ ဘာမှမပြောဘဲ ခေါင်းခါတယ်။ ခုတော့ ရင်တုန်နေတာကလေး သက်သာအောင် သောက်ရတော့မှာပဲလို့ သဘောထားလိုက်တော့တယ်။ ဂူးစတပ်ဖ်ပေးတဲ့ ရေခဲရေကိုအတော်ကလေး မှောသောက်ပစ်လိုက်တယ်။ ဟိုအကောင်နှစ်ကောင်က စကားနည်းနည်းပြောပြီး အားလုံး ဖန်ခွက်မြှောက် ဆုတောင်းကြရင်း ဝီစကီသောက်ကြတော့ မိုးမိုးလည်း တစ်ငုံငုံကြည့်လိုက်တယ်။ သိပ်မဆိုးလှဘူး။ ဂူးစတပ်ဖ်ပြောသလို တစ်ဝက်လောက်ပဲ သောက်ပြီး တစ်ဝက်ချန်ထားတယ်။ ဒီနောက်တော့ အစားအားရင်း တို့တိတို့တိနဲ့ သောက်တာကုန်ရော။ ချွန်က နည်းနည်း

လိုက်လို့ မိုးမိုးတစ်ယောက် ဆွဲ့အ,သလို ဖြစ်သွားတယ်။ ဒုတိယအကြိမ် မှတ်မိသမျှတွေနဲ့ ဆုပေးရပြန်တယ်။ မိုးမိုးရဲ့ မျက်စိထဲမှာ သားကလေးတွေ အများကြီးပဲ။ သူတို့နဲ့ မိုးမိုးကြားမှာ ခန်းဆီးပါးပါးလေး ခြားထားပြီး လေပြင်းပြင်းတိုက်လို့ လူပ်နေသလိုပဲ။ နောက်တော့ ခန်းဆီးဟာ အဝေးကြီးရွေ့သွားပြီး မိုးမိုးနဲ့ သူတို့အကြားမှာ ခြားထားတာ မရှိတော့ဘူး။ အဝေးကြီးက ခန်းဆီးရဲ့နောက်မှာတော့ တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ ခန်းဆီးနောက်မှာက သူသားကလေး။ မိုးမိုးကြည့်နေရင်း ခန်းဆီးတွေရော၊ သူသားကလေးရော မရှိတော့ဘူး။ အလကားကောင်တွေရယ်၊ ဂူးစတပ်ဖ်တို့ လူသိုက်

www.burmeseclassic.com

www.burmeseclassic.com

ထပ်ဖြည့်ပေးတယ်။ ဂူးစတပ်ဖ်ကတော့ စိတ်ပူလို့ထင်တယ်။ မိုးမိုး အိုကေတယ်နော်လို့ မကြာ လှမ်းမေးနေတတ်တယ်။ အိုကေလို့ ပြန်ပြောနေရပေတဲ့ ခပ်ထွေထွေရယ်။

ညဆယ်နာရီသာသာလောက်ရှိတော့ မိုးမိုး အတော်ငိုက်လာပြီ။ ငါတော့ အိပ်မှထင်တယ်လို့ တွေးမိလိုက်တယ်။ အဲဒီတုန်းမှာပဲ ဂူးစတပ်ဖ်ရယ်၊ ချွန်ရယ်၊ ဟိုနှစ်ကောင်ရယ် မိုးမိုး အနား ရောက်လာလို့ အတော်ပဲ ဖြစ်သွားတယ်။ မိုးမိုး နားချင်ပြီလားလို့ ဂူးစတပ်ဖ်ကမေးလို့၊ အေး၊ ငါတော့ အိပ်ချင်ပြီ။ အောက်ထပ်က အခန်းပိုမှာ သွားအိပ်တော့မယ်လို့ မိုးမိုးက ဖြေလိုက်တယ်။ သွားအိပ်တော့ မိုးမိုး။ ဒီကဟာတွေအတွက် မပူနဲ့၊ ကျွန်တော်တို့ သိမ်းခဲ့မယ်လို့ ချွန်က ဝင်ပြောတယ်။ ထားလိုက်ပါ၊ ငါ့အိမ်က ကလေးတွေ သိမ်းခိုင်းပါ့မယ်လို့ မိုးမိုးက ပြောလိုက်တယ်။ ဖမကောင်က အသံခပ်တိုးတိုးနဲ့ သူ့ကိုပြောတယ်။ ကျွန်တော်တို့လည်း မနက်ဖြန် ခရီးထွက်ကြမယ်။ မိုးမိုးနဲ့ သုံး,လေးလလောက်ကျမှ ပြန်တွေ့ကြမှာလို့ ပြောတယ်။ ငါတို့ ဟိုမှာ တွေ့ကြဦးမှာပဲလို့ အဖြူကောင်က ဝင်ပြောတယ်။ လူတွေဟာ ဒီလိုပဲပေါ့။ တွေ့ကြ၊ ဆုံကြ၊ ပျောက်ဆုံးသွားကြနဲ့ပဲ အကြောင်းသင့်တဲ့ အခါတော့လည်း ပြန်တွေ့ကြတာပေါ့။ မသင့်တော့လည်း မတွေ့ကြတော့ဘူးပေါ့လို့ ဂူးစတပ်ဖ်က ဝင်ပြောပြန်တယ်။ ဂူးစတပ်ဖ်ကိုယ်တိုင်က ရှိနေခြင်းအတွင်းက ပျောက်ဆုံးသွားခြင်းကို အတွေ့အကြုံတစ်ခုအနေနဲ့ ရရှိထားခဲ့တဲ့လူ။ အားလုံးက ဘာမှ ပြန်မပြောဘဲ နေပေတဲ့ မိုးမိုးစိတ်ထဲမှာတော့ လှိုင်းလုံးတွေ ထ,လာတယ်။ ရေရေရာရာတော့ မသိဘူး။ တွေ့ဆုံခြင်း၊ ခွဲခွာခြင်းနဲ့ ပျောက်ဆုံးခြင်းဆိုတာတွေဟာ တစ်မျိုးတည်းပဲလား။ တခြားစီပဲလား။ မိုးမိုးအနေနဲ့ ဘယ်လိုမျှ နားမလည်နိုင်ပေတဲ့ သူ့စိတ်ထဲမှာ သားကလေးရဲ့မျက်နှာ ပေါ်လာတယ်။ ဘယ်လိုမျှ တွေးမထားပေတဲ့ ဂယ်ထရုကို ရုတ်တရက် လှမ်းကြည့်လိုက်မိတယ်။ ဂယ်ထရုက ပထန်တို့နဲ့ စကားလက်ဆုံကျနေကြတယ်။ မျက်ရည်ဝဲချင်သလို ဖြစ်လာမိလို့ အတော့်ကို ထိန်းထားလိုက်ရတယ်။ သူတို့တစ်တွေက ရိပ်မိလိုက်ပုံရတယ်။ ချွန်ကပဲ မိုးမိုးလာ၊ အောက်ထပ်ကို ကျွန်တော် လိုက်ပို့ပေးမယ်လို့ ပြောရင်း လက်တွဲလိုက်လို့ ဂူးစတပ်ဖ်တို့ လူသိုက်က သူ့ကို လက်အုပ်ချီ လိုက်ကြတယ်။ ဂယ်ထရုအတွက် မင်းတို့ ခုလို လုပ်ပေးတာ ငါ ကျေးဇူးတင်ပါတယ်လို့ပြောပြီး လှေကားဘက်ဆီ သွားမယ်အလုပ်မှာ မိုးမိုးရဲ့ မျက်လုံးထဲက မျက်ရည် တစ်စက်နှစ်စက် အသာခုန်ထွက်သွားတော့တယ်။

ဘယ်လိုလုပ်ပြီး အိပ်ပျော်သွားတယ်ဆိုတာ မိုးမိုး စဉ်းစားကြည့်လို့ မရတော့ဘူး။ တစ်ရေးနိုးလာတော့ ည နှစ်နာရီသာသာ ရှိနေပြီ။ တစ်အိမ်လုံး ငြိမ်နေတယ်။ ဘာသံမျှကို မကြားရဘူး။ အိပ်ရာထဲက ထ,ပြီး အပေါ်ထပ်ဆီကို မိုးမိုး တက်လာခဲ့တယ်။ အပေါ်ထပ်မှာ တစ်ယောက်မှ မရှိကြတော့ဘူး။ အားလုံး သိမ်းဆည်းပြီး သန့်ရှင်းထားတာ တွေ့ရတယ်။ မိုးမိုး လည်း ဝရန်တာဘက် ခဏထွက်လိုက်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးဆီက ပေါ်ထွက်နေတဲ့ တိတ်ဆိတ်ခြင်းရဲ့ သာယာသံကို အတော်ကလေးကြာအောင် နားထောင်နေလိုက်မိတယ်။ နောက်တော့ အတွင်းဘက်ကို ပြန်ဝင်လာလိုက်ရင်း အပေါ်ထပ်က သူ့အခန်းမှာပဲ ဝင်အိပ်လိုက်တော့မယ်လို့ စဉ်းစားလိုက်တယ်။ ဆိုဖာရဲ့ လက်တန်းပေါ်မှာ အမှတ်မထင်ဘဲ မိုးမိုး တွေ့လိုက်ရမိတယ်၊ ဂယ်ထရုအတွက် တရုတ်ကလေး ဝယ်လာပေးတဲ့ လက်စွပ်ဘူးခွံကလေး။ ဘူးကလေးကို ကောက်ယူလိုက်ရင်း ဂယ်ထရုနဲ့ တရုတ်ကလေးအကြောင်း သတိရလိုက်မိလို့ ပြုံးလိုက်မိပေတဲ့၊ ဘာလို့ပြုံးမိမှန်းတော့ မသိဘူး။ ဘူးကလေးကို ကိုင်ထားရင်း ဂယ်ထရုအခန်းဆီ လျှောက်လာခဲ့တယ်။ ဂယ်ထရုက အခန်းတံခါး ပိတ်အိပ်လေ့ မရှိဘူး။ အခန်းတံခါးကို ဖွင့်ထားတာဟာ ပိတ်ထားတာထက် ပိုပြီး လုံခြုံသတဲ့။ သူမှ မဟုတ်ဘူး၊ ဟိုအကောင်တွေကလည်း အဲဒီလိုပဲ ပြောတတ်ကြတယ်။ မိုးမိုးတော့ နားကို မလည်နိုင်ဘူး။ ဂယ်ထရုရဲ့ အခန်းတံခါးဖွင့်ပြီး ဝင်လိုက်တော့ ဂယ်ထရုတစ်ယောက် ကောင်းကောင်းကြီး အိပ်ပျော်နေတာ တွေ့ရတယ်။ သူလက်ထဲဆီက လက်စွပ်ကလေးက အမှောင်ထဲမှာတောင် အရောင်တလက်လက်နဲ့။ ခေါင်းရင်းဘက်က ပြတင်းပေါက်ဖွင့်ထားလို့ အပြင်ဘက်ဆီက လရဲ့ တစ်ဆင့်ခံအလင်းရောင်က အခန်းထဲဝင်နေတယ်။ လက်စွပ်ဘူးကလေးကို ခုတင်နံဘေးက စားပွဲပေါ်မှာ တင်ထားလိုက်ပြီး အခန်းထဲက ပြန်ထွက်တော့မယ်အလုပ်မှာ ကလေးတစ်ယောက်လို အိပ်ပျော်နေတဲ့ ဂယ်ထရုကို မိုးမိုးက ခဏရပ်ပြီး ကြည့်နေလိုက်မိတယ်။ သူသားကလေးတုန်းကလည်း မိုးမိုး အခုလိုပဲ ညတစ်ရေးနိုးမှာ သွားကြည့်မိတတ်တယ်။ အထက်တန်းကျောင်းသား ဖြစ်လာတော့ သားကလေးက သူ့အခန်းကို သော့ပိတ်တယ်။ အခန်းထဲမှာ သူရှိနေရင်လည်း အထဲကနေ မင်းတုပ်ချထားတတ်တယ်။ အိပ်ပျော်နေတဲ့ ဂယ်ထရုကို ကြည့်ရင်း သူ့အမြင်ထဲမှာ ဂယ်ထရုနဲ့ သူသားကလေးတို့ ရောထွေးသွားလိုက် ကွဲပြားသွားလိုက်နဲ့။ တစ်ချက်တစ်ချက် သူနဲ့ဂယ်ထရုအကြားမှာ မြူတွေ ထ,လာသလိုပဲ။ မိုးလင်းပိုင်းဆိုရင် အေးလာတော့မှာပဲလို့ တွေးလာမိတာနဲ့ ဂယ်ထရုရဲ့ ခုတင်ခြေရင်းက ချည်စောင်အပါးကလေးကိုယူပြီး အခေါက်လိုက်အတိုင်း ဂယ်ထရုရဲ့ ရင်ဘတ်ပေါ်တင်ထားပေးလိုက်တယ်။ ဂယ်ထရုက စောင်ခြုံတာမကြိုက်ဘူးဆိုတာ မိုးမိုး သိတယ်။ ဂယ်ထရုရဲ့မျက်နှာပေါ်ကျနေတဲ့ဆံပင်တွေကို အသာဖယ်ပေးလိုက်ပြီး မိုးမိုးလည်းအခန်းထဲကထွက်လာခဲ့တော့တယ်။

သူ့အခန်းထဲရောက်တော့ မိုးမိုး ချက်ချင်း ပြန်ပြီး မအိပ်နိုင်သေးဘူး။ အခန်းထဲ ပြင်တင်းပေါက်ကို ဖွင့်လိုက်ရင်း စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိသောက်နေလိုက်မိတယ်။ ဟိုအကောင်တွေကို သတိရလာတယ်။ မိုးမိုးဘဝထဲ ရောက်လာတဲ့လူစွေ့ အများကြီးပဲ။ ပျောက်သွားသူတွေလည်း ရှိတယ်။ အလကားကောင်တွေဆိုတဲ့ အကောင်တွေဟာ သူတို့

www.burmeseclassic.com

www.burmeseclassic.com

အမေလို၊ အဒေါ်လို သဘောထားကြတယ်။ သူတို့ရဲ့ အမေတွေ အဒေါ်တွေကို သူ့လောက် မရင်းနှီးကြတော့ဘူးလို့ သူကိုပြောပြဖူးတယ်။ သူတို့ရဲ့ မိဘဆိုတာတွေတောင် သူတို့နဲ့လှမ်းကုန်ကြပြီ။ ခင်ရာဆွေမျိုး၊ မြို့ရာဟင်းကောင်းပဲ မိုးမိုးရယ်လို့ ဖမကောင်က သူ့ကို ပြောပြဖူးတယ်။ သူအဖေက ပြောခဲ့တဲ့စကားတဲ့။ သူတို့တစ်သိုက်ဟာ သူတို့ကခင်တဲ့၊ သူတို့ကိုခင်တဲ့ လူတွေအကြားမှာပဲနေကြတော့တယ်တဲ့။ သားကလေးများ အဲဒီလိုတွေးမိလို့ ပြန်မလာတော့တာလားလို့ မိုးမိုးတွေးလိုက်မိ ပြန်တယ်။ မိုးမိုးမှာကတော့ သူသားကလေးကိုသတိရနေတုန်းပဲ။ သားကလေးဟာ သူ့ဆီကနေ ပျောက်ဆုံးမသွားနိုင်သေးဘူး။ ဒါပေတဲ့ သားကလေးဟာ မိုးမိုးရဲ့တကယ့်ဘဝကြီးထဲမှာ ရှိမနေတော့တာကြာပြီ။ တစ်ခါတုန်းက ဂူးစတပ်ဖ်က ပြောဖူးတယ်။ အတိတ်ရဲ့ရှိနေခဲ့ခြင်းကို အသိအမှတ်ပြုနေရတာ မှန်ပေတဲ့လည်း ဖျောက်ဖျက်မပစ်နိုင်သရွေ့အနာဂတ်ဟာ ဖြည်းဆေးနေးကွေးနေဦးမှာပဲတဲ့။ ဟုတ်လောက်ပါတယ်။ ဒါပေတဲ့ အဲဒီလောက်အထိ မိုးမိုး မတွေးကြည့်မိခဲ့ဘူး။ မိုးမိုးမှာဆက်ပြီး တွေးမကြည့်ခဲ့တာတွေ၊ ဘာကြောင့်ပဲရယ်လို့ ပြောမပြနိုင်ဘဲ လုပ်ခဲ့ကိုင်ခဲ့တာတွေ အပုံကြီးပဲ။ သူပတ်ဝန်းကျင်ကိုလည်း မိဘမဲ့ကလေးတွေ အများကြီးရောက်လာနေသလိုပဲ။ တကယ်တော့ ကမ္ဘာကြီးတစ်ခုလုံးမှာ မိဘမဲ့ကလေးတွေ အပုံကြီးပဲ။ ကိုယ့်လမ်းပေါ် ကိုယ်လျှောက်နေရဖို့ မိဘရဲ့အထိန်းအကျောင်းအောက်က ထွက်ကြရတာချည်းပဲ။ သံယောဇဉ်တိုင်းဟာ သံသရာရှည်ဖို့ ဖြစ်လာတာချည်းပဲလို့ ပြောကြပေတဲ့ သံယောဇဉ်မရှိရင် အသက်ရှင်နေရတာကိုက လစ်ဟာမှုကြီးတစ်ခုပဲဖြစ်နေမှာ။ ခုဆို ဂယ်ထရဲရဲ့ရှိနေခြင်းဟာ သူ့အတွက် ကျေနပ်မှုတစ်စုံတစ်ခုကို ဖြစ်နေစေတာပဲ။ စီးကရက်တစ်လိပ် ကုန်သွားတော့ ခဏပြန်ပြီး လှည့်မှာပဲလို့ မိုးမိုး စိတ်ကူးမိတယ်။ အပြင်ဘက်ကလာတဲ့ လေအေးကလေးတွေအထဲမှာ စီးကရက် မီးခိုးကလေးတွေ လွင့်ပါသွားပေတဲ့ အတွေးတချို့ကတော့ သူ့ဆီမှာငြိကျန်နေရစ်တယ်။ အိပ်ရာပေါ်လဲအိပ်လိုက်ပေတဲ့ ချက်ချင်း အိပ်မရသေးလို့ အိပ်ရာနံဘေးကမီးဖွင့်လိုက်ပြီး သူဖတ်နေတဲ့ စာအုပ်ကို လှမ်းယူလိုက်မိတယ်။ မိုးမိုး အင်္ဂလိပ်စာကောင်းလာအောင် အင်္ဂလိပ်လိုရေးထားတဲ့ကဗျာတွေဖတ်ဆိုပြီး အလကားကောင်တွေက သူ့ကိုကဗျာစာအုပ်တွေပေးကြတယ်။ ခပ်ရိုးရိုးရေးထားတာတွေကိုတော့ မိုးမိုးနားလည်တယ်။ သဘောလည်းကျလာတယ်။ ခုတလော ညတိုင်း အိပ်ရာမဝင်ခင် ပါရှင်းကဗျာဆရာကြီးခါလေဂျစ်ဗရမ်ရဲ့ ကဗျာစာအုပ်ကို ဖတ်ကြည့်တတ်တယ်။ အကြိုက်သားရယ်။ အိပ်ရာနံဘေးစားပွဲပေါ်က ခါလေဂျစ်ဗရမ်ရဲ့ကဗျာစာအုပ်ကိုလှမ်းယူလိုက်ပြီး မိုးမိုးဆက်ပြီး ဖတ်ကြည့်နေလိုက်မိတယ်။

Your children are not your children.
They are the sons and daughters of Life's longing for itself.
They came through you.
But not from you and
Though they are with you
Yet they belong not to you

Khalil Gibram

■ မြင့်သန်း

Dictionary for All

သာလွန် အင်္ဂလိပ် - မြန်မာ အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

ခဖြင့်/ဝိုလ်ဆူးပ်အောင်ဆန်းလမ်းနှင့် ဝိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းဝဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၂၄၂၂၄၁၊ ၂၄၉၂၂၈၊ ၂၄၉၂၂၀

အမှတ်(၃၇၇/၃၇၉)ဝိုလ်ဆွန်ပက်လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၇၊ ၂၄၂၀၄၀

ခဖြင့်/၂၀ဝိုလ်ဆူးပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့် ဝိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၂၇

www.burmeseclassic.com

www.burmeseclassic.com



White Butterflies

Colin McPhedran

သိဂီ(စီးပွားရေးတက္ကသိုလ်)

Collin McPhedran ၏ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်ပါသည်။

- သူ၏ကလေးဘဝမေမြို့ကမ္ဘာ၊
- နာဇတောင်တန်းများပေါ်မှ ခြေလျင်ခရီးကြမ်းကြီး၊
- သူ့အားပိုက်ထွေးကြိုဆိုခဲ့ရာအိန္ဒိယမြေ၊
- မျှော်လင့်ချက်များဖြင့် လှမ်းထွက်ခဲ့သည့် သွေးချင်းတို့၏အနှောက်တမ်းဘဝ၊
- မာနကိုအခြေပြု၍ စိတ်အလိုအတိုင်း လွှင့်ခဲ့သည့် အရွေ့ခရီး၊
- ဘဝရပ်တည်ရေးအတွက်ဝမ်းစာရှာခဲ့ရပုံများ၊
- တောင်ပေါ်ဘုတာလေးတစ်ခုသို့အရောက် မေမြို့တစ်ဆွေခြောက်ခံရသူတစ်ဦးပမာ ရင်သပ်ရှုမောလွမ်းသည့်ဇာတ်ဖြင့် ကွန်ရစ်နေဖြစ်ခဲ့သည့် သူ၏ဒုတိယမေမြို့၊
- ရာစုနှစ်ဝက်ကျော်ကြာမှ ထုတ်ဖော်ရေးသားလာသည့် သူဘဝဇာတ်လမ်းကို သူ့အသံ သူ့ဟန်မပျက် ခံစားမျှဝေထားပါသည်။

ဇမ္ဗူတလူစာပေမှ ဇူလိုင်လကုန်တွင် ဖြန့်ချိပါမည်။

ဇမ္ဗူစာပေ
အမှတ်(၁၃၃)၊မြေညီထပ်၊လမ်း(၄၀)အောက်၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလကြား၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၃၉၈၂၂၊၀၉၈၆၁၀၇၄၀၊
E-mail : zabutalu@gmail.com

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ် ရွှေအသစ်ဝတ္ထုတိုများ

ဆောင်းပါး



၁။

၂၀၁၄ ခုနှစ်
စက်တင်ဘာလထုတ်
ရွှေအမြုတေမဂ္ဂဇင်းတွင်
ဆရာ(ဦး)ဝင်းငြိမ်း၏
ရွှေအသစ်နဲ့ ကျွန်တော်
ဆောင်းပါးကို ဖတ်လိုက်ရတော့
စက်တင်ဘာလမှ စတင်၍
ရွှေအသစ်ကဏ္ဍကို ဖြုတ်လိုက်ပြီကို
သိခွင့်ရလိုက်သည်။
ရွှေအသစ်ကဏ္ဍပယ်ဖျက်မည်ဟု
လုံးဝ မျှော်လင့်မထားသော
ကျွန်မအနေဖြင့် စာရေးဝါသနာ
ထက်သန်လွန်းကြသည့်
နှိုင်ငံအနှံ့အပြားမှ
လူငယ်များ၏ ကလောင်သွေးခွင့်
ဆုံးရှုံးသွားကြသည့် အဖြစ်ကို
တွေးမြင်လိုက်မိပါသည်။
စာဖတ်ခြင်းကို ခုံမင်သော ဖခင်သည်
ညနေစင်းတိုင်း စာအုပ်ဆိုင်မှ
မဂ္ဂဇင်းများ ငှားရမ်းလေ့ရှိရာမှ
မူလတန်းကျောင်းသူဘဝ
ထုတ်ပေစေ့ကာလ
(၁၉၈၉ ခုနှစ် ဧလိုင်လ)ကပင်
ကျွန်မနှင့် ရွှေအမြုတေမဂ္ဂဇင်းတို့ စတင် ထိတွေ့ခွင့်ရခဲ့သည်။ ဖခင်သည် စာအုပ်ဆိုင်မှ
ငှားရမ်းဖတ်ရှုသည့် ရွှေအမြုတေမဂ္ဂဇင်းများအား လမ်းကြုံလျှင် စာအုပ်အဟောင်း
ဆိုင်များမှ ဝယ်ယူစုဆောင်းရာမှ မဂ္ဂဇင်းကြီးအဖြစ် စာမျက်နှာနှင့် ကဏ္ဍသစ်များ
ကိုးခဲ့ချိန်တွင် လစဉ်ဝယ်ယူစုဆောင်းခဲ့သဖြင့် ထဲထဲဝင်ဝင် ရင်းနှီးကာ ရွှေအမြုတေ
မဂ္ဂဇင်း၏ အမာခံပရိသတ် ဖြစ်ခဲ့ရသည်။ ရွှေအမြုတေနှင့် အခြား ဖခင်စုဆောင်းထား
သောမဂ္ဂဇင်းများကို ဖတ်ရှုပြီးနောက် ဆယ်တန်းစာမေးပွဲ ဖြေပြီးချိန်တွင် ဝတ္ထုတိုများ
စတင် စမ်းသပ်ရေး ဖြစ်ခဲ့သည်။ မဟော်သီ၊ ပေဖူးလွှာ၊ ကလျာ၊ လုံမလေး၊ စပယ်ဖြူ
စသည့် မဂ္ဂဇင်းများနှင့် ရွှေအမြုတေတို့သို့ ကျွန်မ၏ ဝတ္ထုတို စာမူများပို့ရန် မဝံ့ရဲသဖြင့်
ကျွန်မ၏ ကလောင်သွေးစ,စာမူများနှင့် လိုက်လျောမည့် အခြားမဂ္ဂဇင်းများသို့သာ
ရွေးချယ်ပေးပို့ဖြစ်ခဲ့သည်။ စာမူရေးသားရာ၌ တစ်မျက်နှာတည်းသာ ရေးရပြီး
စာမေးပွဲအဖြေလွှာကဲ့သို့ ဘယ်အစွန်ကနေ ၁"ခန့် ချန်လှပ်မှုနှင့် သန့်ရှင်းသပ်ပိုစွာ

www.burmeseclassic.com

www.burmeseclassic.com

ဖိတ်ကြားမှု မပြုဘဲ စာမူ လက်ခံရရှိမှုနှင့် ပြန်တမ်းထုတ်ပြန်မှု၊ စာမူဖတ်ရှု စိစစ်မှု အစီအစဉ်၊ အယ်ဒီတာအဖွဲ့မှ စိစစ်သုံးသပ်ချက်နှင့် ရွေးချယ် အတည်ပြုမှု၊ ထုတ်ပြန်မှုတို့မရှိခြင်းကြောင့် ကလောင်သစ်များမှာ စမ်းတဝါးသာ ထိုးဖောက်ခဲ့ကြရပါသည်။ ရွှေအမြုံတေမဂ္ဂဇင်း၏ ရွှေအသစ်ကဏ္ဍမှာ ကလောင်သစ်များအား စာပေလောကဝင်ရောလမ်းကို ဖြောင့်ဖြူးစွာ ခင်းထားပြီး ရွှေအသစ်ကဏ္ဍတံခါးဝမှ စိစစ်ခံ ဖြတ်သန်းကြရဲသာ ရှိပါသည်။ မြန်မာစာပေဖွံ့ဖြိုး တိုးတက်ရေး၊ ရသစာပေ ရှင်သန်စည်ပင်ရေးနှင့် စာကောင်းပေမွန် ရေးသားပြုစုသည့် စာရေးဆရာနှင့် စာပေပညာရှင်များ ပေါ်ထွန်းရေးတို့တွင် ရွှေအသစ်ကဏ္ဍမှတစ်တပ်တစ်အား ပါဝင်လျက်ရှိသည်ကို မွေးထုတ်ခဲ့သည့် ရာနှင့်ချီသော စာရေးဆရာ၊ စာရေးဆရာမ အရေအတွက်နှင့် ရေးသားပြုစုခဲ့သည့် စာပေလက်ရာစုံက သက်သေပြလျက် ရှိပါသည်။

များသည် စာတိုက်၊ အီးမေးလ်၊ လူကြုံနှင့် ကိုယ်တိုင် ပေးပို့ကြရာ၌ ရွှေအမြုံတေ မဂ္ဂဇင်းသည် ရောက်ရှိလာသော စာမူများကို စနစ်တကျ ထိန်းသိမ်းထားပြီး လစဉ်စာမူ လက်ခံရရှိမှု ပြန်တမ်းကို မဂ္ဂဇင်းမှ သီးသန့် စာမျက်နှာဖွင့်ထုတ်ပြန်ပေးလျက်ရှိသည်။ ထို့ပြင် ကလောင်သစ်များအတွက် စာမူပေးပို့ရာ၌ လိုက်နာရန် စည်းကမ်းချက်များကိုလည်း လစဉ်ရွှေအသစ်ကဏ္ဍမှ ဖော်ပြပေးလျက်ရှိရာ အချို့နှင့် တစ်ပြေးညီ စာမူများများ စိစစ်ဖတ်ရှုရေးနှင့် ရွေးချယ်ရေးတွင် အထောက်အကူပေးပါသည်။ စနစ်တကျ လက်ခံထိန်းသိမ်းထားသည့် စာမူများမှ အလှည့်ကျ စာမူများကို လစဉ်အစီအစဉ်ချမှတ် ဖတ်ရှုပြီး အမွှေဆောင်စာတည်း ဆရာမ မသီတာ (စမ်းချောင်း)၏ တစ်ပုဒ်ချင်း စိစစ်သုံးသပ်ချက် အကျဉ်းနှင့် ဆန်ခါတင် ရွေးချယ်တင်ပြစာရင်း၊ အယ်ဒီတာချုပ် ဆရာ ဦးဝင်းငြိမ်း၏ သုံးသပ်ချက် အနှစ်ချုပ်နှင့် အတည်ပြု ရွေးချယ်ဖော်ပြစာရင်းတို့ကို ဖော်ပြပေးခဲ့ပါသည်။ ကျွန်မတို့ ကလောင်သွေးစဉ်က မဂ္ဂဇင်းအများစုက ကလောင်သစ်များ၏ စာမူကို မည်သည့် မဂ္ဂဇင်းကမျှ တကူးတက ရေးသားမှု ပြုရမည်ဟူကိုသာသိခဲ့သည်။ မြန်မာစာအရေးအသားနှင့်သတ်ပုံ၊ ဓာတ်လမ်းဖွဲ့စည်းမှု၊ ဓာတ်ကောင်ဖန်တီးမှု၊ စာဖတ်သူအား ဖမ်းစားမှုနှင့် စကားလုံးနှင့် စကားပြောသုံးစွဲမှု စသည့် ဝတ္ထုတို အတတ်ပညာ လုံးဝမသိဘဲ ခံစားရသည့်အတိုင်း ရေးသားခဲ့ခြင်းဖြစ်သည်။ စာမူရောက် မရောက်၊ ပျောက်မပျောက်၊ ရွေးမရွေးတို့ကို လုံးဝ စုံစမ်းသိခွင့်မရှိဘဲ စာမူပို့ထားသည့်မဂ္ဂဇင်းကို ကာလတစ်ခုခန့်ကြာ (တစ်နှစ်ခန့်မှ သုံးနှစ်ခန့်) စောင့်ကြည့် ကြရသည်။ စာမူပို့ထားပြီးမှ မဂ္ဂဇင်းထုတ်ဝေသူ ပြောင်းလဲမှု၊ မဂ္ဂဇင်းရပ်ဆိုင်းမှုနှင့် အယ်ဒီတာ အပြောင်းအလဲ စသည်တို့ရှိလျှင် ပို့ထားသည့် စာမူသည် စုံးစုံးမြုပ်ကြရသည်။

ရွှေအမြုံတေမဂ္ဂဇင်းတွင် စာပေ၊ ဂီတ၊ သဘင်နှင့် ရုပ်ရှင် စသည့် အနုပညာရေးရာ သတင်းတွေ့ဆုံခြင်းနှင့် ဆောင်းပါးများနှင့်အတူ ဝတ္ထုတို၊ မဂ္ဂဇင်း ဝတ္ထုရှည်၊ အခန်းဆက် ဝတ္ထုရှည်၊ ရသစာတမ်းနှင့် သုတ/ရသ ဆောင်းပါးများအား ဖော်ပြရာတွင် ဝါရင့်စာရေးဆရာများ၏ စာမူများနှင့်အတူ အခါအားလျော်စွာ ကလောင်သစ်များ၏ အရည်အသွေးမီ စာမူများကို ထည့်သွင်း စင်တင်ပေးလေ့ ရှိသည်။ ရွှေအမြုံတေမဂ္ဂဇင်း ထုတ်ဝေသည့် သက်တမ်း ၁၁ နှစ်ပြည့်လုနီးခိုက် ၂၀၀၀ ပြည့်နှစ် မေလမှ စ၍ ရွှေအသစ်ကဏ္ဍကို ဖွင့်လှစ်ပြီး နိုင်ငံးအနှံ့အပြားမှ စာရေးရန် ဝါသနာထက်သန်ကြသူများအား နှစ်သက်ရာ စာပေပုံသဏ္ဌာန်ဖြင့် ဝတ္ထုတိုများ ရေးသားပေးပို့ကြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ရွှေအမြုံတေမဂ္ဂဇင်း၏ ဖိတ်ခေါ်ချက်အရ နိုင်ငံအနှံ့အပြားမှ စာရေးရန် ဝါသနာထက်သန်သူများမှ စာမူများ ပေးပို့လာခဲ့ကြသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် ရောက်ရှိသမျှ စာမူများကို အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုစိစစ် ရွေးချယ် ဖော်ပြရန် အခွင့်မသာသည့် အခြေအနေသို့ ရောက်ရှိသည်ထိ စာမူများစွာ ဝင်ရောက်ခဲ့ရရှိသည်။ ရွှေအသစ် စာမူရှင်

www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးဝင်းငြိမ်း၏ **'ရွှေအသစ်နဲ့ ကျွန်တော်'** ဆောင်းပါးတွင် ဖော်ပြထားသကဲ့သို့ ရွှေအသစ်ကဏ္ဍ အောင်မြင်ရေးတွင် အခက်အခဲနှင့် စိတ်အနှောင့်အယှက်ဖြစ်စရာ များစွာလည်း ရင်ဆိုင်ခဲ့ရပါသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်၍ ရွှေအသစ်ကဏ္ဍ ဖြုတ်လိုက်ခြင်းကမူ အခက်အခဲကြောင့် မဟုတ်ဘဲ စိတ်အနှောင့်အယှက်ဖြစ်စရာများကြောင့်ဟု ယူဆမိပါသည်။ ရွှေအသစ်ကဏ္ဍ ဖြုတ်လိုက်ခြင်းဖြင့် စာရေးရန် ဝါသနာထက်သန်သူ လူကြီးလူငယ်များ ကလောင်သွေးခွင့် ဆုံးရှုံးကြရသည့်ပြင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ရသစာပေရှင်သန် စည်ပင်ရေးနှင့် စာကောင်းပေမွန် ရေးသားပြုစုသည့် စာရေးဆရာနှင့် စာပေပညာရှင်များ ပေါ်ထွန်းရေးတို့တွင်လည်း တစ်နည်းနည်းဖြင့် နှောင့်နှေးစေမည်ဟု ခံစားသုံးသပ်ရပါသည်။

❑

၂။

၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်၍ ရွှေအသစ်ကဏ္ဍ ရပ်ဆိုင်းလိုက်သဖြင့် ၂၀၁၄ ခုနှစ် ၁၂ လအစား ၈လ အတွက်သာ ရွှေအသစ်ဝတ္ထုတို စာမူအခြေအနေကို စိစစ်ပြုစု ဖော်ပြနိုင်ပါတော့သည်။ **ဖော်ပြထားပါသည်။**

၂၀၁၄ ခုနှစ်တွင် ၈ လတာကာလအတွက် စာမူလက်ခံရရှိမှု၊ စိစစ် ဖတ်ရှုမှု၊ ဆန်ခါတင် ရွေးချယ်မှုနှင့် နောက်ဆုံးအဆင့် ရွေးချယ်ဖော်ပြမှုတို့သာ ပြုစုဖော်ပြနိုင်ခဲ့ရာ စာမူ ၃၀ ပုဒ် ရွေးချယ်ဖော်ပြသည်ကို တွေ့ရပါသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ရွေးချယ်ဖော်ပြမှုတွင် ၂၀၁၃ ခုနှစ်တွင် စာမူ ၄၅ ပုဒ် အများဆုံး ရွေးချယ်ဖော်ပြခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် စာမူ ၃၀ ပုဒ် ဒုတိယအများဆုံးအဖြစ် ရွေးချယ်ဖော်ပြခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ၈ လတာကာလအတွင်း စာမူ ၃၀ ပုဒ် ရွေးချယ်ခဲ့ရာ အရည်အသွေးမီ စာမူရွေးချယ်ဖော်ပြမှုတွင် ၂၀၁၃ ခုနှစ်ရော ၂၀၁၂ ခုနှစ်ပါ ပခုံးချင်း ယှဉ်နိုင်သည့်အခြေအနေ ရှိနေပါသည်။ **ဖော်ပြထားပါသည်။**

ရွှေအမြုတေမဂ္ဂဇင်း၊ ရွှေအသစ်ကဏ္ဍမှ လက်ခံရရှိသည့် ဝတ္ထုတိုစာမူများအနက် ဆန်ခါတင် ရွေးချယ်တင်ပြမှုမှတစ်ဆင့် အတည်ပြု ရွေးချယ်ဖော်ပြမှုအဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် (၁) သံလွင်ကို(မော်လမြိုင်)၏ **လမ်း**၊ (၂) လင်းယဉ်နွဲ့(မြို့သစ်ကလေး)၏ **မြောက်ပြန်လေများ အေးစေသား**၊ ဖေဖော်ဝါရီတွင် (၁) မောင်အင်း(ဥက္ကံ)၏ **ပုပ်တိုင်း ပုတ်သင့်မပုတ်သင့်**၊ (၂) ခင်မြတ်နွယ်(ပခုက္ကူ)၏ **ကျေးဇူးကမ္ဘာမကိုလာနံ့နက်ခင်း**၊ (၃) ဆွေဇင်ဦး၏ **ဘဝက မိုးစက်တွေလား၊ မိုးစက်တွေက ဘဝလား**၊ (၄) ဟျမခ(ကော့သောင်း)၏ **ရေသဖန်းလျော်ကြေး**၊ (၅) ပေါ်ဦးလင်း၏ **တူနှစ်ကိုယ်တိုင်းပြည်**၊ မတ်လတွင် (၁) အောင်နန်းမွေး(သရက္ကံ)၏ **မည်မျှသော မျှင်းပြိုင်များနှင့်** (၂) မောင်အင်း(ဥက္ကံ)၏ **ငန်းရင်ခွဲ**၊ (၃) မြတ်သျှိုင်းသွင်၏ **ဝတ္ထုတစ်ပုဒ် မေ့ကျန်ခဲ့တဲ့ လမင်း (သို့မဟုတ်) လမင်းလွှတ်ပွဲ**၊ ဧပြီလတွင် (၁) မြတ်သျှိုင်းသွင်၏ **ဝတ္ထုတစ်ပုဒ် မေ့ကျန်ခဲ့တဲ့လမင်း (သို့မဟုတ်) လမင်းလွှတ်ပွဲ**၊ (မတ်လတွင် မပြည့်စုံ၍ ပြည့်စုံစွာ ထပ်မံဖော်ပြသည်)၊ (၂) မြတ်ကိုကို(ရက္ခ)၏ **အလှည့်ရောက်တော့ နွဲ့ကြည့်ချင်သေးတယ်**၊ (၃) မင်းညို့သွေး၏ **ဘိုခိုး**၊ (၄) ရည်ဝေ(လင်းရောင်ခြည်)၏ **အဖွားတွေ့၏ သားကောင်**၊ (၅) လွမ်းနောင်၏ **ထမင်းဝိုင်းပေါ်မှ ကလောင်တစ်ချောင်းရဲ့ ရာဇဝင်**၊ မေလတွင် (၁) မိုးထက်ကျော်(ကွင်းကောက်)၏ **အိပ်မက်လှလှမက်ပါစေ**၊ (၂) ညီစုဖ၏ **အမှောင်ကို အရောင်ခြယ်ထားတဲ့အလင်း**၊ (၃) ညတာရာလင်း(ထားဝယ်)၏ **ဖြောင့်ချက်**၊ ဇွန်လတွင် (၁) ရင်ငြိမ်းသူ(မော်လမြိုင်)၊ **စက်ဝိုင်းအတွင်း ရှင်သန်ကြသူများ**၊ (၂) ရွှေရေးထင်ထင်၏ **သဝေထိုး ခရွေး ဝဆွဲ ခွေ ဝစွန့်လုံးပေါက် ခွေး**၊ (၃) လူငြိမ်းအေး(ဆီမီးခုံ)၏ **ချိုးကလေးကူသံသာ**၊ (၄) ကောင်းမြတ်၏ **မျှော်လင့်ချက် မနက်ဖြန်**၊ ဇူလိုင်လတွင် (၁) ညီညီဇော်၏ **မျှော်လင့်ခြင်းလရောင်**၊ (၂) ကံ့ကော်ရင်ခွင်၏ **ပန်းလို လှနေစေချင်**၊ (၃) လူငြိမ်းအေး(ဆီမီးခုံ)၏ **နွားကျောင်းသား အင်တာနက်**၊ (၄) သော်ဇင်(လွိုင်ကော်)၏ **အဘိုးနှင့် ငွေရောင် အစ္ဆရိယ**၊ ဩဂုတ်လတွင် (၁) လင်းနိုင်၏ **ဆုတောင်း**၊ (၂) မလေးငယ်၏ **အမြင်**၊ (၃) သော်ဇင်(လွိုင်ကော်)၏ **လွဲမှားခြင်း နိယာမ**၊ (၄) နေကောင်းကင်နီ၏ **အဲဒီနေ့က ကျွန်တော့် အဖေ သေပြီး ရှင်တယ်တို့**ကို ရွေးချယ်ဖော်ပြပေးခဲ့ပါသည်။

ရွှေအသစ် ဝတ္ထုတိုအဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ပုဒ်၊ ဖေဖော်ဝါရီနှင့် ဧပြီ ၅ ပုဒ်စီ၊ မတ်လနှင့် မေလ ၃ ပုဒ်စီ၊ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ် ၄ ပုဒ်စီ ဖော်ပြထားပါတယ်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ရွှေအသစ်ဝတ္ထုတို ၆ ပုဒ် ဖော်ပြမှု စံချိန်ကို မချိုးနိုင်သော်လည်း ဖေဖော်ဝါရီလနှင့် မတ်လတွင် ၅ ပုဒ်စီ ဖော်ပြထားပါသည်။ အရည်အသွေးမီ စာမူဖြစ်လျှင် ပုဒ်ရေ ကန့်သတ်မထားဘဲ ဖော်ပြပေးနေခြင်း ပြယုဂ်ဖြစ်ပါသည်။ မောင်အင်း(ဥက္ကံ)၊ လူငြိမ်းအေး(ဆီမီးခုံ)နှင့် သော်ဇင်(လွိုင်ကော်)တို့၏ ရွှေအသစ်ဝတ္ထုတို ၂ ပုဒ်စီ ပါဝင်ပြီးဖြစ်၍ နောင်တွင် အခြားစာရေးဆရာ၊ စာရေးဆရာမများနှင့်အတူ ရွှေဝတ္ထုတို ကဏ္ဍတွင်သာ ဖတ်ကြရတော့မည် ဖြစ်ပါသည်။ ဒဿမအကြိမ်မြောက် ရွှေအမြုတေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ် မေလ ၂၈ ရက်နေ့တွင် နိုဗိုတယ်ဟိုတယ်၌ ဆရာ ဦးဝင်းငြိမ်း၏ ၆၉ နှစ်မြောက် မွေးနေ့နှင့်အတူ ကျင်းပခဲ့ပါသည်။ နှစ်စဉ် မေလမှ နောက်နှစ် ဇွန်လအတွင်း ထုတ်ဝေခဲ့သော မဂ္ဂဇင်းများမှ အသင့်လျော်ဆုံး ကဗျာ၊ ရသစာတမ်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ မဂ္ဂဇင်း ဝတ္ထုရှည်(ဝတ္ထုရှည် စ/ဆုံး)၊ အမှန်းဆက် ဝတ္ထုရှည်ဆုများနှင့်အတူ မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ဇယား(က)　　၂၀၁၄ ခုနှစ် စာမူလက်ခံရရှိမှု စိစစ်ဖတ်ရှုမှုနှင့် ရွေးချယ်ဖော်ပြမှု

စဉ်	အကြောင်းအရာ	ဇန်နဝါရီ	ဖေဖော်ဝါရီ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	ဩဂုတ်	စုစုပေါင်း
၁။	စာမူလက်ခံရရှိမှု	၅၀	၃၆	၃၇	၃၁	၁၉	၂၁	၄၆	၄၁	၂၈၁
၂။	စိစစ်ဖတ်ရှုမှု	၅၁	၅၈	၃၀	၃၆	၂၉	၂၃	၃၀	၂၇	၂၈၄
၃။	ဆန်ခါတင်ရွေးချယ်မှု	၉	၉	၈	၈	၇	၉	၇	၈	၆၅
၄။	ရွေးချယ်ဖော်ပြမှု	၂	၅	၃	၅	၃	၄	၄	၄	၃၀

ဇယား(ခ)　　၂၀၀၆ ခုနှစ် ၂၀၁၄ ခုနှစ်အထိ နှစ်စဉ် ရွေးအသစ် ဝတ္ထုတို စာမူအခြေအနေ

စဉ်	ခုနှစ်	လက်ခံရရှိမှု	စိစစ်ဖတ်ရှုမှု	ဆန်ခါတင်	ရွေးချယ်ဖော်ပြမှု
၁။	၂၀၀၆	-	၄၈၁	-	၂၂
၂။	၂၀၀၇	၉၂၄	၇၀၂	၄၃	၂၄
၃။	၂၀၀၈	၉၄၂	၇၀၂	၇၇	၂၃
၄။	၂၀၀၉	၇၄၈	၆၂၅	၅၇	၂၃
၅။	၂၀၁၀	၇၂၄	၆၅၁	၄၃	၂၆
၆။	၂၀၁၁	၅၈၉	၇၂၀	၆၄	၂၃
၇။	၂၀၁၂	၄၀၄	၈၈၄	၁၀၈	၃၀
၈။	၂၀၁၃	၃၆၆	၇၈၀	၁၁၃	၄၅
၉။	၂၀၁၄	၂၈၁	၂၈၄	၆၅	၃၀

အသီးသီးမှ စင်တင်ခဲ့သည့် ကလောင်သစ်များ၏ စာပေလက်ရာများမှ ရွေးချယ်၍ **မျိုးဆက်သစ်စာပေဆု**ကို ချီးမြှင့်ခဲ့ပါသည်။ ထို့ပြင် ရွေအမြုတေမဂ္ဂဇင်းတွင် ကလောင်သွေးလိုသူ မျိုးဆက်သစ်များအတွက် ရည်ရွယ်ဖွင့်လှစ်ထားသော ရွေအသစ်ကဏ္ဍနှင့် ရွေနှလုံးသား ကဏ္ဍတို့မှ နှစ်စဉ် ဒီဇင်ဘာလမှ နောက်နှစ် နိုဝင်ဘာလအတွင်း ဖော်ပြခဲ့သော ဝတ္ထုတိုများမှ ပရိသတ်အကြိုက်ဆုကို လည်း နှစ်စဉ် ဆန္ဒခံယူ ချီးမြှင့်လျက် ရှိပါသည်။ မျိုးဆက်သစ် စာပေဆု အဖြစ် မင်းတုန်း မောင်စိမ်းလွင်၏ **ရေမျော်ငှက်**(၂၀၁၅ ဧပြီ ရွေအမြုတေ)၊ ပရိသတ်အကြိုက်(ရွေအသစ်) စာပေဆု အဖြစ် သံလွင်ကို(မော်လမြိုင်)၏ **လမ်း**(၂၀၁၄ ဇန်နဝါရီ ရွေအမြုတေ)နှင့် ပရိသတ်အကြိုက်(ရွေနှလုံးသား) စာပေဆု အဖြစ် ဆေးဆေး၏ **ပျော်ရွှင်ခြင်းငှက်ကလေးများ**(၂၀၁၄ ဇူလိုင် ရွေအမြုတေ) တို့ကို ချီးမြှင့်ခဲ့ပါသည်။ ရွေအမြုတေမဂ္ဂဇင်းမှ စင်တင်ခဲ့သော စာရေးဆရာနှင့် စာရေးဆရာမများ၏ စာမူများမှာ အခြားမဂ္ဂဇင်း၊ ဂျာနယ်များ၏ စာမျက်နှာများသို့ ဖြန့်ကြက်လျက် ရှိသည့်ပြင် ကံကောင်းထင်ရှား စာပေမှ နှစ်စဉ် ထုတ်ဝေနေသော ရွေ-၆၈၊ ရွေ-၆၉ စသည်တို့နှယ် စာရေးဆရာစုံ စုစည်းထားသော ဝတ္ထုတိုပေါင်းချုပ် စာအုပ်များနှင့် တစ်ကိုယ်တည်း ဝတ္ထုတိုပေါင်းချုပ်များ၊ ဝတ္ထုရှည်များနှင့် ဆောင်းပါးပေါင်းချုပ်များပင် ထုတ်ဝေနေကြပြီ ဖြစ်ပါသည်။ ထိုလုံးချင်း စာအုပ်များအနက် ဒွေဇင်ယော်ဦး(မိုးကုတ်)၏ **မိုးတွေရွာနေတယ်**က တော်ဘုရားလေးအောင်စေ ဝတ္ထုတိုပေါင်းချုပ် စာပေဆုနှင့် ဝေ(စီးပွားရေးတက္ကသိုလ်)၏ **နှလုံးသားပေါ်တွင် သွေးတဲ့ဓား**က အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်) (၂၀၁၃)တို့ကို ဆွတ်ခူးခဲ့ကြရာ ရွေအသစ်ကဏ္ဍ၏ မော်ကွန်းဟုပင် ဆိုရမည်။ ■

ကေကလေး

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ကြီးမြန်းကြီး

များနေတတ်တယ်။
အဖေတို့ ထားခဲ့တဲ့ လယ်ကလေး မဖြစ်စလောက်ကလည်း
လူမွေးလူတောင် ပြောင်စရာ မမြင်ဘူး။
ကျွန်တော့်အစ်ကိုကြီးကလည်း အဲဒီလို မြင်ရုံတင်မကဘူး
ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချလိုက်တယ်။
"ကဲ… ရွာမှာပဲ ငတ်ပြီး အသေမခံနိုင်ဘူး။
ရှိတဲ့မြေကလေး ရသလောက်နဲ့ ရောင်းပြီး မြို့ကို
ပြေးကြစို့။ မြို့မှာ အာမခံချက်ရှိမယ့် ပညာကို
ကျွန်တော့်နာမည် ညီတူးပါ။
ကျွန်တော် လူလားမြောက်တဲ့အရွယ်မှာတော့
အဖေနဲ့အမေတို့ ရွာမှာ ကွယ်လွန်သွားကြပါပြီ။
ငယ်ကတည်းက မိဘမဲ့ဘဝနဲ့ လူတောတိုးခဲ့ရတာမို့
ကိုယ့်ကိုယ်ကို ယုကြည်စိတ် ခေါင်းပါးခဲ့ပါတယ်။
အားငယ်စိတ်နဲ့ အရာရာကို မကျေနပ်စိတ်တွေ

www.burmeseclassic.com

တို့ ရှာကြမယ်'

ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကို တင်းတင်း ကျပ်ကျပ်ကြီး ဖက်ပြီး အားမာန်ပါတဲ့ အသံကြီးနဲ့ ကြွေးကြော်တယ်။ အစ်ကိုကြီးက စိတ်ဓာတ်မာကျောတယ်။ အလုပ်တစ်ခုကို မလုပ်ခင် တွေးတောကြံဆတယ်။ လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင်လည်း ဘယ်နည်းနဲ့မှ နောက်မဆုတ် တော့ဘူး။ အဖေရှိတုန်းက အဲဒီစိတ်ကြီးကြောင့် အဖေနဲ့ ချိတ်ကြတာ တစ်ခုကို ကျွန်တော် သတိရတယ်။

မိုးရွာပြီးစ ညမှာ အဖေက အစ်ကိုကြီးကို 'မနက်ဖြန် အကွက်ထဲ ထွန်ဝင်ကြရအောင်၊ ဒါမှ နောက်တစ်မိုးဆိုရင် တို့ပဲစေ့ချလို့ အဆင်ပြေမှာ' လို့ သင်ခိုင်း၊ ခိုင်းတယ်။ အဲဒါကို အစ်ကိုကြီးက လုံးဝ နားမထောင်ဘူး။ စနေ၊ တနင်္ဂနွေ နေ့တိုင်း သူ သွားသင်နေကျ ကွန် ပျူတာသင်တန်းကို အပျက်မခံဘဲ လေးမိုင်လောက်ဝေးတဲ့ မြို့ကို အစောကြီး ထ၊ သွားတယ်။ အဲဒီနေ့က အဖေဆိုတာ လက်သီး တစ်ဆုပ်ဆုပ်နဲ့ ဒေါသဖြစ်လို့ မဆုံးဘူး။ နောက်တော့ အဖေရဲ့ အစ်ကိုတစ်ယောက်က-

'ဟကောင်ရ အလေလိုက်နေတာ မဟုတ်ဘဲ၊ မိုက်ရိုင်းနေတာ မဟုတ်ဘဲ သူ တက်လမ်းသူ ရှာနေတဲ့ သားသမီးကို မိဘက ခွင့်လွှတ်ရမယ်ကွ၊ မင်း သူ့ကို စိတ်ဆိုးစရာ မလိုဘူး' အပြတ်ပြောမှ အဖေ သက်ပြင်းချတော့တယ်။

အဲဒီလိုနဲ့ ညီအစ်ကိုနှစ်ယောက် လက်ဆွဲပြီး မြို့ကို တက်လာခဲ့တဲ့ အစ်ကိုကြီးက

မလှုပ်ရှားနိုင်တော့တဲ့ သူ့ခန္ဓာကိုယ်ထဲက အတွင်းအားတွေဟာ မျက်လုံးကို ဖြတ်သန်း ပစ်လွှတ်နေတဲ့ တံလျှပ်တွေ အလား ကျောချမ်းစရာ ကြက်သီးထဖို့ ကောင်းတယ်

သူ နေလက်စ ခေတ်မီတိုးတက်သော အမြင်ရှိတဲ့ ဆရာတော်တစ်ပါး၏ ဘုန်းကြီးကျောင်းအရိပ်မှာ ဆက်လက် ခိုလှုံတယ်။ ကျွန်တော်တို့ကိုလည်း နံနက် ၄ နာရီ တုံးခေါက်တာကအစ ယာဂုကျွေး၊ တံမြက်လှည်း၊ သပိတ်ပြင်တာ အပါအဝင် နေ့ခင်းသောက်ရေ သုံးရေဖြည့်၊ ဆွမ်းပွဲပြင်တာတွေနဲ့ ည ၉ နာရီ စာတက်စာချအပြီး ဆရာတော်ကို ဝတ်ဖြည့်တာ အဆုံး ကျောင်းရဲ့ ဝေယျာဝစ္စတွေ ထောင့်စေ့အောင် လုပ်စေတယ်။ သူကလည်း ကွန် ပျူတာကို အပတ်အကုတ် ကြိုးစားသင်ယူတယ်။ နွေရာသီကုန်လို့ နောက်တစ်နှစ် ကျောင်းဖွင့် ချိန်မှာတော့ ကျွန်တော်က ငါးတန်း၊ ဟိုတစ်ယောက်က ခုနစ်တန်းနဲ့ အစ်ကိုကြီးက ဆယ်တန်း ပေါ့။

❑

ကျွန်တော့်မှာ ညီနှစ်ယောက် ရှိတယ်။ ရွာမှာတော့ မိဘတွေကလည်း ကိုယ့်သားသမီးကို နာမည်ကောင်း ကောင်းခန်းခန်းပေးတတ်တာ မဟုတ်ဘူး။ သူတို့ ကလေးချင်းကျတော့လည်း တွေ့ရာ ခေါ်ကြတာ။ မိုက်ခဲ၊ ဗိုက်ရွဲ၊ ငမုန်း၊ ငလုံး အဲဒီလိုတွေ တစ်ခုမှကောင်းတာ မပါဘူး။ ညီလေးနှစ်ယောက်ကို ကျောင်းအပ်တော့လည်း ကျွန်တော်ပဲ ဦးဆောင်လှုပ်ရှားရတာဆိုတော့ ကျောင်းမှတ်ပုံတင်မှာ ညီလေးတွေ နာမည်ကို ခပ်လွယ်လွယ်ပဲ။ အကြီးကောင်ကို 'ညီဝမ်း'၊ အငယ်ကောင်ကို 'ညီတူး' လို့ စာရင်းသွင်းလိုက်တော့တယ်။ မှတ်ရလည်း လွယ်ပြီး ရိုးရိုးလေးနဲ့ ဆန်းနေတာမို့ ကျွန်တော်တော့ ကြိုက်တယ်။

နေလိုလလို လင်းနိုင်ဖို့ လောက် မမျှော်မှန်းရဲပေမဲ့ ကြယ်တိုင်းမှာ ကိုယ်ပိုင် အလင်းရောင်ရှိတယ်ဆိုတာ ကိုတော့ ပြချင်တယ်။ ဒါကြောင့်လည်း သမုဒ္ဒရာကြီး ဆီ မမျှော်လင့်ဘဲ နွားခြေရာ ခွက်ထဲက ကြယ်ကလေး သုံးစင်းဟာ ချောင်းထဲမြောင်းထဲကို ရေကြည်ရာ မြက်နုရာ သဘောထားပြီး စွန့်စားထွက်ခဲ့ကြတာပါ။ ကံကောင်းတာက ကျွန်တော် ရွေးခဲ့တဲ့ အသက်မွေးဝမ်းကျောင်းပညာ(ကွန်ပျူတာ လုပ်ငန်း)ဟာ ဈေးကွက် စီးပွားရေး ပွင့်လင်းကျယ်ပြန့် လာတာနဲ့အမျှ ခေတ်ရှေ့က ပြေးနေပြီး လူငယ်တိုင်း တတ်သင့်တဲ့ ပင်မရေစီးပညာ တစ်ရပ် ဖြစ်လာတာပါပဲ။

'စောစောတတ်ထားတဲ့လူဟာ စောစောဆရာဖြစ်တယ်' ဆိုတဲ့ စကားနဲ့အညီ သင်တန်းအသီးသီးက ပင့်ဖိတ် ခေါ်ယူကြတာတစ်မျိုး၊ သီးခြားတပည့် ခံယူချင်သူများကတစ်သွယ် ကျွန်တော် မျက်နှာပွင့်လှတယ်။ ဝင်ငွေကလည်း ကျမ်းနေပြီပေါ့။ ဒီနေရာမှာ ပြောသင့်လို့ ပြောရဦးမယ်။ ကျွန်တော်က အဲဒီ ကွန်ပျူတာပညာမှာ ပါရမီပါတယ်လို့ ဆိုနိုင်ပါတယ်။ ကွန်ပျူတာပျက်စီးလုံးယူခဲ့ ဘယ်လိုဖြစ်တယ်၊ ဘာလုပ်ရတာ ခက်ခဲတယ်လို့သာပြော ဒါဆိုရင် အဲဒီနေရာဖွင့်၊ အဲဒီ ပစ္စည်းလဲလို့ တန်းပြောနိုင်တယ်။ စမ်းတဝါးဝါး ဟိုနှိုက်ဒီနှိုက်မရှိဘူး။ အဲဒါကပညာပိုင်း၊ နောက်တစ်ခါ ဘာမှ နားမလည်လို့ ဆိုင်ကို ပြေးလာတဲ့လူအပေါ် အပယ်ကလေး ပြင်ပေးလိုက်ရပြီး မည္သာမတာ ငွေမတောင်းဘူး၊ တော်တော်များများ ကပ်စတမ်မာတွေအပေါ် လုံးဝကို မယူလိုက်ဘူး။ အဲဒီလို ပညာလည်းကောင်း၊ ဝန်ဆောင်မှုလည်းကောင်းတော့ တစ်မြို့လုံး တစ်နယ်လုံးတင်မကဘူး ခရိုင်ကျော်၊ တိုင်းကျော် တွေကပါ ယုံယုံကြည်ကြည် လာကြတဲ့အတွက် ဆားဗာရွမ်းတွေ ကြီးကျယ်များပြားလာတာနဲ့အမျှ ပစ္စည်းအသစ်

www.burmeseclassic.com

www.burmeseclassic.com

ရှိုးရွှမ်းတွေပါ တခမ်းတနား ဖြစ်လာတော့တယ်။

စီးပွားရေးခွင်တစ်ခု တည်ဖြိုဆိုရင် စိတ်ကူးပြိုး လုပ်သမျှ ထိလိုက်တိုင်း ရွှေဖြစ်နေတယ်။ အချိန်အခါနဲ့ ကံတရားကလည်း ဉာဏ်နဲ့ ဝီရိယသမား ကျွန်တော့်ကို ပုံအောပြီး မျက်နှာသာပေး လာပြန်တယ်။ အဲဒါကတော့ ကျွန်တော်တို့ တိုင်းပြည်မှာ အွန်လိုင်းမီဒီယာခေါင်း ထောင်လာတာပါတယ်။ တစ်ချိန်က သိန်းလေးငါး ဆယ်တန် မိုဘိုင်းဖုန်းတွေဟာ အခုတော့ တစ်လုံး တစ်ထောင့်ငါးရာနဲ့ လူတိုင်း အလွယ်တကူ ဝယ်ယူကိုင်နိုင် ကြတဲ့ခေတ်ကို ရောက်လာတော့ ကုမ္ပဏီတွေကိုယ်တိုင် ကျွန်တော့်ကို အပြေးအလွှား လာရောက် ဆက်သွယ်လာကြတယ်။ ကျွန်တော်ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ဆိုင်ခန်းတွေကို မွမ်းမံပုံဖော်ပေးကြတယ်။ ပစ္စည်းတွေ လာတင်ပေးကြတယ်။ လူက ငွေကို လိုက်ရှာစရာ မလိုတော့ဘူး။ သခင်လိုက်ရှာနေတဲ့ ငွေကို အသာလေး တံခါးဖွင့် လက်ခံလိုက်ရုံပါပဲ။ ကျွန်တော် 'ဇွဲမောင်လွင်'ပါ။

❑

ကျွန်တော့် နာမည် 'ညီဝမ်း'ပါ။ အစ်ကိုကြီးရဲ့ ညီနှစ်ယောက်ထဲက အကြီးကောင်ပေါ့။ ကျွန်တော်တို့ ရွာမှာတုန်းက ဆင်းရဲတဲ့ တောသွေးတောရိပ်နဲ့ အခု မြို့မှာ ချမ်းသာတဲ့ မြို့သွေးမြို့ရုပ်ဟာ အကွာကြီး ကွာခြားသွားခဲ့ပါပြီ။ အဓိကကတော့ ငွေဟာ လူတွေရဲ့ စားဝတ်နေရေးတွေကို အရောင်ပြောင်းလဲစေသလို ကိုယ်ရည်ကိုယ်သွေးတွေကိုလည်း တောက်ပြောင်ရွှန်းလဲ့စေတာ အသေအချာပါပဲ။

အစ်ကိုကြီးဟာ စီးပွားရေး လောကထဲမှာ ဦးဆောင်သူနဲ့ အတိုင်ပင်ခံအဖြစ်ပါ မရှိမဖြစ် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေပါပြီ။ အရင်က ငွေတစ်ဆယ်သုံးရဖို့ ချင့်ချိန်ဝေဖန်နေရပေမဲ့ ဒီနေ့မှာ တစ်သိန်းနှစ်သိန်းငွေကို ခပ်လွယ်လွယ် ဆုံးဖြတ် သုံးတတ်နေကြပြီ။ အစ်ကိုကြီးက မြို့မှာ ဗီအိုင်ပီကြီးဖြစ်သလို၊ ကျောင်းမှာလည်း ကျွန်တော်တို့က ဗီအိုင်ပီလေးတွေ စတားလေးတွေပေါ့။ အစ်ကိုကြီးက အဝေးသင်နဲ့ ဘွဲ့တစ်ခုကို လွယ်လွယ်ကူကူ ရရှိပြီးသွားပြီ။ ကျွန်တော်ကလည်း ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းကို လွယ်လွယ်ကူကူ ဖြတ်ကျော်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း ကျောင်းသားကြီး ဖြစ်ခဲ့ပြီ။ အဲဒီအထက်တန်း ကျောင်းသားကြီး ဘဝမှာ ဆိုင်ကယ်ကိုလည်း ဒီတိုက စကိုင်ခဲ့တယ်။ အရှေ့ ပြင်ဦးလွင်၊ အနောက် မုံရွာ၊ တောင် မိတ္ထီလာနဲ့ မြောက် မန္တလေး အတွင်း စတိတ်ရိုးရှိသမျှ အလွတ်မပေးဘူး။ ယုတ်စွအဆုံး ပြင်ဦးလွင်ပန်းပွဲတော်၊ တောင်ပြုန်းနတ်ပွဲတွေအထိ ရောက်အောင်သွားတယ်။ ငွေကလည်း မန်နေဂျာဆီမှာ လက်မှတ်ထိုးပြီး ကြိုက်သလောက် ထုတ်သွားရုံပဲ။ ထူးတာကတော့ ဘယ်သွားသွား ကျွန်တော့်ဆိုင်ကယ် နောက်မှာ ချောချောလှလှ တစ်ယောက်ကတော့ အမြဲတမ်း ပါတယ်။

ဒါတွေကို အစ်ကိုကြီး တစ်ယောက် တကယ်မသိခဲ့ မကြားခဲ့လေသလား။ ဒါမှ မဟုတ် သိလျက်နဲ့ ဥပေက္ခာပြုလေသလား။ အစ်ကိုကြီး ဆီက ဆုံးမစကား တစ်ခွန်း တစ်ပါဒမှ မကြားခဲ့ရဘူး။ ကျွန်တော်ကလည်း ဘရိတ်ပေါက်တဲ့ကားလို ထိန်းမနိုင် သိမ်းမရ ဖြစ်နေပြီဆိုတာ ကိုယ့်ကိုယ်ကို သိတယ်။ ကိုး တန်းကတည်းက 'အချစ်၏ အထက်၌ ငွေရှိသည်'ဆိုတဲ့ မူနဲ့ ဖောက်ပြန်လာတဲ့ ကျွန်တော်ဟာ ပညာရေးဘက်ကိုလည်း လုံးဝ စိတ်မဝင်စားတော့ဘူး။ ချိုမြိန်တဲ့ အချစ်သစ်သီးကို စားဖို့ပဲ အင်မီးမရလုံးပန်းနေမိတယ်။ ကျွန်တော့် ဆိုင်ကယ်နောက်မှာ နည်းနည်းလေးခက်တဲ့ ရည်းစားမလေးတွေကုန်တော့ ခပ်လွယ်လွယ် ကောင်မလေးတွေ ကောက်တင်ခဲ့တာ များလှပြီ။

လူသဘော သဘာဝ အတိုင်း ကြာတော့လည်း ဆန်းတာမှန်သမျှ ရိုးအီသွားပြန်ရော။ လွယ်လွန်းနေတာကို ခက်စေချင်တယ်။ အဆီးအတားမရှိ လွတ်နေတဲ့ ကျွန်တော့်ကို အစ်ကိုကြီး တားစေချင်တယ်၊ ဆုံးမစေချင်တယ်။ အဲဒီစိတ်ကြီး ကျွန်တော့်ရင်ဘတ်ထဲ ဘယ်လိုရောက်လာသလဲ ပြန်တွေးကြည့်ရင် တော်တော် စောစောပိုင်းက ကျွန်တော့်နောက်မှာ ခေါ်တင်နေကျ 'ကြည်ပြာ'ဆိုတဲ့ ကောင်မလေး ဆုံးသွားတာက စ,တယ် ထင်တာပဲ။ သေချာလောက်ပါတယ်။

အဲဒီ 'ကြည်ပြာ'ရဲ့ နောက် 'သဲနု'လည်း ဆုံးတယ်ကြားရော ကျွန်တော် ရှော့ဖြစ်တော့တာပဲ။ ခန္ဓာကိုယ်ကလည်း သိသိသာသာ ပိန်းချုံးကျသွားတော့တယ်။ ဓာတ်ဖွယ်အနာတွေ ပေါက်လာတော့တာပဲ။ တစ်ဖက်က ခန္ဓာကိုယ်မှာ ဝေဒနာတွေ ထင်ထင်ရှားရှား ပြလာတာနဲ့အမျှ ကျွန်တော့်စိတ်ထဲမှာလည်း ငွေကို လွယ်လွယ်ထုတ်ပေးနေတဲ့ မန်နေဂျာကို မုန်းတယ်။ ဆိုဆုံးမမှုမရှိတဲ့ အစ်ကိုကြီးကို မုန်းတယ်။ အခါတိုင်း အိမ်မှာ အစ်ကိုကြီးမရှိရင် လွတ်လပ်လို့ ပျော်နေတတ်တဲ့ ကျွန်တော်ဟာ ဒီတစ်ခါတော့ အစ်ကိုကြီး ရန်ကုန်က ပြန်လာမယ့်ရက်ကို မျှော်နေမိတယ်။ ဟုတ်တယ်။ ရက်၊ လ၊ အချိန်နာရီတွေဟာ ကျွန်တော့်အတွက် ဘာမှ မကျန်တော့ဘူး။

❑

ကျွန်တော်ဆိုတဲ့ကောင် ကလည်း ကျောချမှ ဓားပြမှန်း သိတော့တာပါ။ ဒီတိုက်တွေ ကားတွေရဖို့ ပေးဆပ်လိုက်ရတဲ့ အရင်းအနှီးက တော်တော်ကြီးပါပေါ့လား။ မိုက်မိုက်မဲမဲ ငွေအဝိဇ္ဇာတွေ ဖုံးလွှမ်းပြီး ရှေ့ကို လောဘတကြီး တိုးသွားလိုက်တာ ညီတစ်ယောက်ဆုံးမှ သံဝတ်တင်းလွန်းပြီး ပြတ်သွားတဲ့ နာရီတစ်လုံးလို ထိုးရပ်သွားတော့တာပါပဲ။ ငွေဟာ မသုံးတတ်ရင် ရန်သူ၊ မီးလိုပဲ လောင်ကျွမ်းစေတတ်မှန်း သိပါလျက်နဲ့ ဒီလောက် မြန်လိမ့်မယ်မှန်း မသိကျိုးကျွန်နေလိုက်မိတာကို ရင်နာရတာ...

စာမျက်နှာ(၁၉၇)သို့...

www.burmeseclassic.com

www.burmeseclassic.com



အပြုံးခဲပေါ်တွင်ထင်သည့် ပုံရိပ်တစ်ခု

"မောင်မင်းဇော်... မောင်မင်းဇော်ရှိလား။
မောင်... မင်း.... ဇော်"
စိတ်မရှည်စွာဖြင့်ပင် ကျွန်မ အော်မိသည်။ ဟုတ်သည်လေ၊
ပထမတစ်ခွန်း၊ နှစ်ခွန်းကတည်းက ရောက်လာသင့်သည်ပဲ။
ကျွန်မ၏ စိတ်မရှည်သည့်အမူအရာကြောင့် ထင်သည်၊
အခါလည်သားအရွယ် ကလေးကို ထွေးပိုက်ထားသည့်
အမျိုးသမီးတစ်ယောက် ပျာယီးပျာယာ ဝင်လာပါသည်။
"လူနာမှတ်တမ်းစာအုပ်ပါသလား"
ကျွန်မ၏အသံကလည်း အနည်းငယ် တိုးပြတ်
မာကျောနေမည် ထင်သည်။
ကလေး၏မိခင်က
မရဲတရဲဖြင့်-
"ဒီနေ့မှလာတဲ့
လူနာအသစ်ပါ၊ နေခင်းက
ဖျားပြီး အဖျားကျမလာလို့"
"ဒါဆို စာအုပ်အသစ်
လုပ်ပေးမယ်နော်၊
ပြီးတော့ ကလေးကို
ပေါင်ချိန်လိုက်ရအောင်"
ကျွန်မက စားပွဲအောက်မှ
ပေါင်ချိန်စက်ကို
ထုတ်ယူလိုက်ပြီး
ကလေးမိခင်အား
ကလေးချီလျက်
ပထမချိန်ပေးလိုက်သည်။
"အဖော်မပါဘူးပေါ့၊
ဒါဆို ကလေးကို
ကျွန်မ ပေးထား၊ ပြီးရင်
အစ်မတစ်ယောက်တည်း
ပေါင်ချိန်စက် ပေါ်တက်"
ပြောပြီးနောက် သူ့ဆီမှ
ကလေးကို ကျွန်မ
ပွေ့ယူလိုက်သည်။ ကလေးဆီမှ အပူငွေ့သည် ကျွန်မ၏
လက်နှစ်ဖက်မှတစ်ဆင့် တရှိန်ရှိန် စီးဆင်းလာနေသည် ထင်ရ၏။
ကလေးငယ်ကလည်း မှိန်းနေရာမှ ကျွန်မလက်ပေါ်အရောက်
ကွဲလန်အောင် ငိုပါတော့သည်။ ကလေးမိခင်ကလည်း
ကြောင်တောင်တောင်ဖြင့် ပေါင်ချိန်စက်ပေါ်မှ ပြန်ဆင်းလာသည်။
"ညော် အစ်မရယ် ဘာလို့ ဆင်းလာတာလဲ၊ အစ်မရဲ့အလေးချိန်
မကြည့်ရသေးဘူးလေ၊ ပြန်တက်... ဟင် ခက်တော့တာပါပဲနော်"
ကျွန်မလည်း ညည်းညည်းညူညူဖြင့် ကလေးမွေ့ချီလျက်
ပေါင်ချိန်စက်ကို ငဲ့ကြည့်လိုက်ရသည်။ ပြီးနောက် သူ့အမေထံ
ကလေးကို ပြန်ပေးလိုက်ပြီး မှတ်တမ်းစာအုပ်ထဲတွင်
ကလေး အလေးချိန်ကို ရေးသွင်းရသည်။ ကိုယ်တော်တော်ချာလေး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း သူ့အမေအပေါ်တွင် ကျ ငြိမ်ဆိတ်ပြီး ပြန်မှိန်းနေသေး။

'အစ်မ ဟိုရှေ့က ခုံမှာ သွားထိုင်နေလိုက်၊ ပြီးရင် ကျွန်မ အဖျား လာတိုင်းပေးမယ်'

ကျွန်မလည်း ပေါင်ချိန်စက်ကို စားပွဲခုံအောက် ပြန်သွင်းလိုက်ပြီး မောင်မင်းဇော်တို့သားအမိဆီ အဖျားတိုင်းရန် လာခဲ့၏။ ကလေးချိုင်းတွင် ပြဒါးတိုင်ကို သေချာစွာ ညှပ်လိုက်ပြီး သူ့အမေအား ငြိမ်အောင် ကိုင်ခိုင်းထားရသည်။ ပြီးနောက် လူနာမှတ်တမ်းစာအုပ်တွင် လိုအပ်သည်များကို ပြည့်စုံစွာ ရေးသွင်းလိုက်သည်။

'ညီမရယ် ကလေးက အရမ်းဖျားနေတာလားဟင်၊ အဖျား ဘယ်လောက်ရှိလဲ။ ဖြစ်နိုင်ရင်လေ အခု လူနာလေးပြီးရင် အစ်မတို့ကို ဆရာကြီးဆီ သွင်းပေးပါလားဟင်'

တတွတ်တွတ် လာပြောနေသော သူ့ကို ကျွန်မ စိတ်မရှည်တော့ပါ။

'အဖျားကတော့ တစ်ရာနှည်းနည်းစွန်းတယ်၊ စိတ်မပူပါနဲ့၊ မစိုးရိမ်ရပါဘူး။ ဆရာကြီး ကြည့်ပေးပြီးရင် ကောင်းသွားမှာပါ။ အစ်မရှေ့မှာလည်း လေး၊ ငါးယောက်ရှိတယ်လေ၊ သူတို့ကို ကျော်ပြီး သွင်းပေးလိုက်လို့ ဘယ်ဖြစ်မှာလဲ၊ သူတို့ကလည်း နေမကောင်းတဲ့ကလေးတွေချည်းပဲလေ။ စောင့် ပါ၊ အလှည့်ကျ ခေါ်သွင်းပေးလိုက်မယ်နော်'

မောဟိုက်နွမ်းလျစွာ

ကလေးတွေ
ကလည်း
ကျွန်မကို
ခင်ပုံရကြသည်
ကျွန်မ၏
မျက်မှန်ပါတ်
ထူထူကြီးကို
စိတ်ဝင်တစား
စိုက်စိုက်
ကြည့်တတ်
ကြသည်
မျက်မှန်
နောက်ကွယ်မှ
မျက်လုံးကို
ပြူးပြူးပြဲသောအခါ
လန့်သည့်
ကလေးက
လန့်သွားတတ်ပြီး
ရယ်သည့်
ကလေးက
ရယ်မောသွား
တတ်သောအခါ
ကျွန်မ ပျော်မိသည်

ဖြင့် စားပွဲဆီသို့ ပြန်လာခဲ့ရသည်။ တစ်နေ့တစ်နေ့ လူနာလေး၊ ငါးဆယ်ကိုသာ ဒီလို ရှင်းပြနေရလျှင် ကျွန်မ ငုတ်တုတ်မေ့သွားနိုင်လောက်၏။ စားပွဲပေါ်၌ ထပ်ထားသော လူနာမှတ်တမ်းစာအုပ်များကို ကြည့်ပြီး သက်ပြင်းမောချမိပါသည်။

လူနာကလေးများကို ဒိုင်ခံကြည့်ရှုစမ်းသပ်ပေးနေသော အထူးကုဆရာဝန်ကြီးမှာတော့ မသိ။ အပြင်မှ လူနာသွင်းပေး၊ ပေါင်ချိန်ပေး၊ အဖျားတိုင်းပေး၊ ဆရာကြီး အညွှန်းအတိုင်း ဆေးပေး၊ ငွေရှင်းပေး စသည် စသည်ဖြင့် လုပ်ပေးနေရသော ကျွန်မမှာမူ ဖတ်ဖတ်မောနေချေပြီ။ ညပိုင်း ရှစ်နာရီခွဲဆေးခန်းပိတ်သိမ်းပြီး အိမ်ပြန်ရောက်လျှင် ဘာမျှလုပ်ချင်စိတ်မရှိတော့၊ လူမှာ ပင်ပန်းပြီး အိပ်ရာသို့သာ တန်းဝင်ချင်နေတော့သည်။

❑

ကျွန်မ ကျောင်းပြီးခါစ အလုပ်မရှိ ယောင်ပေပေဖြစ်နေသည်ကို ဘကြီးတော်က မျက်စိ ဆံပင်မွေးစူးပုံရသည်။ ညီဖြစ်သူ အဖေနှင့် တိုင်ပင်ပြီး သူ့သူငယ်ချင်း ကလေးအထူးကု ဆရာဝန်ကြီး၏ ဆေးခန်းသို့ အပ်ပေးခဲ့သည်။ အဖေနှင့် အမေကလည်း ကိုယ့်အိမ်နှင့် နီးနီးနားနား ညနေပိုင်းလေးလောက်တွင် လုပ်ရမည့် အလုပ်ဖြစ်သဖြင့် အားပေးခဲ့ပါသည်။ ဟုတ်တော့လည်း ဟုတ်ပေမည်။ ကျွန်မလို ရိုးရိုးသိပ်ပွဲတွဲ့လေးတစ်ခုဖြင့် ဒီခေတ်ကြီးထဲတွင် အလုပ်တစ်ခုရရန် မလွယ်ရေးချ မလွယ်။ အဖေကလည်း ပင်စင်နီးပြိုမို့ အမေ့အတွက် အိမ်စရိတ်လေး အထောက်အပံ့ဖြစ်ဖြစ် သဘောထားကာ ကျေနပ်ပျော်ရွှင်စွာ အလုပ်ဝင်ခဲ့ပါ၏။ နေ့ပိုင်းတွင် အင်္ဂလိပ်စာ သို့မဟုတ် ကွန်ပျူတာသင်တန်းတစ်ခုခုလည်း တက်နိုင်သေးသည်။ ထိုက်သင့်သည့်ဝင်ငွေလည်း ရသည့်အတွက် ကျွန်မမှာ ဝမ်းမြောက်ပျော်ရွှင်ခဲ့ရပါသည်။

ကျွန်မ အလုပ်ဝင်သည့် ဆေးခန်းမှာ အတော်အသင့် နာမည်ကြီး၏။ ဆရာဝန်ကြီး၏စေတနာနှင့် ပညာကြောင့် လည်းဖြစ်ပေမည်။ ဆရာကြီးက အိမ်တွင်သာ ကိုယ်ပိုင် ဆေးခန်းဖွင့်ထားသော်လည်း ညနေပိုင်း ငါးနာရီမှ ည ရှစ်နာရီအထိသာ ထိုင်သည်။ ကျွန်မည်သည့်အထူးကုဆေးခန်းများတွင်မျှ မထိုင်တတ်ပေ။ သူ တာဝန်ကျရာ ဖြစ်သောကလေးဆေးရုံကြီးတွင်သာ အချိန်အများဆုံးပေးလေ့ရှိ၏။ ထို့ကြောင့် ညနေပိုင်း ဆေးခန်းအချိန်လေးတွင် လူနာ သုံးလေးဆယ်ခန့် စုံမြိုတိုးနေကြသည်မှာ မဆန်းပါပေ။ တစ်နေ့လုံး ဆရာကြီး အိမ်ရှေ့တွင် လူနာကြိုတင် စာရင်းလာပေးသူများက တစ်ယောက်ဝင် တစ်ယောက်ထွက် ပြတ်သည်မရှိ။

ကျွန်မက ညနေစောင်းလေးနာရီခွဲလျှင် ဆေးခန်း အရောက်သွားရသည်။ ဆေးခန်းတံခါးဖွင့်၊ သန့်ရှင်းရေး အနည်းအကျဉ်းလုပ်ပြီးလျှင် လူနာစာရင်း စတင်ကိုင်ရတော့၏။ လူနာရှင်များက ရောက်လာလျှင် စာအုပ် အရင်ထပ်ခိုင်းထားရသည်။ များသောအားဖြင့် ကြိုတင်ပေးထားသောစာရင်းထဲမှ အတိုင်း ခေါ်သွင်းပေးရသည်။ သို့သော် တချို့က စာရင်းသာကြိုသွင်းပေးထားသည် လူနာက တော်တော်နှင့်ရောက်မလာ။ ထိုအခါ အရင်ရောက်သည့်စာအုပ်များကိုသာ အမှတ်စဉ်နှင့် ချိန်ထိုးပြီး စီစဉ်ခေါ်သွင်းပေးရသည်။ ကလေးဆေးခန်းဖြစ်သဖြင့် ပိုဆိုးသည် ထင်ရ၏။ သားဖောသမီးဖောနှင့် လူနာရှင်များ၏အတွေးအခေါ်နှင့် စိတ်

www.burmeseclassic.com

www.burmeseclassic.com

အသွေးစုံတို့ကို မြင်ရဖန်များတော့ စိတ်ပျက်လက်ပျက်ဖြစ်ရသည်။ မိဘတိုင်း ကိုယ့်ရင်သွေးကိုချစ်တတ်ကြသည်မှာ ဓမ္မတာပင်။ နေထိုင်မကောင်း နေသည့်ရင်သွေးဆိုလျှင် ပြောပင်မပြောချင်လောက်အောင် သည်းကြ၊ ကဲကြ၊ ခွဲကြ၏။ သူများထက်အရင် ဝင်ပြချင်ကြသည်။ ကိုယ့်ရှေ့က ဝင်သွားသူကိုလည်း ကျော်ဝင်သွားလေသလားဟု မယုံသင်္ကာဖြစ်တတ်ကြသေးသည်။ တစ်ခါတစ်ရံ ကျွန်မကပင် မရိုးမသား သွင်းပေးပုံမျိုး ရန်လုပ်ချင်တတ်ကြသေးသည်။ အားလုံးကိုတော့ မဆိုလိုပါ။ တချို့တလေက ဖြစ်၏။ ကျွန်မမှာ အတတ်နိုင်ဆုံး သည်းခံနေရသော်လည်း လူမှာတော့ စိတ်ဒဏ်ရာဗရပွနှင့်။

တစ်ခါတလေ ဘေးကျပ်နံကျပ် ကြုံရတတ်သေးသည်။ အတော်လည်း မျက်နှာပူစရာ။ ဆရာကြီးနှင့် မျက်နှာနာသည့် မိတ်ဆွေလူနာရှင်တချို့က အခွင့်အရေးယူတတ်ကြသည်။ စာရင်းကြိုတင်မသွင်းဘဲ ရောက်ရောက်ချင်း တန်းဝင်ပြချင်ကြသေး၏။ ထိုအခါမျိုးတွင် ရုပ်မပျက်စေရန် မနည်းတောင်းပန်ပြီး လူနာနှစ်ယောက်လောက်တော့ စောင့်ခိုင်းရသေးသည်။ စိတ်ပျက်စရာ၊ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ် ရှိသည်မှအပ ထိုအလုပ်ကို ကျွန်မ နှစ်သက်ခဲ့ပါသည်။ အပြစ်ကင်းစင်သည့် မျက်နှာညှိုးညှိုး ကလေးငယ်များကို ကြည့်ပြီး စိတ်မကောင်းမကြာမကြာ ဖြစ်မိ၏။ ချစ်စရာကောင်းသည့်ကလေးမျိုး ဆိုလျှင် ကျွန်မ မျက်စိထဲမှ ပင်မထွက်တော့။ ကလေးတွေကလည်း ကျွန်မကို ခင်ပုံရကြသည်။ ကျွန်မ၏ မျက်မှန်ပါဝါထူထူကြီးကို စိတ်ဝင်တစား စိုက်စိုက်ကြည့်တတ်ကြသည်။ မျက်မှန်နောက် ကွယ်မှ မျက်လုံးကို ပြူးပြူးပြဿနာအခါ လန့်သည့်ကလေးက လန့်သွားတတ်ပြီး ရယ်သည့်ကလေးက ရယ်မောသွားတတ်သောအခါ ကျွန်မ ပျော်မိသည်။ ဘာပဲဖြစ်ဖြစ် ပေါ့လေ၊ တစ်ခါတစ်ရံ ကလေးမိဘများကို စိတ်မရှည်၊ စိတ်တိုသည်မှလွဲပြီး ကျွန်မ၏အလုပ်အပေါ် ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်၊ မျှမျှတတ လုပ်ဆောင်ခဲ့ပါသည်။ တစ်ခါတစ်ရံ ရိုးသားစွာ မှားယွင်းမိတတ်သည်မှအပ ကျွန်မကိုယ်ကျွန်မ အလုပ်အပေါ်တွင် လိပ်ပြာသန့်ခဲ့ပါ၏။

❑

ယခုတလော အမေ၏ကျန်းမာရေးမှာ သိပ်မကောင်းချင်။ တစ်ခါတစ်ရံ မောမောနေတတ်သည်။ ရပ်ကွက်ထဲမှ ဆရာဝန်နှင့်ပြကြည့်သေး၏။ ဆေးထိုးပေးပြီး မှန်မှန်သောက်ရန် ဆေးအနည်းငယ်ပေးသည်။ အမေ၏နှလုံးကိုတော့ သိပ်မကြိုက်ချင်၊ ဖြစ်နိုင်လျှင် နှလုံးအထူးကုဆရာဝန်နှင့် ဆက်ပြစေချင်သည်ဟု ပြော၏။ သို့သော်လတ်တလော အခြေအနေကလည်း သိပ်မဆိုးသေးသလို အထူးကုဆိုသည့် ကုန်ကျစရိတ်ကို တွက်ပြီး အမေ့မှာ ခေါ်မရ။ ရပ်ကွက်ဆရာဝန် ပေးသည့်ဆေးကို ကုန်အောင်သောက်ပြီး စောင့်ကြည့်ချင်သေးသည်ဟု အကြောင်းပြသဖြင့် အဖေနှင့် ကျွန်မမှာ လက်လျှော့နေလိုက်ရသည်။

တစ်ညနေစောင်းတွင် ဖြစ်သည်။ ကျွန်မမှာ ဆေးခန်းထဲတွင် အလုပ်ရှုပ်နေသည်။ ထိုစဉ် ဆေးခန်းအပေါက်ဝ၌ အဖေ့ကို တွေ့လိုက်ရသဖြင့် ကျွန်မမှာ ထိတ်ခနဲ ဖြစ်သွားမိသည်။ အဖေက အနားရောက်လာပြီး လေသံခပ်တိုးတိုးဖြင့်-

'သမီးရေ သမီးအမေ နေမကောင်းဘူး ပြောတယ်။ နည်းနည်းလည်း မောနေလို့ အဲဒါ သမီးကို လာတိုင်ပင်တာ၊ ဘာလုပ်ရရင် ကောင်းမလဲလို့'

အဖေ၏ စကားအဆုံးမှာ ကျွန်မ ပြာသွားပါသည်။ ရုတ်တရက် ဘာပြန်ပြောရမည်ကိုပင်မသိတော့။ နောက်မှ သတိရသွားပြီး-

'အဖေ ခဏစောင့်၊ သမီး ဆရာကြီးကို အကျိုးအကြောင်း ပြောလိုက်ဦးမယ်၊ ဆရာကြီးအကြံ တောင်းကြည့်လိုက်မယ် အဖေ'

စကားအဆုံး ဆရာကြီး အခန်းထဲ ဝင်လာခဲ့သည်။ အမေ၏ယခင်အခြေအနေနှင့် ယခုလတ်တလောအခြေအနေတို့ကို အကျဉ်းချုံးပြောပြလိုက်သည်။ ဆရာကြီးက သူ့ကို စောစောစီးစီး မပြောရကောင်းလားဟု ကရကဈာခေါသောနှင့် ဆူပါသည်။ သူ့ကို စောစောတိုင်ပင်သင့်သည်ဟု အပြစ်တင်၏။ ပြီးနောက်မှ-

'ကဲကဲ သမီး အမြန်ဆုံး သွားလိုက်တော့၊ နှလုံးနဲ့ပတ်သက်တယ်ဆိုတော့ ပေါ့လို့ မရဘူးလေ။ ဆရာ့သူငယ်ချင်း နှလုံးအထူးကု ဆရာဝန်ကြီးဆီကို သွားပြကွာ၊ ဆရာ စာရေးပေးလိုက်မယ်၊ ဘာမှ အားမငယ်နဲ့။ ဆေးခန်းကို အိမ်ထဲက တစ်ယောက်ယောက်ခေါ်ပြီး လွှဲထားခဲ့။ နောက်ဆံတင်းမနေနဲ့ စိတ်ချပြီးသာ အမြန်သွားတော့'

ဆရာကြီးက စာရွက်တစ်ရွက်တွင် အမေ၏ရာဇဝင်ကို ပြည့်စုံစွာရေးပြီး သူ့သူငယ်ချင်း ဆရာဝန်ကြီးထံ စာတစ်စောင် ရေးပေးလိုက်သည်။ ပြီးနောက် ယခုအချိန် သူ့ရှိမည့် ဆေးခန်းလိပ်စာနှင့် ဆရာဝန်ကြီး၏ အမည်လိပ်စာကတ်ကို ပါထည့်ပေးလိုက်၏။ ကျွန်မလည်း ဆေးခန်းကို ဆရာကြီး၏ တူမလေးနှင့် လွှဲပေးထားခဲ့ပြီး သားအဖနှစ်ယောက် ခပ်သုတ်သုတ်လေး ထွက်လာခဲ့ကြသည်။

❑

လေးဘီးကားတစ်စီး ငှားပြီး သားအမိ၊ သားအဖ သုံးယောက် အထူးကုဆေးခန်းသို့ ထွက်လာခဲ့ကြသည်။ အမေမှာ ကားပေါ်တွင် မှိန်းနေပြီး မောနေဟန် ရှိ၏။ ပူပန်စိတ်ဖြင့် ကျွန်မမှာ မျက်ရည်များပင် ဝဲနေမိပါသည်။ ကြီးကျယ်ခမ်းနားလှသော အထူးကုဆေးခန်းကြီးရှေ့ အရောက် ကိုယ့်ကိုယ်ကို သေးငယ်ပျောက်ကွယ်သွားလေတော့ မလိုလို။ အဖေနှင့် အတူ အမေ့ကိုတွဲပြီး ဆေးခန်းအတွင်း ဖြည်းဖြည်း ဝင်လာခဲ့ကြသည်။ ဆေးခန်း

www.burmeseclassic.com

www.burmeseclassic.com

ဧည့်ကြိုဌာနတွင် ဆရာဝန်ကြီး၏အမည်ကိုပြောပြီး လူနာမှတ်တမ်းစာအုပ် အရင်လုပ်ရသည်။ ပြီးနောက် သူနာပြုဆရာမလေး ခေါ်ဆောင်ရာနှလုံးအထူးကု ဆရာဝန်ကြီးအခန်းသို့ လိုက်သွားရ၏။

'ခဏ စောင့်နေဦးနော်၊ စာအုပ်က အထဲမှာ ထပ်ပေးထားတယ်၊ အလှည့်ကျရင် အထဲက ဆရာမက ခေါ်ပါလိမ့်မယ်'

ဆရာမလေးက ပြောအပြီး ပြုံးပြထွက်သွားသည်။ ခုံရှည်တစ်လုံးပေါ်တွင် အမေက အဖေ့ကိုမှီပြီး အသာမှိန်းနေ၏။ အမေ့ကြည့်ရသည်မှာ မောနေသလိုလို။ ကျွန်မမှာ ပူပန်စိတ်ဖြင့် ထိုင်ရန်ပင် မေ့နေသည်။ ဆရာဝန်ကြီး၏ အခန်းရှေ့ရှိ လူနာများကို ခုမှ သတိထားကြည့်လိုက်မိသည်။ ခန့်မှန်းခြေ လူနာ ဆယ်ဦးခန့် လောက်တော့ ရှိလိမ့်မည်။ စောင့်နေကြသည့် လူနာအများစုမှာလည်း အမေ့လို လူကြီးတွေသာ များ၏။ ဘီးတပ်ကုလားထိုင်ပေါ်မှ အဘိုးကြီးတစ်ယောက်မှာ အတော် အသက်ကြီးပုံရသည်။ သူ၏ခေါင်းကို အောက်ငုံ့ထားပြီး ငြိမ်ဆိတ်စွာ စောင့်နေ၏။ ကျန် လူနာများမှာလည်း ဆရာဝန်ကြီး၏ အခန်းပေါက်ကို ငေးမျှော်ရင်း သူတို့အမည်ခေါ်သံကို နားစွင့်နေကြသည်။ အခန်းထောင့်နားဆီမှ ခုံပေါ်တွင် အမေနှင့် ရွယ်တူခန့် အမျိုးသမီးကြီး တစ်ဦးမှာ အတော် မောနေဟန်ရှိ၏။ အသက်ကို ပင်ပန်းတကြီး ရှူနေရသည်။ သူတို့တွေကိုကြည့်နေရင်း သက်ပြင်းသာ အခါခါ ချမိတော့၏။ ကျွန်မမှာလည်း ထိုင်ပင် မထိုင်နိုင်တော့ဘဲ ဂနာမငြိမ် ဖြစ်နေမိသည်။ အခန်းပေါက် နားရပ်ကြည့်လိုက်၊ အမေ့ကို ကြည့်လိုက်၊ အထဲမှ အသံကို နားစွင့်လိုက်နှင့် လူမှာ ဆောက်တည်ရာမရ။

'ဦးတင်ထွန်း အဘ ဦးတင်ထွန်း ၇၅ နှစ်၊ ဆရာကြီးနဲ့ တွေ့ရအောင်'

အထဲမှ ဆရာမတစ်ယောက်အသံကြောင့် လူမှာ ဆတ်ခနဲ ဖြစ်သွား မိ၏။ အဘိုးကြီးတစ်ယောက်ကို ကလေးမလေးတစ်ယောက်က တွဲပြီး အခန်းတွင်း ဝင်သွားသည်ကို ငေးနေမိပြန်သည်။ ကျွန် မလည်း မယောင်မလည်နှင့် အပေါက်ဝမှ အခန်းတွင်းသို့ လှမ်းကြည့်နေလိုက်မိ၏။ ဘယ်ဘက်အင်္ကျီ အိတ်ထောင်အတွင်း လက်နှိုက်ထားပြီး ဆရာကြီးရေးပေးလိုက်သော စာရွက်ကလေးကို အရန်သင့် ကိုင်ထားသည်။ ယခုလူနာ ထွက်လာလျှင် ဆရာကြီးနှင့် ဝင်တွေ့လိုက်မည်ဟု ဆုံးဖြတ်ထား၏။ အမေ့ကို စိတ်မချသဖြင့် အခန်းပေါက်ဝမှ လှည့်အကြည့်တွင် ညှိုးဖျော့သော မျက်ဝန်းအစုံများက အခန်းပေါက်ဝကို လှမ်းကြည့်နေကြသည်ကို မြင်လိုက်ရခိုက် စိတ်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရသည်။

ဟုတ်ပါသည်။ အမေအပါအဝင် လူနာများ၏ မျက်ဝန်းအစုံသည် မျှော်လင့်ခြင်းကြီးစွာဖြင့် စမ်းသပ်ခန်း အပေါက်ဝအခန်းဆီကို ငေးကြည့်နေကြ၏။ သူတို့ကို ကြည့်ရင်း ကျွန်မမှာ တွေနေပြန် ပါသည်။ လက်ထဲမှ ဆရာဝန်ကြီးရေးပေးလိုက်သော စာရွက်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိရင်း မျက်လွှာကို အောက်ချထား နေမိသည်။ အောက်ကြမ်းခင်း ကြွေပြားကို ငေးစိုက်နေမိသော်လည်း ညှိုးဖျော့ဖျော့ မျက်ဝန်းအစုံများကိုသာ မြင်နေမိသလိုလို။ တွေဝေငေးမောနေခိုက် အထဲမှ ဆရာမလေး၏ခေါ်သံကိုပင် မကြားလိုက်မိ။ ဘီးတပ်ကုလားထိုင် တွန်းရွေ့သံကြားလိုက်မှ သတိကပ်မိ၏။ အမေနှင့် ရွယ်တူခန့် အမျိုးသမီးကြီးလည်း အခန်းတွင်း ဝင်သွားသည်။ လက်တွန်းလှည်းဖြင့် အဘိုးကြီးမှာ ဆေးမှတ်တမ်းများကိုအသင့်ကိုင်ထားပြီး အခန်းပေါက်ဝ ရောက်နေသည်။

ဆရာဝန်ကြီးထံ ပေးမည့် မိတ်ဆက်စာကို တစ်ချက် ထုတ်ကြည့်မိပြန်သည်။ ဆရာကြီးက သူ့သူငယ်ချင်းထံ အလွန်အရေးကြီးသည့် ဆွေမျိုးလူနာဖြစ်ကြောင်း ဂရုစိုက်ပေးပါရန် ရေးထားသည်ကိုတော့ နားလည်သလောက် ဖတ်မိ၏။ စာကို အပြန်ပြန် အလှန်လှန်ဖတ်နေသော်လည်း စိတ်က အတွေးပျံလွှင့်နေပါသည်။ ကျွန်မကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ဆရာကြီးမိတ်ဆွေအခွင့်ထူးခံများ၏မျက်နှာများနှင့်မျှော်လင့်တကြီးစောင့်ဆိုင်းနေကြသောညှိုးဖျော့ဖျော့ မျက်နှာများကို တစ်လှည့်စီ မြင်ယောင်နေမိပါသည်။ ဆုံးဖြတ်ချက်တစ်ခုချအပြီး အမေ့နံဘေးတွင် ဝင်ထိုင်လိုက်ပါသည်။ အမေ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားရင်း အမေ့ကို ငေးကြည့်နေမိ၏။ အရိုန်မည်မျှကုန်သွားသည်ကိုပင် သတိမထားမိလိုက်ပါ။ ဆရာမလေး၏ အမေ့အမည် ခေါ်သံကြားမှ သတိပြန်ဝင်လာသည်။

အမေ့ကိုတွဲပြီး စမ်းသပ်ခန်းအတွင်း ဝင်လာခဲ့သည်။ အမေ့ကို စမ်းသပ်ခုတင်ပေါ် အသာလှဲပေးလိုက်ပြီး ဆရာဝန်ကြီးအား ပါလာသော စာလေးကို ထုတ်ပြလိုက်၏။ ကျွန်မပေးလိုက်သောစာကို ဖတ်အပြီး ဆရာဝန်ကြီးက တစ်ချက်မေ့ကြည့်လိုက်သည်။ ဆရာဝန်ကြီး၏မျက်နှာကို ဖတ်မိလိုက်သလိုလို။

'သမီးတို့ ရောက်နေတာကြာပြီလား၊ ရောက်ရောက်ချင်းတော့ ဝင်မလာလို့ က်ဘူး။ သမီးအမေအတွက် ဘာမှ မပူနဲ့နော်။ ဆရာ့သူငယ်ချင်းရဲ့ ဆွေမျိုးတွေပဲ ဆရာ သေချာကုပေးမှာပေါ့။ သမီးတို့ ဆရာကြီးကိုလည်း သေချာပြောပြလိုက်ဦး၊ ဆရာလည်း အကျိုးအကြောင်း ဖုန်းဆက်လိုက်ပါ့မယ်'

ဆရာဝန်ကြီး၏ စကားအဆုံး မျက်မှန်ထူထူအောက်မှ ကျွန်မ၏ မျက်ဝန်းအစုံသည် တစ်စုံတစ်ရာ အစိုဓာတ်ကြောင့် ဝေဝေဝါးဝါး ဖြစ်လာရသည်။ မည်သည့် ခံစားမှုကြောင့် ဖြစ်လာရသည်ကိုတော့ ကျွန်မ၏ မျက်ရည်အား ဓာတ်ခွဲခန်းတစ်ခုသို့ပို့ပြီး အဖြေရှာကြည့်မရနိုင်လောက်ပါပေ။ ။

ခန့်ညီဖေ

www.burmeseclassic.com

www.burmeseclassic.com

နဲ့အမျှ နောင်တရလို့ မဆုံးဘူး။

အခုတော့ ညီလေး 'ညီဝမ်း' ကို ပြန်ကြောက်နေရပြီ။ ကျွန်တော် ရန်ကုန်က ပြန်ရောက်တော့ သူ ခုတင်ပေါ်မှာ ယဲ့ယဲ့ပဲ ရှိတော့တယ်။ ကျွန်တော့်ကို တစ်မေးတည်း မေးနေတယ်ဆိုလို့ သူ့အခန်းထဲက သူ့ခုတင်အနားကို ရောက်သွားတယ်။ အသားအရေ မည်းခြောက်ခြောက် ပြာနှမ်းနှမ်းနဲ့ ညီလေးဟာ သူ့ရဲ့ပြူးကြောင်ကြောင် မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်တယ်။

သူ့အကြည့် တွေဟာ ကြောက်စရာကောင်းတယ်။ အခိုးတွေ ထွက်နေသယောင် ထင်ရတယ်။ အမှန်းတရား တွေ စူးစူးရှရှ မှုတ်ထုတ်နေတာနဲ့ တူတယ်။ မလှုပ်ရှားနိုင်တော့တဲ့ သူ့ခန္ဓာကိုယ်ထဲက အတွင်းအားတွေဟာ မျက်လုံးကို ဖြတ်သန်းပစ်လွှတ်နေတဲ့ တံလျှပ်တွေအလား ကျောချမ်းစရာ ကြက်သီးထဖို့ကောင်းတယ်။ ဟိုးရှေးအခါက တိုင်းပြည်တစ်ပြည်မှာ ခိုးဆိုးလုယက် သတ်ဖြတ်နေတဲ့ ရာဇဝင်လူဆိုးကြီးတစ်ယောက်ကို လက်ရဖမ်းမိသွားတယ်။ အဲဒီအခါ ဘုရင်ကြီးက *'မောင်မင်း ပြစ်ဒဏ် တွေအရ သေဒဏ်ချမှတ်ပြီး ဖြစ်တယ်၊ ဒီနေ့ သင်လိုရာ ဆုတောင်းလော'* လို့ နောက်ဆုံး အခွင့်အရေး ပေးတဲ့အခါ ဓားပြကြီးက *'မိခင်ကြီးနဲ့ တွေ့ပါရစေ'* လို့ တောင်းဆိုသတဲ့။ သြော် သူမိုက်ပြစ်တွေ အတွက် မိခင်ကြီးကို ဝန်ချတောင်းပန်ပြီး ခွင့်လွှတ်ဖို့

ငါ ရှေ့က ငွေကို သန့်သန့်ရှင်းရှင်း ရှာပြနေတာ မင်းတို့ ငွေကို သန့်သန့်ရှင်းရှင်း သုံးတတ်စေချင်လို့ ဆိုတာ မင်းတို့ သဘော မပေါက်ဘူး

ကန်တော့ချင်လို့ပဲလို့ ထင်ကြတယ်။ အမှန်ကတော့ သူ မိခင်ကြီး ရောက်လာတဲ့အခါ ခြေကြိုး လက်ကြိုး တုပ်နှောင်ထားတဲ့ သူ့အနီးကို တိုးကပ်စေဖို့ ပြောပြီး တိုးလာတဲ့အခါ အမှတ်မထင် သူ့မိခင်ကြီး နားရွက်ကို ကုန်းကိုက်လိုက်တယ်။ အဲဒီအဖြစ်အပျက်ကို မင်းချင်းများက အတင်းဆွဲခွာပြီး *'သင် ဘာကြောင့် သင့်မိခင်ကို ဒီလို ထပ်မံ မိုက်မိုက်ရိုင်းရိုင်း ပြုရသလဲ'* လို့ မေးတယ်။ လူဆိုးကြီးက ယူကျုံးမရသံကြီးနဲ့ *'ငါ အခုလို ခိုးဆိုးယုတ်မာလူမိုက်ကြီး ဖြစ်ရတာ ငါ့မိခင်က ငါ့ကို ငယ်ငယ်က မဆုံးမခဲ့လို့ကွ'* လို့ ပြန်အော်ပြောသတဲ့။

အဲဒီလူမိုက်ကြီးရဲ့ဒေါသတွေ၊ အကြည့်တွေနဲ့ ထပ်တူကျတဲ့ ညီဝမ်းရဲ့ ဒေါသနဲ့ အကြည့်တွေ၊ မကျေနပ်တဲ့ အကြည့်တွေကို ကျွန်တော် မခံစားနိုင်ဘူး။ ကျွန်တော် ရှာခဲ့တဲ့ ငွေတွေဟာ ဝင်တာ သန့်ရှင်းရဲ့လား၊ ထွက်တာ သန့်ရှင်းရဲ့လား၊ ရတဲ့ဝင်တဲ့ ငွေက မသန့်မရှင်းနဲ့၊ ထွက်တဲ့ငွေကလည်း အဆိပ်ပင်ရေလောင်း ဖြစ်နေမလား။ ဒါတွေ လုံးဝ မတွေးခဲ့၊ မစိစစ်ခဲ့ဘူး။ အခုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝဆုံးသွားရှာတဲ့ ညီလေးရေ ခွင့်လွှတ်ပါလို့ အကြိမ်ကြိမ် အခါခါ ကျွန်တော် ရေရွတ်နေမိတယ်။ ❑

'ဟေ့ကောင် ညီတူးလာ ထိုင်စမ်း၊ ဟိုကောင်ဆုံးသွားတာ ငွေကို တန်ဖိုးထားပြီး မသုံးတတ်လို့ကွ။ ငါ ရှေ့ကငွေကို သန့်သန့်ရှင်းရှင်း ရှာပြနေတာ၊ မင်းတို့ ငွေကို သန့်သန့်ရှင်းရှင်း သုံးတတ်စေချင်လို့ဆိုတာ မင်းတို့ သဘောမပေါက်ဘူး။ အခု တို့တိုင်းပြည်က တကယ့် ကျဉ်းထဲကျပ်ထဲ ရောက်နေတာ နိုင်ငံရေးအရွေ့ကလည်း အားရစရာ မရှိဘူး။ ဘေးနှစ်ဖက်က နိုင်ငံကြီးတွေရဲ့ ဆက်ဆံရေးကလည်း အားရစရာ မရှိဘူး။ အနိုင်ကျင့်ဗိုလ်ကျချင်တာ များတယ်။ ဒီပြဿနာတွေထဲမှာ အဆိုးဆုံးက တို့လူမျိုးတွေ ကလေကချေ လူညွှန့်တုံးစေမယ့် ဆေးမှန့်ဆေးပြားတွေကို စစ်ဆင်ရေးတစ်ခုလို အုံနဲ့ကျင်းနဲ့ သိန်းနဲ့သန်းနဲ့ ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးနေတာပဲကွ။ နိုင်ငံရေးမလုပ်ရင် ပြီးတာပဲ၊ ကျန်တာ ကြိုက်တာလုပ်ဆိုပြီး ကျောသယ်ရင်သပ် တပည့်မွေးကောင်းခဲ့တဲ့ တစ်ချိန်က ချီးဘရိန်းကြီးတွေကြောင့် အခု တို့တစ်တွေ ရေတိမ်နစ်နေကြတာလေ။ အဲဒီရူးသွပ်ဆေးပြားတွေဟာ တို့နိုင်ငံ အလယ်တန်းအဆင့် ကျောင်းသားလေးတွေနဲ့ အိမ်တံခါး၊ ကျောင်းတံခါးကိုတောင် လာခေါက်နေပြီ။ တဖြည်းဖြည်းနဲ့ တို့တစ်တွေက ဖွတ်ဖြစ်၊ သူကောင်းစားဖြစ်။ သင်းတို့က ငါးကြင်းဆီနဲ့ ငါးကြင်း ကြော်ပြီး တို့တိုင်းပြည်ကို အသာလေး ဝယ်သိမ်းကြမှာလေ။ အဲဒါတွေ မင်းသိလား။ ဟိုမန်နေဂျာကောင်ရော မှတ်ထား။ ဒီငွေတွေက မင်းရှာရတာ မဟုတ်တိုင်း လွယ်လွယ်ထုတ်ပေးနေတာပေါ့၊ ဒီကရှေ့ ငါ မသိဘဲ ထုတ်ပေးရင် မင်းလည်း အိပ်ရာလိပ်ပေတော့။ ဟိုကောင် ညီတူး မင်းမြဲမြဲမှတ်စမ်း၊ ငါ့အရိပ်အောက် ရှိနေသမျှ မကောင်းတဲ့မိန်းမ၊ မကောင်းတဲ့ဆေးဘာနဲ့ဖြစ်ဖြစ် သတင်းအနဲ့ ထွက်ရဲထွက်ကြည့်စမ်း၊ သေမယ့်သာပြင်။ မင်းကိုတော့ အဲဒါတွေနဲ့ အသေမခံတော့ဘူး၊ ငါကိုယ်တိုင် လည်ပင်းညှစ်သတ်မယ်၊ ကြပ်ကြပ်သတိထားကြဟေ့'

ကျွန်တော့်အသံ နားမခံသာရင်လည်း ခွင့်လွှတ်ကြပါဗျာ။ ကျွန်တော့် 'ညီဝမ်း' ရဲ့ အကြည့်ကို မခံစားနိုင်လွန်းလို့ပါ။ ■

မွန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးမှုန်ကိုသိရဲ့လား

ကိုကောင်းသော်(ကျောက်ဆည်)

www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်တရားတွေ တဖွားဖွား ရတတ်တာကလား။ ကျုပ်က သိသလောက်တရားတွေနဲ့ မိဆုံကို ဖျောင်းဖျနားချတယ်။

'တော်က 'မာလာရုံ' ကျောင်းထွက်ကိုး တရားတွေ ရတာပေါ့။ ကျုပ်ကို တရားလာမချနဲ့။ ကျုပ် တရားမရချင်ဘူးတော့။ အမေရေ... အမေ့အာသီသတွေ ကျုပ် ဘယ်လိုဖြည့်ဆည်းပေးရမလဲတော့ အီး...ဟီး...ဟီး... အမေ့မြေးတွေကို သင်္ကန်းဆီး ဖြစ်အောင် ဆီးပေးမှာပါတော့ ...အီး...ဟီး...ဟီး...'

တရားမရတဲ့ မိန်းမကို အဲဒီကတည်းက ကျုပ် ဘာမှ မပြောတော့ဘူး။ သူတို့အမေ သည်းမယ်ဆိုလည်း သည်းစရာပဲ။ ကျုပ်သားတွေ ကဲပုံကိုလည်း ကြည့်ဦးလေ။ အလှူဝတ်လှည့်ဖြီဆိုရင် မြင်းပေါ် ကြောကြောမှော်မှောနဲ့ ရွှေထီးဆောင်း မောင်ရင်လောင်းတွေကို မမှီတ်မသုန် လိုက်ကြည့်ကြတာ။ ခိုင်းစရာရှိလို့ ခေါ်ရင်လည်း အကြောက်အကန် ငြင်းတတ်ကြတယ်။ နောက်ပြီး သင်္ကန်းဆီး ရှင်မည်ခံ ပြန်ရင်လည်း ကျုပ်သားတွေက အဲဒီကိုရင်လေးတွေနား ရစ်သီရစ်သီနဲ့ အစအဆုံး ကြည့်နေကြတော့တာ။ ကြာတော့ အလေ့အထလား၊ အကျင့်လားလို့တောင် ပြောယူရမလို ဖြစ်နေပြီ။

ဒါတွေကိုကြည့်ပြီး အိမ်ပြန်ရောက်ရင်လည်း ကိစ္စက မပြီးဘူး။ 'ကိုရင်ဝတ်ချင်တယ်၊ ကိုရင်ဝတ်ချင်တယ်' နဲ့ ကျုပ်တို့ကို ပူဆာတော့တာ။ နဂိုကမှ ငိုချင်လျက်

ရွာထဲက
ပါးစပ်တွေကတော့
လောကီလူ့ရွာရဲ့
ဓလေ့ထုံးစံတွေကို
မယပ်ဖျောက်ကြပါဘူး
ချီးမွမ်း
အားပေး
စကားတွေရော
ကဲ့ရဲ့သံကြိုဟာ
စကားတွေရော
စုံနေတာပါပဲ
'သူတို့ငွေလေးက
အလှူမှာကမ်းတဲ့
ဆေးလိပ်
ယပ်တောင်ဝိုးတောင်
မရှိဘူး
ကြီးကျယ်လို့
ဆင့်ပါးစပ်
နှမ်းပက်နေတာ'
'အို့အော...
နိဗ္ဗာန်တံခါးပွင့်တဲ့
ကောင်းမှုကုသိုလ်
အလုပ်ပဲ
အားပေးကြရမှာပေါ့'
တဲ့
စုံနေတာပါပဲ

လက်တို့ သူတို့အမေ မိဆုံဆိုတာ နှပ်တရှုပ်ရှုပ်ကိုဖြစ်လို့။ ပိုဆိုးတာက အငယ်ကောင် ဗျစ်ထူက သူနဲ့အတန်းတူ ကစားဖော်ထဲက တစ်ယောက်ယောက်များ အလှူထဲပါပြီး ကိုရင်လေးတွေ ဖြစ်သွားပြီ ဆိုရင်ပဲ တပည့်တော်ခံ၊ ဘုရားထူးတွေနဲ့ မပြောနိုင် မဆိုနိုင်ဘူး။ ဘာဘူး၊ ညာဘူးတွေ ဖြစ်လာပြီး အခုပဲ ထ,ကိုရင်ဝတ်ပါ့မယ် တကဲကဲ လုပ်တော့ သူတို့အမေ မိဆုံဆိုတာ ချုံးပွဲချ ငိုရတာလည်း ဖတ်ဖတ်ကိုမောလို့။

ခက်တာက ကျုပ်တို့မှာ ချောင်းရိုးမြောင်းရိုးနဲ့ လယ်လေးတစ်ပယ်တစ်ဆုပ်တောင်မှ မရှိလေတော့၊ 'လယ်စာရင်းငှား' ဘဝနဲ့ မနက်ညထမင်းဟင်းတော့ ဖြစ်ပါရဲ့၊ ဒီလို အလှူအတန်းမျိုးဆိုတာကို အိပ်မက်ထဲတောင် ထည့်မမက်ဝံ့တဲ့ အခြေအနေကိုး။ မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်ပါလား ဆိုပြန်တော့လည်း သူတို့အမေ မိဆုံဆိုတာ အငယ်မလေး မွေးပြီးကတည်းက ချူချာလိုက်တာ အိပ်ရာထဲပက်လက်က အထိုင်အထထက် ပိုများတယ်လို့ ပြောရမှာပဲ။ လူမမာရယ်လို့များ မှီဝဲစရာ ဆေးဝါး အချိုအခါး မပြောနဲ့ အာဟာရဖြစ် သရေစာတောင် အနိုင်နိုင်ရယ်။ ပိုဆိုးတာက မမာနေတဲ့ကြားက ကလေးအနှီးတွေ လျှော်ဟယ်၊ ဖွပ်ဟယ်နဲ့ ထ, လုပ်တော့ မိုးတွေမိ၊ ထုံနာ ကျဉ်နာတွေဖြစ်။ တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်းမက ဆိုတော့ ကျုပ်တို့အရပ် ခေါ်မီးယပ်ကျိုး ကျိုးတော့တာပါပဲ။

ဒီတော့ သမီးလေးကို ရွာထဲက သားသည် အမေတွေဆီမှာ တစ်လှည့်စီ နို့ပုန်းစားလုပ်နေတဲ့ ကျုပ်ကို သနားလို့တဲ့။ ကျုပ်မိတ်ဆွေ ကြက်မင်းတွန် ရွာသားကိုအောင်ကျော်စိုးက ကလေးနို့ပြတ်မှ ပြန်ပေးတော့ဆိုပြီး ဆိုတ်သားမိတစ်တွဲ ပေးတယ်။ ကျုပ် ဓမ်းသာလွန်းလို့ မျက်ရည်တောင် ကျမိသေးတယ်။ ရလာတဲ့ ဆိတ်နို့ကို ကလေးတစ်ဝက်၊ မိဆုံတစ်ဝက် တိုက်လာလိုက်တာ သမီးလေး သွားငုတ်တုတ်လူငုတ်တုတ်မှာ မိဆုံတစ်ယောက် ကျန်းကျန်းမာမာဖြစ်လာပေမဲ့ လမ်းလျှောက်ရင်တော့ ခြေထောက်က တုံ့နေးနေးရယ်။

❑

လှူမယ် တန်းမယ် ကလေးတွေ သင်္ကန်းဆီး ပေးမယ်ဆိုတာတွေချည်း ခေါင်းထဲကမချတဲ့ ကျုပ်မိန်းမ မိဆုံပြောပါတယ်၊ ငွေရမယ့် အလုပ်ကိုပဲ ဖတ်သီ ဖတ်သီနဲ့ ရွာရိုးကိုပေါက် လှည့်စုံစမ်းနေတော့တာ။

'ကိုကျိုးညို ကြံစမ်းပါဦးတော်'

မိဆုံ ဘာမှ မတတ်နိုင်တဲ့အဆုံး ကျုပ်ဘက်ကို လှည့်လာတော့တာ။ တစ်နေ့ ကျုပ် အလုပ်လုပ်နေတဲ့ ခါး တက်ကုန်းဘက်ဆီကို မိဆုံ ပြေးလာတယ်။ ဘာဖြစ်တာလဲပေါ့။ ကျုပ်အနားရောက်တော့ အမောကို မဖြေနိုင်ဘူး။ ဝမ်းသာအားရ မျက်နှာနဲ့-

'ဒီမှာ ကိုကျိုးညို'

ပြောမယ့်အရေး တံတွေးက သီးနေသေးတာ။

'ဖြည်းဖြည်းပြော မိဆုံ၊ ငါ ဘယ်မှ မသွားဘူး'

'တော်ကလည်း ရဲ့ဖို့ပဲ၊ ဒီလိုတော့၊ ရွာထဲက ကိုကျော်ဆင့် မပေါရီတို့အိမ်မှာ ပင်လယ်ဘူးက အုတ်သူကြီးရောက် နေတယ်'

'ဟော...အဲဒါ ငါနဲ့ ဘာဆိုင်လို့တုံး'

www.burmeseclassic.com

www.burmeseclassic.com

'တော်ကလည်း စကားဆုံးအောင် နားထောင်ပါဦး။ ဒီလိုတော့၊ သူတို့က အခု မိုးအကုန်မှာ အုတ်စက်လုပ်ဖို့ လူတွေ လာရှာတာတဲ့။ အဲဒါ မပေါရီတို့တစ်အိမ်လုံး စာရင်းပေးပြီးနေကြပြီ။ မည်နှစ်တင်တို့ မိသားစုရော၊ ကိုညီမောင်တို့ ညီအစ်ကိုတစ်တွေရော တော်တော်များနေပြီ။ အဲဒါ ကျုပ်လည်း...'

မိဆုံ စကားမဆုံးသေးဘူး၊ တံတွေးတစ်ချက် မျိုချပြီးမှ-

'ကျုပ်လည်း အုတ်စက်လုပ်ဖို့ စာရင်းပေးခဲ့ပြီ၊ ခရီးစရိတ်တွေလည်း ကြိုထုတ်ပေးဦးမှာတဲ့။ ဆောင်းဦးပေါက်ရင် သွားကြရမှာ။ အဲဒါ တော့်ကို လာတိုင်ပင်တာ'

'ဟေ'

ကျုပ် ဟေတစ်လုံးသာ 'ဟ' လိုက်နိုင်တော့တယ်။ လာတိုင်ပင်တဲ့ မိဆုံက ခရီးစရိတ်ငွေတွေပါ ထုတ်ဖို့ စီစဉ်နေပြီလေ။

'မိဆုံရာ ဖင်မနိုင်ဘဲ ပဲဟင်းမသောက်ချင်စမ်းပါနဲ့၊ အုတ်လုပ်ငန်းဆိုတာ ဘယ်လောက် ပင်ပန်းတယ်ထင်လို့လဲ'

'အို တော် ပန်း... ပန်း...'

တစ်မြန်တစ်နှစ်ဆီက ကိုညီမောင်တို့ ညီအစ်ကိုအဖွဲ့နဲ့ စစ်တောင်းဘက်မှာ အုတ်စက်လုပ်ငန်း အတွေ့အကြုံရှိထားတဲ့ကျုပ်၊ အဲဒီအလုပ်ကို ပြန်လှည့်ရမှာ ခပ်လန့်လန့် ရယ်။ ရတော့ ရပါရဲ့။ ရတာနဲ့ မကာမိအောင်ကို ပင်ပန်းတာ။ ဒါတွေကို သိလျက်နဲ့ မိဆုံ အလုပ်လက်ခံလိုက်တာကို အံ့တယ်ဗျာ။ ကြာတော့ ကျုပ် သူ့ကိုကြည့်ပြီး သနားသွားတယ်။ ပါးရိုးကျမျက်နှာ ချောင်ချောင်နဲ့ မိဆုံရဲ့ ပီတိမျက်နှာလေးက ကျုပ်ရဲ့ အင်တင်တင်ဖြစ်နေတဲ့ စိတ်ကို အရည်ပျော်သွားတော့တာပါပဲ။

❑

ဆောင်းဦးတစ်နေ့ ကျုပ်တို့အဖွဲ့ ရွာကနေ တစ်တိုင်ပျော့ပျော့လောက် လျှောက်လာကြတယ်။ ကားလမ်းကို ရောက်တော့ မန္တလေးဘက် သွားမယ့် ကားကို စောင့်ကြတယ်။ ကျုပ်တို့အားလုံး ဝန်စည်စလွယ်လွတ်တဲ့ လူတစ်ယောက်မှ မပါဘူး။ အိမ်က နှစ်ကောင်လည်း စားအိုးစားခွက် ကိုယ်စီနဲ့ မိဆုံက သူ့အမေရဲ့အမွေ ပိန်လိမ်နေတဲ့ သံသေတ္တာသေးသေးလေးကို ခေါင်းပေါ်ရွက်ပြီး သမီးက တစ်ဖက် ခါးထစ်ခွလို့။

မန္တလေးရောက်တော့ ဘူတာကြီးဘက် ထပ်သွားရသေးတယ်။ လူတကာစုံတဲ့ ဘူတာရုံဆိုတာ အရင်က စကားသာ ကြားဖူးခဲ့တယ်ဆိုတဲ့ မည်နှစ်တင်တို့ မိန်းမတစ်စုက လူတွေကြည့်ပြီး ခေါင်းတွေ မူးလာကြတယ်။ မိဆုံကတော့ ပျော်လို့တဲ့။ ကျုပ်တို့က ကောလင်းထိ ရထားစီးပြီး အဲဒီကမှ ပင်လယ်ဘူးကို သွားရမှာ။ ဒီတော့ မြစ်ကြီးနားဘက်ထွက်တဲ့ ညနေရထားနဲ့ လိုက်ကြတယ်။ ဒီရထားက မနက်ရထားထက် စရိတ်တစ်ဝက် သက်သာပေမဲ့ လူတွေဆိုတာ ငါးပိသိပ်၊ ငါးချဉ်သိပ်ပဲ။ မိဆုံကတော့ လမ်းဘူတာတိုင်းကို ကောလင်းဘူတာလားချည်း မေးနေတော့ ဖြေရတဲ့ကျုပ် ဖတ်ဖတ်မောနေပြီ။ မိုးကြီးစုပ်စုပ်ချုပ်ပြီး နာရီပြန် ၂ ချက် ကျော်မှ ကောလင်းကို ရောက်တော့ မနက်လင်းအောင် ထပ်စောင့်ရပြန်တယ်။

မှေးခနဲ အိပ်ပျော်မယ်ရှိသေး မိုးလင်းပြီ ထတော့တဲ့။ ကြည့်လိုက်တော့ မိုးစင်စင်လင်းနေပြီ။ ညက ဖရိ ဖရဲ ချထားကြတဲ့ အထုပ်အပိုးတွေလည်း စုစည်းထုပ်ပိုးပြီး ဖြစ်နေကြပြီ။ မိဆုံနဲ့ မိန်းမတစ်စု မျက်နှာကိုယ်စီမှာ သနပ်ခါးအဖွေးသားနဲ့။

'မြန်မြန်လုပ်ကြဟေ့၊ နေ မမြင့်ခင် သွားကြရအောင်'

ကိုကျော်ဆင့်တို့ အဖွဲ့က ကားဂိတ်သွားဖို့ စိုင်းပြင်းနေကြပြီ။ တချို့လည်း သွားနှင့်နေကြပြီ။ ဒီလိုနဲ့ ကျုပ်တို့ ကားဂိတ်ရောက်တော့ ကားပေါ်တက် နေရာယူလိုက်ကြတယ်။ ကလေးတစ်ဖက်၊ သံသေတ္တာလေးကို လက်ကမချတဲ့ မိဆုံက မိန်းမတစ်စုနဲ့ ကားပေါ်မှာ မင့်လို့။ ပင်လယ်ဘူး ရောက်တော့ ခရီးက မဆုံးသေးဘူး။ အလုပ်စခန်းရှိတဲ့ နေရာကို ထပ်သွားရသေးတာ။ မဝေးတော့ပါဘူး၊ မြို့ဆင်ခြေဖုံး မြစ်နံဘေးဆိုတော့ နေချင့်စဖွယ်လေး။ တလင်းခေါက်ထားတဲ့ မြေကွက်လပ်ကျယ်ကြီး၊ ဘေးပတ်လည်မှာ ထုန်းရွက်မိုးတဲစုလေးတွေ ဆက်လျက် ဆောက်ထားတယ်။ ကျုပ်တို့က အဲဒီမှာနေရမှာ။ ဒီတော့ ကျုပ်တို့မိသားစုက လွတ်နေတဲ့ တဲတစ်လုံးမှာ နေရာယူလိုက်ကြတယ် စိတ်ထက်သန်နေတဲ့မိဆုံ အလုပ်မလုပ်ရသေးဘူး။ ခရီးပန်းတဲ့ဒဏ်ပဲရှိသေးတာ အသံကညောင်နာနာ ဖြစ်နေပြီ။ လာခဲ့ကြတဲ့ ခရီးက တော်တော်ရှည်တာ။ အခုမှတော့ ပြန်လှည့်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ဖောင်ဖျက်ပြီးမှပဲလေ ဘဝတိုက်ပွဲစရုံပေါ့။

❑

နောက်နေ့မနက်ရောက်တော့ ကျုပ်တို့ယောကျ်ားသားတွေ အလုပ်စကြပြီ။ မြေစိမ်းတွေကို ပေါက်ပြားနဲ့ ပေါက် ခဲဖွဲ့တယ်။ ပြီးမှ အသင့်ရှိနေတဲ့ တွင်းကရေနဲ့ ရွံ့နှစ်အောင်လောင်းပြီး နှပ်ထားလိုက်တယ်။ တစ်ညသိပ်နှပ်၊ မနက်မှ အဲဒီမြေတွေကို ခြေနဲ့တစ်နေကုန်နင်း။ လိုသေးရင် ရေထပ်ပက်၊ နင်း။ စေးပိုင်ပြီး လိုချင်တဲ့ ရွံ့မြေအနေအထားရောက်မှ အုတ်ပေါက်ခံ ရှိရာကို ပို့၊ ရောက်လာတဲ့ မြေစေးတွေကို တစ်ထပ်ပြီးတစ်ထပ်ပုံ၊ ပြန်နင်း။ ဆယ်ထပ်ထိ ရောက်အောင် ထပ်နင်းရတာ။

ဒီလို အုတ်စက်မျိုးကို ကျုပ်တို့က 'ခြေနင်းခုံ'၊ ဒါမှမဟုတ် 'ပုံပြတ်'လို့ ခေါ်ကြတာ။ အဖွဲ့တစ်ဖွဲ့မှာ မြေပေါက်၊ မြေနှပ်၊ မြေသယ်၊ အုတ်ပေါက်၊ အုတ်လှန်းဆိုပြီး ရှိကြတာ။ ဒီလိုအဖွဲ့က လေးငါးခြောက်ဖွဲ့လောက် ရှိကြတာ။ တခြားရွာက ကျုပ်တို့အရင် ရောက်နှင့်ပြီး အဖွဲ့တွေနဲ့ ပေါင်းရင်တော့ တော်တော်များတယ်။

အဖွဲ့တိုင်း ဘယ်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမှ လစ်ဟာမှု မရှိကြဘူး။ စောစောက ပေါက်ခဲ့ထိရောက်နေတဲ့ ရွှံမြေတွေကို ပေါက်ပြားတို့နဲ့ အုတ်တစ်ချပ်စာ ဖဲ့ယူ၊ မြေလုံး။ ပြီးမှ ပေါက်ခဲ့ပေါ်တင်။ ဒီတော့မှ အုတ်ပေါက်တဲ့ အဆင့်ကို ရောက်တာ။ အုတ်ပေါက်တယ်ဆိုတာ အုတ်ပုံစံ သံထည်ခွက်ထဲကို လုံးပြီးသား ရွှံမြေကို ရှည်မျောမျော ပြန်ပြင်ပြီးမှ အပြည့်ဝင်အောင် ပေါက်ထည့် ရတာကို ပြောတာပါ။

ကျုပ်က အုတ်ပေါက်၊ မိဆုံက မြေလုံး၊ ဗျစ်ထူက မြေသယ်၊ အကြီးကောင် ငပွားက အုတ်လှန်းပေါ့။ မိဆုံလုံးတင်ပေးတဲ့ မြေလုံးတွေကို ကျုပ်က အုတ်ခွက်ပုံစံထဲကို ပေါက်ချပြီး ခွက်ထဲ ပိုနေတဲ့ အပေါ်ယံ မြေသားတွေကို ထစ်ထွာသာသာ သွပ်နန်းကြိုးမျှင် တပ်ထားတဲ့ လေးကိုင်းပုံ 'ဒလက်'နဲ့ ခြစ်ဖြတ်ချရတယ်။ ထွက်လာတဲ့ အပို ရွှံမြေတွေကို မြေလုံးနေတဲ့ မိဆုံဘက် ပြန်ပေးရတယ်။ ပုံစံခွက်ထဲက အုတ်ချပ်ကိုတော့ အသင့်ရှိပြီးသား အုတ်တစ်ချပ်စာ ပျဉ်ချပ်လေးနဲ့ ကပ်ယူပြီး ပေါက်ခဲ့ရှေ့ ဖြန့်ခင်းထားတဲ့ အုတ်လှန်းပျဉ်ချပ်လေးတွေပေါ် ပြောင်းတင်ပေးရတယ်။ နောက် အခွံဖြစ်သွားတဲ့ ပုံစံခွက်ကို မူလနေရာပြန်ထား၊ လုံးပြီးသား မြေနဲ့ ထပ်ပေါက်။ ပျဉ်ချပ်လေးတွေပေါ် ရောက်သွားတဲ့ အုတ်စိမ်းတွေကို အုတ်လှန်းတဲ့လူက ယူပြီး တွန်းလှည်းပေါ်စီတင်။ အုပ်ချပ်ရေ ၂၀ လောက် တင်ပြီး တလင်းခေါက်ထားလို့ ပြန်ပြုံးညီညာနေတဲ့ အုတ်လှန်းတလင်းပြင်မှာသွားပြီး စီတန်းချ နေလှန်း။

ဒီလိုနဲ့ တစ်နေ့ကို အုတ်ချပ်ရေ တစ်ထောင်၊ ထောင်ငါးရာကျော် ရပါမှ အဖွဲ့တစ်ဖွဲ့ရဲ့ နေ့တွက်ကိုက်တာဆိုတော့ အုတ်သမားအဖွဲ့တိုင်း ဒီအရေအတွက်ရမှ တစ်နေ့ တာလုပ်ငန်း ရပ်နားကြတာ။ ရတာကတော့ မီးမဖုတ်ရသေးတဲ့ အုတ်စိမ်းတစ်ချပ် ဘယ်လောက်ဆိုတဲ့ နှုန်းထားနဲ့ လုပ်တဲ့လူ ရှိသလို တချို့က မီးဖုတ်ပြီး အုတ်ကျက်တစ်ချပ် ဘယ်လောက်ဆိုတဲ့ နှုန်းနဲ့ လုပ်တဲ့လူလည်း ရှိကြတယ်။ အဲဒါကတော့ ငွေပိုရပေမဲ့ လုပ်တဲ့လူ နည်းတယ်။

ကျုပ်မိသားစု အဖွဲ့ကတော့ အုတ်စိမ်းဘဝမှာပဲ အုတ်သူကြီးကို အပ်တယ်။ တစ်ဆောင်းလုံး အုတ်လုပ်ငန်းတစ်လျှောက် အုတ်ချပ်ရေ လေးငါးခြောက်သောင်းရဲ့အထက်ရမှ အလုပ်က ပြန်နားကြတာ။ ဒီလောက်ရမှ လည်း တွက်ခြေက ကိုက်တာကိုး။ ပြောရရင်တော့ ထန်းပလပ်မြင်းစီးရသလို ကိုယ်အမောခံမိုက်သလောက်၊ ပြေးနိုင်သလောက် ခရီးက ပေါက်တက်တာကလား။

❑

နွေလုပ်ငန်းခွင်မှာ လောဘဇောနဲ့မို့ မသိကြပေမဲ့ ညရောက်ရင်တော့ ကျုပ်တို့ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလား အောက်မေ့ရတယ်။ မိဆုံနဲ့ အိမ်ကကောင်တွေဆိုတာ တအင်းအင်း၊ တအဲအဲနဲ့ ညည်းညူကြလို့ပေါ့။ အလုပ်ဒဏ်ကြောင့် တစစ်စစ် ကိုက်ခဲနေကြတဲ့ သူတို့တစ်တွေကို တောရောက်ခါးမြစ်နဲ့ ဆန်ဆေးရည်ရောသွေးလိမ်းပေးလို က် တယ်။ နောက်မှ တစ်ပြန်တစ်လှည့် လက်စာနင်းနှိပ်ကြလို့ပေါ့။

မိဆုံရဲ့ ဇွန်းပဲကြီးပုံကို ကြည့်ပြီး ကျုပ် အံ့သြနေတယ်။ အလုပ်နဲ့လက် ဇယ်ဆက်သလိုလုပ်ပြီး အထိုင်အထ လှုပ်ရှားမှုများလာတော့ အစားအသောက်ကောင်းပြီး အသားအရေ စိုပြည်လာတယ်။ မနက် အုန်းမောင်းခေါက်သံ ကြားလို့ကတော့ ဘယ်လောက် ပင်ပန်းပန်း အိပ်ရာက လူးလဲထ၊ ထမင်းအိုးတစ်လုံး တည်ပြီးနေပြီ။ မိဆုံ ဝိရိယပိုပုံ ပြောပါတယ်။

လျှာဒါန်းမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးကြီး၊ ဇွဲစိတ်ထက်သန်နေတဲ့မိဆုံ။ တစ်နေ့ တစ်ရက်တည်းတင်မကဘူး၊ ချမ်းအေးတဲ့ ဆောင်းနံနက်ခင်း ဝေလီဝေလင်းမှာကို မိဆုံမျက်နှာမှာ ချွေးဥ၊ ချွေးစက်ပွင့်တွေက ဝေသီလို့။ အလုပ်လုပ်ရင်း အပြုံးမပျက်ဘဲ ကြိုးတစ်ချောင်းလို ကျစ်လျစ်ခိုင်မာနေတဲ့မိဆုံ။ ဝေသီနေတဲ့ ချွေးစက်ပွင့်တွေကို ကိုယ်တိုင် သီကုံးဖို့ ကြံရွယ်ထားပုံရတယ်။

ဆောင်းကာလ ပွင့်လင်းရာသီဆိုပေမဲ့ တစ်ခါတလေ မိုးလေး တစ်ပြိုက်နှစ်ပြိုက်က ကျတတ်သေးတာ။ ဒီတော့ ကျုပ်တို့ နေလှန်းထားတဲ့ အုတ်စိမ်းတွေပေါ် မိုးပေါက်ကကျတော့ အုတ်ချပ်တွေမှာ ကျောက်ပေါက်မာတွေလို ဖြစ်ကုန်တတ်တယ်။ မိုးများရင်တော့ အပျက်အစီး ဖိုများတယ်။

ဒါပေမဲ့ တစ်ဆောင်းလုံးဟာ အုတ်သမားတွေ မိုခိုအားထားကြရတာ များတယ်။ ညရောက်လို့ဆိုပြီး နားနားနေနေ မရှိကြပြန်ဘူး။ တစ်ရက်'နေ'နဲ့ လှန်းထားတဲ့ အုတ်စိမ်းချပ်တွေကို ဝိုးတဝါး ညအလင်းရောင်နဲ့ ကြောင်လိမ်ခွေ ဆင့်ကြရပြန်တယ်။ အရင်ရက်က ခွေပြီးသား ကြောင်လိမ်ဆင့်အုတ် (မစိုမခြောက်) ထန့်နေတဲ့ အုတ်တွေကို မီးဖုတ်မယ့်ဖိုဆီကို ပို့တဲ့လူက ပို့ပေါ့။

ဒီအတောအတွင်း အကြီးကောင် ငပွားနဲ့ မိဆုံတို့သားအမိသာ အာဂန္တုဖျားဖျားတာ ရှိခဲ့တယ်။ ဒီလိုနဲ့ ကျုပ်တို့ အလုပ်လုပ်လာကြတာ ငွေလေး အတော်အသင့်စုမိ၊ ပိုက်မိနေကြပြီ။ လောဘမသတ်နိုင်သေးတဲ့ မိဆုံက မိုးကျလို့ ရွာပြန်ကြမယ်ဆိုတာကောင် မပြန်သေးဘူးတဲ့။ ရွာမှာလည်း လယ်စာရင်းငှားလုပ်ရတာပဲ။ ဒီမှာ တစ်မိုးခိုပြီး ရရာတခြားအလုပ်လုပ်ရင်း နောက်တစ်ဆောင်းကို စောင့်ကြမယ်ဆိုပြီး ကျုပ်တို့ ပင်လယ်ဘူးမှာပဲ သောင်တင်နေကြရပြန်တယ်။

❑

တစ်ဆောင်းသစ်ပြန်တော့ ကျုပ်တို့ အုတ်လုပ်ငန်းပြန် စ,ကြတယ်။ မိဆုံဆိုတာ ကိုယ်လုံးလေး ပါးပါးလျားလျားနဲ့ အားလုံး သူခြေသူလက်ချည်းပဲ။ မြေသယ်၊ မြေလုံး၊ မြေနှပ်နဲ့ အုတ်လှန်းတာကအစ အကြီးကောင် ငပွားကို ကူလိုက်သေးတယ်။ တစ်နေ့ မိဆုံ မြေနှပ်ရာက လဲကျိုင်များပြီး ဗျာကနေ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဖျားတာမှ အပြင်းဖျားတာ။ ပထမတော့ ဆေးမြီးတိုနဲ့ ကုကြတယ်။ နောက်တော့ အုတ်သူကြီးက ဆေးထိုးဖို့ ငွေထုတ်ပေးတယ်။ မိဆုံက ငွေသာ ယူတာ ဆေးမထိုးဘူး။ ပိုက်ဆံကုန်တယ်၊ ဖျောက်မှာ ပါတဲ့။ ကျုပ် နားချ၊ ဖျောင်းဖျတယ် မရဘူး။ တစ်ည အိပ်ရာထဲ ဖျားလျက်ကြီးနဲ့ မိဆုံ ပျောက်သွားတယ်။ တပို တပါး သွားတာဆိုပြီး စောင့်နေတာ၊ မလာ မလာနဲ့ လိုက်ရှာတော့မှ မိဆုံတစ်ယောက် အုတ်စိမ်းတွေကို ကြောင်လိမ်ခွေနေတယ်။ ကျုပ်တို့ ချောခေါ်တယ် မရဘူး။ နောက်မှ ကိုကျော်ဆင့် ရောက်လာပြီး ငေါက်ငမ်းလိုက်တော့မှ မိဆုံကို ခေါ်လို့ရတော့တယ်။ တစ်ကိုယ်လုံးလည်း ချစ်ချစ်တောက်ပူလို့။

'အပ်နဲ့ထွင်းရမယ့်ကိစ္စ ပုခုံမိန်နဲ့ မပေါက်ချင်နဲ့ နုကုန်းကုထား' တဲ့။

မည္ဆန့်တင်တို့ မိန်းမတစ်စုက ဝိုင်းပြောကြတယ်။ ဒါကိုပဲ မိဆုံနားမဝင်ဘူး။ ငွေကုန်မှာပဲ ကြောက်နေတယ်။ တစ်ညမှာ အဖျားကြီးပြီး သတိလစ်တဲ့အထိ ဖြစ်လာတယ်။ နောက်ဆုံး ကျုပ်တို့ ဆေးခန်းမှာ ဆေးထိုးလိုက်ရတော့တယ်။ ဆရာဝန်ကတော့ 'ဆေးရုံတင်ရင် ကောင်းမယ်' တဲ့။ တစ်ရပ်တစ်ကျေးကလည်းဖြစ်ပြန်၊ ဆေးထိုးဖို့ကို အမျိုးမျိုး ဖျောင်းဖျနေရတဲ့မိဆုံ ဆေးရုံဆိုလို့ကတော့ ပိုဝေးပြီပေါ့။

'သူ့သဘောချည်းလိုက်မနေနဲ့၊ ကိုယ်က ယောကျ်ားပဲ ကောင်းမယ် ထင်လို့လုပ်တာ လုပ်ပေါ့။ ငါတို့လည်း ရှိသားပဲ' တဲ့။

အလုပ်လာလုပ်ကြတဲ့ ရပ်ဆွေရပ်မျိုးတွေ အားလုံး ကပိုင်းပြောကြတယ်။ စကားသံ ယဲ့ယဲ့နဲ့ မိဆုံက ရပါတယ်၊ ဖျောက်မှာပါပဲပြောပြီး ဆေးရုံတက်ဖို့ အကြောက်အကန် ငြင်းတော့တာပါပဲ။ နောက်ဆုံး မဖြစ်ဖြစ်စဉ်းစားတဲ့နည်းတဲ့ ကျုပ်တို့ ဆေးရုံတင်လိုက်ကြတယ်။ ဒီတော့မှ မိဆုံ အဖျားဖျောက်၊ နေကောင်း၊ ကျန်းမာလာတယ်။ အစားမဝင်သေးတော့ နဝိုက အသားအရေပါးတဲ့ မိဆုံဆိုတာ အရိုးပေါ်အရေတင်ပဲ ကျန်တော့တယ်။

'အားမွေးပါဦး မိဆုံရာ'

နာလန်ထစ မိဆုံ အနွေးထည်ပါးပါးလေးနဲ့ ကျုပ်တို့ အုတ်ပေါက်ခုံဆီ လာပြီး မြေလုံးဖို့ ကြိနေတယ်။ ကိုကျော်ဆင့်က လှမ်းဟန့်လို့သာ ငြိမ်နေရမေဲ့ သူသားတွေကိုတော့ တတွတ်တွတ်ပြောနေတယ်။

'သားကြီး ကိုပွားလေး ကြိုးစားထားနော်၊ အမေတို့ လှူတော့မှာ သိလား'

'သားလေး ဗျစ်ထူကိုရင်ဝတ်မှာဆို...'

အိမ်က နှစ်ကောင်ကလည်း အလှူဆိုတဲ့အသံကြားရင်ပဲ သွားကျိုးလေးတွေ ပေါ်အောင် ရယ်ကြရင်း ပီတိတွေ ဖြစ်နေကြတာ။ မိဆုံ ငွေစုပြီဆိုရင် ကိုယ့်ဝမ်းတောင် ကိုယ် မသဒ္ဓါတော့ဘူး။ ကြာတော့ အစားကောင်းကောင်း မဝင်တဲ့မိဆုံ အာဟာရပါချို့တဲ့လာပြီး တရောင်ရှောင် ဖြစ်လာတယ်။ မင်းမိန်းမ ဆောင်းဖျားလိုက်နေပြီတဲ့။ မည္ဆန့်တင်နဲ့ မပေါရီတို့က တော့ ပြောလိုက်ဆိုလိုက်၊ အလှမ်းမီရာ ဆေးမြီးတိုတွေ ရှာပေးလိုက်၊ ခံတွင်းတွေ့မယ့် အစာလေးတွေ ချောကျွေးလိုက်ကြနဲ့ပေါ့။ သမီးလေးက ကျုပ်တို့ မျက်စိအောက်မှာပဲ ရှာကအတူပါလာတဲ့ ကလေးတွေနဲ့ ကစားဖော် ရနေတာမို့ အထိန်းအကျောင်း လွတ်နေလို့ တော်တော့တာ။ ကျုပ် အုတ်ပေါက်နေရတာကို စိတ်မဖြောင့်ချင်ဘူး။ အိပ်ရာထဲ ပက်လက်ဖြစ်နေတဲ့ မိဆုံဆီပဲ စိတ်က ရောက်နေတယ်။ မိဆုံ ကျန်းမာရေးက တိုးပြီး ကောင်းမလာတော့ ဆောင်းမကုန်ခင် မှာဘဲ ကျုပ်တို့ ရွာပြန်ကြဖို့ စီစဉ်လိုက်ကြတယ်။

ရွာရောက်ရင် ကလေးတွေ ရှင်ပြုပေးရတော့မယ်ဆိုတဲ့ စိတ်ကလေးနဲ့ မိဆုံတစ်ယောက် ထူထူထောင်ထောင် ဖြစ်လာတယ်။ လုပ်ဖော်ကိုင်ဖက်တွေက ဖေးမကူညီကြလို့ အပြန်စရိတ်ငွေက အိတ်မစိုက်ရဘဲ လုံလောက်ခဲ့တယ်။ အပြန်လမ်းတစ်လျှောက်မှာ မိဆုံအားရှိမယ့် အစာလေးတွေနဲ့ ချောမော့ကျွေးရတယ်။ မအားရုံနေ၊ မသေရုံစားပြီး အလုပ်ဒဏ်တွေ ပိနေရှာတဲ့ မိဆုံခမျာ ယဲ့ယဲ့ရှိတော့တယ်။

❑

ကျုပ်တို့ ရွာပြန်ရောက်လို့ နေသားပြန်ကျတဲ့ အချိန်မှာတော့ မိဆုံတစ်ယောက် တော်တော်လေး နေကောင်းကျန်းမာလာတယ်။ ကျုပ်တို့ လှူချင်တဲ့ အကြောင်းကို ရွာက လူကြီးတွေနဲ့ တိုင်ပင်တော့ 'မင်းတို့ငွေက ဘယ်လောက် ရှိကြတုံး' တဲ့။ ကျုပ်တို့လည်း စုမိပိုက်မိသမျှ ငွေလေးတွေကို အိတ်သွန်ဖာမှောက် ပြောပြလိုက်တယ်။ အလှူအတန်းကိစ္စကို မပိတ်ပင်တန်ကောင်းဘူးဆိုတာ လူကြီးတွေ သိပေမဲ့ ကျုပ်တို့ အတွက် စိတ်မကောင်း ဖြစ်နေကြတဲ့ ဘိုးထက်ဝေ။ ဘိုးကျော်ထင်တို့ လူကြီးအဖွဲ့က မပြောရက် ပြောမထွက်စကားတွေ ပြောလာတယ်။

'အခုခေတ်ကာလမှာ ထမင်းရည်ချောင်းစီး စည်ကားပြီး၊ ဗြောတင်ဆိုတဲ့ အလှူလုပ်ဖို့ဆိုတာ မင်းတို့ပြောတဲ့ ငွေနဲ့ မလုံလောက်တော့ဘူးကွဲ့။ အိမ်း...မောင်ကျိုးညိုတို့၊ မယ်ဆုံတို့ကမှ စိတ်အားထက်သန်နေမှတော့ ကြီးကြီးကျယ်ကျယ် မဟုတ်တောင် ကျောင်းတွင်းရှင်ပြုလေး ဖြစ်အောင်တော့ အဘတို့က ဝိုင်းဝန်းကူညီပေးရတော့မပေါ့။ ကဲ...ကဲ ကျေနပ်ကြပြီ မဟုတ်လား'

မိဆုံဆိုတာ လူကြီးတွေ စကားလည်း ကြားရော မျက်ရည်တွေကို စီးကျလို့။ ကျုပ်တို့ကလေးတွေ ရှင်ပြုတော့မယ်ဆိုတဲ့ သတင်းကလည်း တစ်ရွာလုံး ပျံ့သွားတယ်။ ရွာထဲက ပါးစပ်တွေကတော့ လောကီလူရွာရဲ့ ဓလေ့ထုံးစံတွေကို မပယ်ဖျောက်ကြပါဘူး။ ချီးမွမ်းအားပေးစကားတွေရော၊ ကဲ့ရဲ့သရော်စကားတွေရော စုံနေတာပါပဲ။ 'သူတို့ငွေလေးက အလှမျှကမ်းတဲ့ ဆေးလိပ်၊ ယပ်တောင်ဖိုးတောင် မရှိဘူး။ ကြီးကျယ်လို့ ဆင့်ပါးစပ် နှမ်းပက်နေတာ'၊ 'အိုအေ...နိဗ္ဗာန်တံခါးပွင့်ကဲ့

www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုကုသိုလ်အလုပ်ပဲ အားပေးကြရမှာပေါ့'တဲ့။ စုံနေတာပါပဲ။

တစ်ခု အံ့သြတာက ဟိုတုန်းကဆိုရင် နှုတ်သီးကောင်း လျှာပါး၊ ကြက်ခေါင်းဆိတ်မခံခဲ့တဲ့ မိဆုံတစ်ယောက် အခု ဘယ်သူတွေ ဘာပြောပြော ခွန်းတုံ့မပြန်ဘဲ ပြုံးလို့၊ ရယ်လို့။ ယိုင်ခွဲခွဲလေး လျှောက်လှမ်းပြီး ရွာထဲမှာ တစ်အိမ်ဆင်းတစ်အိမ်တက်နဲ့ အလှူအတွက် ဖိတ်ပြီးနေပြီလေ။

ကျုပ် တို့အလှူမှာ မဏ္ဍပ်၊ ဆိုင်းဝိုင်း၊ ဘိသိက်တွေ မပါတာကလွဲရင် စိုစိုပြည်ပြည် ရှိတယ်လို့ ပြောရမှာပါပဲ။ အကျွေးအမွေးကပဲဟင်းချို၊ အချဉ်သနပ်၊ ငရုတ်သီးကြော်ပေါ့။ အလှူရက် ရောက်တဲ့မနက်မှာပဲ ရွာဦးကျောင်းရှေ့က သပြေပင်ကြီးထိပ်ဖျားမှာ အိမ်ကကောင်တွေခေါ်တဲ့ 'အော်တီနောင်'က ကြည်နူးဖွယ် စ, ဖွင့်လိုက်တော့ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားတော့တာပဲ။ ကျုပ်တို့အနားမှာ ငှက်ပျောပွဲ၊ အုန်းပွဲတွေကို မွန်မွန်ခွန်းတို့အဖွဲ့နဲ့ ပြင်ဆင်နေတဲ့ မိဆုံဆိုတာ ကြက်သီးမွေး ညင်းတွေထ,ပြီး တုန်လှုပ်သွားတယ်။ နောက်မျက်ရည်တွေ ကျလာပြီး ငေးငေးငိုင်ငိုင်ကြီး ဖြစ်သွားလိုက်တာ တော်တော် ကြာတယ်။ ကျုပ်က 'ဟဲ့ မိဆုံ' လို့ ခေါ်လိုက်မှ အသိ ပြန်ဝင်လာတော့တယ်။

'ကိုကျီးညို့'

'ဟေ'

'ကိုကျီးညို့'

'ဘာတုန်းဟ'

'ကျုပ်... ကျုပ် ထလို့ မရတော့ဘူးတော့'

'ဟေ...'

ကျုပ် မိဆုံကို ဆွဲထူတော့ ခြေဖျားလက်ဖျားတွေ ဆိုတာ အေးစက်နေတယ်။ နံဘေးက ပြုံးကြည်တို့ မေမိုးမောင်တို့ အမျိုးသမီးတစ်စုက မိဆုံကို နည်းမျိုးစုံနဲ့ နှိပ်နယ်ပေးနေကြတယ်။

'ကျုပ် ဝမ်းသာလိုက်တာ ကိုကျီးညိုရယ်၊ အခုမာတ်စက်က ကျုပ်တို့အလှူမှာ ဖွင့်တာသေချာတယ်နော်'

'ဟုတ်ပါတယ် မိဆုံရာ၊ အခုမှ အလှူစ,တာပါ။ နင့်ကျန်းမာရေးကိုလည်း သတိထားပါဦး၊ ငါ မောင်ရင်လောင်းတွေဆီ သွားဦးမယ်'

'ကိုကျီးညို့'

'ဟေ'

'ကျုပ် ဝမ်းသာလိုက်တာတော်'

မိဆုံ ဝမ်းသာတယ်ဆိုတာ အားလုံး သံသယမရှိကြပါဘူး။ မိဆုံကို အပျိုခေါင်းမမိုးကြီးတို့ အဖွဲ့က လမ်းတွဲလျှောက်ပေးနေကြတယ်။ အော်တီနောင် အသံဟာ မိဆုံတစ်ယောက်တည်းတင်မကဘဲ အိမ်က နှစ်ကောင်ပါ တုန်လှုပ်စေခဲ့တယ်လို့ ပြောရမှာပဲ။ အခုဖွင့်နေတဲ့ အော်တီနောင်က သူတို့ကိုယ် ရည်ရွယ်ပြီး ဖွင့်နေမှန်းသိလေ ပိုပြီးယောင်ချာချာဖြစ်လေပဲ။ မောင်ရင်လောင်း အဝတ်အစားတွေနဲ့ သူတို့ကိုယ်သူတို့ ပြန်ကြည့်ပြီး တောင်ပြေးရမလို၊ မြောက်ပြေးရမလို ထိုင်မရထမရ ဖြစ်နေကြတယ်။

မေတ္တာနဲ့ ကူညီကြတဲ့ ရွာထဲက မြင်းလှည်းဆရာ ကိုကျော်တင့်နဲ့ ကိုရွှေဘောတို့က ကျုပ်သားတွေကို မြင်းပေါ်တင်ပြီး ကျောင်းကြီးကို လှည့်ပတ်ပေးဖို့ စီစဉ်နေကြတယ်။ ရွှေထီးကလည်း ကျောင်းမှာ အသင့်ဆိုတော့ အိမ်ကကောင်တွေအတွက် ဆုတောင်းက ပြည့်ပြီးရင်း ပြည့်နေပေမဲ့ မိဆုံမှာတော့ လမ်းလျှောက်ကျင့်နေရတယ်။

ဒီလိုနဲ့ အလှူဝတ်လှည့်ဖို့ အချိန်ရောက်လာတော့ မိဆုံရဲ့ ပါးချောင်နားချောင်မျက်နှာမှာ သနပ်ခါးအဖွေးသားနဲ့။ ဇာပဝါ ဝါနုနုလေး ခြုံပြီး ပရိက္ခရာပစ္စည်းတွေထဲက သင်္ကန်းစည်းလေးကို ဖလားထဲထည့်၊ ခေါင်းပေါ်ရွက်ရင်း ကျုပ်ကိုမြင်တော့ ယဲ့ယဲ့လေး ပြုံးပြတယ်။

ကိုကေကြီး လှည်းယဉ်ပေါ်က ကော်ဇောပေါ်မှာ နားထွင်းသမီးလေးကို မျိုးသူဇာ၊ အေးသူဇာတို့ညီမအဖွဲ့က ဝိုင်းဝန်းနေကြတယ်။ ကိုကျော်တင့်နဲ့ ကိုရွှေဘောတို့ရဲ့ ကကြိုးတွေ ဆင်ထားတဲ့ မြင်းပေါ်မှာ အိမ်က သားတော်မောင်နှစ်ယောက်ကို တင်ပေးခါနီးမှာ သူတို့ အမေမိဆုံက သားတွေဆီလာပြီး မှာဖြစ်အောင် မှာလိုက်သေးတယ်။

'သား ကိုရင်လောင်းတွေ ဒီတစ်ခါ ကိုယ့်ကိုယ်ကို ပြန်ကြည့်ကြတော့နော်'

မိဆုံရဲ့ ဝမ်းသာဝိတိဖြစ်နေတဲ့ မျက်နှာမှာ မျက်ရည်စတွေနဲ့ ပြည့်လျှံနေတယ်။

'ကိုကျီးညို့'

'ဟေ'

'ကျုပ်... ကျုပ် ပျော်လိုက်တာတော်'

လမ်းလျှောက် လို့ရသွားတဲ့မိဆုံ အလှူဝတ်လှည့်ရင်း မောနေတယ်၊ မလိုက်နိုင်တော့ဘူးတဲ့။ ကျောင်းကြီးကို နှစ်ပတ်နဲ့ပဲ အလှူဝတ်လှည့်တာ ရပ်လိုက်ကြတော့တယ်။ ကျုပ်တို့ ကျောင်းကြီးပေါ်မှာ နေရာယူကြပြီး ရွာဦးကျောင်းဆရာတော် ဦးဥဇ္ဈာဓနနဲ့ သံဃာတော် ၁၀ ပါးကို ရေစက်သွန်းချ အမျှဝေချိန်မှာတော့ မိဆုံအသံက တုန်တုန်ယင်ယင်နဲ့ စူးစူးရှရှလေး ထွက်လာတယ်။

'အမေရေ...အမျှတော့...အမျှ...အမျှ...'တဲ့။

အမေ့ကို အမျှပေးဝေရင်း မိဆုံ ငိုက်မျဉ်းသွားတာ ကြမ်းပြင်နဲ့ခေါင်း ဒုတ်ခနဲ မြည်အောင် တိုက်မိသွားတယ်။

'ဟဲ့... မိဆုံ...မိဆုံ'

ဆိုပြီး အရီးတင်လှတို့ အမျိုးသမီးတစ်စုက ဝိုင်းလာကြတယ်။

'ဟဲ့...ဟဲ့... သတိလစ်နေတာဟဲ့'

'သိပ်မအံ့ကြပါနဲ့'

'ဟဲ့... မိဆုံ...မိဆုံ'

'ဝမ်းသာလုံး ဆို့တယ်ဆိုတာ ဒါမျိုးဖြစ်နေမှာ'

တော်တော်ကြာမှ မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ်နဲ့ မိဆုံတစ်ယောက် သတိပြန်လည်လာတယ်။

'မိဆုံ၊ အခု ငါတို့ အလှူအတန်း လုပ်နေတာလေ။ သတိလေး ထားဦးမှပေါ့'

'ကိုကျီးညို့'

'မိဆုံ နင် ဝမ်းသာရင်

www.burmeseclassic.com

www.burmeseclassic.com

လည်း စကားတွေ အများကြီးပြောဟာ၊ မြဲမနေနဲ့။ ခဏနေ သားလေးတွေ သက်နဲ့းဆီး ရှင်မည်ခံကြတော့မှာ'

ရေစက်ချိုး ခဏနားနေကြတုန်းမှာ မိဆုံ အားဖြစ်အောင် အစာလေး ချောကျွေးရသေးတယ်။ အလှူ စ,ပါပြီ ဆိုကတည်းက ဝမ်းသာလို့ ဆိုပြီး အစားမစားတဲ့ မိဆုံ နွမ်းယဲ့ အားချည့်နေပြီ။ အားလုံးကျေနပ်အောင်တော့ နည်းနည်းပဲ စားတယ်။ ရှင်လောင်းတွေ အဝတ်တွေ ချွတ်၊ လူဝတ်ပြန်လဲလာတဲ့ အိမ်က နှစ်ယောက်ကို ဆံချတော့ မိဆုံနဲ့ ကျွပ်က ပိတ်ဖြူပဝါနဲ့ ခံယူတယ်။ အခုမှ မိဆုံ စကားတွေ ပြောလာတယ်။

'သားကြီး ကိုပွား၊ သက်နဲ့းဆီးပြီးရင် အမေတို့ကို ဘယ်လိုခေါ်မလဲ'

'ကျွပ် သိပါတယ်ဗျ၊ ဒကာကြီး၊ ဒကာမကြီးလို့ ခေါ်မှာပေါ့'

ကြီးကောင်ဝင်စ အသံပျက်ကြီးနဲ့ သားကြီး ပြန်ဖြေသံကြားတော့ မိဆုံဆိုတာ ရယ်လိုက်တာမှ မျက်စိပေါက်မခြင်ရတော့ဘူး။ အငယ်ကောင် အလှည့်ရောက်တော့လည်း သူတို့အမေ မိဆုံက-

'သားလေး ဗျစ်ထူအခုဆိုရင် သားခေါ်ခဲ့တုန်းကလို သားသူငယ်ချင်းတွေ ပြန်ခေါ်ကြတော့မှာ။ တပည့်တော်ခံ ဘုရားထူးတွေနဲ့ ပြောကြတော့မှာ။ သားလေး ကျေနပ်တော့တော်၊ မနက်ဆွမ်းခံ ကြွရင် အမေတို့ ဆွမ်းလောင်းမယ် သိလား'

သားအမိတစ်တွေ စကားအချီအချ ပြောနေတာကို ဆံချပေးနေတဲ့ ခန်းနေဆရာတော် ဦးဝိသုဒ္ဓကတောင် ပြုံးတော်မူရတယ်။

ဆံချပြီးလို့ ရေချိုးသန့်စင်လာတဲ့ ကျွပ်တို့သားနှစ်ယောက် သက်နဲ့းမဆီးခင် သက်နဲ့းတောင်း ချပေးနေတဲ့ ကျောင်းထိုင်ဆရာတော်ရဲ့ အသံဟာ ကျောင်းကြီးရဲ့ နံရံတွေကို ပဲ့တင်ထပ်နေတယ်။ ဆရာတော့်အသံနဲ့ လိုက်ဆိုနေတဲ့ သားနှစ်ယောက် အသံကလွဲရင် အားလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။

သက်နဲ့းတောင်း၊ သီလပေး၊ တရားနာပြီးလို့ သားနှစ်ယောက်ကို သက်နဲ့းဆီးတော့ မိဆုံက ဝန်ချကန်တော့ရင်း ကိုရင်လေးတွေကို မမှိတ်မသုန် စူးစူးစိုက်စိုက် ကြည့်နေတယ်။

'ဟော...ကိုရင်လေးတွေ ကြွလာပြီ၊ မိဆုံ ထ, တော့လေ၊ အလှူဝတ္ထုတွေ ကပ်ကြရအောင်'

ကျွပ်ကပြောပြီး ထ, လာတာကိုပဲ မိဆုံက ထ, မလိုက်လာဘူး။

'မိဆုံ'

ကိုရင်လေးတွေကိုပဲ မျက်တောင်မခတ်ဘဲ ကြည့်နေတဲ့ မိဆုံကို ကျွပ် လှုပ်ခေါ်လိုက်တယ်။ မိဆုံ ခွေခေါက်လဲကျသွားတယ်။

'မိဆုံ...မိဆုံ...မိဆုံ...'

ဒီတစ်ခါတော့ မိဆုံတစ်ယောက် ဘယ်တော့မှ ပြန်ထူးတော့မှာ မဟုတ်မှန်း ကျွပ်တို့ သိသွားကြတဲ့ အချိန်မှာတော့-

'မိ...ဆုံ...'

'အမေ'

'ဒကာမကြီး'လို့ ခေါ်သံတွေက လောကကြီးတစ်ခုလုံး ပဲ့တင်ထပ်လု မတတ်ပါဘဲ။ ■

ကိုကောင်းသော်

၊ကျောက်ဆည်၊

www.burmeseclassic.com

ဒီလမှာတော့ စာမူအများစုဟာ အရေးအသား၊ တင်ပြပုံနဲ့ အကြောင်းအရာတွေ မျှမျှတတ မရှိတာကို တွေ့ရပါတယ်။ အများအားဖြင့် အားထုတ်မှုအပိုင်းမှာ တိုးတက်လာကြပေမဲ့ အရေးအသားပေါ်မှာ အားစိုက်မှုကတော့ အခုထိ အားနည်းနေပါသေးတယ်။

၁။ ***အချွေတွေ လင့်လင့်သွားတဲ့ မျှော်လင့်မှုတွေ***
လင်းသစ္စာဦး

အရေးအသား သွက်ပေမဲ့ စကားပြေကနေ စကားပြော ပြောင်းရေးသွားတဲ့ စာမူဖြစ်ပါတယ်။ စာမူအဆုံးပိုင်းမှာ ဆောင်းပါးဆန်ဆန် သဘောတရားပို့ချပြီး အဆုံးသတ်ထားတဲ့အတွက် ဝတ္ထုစာမူကောင်း မဖြစ်ခဲ့ပါဘူး။

၂။ ***၁၅ ပြားစနှုန်း***
ဗလစည်သူ

၁၉၇၃ ဝန်းကျင်က ဘတ်စ်ကား လက်မှတ်ကို အခြေပြုပြီး ရေးထားတဲ့စာမူတစ်ပုဒ် ဖြစ်ပါတယ်။ အကြောင်းအရာ ရော၊ တင်ပြပုံပါ ရိုးစင်းလွန်းလှပါတယ်။ စာမျက်နှာအား ဖြင့်လည်း ရှည်လျားလွန်းလှပါတယ်။

၃။ ***လမ်းပေါ်က ဘီယာတစ်လုံး***

၄။ ***ချစ်ခွက်ထဲက 'ထ' ရာလေးတွေ***
လက်ထော်(ထားဝယ်)

ပြောချင်တာတွေ ရှိပေမဲ့ အရေးအသားပိုင်းရော တင်ပြ မှုပိုင်းမှာပါ အားနည်းလှပါတယ်။ အပြန်အလှန်စကားပြော ကို အားပြုဖွဲ့ဆိုထားပြီး ပြောသူဇာတ်ကောင်တွေအကြောင်း ဖော်ပြမှု မရှိတဲ့အတွက် ဇာတ်မပီသလို ဇာတ်ကောင်တွေကို ပုံဖော်တဲ့စာမူမှာတော့ ဇာတ်ကောင်နဲ့အတူ စာရေးသူက ဝင်ဝင် ပြောနေတာတွေ ရှိနေပါတယ်။ စာများများ ဖတ်ပါဦး။

၅။ ***ပျောက်ကွယ်အနုပညာရှင်တစ်ယောက်ရဲ့ဘဝ***
ခွန်မင်းထက်

အတွေးတွေကို စာမူဖြစ်အောင် ရေးထားတာ ဖြစ်နေပါ တယ်။ ဝတ္ထုမဖြောက်သလို ရသစာတမ်းလည်း ဖြစ်မလာပါ ဘူး။ ကြိုးစားပါဦး။

၆။ ***သရဲခြောက်သော အိမ်ကြီး***

၇။ ***ရွှေရေစက်***
ပြိုးနွဲ့နွဲ့ဝါ

ပုံမှန်လို အားထုတ်နေတဲ့ကလောင်တစ်ချောင်း ဖြစ်ပါ တယ်။ အရေးအသား၊ အဖွဲ့အနွဲ့ ပြေပြစ်သူပါ။ တစ်ခုရှိတာ က ဇာတ်အခင်းအကျင်း ဆွဲဆောင်မှုအားနည်းပြီး စာဖတ်သူ ကို ဘဝင်ကျသွားအောင် ဇာတ်မသိမ်းနိုင်ခြင်းဘဲ ဖြစ်ပါတယ်။ နှစ်ပုဒ်စလုံးမှာ အဆုံးသတ်တွေကို လျှို့ဝှက်ချက်တွေ ပြန် ဖော်ပြတဲ့နည်းနဲ့ တည်ဆောက်ထားပေမဲ့ နဂိုမူလအခင်း အကျင်း ပျိုးခဲ့ပုံတွေမှာ အဆုံးသတ်ကို ပံ့ပိုးနိုင်မှု အားနည်း သွားပါတယ်။

၈။ ***သမီးလေး L ကျလာ***
ကျင်ကိုချမ်

ကချင်ဇာတ်ကောင်နောက်ခံ မိသားစုမေတ္တာတွဲ့တစ်မှုံ့ပြီး အရေးအသားနဲ့တင်ပြပုံမှာ ဇာတ်ကပြောချင်တာကို လုံလုံ

www.burmeseclassic.com

www.burmeseclassic.com

လောက်လောက် မပုံပိုးပေးနိုင်ပါဘူး။ မလိုအပ်ဘဲ အိမ်ရှင် ဇာတ်ကောင်တွေရဲ့ ကောင်းကြောင်းတွေ ဖောင်းပွနေပါတယ်။

၉။ *လက်ဆောင်*

သင်းနုဇွန်(ပေါင်းတည်)

စာမူနဲ့အတူ ပါလာတဲ့ စာထဲမှာ ဆရာ လယ်တွင်းသား စောချစ်ရဲ့စာပေဟောပြောပွဲထဲက ဇာတ်ကောင်အကြောင်း နာမည်ပြောင်းပြီး ကျန်ဇာတ်ကွက်တချို့ဖြည့်ကာ ဖန်တီးထားပါတယ်လို့ ဆိုပါတယ်။ စာရေးဆရာတစ်ယောက်ရဲ့ ရေးသားမှု၊ ဟောပြောမှုတွေဟာ သူ့ရဲ့မူပိုင်ဖြစ်ပြီး အဲဒီအထဲက ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကောင်တွေကို ကာယကံရှင်ရဲ့ခွင့်ပြုချက်မပါဘဲ ပြန်လည်ပြင်ဆင်ရေးသားခြင်းဟာ မူပိုင်ခွင့်ကို ချိုးဖောက်ရာ ရောက်ပါတယ်။ နိုင်ငံတကာစာပေကို ဘာသာပြန်ရာမှာလည်း ဒီမူပိုင်ခွင့်မူဝါဒဟာ အကျုံးဝင်တယ်ဆိုတာ စာရေးချင်သူတိုင်း သိရှိနားလည်လိုက်နာသင့်ပါတယ်။ နောင်မှာ မိမိကိုယ်ပိုင် ဖန်တီးထားတဲ့ စာမူစစ်စစ်ကိုသာ ပေးပို့ရမှာ ဖြစ်ပါတယ်။ ပေးပို့တဲ့ စာမူတိုင်းမှာ မိမိကိုယ်တိုင်၏ ဖန်တီးမှုသက်သက် စစ်မှန်ကြောင်း ဝန်ခံကတိ ပူးတွဲပါရှိရမှာ ဖြစ်ပါတယ်။

၁၀။ *ငယ်သံယောဇဉ်*

၁၁။ *အချစ်ဆိုသော ထိုအရာ*

ဖြူလေး(လယ်ဝေး)

စာမူမှာ ခြစ်ရာဖျက်ရာများသလို စကားပြောတွေကိုလည်း စာကြောင်းမခြားဘဲ စာပိုဒ်ထဲမှာ ရောရေးထားပါတယ်။ စာပိုဒ်တစ်ပိုဒ်လောက်နဲ့ အခန်းခွဲသလို အခန်းခွဲပုံကလည်း စာကြောင်းမခြားဘဲ မျဉ်းတိုလေးများကို စာနှစ်ကြောင်းကြားမှာ ဖြတ်ရေးထားတာမျိုး ဖြစ်နေပါတယ်။ အရေးအသား အားနည်းသလို တင်ပြပုံအကြောင်းအရာတွေအားလုံး ရိုးစင်းလွန်းလှပါတယ်။

၁၂။ *ဖုံးဖိထားသည့်အရောင်တစ်ခု*

၁၃။ *ကြယ်ကြေဆုတောင်း*

ပိုးစုန်းကြူး(စေရာ)

ကိုယ်ပိုင်ဟန်ရှိတဲ့ စာမူတွေဖြစ်ပါတယ်။ ဒါပေမဲ့ စကားပြေ၊ စကားပြောရောနေသလို တချို့ဇာတ်ကောင်တွေနဲ့ ဇာတ်အခင်းအကျင်းကို အခုထက်ပိုပြီး ပီပြင်အောင် ဖွဲ့သင့်ပါတယ်။ ကိုယ့်ရဲ့ကိုယ်ပိုင်ဟန်ကို မပျက်စေဘဲ ဒီထက်ပုံဖော်မှုကောင်းတဲ့ စာမူတွေကို ဖန်တီးစေချင်ပါတယ်။

၁၄။ *ခြေတစ်လှမ်း*

ဝင်းတင်(ရွှေရောင်မြေ)

စာရေးဝါသနာပါကြောင်း၊ စာမူဖော်ပြခံရတဲ့ ဝီတိအကြောင်း ရေးသားထားတဲ့စာမူတစ်ပုဒ်ဖြစ်ပါတယ်။ စာတမ်းသဘောဆောင်နေပါတယ်။ စာအရေးအသား ပြေပြစ်တဲ့အတွက် ဝတ္ထုဆန်တဲ့ရေးဖွဲ့မှုကို မျှော်လင့်ပါတယ်။ ကြိုးစားပါဦး။

၁၅။ *ခြင်ဆောင်တစ်လုံး ပုဇွန်ခြောက်တစ်ပုံး*

ကိုပန်းစကား

စကားပြေအရေးအသား ပြေပြစ်တည်ငြိမ်ပေမဲ့ ဆောင်းပါးရေးဟန်မျိုး ဖြစ်ပါတယ်။ ဇာတ်အခင်းအကျင်းနဲ့ တင်ပြပုံ ရိုးစင်းပြီး အဆုံးသတ်မှာလည်း ဥပဒေသထုတ်ထားတာမျိုး ဖြစ်နေပါတယ်။ လက်ရှိအောင်မြင်တဲ့ဝတ္ထုတိုများကို များများဖတ်ပြီး ဝတ္ထုဟန်စစ်စစ်ဖြစ်အောင် ရေးဖွဲ့စေချင်ပါတယ်။

၁၆။ *အထူးက*

၁၇။ *ဝဏ္ဏဂုဏ်သံစဉ်*

ရွှေအောင်သိန်း(အင်းမ)

ပြောချင်တာတွေ ရှိပြီး အရေးအသားပြေပြစ်သွက်လက်ပေမဲ့ အခင်းအကျင်းဖွဲ့နွဲ့ပုံနဲ့ တင်ပြပုံ ရိုးစင်းနေပါတယ်။ ကြိုးစားပါဦး။

၁၈။ *ကျွန်တော့်သမိုင်းမှာ လရောင်နဲ့ ကြွေတဲ့နှင်း*

ဒိုရာဂျူးနေ

စာမျက်နှာ တစ်မျက်နှာသာသာပဲ ရှိတဲ့စာညွှန့်ဆန်ဆန် အချစ်စာမူတစ်ခုသာ ဖြစ်ပါတယ်။

၁၉။ *ရာသီပေါ်*

၂၀။ *ဓာတ်လိုက်သွားသည်*

ပတ္တမြားနီနီ

အရေးအသား၊ တင်ပြပုံ အားနည်းလှပါတယ်။ ပြောချင်တာတွေ ရှိပေမဲ့ အဲဒါကို စာဖတ်သူ ကျေကျေလည်လည်တွေးထင် ဘဝင်ကျတဲ့အထိ မရေးနိုင်သေးပါဘူး။ ကြိုးစားပါဦး။

www.burmeseclassic.com

www.burmeseclassic.com

၂၁။ *ယန်းနှောင်အလွမ်း*
ရဲစွမ်းနေ

စာရေးကောင်းသူပါ။ ဒီတစ်ပုဒ်ကတော့ ရိုးစင်းပြီး အရင်လက်ရာတွေလို မမီဘူးလို့ ယူဆပါတယ်။

၂၂။ *တိမ်လွှာထက်က ချစ်ရိုပ်လေး*
၂၃။ *ကြွေး*
၂၄။ *စိတ်ဆိုတဲ့ကောင်*
၂၅။ *ထူးဆန်းသောအိပ်မက်*
နေမင်းနှယ်

စာမူမသပ်ရပ်မှုကိုတော့ အမှတ်ထင်ထင် ရှိမိပါတယ်။ အရေးအသား ကောင်းပါတယ်။**တိမ်လွှာထက်က**... နဲ့ **ကြွေး** မှာတော့ ရိုးစင်းပြီး ဆွဲဆောင်မှုအားနည်းနေပါတယ်။ **ထူးဆန်းသောအိပ်မက်** က စိတ်ကူးယဉ်ဆန်သလို လက်တွေ့မှာ မဖြစ်နိုင်တဲ့ဖြစ်ရပ်တစ်ခုအကြောင်း ရေးဖွဲ့ထားတာပါ။ တင်ပြပုံ ရိုးစင်းနေတဲ့အတွက် စာမူကောင်းဖြစ်မလာပါဘူး။ **စိတ်ဆိုတဲ့ကောင်** ကတော့ တင်ပြပုံရော၊ အကြောင်းအရာ ရွေးချယ်မှုပါ သင့်တော်တဲ့အတွက် ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

၂၆။ *ဒဏ်ရာ*
၂၇။ *ဒဏ်ကိုမီးနဲ့ပွင့်တဲ့ပန်း*
၂၈။ *ပုံပြင်လေးလား*
၂၉။ *တောင်တွေ ဝိုနေသည်*
အဋ္ဌန(ညောင်ပင်)

စာရေးကောင်းပါတယ်။ ဇာတ်ကောင်စရိုက်ကို ဖွဲ့နှိုင်သူလည်း ဖြစ်ပါတယ်။ **ဒဏ်ကိုမီးနဲ့**...ကတော့ စားသောက်ဆိုင်ဖော်ဖြေရေးနောက်ခံ ဇာတ်တစ်ပုဒ်ဖြစ်ပြီး ဇာတ်မှန်းနိုင်လောက်အောင် ရိုးစင်းနေပါတယ်။ **ပုံပြင်လေးလား** က စိတ်ဝင်စားဖွယ် ဇာတ်ကွက်တစ်ခုကို ဖွဲ့ထားတာဖြစ်ပေမဲ့ တင်ပြပုံရိုးစင်းနေပါတယ်။ **ဒဏ်ရာ** ကလည်း အလားတူ အတွေးရော တင်ပြပုံရော ရိုးစင်းနေပါတယ်။ **တောင်တွေ ဝိုနေသည်** မှာတော့ တင်ပြပုံနဲ့ အကြောင်းအရာ ရွေးချယ်မှုကို နှစ်သက်တဲ့အတွက် ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ ထပ်မံတင်ပြလိုက်တဲ့စာမူတွေကတော့-

ဆရာ နိုင်မြဲလွန်း ရဲ့ **'အခွံ'** က စာတမ်းဆန်ပေမဲ့ တင်ပြပုံရိုးရိုးကြီး မဟုတ်တဲ့အတွက် တင်ပြပေးဖြစ်ပါတယ်။ **ဆရာ ကျော်ဇင်(ရွှေမည်)** ရဲ့ **'မျှော်လင့်ချက်'** က ရိုးစင်းပေမဲ့ အရေးအသားဆွဲဆောင်မှုရှိတဲ့အတွက် တင်ပြပေးဖြစ်ပါတယ်။ **ဆရာ မောင်သာနိုင်(ဓနွေး)** ရဲ့ **'တောင်းဆိုချက်'** ကလည်း အတွေးအရ ရိုးပေမဲ့ နောက်ခံအကြောင်းအရာ စိတ်ဝင်စားစရာကောင်းတဲ့အတွက် တင်ပြပေးဖြစ်ပါတယ်။ **ဆရာ ဆည်းဆာသစ်** ရဲ့ **'ခေတ်ကပဲ စီးဆင်းလား၊ စီးဆင်းတာ ခေတ်လား'** ကလည်း စိတ်ဝင်စားဖွယ်ဖန်တီးထားနိုင်တဲ့အတွက် တင်ပြပေးလိုက်ပါတယ်။

❑

ဆရာမ မသီတာ(စမ်းချောင်း)ဆီက ဒီလအတွက် ဆန္ဒခံတင်ရွေးချယ်ထားတဲ့ စာမူ ၆ ပုဒ် တက်လာပါတယ်။ ၆ ပုဒ်စလုံးကို ကျွန်တော် ဖတ်ပါတယ်။ ပထမဆုံး ရေြးချင်တာ

www.burmeseclassic.com

www.burmeseclassic.com

ကာ ဆရာ မောင်သာခိုင်(မကွေး)ရဲ့ 'တောင်းဆိုချက်'ဖြစ်ပါတယ်။ ကျွန်တော်တို့က လက်ရေးလှပါလို့တော့ မပြောချင်ပါဘူး။ သို့သော် သပ်သပ်ရပ်ရပ်တော့ ဖတ်လို့ရအောင် ရှိစေချင်ပါတယ်။ ဆရာ မောင်သာခိုင်(မကွေး)ရဲ့စာမူက တော်တော် ကြိုးစားဖတ်ရတဲ့စာမူပါ။ ဝန်ထမ်းလောကမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်များကို ရေးဖွဲ့ထားခြင်းပါ။ သာမန်ဝတ္ထု တစ်ပုဒ်အနေနဲ့ဆိုရင် သုံးပျော်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ရွှေအမြှေးတေ ရွှေအသစ်ဝတ္ထုတို့တစ်ပုဒ်အနေနဲ့ကျတော့ ကျွန်တော် စိတ်တိုင်းမကျတဲ့အတွက် ချန်ခဲ့ပါတယ်။

နောက်တစ်ပုဒ်ကတော့ ဆရာကျော်ဇင်(ရွှေမည်)ရဲ့ 'မျှော်လင့်ချက်'ဖြစ်ပါတယ်။ သူလည်း လက်ရေးဆိုးပေမဲ့ ကွန်ပျူတာစာစီပေးထားတာကြောင့် အခက်အခဲမရှိ ဖတ်လို့ရပါတယ်။ အားနည်းချက်ကတော့ A-4 တစ်မျက်နှာကို တစ်ပိုဒ်ဖြစ်အောင် အပိုဒ်ခွဲခြားခြင်းမရှိ ရေးသားထားပါတယ်။ ဝတ္ထုစာတ်ကြောင်းက ဆွဲဆောင်မှုအားနည်းပါတယ်။ ဒါကြောင့် ကျွန်တော် ချန်လှပ်ထားခဲ့ပါတယ်။

ဆရာ ခိုင်မြွှလွန်းရဲ့ 'အခွံ'ကို ဖတ်ရပါတယ်။ ကျောင်းဆရာတစ်ဦးဝိုဝိ မျှော်သားပြီး ကျကျနန ရေးဖွဲ့ထားလို့ ဖတ်ရတာ အဆင်ပြေပါတယ်။ အဲဒီအတွက် ကျေးဇူးတင်ပါတယ်။ ဆရာ ခိုင်မြွှလွန်းကလည်း A-4 တစ်မျက်နှာကို စာတစ်ပိုဒ်ဖြစ်အောင် ရေးဖွဲ့ထားပြန်ပါတယ်။ အခန်းဖွဲ့ရာမှာ (၀)ကစပြီး (၀)နဲ့ ပြန်ဆုံးပါတယ်။ ဒီဝတ္ထုကို ကျွန်တော် ၃ ခေါက်ပြန်ဖတ်ခဲ့ပါတယ်။ နားလည်မလားလို့ပါ။ ကျွန်တော် နားမလည်ပါဘူး။ ကျွန်တော် နားမလည်ရင် စာဖတ်ပရိသတ်လည်း နားလည်နိုင်စရာ မရှိဘူးလို့ ခံယူတာကြောင့် ချန်ရစ်ခဲ့ပါတယ်။

ကျန်တဲ့ဝတ္ထု ၃ ပုဒ်ဖြစ်တဲ့-

-ဆရာ နေမင်းနွယ်ရဲ့ 'စိတ်ဆိုတဲ့ကောင်'

-ဆရာ အွန်(ညောင်ပင်)ရဲ့ 'တောင်တွေ ငိုနေသည်'

-ဆရာ ဆည်းဆာသစ် ရဲ့ 'ခေတ်ကပဲ စီးဆင်းလား၊ စီးဆင်းတာ ခေတ်လား'

တို့ကို ဒီလရွှေအသစ်များအဖြစ် ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။ ■

ဝင်းငြိမ်း

၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်နေ့မှ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၃ ရက်နေ့အထိ

(၁) ဥဩ(ချယ်ရီမြေ့) *တိုးတိတ်စိုးထိတ်* ၊ပြင်ဦးလွင်၊
(၂) ခိုင်မြွှလွန်း *ရွှေ့၍ရေးမိပါတော့သည်* ၊ စစ်ကိုင်း၊
(၃) ခိုင်မြွှလွန်း *မပေးဓိက ရန့်သည်* *(သို့မဟုတ်) ကြိုတင်မဲ* ၊ စစ်ကိုင်း၊
(၄) ထက်ရှား *အမှေခွေးရန့်...သင်းပို့စေ၊တောင်ကြီး*၊
(၅) ရဲစွမ်းနေ *ပျောက်ဆုံးနေသော အလင်းရောင်* ၊ပျော်ဘွယ်၊
(၆) နီယွန်းအိမ်(သာပေါင်း) *ညှို့ငင်စွဲဆောင် ပြုံးလဲ့လွန်းတဲ့* ၊ပုသိမ်၊
(၇) ပြုံးနဲ့ခွဲ၀ါ *တိမ်ပြာသောနေ့* ၊သထုံ၊
(၈) ဆွေဝင်းနီ(ပွင့်ဖြူ) *ကျွန်မက အလိုမကျလည်း* *ဘဝကိုက တောင်းဆိုသရွဲ*၊ မကွေး၊
(၉) ပြုံးနဲ့ခွဲ၀ါ *လမင်းရဲ့ကြယ်စင်* ၊သထုံ၊
(၁၀) ပြုံးနဲ့ခွဲ၀ါ *အချစ်သည်သာ ထာဝရ* ၊သထုံ၊
(၁၁) ဆုလဒ်ပြည့် *တစ်ခါတရံမှာ* ၊မော်လမြိုင်၊
(၁၂) ရီရီလှိုင် (ပြင်ဦးလွင်) *သွားနှင့်တော့ကွယ်* ၊ပြင်ဦးလွင်၊
(၁၃) ယောနေခြည် *တောက်(တက်ခေါက်သံ)* ၊-၊
(၁၄) ယောနေခြည် *သစ်ဖြောင့်ပင်* ၊-၊
(၁၅) အိုအေစစ်(မအူပင်) *အမြို့ပန်း* ၊မအူပင်၊
(၁၆) ရဲစွမ်းနေ *စွန့်လွှတ်သူ* ၊ပျော်ဘွယ်၊
(၁၇) မောင်ညွှန့်မာ *မကြင် ဘယ်တွက်စိမ်း* ၊ပုပွား၊
(၁၈) မောင်ညွှန့်မာ *ဘယ်ကိုသွားမယ် ဗိုလ်သိန်းကြွယ်* ၊ပုပွား၊
(၁၉) အမရာ ပြည့်ပြည့်သူ *ချွေးစက်ကို ပေါင်းခံရည်လုပ်သူများ* ၊-၊
(၂၀) ရင်ငြိမ်းသူ(မော်လမြိုင်) *အချစ်ချို့မှာလား...ခါးမှာလား*၊ E mail,
(၂၁) နေသန့် *လက္ခယ်သန်းခေါင်ယံ* *မှောင်မှိုက်အတွင်းမှနေ၍*၊ ရန်ကုန်၊
(၂၂) ဝင်းတင်(ရွှေရောင်မြေ့) *ပစ်မှတ်လွဲသော မြားတစ်စင်း* ၊သထုံ၊

အားပြုစာဖတ်ပရိသတ် ပြုစုသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၁၀၊ စက်တင်ဘာ ၂၀၁၅

ဂိုဏ်းသစ်

အောင်မြင့်ချို

ဂိုဏ်းသစ်ကြီးမှူး

၁။

'တောင်တွေ့ငိုတာ
မင်း ကြားဖူးလား သာချို'
အောင်မြင့်ချို၏ ဆိုင်းမဆင့်
ဝုံမဆင့်အမေးကြောင့် သာချို
ကြောင်တောင်တောင် ဖြစ်သွားသည်။
မျက်လုံးက မယုံသကောဖြင့်
အောင်မြင့်ချိုကို
လှမ်းကြည့်လိုက်သည်။
'မင်း နေကောင်းပါတယ်နော်'
'နေကောင်းပါတယ်ကွာ၊
နေကောင်းလို့လည်း
ဒီမေးခွန်းကို မေးတာပေါ့။ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရှာပြီး၍ သူတို့၏ ယိုင်နဲ့နဲ့ တဲထဲမှာ
အရက်ထိုင်သောက်ရင်း စကားပြောနေကြခြင်း ဖြစ်သည်။
အောင်မြင့်ချို့နှင့်သာချို့က တစ်ရွာတည်းနေသော
သူငယ်ချင်းများ မဟုတ်ကြ။ ဖားကန့်ကိုရောက်မှ
ရေမဆေးရှာရင်း ခင်မင်ခဲ့သောမိတ်ဆွေဖြစ်သည်။
သို့သော်လည်း တစ်ဦးပေါ်တစ်ဦး ချစ်ခင်ရိုသေကြသည်။
နားလည်ပေးသည်။ ဖေးမကြသည်။ မသိသူများကဆို
ညီအစ်ကိုဟုပင် ထင်ကြသည်။ ထင်မည်ဆိုလည်း ထင်စရာ

မင်းက ငါ့ကို ဂေါက်နေတယ် ထင်လို့လား'
'အေး ထင်စရာပဲလေကွာ။ ကြကြွဖန်ဖန်
တောင်တွေ ဝိုနေရတယ်လို့'
အချို့က ညနေဆည်းဆာချို့။ နေမင်းက
အိမ်ပြန်ခါနီးလို့ တောင်တန်း ပေါ်မှာ မေးတင်နေချို့။
တိမ်တွေ အရောင်တောက်ချို့လေးမှာ ဖြစ်သည်။
ဆောင်းလေပြည်က နှင်းငွေ့တဝေဝေနှင့်
ဝင်ရောက်စ,ပြုနေပြီ။ သာချို့နှင့်အောင်မြင့်ချို့က

www.burmeseclassic.com

www.burmeseclassic.com

ပင် ဖြစ်သည်။ ခန္ဓာကိုယ် အချိုးအစားနှင့် မျက်နှာ ပေါက်ကအစ ဆင်သည်။ ပို ပြီး တူတာတစ်ခု ရှိသည်။ ထိုအရာကား အသားမဲ(မည်း) ခြင်းပင်။

'နေပါဦး၊ မင်း တောင်တွေ ငိုတာ ဘယ်တုန်းက ကြားခဲ့တာလဲ'

'ငါ မနေ့ကမှ ကြားခဲ့တာကွ'

❑

၂။

ဒီနေ့ကျမှ ဘာကြောင့် မှန်းမသိ၊ အောင်မြင့်ချို အိပ်မပျော်။ သူဘဝနှင့် ဒီခရီးကို စဉ်းစားနေမိသည်။ မြောက်လေသည် သူ့အဖော် နှင်းမြူတို့ဖြင့် တပျော်တပါး ဝင် ရောက်လာကြသည်။

ကောင်းကင်မှ တစ်ခြမ်း ပဲ့နေသောလမင်းက မြူတွေကြားမှာ ဒွေ့ဒွေ့လေး လင်းနေသည်။ မွန်ပျံပျံကြယ်တွေကလည်း ချမ်းနေကြသည်ထင်၏။ အလင်းတို့က ပျော့ခွေနေသည်။ သူ အပေါ်သွားဖို့အထမှာ ထိုအသံကို ကြားလိုက်ခြင်း ဖြစ်သည်။

'အီး... ဟီး... ဟီး...'

အသံလာရာကို သူ ရှာသည်။ မတွေ့။ ဘေးပတ်လည်ကိုကြည့်သည်။ မမြင်။ သူ ကြောက်စိတ်တို့ ဝင်လာသည်။ 'ငါ့ကို သရဲများ ခြောက်တာလား' ဟု တွေးရင်း ကြက်သီးမွေးညင်းတို့ ထောင်တက်လာသည်။ သို့သော်လည်း ကြောက်စိတ်နှင့် အတူ သိချင်စိတ်က ပြင်းပြလာခဲ့သည်။

'အီး... ဟီး...

ဖားကန့်တစ်ကြောမှာကား ကျောက်စိမ်းရတနာထွက်သည့် အတွက် တောင်တို့ ကျိန်စာသင့်ခဲ့ကြသည် ထင်၏ တောင်ဟူသမျှ တုံးလုံးပက်လက် ဖြစ်နေကြသည် ဘယ်အနား ကြည့်ကြည့် ကျောက်စိမ်း ရှာဖွေရာ ကုမ္ပဏီလုပ်ကွက် တွေကိုသာ မြင်ရသည်

ဟီး...'

'ဩကာသ... ဩကာသ... ဣတိပိသော... ဘဂဝါ... အရဟံ'

ဘာတွေမှန်းတော့ မသိ။ သူ ဘုရားစာတွေကို ရွတ်ဆိုရင်း အသံကို ဖွေရှာနေမိသည်။

'ဘာတွေရွတ်ပြီး ဘာတွေရှာနေတာလဲ'

'ဟိုက် မြတ်စွာဘုရား'

သူ့အနောက်ကပ်လျက်မှ မေးလိုက်သောစကားသံကြောင့် သူ လန့်သွားခြင်းဖြစ်သည်။ ပြီး နောက်ကို လှည့်ကြည့်လိုက်သည်။ တောင်ပို့မို့မို့တစ်ခုမှလွဲပြီး အခြားဘာမျှ မရှိ။ သေချာပြီ။ သူသရဲခြောက်ခံနေရပြီ။

အတွေးနှင့် ကြောက်စိတ်တို့ မွန်ထူရင်း ပြေးမည်အလုပ်-

'ဘယ်ပြေးမလို့လဲ... မပြေးပါနဲ့ကွာ... ငါနဲ့ စကား ပြောရအောင်'

'ဗျာ'

'ခု ငါ တောင်ပို့ထဲက ပြောနေတာ၊ မကြောက်ပါနဲ့။ ငါ သရဲ မဟုတ်ပါဘူး။ တောင်ပါကွာ။ မင်းတို့ လူသားတွေ ရတနာတွေဆင် မြန်းဖို့၊ မင်းတို့ သူဌေးဖြစ် ချမ်းသာဖို့ ငါ့ကို တူးဆွခြေမွ ပြီး ထားခဲ့ကြတာလေ'

ငိုသံမဲ့မဲ့နှင့် ပြောနေသော တောင်ပို့ကို သူ အံ့သြတုန်လှုပ်စွာ ငေးမောကြည့်နေမိသည်။ ကြက်သီးမွေးညင်းတို့ ထောင်တက်လာသည်။ ဒီလောက်အေးမြသည့် ရာသီဥတုမျိုးမှာ ချွေးတွေ ပို့ပို့တက်လာသည်။

'ခင်ဗျား သရဲ မဟုတ်တာ သေချာတယ်နော်။ ဒါဆို ခုနက ငိုတာ ဘယ်သူလဲ။ အဲဒါ သရဲ မဟုတ်ဘူးလား'

'မဟုတ်ပါဘူးကွာ၊ ငါ ငိုတာပါ'

'ဗျာ ခင်ဗျား ငိုတာ။ ဘာကြောင့် ငိုရတာလဲ'

သူ အံ့သြစွာ မေးခွန်းတို့ မေးနေမိသည်။

'ကောင်လေး ငါ ချမ်း လို့ငိုတာပါကွာ။ ခု မင်းကြည့် စမ်း၊ ငါ့ကို ဘယ်လိုမြင်လဲ။ မှန်မှန်ဖြေနော်'

'တောင်ပို့ပဲ မြင်တာပေါ့'

'အဲဒါ ပြောတာပေါ့ကွာ။ ခု ငါ့မှာ ဘာမှမရှိတော့ဘူး။ တုံးလုံးပက်လက်နဲ့ ကျန်ခဲ့ပြီလေ။ ဒါ့တောင် ဒီနေရာက ကျောက်မရှိတော့လို့ ထားခဲ့ကြတာ။ ပြီးတော့ ငါ့နေရာက လုပ်ကွက်နှစ်ခု ကြားက မှတ်တိုင်ဆိုတော့ ဒီအတိုင်းကျန်ခဲ့တာကွ။ မဟုတ်ရင် ငါလည်း ဗျောက်သွားလို့ ဟိုးအနားက မင်းတို့ ချိုးတဲ့ ရေကန်လို ဖြစ်နေလောက် ရောပေါ့ကွာ'

ဟုတ်သည်။ သူ ညွှန်ပြသောရေကန်က တစ်ချိန်က အလွန်မြင့်မားသော တောင် ကုန်းဖြစ်သည်။ စက်ယန္တရား တို့နှင့်တူးဆွခြေမွပြီး ကျောက် စိမ်းရတနာ ရှာဖွေကြသည်။ ခုတော့ ထိုတောင်ကုန်းက ချိုင့်ဝှမ်းကြီးဖြစ်ကာ သွား သည်။

❑

၃။

တောင် တစ် တောင်တွင် ဘာတွေရှိသင့်ပါသလဲ။ တောင်တစ်တောင်တွင် သစ်ပင်တို့၊ ဝါးပင်တို့ ရှိသင့်သည်။ နွယ်ပင်၊ မြက်ပင်တွေလည်း ရှိသင့်သည်။ ထိုမြက်ပင်တို့ကို ခိုလှုံရင်း ငှက်ကျော်တို့လည်း ရှိသင့်သည်။ သားရဲတိရစ္ဆာန်တို့ပင် ရှိသင့်သည် မဟုတ်လား။ ခုတော့ ဖားကန့်တစ် ကြောမှာကား ကျောက်စိမ်းရတနာထွက်သည့် အတွက် တောင်တို့ ကျိန်စာသင့် ခဲ့ကြသည် ထင်၏။ တောင်ဟူသမျှ တုံးလုံးပက်လက်ဖြစ်နေကြသည်။ ဘယ်အနားကြည့်ကြည့် ကျောက်စိမ်းရှာဖွေရာ ကုမ္ပဏီလုပ်ကွက်တွေကိုသာ မြင်ရသည်။ စက်ယန္တရားများဖြင့် တောင်တွေကို ဖြိုကြသည်။ မိုင်းတွေ ခွဲကြသည်။ ကျောက်စိမ်းခဲ့သော ရတနာကို ရှာနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

'ငါတို့က တောင်တွေကို နေရာရွှေ့နေကြတာပါ' ဟု ကုမ္ပဏီမှ ကားသမားပြောတာ မှန်၏။ ကျောက်မျက်ရှာဖွေရာလုပ်ကွက်မှ ရှာပြီး မြေဧာများကို ချိုင့်ဝှမ်းတွေကြားမှာ ပုံကြသည်။ ကြာလာသောအခါတွင်ကား တောင်က လျှိုမြောင် ချိုင့်ဝှမ်းဖြစ်သွားသည်။ ချိုင့်ဝှမ်းတွေက တောင် ဖြစ်လာသည်။

ထိုဖြစ်လာသော တောင်ပေါ်မှာ ရေမဆေးသမားတွေက တဲငယ်တို့ ဆောက်ကာ နေကြသည်။ ဈေးသည်တို့ ဈေးရောင်းကြသည်။ ကုမ္ပဏီအများက မြေဧာသွန်ကြသည်။ ဤသို့ဖြင့် ချိုင့်ဝှမ်းပျောက် ကာသွားသည်။ တောင်တွေပျောက်ကာသွားသည်။ ကုမ္ပဏီလောပန်းတို့ ချမ်းသာသွားကြသည်။ ရေမဆေးသမားတချို့လည်း လောပန်းဖြစ်သွားကြသည်။ ဘယ်သူတွေက ဘယ်လောက်ပင် ကြီးပွားချမ်းသာစေကာမူ တောင်တန်းတွေကို တော့ ကျေးဇူးတင်စကားတစ်ခွန်းပင် မဆိုကြသည်မှာ ရင်နာစရာကောင်းလှ၏။ ကျေးဇူးမသိခြင်းကင်းသော လူသားတို့ကို ဒီတောင်တန်းတွေက ခွင့်လွှတ်စွာနှင့် ရတနာတို့ကို ပေးနေဆဲ၊ ပေးနေမြဲ။ နောင်လည်း ပေးနေဦးမည်ပင် ဖြစ်သည်။

❑

၄။

'ဟေ့ကောင်လေး ဘာတွေစဉ်းစားနေတာလဲ'

တောင်ပို့ဆီက အသံကြားမှ သူအတွေးတို့ ရပ်သွားသည်။ ပြီးတော့ တောင်ပို့ကို

အဘယ်သူသည် ဤဒေသကြီးကို ကယ်တင်နိုင်ပါအုံးနည်း သဘာဝ၏ ကျိန်စာသင့် နေသော ဒီဒေသကို ကျိန်စာမှ လွတ်မြောက်အောင် လုပ်ဆောင်မည့်သူ ပေါ်မည်ပင် မထင်

ကျတော့ ဥရုချောင်းကို ကယ်တင်ခြင်းထက် ဥရုချောင်းထဲမှ ရွှေနှင့် ကျောက်စိမ်းကို ရှာဖွေခြင်းသာ ဖြစ်သည်။ နောက်ပိုင်း သူတို့ထင်သလို မရသောအခါ အလုပ်ရပ်နားလိုက်ကြသည်။ ဥရုချောင်းကား နာကျင်မှုတို့အပြည့် ရှိမည်ထင်သည်။

အဘယ်သူသည် ဤဒေသကြီးကို ကယ်တင်နိုင်ပါအုံးနည်း။ သဘာဝ၏ ကျိန်စာသင့် နေသော ဒီဒေသကို ကျိန်စာမှ လွတ်မြောက်အောင် လုပ်ဆောင်မည့်သူ ပေါ်မည်ပင် မထင်။ ကုမ္ပဏီကြီးတွေကလည်း တစ်နှစ်ထက်တစ်နှစ် လောဘကြီးလာကြသည်။ 'ရလေ လိုလေ အို တစ္ဆေ' ဆိုသလိုမျိုး ထင်၏။ စက်ယန္တရားအကြီးကြီးတွေကလည်း တစ်နှစ်ထက်တစ်နှစ် ကြီးလာသည်။ များလာသည်။ ဟိုတုန်းက လက်ထိုးဂန်း၊ နောက်ပိုင်း ဆယ်ပေ (၁၀ ပေ)ရှိသော ဖောက်စက်။ ခု ထိုထက်မကပြီ။ ပေ ငါး ဆယ်(၅၀ ပေ)ရှိသော ဖောက်စက်တို့ပင် ရောက်လာကြသည်။ ဘယ်လောက်ကြီးသည့်တောင်ဖြစ်ပါစေ တစ်ရာသီစာဆို ကုန်သည်။ တစ်ရာသီကား အောက်တိုဘာလ မှစပြီး မေလ အဆုံးသတ်သည်။ မိုးတွင်းကားလုပ်၍ မရ။ သို့သော်လည်း မှော်စီစာတစ်ကြောရှိ မျောစင်တို့ကား အလုပ်မရပ်နား၊ လုပ်လို့ရသည်။ ထို့ကြောင့် လုပ်ကြသည်။

ကျောက်စိမ်းမထွက်သည့် တောင်တွေကလည်း ကျောက်စိမ်းထွက်ရာ တောင်ကဲ့သို့ အပင်ကြီးငယ်တို့ ခုတ်လဲခြင်းခံရသည်။ ဓာတ်ငွေ့တို့၊ လျှပ်စစ်မီးတို့ဖြင့် ထမင်း၊ ဟင်း ချက်မစားရသော ဒီဖားကန့်တွင် ထင်း၊ မီးသွေးကား လောင်စာဖြစ်၏။ ပေါများလှသော ကုမ္ပဏီ၊ မြန်မာနိုင်ငံအနှံ့မှ လူအမျိုးမျိုးတို့ အတွက် ထိုတောင်တွေက လောင်စာဖြည့်ဆည်းပေးရသည်။ သစ်ပင်ကြီးတို့ ထင်းဖြစ်ရသည်။ သစ်ပင်ငယ်တို့ မီးသွေးဖြစ်ပေးရသည်။ ကံကော်တို့ကဲ့သို့ သစ်မာတွေက လူနေဖို့အတွက် ဖြည့်ဆည်းပေးရ၏။ ထိုအခါတွင်ကား ဖားကန့်တစ်ကြောတွင်ရှိသော တောင်တို့၌ သစ်ပင်တို့ ကင်းမဲ့လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူတွေက ဘယ်လောက်ပင် ကြီးပွားချမ်းသာ စေကာမူ တောင်တန်း တွေကိုတော့ ကျေးဇူးတင် စကားတစ်ခွန်းပင် မဆိုကြသည်မှာ ရင်နာစရာ ကောင်းလှ၏။ ကျေးဇူးမသိခြင်း ကင်းသော လူသားတို့ကို ဒီတောင်တန်း တွေက ခွင့်လွှတ်စွာနှင့် ရတနာတို့ကို ပေးနေဆဲ ပေးနေမြဲ

စိုက်ကြည့်လိုက်သည်။ တောင်ပို့ကား နှင်းရည်တို့ဖြင့် စိုစိုရွှဲနေတော့သည်။

'ဟုတ်ကဲ့ပါဗျာ၊ ဘာရယ်မဟုတ်ပါဘူး။ နည်းနည်း အတွေးလွန်သွားလို့ပါ'

'ဘာတွေ စဉ်းစားနေတာလဲကွာ၊ ငါ ချမ်းလှပြီ ငါ့ကို တစ်ခုခုလုပ်ပေးပါဦးကွာ'

'ကျွန်တော် ဘာလုပ်ပေးရမလဲဗျာ... ခင်ဗျား အပေါ်မှာ မီးဖိုပေးရမလား'

'လွဲပါကွာ၊ မင်း ငါ့ကို ကြည့်ပြီး ဘာလုပ်ပေးသင့်တယ်လို့များ မတွေးမိဘူးနော်။ အံ့ပါကွာ။ တွေးတော့လည်း မီးဖိုပေးရမလားတဲ့။ ကဲ... မင်း မီးဖိုပေးလို့ ငါ အခု အချမ်းပြေပါပြီတဲ့ ထားလိုက်။ နေလယ် နေပူရင် ကော မင်း ရေလာလောင်းပေးမှာလား။ လောင်းတယ်ပဲထား၊ မင်းလုပ်နိုင်ရင် ခဏပေါ့။ ပြီးရင် မင်းလည်း ပင်ပန်းမယ်လေ။ ဒီတော့ မင်းလည်း မပင်ပန်း၊ ငါလည်း အဆင်ပြေအောင်လုပ်တဲ့နည်းလေး တွေးပါလားကွာ'

တောင်ပို့ကား စကားတွေ အများကြီးပြောလိုက်သည်။ သူ စဉ်းစားကြည့်သည်။ စဉ်းစားလို့ မရ။ အေးလေ သူကလည်း ဘယ်အရာကိုမျှ မစဉ်းစားတာ ကြာခဲ့ပြီ။ ဦးနှောက်တွေလည်း ထုံထိုင်းလေးလံကုန်ပြီ။ အတွေးထဲမှာ ကျောက်ရရင် လောပန်းဖြစ်မည်။ ချမ်းသာမည်။ ဒါတွေပဲ တွေးနေခဲ့သည်။ ခုလို သူများက(အဲလေ တောင်ပို့က) မေးလာသောအခါ အဖြေ မရ။ မစဉ်းစားတတ်။

'ကျွန်တော် မတွေးတတ်ဘူး။ စဉ်းစားလို့ မရဘူး။ ဘာလုပ်ပေးရမလဲသာ ပြောပါ။ တတ်နိုင်ရင် လုပ်ပေးပါ့မယ်'

ခေါင်းခါရင်း လုပ်နိုင်သည့်အရာဖြစ်က လုပ်ပေးရန်သာ ပြောလိုက်တော့သည်။

'ဟား... ဟား... ဟား ငါ ရယ်လိုက်ရတာ။ ဒါပေမဲ့ ငါ မရယ်ပါဘူး။ ငါ ငိုရမှာ။ အမှန်ဆို မင်းတို့တစ်တွေဟာ ကျေးဇူးတရားကို မသိတတ်တာကွ။ ငါ့ရဲ့ အသည်းနှလုံးပြုတ်ပြုတ်ပြန်းအောင် ယူငင်ပြီး ငါ့ကျတော့ ဘာမှပြန်မလုပ်ပေးချင်ကြဘူး။ ငါ့ရဲ့ အရေခွံပဲခေါ်ခေါ်၊ ငါ့ရဲ့ အဆင်တန်ဆာပဲခေါ်ခေါ် ငါ့ကိုယ်ပေါ်ကို သစ်ပင်တွေတော့ ပြန်လည် စိုက်ပျိုးခဲ့သင့် တာပေါ့ကွာ။ အဲဒီ သစ်ပင်တွေကသာ ငါတို့ကို မိုးရာသီမှာ မိုးကာပေးတယ်။ ဆောင်းရာသီမှာ နွေးထွေးစေတယ်။ နွေရာသီမှာ အေးမြစေတယ်ကွ။ အဲဒါကြောင့် မင်းတို့ကို ငါ ပြောတာပါကွာ။ ငါတို့ရဲ့ အရှက်မဲ့တဲ့ ခန္ဓာကိုယ်တွေကို မင်းတို့ရဲ့ သစ်ပင်တွေ ပြန်လည် စိုက်ပျိုးပေးခြင်းနဲ့ ကျေးဇူးဆပ်ကြပါကွာ။ မင်းကို ငါ အဲဒါ ပြောချင်တာ အီး... ဟီး... ဟီး'

တောင်ပို့ကား သူပြောချင်တာကို အကြာကြီးပြောပြီး ဝမ်းနည်းပက်လက် ငိုကြွေးတော့သည်။ အောင်မြင့်ချို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ ကလေးငယ်ဆိုလည်း ထွေးပွေ့ကာ ချော့လို့ရသည်။ ခုက ကလေးလည်း မဟုတ်။ အတော်ခက်သည်။

'ဟိုလေ မငိုပါနဲ့လားဗျာ။ နောက် နေ့ကျရင် ကျွန်တော် ခင်ဗျားအတွက် သစ်ပင်တစ်ပင် စိုက်ပေးမယ်လေ။ မဟုတ်သေးပါဘူး။ သစ်ပင်တွေ အများကြီး စိုက်ပေးမယ်နော်'

သူ ကတိတွေပေးရင်း သူ ခေါင်းသူ ပွတ်မိသည်။ နှင်းရည်တို့ဖြင့် ရွှဲစိုနေပြီ။ မြောက်ပြန် လေညင်းက တသွေ့သွေ့ တိုက်ခတ်နေသည်။ သူ့ခန္ဓာကိုယ်မှာ နှင်းရည်တို့ဖြင့် ပြည့်နှက်နေပြီး ခုမှ သူ ချမ်းလာမှန်း သတိရသည်။ ကောင်းကင်ကိုမော့ကြည့် တော့ လမင်းက အနောက်ယွန်းယွန်းဆီသို့ ဝင်ခါနီးနေပြီ။ တောင်ပို့ကား တဟီးဟီးနှင့် ငိုနေတုန်းပင် ရှိသေးသည်။

'ကဲ ကျွန်တော်လည်း ပြန်တော့မယ်၊ အိပ်ချင်လှပြီ။ နောက်နေ့ကျ သစ်ပင်လာ စိုက်ပေးမယ်နော်'

တောင်ပို့ကား မည်သို့မျှ ခွန်းတုံ့မပြန်၊ ငိုတာ မရပ်ဘဲ နေသည်။ မတတ်နိုင်း သူ လှည့်ပြန်လာခဲ့သည်။ အတွေးမှာတော့ နောက်နေ့ကျ သစ်ပင်ဖြစ်အောင်စိုက်မည် စိတ်ကူးရင်းနှင့်ပင်ဖြစ်သည်။

❑

၅။

'မင်းပြောသလိုဆို မင်း သစ်ပင်စိုက်ပေးရမှာပေါ့'

'အေး ဟုတ်တယ်'

'ဘာအပင်စိုက်ပေးဖို့ မင်း စိတ်ကူးထားလဲ။ ဒီနေကော မင်း သူဆီ(တောင်ပို့ဆီ) သွားဦးမှာလား'

'ဟာ မသွားတော့ဘူးလေကွာ။ ငါ ဒီနေ့ စိုက်ပေးမယ်ပြောခဲ့တာ၊ ခုထိ ဘာအပင်စိုက်ရမှန်းကို မသိသေးဘူး။ ပြီးတော့ ကျောက်ရွာရောတာနဲ့ အားမှ မအားတာ'

'ဒါဆို နောက်နေ့ထွေ့ကော'

'မသိသေးဘူး'

သူ တို့နှစ်ယောက် အရက်သောက်ရင်း စကားပြောနေချိန်တွင် နေသည် ညအဖြစ် ပြောင်းလဲခဲ့ပေပြီ။ ကောင်းကင်တွင် လမင်းက မှိန်မှိန်လေးလင်းနေသည်။ မြောက်လေအေးကလည်း နှင်းမြူတို့ဖြင့် ပျော့ပျော့ပါး ဝင်ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထွန်းထားသောဖယောင်းတိုင်သည်ကား လေပြည်ငယ်ကြောင့် ထင်၏။ လင်းလိုက်မှိန်လိုက်ဖြစ်နေသည်။ အောင်မြင့်ချို့နှင့် သာချို့တို့မျက်နှာကား မီးရောင်မှိန်မှိန်အောက်တွင် နီနီရဲနေကြသည်။ ကချင်အရက်တစ်ပုလင်းပင် ကုန်ခဲ့ပြီ မဟုတ်လား။

'ဒီလိုလုပ်ရင် မကောင်းဘူးလား အောင်မြင့်ချို့'

'ဘယ်လိုလဲ'

'မင်းနဲ့ငါ နေ့တိုင်း ကျောက်ရှာရာကပြန်လာရင် သစ်ပင်တစ်ပင်စီ စိုက်ရအောင်ကွာ။ ဒါဆို တစ်လဆို အပင် ၃၀ တောင်ဖြစ်မှာ မကောင်းဘူးလား'

'ဟာ ကောင်းလိုက်တဲ့ စိတ်ကူး။ ဒါကြောင့် မင်း ငါ့သူငယ်ချင်းဖြစ်နေတာ။ ဒါနဲ့ ဘာအပင်စိုက်ရင် ကောင်းမလဲ'

'အေး ဟုတ်တယ်၊ အဲဒါ ငါတို့ စဉ်းစားရမယ်။ သရက်ပင်စိုက်မယ်ကွာ။ ဒါဆို ကြီးလာရင် ငါတို့လည်း သရက်သီးစားရမှာပေါ့'

'အေး ကောင်းတယ်။ ဒါပေမဲ့ ဒီဒေသနဲ့လည်းလိုက်မယ့်အပင်မျိုးဆိုရင်ကော။ ဥပမာကွာ ကဲ့ကော်လို၊ ကညင်လို အပင်ကြီးမျိုး မကောင်းဘူးလား'

'ငါကတော့ ကိုယ့်အတွက် အကျိုးရှိမယ့် အပင်မျိုးပဲ စိုက်ချင်တယ်။ အဲဒီအပင်တွေက ငါတို့အတွက် အကျိုး မရှိဘူး'

ထိုနေ့ညက သူတို့နှစ်ယောက် ကချင်အရက်နှစ်ပုလင်းကုန်သည်အထိ ဘယ်လိုသစ်ပင်မျိုးကို စိုက်သင့်ကြောင်း ဆွေးနွေးကြသည်။ သို့သော်လည်း အဖြေကား ထွက်မလာ။ နောက်ဆုံး နှစ်ယောက်သား မူးပြီးမှောက်သွားသည်အထိကို ဆွေးနွေးငြင်းခုံခဲ့ကြသည်။

❑

၆။

ရက်၊ လ၊ နှစ်တို့ ကြာမြင့်ခဲ့ပေပြီ။

နေသည် နှင်းမြူတွေကြားမှ ထိုးထွက်လာခဲ့သည်။ သစ်ပင်တို့ ကင်းမဲ့နေသော လုပ်ကွက်တွေ၊ တောင်ကုန်းတွေပေါ်သို့ လွတ်လပ်စွာ ဖြာဆင်းကျနေ၏။ သာချို၊ အောင်မြင့်ချို့တို့ တဲနောက်မှ တောင်ပို့မိုးပေါ်လေးသည်လည်း အရင်အတိုင်းပင် မပြောင်းမလဲရှိနေခဲ့ပင် ဖြစ်သည်။ မိုးရာသီဆို မိုးရိလျက်၊ ဆောင်းရာသီမှာ နှင်းရည်တွေ စိုရွှဲလျက်၊ နွေရာသီမှာ နေရောင်အောက်တွင် အပူချိန်ကို အနှံတုလျက်ပင် ရှိသည်။

သာချို့နှင့် အောင်မြင့်ချို့တို့၏ သစ်ပင်စိုက်မည့် စိမ်ကိန်းကား ဘယ်နှဖြစ်လာမည် မသိ။ မူးလာတိုင်း(နေ့စဉ် မူးကြသည်။) သစ်ပင်စိုက်မည့်အကြောင်းကို ပြောဆိုမြဲပင် ရှိသည်။ တစ်နေ့တော့ နှစ်ဦးသဘောတူသော သစ်ပင်အမျိုးအစားကို ရွေးချယ်ကာ သစ်တစ်ပင်တော့ စိုက်ပျိုးကောင်းတန်၏။ ခုတော့လည်း 'တစ်နေ့နေ့တော့... ချစ်လာလိမ့်မည်၊ သို့သော်... ဘယ်နေ့မှန်းမသိ' ဆိုသော သီချင်းစာသားထဲကမျိုးပင်တည်း။

■

အဝွန်၊ညောင်ပင်၊

ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင် A4စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A4စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြဲတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၁ အေးမြတ်မြတ်ချို့နှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်လိပ်စာဖြစ်စေ၊ ဖေ့စ်ဘွတ်လိပ်စာဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံရရှိတွင်ထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

အယ်ဒီတာ(ရွှေအမြဲတေမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

WIN STUDIA

ခြေတစ်ဖက်ကြောင့် ကွယ်ပျောက်သွား

၂၀၆ ခွေအမြဲတေ ရုပ်စုံမဂ္ဂဇင်း စက်တင်ဘာ ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၁၀၊ ဆက်တင်ဘား၊ ၂၀၁၅

ကျွန်တော်

အိုဝဝ

ကျွန်တော် အိမ်ပြန်ချင်တယ်။ အိမ်ရှိမှန်းသိပေမဲ့ အဲဒီအိမ် ဘယ်မှာမှန်း မသိတော့ဘူး။ လောလောဆယ် ရေဆာတယ်။ ဘယ်မှာရနိုင်မလဲ။ ပတ်ဝန်းကျင်မှာ ရေရနိုင်မယ့်နေရာကို ရှာဖွေနေမိတယ်။ ဘယ်မှာလဲ။ ရေရဲ့ အရိပ်အယောင်လေးမှ မမြင်ရပါလား။ ဘုရား ဘုရား။ ကျေးဇူးပြုပြီး ရေရှိတဲ့ အရပ်ကို ညွှန်ပြပေးကြပါ။ လမ်းသော ရေချမ်းစင်လေး မြင်လိုက်တာနဲ့ အားရဝမ်းသာနဲ့ ပြေးသွားပြီး အဖုံးကိုဖွင့်ပြီး ကြည့်လိုက်တယ်။ ဟင် ရေအိုးထဲမှာလည်း ရေတစ်စက်မှ မရှိပါလား။ ဒါနဲ့ ကျွန်တော် အခု ဘယ်ရောက်နေတာလဲ။ ကျွန်တော် လမ်းလျှောက်နေတယ် ဆိုတာလောက်ပဲ သိတယ်။ ဘယ်သွားလို့ ဘယ်လာရမှန်းလည်း မသိဘူး။ ကျွန်တော် အရမ်းမောပိုက်နေပြီ။ ပင်ပန်းနွမ်းနယ်နေပြီ။ ရေအရမ်း ဆာတယ်။ ရေသောက်စရာ ဘယ်မှာရနိုင်မလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဘာလို့ ရေချမ်းစင်တည်ထားသေးလဲ။ စိတ်ပျက်အားလျော့စွာနဲ့ပဲ ကျွန်တော် ဆက်လျှောက်ခဲ့တယ်။ ရေဆာလွန်းလို့ လူတစ်ကိုယ်လုံး တုန်နေပြီ။ မျက်စိအမြင်တွေလည်း မှုန်ဝါးလာနေကုန်ပြီ။ တစ်ခါတစ်ခါ မိုက်ခနဲ မူးခနဲလိုလို။

အား ဘုရား မ,တာပဲ။ ဟိုမှာကြည့်စမ်း၊ လမ်းနံဘေးမှာ ရေအိုင်လေး။ အမှန်အတိုင်းပြောရရင် ဗွက်အိုင်လေးပါ။ ဗွက်အိုင်ထဲက ရေဆိုတာ မသန့်ရှင်းမှန်း ကျွန်တော် သိပါတယ်။ သောက်ဖို့ဆို ဝေးရော။ ဒါပေမဲ့ ဒီဗွက်အိုင်က ရေကိုမှ မသောက်ရင် ကျွန်တော် ရေငတ်ပြီး သေရုံရှိတယ်။ မထူးပါဘူးလေ။ ဗွက်အိုင်ထဲကို ကျွန်တော် ခြေမျက်စိမြုပ်အောင် ဆင်းလိုက်တယ်။ အင်္ကျီလက်နှစ်ဖက်ကို ပင့်လို့ ဗွက်အိုင်ထဲကရေကို လက်ခုပ်နဲ့ အားရပါးရ ခပ်ယူလိုက်ပြီး သောက်မယ်အလုပ်မှာ ကျွန်တော့်အနားကို ဘယ်အချိန်က ရောက်နေမှန်း မသိတဲ့ လူတွေက ကျွန်တော့် လက်မောင်း နှစ်ဖက်ကို ဆုပ်ကိုင်ပြီး ဆွဲလိုက်ကြတယ်။ ကျွန်တော်သောက်ဖို့ ဗွက်အိုင်ထဲက ခပ်ထားတဲ့ရေတွေလည်း ဖိတ်သွားတယ်။

'ဘာလုပ်တာ ဘာလုပ်ကြတာလဲ'

ကျွန်တော် အော်ပြီး ရုန်းပေမဲ့ သူတို့က အားသာနေတော့ လူများများသုံးပြီး ကျွန်တော့်ကို ကတ္တရာလမ်းပေါ် မရမက ဆွဲတင်သွားကြတယ်။ ကျွန်တော်က ရေဆာတယ်၊ ရေသောက်ချင်တယ်လို့ ငိုယိုပြီး ပြောတော့ လူတစ်ယောက်က မာတ်ဆီတွေ ထည့်ထားတဲ့ ရေသန့်ဘူးကို ပေးပြီး-

'ရော့ ဒါသောက်'တဲ့။

ဘူးက အဖုံးတောင် ဖွင့်ပြီးသား။ မာတ်ဆီတွေက အနံ့တထောင်းထောင်း ထွက်နေလေရဲ့။ ရေဆာပါတယ်ဆိုမှ မာတ်ဆီတွေ ပေးသောက်ခိုင်းရက်တယ်။ ကျွန်တော် ဒေါသ ထောင်းခနဲ ထွက်သွားတယ်။

'ရေဆာပါတယ်ဆိုမှ မာတ်ဆီတွေ သောက်ခိုင်းနေတာ ခင်ဗျားတို့ စိတ်မှ မှန်သေးရဲ့လား ဟင်'

ကျွန်တော် ဒေါသတကြီး အော်ငေါက်ပစ်လိုက်တယ်။ ပြီးတော့ မာတ်ဆီဘူးကြီးကိုလည်း လက်နဲ့ ပုတ်ထုတ်လိုက်တယ်။ မာတ်ဆီတွေဟာ ကတ္တရာလမ်းပေါ် ဖိတ်စဉ်ကုန်တယ်။ စေ့စေ့ကြည့်လိုက်တော့ မာတ်ဆီမဟုတ်ဘူး ရေတွေပါလား။ မိုက်လိုက်တဲ့ကျွန်တော် ရေသန့်ဘူးကို အထင်မှားပြီး ပုတ်ထုတ်လိုက်တာဟာ မဟာအမှားပဲ။ ရှားပါးရေတွေ။ ကတ္တရာလမ်းပေါ်မှာ ပြန့်ကျဲနေတဲ့ ရေတွေ။

နှမြောလိုက်တာ။ အဲဒီရေတွေဟာ ဘယ်လောက် အေးစက်လိုက်မလဲ၊ အရသာရှိလိုက်မယ့်ဖြစ်ခြင်း၊ ကျွန်တော် ပါးစပ်တပြင်ပြင်နဲ့ပေါ့။ နောက်ဆုံးတော့ ကျွန်တော် မနေနိုင်တော့ပါဘူး။ ကတ္တရာလမ်းပေါ် ပြန့်ကျဲနေတဲ့ ရေတွေကို ကျွန်တော် မနေနိုင်တော့ဘဲ လျှာနဲ့ကုန်း လျက်လိုက်ပါတော့တယ်။ ပထမတစ်ခါ လျက်လိုက်တော့ ရေစက်ရဲ့ အရသာက လျှာထဲကို စိမ့်ဝင်သွားတယ်။ အေးအေးလေးနဲ့ ကောင်းလိုက်တာ။ နောက်ထပ် အားရပါးရ ကုန်းလျက်ဖို့ အရှိန်ယူချိန် လူတွေက ကျွန်တော့်ကို ဝိုင်းဆွဲပြီး တားထားပြန်တယ်။ သူတို့က ပြောတယ်။

ကျွန်တော့်ကို အချုပ်ထဲထားမယ်၊ ထောင်ထဲ ပို့မယ်တဲ့။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ။ အချုပ်ထဲ ထောင်ထဲတော့ မထည့်ကြပါနဲ့ဗျာ၊ တောင်းပန်ပါတယ်။ ကျွန်တော် ဘယ်လောက်ပြော ပြော၊ ဘယ်လိုရှန်းရုန်း မရဘူး။ သူတို့ဆွဲရာကို ယက်ကန်ယက်ကန်နဲ့ ပါသွားတယ်။ ကျွန်တော့်ကို ကားနဲ့ခေါ်သွားတယ်။ ကားပေါ်ရောက်တော့ ကျွန်တော့်ကို ဘာလုပ်တယ် မသိပါဘူး။ ကျွန်တော်တော့ သတိလစ်သွားတယ် ထင်တာပဲ။ ဘာမှ မသိတော့ဘူးကိုးဗျ။

ကျွန်တော် သတိရလာတော့ ငိုလိုက်ရတာ။ ကြည့်ပါဦး၊ ကျွန်တော့်ကို ထားပုံကို။ နေရတော့ အချုပ်ခန်းထဲမှာ။ အခန်းထဲမှာ ကျွန်တော် တစ်ယောက်တည်း။ ခုတင်၊ မွေ့ရာ၊ စောင်၊ ခေါင်းအုံး အပြည့်အစုံပါပဲ။ ဘယ်အချုပ်ကျ တရားခံမှ ကျွန်တော့် လောက် ဇိမ်ကျမှာ မဟုတ်ဘူး။ စားစရာ လာပို့တဲ့သူကလည်း ခွက်စုတ်ထဲကို ကျောက်ခဲတွေ၊ အမှိုက်သရိုက်ထည့်ပြီး လာပေးတယ်။ သံတိုင်အပြင်ကနေ ကျွန်တော့်ကို ကြောက်လန့်ပုံနဲ့ စားပါ စားပါနဲ့ ပြောသွားသေးတယ်။ ထမင်းစားတဲ့လူကို ဘာမှတ်တယ် မသိဘူး၊ ဒါတွေ လာကျွေးရအောင်။ ဒေါသထွက်ထွက်နဲ့ပေါက်ကရတွေ ထည့်လာတဲ့ ခွက်စုတ်ကြီးကို ကန်လိုက်တယ်။ ခွက်ထဲကဟာတွေ ဖွာလန်ကြဲ။ ကျွန်တော်လည်း အဲဒါတွေကို မျက်နှာလွှဲပြီး အိပ်နေလိုက်တယ်။

ကျွန်တော့်ခုတင်နှာမှာ ခြေသံကြားသလိုလို ရှိတာနဲ့ လှည့်ကြည့်မိတယ်။ အင်္ဂတ်ဖြူစင်ကြယ်နဲ့ ဘိုးတော်တစ်ပါးပါလား။ ကျွန်တော် ထ,ပြီး လက်အုပ်ချီလို့ ဦးတော့လိုက်တယ်။ ဘိုးဘုး

www.burmeseclassic.com

www.burmeseclassic.com

ကြီးကတော့ ခေါင်းတညိတ်ညိတ်လုပ်နေတယ်။လည်ပင်းမှာလည်း ပုတီးကြီး ခွဲလို့။

'ဘိုးဘိုးကြီး ကျွန်တော်ဟာ အင်မတန်မှ ရေဆာလှပါတယ်၊ ရေတိုက်တော်မူပါ'

'ရေသောက်ချင်လို့လား၊ အေးအေး တိုက်မှာပေါ့ကွဲ့။ ရိုးရိုးရေတော့ မဟုတ်ဘူးနော်၊ နတ်ရေစင်။ ဒါကြောင့် မျက်စိမှိတ်ထားပါ'

'ဘာဖြစ်လို့လဲ ဘိုးဘိုး'

'မင်းက ကံနိမ့်နေတော့ မျက်စိဖွင့်ထားရင် နတ်ရေစင်ကို ယုန်ထင်ကြောင်ထင် လျှောက်မြင်နေမှာစိုးလို့လေ'

'ဒါဆို မှိတ်ထားမယ် ဘိုးဘိုး၊ မြန်မြန်တိုက်တော်မူပါ'

ကျွန်တော် ဝမ်းသာအားရနဲ့ မျက်စိမှိတ်ထားလိုက်တယ်။ ပါးစပ်နားကို အေးမြတဲ့ အတွေ့အထိကို သိလိုက်တော့ ဒါ နတ်ရေစင်ပဲဆိုပြီး အားရပါးရ သောက်လိုက်တယ်။ မျက်စိပြန်ဖွင့်လိုက်တော့ ဘိုးဘိုးက ပြုံးလို့နေတယ်။ ဘယ်နှရက်လောက် မစားသောက်ခဲ့ရမှန်း မသိဘဲ ခုလို နတ်ရေစင် သောက်လိုက်ရတော့ ဝမ်းထဲဟာနေတာပျောက်ပြီး အားရှိသွားတယ်။ ကျွန်တော် အိပ်ချင်တာနဲ့ စိတ်ချလက်ချ အိပ်လိုက်ပါတော့တယ်။

❑

အခန်းဝတွင် လူများ စုရုံးစုရုံးနှင့် ရောက်နေကြသည်။ လူအားလုံးသည် ဆရာဝန်ကြီး ထွက်အလာကို စိုးတထိတ်ထိတ်နှင့် စောင့်မျှော်နေကြသည်။ ဆရာဝန်ကြီးထွက်လာသည်။ မျက်နှာ

ထမင်းစားတဲ့ လူကို ဘာမှတ်တယ် မသိဘူး ဒါတွေ လာကျွေးရအောင် ဒေါသ ထွက်ထွက်နဲ့ ပေါက်ကရတွေ ထည့်လာတဲ့ ခွက်စုတ်ကြီးကို ကန်လိုက်တယ် ခွက်ထဲက ဟာတွေ ဖွာလန်ကြဲ ကျွန်တော်လည်း အဲဒါတွေကို မျက်နှာလွှဲပြီး အိပ်နေလိုက်တယ်

တွင်လည်း ပြုံးပန်းဝေနေသည်။ အပေါက်ဝမှာ လူများက သိလိုစွာနှင့် မေးကြသည်။

'ဒေါက်တာ အဆင်ပြေရဲ့လား'

'လူနာက မကြမ်းဘူးလား၊ ကျွန်တော်တို့အားလုံးက ဒေါက်တာ့အတွက် စိတ်ပူနေတာ'

'ဘာမှ မစိုးရိမ်ပါနဲ့၊ ဓာတ်ဆားရည်တစ်ခွက်တော့ ရှောရှောရှူရှူသောက်လို့ ဝင်သွားပြီ။ ဒါပေမဲ့...'

ဆရာဝန်ကြီးက ပြုံးရွှင်စွာ ပြောသော်လည်း ဒါပေမဲ့ ဆိုသောကြောင့် အားလုံး စိုးရိမ်စွာနှင့် စိတ်ဝင်တစား ဝိုင်းမေးကြပြန်သည်။ ဆရာဝန်ကြီးက အေးဆေးစွာ ဖြေကြားလေသည်။

'ကျွန်တော်က ကျွန်တော့် အတွေ့အကြုံအရ ဘောင်းဘီရှည်အဖြူ၊ ရှပ်အင်္ကျီအဖြူ၊ ဂျူတီကုတ်အဖြူ ဝတ်သွားတော့ သူ့မျက်စိထဲ ဘယ်လိုမြင်သွားလဲတော့ မသိဘူး။ ကျွန်တော့် ကို ဘိုးဘိုး ဘိုးဘိုးနဲ့ ကုန်းဦးချလေရဲ့၊ ဟဲ ဟဲ။ လူနာရှင်တွေလည်း စိတ်မပူကြပါနဲ့။ အားလုံး အဆင်ပြေသွားမှာပါ။ ကျွန်တော့် ရဲ့တပည့်မလေး မြင့်မြင့်ဆိုတာ ရှိတယ်။ သူက သူနာပြုဆရာမပဲ။ ခုတော့ မရှိသေးဘူး။ ကျွန်တော် ခေါ်ထားလို့ သူ မကြာခင် လာပါလိမ့်မယ်။ သူက ဒီလိုလူနာတွေနဲ့ အတွေ့အကြုံရှိတယ်'

အခန်းဝတွင် စုနေသော လူများသည် တဖြည်းဖြည်းနှင့် ကျဲပါးသွားသည်။ အချို့က အခန်းတံခါးဝကို စိတ်ဝင်တစားကြည့်နေကြသေးသည်။ စိတ်အထူးကု ဆရာဝန်ကြီး ဦးထွန်းလှိုင်သည်လည်း သူ၏ရုံးခန်းထဲသွားကာ သူနာပြု မြင့်မြင့်ကို မျှော်နေသည်။ မြင့်မြင့်သည် ဦးထွန်းလှိုင် အားအကိုးဆုံး ဖြစ်သည်။

'ဒေါက် ဒေါက်'

'မြင့်မြင့်လားဟေ့ ဝင်ခဲ့လေ'

ဆရာဝန်ကြီး စကားအဆုံးတွင် တံခါးပွင့်လာပြီး အရပ်မြင့်မြင့် သန်မာထွားကျိုင်းသော အမျိုးသမီးတစ်ဦးသည် သူနာပြုဝတ်စုံကို ဝတ်ဆင်၍ ဝင်လာသည်။ ဆရာဝန်ကြီးက ကြည့်၍ ပြုံးပြလေသည်။

'ငါ့တပည့်က မြန်တော့ မြန်သားပဲ'

'ဆရာက ချက်ချင်းဆိုတော့ ပြေးခဲ့ရတာပေါ့ ဆရာရယ်'

'အေး ဒါထက် မင်း ထဘီကို အဖြူရောင်နဲ့ လဲလိုက်ဦး'

'ဟုတ်ကဲ့ ဆရာ'

သူနာပြု မြင့်မြင့်မှာ သူ့ဆရာ ဘာကြောင့်ခိုင်းမှန်း မသိသော်လည်း ပြန်မမေးဘဲ ထွက်သွားသည်။ ခဏအကြာ ပြန် ရောက် လာသည်။ အောက်ခံအဖြူတွင် ရောင်စုံအပွင့်စိပ်စိပ်လေးများပါသော ထဘီကို ဝတ်ဆင်လာသည်။ ဆရာဝန်ကြီးက မြင့်မြင့်ကို ကြည့်ပြီး အလိုမကျစွာ ပြောသည်။

'မြင့်မြင့်ရေ ငါ့တပည့် ဒီတစ်ခါတော့ တော်တော်တုံးတာပဲ။ ထဘီအဖြူဆိုတာ ဘာအဆင်မှ မပါတဲ့ ဖြူဖြူဖွေးဖွေးကို ပြောတာဟေ့ ရှင်းပြီလား'

'အဲဒါဆို ဆရာက လည်း ပိတ်ဖြူဝမ်းဆက်ကြီးနဲ့ဆိုတော့ ထောင်ထဲက အကျဉ်းသမားနဲ့ တူနေမလားလို့ပါ'

'ဘာနဲ့တူတူ အရေးကြီးတာက လူနာပြန်ကောင်းလာဖို့လိုတယ်။ သွားသွား ပြန်လဲလိုက်'

မြင့်မြင့် မကြာမီ ပြန်လာသည်။ ခုမှ တစ်ကိုယ်လုံး ဖြူဖွေးနေသည်။ ဆရာဝန်ကြီးက မြင့်မြင့်ကို ကြည့်ပြီး ပြောသည်။

'အင်း သွားဖို့ အဆင်ပြေပြီ။ ဟောဟို စားပွဲပေါ်က

www.burmeseclassic.com

www.burmeseclassic.com

ဗန်းကို အဝတ်အုပ်ပြီးယူခဲ့'

ဆရာဝန်ကြီး ညွှန်ပြသော ဗန်းမှာ ထမင်းဗန်းကန်ပြားထဲတွင် ဟင်းများစုပုံထည့်ထားပြီး ခွန်းတစ်ချောင်းပါသော လင်ပန်းဖြစ်သည်။ ဆရာဝန်ကြီးက ရှေ့မှသွားပြီး မြင့်မြင့်က ဗန်းလေးကိုင်၍ နောက်မှ လိုက်ရသည်။

အခန်းတစ်ခန်းထဲဝင်ခါနီး ဆရာဝန်ကြီးက ရပ်၍ ပြောသည်။

'မြင့်မြင့်ရေ ခြေသံကို လုံနိုင်သမျှ လုံအောင် သတိထားလျှောက်၊ လူနာ မသိစေနဲ့'

အခန်းတံခါးကို ဖွင့်၍ ဆရာတပည့်နှစ်ယောက် ဝင်လာသည်။ အခန်းထဲတွင် အသက်လေးဆယ် ကျော် အရွယ်ယောကျ်ားကြီးတစ်ဦး အိပ်နေသည်။ ဆရာဝန်ကြီးက ခုတင်ဘေးတွင် ရပ်လိုက်သည်။

'အဟမ်း အဟမ်း'

ဆရာဝန်ကြီး ချောင်းဟန့်သံကြောင့် လူနာ မျက်စိဖွင့်ကြည့်လာသည်။ ဆရာဝန်ကြီးကို မြင်သည်နှင့် ဝမ်းသာစွာ ထ,ထိုင်လိုက်သည်။ နှုတ်မှလည်း ပြောသည်။

'ဘိုးဘိုး ကျွန်တော် ဒီမှာ မနေချင်တော့ဘူး။ အိမ်ပြန်မယ်၊ အိမ်ပြန်ဖို့ ခွင့်ပြုဘိုးဘိုး'

'ဒီမှာ ဘာဖြစ်လို့လဲ၊ နေရတာ အဆင်မပြေဘူးလား'

'မပြေဘူး ဘိုးဘိုး၊ ဒီလို အချုပ်ခန်း ထောင်ထဲမှာ ကျွန်တော် မနေချင်ဘူး'

'တော်စမ်း။ ဘာအချုပ် ဘာထောင်လဲ။ မင်းထင်သလို ဒါဟာ အချုပ်ထောင် မဟုတ်ဘူး။ ငါပိုင်တဲ့ နတ်နန်းပဲ။ ဒီက မင်းထွက်သွားရင် မင်းကို အန္တရာယ်တွေက အပြင်မှာ အသင့် စောင့်ကြိုနေတယ်ဆိုတာ မင်း မသိဘူးလား'

လူနာသည် ဆရာဝန်ကြီး၏ စကားကို ကြားသည်နှင့် အံ့သြသွားလေသည်။

'ဒါ နတ်နန်းဟုတ်လား ဘိုးဘိုး'

'အေး ဟုတ်တယ်။ ဒီမှာ မင်း စိတ်ချလက်ချနေပါ။ မင်းကို ငါ စောင့်ရှောက်မယ်။ လောလောဆယ် မင်း

အလို ဝတ်ဖြူစင်ကြယ်နဲ့ ဘိုးတော် တစ်ပါးပါလား ကျွန်တော် ထပြီး လက်အုပ်ချီလို့ ကန်တော့ လိုက်တယ် ဘိုးဘိုးကြီး ကတော့ ခေါင်းတညိတ်ညိတ် လုပ်နေတယ် လည်ပင်းမှာလည်း ပုတီးကြိုး ဆွဲလို့

ဗိုက်ဆာတယ်မဟုတ်လား၊ မင်းကို နတ်သုဒ္ဓါကြွေးမယ်။ မင်းရဲ့ မျက်စိကိုတော့ အဝတ်နဲ့ စည်းထားရမယ်'

'ဘာဖြစ်လို့လဲ ဘိုးဘိုး'

'အေး မင်းက ကံနိမ့်နေတဲ့ လူသားဆိုတော့ နတ်သုဒ္ဓါကို နတ်သုဒ္ဓါလို့ မင်း မြင်မှာ မဟုတ်ဘူး။ ကဲ မျက်စိကို စည်းထားမယ်နော်'

ဆရာဝန်ကြီးက မျက်စိကို အဝတ်နှင့် စည်းရန် ပြင်နေစဉ် လူနာက မြင့်မြင့်ကို မေးသည်။

'သူက ဘယ်သူလဲ ဘိုးဘိုး'

'ငါ့နတ်နန်းမှာနေတဲ့ နတ်သမီးတစ်ပါးပါ'

မျက်လုံးကို အဝတ် စည်းနေရင်းဖြေသည်။ မြင့်မြင့်မှာ လူနာမျိုးစုံနှင့် ကြုံတွေ့ဖူးသော်လည်း တည်တည်ကြီးနှင့်ပြောနေသော ဆရာဝန်ကြီး စကားကြောင့် ရယ်ချင်သွားသည်။ မြင့်မြင့်ကိုယ်တိုင် လူနာကို ထမင်း ခွံကျွေးရသည်။ လူနာသည် ရှောရှော ရှူရှူပင် စားနေသည်။

နောက်နေ့တွင် လူနာ၏ မိသားစုများ ရောက်လာပြီး အခြေအနေ မေးကြပြီး တွေ့ခွင့်တောင်းသည်။ ဆရာဝန်ကြီးက ခွင့်မပြု၍ စားသောက်ဖွယ်ရာများ ထားကာ ပြန်သွားကြသည်။ လူနာ၏ အမည်မှာ ဦးတင်ကျော်ဖြစ်သည်။ မြင့်မြင့်မှာ ဦးတင်ကျော်အကြောင်း မသိသေး၍ လက်ထောက် ဆရာဝန်နှင့် ဆေးရုံလုပ်သား ကိုခင်စန်းတို့ မေးရသည်။

'စီးပွားပျက် တာအဓိကပေါ့လေ။ အကြွေးတွေက ဝိုင်းနေ၊ ရှယ်ယာရှင်တွေကလည်း အတင်း ပြန်တောင်း၊ ပေးစရာငွေကမရှိ၊ နိုင်ငံခြားသွားတဲ့ သားကလည်း တိုက်ပေါ်က ပြုတ်ကျလို့လေ။ ဒီကြားထဲ မိန်းမက နောက်တစ်ယောက် နောက် ပါသွားဆိုတော့ ဒီလူမရူး ဘာခံနိုင်တော့မလဲ'

'ကျွတ် ကျွတ် လူဘဝများ သံဝေဂရစရာပဲနော်'

မြင့်မြင့်က ညည်းပြောလေး ပြောသည်။ လက်ထောက် ဆရာဝန်နှင့် ကိုခင်စန်းလည်း ဦးတင်ကျော် အခန်းသို့ သွားလျှင် အပေါ်ဖြူဖြူ၊ အောက်ဖွေးဖွေးဝတ်၍ ဝင်ကြရပြီး(လူနာ စိတ်ချမ်းသာရန်)နတ်သားများ လုပ်နေကြသည်။

ဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်၊ သူနာပြု မြင့်မြင့်နှင့် ဆေးရုံလုပ်သား ကိုခင်စန်းတို့ လေးယောက် ဦးတင်ကျော်အခန်းသို့ သွားသည်။ မြင့်မြင့်တို့အဖွဲ့ကို မြင်သည်နှင့် ဦးတင်ကျော်သည် ပြုံးပြုံးရွှင်ရွှင် စကားပြောသည်။ ဆရာဝန်ကြီးက လူနာကိုပြောသည်။

'ကဲ တင်ကျော်၊ မင်းရဲ့ နိမ့်နေတဲ့ကံ ပြန်ကောင်းလာပြီလားဆိုတာ စစ်းသပ်မယ်'

ဆရာဝန်ကြီးက လက်ထောက်ဆရာဝန်ကြီးကို စစ်းသပ်ခိုင်း၍ နားကြပ်နှင့် ထောက်၍စစ်းပြီး ကျန်းမာရေး အခြေအနေကို စစ်ဆေးသည်။ ပြီးသည်နှင့် ဦးတင်ကျော်က မေးသည်။

'ဘိုးဘိုးတို့ ကံကောင်းမကောင်း စစ်းတာကလည်း လည်ပင်းမှာ ဆွဲထားတဲ့ စိပ်

www.burmeseclassic.com

www.burmeseclassic.com

ပုတီးကြိုးတွေနဲ့ စမ်းသပ်တာပဲနော်။ အသက်မေး၊ လက္ခဏာကြည့်ပြီး စစ်တာလည်း မတွေ့ဘူး'

လူနာဦးတင်ကျော်၏ စကားသည် ရယ်စရာ ပါသော်လည်း တစ်ယောက်မျှ မရယ်ကြဘဲနေသည်။ ဆရာဝန်ကြီးက မှင်သေသေနှင့် ငေါက်ပြော ပြောလိုက်သည်။

'ဟေ့ နတ်ပြည်မှာက ဗေဒင်မလိုဘူး။ မင်းဟာ ကံကောင်းလာပြီ၊ နတ်သုဒ္ဓါစားစရာ မလိုတော့ဘူး။ လူတွေစားသလို ထမင်းပဲစားရတော့မယ်'

လူနာ ဦးတင်ကျော်ကို မျက်စိ အဝတ်မစည်းဘဲ ကိုယ်တိုင် ပန်းကန်ပြားကိုင်၍ စားစေသည်။ ဦးတင်ကျော်က ကောင်းကောင်း စားနေသည်။ အရင်လို ထမင်းပန်းကန်ပြားကို ကျောက်ခဲတွေ၊ အမှိုက်တွေဆိုပြီး ကန်ထုတ်မပစ်တော့ပေ။ ဆရာဝန်ကြီးနှင့်အဖွဲ့သည် ဦးတင်ကျော်၏ အခြေအနေကို ကြည့်ပြီး ပြုံးနေကြသည်။ လူနာ ဦးတင်ကျော်သည် အတော်ကြီး တိုးတက်ကောင်းမွန်လာပေသည်။

မနက် အိပ်ရာမှ ထသည်နှင့် ဦးတင်ကျော်၏ စိတ်သည် အထူးကြည်လင်သန့်ရှင်းနေသည်။ သူဘဝ သူ အခြေအနေကိုလည်း သိလာသည်။ သူဖြစ်ခဲ့သော၊ ကြုံတွေ့ခဲ့သော ပြဿနာများနှင့် လက်ရှိ ရောက်နေသော အဖြစ်ကို ဦးနှောက်ရှိသူပီပီ ချက်ချင်း နားလည်လိုက်သည်။

အခန်းတွင်းသို့ ဆရာဝန်ကြီး ဦးထွန်းလှိုင်တစ်ယောက်တည်း ဝင်လာသည်။ ဦးတင်ကျော်က ပုံမှန် နူတ်ဆက်လိုက်သည်။

'ဒေါက်တာတစ်ယောက်တည်းပါလား'

ဦးတင်ကျော်က ပြုံး၍ မေးသော်လည်း ဆရာဝန်ကြီး ဒေါသထွက်သည့် ပုံစံနှင့် မျက်လုံးကြီးပြူး၍ ကြည့်နေသည်။ ဦးတင်ကျော်လည်း သူ့စကားတွင် ဘာမှား၍လဲဟု တွေးနေမိသည်။

'မင်း ငါ့ကို ဘယ်လို ခေါ်လိုက်သလဲ၊ မောင်တင်ကျော် ပြန်ခေါ်စမ်း'

ဆရာဝန်ကြီး စကားကြောင့် ဦးတင်ကျော်သည် အနည်းငယ် စဉ်းစားလိုက်ရသည်။

'ဟို ဟို ဘိုးဘိုး ဘိုးဘိုး ကျွန်တော် မှားသွားပါတယ်'

ခုမှ ဆရာဝန်ကြီး ပြုံးလာသည်။ ပြောစရာရှိတာ ပြောပြီး ပြန်ထွက်သွားသည်။ လက်ထောက်ဆရာဝန်က ဆေးလုံးများနှင့် ရေဖန်ခွက်ကို ကိုင်၍ ရောက်လာသည်။

'အတွင်းအားရှိအောင် နတ်ဆေးဝါးတွေ မှီဝဲပါဦးနော်'

'ရိုးရိုးအင်္ကလိပ်ဆေး ဆိုရုံနဲ့ ရပါပြီ ဒေါက်တာရယ်'

ဦးတင်ကျော့် စကားကြားသည်နှင့် လက်ထောက်ဆရာဝန်လေးမှာ ဝမ်းသာ၍ သွားလေသည်။

'ဟာ ဦးလေး နေကောင်းသွားပြီနော်။ ဒါဆို ကျွန်တော် နတ်သားလုပ်စရာ မလိုတော့ဘူးပေါ့'

'မလိုတော့ပါဘူးဗျာ၊ ဒါပေမဲ့ စောစောက ဆရာဝန်ကြီးကို ဒေါက်တာလို့ခေါ်တော့ စိတ်ဆိုးသွားတယ်။ ဘိုးဘိုးလို့ခေါ်မှ ကျေနပ်တာ'

'အမှန်ဆို ဦးလေးက ကောင်းသွားပြီပဲ။ ဘိုးဘိုးတွေ ဘာတွေ ခေါ်စရာ မလိုတော့ပါဘူးဗျ'

'ဟုတ်ပါတယ်။ ဒါပေမဲ့ ဘိုးဘိုးမခေါ်ရင် စိတ်ဆိုးတာတော့ အမှန်ပဲ'

လက်ထောက်ဆရာဝန် အူလည်လည် ဖြစ်သွားသည်။

'အင်း ဆရာက ဦးလေးကို နောက်သွားတာ ဖြစ်မှာပါ။ ဦးလေးကို ပြောစရာရှိတယ်။ ဦးလေး ကြားခဲ့တဲ့ သတင်းတွေဟာ အမှန်မဟုတ်ဘူး။ တိုက်ပေါက်ပြုတ်ကျတယ်ဆိုတာ ဦးလေးသား မဟုတ်ဘူး။ ဦးလေးသားနဲ့အတူသွားတဲ့ တစ်ယောက်တဲ့။ ဦးလေးရဲ့ မိန်းမ နောက်တစ်ယောက် နောက် လိုက်သွားတယ်ဆိုတာလည်း မဟုတ်ဘူး။ အမှန်တော့ ခုကွယ်ရောက်နေတဲ့ အခ်ိန်မှာ အကူအညီ ရလို ရင်ခြား အမျိုးတွေဆီ အပူသွားကပ်တာပါ။ ဒါကို မလိုသူတွေက သူတို့အထင် သတင်းလွှင့်လိုက်ကြတာ'

'ဟာ တကယ်လား၊ တကယ် အမှန်တွေလား ဟင်'

'အမှန်ပေါ့ ဦးလေးရဲ့၊ လိမ်စရာမှ မဟုတ်တာ'

ဦးတင်ကျော် အမှန်ပင် ဝမ်းသာသွားသည်။ စိတ်လှုပ်ရှားနေ၍ အသက်ရှူသံမှာ အနည်းငယ် ကျယ်၍ မြန်နေသည်။

'ဦးလေးရဲ့ မိသားစုတွေလာရင် တွေ့ပေးပါ့မယ်'

နေ့လယ်ပိုင်းတွင် ဦးတင်ကျော်၏ မိန်းမနှင့်သား သမီးများ ရောက်လာသည်။

'ကို ကျော် ရှင်နေကောင်းသွားပြီနော်။ အိုး ဝမ်းသာလိုက်တာရှင်၊ ရှင့်ကို မျှော်လင့်လို့မှ ရပါ့မလားလို့ အားငယ်မိတာ။ သားကိုလည်း ပြန်ခေါ်လိုက်တယ်။ ခုဆို ကျွန်မရော၊ သားရော၊ သမီးရော အလုပ်တွေရနေပြီသိလား'

'မင်းတို့ကို ပင်ပန်းစေမိပြီကွာ။ ကြွေးရှင်တွေကရော အတင်း မတောင်းတော့ဘူးလား'

'တောင်းလွန်းလို့ ဆပ်လိုက်ပြီ။ ရှိတဲ့ လက်ဝတ်လက်စားတွေ၊ ကားတွေ ရောင်း၊ ကျွန်မတို့နေတဲ့ အိမ်ပါ ရောင်းဆပ်လိုက်တာ။ ခု ကျွန်မတို့ အိမ်ငှားပြီးနေတာ အဆင်ပြေပါတယ်'

ဦးတင်ကျော်မှာ အိမ်ရောင်းလိုက်ရသည် ဆိုသော်လည်း မိသားစု စုံစုံညီညီ တွေ့၍ အားလုံး ပျော်နေကြသည်။

ဦးတင်ကျော် ဆေးရုံမှ ဆင်းသွားသော်လည်း မြင့်မြင့်တို့မှာ ဆရာဝန်ကြီးရှေ့ ရောက်လျှင် ဘိုးဘိုးနတ်နန်းလုပ်နေကြရသေးသည်။ လက်ထောက်ဆရာဝန်က အခေါ်အပြော ပြောင်းသင့်ကြောင်း စ,ပြောလျှင် ဆရာဝန်ကြီးမှာ များစွာ စိတ်ဆိုး၍ တွေ့ရာနှင့် ကောက်ပေါက်လေသည်။

တစ်လခန့်ကြာလျှင် ဦးတင်ကျော်တစ်ယောက်

စာမျက်နှာ(၂၂၆)သို့...

www.burmeseclassic.com

www.burmeseclassic.com



စာသင်ကောင်စဉ်

ဒေါက်ကပ်စိုးဆန်းလား
စိုးဆန်းတာဒေါက်လား

www.burmeseclassic.com

JJJ ရွှေအမြွှာတေ ရုပ်စုံမဂ္ဂဇင်း စက်တင်ဘာ ၂၀၁၅

www.burmeseclassic.com

အမှတ် ၃၁၊ စက်တင်ဘာ၊ ၂၀၁၅

ရွာပြေးစာ

၁။

'ဂလွမ် ဂွမ် ဟမ် ဟမ်'
အဘွားစံခင့်လက်မှ လွတ်ကျတဲ့
အသံရယ်။ ဆူပွက်နေတဲ့ ထမင်းအိုးဖုံးကို
ကပျာကယာ လှပ်လိုက်ခြင်းပါ။ သူမ
အခုတလော စိတ်နဲ့ကိုယ် ကပ်တယ်မရှိ။
တိုင်ပင်မညီ။ တခြားစီ။ လူက
ထမင်းချက်နေပေမဲ့ သူ့စိတ်က
လက်ယက်ဖုန်းဆီလေ။ သူ့မြေးလေး
မောင်ဖိုးထော် ကူးစက်မြန် လက်ယက်ဖုန်း
ရောဂါ ခံစားနေရတဲ့ကိစ္စ။ ရွာထဲမှာ
ပျံနှံ့ခေတ်စားနေတာကလည်း
လက်ယက်ဖုန်း၊ လက်ယက်ဖုန်းနဲ့။
အင်္ဂလိပ်စာ နည်းနည်းပါးပါး
တတ်သိနားလည်တဲ့သူတွေက
တပ်စံခင်(Touch Screen)လို့ ခေါ်တာ
သူမ ကြားဖူးတယ်။
တပ်စံခင်ဆိုတာ ဟုတ်ချင်မှ ဟုတ်မယ်။
အဘွားစံခင်က မမှတ်မိမှာစိုးလို့
သူနာမည်နဲ့ တွဲမှတ်ထားတာပါ။
အဘွား စံခင်က နှယ်နှယ်ရရတော့
မဟုတ်ဘူး၊ အမှတ်အသား ကောင်းတယ်။
မမှတ်မိ မှတ်မိအောင်လည်း
သူ့ပတ်ဝန်းကျင်ရှိ နီးစပ်တဲ့
အမည်တွေနဲ့ တွဲမှတ်ထားတတ်တယ်။
သူ့မြေး လိုချင်နေတဲ့ လက်ယက်ဖုန်းက
တစ်သိန်းကျော်တန်။ အဘွားစံခင်
သူမ ဆံပင်ဖြူတွေကြား
လက်ချောင်းလေးတွေ ထိုးကုတ်
စဉ်းစားနေတယ်။ အတန်ကြာတော့မှ
'ဟူး' ခနဲ လေပြင်းတစ်ချက်
မှုတ်ထုတ်ပြီး ခေါင်းကိုသာ တွင်တွင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ခါနေတယ်။ အခု သူမလက်ထဲ တစ်သိန်းမပြောနဲ့ ငွေတစ်ရာဖိုးတောင် အကြော်ဝယ်စရာမရှိ။ သူမြေး ငယ်ငယ်ကဆို ကစားစရာ ပူဆာတာမှန်သမျှ ဝယ်ပေးခဲ့တာချည်းရယ်။ ဒါပေမဲ့ အခု ဝယ်ပေးရမှာက တကယ့် ဖုန်းအစစ်လေ။ ကစားစရာ မဟုတ်တော့ဘူး။ အရွယ်ရောက်လာတော့လည်း ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ဆိုတာ ရှိလာမှာပဲလို့ နားလည်ထားပေမဲ့ အခြေအနေက အခြေအနေပဲလေ။ ရွာထဲက တောင်သူကြီး သားသမီးတွေ၊ မြေရှိယာရှိတွေတော့ ဝယ်နိုင်ကြတာပေါ့။ အဘွားစံခင်တို့ ဘဝနဲ့ သူတို့ ဘဝ တူမှမတူကြတာ။

ပြေးပြေးလွှားလွှား ရေကြည့်တောင်ရတယ်။ တစ်အိမ်လုံးမှ ဒီမြေးအဘွား နှစ်ယောက်တည်းရယ်။ သူတို့မှာ အပိုဝင်ငွေဆိုလို့ရှိတာ မဟုတ်ဘူး။ ပုံမှန်ဝင်ငွေလေး ရှိတာ။ ပုံမှန်ဝင်ငွေဆိုလို့လည်း အထင်မကြီးလိုက်နဲ့ဦး။ နှစ်စဉ် သူမြေးလေး အပွားကျောင်းတဲ့ ဆိတ်အုပ် ရောင်းရငွေပြောတာ။ ဆိတ်ဆိုတာ ကလည်း အခုငွေလို အခုရောင်း ခွံတာ မဟုတ်ဘူး။ ဒီရွာမှာတော့ ကြက်လို တစ်ကောင် နှစ်ကောင်စ ဝယ်မယ့်သူ မရှိဘူး။ မြို့နဲ့ဝေးလံခေါင်တီးတော့ ဝယ်သူ လာပြန်ရင်လည်း အုပ်လိုက်ကျင်းလိုက် ဝယ်သွားကြတာ များတယ်။ ရောင်းလို့ရတဲ့ ပိုက်ဆံဆိုတာကလည်း သူတို့ချည်း မရဘူး။ ဆိတ်ပိုင်ရှင်ကို တစ်ဝက် ပေးရတယ်။ ကနဦး ပိုင်ရှင် ဝယ်ပေးတဲ့ ဆိတ်အုပ်မှ

ရွာမှာ အင်တာနက်တို့ ဖေစ်ဘွတ်ခ်တို့ ဗိုင်ဘာတို့ဆိုတာ ကြားဖူးကြတာ မဟုတ်ဘူးရယ် လက်ယက်ဖုန်း မြင်ဖူးသူတောင် ခပ်ရှား ရှားရယ် အပြင်ထွက် အလုပ်လုပ်သူ မြို့နေဖူးသူတွေ လောက် မြင်ဖူးကြတာ

ပေါက်ပွားလာတဲ့ ဆိတ်တွေကို တစ်ယောက်တစ်ဝက် ခွဲယူရတဲ့သဘော။ ဒါကို 'အပွား' ကျောင်းတာလို့ ခေါ်တာ။

ဒီနှစ် နွေပေါက်တုန်းက ဆိတ်ရောင်းရငွေနဲ့ တစ်နှစ်စာ ဆန်တွေချည်း ဝယ်ပစ်တယ်။ အဲဒီတုန်းက အခုလို လက်ယက်ဖုန်း ဝယ်ချင်တယ်ပြောရင် ဆန်ဝယ်ဖြစ်မယ် မထင်ဘူး။ ဆန်ကို ပြန်ရောင်းပြီး လက်ယက်ဖုန်း ဝယ်မယ်ဆိုလည်း အဘွားစံခင် မဝယ်ရက်။ ဆန်ဆိုတာ စားရေးအတွက် အဓိက အမာခံ မဟုတ်လား။ သူမ ခံယူထားတာက ဆန်ရှိရင် ထမင်းမငတ်ဘူးတဲ့လေ။ ဟုတ်တော့လည်း ဟုတ်တယ်။ သူမ ဟင်းချက်စရာ ဝယ်တယ်ဆိုတာ ရှားတယ်။ ညနေဆို တုတ်ကောက်ကောက်လေးရှာ။ ရွာစည်းရိုးတွေ၊ လမ်းဘေးချုံပုတ်တွေဆီ ဟင်းရွက်ရှာ ထွက်တော့တာပဲ။ အချိန်တန်တော့လည်း ပြည်ပန်းညှိရွက်၊ ကင်းပုံရွက်၊ ကင်းပုံသီး၊ ကြက်ဟင်းခါးသီးတွေက သူဖျင်ကြမ်းလွယ်အိတ်ထဲ ဝင်လာကြတော့တာပဲ။ နေမဝင်သေးလို့ အချိန်ရရင် ကြောင်လျှာပင် အောက် ကြောင်လျှာပွင့် ဝင်ရှာလိုက်သေး။

❑

J။

သူမြေး လက်ယက်ဖုန်း ရောဂါ ကူးစက်ခံရတာ ဒီလိုရယ်။ တစ်ရွာတည်းသား GTC ကျောင်းသား ဝင်းဇော်က သူ အင်တာနက်သုံးရင် ဖိုးထော်ကို ဗဟုသုတအဖြစ် ခေါ်ပြတယ်။ အစက သူ မကြည့်ချင်ဘူး၊ စိတ်လည်း မဝင်စားဘူး။ ဝင်းဇော်ကို အားနာလို့ ဝတ်ကျေတမ်းကျေ လောက်သာ ကြည့်ပေးခဲ့တယ်။ ခေါ်ပြရင် ကြည့်ပေးသလို ပြောပြရင်လည်း အားနာပါးနာနဲ့ နားထောင်ပေးတယ်။ အမှန်တော့ ဝင်းဇော်ကလည်း သူ့ကို ဗဟုသုတ ရစေချင်တာပါ။ ဖိုးထော်မှ မဟုတ်ဘူး၊ ရွာထဲက နီးစပ်ရာ မြင်တဲ့သူတိုင်း ခေါ်ခေါ်ပြတယ်။ သူ့ရွာသားတွေ အောက်တန်းမကျစေချင်တဲ့ စေတနာနဲ့ပေါ့။ ဒီလိုနဲ့ ရွာထဲက လူငယ်တွေလည်း တစ်စတစ်စ စိတ်ဝင်စားလာကြတယ်။ နောက်ပိုင်းကျ ပုရွက်ဆိတ် ထန်းလျက်နဲ့ ရသလိုဝင်းဇော့်အနား လူငယ်တစ်သိုက် အုံခဲနေတော့တယ်။ မျက်တောင်မခတ် မြိန်ရေရှက်ရေ ဝိုင်းအုံကြည့်နေကြတော့တယ်။ ဖိုးထော်ကို စွဲလမ်းသွားစေတာက ဖေစ်ဘွတ်ခ်ထဲက အလန်းလေးတွေ။

နဂိုက ရွာမှာ အင်တာနက်တို့၊ ဖေစ်ဘွတ်ခ်တို့၊ ဗိုင်ဘာတို့ဆိုတာ ကြားဖူးကြတာ မဟုတ်ဘူးရယ်။ လက်ယက်ဖုန်း မြင်ဖူးသူတောင် ခပ်ရှားရှားရယ်။ အပြင်ထွက်အလုပ်လုပ်သူ၊ မြို့နေဖူးသူတွေ လောက် မြင်ဖူးကြတာ။ ဘယ်မြင်ဖူးမလဲ ရွာမှာ ရှိမှ မရှိတာ။ ရွာထဲရှိတဲ့ တစ်လုံးကလည်း အထိုင်ခွက်နဲ့ဖုန်း၊ ကြိုးဖုန်းရယ်။ ကျောက်တွင်း၊ ရန်ကုန်၊ မလေးရှား၊ စင်ကာပူ စတဲ့ အဝေးရောက် သူတွေ ဒီဖုန်းနဲ့ပဲ ခေါ်ကြ၊ ပြောကြရတာ။ ဒီတစ်လုံးပဲ ရှိတာကိုး။ ဖုန်းစျေးကလည်း အဲဒီခေတ်အခါက သိန်း ၃၀ လောက်ဆိုတော့ ဝယ်နိုင်တဲ့ သူ ခပ်ရှားရှားရယ်။ ရွာက ကိုမြဆောင်တစ်ယောက်သာ ဝယ်နိုင်တာ။ သူ မသေခင်က အဲဒီဖုန်းတစ်လုံးနဲ့ လုပ်စားသွားတာ။ တစ်မိနစ်ကို ခေါ်ရင် ၃၀၀ ကျပ်၊ နာရီထောင်ရင် ၂၀၀ တောင်းတယ်။ စျေးများလည်း ဆက်စရာ မရှိတော့ သူ့ဆီပဲ ဆက်ကြရတာ။ အရေးနဲ့အရေး ဆက်သွယ်လို့ရလို့ ကိုမြဆောင်ကို တောင်လွတ်

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတင်နေကြတာ။

အခုများတော့ ရွာမှာတောင် အမ်ပီတီ၊ အော်ရီဒူး၊ တယ်လီနော့်တိုင်တွေ ထူပြီးပြီ။ ဖုန်းလိုင်း ကောင်းမှကောင်း၊ ရှင်းမှရှင်း။ အင်တာနက်လိုင်းဆိုလည်း ဖလော ဖလောနဲ့၊ မြန်သလား မမေးနဲ့။ ဖုန်းခေါ်ခလည်း တစ်မိနစ် ၂၅ ကျပ်၊ အလွန်ဆုံး ၃၅ ကျပ်ပဲ ကျတော့တာ။ ဒါကြောင့် ရွာထဲက သူတွေက မြေအောက်အိပ်နေတဲ့ ကိုမြဆောင်ကို နှိုးပြီး 'ဖုန်းတစ်လုံးနဲ့ လုပ်စားလှည့်ပါဦး'လို့ ပြောချင်နေကြတာ။ အခုများ ဆင်းကဒ်တန်ဖိုး ၁၅၀၀ တဲ့။ ဆင်းကဒ် ၁၅၀၀ ဆိုပေမဲ့ ဖိုးထော် ခံစားနေရတာက တစ်သိန်းကျော်တန် လက်ယက်ဖုန်းရောဂါ။

သူရောဂါက တဖြည်းဖြည်းနဲ့ ရင့်လာတယ်။ ဆိတ်ကျောင်းပြန် အိမ်မကပ်တော့ဘူး။ လက်ယက်ဖုန်း ကလိသူတွေနောက်က အရည်မရ အဖတ်မရ လိုက်လိုက်ကြည့် နေတော့တာ။ ကလိတဲ့သူ နေရာ ရွှေလည်း ရွှေတဲ့ဆီလိုက်တာပဲ။ သူလည်း လက်နဲ့ ထိကြည့်ရရှာတာ မဟုတ်ဘူး။ ပြောလို့သာ ပြောတာ၊ ဖိုးထော် ငယ်ငယ်လေးက တည်းက ကိုယ်ပိုင်မဟုတ်ရင် ကိုင်ခိုင်းတောင် ကိုင်ကြည့်ချင်တာ ဟုတ်ဘူးရယ်။ အဘွားစံခင် သူမြေး ဖိုးထော့်မာနကို သိပြီးသားရယ်။ အဘွားစံခင် ဖိုးထော်ရဲ့ အဖြစ်ကို စိတ်မကောင်းဖြစ်မိတိုင်း သူနားရွက်လေးကို စမ်းစမ်းကြည့် ဖြစ်တယ်။ စမ်းစမ်းကြည့်တိုင်းလည်း

သူရောဂါက တဖြည်းဖြည်းနဲ့ ရင့်လာတယ် ဆိတ်ကျောင်းပြန် အိမ်မကပ်တော့ဘူး လက်ယက်ဖုန်း ကလိသူတွေ နောက်က အရည်မရ အဖတ်မရ လိုက်လိုက်ကြည့် နေတော့တာ ကလိတဲ့သူ နေရာရွှေလည်း ရွှေတဲ့ဆီ လိုက်တာပဲ သူလည်း လက်နဲ့ ထိကြည့်ရရှာတာ မဟုတ်ဘူး

ဝေခွဲမရ ဖြစ်ရတယ်။ ဇဝေ ဇဝါနဲ့ပေါ့။ ဆုံးဖြတ်ချက် တိတိပပရယ်လို့ထွက်မလာဘူး။

❑

၃။

အခုတော့ ဖိုးထော်မှာ လက်ယက်ဖုန်း ပိုင်ဆိုင်ခွင့် ရပြီ။ ဖုန်းရပြီးကတည်းက ဝင်းဇော်အိမ်က ပြန်တယ်မရှိဘူး။ ဖုန်းသုံးနည်း၊ အင်တာနက်သုံးနည်း သင်နေတာတဲ့လေ။ သူလည်း ဝင်းဇော်စနေ၊ တနင်္ဂနွေ ရွာပြန်လာခိုက် အမိအရကို သင်နေတော့တာ။ ဝင်းဇော်က သူ့အတွက် သူနာမည်နဲ့ ဖေ့စ်ဘွတ်ခ် ဖွင့်ပေးထားတယ်။ ဂျီမေးနာမည် ကလည်း ဖိုးထော်ဒေါ်ဆိတ်ကျောင်း ဂျီမေးဒေါ်ကွန်းတဲ့လေ။ ဖိုးထော် အတိုင်းမသိ ပျော်နေတယ်။ ဝင်းဇော်ကိုလည်း လှိုက်လှိုက်လဲ့လဲ့ကြီးကို ကျေးဇူးတင်နေရှာတာ။ သူနာမည် အသုံးပြုခွင့်ရလို့တဲ့လေ။ နောက်ပြီး ဖေ့စ်ဘွတ်ခ်ပရိုဖိုင်မှာ ဆိတ်ကျောင်းနေတဲ့ သူ့ပုံ တင်ရတာကို အရသာရှိနေရှာတာ။

ဝင်းဇော်ကလည်း သူ့ကို ဖုန်းသုံးနည်း၊ အင်တာနက်သုံးနည်းတွေကို စိတ်ရှည်ရှည်နဲ့ သင်ပေးရှာတယ်။ ဒါပေမဲ့ ဖိုးထော် နည်းနည်းပါးပါးသာ မှတ်မိတယ်။ ဘာလို့လဲဆိုတော့ သူခမျာ ၅ တန်းထိပဲ နေဖူးရှာတာ။ ဒါတောင် ဖုန်းစတင်း(Setting)မှာမြန်မာဘာသာ ပြောင်းပေးထားလို့ တော်သေးတယ်။ အင်္ဂလိပ်စာနဲ့ ရိုက်မှရတဲ့ဟာကျရင် စာရွက်လေးနဲ့ လိုက်မှတ်ထားရှာတယ်။ ဝင်းဇော်ကတော့ များများလေ့ကျင့်၊ များများစမ်းသပ်ရင်းနဲ့ ကျွမ်းကျင်လာမယ်လို့ အားပေးသွားတယ်။ ဖိုးထော်လည်း စမ်းသပ်သလား မမေးနဲ့၊ တပွက်ပွက်နဲ့ ည အိပ်တယ် မရှိဘူး။ အခါတိုင်းတော့ ဘွားစံခင် ဗိုင်းငင်ပြီးလောက်ဆို အိပ်နှင့်ပြီ။ အခုများ အဲဒီ အချိန် မအိပ်သေးဘူး။ တစ်ခါတလေ တစ်ချက် (တစ်နာရီ)လောက် ထိုရောက်တယ်။ အဘွားစံခင် သိတာပေါ့။ လူကြီးဆိုတော့ အအိပ်အနေ နည်းတယ်လေ။ ဖုန်းနှိပ်သံ တပွက်ပွက် ကြားနေရတော့ ပိုလို့တောင် အိပ်မပျော်ဘူး။ အဘွားစံခင်လည်း အိပ်ချိန်တွေ အကျင့်ပျက်နေတယ်။ သူမြေးအိပ်မှ သူလည်း အိပ်ပျော်တော့တယ်။

ဖိုးထော် ဆိတ်ကျောင်းရာလည်း ဖုန်းကို လက်ကမချဘူး။ သွားရင်းလာရင်း ဟိုကလိ၊ ဒီကလိ။ တဝိုဝိုု၊ တပွက်ပွက်နဲ့ရယ်။ တစ်ခါတလေ သူဆိတ်တွေ ဘယ်ရောက်လို့ရောက်မှန်း မသိလိုက်ဘူး။ ဖုန်းကိုပဲ အာရုံစိုက်နေတာကိုး။ ဟိုတလောက ကိုရင်သာချို့ ကုလားပဲခင်း သူ့ဆိတ်အုပ် ဝင်စားသေးတယ်။ ဖျာနှစ်ချပ်၊ သုံးချပ်စာလောက် ပြောင်တလင်းခါသွားတယ်။ ဒါတောင် ကိုရင်သာချို့ အသိစောလို့။ နို့မို့ မလွယ်ဘူး။ တစ်ခင်းလုံး ကုန်သွားနိုင်တယ်။ ကိုရင်သာချို့က ရွာသူကြီးတိုင်လို့ ဘွားစံခင် မနည်း တောင်းပန်ထားရတယ်။

❑

၄။

ဒီနေ့ တဝိုတွဲလကွယ်ရက်။ ဆောင်းရဲ့ အကြွင်းကျန်တွေကို ပေါပေါပဲပဲနဲ့ ပေးနေတာလားမသိ၊ ချမ်းစိမ့်စိမ့်နဲ့ရယ်။ ဒါပေမဲ့ ဘွားစံခင် ရင်ထဲမှာတော့ ပူလောင်နေတယ်။ သူမြေး တစ်ခုခုများ ဖြစ်နေရော့လား၊ မပြောကောင်း မဆိုကောင်း ပိုးကောင် မွားကောင်ထိလို့လား။ ဘွားစံခင် စိတ်ပူနေရှာတယ်။ ဆိတ်တွေကတော့ သူတို့ဘာသာ ပြန်လာတာ၊ သူမြေးက ဘယ်ဆီဘယ်ဝယ်မသိ။ နေဝင်ရင် ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com

နိုးနိုး မျော်ကြည့်တော့လည်း ပေါ်မလာ။ တောပြန်နောက် ကျသူတွေ မေးတော့လည်း မသိကြ၊ မတွေ့ခဲ့ကြဘူးတဲ့လေ။ ဘွားစံခမျာ ဟိုမေး ဒီမေးနဲ့။ ရွာထဲမှာ ခွေး တရောင်းရောင်း၊ တဝေါင်း ဝေါင်းနဲ့ပေါ့။

ဖိုးထော့်သူငယ်ချင်း လေးတွေက လိုက်ရှာပေး မယ် ပြောတယ်။ ဒါပေမဲ့ ဘွားစံခင်ရော လိုက်မယ်တဲ့လေ။ လူငယ်လေးတွေက ဘွားစံခင်ကို ညမှောင်မှောင် မလိုက်စေချင်ဘူး။ ဘွားစံခင်က ထဘီတိုတိုဝတ်၊ ဓားမတို ခါးကြားထိုး၊ လက်နှိပ်မီး မောင်းတင် ရွှေကတောင် ထွက်နှင့်တယ်။ မြေးကိုချစ်တဲ့ ဇောနဲ့ပေါ့။ ညကြီးမှောင် မှောင်မှာ ဖိုးထော် ကျောင်းနေကျ တောတွေ၊ ယာတွေဆီ လိုက်ရှာကြတယ်။ နေရာတွေ နှံ့ပြီ မတွေ့ဘူး။ ဒီတော့ ဘွားစံခင် စိုးရိမ်မှုကတော့ ထိပ်ဖျားတက်သွားတယ်။ မျက်စိတွေလည်းပြာဝေသွားတယ်။ သူတို့လည်း လက်လျှော့ပြီး ရွာဘက် ပြန်အလှည့်၊ အဝေးတစ်နေရာက မီးရောင်ပျပျလေး မြင်လိုက်ရတယ်။ ဘွားစံခင် အားတက်လာပြန်တယ်။ မီးရောင်ရှိရာ ဦးတည်သွားကြတယ်။ နီးလာလို့လား မသိဘူး မီးရောင်က တဖြည်းဖြည်းနဲ့ ပိပြင်လာတယ်။ မီးရောင်နဲ့ အရမ်းနီးလာတော့ လူငယ်တွေက သရဲမီးလို့ ထင်ကြတယ်။ ရှေ့က မသွားရဲကြတော့ဘူး။ တစ်ယောက်နဲ့ တစ်ယောက် ရှေ့ကို တွန်းထုတ်နေကြတယ်။ ဘွားစံခင်ကတော့ ကြောက်စိတ်ကို ဘယ်က ပြန်တောင်းလို့ တောင်းရမှန်းတောင် မသိဘူး။ သူမှာ မရှိတော့ဘူး။ မီးရောင်ထဲက သူမြေး အင်္ကျီအနီရောင်လည်း မြင်ရော ဝမ်းသာမှုက ထိပ်ဖျားတက်သွားပြန်တယ်။ ဘွားစံခင်လည်း အားရာဝမ်းသာနဲ့ အော်ခေါ်ပစ်လိုက်တယ်။ ဘွားစံခင့် အသံကြားမှ ဖိုးထော် ပတ်ဝန်းကျင်ကို သတိထားမိတယ်။

'ဟာ အဘွားတို့ပါလား'။ ပြီးတော့ ကောင်းကင်ကို ဖျတ်ခနဲ မော့ကြည့်ရင်း…

'ကြယ်တွေ၊ လတွေတောင် စုံနေပါပေါ့လား'တဲ့။

ဖိုးထော့် သူငယ်ချင်းတွေက ဖိုးထော်ကို ပြန်မလာလို့ ငေါက်လားငမ်းလား လုပ်ကြတယ်။ 'သူဆိတ်တွေ ဘယ်ရောက်နေလဲဆို တာ ဂူးဂဲမက် (Google Maps)က နေ ရှာရင်းနဲ့ မှောင်သွားမှန်း တောင် မသိလိုက်ဘူး'ဖြေတော့ ဟက်ဟက်ပက်ပက် ရယ်လိုက်ကြတာ။ ဘွားစံခင်ကတော့ မရယ်အားဘူး။ သူနားရွက်လေး စမ်းစမ်းကြည့်ရင်း သူ့စိတ်ထဲမှာ ပြောနေရှာတယ်။

'ကြယ်တွေလတွေ စုံတာတောင် အခုချိန်မှသိရင် သူနားက နားကပ်မရှိတော့တာ ဘယ်ချိန်မှ သိမှာလဲ'တဲ့လေ။ ■

ဆည်းဆာသစ်

စာမျက်နှာ(၂၁)မှ…

လက်ဆောင်ပစ္စည်းများ ယူဆောင်၍ ဆေးရုံသို့ ရောက်လာသည်။ ဆရာဝန်ကြီးနှင့် တွေ့သည်။

'ဒေါက်တာ ကြိုက်မယ်ထင်တာလေးတွေ လမ်းကြုံလို့ ဝယ်လာတာ'

'ဟော့ကောင် မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ'

အစတော့ ဦးတင်ကျော် ကြောင်နေသည်။ နောက်မှ သတိတစ်ချက် လက်ခနဲ ပေါ်လာသည်။

'ဩော် ဘိုးဘိုးရယ်၊ ကျွန်တော်က မေ့သွားလို့ပါ'

'မင်း မေ့တတ်ရင် ငါ့နှတ်နှန်းကို မလာနဲ့'

အတည်ပေါက် ပြောနေသော စကားကြောင့် ဦးတင်ကျော်မှာ ရယ်ချင်လှသည်။ ဆရာဝန်ကြီးရှေ့ဖြစ်၍ မနည်းကြိုး အောင့်ထားရသည်။ ကြာကြာနေလျှင် ရယ်မိမည်စိုး၍ နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ ဆေးရုံအထွက်တွင် ဆေးရုံလုပ်သား ကိုခင်စန်းနှင့် တွေ့သည်။

'မောင်ခင်စန်းရေ၊ ဦးလည်း နေကောင်းသွားနေပြီကွာ။ မင်းတို့ ဆရာက ခုထိ ဘိုးဘိုးတွေ၊ နှတ်နှန်းတွေ လုပ်တုန်းပါလားကွ'

ကိုခင်စန်းသည် စိတ်ညစ်ညစ်နှင့် ပြုံးပြလိုက်ရတော့သည်။ ဆရာဝန်ကြီးမှာ တခြားလူနာနှင့် လူနာရှင်များကိုလည်း ဘိုးဘိုးကြီးနှတ်နှန်း လုပ်ပြန်သည်။ လက်ထောက် ဆရာဝန်၊ သူနာပြု မြင့်မြင့်၊ ဆေးရုံလုပ်သား ကိုခင်စန်းတို့ သုံးဦး တိုင်ပင်ပြီး ဆရာဝန်ကြီး ရုံးခန်းထဲ ဝင်လာခဲ့ကြသည်။ မိမိတို့ ဆရာတပည့် များအကြားတွင် အပျော်သဘော ဘိုးဘိုး၊ နှတ်နှန်း ပြောနေသော်လည်း တခြားတွင် မပြောသင့်ကြောင်း ရှင်းပြကြသည်။ ဆရာဝန်ကြီးက သူတို့အဖွဲ့ကို ကြည့်၍ စဉ်းစားပြီး ဆုံးဖြတ်ချက် ချလိုက်ပုံကို တွေ့ရသည်။ သူတို့အဖွဲ့က သူတို့ပြောစကားကို သူတို့ဆရာ နားလည်သွားပြီ ထင်နေကြသည်။ ဆရာဝန်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြောသည်။

'အင်း ဒီပုံအတိုင်းဆိုရင်တော့ ငါ့နှတ်နှန်းက နှတ်သား၊ နှတ်သမီးတွေ ရှားကုန်ကြတော့မှာပဲ။ လောလော ဆယ် စိတ်ငြိမ်ဆေး ထိုးပေးဦးမှ'

ဆရာဝန်ကြီးက ပြောပြောဆိုဆို ဆေးထိုးပိုက်များနှင့် ဆေးများ ပြင်ဆင်၍နေလေသည်။ မြင့်မြင့်တို့အဖွဲ့သည် အစတွင် နောက်သည်ထင်၍ ငေးကြည့်နေကြသည်။

'ကဲ ဘယ်သူကို အရင်ဆုံး စ,ထိုးရမလဲ'

ဆေးထိုးပိုက်တစ်ခုကို ကိုင်ရင်း ဆရာဝန်ကြီးက ပြောမှ ဒါ အတည်မှန်းသိကာ ကြောက်လန့်တကြားနှင့် ဆရာဝန်ကြီး၏ ရုံးခန်းအပြင် ဘက်သို့ အလုအယက် ပြေးထွက်သွားလေတော့သည်။ ဆရာဝန်ကြီးသည် သူ၏ ရုံးခန်းထဲတွင် ဆေးထိုးပိုက် ကိုင်၍-

'ပြန်လာခဲ့ ပြန်လာခဲ့' ဟု အော်ဟစ်ရင်း ကျန်ခဲ့လေတော့သည်။ ■

ရေမင်းနွယ်

www.burmeseclassic.com

www.burmeseclassic.com

သီတာရေဟု
ခေါ်လျက်
အိမ်ရှေ့အိမ်က
မခင်အေး
အိမ်ပေါ်တက်လာတော့
မြသီတာ
အိပ်ရာက ထခါစ
ရှိပါသေးသည်။
မခင်အေးက
တအံ့တသြကြည့်ပြီး
ခုမှ ထ,တာလား။
ဒီနေ့ ဥပုသ်နေ့လေ ဟု
ဆိုသည်။
တကယ်တော့
အဖိတ်တို့၊ ဥပုသ်တို့ဆိုတာ
မြသီတာဘဝမှာ
သိပ်အကျွမ်းတဝင်
မရှိလှပါ။ ရုံးပိတ်၊
ကျောင်းပိတ်အဖြစ်
စနေ၊ တနင်္ဂနွေသာ
မှတ်မှတ်ထင်ထင်
ရှိသည်။
'ဥပုသ်ကျောင်းသွားဖို့
လာခေါ်တာ
သီလသွားယူမလို့လေ။
ဒီမှာတော့ ဥပုသ်စောင့်ရင်
ဘုန်းကြီးကျောင်းမှာပဲ
သီလယူကြတာ။
သီတာ ဥပုသ်စောင့်မှာ
မဟုတ်လား၊ လုပ်လေ
စောင့်နေမယ်။
ရုစ်နာရီမှ သီလပေးတာ'
လူတွေကို အားနာတတ်ပြီး
အားလုံးအပေါ်
လိုက်လျောညီထွေ
နေတတ်သည့်
မြသီတာ
အဝတ်အစားလဲပြီး
မခင်အေးနောက်
ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မြသီတာ မျက်ဝန်းထဲ မျက်ရည်တို့ ပြည့်တက်လာသည်။

'သီတာ ညည်း ထမင်း မချက်နဲ့တော့၊ ငါ့ဆီ လာစားလှည့်။ ခုတစ်ခါတည်း လိုက်ခဲ့လိုက်လေ ဘာအလုပ်မှ မရှိတာ'

မခင်အေးကို မြသီတာ အားနာရပြန်သည်။ ဒီမြို့ ရောက်တာ နှစ်ပတ်နီးပါးရှိပြီ၊ ကျော်စွာက သူတတ်နိုင်တာလေးတွေ အဆင်ပြေအောင်တော့ လုပ်ပေးသွားခဲ့သည်။ ဒါပေမဲ့ ထမင်းစားချိန်ဆို မခင်အေးအပါအဝင် အိမ်နီးနားချင်းတို့ဆီက ဟင်းတစ်ခွက်စီတော့ မြသီတာထံ ရောက်သည်။ အိမ်ဝိုင်းတစ်ခုနှင့်တစ်ခုက ခြံစည်းရိုး မရှိဘဲ အားလုံးက ဆွေမျိုးသားချင်းတွေချည်း ဆိုတော့ တောရွာမလေ့ မြသီတာကို စောင့်ရှောက်ကြပါသည်။ ကျော်စွာမှာက မိဘတွေ မရှိကြတော့ပေ။ နောက်ပိုင်း မြသီတာ ကိုယ်တိုင်က ပြည့်ပြည့်ဖြိုးဖြိုး ဆိုပေမဲ့ ဒီရောက်ကတည်းက ကျန်းမာရေးက သိပ်အကောင်းကြီး မဟုတ်။

မျက်ဝန်းထဲ အဖြူအစိမ်းလေးတွေကို မြင်မိတော့ မြသီတာရင်ထဲ အသက်ရှူကျပ်လာသည်။

'သားလေး ငါ့သားလေး'

အသံမထွက်ဘဲ ရင်ထဲက အော်ဟစ်နေမိသည်။ ခပ်လှမ်းလှမ်းက အိမ်ဝိုင်းဆီ အကြည့်ရောက်တော့ သားငယ်၏ နာကြည်းနာကျင်သည့် မျက်ဝန်းလေးတွေကို

ထိုညက
မြသီတာ
ညဉ့်အတော်လေး
နက်မှ
အိပ်ပျော်သည်
တကယ်တော့
အဲလို
စကားနှုန်းတွေ
မြသီတာ
မကြားရတာ
အိမ်ထောင်ကျပြီး
ကတည်းက
ဖြစ်ပါသည်

အတူလျှောက်လာရင်း မခင်အေးက ဆိုသည်။ ကျောင်းဝန်းအတွင်း မြသီတာ ဝင်ဝဲကြည့်မိသည်။ တိုင်လုံးကြီးတွေ အများကြီးဖြင့် ဆောက်ထားသော ကျောင်းဆောင်ကြီးက သစ်ရိပ်၊ ဝါးရိပ်တို့အောက် အေးချမ်းလှသည်။ ကျောင်းရှေ့တွင် ကြာတွေ ပြည့်နေသည့်ကန်ကြီး ရှိသည်။ ရောမန်ကြီးကို ကွေ့ပတ်လျက် မြေသားလမ်းလေးအတိုင်း မြသီတာတို့ လျှောက်လာကြသည်။

'ကျော်စွာက ဘယ်လောက်ကြာဦးမှာတဲ့လဲ'

ပတ်ဝန်းကျင်ကို ငေးမောရင်း လျှောက်လာသည့် မြသီတာ မခင်အေး အမေးကြောင့် ခေါင်းကို ခါလျက် မသိပါဘူး မခင်အေးရယ်ဟု ဆိုမိသည်။

'ဖုန်းတော့ ဆက်တယ် မဟုတ်လား'

'တစ်နေ့တစ်ခါတော့ ဆက်ပါတယ်'

မခင်အေးက သက်ပြင်းချပြီး-

'အေးပါဟယ်၊ အကြောင်းကိစ္စရှိရင် ငါတို့ ပြောပေါ့၊ ညလည်း ငါလာအိပ်ပါ့မယ်'

ကျေးဇူးတင်ပါတယ် မခင်အေးရယ်ဟု ဆိုမိသည်။

ထိုအခိုက် အဖြူအစိမ်းဝတ် ကလေးတစ်သိုက် မြသီတာတို့ကို ဖြတ်ကျော်သွားသည်။

ဒီနေ့ ကျောင်းမပိတ်ဘူးလားဟု မြသီတာ တွေးမိဆဲ၊ မခင်အေးက ဒီနေ့ကျောင်းမှာ အပိုချိန်ရှိတယ်ထင်တယ်ဟု ပြောသည်။

ဘုန်းကြီးကျောင်း ရောက်တော့ သီလလာယူသူအချို့က မြသီတာကို စူးစမ်းကြသည်။ ရွာကြီးသာသာ တိုက်နယ်မြို့လေးဆိုတော့ တစ်ယောက်နဲ့တစ်ယောက်က ရင်းနှီးကျွမ်းဝင်ကြပြီးသားတွေ။ မြသီတာကို လူစိမ်းဆိုတာကြည့်လိုက်တာနှင့် သိကြသည်။

'ဒါ တပည့်တော် မောင်လေးဝမ်းကွဲ ဇနီးပါ ဘုရား၊ ခုမှ အိမ်ထောင်ကျပြီး လိုက်နေတာပါ ဘုရား'

ကျောင်းထိုင် ဆရာတော်ကြီးကို မခင်အေးက လျှောက်နေသည်။ ခုခေတ်ထဲ ယဉ်ကျေးမှုတွေ ကူးလူးဆက်ဆံတာ ဘယ်လောက် မြန်တယ်ဆိုဆို၊ ရန်ကုန်နဲ့ တောရွာလေး ကွာတော့ ကွာသေးသည်ပင်။ ခုလည်း စတပ်ဆံပင်အလိပ်ကြီးကောက် ပခုံးပေါ်ဝဲ၊ ခပ်ပြည့်ပြည့် ကိုယ်နေဟန်ထားဖြင့်၊ အသားဖွေးဖွေး၊ မျက်ဝန်းနက်နက်ကြီးနဲ့ မြသီတာပုံစံက ဘုန်းကြီးကျောင်းမှာ ထင်းခနဲ ဖြစ်နေသည်။ အသက်လေးဆယ်အရွယ် အမျိုးသမီးတစ်ယောက်၏ အစွမ်းကုန်အလှက အားလုံးကို စိတ်ဝင်တစား ဖြစ်စေခဲ့သည်။

လူမှုကိစ္စတွေကို သိပ်စပ်စပ်စုစု မရှိလှသည့် ဆရာတော်ကြီးကတော့ မြသီတာကိုလည်း ထူးခြားဟန်မပြပါ။ အမျိုးသားများနှင့် ပြောလက်စ စကားကို ဆက်ပြောနေသည်။

သီလယူပြီးတော့ ဥပုသ်သည်တွေကို မုန့်ဟင်းခါး ကျွေးသည်။ တစ်ဝိုင်းတည်း စားသူတို့ကို မခင်အေးက မြသီတာနှင့် မိတ်ဆက်ပေးပြန်သည်။ မြသီတာ နေရထိုင်ရ ခက်ရပြန်သည်။

အချို့ ဥပုသ်သည်တို့က ထမင်းချိုင့် တစ်ခါတည်း ပါကြသည်။ တစ်နေ့လုံး ကျောင်းမှာ နေကြမည်ထင်သည်။ မုန့်ဟင်းခါးစားပြီး မြသီတာတို့နှစ်ယောက် ပြန်ဖို့ ပြင်ကြသည်။

'အိမ်မှာ ဘုရားဆွမ်းကပ်၊ ထမင်းစားပြီးမှ ပြန်လာကြမယ်။ နေ့လယ်ဆို တရားထိုင်ရတယ်။ ညနေမှ ပြန်ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

မြင်ယောင်မိသည်။ ထိတ်လန့်တုန်လှုပ်နေသည့် သားကြီးရဲ့အကြည့်တွေ။

'မခင်အေး ကျွန်မဆေးလေး သောက်လိုက်ဦးမယ်၊ သွားနှင့်လိုက်'

အေး အေး ဟုဆိုပြီး မခင်အေး တစ်ဖက်ခြံဝန်းထဲဝင်သွားတော့ မြသီတာ အိမ်ပေါ်မတက်သေးဘဲ ခြံဝန်းထဲက မန်ကျည်းပင်ရိပ်အောက် ကွပ်ပျစ်လေးမှာ ထိုင်ချလိုက်မိသည်။ မျက်ဝန်းကိုမှိတ်လို့ အသက်ရှူလိုက်စဉ် မျက်ရည်တွေ ပါးပြင်ပေါ် တလိမ့်လိမ့် ကျလာသည်။ ကောင်းကင်ကို မော့အကြည့် မန်ကျည်းရွက်လေးတွေ မြသီတာခေါင်းပေါ် တလွင့်လွင့် ကျလာသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်မှာ မြသီတာ တစ်ယောက်တည်း။

အားလုံးနှင့် ဝေးရာမှာ မြသီတာ တစ်ယောက်တည်း။

❑

'မြလေးရေ ထမင်းစားမစောင့်နဲ့တော့ ကိုကိုဒီနေ့ နောက်ကျမယ်'လို့ ကိုကို့ဆီက ဖုန်းဝင်လာတော့ မြသီတာလည်း အိမ်ပြန်မရောက်သေးပါ။ အတူရှိနေသည့် သူငယ်ချင်း ဘောဘီက ဘာတဲ့လဲဟု မေးသည်။ ကိုကိုဒီနေ့ နောက်ကျမယ်တဲ့ဟု ပြောတော့ ဒါဆို ငါတို့ အလှပြင်ဆိုင် ဝင်ကြဦးမလားဟု ဆိုသည်။ မြသီတာ တစ်ချက်စဉ်းစားလိုက်ပြီး-

'အေးလေ သွားတာပေါ့။ ဒီအချိန် သားကြီးတော့ ပြန်ရောက်လောက်ပြီ၊ သားငယ်က ကျူရှင်ရှိတယ်။ ဒါပေမဲ့ ကောင်မလေးတွေ ရှိပါတယ်'

မြသီတာသားကြီးက နည်းပညာ နောက်ဆုံးနှစ် ကျောင်းသား၊ သားငယ်လေးက မူလတန်း ရှိသေးသည်။

မြသီတာ အသက် ၁၉ နှစ်မှာ လုပ်ငန်းရှင်ပေါက်စ၊ အသက် ၃၀ ကျော်အရွယ် ကိုကိုနှင့်အိမ်ထောင်ကျသည်။ ၂၀ နှစ်မှာ သားကြီးကို မွေးသည်။ မြသီတာအသက် ၄၀ မှာ သားကြီးက တက္ကသိုလ် နောက်ဆုံးနှစ် ရောက်ပြီ။ သားကြီးမွေးပြီး ၁၀ နှစ်ကျော်ကြာမှ သားငယ်ကို မွေးသည်။ မြသီတာက သားကြီးနှင့်မောင်နှမလို ဖြစ်နေသည်။

စည်းနှောင်ထားသည့် ဆံပင်ကို ဖြေချလိုက်ပြီး ခေါင်းလျှော်သည့် ခုတင်ပေါ် မြသီတာ လှဲချလိုက်သည်။ အမယ်လေး ညောင်းလိုက်တာ၊ တစ်နေကုန် စျေးဝယ်ထွက်ထားတာကြောင့် တစ်ကိုယ်လုံးလည်း ညောင်းတောင်နေသည်။ မျက်ဝန်းကို မှိတ်လိုက်သည်။ တင်းကျပ်သည့်စိတ်တွေကို ခေါင်းလျှော်ပြီး မြသီတာ ဖြေနေကျ။

'ရှေ့တစ်ပတ် MK က အင်္ကျီတွေ ဒစ်(စ်)ကောင့် ရှိတယ်'

တစ်ဖက်ခေါင်းလျှော်ခုတင်ပေါ်ကနေ ဘောဘီက သတင်းပေးသည်။ မျက်စိမှိတ်ထားလျက် မြသီတာ အင်းလိုက်နေသည်။ ဘောဘီက တိတ်တိတ်မနေ၊ နောက်တစ်ခု ပြောပြန်သည်။

'မြလေး နင့်မှာ ဖေဘွတ်ခ်အကောင့် ရှိလား'

'အဲဒါ ဘာလဲ'

'နင်ကလဲ ငါတို့ငယ်ငယ်က မဂ္ဂဇင်းတွေမှာ ကလောင်ချစ်သူများ ဖွဲ့သလိုပဲ။ ဒါကတော့ ပိုကျယ်ပြန့်တယ်၊ အစုံပဲ။ အဲဒီမှာလည်း ကိုယ်ကြိုက်တဲ့ ဂရုတွေရှိတယ်။ ဝင်လို့လည်းရတယ်။ သူငယ်ချင်းအဟောင်းတွေ ရှာနိုင်သလို၊ သူငယ်ချင်း အသစ်တွေလည်း ရတယ်။ ပျော်စရာ ကောင်းတယ်'

ဘောဘီ တိုက်တွန်းမှုနှင့် မြသီတာဖေဘွတ်ခ် အကောင့် တစ်ခု ဖွင့်သည်။ နောက်တော့ ပုံလေးတွေ တင်တတ်လာသည်။ သားကြီးက တစ်နေကုန် ကျောင်းသွား၊ သားငယ်က ကျောင်း၊ ကျူရှင်၊ အင်္ဂလိပ်စာသင်တန်းတို့ဖြင့် မအားရ။ ယောကျ်ားလုပ်သူကလည်း သူ့စီးပွားရေးကိစ္စတို့နှင့် အိမ်မှာ မရှိတာများသည်။ ရောက်ရာနေရာက တော့ ဖုန်းဆက်ပါသည်။ နှစ်ခြိုက်မှာရှိသည့် မြသီတာ မိဘနှစ်ပါးကိုလည်း ဖုန်းမကြာခဏဆက်လို့ လိုအပ်တာတွေလုပ်ပေးသည်။ အဖေနှင့် အမေက သား၊ သားနှင့် ကိုကိုဆို သံယောဇဉ်ကြီးသည်။

မြသီတာ အင်တာနက်သုံးတာ သားကြီး သိတော့ 'မေမေ မိသားစုပုံလေး ပရိုဖိုင်မှာ တင်ထားပါ။ မေမေ တစ်ယောက်တည်းပုံ မတင်ပါနဲ့'ဟု စိုးရိမ်တကြီး ဆိုသည်။

အဲဒီအကြောင်း ဘောဘီကို ပြန်ပြောတော့ 'သွားစမ်းပါ။ ဒါ တို့ကမ္ဘာ၊ ဒါ ငါတို့လွတ်လပ်ခွင့်'ဟု ဆိုသည်။ မြသီတာ ဘောဘီကို ငေးကြည့်နေမိသည်။

ဘောဘီ ယောကျ်ားက ဆိုးသည်၊ ယွဲသည်၊ ကလေးနှစ်ယောက်ကိုလည်း ယောကျ်ားတွေက ကြည့်ပေးထားသည်။ ယောကျ်ားညီမ အပျိုကြီးတွေက သူကလေးနှစ်ယောက်ကို အင်မတန် ချစ်သည်။ ဒီတော့ ဘောဘီက ဒီယောကျ်ားကို ကွာရှင်းလို့လည်း မဖြစ်။

မြသီတာနှင့် တော့ အခြေအနေချင်း မတူ။ ကိုကိုက မြသီတာ့အပေါ် ကောင်းရှာသူ။ ဒါပေမဲ့ ပုဆိုးကြီး ရင်ခေါင်းတက် စည်းတတ်ပြီး၊ ခပ်ဝဝ၊ အရပ်ခပ်ပြတ်ပြတ် ကိုကို့ပုံစံက မြသီတာနှင့်တော့ ကွဲပြားသည်။ မွေးထားသည့် သားနှစ်ယောက်လုံး မြသီတာဘက်တူလို့ တော်ပါသေးရဲ့လို့ တွေးမိရသည်။ သားကြီးက အသားညိုတာပဲ အဖေတူသည်။ အရပ်မြင့်မြင့်၊ မျက်နှာပေါက်က မြသီတာလို သွယ်သည်။ နှာတံစင်းစင်းကတော့ ကိုကို့တူသည်။ သားငယ်ကတော့ မြသီတာနှင့် ချွတ်စွပ်။ အသားမွေးဖွေး၊ မျက်ခုံးထင်းထင်း၊ မျက်လုံးမည်းမည်းကြီးနှင့် ထင်းရှင်းနေသည်။

အခမ်းအနား ပွဲလမ်းသဘင်သွားပါက မြသီတာတို့ သားအမိတစ်တွေက တစ်ဘာသာ၊ ကိုကိုက ခွဲထွက်နေသည်။ ဒါပေမဲ့ သားနှစ်ယောက်လုံးက ကိုကို့ကို ချစ်ကြောက် ရိုသေကြသည်။

ဒါကတော့ မြသီတာနှင့်

www.burmeseclassic.com

ဘောဘိဘဝ ကွဲပြားချက်ဟု ဆိုရပေမည်။

မြသီတာ ကိုကိုနှင့် သားနှစ်ယောက်ကို ခွဲခွာထားရစ်ခဲ့ရမည်ဟု ဘယ်သော အခါမှ မတွေးခဲ့မိပေ။

❑

ခုဆို မြသီတာ တစ်ယောက် ဖေဘွတ်ခ်ကို အတော်လေး သုံးတတ်နေပြီ။ ဟိုတစ်ပတ်က ဆံပင်ပုံစံအသစ် ပြောင်းလိုက်ပြီး ချက်ချင်း ပုံအသစ် တင်လိုက်သည်။ သိသိ၊ မသိသိ မြသီတာကို သဘောကျကြောင်း သိရတော့ နှစ်သစ်ဟော စိတ်ထားပိုင်ရှင် မြသီတာ ပျော်သည်။

ထိုညက ကိုကို အိပ်ပျော်သွားသည့်တိုင် မြသီတာ ကွန်ပျူတာရှေ့က မခွာ။ ကိုကိုကတော့ အလုပ်ပဲ ပင်ပန်းလို့လား၊ မြသီတာကိုပဲ စိတ်ချလွန်းတာလား၊ သားတွေ လူပျိုဖြစ်လာတော့ မိန်းမကိုပဲ စိတ်မဝင်စားတော့တာလား၊ မြသီတာကလည်း ခပ်အေးအေးသမားမို့ မသိပါ။ မြသီတာ့အပေါ် အုံရှည်လွန်းလှသည်။

မြသီတာ ဘာလုပ်နေလဲ။

မြသီတာ ဘာကို စိတ်ဝင်စားနေလဲ။

သိပ်စိတ်ဝင်တစား မရှိလှပေ။

ကားတစ်စီးနှင့် ဈေးတကာပတ်ကာ သုံးချင်တိုင်း သုံးနေသည့် မြသီတာဆီ သူဘယ် ရောက် နေတယ်၊ နောက်ကျမယ်၊ စောမယ်၊ သတင်းပို့တာကလွဲလို့ မြသီတာ့အပေါ် အာရုံမရှိပေ။

ခုလည်း မြသီတာက ကိုကို့ဘေးခုံမှာ အင်တာနက် သုံးဆဲ။ ကိုကိုက အိပ်ပျော်နေသည်။

အဲဒီအချိန် ညဉ့်သန်းခေါင် ဒုန်းခနဲ မက်ဆေ့ချ်ပို့သံ ကွန်ပျူတာက ထွက်လာတော့ မြသီတာတောင် ရုတ်တရက် လန့်သွားသည်။ ကိုကိုများ နိုးသွားမလားစိုးရိမ်တကြီး ကြည့်မိသေးသည်။ ကိုကိုကတော့ အဲယားကွန်း လေအေးစိမ့်စိမ့်အောက် အညာစောင်လေး ခြုံလို့ တရူးရူး ဟောက်နေသည်။

မြသီတာကွန်ပျူတာရှေ့ ပြန်လှည့်လိုက်သည်။

မက်ဆေ့ချ် ပို့သူကို မြသီတာ မသိပေ။

ထို့အတူ နည်းပညာ၏ အတိမ်အနက်ကိုလည်း မြသီတာ မသိ။

Tag ဆိုသည့် သဘောကိုလည်း မသိ၊ with ဆိုတာလည်း နားမလည်။

ကိုယ်ကြိုက်သည့် အရာတစ်ခုကို like လျှင် ဘယ်သူတွေအထိ သိတယ်ဆိုတာလည်း စိတ်မဝင်စား။ ကိုယ့် wall မှာ လာတင်သူတွေက ဘယ်လိုလူမျိုးတွေ ဖြစ်နိုင်တယ်ဆိုတာလည်း နက်နက်ရှိုင်းရှိုင်း မတွေးမိ။ သားကြီးကို မေးဖို့ရာလည်း နာမည်အရင်း တင်ထားတာမဟုတ်တော့ မမေးချင်။

ကိုယ်နှင့် သူငယ်ချင်း လုပ်မထားသော်လည်း ဘယ်အချိန် ကိုယ့်ကို ချက်တင်ဝင်နိုင်တယ်ဆိုတာလည်း မသိဆိုတော့ ခုလည်း မက်ဆေ့ချ်ပို့သူကို သူဝရိုဖိုင်ကို ဝင်ကြည့်မိသည်။

အသက် သုံးဆယ် ကျော်အရွယ် ယောကျ်ားတစ်ဦး။

အလုပ်အကိုင်က ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်ဟု အနက်ရသည်။ နေရပ်လိပ်စာက ဗန်ကောက်ဟု ရေးထားသည်။ သူတင်ထားသည့် ဓာတ်ပုံတွေကလည်း နောက်ခံက နိုင်ငံခြားရှခင်းတွေများသည်။ ထိုစဉ် ဒုန်းခနဲ မက်ဆေ့ချ် ဝင်လာပြန်သည်။ မြသီတာ ကိုကို့ဆီတစ်ချက် ကြည့်ရင်း အသံကိုတိုးလိုက်သည်။ နောက်မက်ဆေ့ချ်ကို ဖတ်ကြည့်လိုက်တော့ 'မ'က သိပ်လှတာပဲ။ အပျိုကြီးလားတဲ့။

မြသီတာရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ နောက်တော့ မက်ဆေ့ချ်တွေ ဆက်တိုက် ဝင်လာတော့သည်။ မြသီတာ ကြောက်လန့်တကြားဖြင့် ကွန်ပျူတာကို ပိတ်လိုက်သည်။ အရေးထဲ စက်က လေးနေတာမို့ တော်တော်နှင့် ပိတ်မရ။ တကယ်တော့ ဒီကွန်ပျူတာလေးက သားငယ်အကျဖြစ်သည်။ ဖုန်းနှင့်က မျက်စိညောင်းတာမို့ ညဘက်ဆို ဒီကွန်ပျူတာကိုသာ သုံးသည်။ Command နှစ်ခါ ပေးမိတာကြောင့် စက်က ဟမ်းသွားသည်။ ဟိုနှိပ်၊ ဒီနှိပ် လျှောက်နှိပ်မိတော့ ပိုဆိုးသည်။ နောက်ဆုံးတော့ ပါဝါကို ပိတ်ချလိုက်ရသည်။ အရေးထဲ နောက်တစ်ခု သုံးမရမှာ ကို တွေးပူမိပြန်သည်။

ထိုညက မြသီတာ ညဉ့်အတော်လေးနက်မှ အိပ်ပျော်သည်။

တကယ်တော့ အဲလို စကားနုနုလေးတွေ မြသီတာ မကြားရတာ အိမ်ထောင်ကျပြီးကတည်းက ဖြစ်ပါသည်။

❑

နောက်တစ်နေ့သည် မြသီတာ ကွန်ပျူတာရှေ့ ထိုင်တော့ ကိုကို မရှိ။ အလုပ်ကိစ္စ ခရီးထွက်နေသည်။ သားနှစ်ယောက်စလုံးက သူတို့အခန်းတွေထဲမှာ စာကြည့်နေကြသည်။ ကောင်မလေးနှစ်ယောက်ကလည်း တီဝီကြည့်နေသည်။ အင်တာနက် သုံးရင် ကောင်းမလား တွေးနေမိသည်။ မြသီတာစိတ်ထဲ ဖေဘွတ်ခ် သုံးချင်နေသလို ဖွင့်ရမှာလည်း ကြောက်နေသည်။

အို . . . သူနှင့် ကိုယ် သိတာလည်း မဟုတ်။ ကိုယ့်ဘက်က မစရင် ဘာမျှဖြစ်လာနိုင်စရာ မရှိလို့လည်း ထင်မြင်မိသည်။

မနေ့က တင်ထားသည့် မြသီတာပုံလေးက like တွေ အများကြီး ရနေသည်။ မြသီတာ ကြည်ကြည်နူးနူးလေးဖြင့် ဆက်သုံးနေလိုက်တာ အချိန်ဘယ်လိုကုန်သွားမှန်း မသိလိုက်။ သူများတွေ ပို့ထားတာတွေကိုလည်း စာသေချာမဖတ်။ အကုန် like ပေးလိုက်သည်။ တကယ်တော့ တခြားသူတွေပြောသံကြားဖူးတာ ကိုယ်သုံးနေတာကို တခြားသူမသိအောင် လုပ်လို့ရသတဲ့။ မြသီတာလည်း အဲလိုလုပ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘေဘို မေးကြည့်တော့ သူလည်း မသိဟု ဆိုသည်။ ဘေဘီက သူ့သမီးမေးပြီး ပြန်ပြောပြမည်ဟု ဆိုသည်။ ခုတော့ မြသီတာ ကွန်ပျူတာဖန်သားပေါ် အစိမ်းရောင်လေးတွေ လွှမ်းနေသည်။ မြသီတာ ဂရုတစိုက်ကြည့်မိဆဲ အစိမ်းရောင်လေးတစ်ခု ဖျတ်ခနဲဖြစ်ပြီး ချက်တင် ဘောက်လေးတစ်ခု ထိုးတက်လာသည်။

'မ...မအိပ်သေးဘူးလား'

မြသီတာ လန့်ခနဲ ဖြစ်သွားသည်။ ဒီလိုမျိုးဆိုတာ သူငယ်ချင်းဖြစ်မှ ရတာပါဟု ခပ်တုံးတုံး တွေးမိသည်။ ဒါ ဘယ်လိုဖြစ်ရတာလဲ၊ မြသီတာ တစ်ခုခုကို တွေးမိလိုက်ပြီး ညာဘက်ကိုကြည့်မိလိုက်တော့ ဇောချွေးတွေ ပြန်သွားရသည်။ ဘုရား...ဘုရား ငါလည်း သူငယ်ချင်းမလုပ်ဘဲ ဘယ်လိုဖြစ်လို့ သူနှင့်ငါ သူငယ်ချင်း ဖြစ်သွားရတာလဲဟု အတွေးမဆုံးသေး-

'မ,က မာနကြီးလိုက်တာ နှုတ်ဆက်တာတောင် ပြန်မနှုတ်ဆက်ဘူး။ ဗမာလူမျိုး မဟုတ်ဘူးလား'

'ကျွန်တော်က နိုင်ငံခြားမှာ နေတာကြာတော့ ဗမာလူမျိုး အချင်းချင်း မိတ်ဆွေဖြစ်ချင်တာပါ'

'အိမ်ကိုလည်း အရမ်းလွမ်းလို့ပါ မ,ရယ်'

စကားလုံးလေးတွေ တစ်ခုပြီးတစ်ခု တက်လာသည်။

'မ...ကျွန်တော့် ဓာတ်ပုံလေး ဒီကပို့လိုက်မယ်၊ မ တစ်ယောက်တည်း ကြည့်ရအောင်လို့။ မနက်ဖြန်မှ တွေ့မယ်နော်၊ ဂွတ်နိုက်၊ အိပ်မက်လှလှ မက်ပါစေ'

ပြောပြီးမကြာ ဓာတ်ပုံလေးတစ်ပုံ တက်လာသည်။ နောက် အစိမ်းရောင်မီးလေး ဖျတ်ခနဲ မှိတ်သွားသည်။

မြသီတာ အတန်ကြာ ငိုင်နေမိသည်။ နောက်တော့ လက်က တရွေ့ရွေ့ဖြင့် မောက်(စ်)ရှိရာ လှမ်းသွားမိသည်။ နောက် အသိဝင်လာသူလို လက်ကို ရုက်လန့်တကြား ပြန်ရုပ်လိုက်မိပြန်သည်။ ငါ ဘာလုပ်နေတာလဲဟု လည်း ကိုယ့် ဘာသာ တွေးမိရသည်။ အို... ဘာဖြစ်လဲ၊ ဘာမှဖြစ်တာလည်း မဟုတ်။ ဒီလိုပဲ ဓာတ်ပုံလေး ကြည့်တာပဲ။ နောက် ဘယ်သူသိမှာလိုက်လို့လို့ မြသီတာ ရဲဆေးတင်ကာ ဓာတ်ပုံလေးပေါ်ထောက်လို့ ကလစ်တစ်ချက် နှိပ်လိုက်သည်။ ကွန်ပျူတာ ဖန်သားကို ပြည့်သွားသည့် လူလတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်ပုံကို မြသီတာ စိတ်ဝင်တစား ငေးကြည့်နေမိသည်။

မေမေ သားအိပ်တော့မလို့ နွားနို့ကောဟု ဆိုကာ အခန်းတခါး ချပ်ခနဲဖွင့်ပြီး သားငယ်ဝင်လာတော့ မြသီတာ ကြောက်လန့်တကြား ပိတ်လိုက်မိသည်။ စိုးရိမ်စိတ်ကြောင့် ရင်က တဖျပ်ဖျပ် ခုန်နေသည်။ အိပ်ခါနီး သားငယ်က နွားနို့သောက်တတ်သည်။ ကောင်မလေးတွေ အိပ်ပြီမို့ မြသီတာ သားငယ်ကို လုပ်ကိုင်ပေးနေဆဲ သားကြီးပါ ထမင်းစားခန်းဆီ ရောက်လာကာ မေမေအိပ်ပြီမှတ်လို့ ဟု ဆိုသည်။ သားကြီးက သူ့ဘာသာ ရေခဲသေတ္တာဖွင့်ကာ စာကြည့်ရင်း အဆာပြေစားဖို့ ပြင်သည်။ ကော်ဖီခွက်နှင့် မုန့်ကိုကိုင်ပြီး သူ့အခန်းဆီ သွားပြီးမှ ထမင်းစားခန်း အပေါက်ဝကနေ 'မေမေ ညဉ့်နက်ခဲ့ပြီး အင်တာနက် သုံးမနေနဲ့ဦးနော်၊ ကျန်းမာရေး ထိခိုက်မယ်' ဟု ဆိုသည်။

မြသီတာ မျက်ရည်တွေ လည်လာမိသည်။

နောက် ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်လို့ အတန်ကြာ ငိုင်နေမိသည်။

သက်ပြင်းချပြီး မလှုပ်မယှက် ထိုင်နေမိစဉ် အခန်းတံခါး ဖျတ်ခနဲ ပွင့်သွားပြန်သည်။ ဖက်ခေါင်းအုံးကြီးကို ပွေ့လျက် သားငယ်က အခန်းဝခေါင်းထိုးကာ ဖေဖေမရှိတုန်း မေမေနဲ့ လာအိပ်ချင်လို့ဟု ဆိုသည်။ မြသီတာ သားငယ်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိသည်။ ထိုအခိုက် သားကြီးက မင်း ခုချိန်ထိ ကလေးလုပ်နေတုန်းလားဟု သူ့ညီကို ဆူသလိုပြောပြီး မြသီတာကို အကဲခတ်သလို ကြည့် သည်။ မြသီတာ တစ်ချက်ပြုံးလိုက်ရင်း မေမေ အိပ်တော့မှာပါ၊ ကွန်ပျူတာ မသုံးတော့ပါဘူးဟု ပြောမိသည်။ ဒီတော့မှ သားကြီးက စိတ်ချသလို အပြင်ထွက်သွားသည်။

ခဏအကြာ သားငယ်က မြသီတာတို့ ခုတင်ပေါ်မှာ ပိုးလိုးပက်လက်အိပ်ပျော်နေသည်။ မြသီတာ သားငယ်ကိုယ်ကို ပြင်ပေးလိုက်ရင်း စောင်ပါးလေး လွှမ်းပေးလိုက်သည်။ သားငယ် ဆံဝင်လေးတွေကို သပ်တင်ပေးနေလျက် နဖူးလေးကို မြသီတာ ငုံ့နမ်းလိုက်သည်။ နောက် မြသီတာ သက်ပြင်းချလို့ ကွန်ပျူတာပိတ်ဖို့ ပြင်သည်။ ဒီတော့မှ အင်တာနက် မပိတ်ရသေးတာ သတိရသည်။

မြသီတာ မောက်(စ်)ကို ကိုင်လိုက်တော့ နှောင်နေသည့် ကွန်ပျူတာက လင်းခနဲ တက်လာသည်။ မက်ဆေ့ချ်လေးတစ်ခု ရောက်နေပြန်ပြီ။

'မညာနဲ့နော်၊ မ...ကြည့်တာ ကျွန်တော်သိတယ်။ ဘယ်လိုလဲ ချောရဲ့လား'

မြသီတာ့ မျက်လုံးအစုံ ဝိုင်းတက်သွားရသည်။

အဲဒီညလည်း မြသီတာ ညတာတွေ ရှည်လျားခဲ့ရသည်။

❑

'ဒါဆို... နင်နဲ့သူ သူငယ်ချင်း ဖြစ်နေပြီပေါ့။ မှန်း သူပုံ ကြည့်ရအောင်'

ဘေဘီက ဖျိုးဖျိုးဖျတ်ဖျတ်နှင့် မြသီတာဖုန်းကို ဆွဲယူကြည့်သည်။ ပြီး--ငြိမ်ငြိမ်မနေ ဟိုဒီလျှောက်နှိပ်နေသည်။ တစ်ခုခု ပြောလိုက်ဖို့ အားနာတာကြောင့် မြသီတာ စိတ်မသက်မသာဖြင့် ကြည့်နေရသည်။ သူ ကြည့်လို့ ဝ,သွားမှ မြသီတာဆီ ပြန်ထိုးပေးလိုက်ရင်း-

'ချောသားပဲ နင့်ကိုကိုနဲ့တော့ တခြားစီပဲ'

မြသီတာစိတ်ထဲ ကိုကို နှင့် နှိုင်းတာကို မကြိုက်။ နောက်ပြီး ဘာဆိုင်လို့ နှိုင်းရတာလဲလို့လည်း တွေးမိရ

www.burmeseclassic.com

www.burmeseclassic.com

သည်။ နှုတ်ကတော့ ဘာမျှ မပြော ဖြစ်လိုက်ပါ။

'ပြန် တော့မယ် ဟာ၊ ဒီနေ့ ကိုကို ပြန်ရောက်မယ်။ စောစောပြန်ခဲ့မယ်လို့ ဖုန်း ဆက်ထားတယ်'

ဘေဘီ့ကို သူ့အိမ်မှာ ဝင်ချခဲ့ပြီး ဘာကြောင့်ရယ် မသိ နောက်ပိုင်း ညပိုင်း ညဉ့် နက်ခဲ အင်တာနက် မသုံး တော့ဟုလည်း ဆုံးဖြတ်မိ သည်။

'မမကြီး ဦးပြန်ရောက် နေပြီ။ မမကြီးကို မေးနေ တယ်'

ကောင်မလေးတစ် ယောက်က တံခါးလာဖွင့်ပေး ရင်း မြသီတာကို ဆီးပြော သည်။ မြသီတာ ဟုတ်လား ဟုဆိုပြီး အခန်းဆီ လျှောက် လာမိသည်။ ကိုကိုက ခုတင် ပေါ်မှာ လဲ့နေသည်။ အနား ကို မြသီတာ တရွေ့ရွေ့ တိုး သွားမိသည်။

'ကိုကို နေမကောင်းလို့ လား'

ခုတင်ခြေရင်းမှာ ဝင် ထိုင်လိုက်ရင်း မေးမိသည်။ ကိုကိုက မျက်စိမှိတ်ထား လျက်-

'အေး...နေပြင်းလို့ လား မသိဘူး၊ ခေါင်း မကြည်သလိုဘဲ။ ကိုကို့ကို သံပရာရည်လေးတစ်ခွက် လောက် မြလေးပြန်လာမှ သောက်မလို့ စောင့်နေတာ'

'ကို့ ကို့ ကလည်း ကောင်မလေးတွေကို ဖျော် ခိုင်းလိုက်ရောပေါ့၊ ခဏလေး စောင့် ခုယူလာခဲ့မယ်။ ဒါမှ မဟုတ် သွေးအရင်တိုင်းလိုက် ဦးမယ်'

အခန်းအပြင် ပြန်ထွက် ပြီး၊ ကောင်မလေးတစ်ယောက် ကို သံပရာရည်ဖျော်လာခဲ့ ဖို့ပြောပြီး သွေးတိုင်းဖို့ ပြင် သည်။ ထိုအခိုက် မြသီတာ ဖုန်းက အသံမြည်လာသည်။ သွေးတိုင်းနေတာမို့ မြသီတာ မကိုင်မိလိုက်၊ ကိုကိုက ဖုန်း ကိုင်လိုက်ဦးလေဟု ဆိုနေ သည်။

'ဟုတ်တယ် သွေး နည်းနည်း တိုးနေတယ်။ ဘာ တွေ စားလာသေးလဲ'

ကိုကိုက ထွေထွေထူး ထူးတော့ မစားပါဘူး။ ရာသီ က ပူပြီး ခရီးပန်းလို့ ထင် တယ်ဟုဆိုပြီး အိပ်ရာပေါ် ပြန် လဲနေသည်။ ထိုစဉ် ကိုကို့ဖုန်း က မြည်လာပြန်သည်။ ကိုကို ဖုန်းပြောနေစဉ် မြသီတာ သံပရာရည်ယူဖို့ အောက်ပြန် ဆင်းလာသည်။ မြသီတာ သံပရာရည်ခွက်လေးနှင့် အခန်းထဲရောက်တော့ ကိုကို အလုပ်ကို ပြန်သွားရဦးမယ် ဟု ဆိုသည်။

'နေမကောင်းတာ ဒီနေ့ တစ်ရက်တော့ နားလိုက်တာ မဟုတ်ဘူး'

'အင်း... နားတော့ နားချင်တာပေါ့ကွာ၊ ဒါပေမဲ့ ကိုကို တွေ့ရမယ့်သူ ရှိတယ်။ သူက ဒီနေ့ပဲ အားတယ်ဆို တော့...'

မြသီတာ ကမ်းပေး သည့် သံပရာရည်ခွက်ကို တစ် ကျိုက်တည်း မော့ သောက်လိုက်ရင်း 'ကောင်း သွားမှာပါ။ မြလေးကို စောင့် ရင်း ကိုကို တစ်ရေးရသွား တယ်။ ညမိုးချုပ်တဲ့ အထိ တော့ မနေဘူး၊ ပြီးတာနဲ့ ပြန် ခဲ့မယ်'ဟုဆိုလျက် ရေချိုး၊ အဝတ်အစားလဲလို့ ဒရော သောပါးပြန်ထွက်သွားသည်။

ကျောင်းက ပြန်လာ သည့် သားကြီးက ဖေဖေ အစောကြီး ပြန်လာတာ နေမ ကောင်းလို့လားဟု စိုးရိမ် တကြီးဆိုသည်။

မြသီတာ သက်ပြင်းချ ရင်း ဖုန်းကို ဖွင့်လိုက်သည်။

'မြလေး ငါလည်း သူငယ်ချင်း လုပ်လိုက်ပြီ'

ဘေဘီ့မက် ဆေ့ချ် လေး ရောက်နေသည်။ မြသီ တာ စိတ်မဆိုးစဖူး ဆိုးသွား ရသည်။ ဘယ့်နှယ်အရေး မပါတာတွေ့။ သူငယ်ချင်း လုပ်ချင်လုပ် မလုပ်ချင်နေဟု တွေးလျက်ဖုန်းကို ပြန်ပိတ် လိုက်မိသည်။

ထို ညက မြသီတာ အင်တာနက် မသုံးဖြစ်။ ကိုကို လည်း အစောကြီး ပြန်ရောက် နေသည်။ မိသားစု စုံစုံညီညီ ထမင်းစားဖြစ်တာကြောင့် သားနှစ်ယောက်က ပျော်နေ သည်။အထူးသဖြင့် သားကြီး မျက်နှာက သိသာသည်။ ဒီ ကြားထဲ ဘေဘီဆီက ဖုန်းက ဆက်တိုက်လာနေသည်။ ကိုကိုက မြသီတာကို ကြည့် ပြီး ဘာလဲ ဘေဘီနဲ့ ရန်ဖြစ် ထားကြပြန်ပြီလားဟု နောက် သလို ဆိုသည်။ မြသီတာ ဘေဘီ့ဖုန်းကို ကိုင်လိုက်ရ သည်။

'အေး...ကိုကို နေမ ကောင်းလို့၊ နောက်မှပြန်ဆက် မလို့။ နင် အရေးကြီးကိစ္စ ရှိလို့လား'

'ဟုတ်လား၊ အခု ဘယ်လိုနေသေးလဲ'

'အင်း... သက်သာနေ ပါပြီ၊ ခုညစာစားနေကြတာ။ ငါနောက်မှ ပြန်ဆက်မယ်'

ဘေဘီ့အသံ တိုးသွား ပြီး-

'မြလေး နင့်ပုံလေး like တွေ အများကြီး ရနေတယ်'

ဒါပေမဲ့ အဲဒီညကစလို့ တစ်ပတ်လောက် မြသီတာ အင်တာနက် မသုံးဖြစ်သလို အပြင်လည်း မထွက်ဖြစ်။ ဘေဘီ့ကိုတော့ ကိုကို သိပ် နေမကောင်းလို့ အလုပ်မသွား ဖြစ်ဘူးပြောပြီး အိမ်မှာ မြနေ သည်။ သားငယ်ကို ကျူရှင် ပို့သည်၊ ကျောင်းပို့သည်၊ အိမ်မှာ မီးဖိုချောင် ဝင်ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ခုချိန်ပြန်တွေးကြည့်ရင် အဲဒီကာလလေးသည် မြသီတာဘဝ၏ နောက်ဆုံး ပျော်ရွှင်ခဲ့ရမှု ဖြစ်ပါသည်။

ထိုအချိန် ဘော်ဘီဆီက ဖုန်းလေးတစ်ချက်က မြသီတာဘဝကို ဇောက်ထိုးမိုးမျှော် ဖြစ်သွားလိမ့်မည်ဟုသာ သိခဲ့ပါက မြသီတာ ဘော်ဘီခေါ်ရာသို့ သွားဖြစ်မည် မဟုတ်ပေ။

❑

ဘော်ဘီနှင့် ထိုင်နေကျနေရာကို ရောက်တော့ ဆိုင်ထဲ လူရှင်းနေသည်။ နေ့လယ်ခင်းမို့ ဖြစ်မယ်ထင်တယ်ဟု တွေးဆဲ ဆိုင်ရှေ့ကို မည်းနက်ပြောင်နေသည့် ကားကြီးတစ်စင်း ထိုးဆိုက်လာသည်။ ဆိုင်အပြင်ဘက် အလှစိုက်ထန်းပင်လေးအောက်မှာ မြသီတာတို့ ထိုင်နေတာမို့ ဘာရယ်မဟုတ် မြသီတာလှမ်းကြည့်ဆဲ ဘော်ဘီက ကားပေါ်က ဆင်းလာသူကို လက်လှမ်းပြသည်။ ဘော်ဘီအသိထင်တယ်ဟု တွေးလို့ မဆုံးသေး ထိုသူက မြသီတာတို့ဆီ တန်းတန်းမတ်မတ် လာသည်။ အနားရောက်တော့ မြသီတာ ဇဝေဇဝေ ဖြစ်သွားရသည်။ ဘော်ဘီက နေရာရွှေ့လိုက်ရင်း ခရီးဦးကြို ပြုသည်။ မြသီတာကို စိုလက်သော မျက်ဝန်းတို့ဖြင့် နူးစိုက်ကြည့်လို့ ခေါင်းဆတ်ပြလိုက်တော့မှ မြသီတာ အသက်ရှူရပ်မတတ် ဖြစ်သွားသည်။ ဘယ်ကဘယ်လိုဖြစ်လို့ ဘော်ဘီကို အံ့သြတကြီး ကြည့်မိတော့ 'နင့်ကို ပြောခဲ့တယ်လေ၊ ငါနဲ့ သူငယ်ချင်းဖြစ်သွားပြီလို့' ဟု ခပ်ပြုံးပြုံး ဆိုသည်။

ဟုတ်ပါသည်၊ သူငယ်ချင်း ဖြစ်သွားတယ်ဆိုတာ ခုလိုအပြင်မှာ အသိအကျွမ်းဖြစ်သွားတယ်လို့ဖြင့် မယူဆမိပါ။ နောက်ပြီး ဒီအချိန်တိုလေး အတွင်းမှာ ဘယ်လိုဖြစ်ရတာပါလိမ့်။

သူက မြသီတာကို ခပ်ပြုံးပြုံးကြည့်ကာ 'မ၊က ကျွန်တော့်ကို ရှောင်နေတာဆိုတော့ ဒီနည်းသုံးလိုက်ရတာ ခွင့်လွှတ်ပါ' ဟုဆိုသည်။ ဒီတစ်ခါတော့ မြသီတာ ထိတ်လန့်တကြား ဖြစ်သွားသည်။ ကျွန်တော့်ကို ရှောင်နေတာဆိုတဲ့ စကားကရော ဘယ်လိုပါလိမ့်။ ဘော်ဘီက မြသီတာကို မဲ့တဲ့တဲ့ ကြည့်သည်။ ဘော်ဘီအမူအရာကို မကြိုက်ပေမဲ့ နှုတ်နှေးသည့် မြသီတာ ချက်ချင်း ပြန်တုံ့ပြန်လိုက်ဖို့ စကားလုံး ရှာမရဖြစ်နေသည်။ တကယ်တော့ သူနှင့်ကိုယ် ဘာမျှဖြစ်မိတာလည်း မဟုတ်သလို၊ ပြောစရာဆိုလို့ သူ့ဓာတ်ပုံလေးကို ကြည့်မိတာလေးပဲ ရှိပါသည်။

'မ၊က ကျွန်တော့် ဓာတ်ပုံလေးတွေကို likeထားတာ၊ ဘယ်လိုလဲ အပြင်မှာ ရုပ်များ ဆိုးနေလို့လား'

သူက မြသီတာကို ရင်နှီးသလို နောက်သည်။ မြသီတာ မျက်လုံးလေးတွေ ဝိုင်းနေရသည်။ မြသီတာသူ့ ဓာတ်ပုံကို like မလုပ်ဖူးပါ။ မြသီတာ အံ့သြတကြီး ဘော်ဘီကို ကြည့်မိတော့ ဘော်ဘီက ဂရုမစိုက်သလို အမယ်လေး အသိသာကြီး၊ ကျော်စွာ အရမ်းဖြောင့်နေတော့ မြလေး စကားတောင် မထွက်နိုင်တော့ဘူးဟု ဆိုသည်။ သူက ဟက်ခနဲ ရယ်လိုက်ရင်း ဒီဝိုင်းကို ကျွန်တော် ရှင်းမှာပါ၊ တော်ရုံပဲ လုပ်ပါဟု ရှက်ဝဲဝဲ ဆိုသည်။ နောက်မှ ခုချိန်ထိ စကားတစ်ခွန်းမျှ မဆိုသေးသည့် မြသီတာကို တစ်ချက်ကြည့်ပြီး...

'ဘာလို့ အရမ်းအံ့သြနေတာလဲ မ၊ရယ်၊ ခုချိန်က ဘိုးတော်ဘုရားခေတ်မို့လို့လား။ ကျွန်တော်က ဘန်ကောက်မှာ နေပေမဲ့ ရန်ကုန်နဲ့က အိမ်ဦးနဲ့ ကြမ်းပြင်လိုက်နေတာ။ မ၊နေတဲ့ ရပ်ကွက်ကို ပြောရဦးမလား။ ကျွန်တော့်ဆီမှာ ပေါနေတာ'

အတည်ပြောတာလား၊ နောက်တာလား မသိပေမဲ့ မြသီတာမျက်နှာလေး ငယ်သွားရသည်။ ဒီတော့လည်း မ၊က တော်တော်ရိုးတာပဲဟု နူးနူးညံ့ညံ့လေး ဆိုသည်။ မြသီတာရင်ထဲ လှိုင်းထသွားရသည်။ ဒါပေမဲ့ ရင်ထဲကတော့ ပြောချင်နေသည်။ မြသီတာသည် သူထင်သလို မဟုတ်ကြောင်းကိုပေါ့။ နှုတ်က ပြောမထွက်တာက ဆိုးသည်။ နောက်ပြီး အပြောမကျွမ်းကျင်သည့်အတွက် ရိုင်းသွားမှာလည်း စိုးရိမ်မိသည်။

'ကဲပါ...ရှင်တို့က အာဟာရပြီးနေလို့ ဗိုက်မဆာပေမဲ့ ကျုပ်ကတော့ ဆာပြီ၊ မှာပြီနော်'

အနှောင့်မလွတ်သည့် စကားကို ဆိုပြီး ဘော်ဘီက မီနူးကို ဆွဲယူတော့ သူက မဘော်ဘီကတော့ လုပ်ပြီ၊ မှာပါဗျာဟု ရှက်သလိုဆိုပြီး မြသီတာကို တစ်ချက်စိုက်ကြည့်လိုက်သည်။

'မဟုတ်ဘူး'

မြသီတာ၏ အသံတိုးတိုးက သူတို့နှစ်ယောက်၏ ရယ်သံတို့အောက် တိုးဝင်ပျောက်ကွယ်သွားခဲ့ရသည်။

ထိုနေ့ညနေ အိမ်ပြန်ရောက်တော့ မြသီတာ ဖေဘွတ်ခ်ကို ကဗျာကယာ ဖွင့်ကြည့်လိုက်သည်။ မြသီတာ အရင်တင်ထားသည့် ပုံလေးတွေကိုပါ ကျော်စွာက like ထားသည့်အပြင် မြသီတာက လည်း သူ့ပုံ အတော်များများကို like လုပ်ထားသည်။ ဒါဘယ်သူလက်ချက် ဖြစ်ဦးမလဲ၊ မြသီတာချက်ချင်း ဘော်ဘီဆီ ဖုန်းဆက်မိသည်။

'ဘော်ဘီ နင် ကျော်စွာ့ပုံတွေကို ငါ့ဖေဘွတ်ခ်ကနေ like တွေ လုပ်ထားတာ မဟုတ်လား'

ဟုတ်သည်လေ၊ မြသီတာကို ဖေဘွတ်ခ် အကောင့် လုပ်ပေးတာ ဘော်ဘီ။ မြသီတာ၏ လျှို့ဝှက်အမှတ်တွေကစ ဘော်ဘီသိနေသည်။ မြသီတာက အဲဒါတွေ ခေါင်းထဲ သိပ်မထည့်တတ်။ ကိုယ်တိုင်က ရိုးစင်းသလို၊ သတိလည်း နည်းသည်၊ သတိထားရမည့် အရာလို့လည်း မတွေးမိ။

'ဘာဖြစ်လို့လဲ မြလေးရဲ့'

ဘော်ဘီက မသိနားမလည်သလို မေးသည်။

'သိပ်အတွေး မခေါင်ပါနဲ့ မြလေးရယ်၊ ငါတို့က ဆယ်ကျော်သက်တွေလား၊ လုပ်တော့ရော ဘာဖြစ်လဲ၊

www.burmeseclassic.com

www.burmeseclassic.com

ဒါ ဘော်ဒါကဏ္ဍတွေပဲ၊ ဘာလဲ နင်က ကျော်စွာ့ကို အလေးအနက် ထားနေလို့လား'

မြဿီတာ ခေါင်းခါပြီး တွေခနဲ ဖြစ်သွားရသည်။ မြဿီတာ ပြောချင်တာ အဲလို မဟုတ်ပေမဲ့ ဘေဘီကို ပြေလည်အောင် မရှင်းတတ်ပေ။

'ဒါပေမဲ့ အဲလိုလုပ်တာ ငါ မကြိုက်ဘူး။ နောက်တစ်ခါ နင်မလုပ်ပါနဲ့'

မြဿီတာ အားတင်းလို့ ပြောချလိုက်သည်။ ဘေဘီက မြဿီတာနှင့် ငယ်ပေါင်း ကြီးဖော်တော့ မဟုတ်ပေ။ ခင်မင်လာတာ လေးငါးနှစ်လောက် ရှိပြီ။ သားငယ်နှင့် ဘေဘီသမီးက တစ်ကျောင်းတည်း။ ကျောင်းကို လိုက်သွားရာက ထမင်းအတူ စားကြ၊ ကော်ဖီအတူ သောက်ကြရင်း ခင်ခဲ့ကြတာဖြစ်သည်။ အနေအထိုင် အေးဆေးပေမဲ့ မြဿီတာက သူငယ်ချင်း မင်သည်။ ဘေဘီက သွက်လက်သည်။ မြဿီတာ မလုပ်နိုင်တာတွေ ဘေဘီကို အားကိုးရသည်။ နောက် မြဿီတာသွားချင်သည့် နေရာတွေ ဘေဘီက အဖော်လိုက်ပေးသည်။ ဘေဘီကလည်း မြဿီတာကို ဆရာလုပ်ရတာ ပျော်ပုံရသည်။ ဒါပေမဲ့ ဒီတစ်ခါတော့ ဘေဘီ စိတ်ခုသွားတယ် ထင်ပါသည်။ ဘာမျှမပြောဘဲ ဖုန်းအရင်ချသွားသည်။ မြဿီတာလည်း ရင်ထဲမကောင်း။

❑

မှေးခနဲ အိပ်ပျော်သွားသည့် မြဿီတာ မသိစိတ်ကို တစ်ခုခုက လှုပ်နှိုးလိုက်သည်ကတော့ သေချာလှသည်။ မြဿီတာ ဆတ်ခနဲ ထ,ထိုင်မိသည်။ မြဿီတာ့ အတွေးတွေက ဝေ့ဝေ့ဝဲဝဲ ဖြစ်နေသည်။ ကိုကိုက မြဿီတာကို ခပ်စူးစူး ကြည့်နေသည်။ ကိုကို ဘယ်အချိန် အိမ်ပြန်ရောက်နေပါလိမ့်ဟု မေးမည်ပြင်ဆဲ မြဿီတာ ထိတ်ခနဲ ဖြစ်သွားသည်။ ကိုကိုက မြဿီတာ့ ကွန်ပျူတာစားပွဲမှာ ထိုင်နေသည်။ လက်ထဲတွင် စတစ်တစ်ခု ကိုင်လျက်သား။ မြဿီတာလည်း ကိုကို့ကို ကြောင်တွေတွေ ကြည့်နေမိသည်။ ပွင့်နေသည့် ကွန်ပျူတာ ဖန်သားပြင်တွင်တော့ မက်ဆေ့ချ်တွေက ပြွတ်သိပ်နေသည်။ ခုနဘေဘီကို ဖုန်းဆက်ရင်း အင်တာနက် မပိတ်မိ။ မြဿီတာမျက်ဝန်းတို့ ကွန်ပျူတာကို အပြေးအလွှား ကြည့်လိုက်မိသည်။

'မ . . . ကျွန် တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတယ်ဆိုရင်'

'ကျွန်တော့်ကို တစ်ခုခု ပြန်ပြောပါ၊ မပြောရင် ကျွန်တော် အိမ်လိုက်လာခဲ့မယ်'

'မ,ကို ကျွန်တော်...'

မြဿီတာ ကိုကို့လက်ကို ပြေးဆွဲလိုက်တော့ ကိုကိုက တွန်းလိုက်သည့် အရှိန်နှင့် မြဿီတာ ကြမ်းပေါ်လဲကျသွားသည်။

'မင်း ငါနဲ့နေရတာ သိပ်အထီးကျန် ဖြစ်နေလား'

ဟိန်းတက်သွားသည့် ကိုကို့အသံက မြဿီတာ လိပ်ပြာ လွင့်မတတ်၊ မြဿီတာ ပခုံးကို ဆွဲယူကိုင်လှုပ်လိုက်စဉ် မြဿီတာ မျက်ရည်တွေ တပေါက်ပေါက် ကျလာသည်။ မြဿီတာ မျက်ရည်တွေကို မြင်တော့ ကိုကို့လက် အတန်လျော့သွားသည်။ နောက် မြဿီတာကို တွန်းဖယ်လိုက်ပြီး ကိုကိုက မျက်နှာကို လက်ဖဝါးနှင့် အုပ်လိုက်သည်။ ကို ကို့လက်တို့ တဆတ်ဆတ် တုန်နေသည်။

'မင်း ငါ့အပေါ်ကို ရက်စက်လွန်းတယ်'

ချာခနဲ လှည့်ထွက်သွားသည့် ကိုကို့ကို လှမ်းတား လိုက်ပေမဲ့ မမိတော့။

ကိုကိုက သူ့အလုပ်က စာတွေ အရေးကြီးသည့် အတွက် အိမ်ပြန်လာရင်း မြဿီတာ ကွန်ပျူတာမှာ လာထုတ်ခြင်းဖြစ်သည်။ ကြုံတောင့် ကြုံခဲပင်။

ထိတ်လန့်သည့် မျက်ဝန်းတွေနှင့် ငေးကြောင်ကြည့်နေသည့် သားကြီး မျက်ဝန်းတွေ။

မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေသည့် သားငယ် မျက်လုံးလေးတွေ။

မြဿီတာ ကြမ်းပြင်မှာ အရုပ်ကြိုးပြတ်ကျန်ရစ်သည်။

အဲဒီညကစလို့ သုံးရက်တိတိ ကိုကို အိမ်ပြန်မလာခဲ့ပါ။

သား ကြီး က တော့ အဖေ၊ အမေ့ တိုက်ပွဲကို သိပုံရသည်။ ကြားကနေ ဘာတစ်ခွန်းမျှ ဝင်မပြောပေမဲ့ အဖေ့ကို စာနာနေပုံရသည်။ မြဿီတာကတော့ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသည့်စကား လေးကို သတိရမိသည်။ တစ်ခုခုကို ပွင့်ပွင့်လင်းလင်း မရှိတာက မြဿီတာ့အားနည်းချက်။ ဘာကိုမှန်းမသိ အားနာတတ်တာလည်း မြဿီတာ့ အားနည်းချက်။ စကားအချေအတင်ပြောလို့ ရှင်းရလင်းရမှာကို ကြောက်ရွံ့တာက လည်း မြဿီတာ့အားနည်းချက်။

လေးရက်မြောက်နေ့မှာတော့ ဘာလုပ်ရင် ကောင်းမလဲ မြဿီတာ စဉ်းစားနေမိသည်။ ခုလို ပုံစံကြီးကတော့ မဟုတ်သေးလို့ ထင်ပါသည်။ သားကြီးကို ဖွင့်ပြောပြီး ကိုကို့ဆီ ဖုန်းဆက်လို့ ရှင်းပြတောင်းပန်ရင် ကောင်းမလား။ ကိုကိုက သူ့သားကြီးကိုတော့ ဖုန်းအဆက်အသွယ် လုပ်ပုံရသည်။ မြဿီတာ ဘေဘီဆီကို ဖုန်းမဆက်မိသလို၊ အင်တာနက်လည်း မသုံးဖြစ်။ ဘေဘီကလည်း မဆက်၊ မြဿီတာ ဖုန်းဆက်တာ စောင့်နေပုံရသည်။ ထို အခိုက် မြဿီတာဖုန်း မြည်လာတော့ ရုတ်တရက်ကောက် ကိုင်လိုက်မိသည်။ ကိုကိုများ ဆက်သလားပေါ့။ ဒါပေမဲ့ နံပါတ်က အစိမ်းမို့ ထင့်ခနဲတော့ ဖြစ်သေးသည်။

'မ... ဘာတွေဖြစ်နေတာလဲ မ,ရယ်'

မြဿီတာ အသက်ရှူရပ်သလို ဖြစ်သွားသည်။ ထိတ်လန့်တကြား ဖုန်းလေးကို ကြည့်လိုက်စဉ် မြဿီတာ ဖုန်းကို နောက်က ဆွဲယူသွားတာ ခံလိုက်ရသည်။

'ကိုကို'

ကိုကို ဘယ်အချိန်က

www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်နေတာလဲ။ ကိုကို က ဖုန်းရဲ့ ဆောင်းဘောက်ကို ဖွင့်လိုက်သည်။ မြသီတာ ငေးကြောင်ပြီး ကြည့်နေမိသည်။

'မ,မှာ သားနှစ်ယောက် ရှိတာလည်း ကျွန်တော် သိတယ်။ မခင်ပွန်းက မ,ကို ဂရုမစိုက်တာလည်း ကျွန်တော် သိတယ်။ ကျွန်တော် မ,ကို သနားတယ်။ အရင် တစ်ခါတွေ့တဲ့ နေရာကို လာခဲ့ပါ။ ကျွန်တော် မ, မလာ မချင်း စောင့်မယ်။ အရမ်း ချစ်တယ် မ'

မြသီတာ မျက်ဝန်းကို မှိတ်ချလိုက်မိသည်။ တစ်ဖက်က ဖုန်းချသွားသည်။ တိတ်ခနဲ ဖြစ်သွားသည့် အခန်းထဲ ကိုကို အသက် ရှူသံက ကျယ်လောင်လွန်း လှသည်။ မြသီတာ့ ဖုန်းကို ဆုပ်ထားသည့် ကိုကို့လက် က အကြောတို့ တဆတ် ဆတ် တုန်နေသည်။ နောက် ဖုန်းကို နံရံကို ပစ်ပေါက် လိုက်ပြီး အခန်းထဲက ဒေါသ တကြီး ထွက်သွားသည်။

'မသီဘူး ကိုကို၊ ခု ဘာတွေဖြစ်နေမှန်း မြလေး ကိုယ်တိုင်တောင် မသိဘူး။ မြလေး သူနဲ့ တစ်ခါမှ အဆက်အသွယ် မလုပ်ဖူး ဘူး။ ဖုန်းနံပါတ်လည်း မပေး ဘူး၊ သိလည်း မသိဘူး။ ကို ကို့အကြောင်းလည်း မပြောဖူးဘူး။ မြလေးနဲ့ ဘာမှ လည်း မဖြစ်ဘူး၊ ကိုကို...'

မြသီတာ့ငိုသံက တစ် အိမ်လုံးကို လွှမ်းသွားသည်။

'မေမေ၊ မေမေ ဘယ် လိုဖြစ်တာလဲ။ ဖေဖေ့ကို နား ချပြီး ကျွန်တော် ခေါ်လာ တာ။ မေမေနဲ့ စကားပြော ကြည့်ပါဦး။ ဖေဖေထင်သလို မဟုတ်နိုင်ပါဘူးလို့။ ဖေဖေ က မင်းအမေကို ဖေဖေပြန် လာလိမ့်မယ်လို့ မပြောနဲ့။ အဆင်ပြေတဲ့အချိန် ဝင်သွား လိုက်မယ်ဆိုလို့ သားက ဘာမှ ပြောမထားတာ။ ခု... ဘယ်လို လုပ်ကြမလဲ။ ဒီတစ် ခါတော့ အတော် စိတ်ဆိုး သွားပြီ။ ဘယ်လိုဖြစ်ရတာ လဲ မေမေရယ်'

မြသီတာ သားကြီးကို ဘာမျှ ပြန်မပြောနိုင်ပေ။ ဒါပေမဲ့ အဲဒီည သားကြီး အပြင် က ပြန်လာတော့ မျက်နှာ အတော်ပျက်နေသည်။ သူ့ အဖေနှင့် တွေ့လာခဲ့ပုံရသည်။ သားဖြစ်ပေမဲ့ မြသီတာ မမေး ရဲ။ ဒီအတိုင်း ခုတင်ပေါ်မှာ မြသီတာ ငုတ်တုတ် ထိုင်နေမိ သည်။

'မေမေ'

'သားကြီး'

သားကြီး ဝင်လာတော့ မျက်ရည်တွေ ကျလာမိ သည်။ သားကြီးက ခေါင်းငုံ့ လိုက်ရင်း မြသီတာကို ငေး ကြည့်နေသည်။ သားကြီး မျက်ဝန်းမှာ မျက်ရည်တို့ ပြည့်လာသည်။ မြသီတာ အားတင်းလိုက်သည်။

'ပြောပါ သားကြီး။ မင်းအဖေ ဘာပြောလိုက် တယ် ဆိုတာ'

သားကြီးအသံ တော် တော်နှင့် မထွက်။ မြသီတာ လက်ကို ဆုပ်လိုက်ရင်း-

'မင်းအမေကို ဖေဖေ လွှပ်လပ်ခွင့်ပေးလိုက်တော့ မယ်လို့ ပြောတယ်။ ပြီးတော့ ဖေဖေ မျက်ရည်ကျတယ်'

သားကြီးကို ဆုပ်ကိုင် ထားသည့် မြသီတာ လက် တွေ ပြုတ်ကျသွားသည်။ မြသီတာ့ ခေါင်းပေါ်ကို ကောင်းကင်ကြီးတစ်ခုလုံး ပြိုကျလာသလို ခံစားလိုက် ရသည်။

'ဖေဖေ အရမ်းစိတ်ထိ ခိုက်သွားလို့ ဖြစ်ပါလိမ့်မယ်။ ဖေဖေ့ရင်ထဲမှာ ရှိနေတဲ့ ရှုပ် ထွေးနေတာတွေကို ရှင်းလင်း သွားအောင် မေမေ ရှင်းပေး လိုက်ပါ။ ဘာတွေ ဘယ်လို ဖြစ်တယ်ဆိုတာ မေမေ အသိ ဆုံးပါ'

သားကြီး ပြောတာ နည်းလမ်းကျတယ်ဆိုတာ မြသီတာသိပါသည်။ ဒါပေမဲ့ လင်မယားတွေကို နှောင်ဖွဲ့ ထားသည့် စိတ်သဘာဝတွေ ကို သိဖို့တော့ သားကြီးက ငယ်လွန်းပါသေးသည်။ ဘာ ပြဿနာမျှ မရှိသည့် အိမ် ထောင်တွေ ရုတ်တရက် လမ်းခွဲခဲ့တာ ဘာကြောင့်လဲ။ ပြဿနာတွေ ဗရပွနဲ့ အိမ် ထောင်တွေ သက်ဆုံးသည့် တိုင်ပေါင်းသွားကြတာကော ဘာကြောင့်လဲ။ ဒါတွေကို ရေစက်လို့ ပြောမလား။

သေချာတာက မြ သီတာနှင့် ကိုကိုကြား ယုံ ကြည်မှု ပျက်သုဉ်းသွားခဲ့ပြီ ဆိုတာပင်။

ယုံကြည်မှု ရှိဖို့ နှစ် ပေါင်းများစွာ တည်ဆောက် ယူရမဲ့ ပျက်သွားတာတော့ တစ်ခဏအတွင်း ဖြစ်နိုင်သည်။ မြသီတာတို့လို အထစ်အငေါ့ မရှိသည့် အိမ်ထောင်တွေက ပိုဆိုးသည်။

ယုံကြည်မှု ပျက်အောင် ဖန်တီးခဲ့သူသည် မြသီတာဟု ဆိုပါလျှင် ပြန်လည် တည် ဆောက်ဖို့ ပျက်ကွက်ခဲ့တာ တော့ ကိုကိုနှင့်မြသီတာ နှစ် ယောက်စလုံးမှာ တာဝန်ရှိပါ သည်။

❑

'သီတာ...သီတာ ဟယ်...နှင်အိပ်နေတာလား၊ နေမကောင်းလို့လား'

မြသီတာ ဆတ်ခနဲ ဖြစ် သွားသည်။ မခင်အေးက မြသီတာကို စိုးရိမ်တကြီး ကြည့်နေသည်။ အိမ်ရှေ့ ကွပ် ပျစ်ပေါ်မှာ မြသီတာ ခွေခွေ လေး လဲနေရာက ထ,လိုက်မိ သည်။ အစ်နေသော မျက်ခွံ ကိုကြည့်လို့ မခင်အေးက သွေးများ တိုးနေသလားဟု ဆိုသည်။

အိမ်ထောင်ရေးဆိုတာ ဘေးလူတွေ နားမလည်နိုင် သည့် အရာပေပဲ။

ခုတော့ စီးပွားရေး လုပ်ငန်းရှင် ဦးကျော်သူရ၏ ဇနီး မဟုတ်တော့။ ဖားကန့် မှာ အလုပ်လုပ်နေသည့် ကိုကျော်စွာ့ဇနီး ဖြစ်နေပြီ။ ကံဆိုတာ လူကလုပ်တာမို့ ဒါ သည် မြသီတာဖန်တီးခဲ့သည့် မြသီတာ၏ ကံကြမ္မာဖြစ်ပါ သည်။

'ခုန ကျော်စွာ ငါဆီကို ဖုန်းဆက်တယ်။ နှင့်ကို ဂရု စိုက်ပေးပါတဲ့။ ငါလည်း စိတ်ချပါ၊ အလုပ်သာ ဖြောင့် ဖြောင့်လုပ်ပါလို့ ပြောလိုက်ရ တယ်။ ညည်းကို အတော် စိတ်ပူနေပုံရတယ်'

မြသီတာ သက်ပြင်းချ လျက် 'နင်က ယောကျ်ားရ တော့ ကံကောင်းတယ်။ ဘယ်ယောကျ်ားမဆို နှင့်ကို အတော် ချစ်ကြတာပဲ' ဆို သော ဘော်ဘီစကားကို သတိ

www.burmeseclassic.com

www.burmeseclassic.com

ရမိသည်။

'ဘယ် လို လုပ် မလဲ မခင်အေး၊ ကျွန်မ သိပ်နေ မကောင်းလို့ ဘုန်းကြီးကျောင်း လိုက်ဖြစ်မယ် မထင်ဘူး'

'ရပါတယ်အေ၊ ငါ့ဘာ သာသွားပြီး သီလ ယူပြီးပြီး ချင်း ပြန်လာခဲ့မယ်၊ ဒီမှာ ဘုရားဆွမ်းကပ်လိုက်'

မခင်အေးက ယူလာသည့် ဆွမ်းနှင့် ဟင်းတွေကို မြသီတာကို ပေးသည်။ ဒီမှာက ဘုရားဆွမ်းကို ဘုန်းကြီး ဆွမ်း ကပ်သလို အပြည့်အစုံ ကပ်ကြသည်။ လက်ဆေး ခွက်၊ လက်သုပ်ပဝါကစ ပါသည်။

မခင်အေး ဘုန်းကြီး ကျောင်းသွားတော့ မြသီတာ ဘုရားဆွမ်းကပ်ပြီး ဘုရား ရှိခိုးသည်။ နောက်ပြတင်း တံခါးအပြင်ကို ငေးကြည့်နေ မိသည်။ ဆောင်းရာသီ ဝင် ရောက်ပြီမို့ သစ်ရွက်တွေ ကြွေစပြုပြီ။ သာမန်ဖြတ် ကျော်နေကျ နေ့ရက်တွေ တုန်းကတော့ တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးသွားခြင်း သည် ဘဝအတွက် ဘာမျှ မထူးဆန်းလှပေမဲ့ ဒီနေ့ရက် လေးတွေထဲကပဲ အပြောင်း အလဲတွေ ဖြစ်ခဲ့ ရသည်။ မမျှော်လင့်သည့်အဖြစ်အပျက် အခြေအနေတွေ ကြုံတွေ့ခဲ့ရ သည်။

အခုမြေပြင်မှာ ကြွေလွင့် နေသည့် သစ်ရွက်လေးတွေ ဆိုတာ မနှစ်တုန်းဆီကတော့ အပင်ပေါ်က သစ်ရွက်လေး တွေပါပဲ။

ဘဝဆိုတာလည်း ဖြစ် ချိန်တန်ဖြစ်ပြီး၊ ပျက်ချိန်တန် တော့ ပျက်သွားတာပဲလား။

ယုံကြည်မှုရှိဖို့ နှစ်ပေါင်းများစွာ တည်ဆောက် ယူရပေမဲ့ ပျက်သွားတာတော့ တစ်ခဏအတွင်း ဖြစ်နိုင်သည် မြသီတာတို့လို အထစ်အငေါ့ မရှိသည့် အိမ်ထောင်တွေက ပိုဆိုးသည်

အရာရာကို ဖြေရှင်းနိုင်သည့် စွမ်းအား မရှိသော မြသီတာ အတွက် အလိုအလျောက် ဖန်လာသည့် အခြေအနေတွေ ကို ဘာမျှ မဖြေရှင်းဘဲ လည် စင်းပေးလိုက်သလို ရှိသည်။ ဒါသည် မြသီတာ၏ မကောင်း သော မာနတရားဟု ဆို မလား။

'ငါ ကိုကျော်သူရကို ရှင်းပြလိုက်မယ် မြလေး၊ သူ အထင်လွဲတာပါဆိုတာ'

ဘေဘီက သူမျက်စိရှေ့ မှာတွင် ဆိုးဝါးသွားသည့် မြသီတာ့အနေအထားကို အံ့သြသလို၊ မယုံနိုင်သလို ကြည့်ရင်း ဆိုသည်။ ဒီလို တော့လည်း မြသီတာ မလုပ် ချင်။ ရှင်းစရာရှိ မြသီတာ ရှင်းရမည်ပေါ့။ ဒါပေမဲ့ မြသီတာ လုပ်လိုက်တိုင်း တိုက်ဆိုင်မှုတွေက မြသီတာ့ ကံကြမ္မာ ဖြစ်နေသည်။

နောက်တစ်နေ့ရောက် တော့ မြသီတာ အပြင်း အထန် စဉ်းစားသည်။ ဒီကိစ္စ ရှင်းကို ရှင်းရမည်။ မြသီတာ စိတ်ကို တည်ငြိမ်အောင်ထိန်း ပြီး မနေ့ကဆက်သည့် ဖုန်း နံပါတ်အစိမ်းကို လှမ်းခေါ် လိုက်သည်။

❑

မြသီတာ ဆိုင်ထဲဝင် လာတော့ လူရှင်းနေသည်။

မျက်လုံးတစ်ချက် ဝေ့ဝဲ အကြည့် ဆိုင်ထောင့်မှာ ထိုင် နေသည့် ကျော်စွာက လှမ်း ပြီး လက်ပြသည်။ မြသီတာ မျက်ဝန်းတို့ တည်ငြိမ်လျက် ကျော်စွာ့ကိုတစ်ချက် ကြည့် လိုက်သည်။ မြသီတာ ထိုင် လိုက်တော့ ကျော်စွာ၏ ရွှန်းစို သော မျက်ဝန်းတို့ တဖျပ်ဖျပ် တောက်သွားသည်။

'မ,လာတာ မယုံနိုင် အောင်ဘဲ။ ကျွန်တော် အိပ် မက်မက်နေတာတော့ မဟုတ် ပါဘူးနော်'

မြသီတာ သက်ပြင်းချ လို့ ကျော်စွာ့ကို စေ့စေ့ကြည့် လိုက်မိသည်။

'ကျွန်မ ပြောစရာ၊ ရှင်း စရာလေးရှိလို့ ကိုကျော်စွာ့ကို ချိန်းလိုက်တာပါ'

'ကျွန်တော်လည်း ပြော စရာရှိတယ် မ။ ဘာလို့မှန်း မသိဘူး။ ကျွန်တော့်ဘဝကို မ,ကို ပြောပြချင်နေမိတယ်။ မ,က စိတ်ထားနူးညံ့ ရိုးသား တဲ့သူဆိုတာ ကျွန်တော့် နှလုံး သားက သိနေလို့ဖြစ်မယ်'

မြသီတာ ပြောစရာရှိ တာကို ခပ်မြန်မြန် ပြောဖို့ ပြင်လိုက်သည်။

'ကျွန်မမှာ ခင်ပွန်းနဲ့ သားနှစ်ယောက် ရှိတာ ကိုကျော်စွာ သိပြီးသားလို့ ထင်ပါတယ်။ ကိုကျော်စွာ မသိတာက ကျွန်မအိမ်ထောင် ရေးအခြေအနေပါ။ ပွင့်ပွင့် လင်းလင်းနဲ့ အတိုချုပ် ပြော ရရင် ကျွန်မအိမ်ထောင်ရေး က အင်မတန် အဆင်ပြေပါ တယ်။ ကျွန်မ အမျိုးသားက လည်း ကိုကျော်စွာထင်သလို ကျွန်မအပေါ် ဂရုမစိုက်တဲ့သူ တစ်ယောက် မဟုတ်ပါဘူး။ သူ့တာဝန် သူကျေတယ်။ ကျွန်မကို ပြည့်စုံအောင်ထား တယ်။ သားနှစ်ယောက်က လည်း သူ့အဖေကို ရိုသေ လေးစားကြတယ်။ ကျွန်မ ဘဝက အင်မတန် အေးချမ်း ပါတယ်။ ဒီအိမ်ထောင်စုကို ပြိုကွဲစေချင်တဲ့ဆန္ဒ ကျွန်မမှာ လုံးဝ မရှိပါဘူး။ ဒါကြောင့်မို့ ကျွန်မကို အခြင်တစ်မျိုး မြင် နေတယ်ဆိုရင် အထင်မမှား အောင် ကျွန်မလာပြီး ဖြေရှင်း တာပါ။ ကျွန်မကို နောက် မဆက်သွယ်ပါနဲ့တော့'

ကျော်စွာက မြသီတာကို ငေးကြည့်နေသည်။ ပြောပြီး မြသီတာ ထ,ရပ်လိုက်သည်၊ ကျော်စွာပါ ထ,ရပ်လိုက်စဉ် ကျွန်မကို ခွင့်ပြုပါဦးဟု ဆို လျက် မြသီတာ ကျောခိုင်း လိုက်သည်။ ရင်တစ်ခုလုံး ပေါ့ပါးသွားသလို မြသီတာ ခံစားလိုက်ရသည်။

'မ၊ နေပါဦး မ ရယ်' ကျော်စွာက နောက်က

www.burmeseclassic.com

www.burmeseclassic.com

ပါလာပြီး မြသီတာ့်လက်ကို လှမ်းဆွဲလိုက်သည်။ ဆိုင်ဝင်ပေါက်မှာ မြသီတာနဲ့ ရှန်းရင်းဆန်ခတ် ဖြစ်နေစဉ် ဘေးစားပွဲတွေကပါ ဝိုင်းကြည့်နေကြသည်။ မြသီတာ ရှက်စိတ်ကြောင့် မျက်ဝန်းအစုံပြာခနဲ ဖြစ်သွားသည်။ အပြင်မှ ဝင်လာသည့် ဧည့်သည်အချို့ကလည်း စူးစမ်းသလို ကြည့်သည်။ ကျော်စွာက မြသီတာ့်လက်ကို မလွှတ်။ ထိုအခိုက် ဝင်လာသော ဧည့်သည်အုပ်စုထဲက မြသီတာကို အံ့သြသလို ကြည့်ကာ ရှေ့ဝင်ပေါက်ဆီ စိတ်ဝင်တစား လှမ်းကြည့်တာ မြသီတာတွေ့လိုက်ရသည်။ မြသီတာလည်း သူကြည့်သည့် နေရာကို ကြည့်လိုက်တော့...

'ကိုကို'

ကိုကိုက ကားတံခါးပိတ်လိုက်ပြီး အတွင်းဆီ အကြည့် ရောက် သည်။ ကျော်စွာက မြသီတာလက်ကို မလွှတ်သေး။ ခပ်လှမ်းလှမ်း ဖြစ်ပေမဲ့ အဲဒီအချိန် အတောအတွင်း ကိုကိုနှင့် အကြည့်ချင်း ဆုံလိုက်တာ မြသီတာ ခံစားသိဖြင့် သိလိုက်သည်။

'ကိုကို'

မြသီတာရင်ထဲက အော်လိုက်သံကို ကိုကို မကြားတော့ပါ။ ရှက်ခြည်းကားပေါ်ပြန်တက်လို့ မောင်းထွက်သွားသည်။ အရှိန်ပြင်းပြင်း ထွက်သွားသည့် ကိုကို့ကားလေးကို ကြည့်လို့ မြသီတာ့် မျက်ဝန်းမှ မျက်ရည်တို့ တလိမ့်လိမ့် ကျလာသည်။

'မ,ဘာဖြစ်လို့ လဲ၊ လာ ကျွန်တော်တို့ စကားအေးအေး ဆေးဆေးပြောရအောင်'

'မပြောချင်ဘူး ကိုကျော်စွာ၊ ကျွန်မ ဒီမှာ မပြောချင်ဘူး'

ဒါဆို လာ ဟုဆိုကာ ကျော်စွာက မြသီတာ့်လက်ကို ဆွဲလို့ သူ့ကားဆီ ခေါ်လာသည်။ ကားပေါ်ရောက်တော့ မြသီတာ ရှိုက်ကြီးတငင် ငိုချမိသည်။ မြသီတာ ရှိုက်သံတွေ ကျယ်လောင်လာခိုက် ကျော်စွာ့ ကားဘီးလေးတစ်ချက် စ၊ ရွေ့သည်။

❑

မြသီတာ ငေးကြည့်နေဆဲ သစ်ပင်ပေါ်က သစ်ရွက်လေးတွေ တလွင့်လွင့် ကြွေနေသည်။ မြသီတာ စဉ်းစားနေမိတာက ကြောက်စိတ်။ အဲဒီအချိန်က ကိုကို့ကို ရင်ဆိုင်ရမှာ ကြောက်ရွံ့စိတ်သည် မြသီတာကို ကြီးစိုးနေသည်။ နောက် ပျောည့်စိတ်၊ နဂိုကတည်းက မြသီတာမှာ ရှိသည့် ပျော့ညံ့စိတ်က ကြောက်စိတ်နှင့် ပေါင်းစပ်သွားတော့ မြသီတာ အမှန်ကို အမှန်အတိုင်း မဆုံးဖြတ်နိုင်တော့ပေ။ နောက်တစ်နေ့ မနက်ရောက်မှ မြသီတာ စိတ်ပုံမှန် ပြန်ဖြစ်သည်။ ဒါပေမဲ့ အားလုံးသည် လွန်သွားပြီ။

'နင်... နင် ဘယ်လို လုပ်လိုက်တာလဲ။ ကိုကျော်သူရ ဖုန်းဆက်တယ်၊ နင့် အဝတ်အစားတွေ၊ ပစ္စည်းတွေ လာယူပါတဲ့'

ခုတော့လည်း ဘေဘီက ထိတ်လန့်တကြား ဖုန်းဆက်သည်။ သိပ်မကြာ ဘေဘီ လူကိုယ်တိုင် ရောက်လာသည်။ မြသီတာ ဘာမျှ မပြောချင်တော့ပါ။ မြသီတာ ကားသော့လေးကို ဘေဘီ့လက်ကိုအပ်လို့ ကိုကို့ဆီ ပေးပေးပါလို့ဆိုတော့ ဘေဘီ မျက်ရည်ကျသည်။

'ငါမှားတာ၊ ငါမှားတာ၊ နင့်ကို ငါတို့လို အောက်မေ့လို့ ငါ ဒီအတိုင်းလေး အပျော်လုပ်လိုက်တာ။ မြလေး နင်က အရမ်းရိုးတာကိုး၊ ငါမှားပြီ မြလေး။ ငါ့လောက် အကျင့်မကောင်းတဲ့သူ မရှိတော့ဘူး။ မြလေး ကိုကျော်သူရကို တောင်းပန်လိုက်ပါ။ ငါ ရေလည်အောင် ရှင်းပြပေးမယ်။ နင် ငါ့နောက်ကပဲလိုက်။ မြလေး ငါ ပြန်လုပ်ပေးမယ်'

ဘေဘီက တတွတ်တွတ် ပြောပေမဲ့ မြသီတာ လက်မခံတော့ပါ။

'ကိုကို့ကို ပြောပေးပါ၊ ငါဘာမှ မတောင်းဆိုပါဘူးလို့၊ ဖေဖေနဲ့ မေမေကိုတော့ သားတွေ့ရဲ့ မျက်နှာနဲ့ စောင့်ရှောက်ပေးပါလို့။ သားနှစ်ယောက်ကို မတွေ့နဲ့ဆိုလည်း မတွေ့ပါဘူးလို့'

ဘေဘီက ငိုပြီး ပြန်သွားသည်။

ကျော်စွာက မြသီတာ လက်ကို ဆုပ်ကိုင်လို့ 'မ,ကို ကျွန်တော် စောင့်ရှောက်မယ် မပူပါနဲ့။ ဒါပေမဲ့ ကျွန်တော့် ဘဝအကြောင်း မ,ကို အရင် မပြောလို့ကတာကို တော့ စိတ်မကောင်းဘူး' ဟု ခပ်လေးလေး ဆိုသည်။ မြသီတာ ကျော်စွာ့ကို ထိတ်လန့်တကြား ကြည့်မိသည်။ ဟုတ်ပါသည်။ ကိုယ်တောင် အိမ်ထောင်ရှိတာ၊ ယောကျ်ားလေးတစ်ယောက် ဒီအရွယ် လူလွတ် ဘယ်ဖြစ်နိုင်မှာလဲ။ ဘုရား...ဘုရား...မြသီတာရေ... ညည်းကြောင့် အိမ်ထောင်နှစ်ခု ရှင်းကွဲကွဲပြဲလား။

'စိတ်မပူပါနဲ့ မ၊ ကျွန်တော်က တရားဝင် မဟုတ်ပါဘူး'

မြသီတာ နားမလည်သလို ကျော်စွာ့ကို ကြည့်မိသည်။

'ကျွန်တော်နဲ့ အတူနေတဲ့သူ ရှိပါတယ်။ အသက်ခြောက်ဆယ်ကျော် ထိုင်းအမျိုးသမီးကြီးပါ။ သူ့စီးပွားရေးလုပ်ငန်းတွေကို ကျွန်တော်က ကူညီလုပ်ပေးရင်း အဲလိုဖြစ်သွားတာပါ။ ကျွန်တော့်ဘဝက အချစ်ဆိုတာလည်း ဘာမှန်း မသိပါဘူး။ စက်ရုပ်တစ်ရုပ်လို ခိုင်းတာလုပ်၊ လိုတာပေးရင်း ရှင်သန်နေတာပါ'

'ဒါဆို...'

မြသီတာ စကားမဆုံးခင်-

'စိတ်မပူပါနဲ့၊ ကျွန်တော် ဖြေရှင်းနိုင်ပါတယ်။ တစ်ခု စိတ်ထိခိုက်ရတာက ကျွန်တော်ပိုင်ဆိုင်တာ ဘာမှ မရှိတဲ့အတွက် မ,ကို လောလောဆယ် ပြည့်စုံအောင် မထားနိုင်တာကိုပါ။ ဒါပေမဲ့ ခဏပဲစောင့်ပါ။ ကျွန်တော် ကြိုးစားပါ့မယ်။ နောက်ပြီး ဘာလို့လဲ မသိဘူး မ,ကို ကျွန်တော် တကယ့်မေတ္တာစစ်နဲ့ ချစ်မိသွားတာ ထင်တယ်။ အပြင်မှာတွေ့တော့ ပိုချစ်သွားမိတယ်။ ကျွန်တော့်ကို ခွဲမသွားပါနဲ့နော်'

မြသီတာ ကျော်စွာ့ကို ငေးကြည့်နေမိသည်။

❑

မြသီတာ အိမ်ရှေ့ကားပေါ်

www.burmeseclassic.com

www.burmeseclassic.com

ပျစ်မှာ မလှပ်မယှက် ထိုင်နေမိသည်။

အဖော်လာအိပ်သည့် မခင်အေးက ရောက်မလာသေးပါ။

မြသီတာအထက်မှာ လင်းနေသည့် ကောင်းကင်ကြီး ရှိမည်။

တောရွာလေးမို့ အဲဒီကောင်းကင်ကြီးမှာ ကြယ်လေးတွေအပြည့် တွေ့ရပါလိမ့်မည်။

ငယ်ငယ်တုန်းကတော့ မြသီတာ ကြယ်တွေကို ကြည့်ရတာ စိတ်ဝင်စားသည်။ ကြည့်စမ်း၊ ကြယ်တွေကို မြသီတာ မကြည့်မိတာ ဘယ်လောက်တောင် ကြာသွားပါလိမ့်။ မြသီတာ ခုမှ ကောင်းကင်ကြီးကို မော့ကြည့်လိုက်မိသည်။ မြသီတာ ထင်သည့် အတိုင်း ကောင်းကင်မှာ ကြယ်တွေ အပြည့်။ မြသီတာ ကောင်းကင်ကြီးကို စူးစူးနစ်နစ် စိုက်ကြည့်နေမိသည်။ မြသီတာ့် စိတ်တွေ ကောင်းကင်ကြီးပေါ် ပျံတက်သွားသလို ခံစားလိုက်ရသည်။

ထိုအခိုက် ညအမှောင်ထဲ မြသီတာဖုန်းလေး လင်းခနဲ ဖြစ်သွားသည်။ မြသီတာ အကြည့်မလွှဲဘဲ ဖုန်းကို ကိုင်လိုက်သည်။

'မေမေ'

'သားကြီး'

မြသီတာ ရင်တွေ တထိတ်ထိတ် ခုန်လာသည်။ မြသီတာ ဒီရောက်ကတည်းက မိသားစုထံက ပထမဆုံး ဆက်သွယ်မှု ဖြစ်ပါသည်။

'မေမေ ဘယ်မှာလဲ၊ ခဏကိုင်ထားနော်၊ ဒီမှာ ဖေဖေပြောမလို့'

'မေမေ၊ မေမေလား သား စကားပြောဦးမယ်'

'ဟေ့ ကောင် နေဦး ဖေဖေ့ကို အရင်ပြောပါစေဦး'

သားငယ်လေး အသံကို ကြားနေရသည်။

မြသီတာ ဖုန်းကို ကိုင်ထားလျက် မျက်ရည်တွေ ကျလာမိသည်။ အသံတော့ မထွက်။

'မြလေး ကိုကိုပါ၊ ခုဘယ်မှာလဲ၊ ကိုကို လာခေါ်မယ်။ မြလေး ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ကိုကို ဘာမှမမေးတော့ဘူး။ ကိုကို့အားနည်းချက်တွေလည်း ပါပါတယ်။ မြလေး အားလုံးကို မေ့လိုက်ပါ။ ကိုကိုတို့ အရင်လို ပြန်နေကြရအောင် ကိုကိုလာခေါ်မယ်'

'ဟင့်အင်း၊ မဖြစ်ဘူး ကိုကို။ အဲလိုမလုပ်ပါနဲ့။ မြလေး အဲလို မလုပ်နိုင်ဘူး။ မြလေး အရင်လိုပြန်နေလို့ မဖြစ်တော့ဘူး။ ပြန်ပြီး အရင်လို့ မဖြစ်တော့ဘူး။ မြလေး အဲဒီအိပ်မက်ဆိုးကြီးကို ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ဘူး။ ကိုကိုနဲ့ အဝေးဆုံးမှာ နေမှဖြစ်မယ်။ မဖြစ်ဘူး။ မြလေး ကိုကိုပြောသလို နေလို့မရနိုင်တော့ဘူး'

ဖုန်းလေး မြသီတာ လက်က လွတ်ကျသွားသည်။ မြလေးဟု ကိုကို့ခေါ်သံတွေက လွတ်ကျသွားသော ဖုန်းထဲက တရစပ် ထွက်ပေါ်နေဆဲ။

လက်နေသည့် ကြယ်လေးတွေ ရုတ်ခြည်း မှိတ်သွားသလို ရှိသည်။

လင်းနေသည့် ကောင်းကင် ချက်ချင်း မှောင်ကျသွားသည်။

မြသီတာ အရှိုက်ခက်ခဲလေပြီ။ ။

■

နန်းကေရှင်

BURMESE CLASSIC .com

aperture

Advertising photo studio / Digital photo lab & framing

◈ မီးမွှေးရေးကြော်ငြာဓါတ်ပုံများ ◈ ဟာ့ကာမွှတ်ကုတန်းများ ◈ လူသုံးကုန်ပစ္စည်းများ ◈ အင်းဆောက်အဦများ ◈ ဟိုတယ်ကြီးများ၏အတွင်းအပြင်အလှဆင်ပစ္စည်းများ ဓါတ်ပုံများ ◈ ပေါ်ဆိုးဓါတ်ပုံများ ◈ ဗက်ရှင်းအလှဓါတ်ပုံများ ◈ ပတ်လာမောင်းနှင်ကြွမှုဓါတ်ပုံနှင့်မင်္ဂလာပွဲသွဲဓါတ်ပုံများ ◈ အခြားသောအမှတ်တရဓါတ်ပုံများ ◈ ဓါတ်ပုံ *Album* ပြုလုပ်ဖေးခြင်း ◈ **4x6 to 12x18 Size** အထိဓါတ်ပုံကူးဖေးခြင်း ◈ ***Hand Phone & Tablets*** အမျိုးမျိုးပုံ ဓါတ်ပုံကူးဖေးခြင်းနှင့် ကော်ဖီခွက်ပေါ်တွင် အမှတ်တရပုံများရိုက်နှိပ်ဖေးခြင်း ◈ ဓေတ်မိုလှုပ်ယေသပ်သောဂရိုဒ်ဓါတ်ပုံဘောင်အမျိုးမျိုးကိုလူကြိုက်များတို့စိတ်တိုင်းကျ ပြုလုပ်ဆောင်ရွက်ပေးနေပါသည်။

မိသားစု အမှတ်တရ ဓါတ်ပုံများ၊ ကလေးဓါတ်ပုံများ၊

သက်ကြီးရွယ်အို ဘိုးဘွားဓါတ်ပုံများကို

အိမ်တိုင်လာရောက် ရိုက်ကူးပေးပါသည်။

No:169 (G:1),36th Street (Middle), Kyauktada Tsp,Yangon.
09-73024327, 09-73024328,09-73041734, 09-73041735, Ext:112,126

www.burmeseclassic.com